http://www.dhammadownload.com

# ရုပ်ပြဗုဒ္ဓဝင်

ကမ္ဘာ့ဝိပဿနာ တရားပြဆရာကြီး ဦးဂိုအင်ကာ

http://www.dhammadownload.com



http://www.dhammadownload.com



ကမ္ဘာ့ဝိပဿနာတရားပြဆရာကြီး ဦးဂိုအင်ကာနှင့် ဇနီးဒေါ်လှအေးကြည်

http://www.dhammadownload.com

# World Wide Vipassana Centers

**India**

| | *Maharashtra* | Place |
|---|---|---|
| 1 | Dhamma Giri | Igatpuri |
| 2 | Dhamma Tapovana I | Igatpuri |
| 3 | Dhamma Tapovana II | Igatpuri |
| 4 | Dhamma Nāga | Nagpur |
| 5 | Dhamma Sugati | Nagpur |
| 6 | Dhamma Sarovara | Dhule |
| 7 | Dhamma Ṉanda | Pune |
| 8 | Dhamma Puṇṇa | Pune |
| 9 | Dhamma lāya | Kolhapur |
| 10 | Dhamma Saritā | Thane |
| 11 | Dhamma Ajantā | Auragabad |
| 12 | Dhamma Manamoda | Manmad |
| 13 | Dhamma Nāsikā | Nashik |
| 14 | Dhamma Vāhinī | Kalyan |
| 15 | Dhamma Vipula | Navi Mumbai |
| 16 | Dhamma Pattana | Gorai |
| 17 | Dahamma Sāketa | Thane |
| 18 | Dhamma Anākula | Buldana |
| 19 | Dhamma Ajaya | Chandrapur |
| 20 | Dhamma Malla | Yavatmal |
| 21 | Dhamma Bhūsana | Bhusaval |
| 22 | Dhamma Vasudhā | Wardha |
| 23 | Dhamma Chattapati | Phaltan |
| 24 | Dhamma Āvāsa | Latur |
| | *North India* | |
| 25 | Dhamma Thalī | Jaipur |
| 26 | Dhamma Ajarāmara | Ajmer |
| 27 | Dhamma Pushkar | Pushkar |
| 28 | Dhamma Marudhara | Jodhpur |
| 29 | Dhamma Sota | Haryana |
| 30 | Dhamma Paṭṭhāna | Sonipat |
| 31 | Dhamma Kārunika | Karnal |
| 32 | Dhamma Sikhara | Dharamashala |
| 33 | Dhamma Salila | Uttaranchal |
| 34 | Dhamma Dhaja | Punjab |
| 35 | Dhamma Tihar | New Delhi |
| 36 | Dhamma Rakkhaka | New Delhi |
| 37 | Dhamma Cakka | Sarnath |
| 38 | Dhamma Suvatthi | Sravasti |
| 39 | Dhamma Lakkhana | Lucknow |
| | *Gujarat* | |
| 40 | Dhamma Sindhu | Kutch |
| 41 | Dhamma Pīṭha | Ahmedabad |
| 42 | Dhamma Koṭa | Rajkot |
| 43 | Dhamma Divākara | Mehsana |
| 44 | Dhamma Surinda | Surendranagar |
| 45 | Dhamma Bhavana | Vadodara |
| | *Central and Eastern India* | |
| 46 | Dhamma Gaṅgā | Kolkata |
| 47 | Dhamma Baṅga | West Bengal |
| 48 | Dhamma Kānana | Balaghat |
| 49 | Dhamma Pāla | Bhopal |
| 50 | Dhamma Bala | JabalPur |
| 51 | Dhamma Rata | Ratlam |
| 52 | Dhamma Mālavā | Indore |
| 53 | Dhamma Ketu | Chattisgarh |
| 54 | Dhamma Licchavī | Muzzaffarpur |
| 55 | Dhamma Bodhi | Gaya |
| 56 | Dhamma Upavana | Bhiar |
| 57 | Dhamma Puri | Tripura |
| 58 | Dhamma Sikkim | Sikkim |
| | *South India* | |
| 59 | Dhamma Khetta | Hyderabad |
| 60 | Dhamma Nijjhāna | Nizamabad |
| 61 | Dhamma Vijaya | Eluru |
| 62 | Dhamma Nāgajjuna | Nagarjun Sagar |
| 63 | Dhammārāma | Bhimavaram |
| 64 | Dhamma Kondañña | Medak |
| 65 | Dhamma Setu | Chennai |
| 66 | Dhamma Sumana | Bangalore |
| 67 | Dhamma Paphulla | Bangalore |
| 68 | Dhamma Ketana | Kerala |
| | *Nepal* | |
| 69 | Dharmashringa | Kathmandu |

http://www.dhammadownload.com

70 Dhamma Tarāi — Birganj
71 Dhamma Jananī — Lumbini
72 Dhamma Birāṭa — Sunsari
73 Dhamma Citavana — Narayanghat
74 Dhamma Kitti — Kiritipur
75 Dhamma Pokharā — Pokhara

**Myanmar**

76 Dhamma Joti — Yangon
77 Dhamma Ratana — Mogok
78 Dhamma Maṇḍapa — Mandalay
79 Dhamma Maṇḍala — Mandalay
80 Dhamma Makuṭa — Mogok
81 Dhamma Manorama — Maubin
82 Dhamma Mahimā — Pyin Oo Lwin
83 Dhamma Manohara — Mon State
84 Dhamma Nidhi — Indagaw (Bago)
85 Dhamma Ñāṇadhaja — Monywa
86 Dhamma Lābha — Lashio
87 Dhamma Magga — Hlegu, Yangon
88 Dhamma Mahāpabbata — Taunggyi (Shan)
89 Dhamma Cetiya Paṭṭhāna — Kyaik Hto
90 Dhamma Mawriyadipa — Maw Kyun
91 Dhamma Mettāyanā — Myanung Mya
92 Dhamma Pabbata — Muse
93 Dhamma Hita Sukha Geha — Central Jail-Yangon
94 Dhamma Rakkhita — Tharawaddy Jail
95 Dhamma Vimutti — Mandalay Jail

**Sri Lanka**

96 Dhamma Kūta — Peradeniya
97 Dhamma Sobhā — Kosgama
98 Dhamma Anurādha — Anuradha Pur

**Taiwan**

99 Dhamma modaya — Taiwan
100 Dhamma Vikāsa — Taiwan

**Thailand**

101 Dhamma Kamala — Muang
102 Dhamma Ābhā — Wangton
103 Dhamma Suvaṇṇa — Nongrua
104 Dhamma Kañcana — Sangklaburi
105 Dhamma Dhānī — Bangkok
106 Dhamma Sīmanta — Bangkhen

**Cambodia**

107 Dhamma Laṭṭhikā — Cambodia

**Hong Kong**

108 Dhamma Muttā — Hong Kong

**Indonesia**

109 Dhamma Java — Indonesia

**Japan**

110 Dhamma Bhānu — Japan
111 Dhammā dicca — Japan

**Malaysia**

112 Dhamma Malaya — Malaysia

**Mongolia**

113 Dhamma Mahana — Mongolia

**Iran**

114 Dhamma Īran — Iran

**South Africa**

115 Dhamma Patākā — South Africa

**Australia & New Zealand**

116 Dhamma Bhūmi — Blackheath
117 Dhamma Rasmi — Queensland
118 Dhamma Pabhā — Tasmania
119 Dhamma Āloka — Yallock
120 Dhamma Ujjala — Adelaide
121 Dhamma Padīpa — Claremont
122 Dhamma Medinī — New Zealand
123 Dhamma Passaddhi — New South Wales

**Europe**

124 Dhamma Dīpa — UK
125 Dhamma Padhāna — UK
126 Dhamma Dvāra — Germany
127 Dhamma Mahī — France
128 Dhamma Nilaya — France
129 Dhamma Atala — Italy
130 Dhamma Sumeru — Switzerland
131 Dhamma Neru — Spain
132 Dhamma Pajjota — Belgium

http://www.dhammadownload.com

သီလသည် ဓမ္မ၏ အုတ်မြစ်ဖြစ်သည်။

သမာဓိသည် ဓမ္မ၏ နံရံဖြစ်သည်။

ပညာသည် ဓမ္မ၏ အမိုးဖြစ်သည်။

သီလ၊ သမာဓိ၊ ပညာ သည်ကား မြင့်မြတ်သောမင်္ဂလာနှင့်ပြည့်စုံသည့် ဓမ္မ၏ ဗိမာန်ပါတကား။

http://www.dhammadownload.com

ကမ္ဘာ့ဝိပဿနာစေတီတော်ကြီး၏ ဗုဒ္ဓဝင်ပြခန်းတွင်

အိန္ဒိယနိုင်ငံကျော်ပန်းချီပညာရှင်ကြီး ဝါဆုဒေဝ်ကာမက်

၏ဦးဆောင်မှုဖြင့်

မြန်မာပန်းချီပညာရှင် ဦးမြင့်ထွေး၊ ဦးအောင်ဘ

တို့အဖွဲ့ ရေးဆွဲပူဇော်ထားပါသည်

http://www.dhammadownload.com

# ရုပ်ပြဗုဒ္ဓဝင်

ကမ္ဘာ့ဝိပဿနာတရားပြဆရာကြီး ဦးဂိုအင်ကာ

အပြည်ပြည်ဆိုင်ရာဓမ္မဂီရိဝိပဿနာအဖွဲ့

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၆၀၀၂၅၉၀၆၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၃၃၀၀၆၁၀
ပထမအကြိမ် - ၂၀၁၁ ခုနှစ်၊ မတ်လ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၅၀၀ဝိ/-

**ပုံနှိပ်သူ**
ဦးကျော်သူ (မြဲ-၀၆၄၅၀)
ဇေယျာသုခပုံနှိပ်တိုက်
အမှတ်-၂၈၂၁(ခ)၊ အောင်မင်္ဂလာလမ်း၊ စက်မှုဇုံ(၂)
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။

**ထုတ်ဝေသူ**
ဦးကျော်ဟင်း
ယုံကြည်ချက်စာပေ
အမှတ် - ၁၁၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့။

**ဖြန့်ချိရေး**
အပြည်ပြည်ဆိုင်ရာဓမ္မဂိရိဝိပဿနာအဖွဲ့
ဝက်ပါရေလယ်ကျောင်း၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၄၉၂၉၀၊ ၅၄၆၆၆၀
အမှတ် - ၇၇(ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၅၂၀၁၊ ၂၅၃၆၀၁

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက် အညွှန်း" (CIP)

၂၉၄.၃

ကလောင်စုံ

ရုပ်ပြဗုဒ္ဓဝင် / ကလောင်စုံ။ - ရန်ကုန်၊
ယုံကြည်ချက်စာပေ၊ ပထမအကြိမ်၊ ၂၀၁၀။
၂၆၈ စာ၊ ၂၆.၄ × ၁၈.၅ စင်တီ။
(၁) ရုပ်ပြဗုဒ္ဓဝင်

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁ |
| ၁။ | ဧကန်မုချ ဘုရားဖြစ်မည့်သူ | ၈ |
| ၂။ | မဟာမာယာဒေဝီ၏ အိပ်မက် | ၉ |
| ၃။ | ဖွားတော်မူခြင်း | ၁၀ |
| ၄။ | သူတော်စင် ကာဠဒေဝလ (အသိတဒေဝလ) | ၁၁ |
| ၅။ | သိဒ္ဓတ္ထမင်းသားငယ်၏အဦးဆုံးသော ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းမှု | ၁၂ |
| ၆။ | အနှိုင်းမဲ့လေးသည်တော် | ၁၃ |
| ၇။ | ရက်စက်ကြမ်းကြုတ်သောဒေဝဒတ် | ၁၄ |
| ၈။ | အံ့ဖွယ်ကောင်းသော မြင်းစီးကျွမ်းကျင်မှု | ၁၅ |
| ၉။ | သုပ္ပဗုဒ္ဓ၏သမီးတော်ယသောဓရာမင်းသမီး၏လက်ထပ်ပွဲ | ၁၆ |
| ၁၀။ | နိမိတ်ကြီးလေးပါး | ၁၇ |
| ၁၁။ | တောထွက်တော်မူခြင်း | ၁၈ |
| ၁၂။ | တောထွက်ရဟန်းတစ်ပါးအဖြစ် သင်္ကန်းကို ဝတ်ရုံတော်မူခြင်း | ၁၉ |
| ၁၃။ | မာဂဓခရီး | ၂၀ |
| ၁၄။ | အာဠာရ ကာလာမ | ၂၀ |
| ၁၅။ | ဥဒ္ဒကရာမပုတ္တ | ၂၂ |
| ၁၆။ | ဒုက္ကရစရိယ အကျင့်ကို စွန့်လွှတ်တော်မူခြင်း | ၂၃ |
| ၁၇။ | ပဌမအိပ်မက်ကြီးငါးပါး | ၂၄ |
| ၁၈။ | အိပ်မက်လေးပါး | ၂၅ |
| ၁၉။ | သုဇာတာ | ၂၆ |
| ၂၀။ | မာရ်နတ်၏လက်ရုံးစစ်သည်များနှင့် တိုက်ခိုက်ခြင်း | ၂၇ |
| ၂၁။ | သဗ္ဗညုတဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူခြင်း | ၂၈ |
| ၂၂။ | မာရ်နတ်နှင့် မာရ်နတ်၏သမီးများအရှုံး | ၂၉ |
| ၂၃။ | တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင် | ၃၀ |
| ၂၄။ | သဗ္ဗညု ဗုဒ္ဓ၏ကျေးဇူးသိတတ်ခြင်း | ၃၁ |
| ၂၅။ | ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူခြင်း | ၃၂ |
| ၂၆။ | ယသ သတို့သား | ၃၃ |
| ၂၇။ | ဓမ္မတမန် ရဟန္တာများ တရားတော်ကို ဖြန့်ချိရန် ဒေသစာရီ လှည့်လည်ခြင်း | ၃၄ |
| ၂၈။ | ဥရုဝေလရှိ တဲအတွင်းမှ ဒေါသထွက်နေသော မြွေဟောက် | ၃၅ |
| ၂၉။ | မိဂ္ဂဿအရဟာ | ၃၆ |
| ၃၀။ | သစ္စာအရဟာ | ၃၇ |
| ၃၁။ | မါဂဓတိုင်းသို့ ပြန်လည်ကြွရောက်တော်မူခြင်း | ၃၈ |
| ၃၂။ | အရှင်သာရိပုတ္တရာ နှင့်အရှင်မောဂ္ဂလာန် | ၃၉ |
| ၃၃။ | ခေမါမိဖုရား | ၄၀ |
| ၃၄။ | ကပိလဝတ်သို့ ဗုဒ္ဓကြွတော်မူခြင်း | ၄၁ |
| ၃၅။ | ယသောဓရာသည် သားတော်ရာဟုလာအား ဗုဒ္ဓမြတ်စွာအကြောင်း ပြောပြခြင်း | ၄၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၆။ | ယသောဓရာဦးခိုက်ခန်း | ၄၃ |
| ၃၇။ | သားတော် ရာဟုလာ သက်န်းဆီးခြင်း | ၄၄ |
| ၃၈။ | ရဟန်းပြုသွားကြသောထိုခုနှစ်ဦး | ၄၅ |
| ၃၉။ | အနာထပိဏ်ကြိုက | ၄၆ |
| ၄၀။ | သကျနှင့် ကောလိယ တို့သွေးချောင်းစီးမည် စစ်ပွဲကို တားဆီးတော်မူခြင်း | ၄၇ |
| ၄၁။ | သစ္စကပရိဗိုဇ် | ၄၈ |
| ၄၂။ | တန်ခိုးကြွဒ္ဓိပါဒ်ပြခြင်းကို တားမြစ်တော်မူခြင်း | ၄၉ |
| ၄၃။ | ဗောဓိမင်းသား | ၅၀ |
| ၄၄။ | ရဟန္တာပုဂ္ဂိုလ်အစစ်အမှန်ဖြစ်ခြင်း | ၅၁ |
| ၄၅။ | ပြစ်တင်ဆဲရေးတိုင်းထွာမှုများ | ၅၂ |
| ၄၆။ | စိဉ္စမာဏဝိကာ | ၅၃ |
| ၄၇။ | သုန္ဒရီပရိဗိုဇ် | ၅၄ |
| ၄၈။ | အာဠဝက - (နတ်ဘီလူး) | ၅၅ |
| ၄၉။ | ကဲရဲ့ခြင်း၊ ချီးမွမ်းခြင်း | ၅၆ |
| ၅၀။ | အင်္ဂုလိမာလ | ၅၇ |
| ၅၁။ | မြေအိုး နှစ်လုံး | ၅၈ |
| ၅၂။ | ဂန္ဓာရပြည့်ရှင် ပုက္ကုသတိ | ၅၉ |
| ၅၃။ | အက္ကောသဘာရဒွါဇ | ၆၀ |
| ၅၄။ | ခုဇ္ဇုတ္တရာကျွန်မ | ၆၁ |
| ၅၅။ | လယ်သမားဘာရဒွါဇ | ၆၂ |
| ၅၆။ | မဟာပဇာပတိ ဂေါတမီ | ၆၃ |
| ၅၇။ | ပဋာစာရီ | ၆၄ |
| ၅၈။ | ကိသာဂေါတမီ | ၆၅ |
| ၅၉။ | အမြင့်မြတ်ဆုံး ဗြာဟ္မဏသုနိတ | ၆၆ |
| ၆၀။ | သောပါက | ၆၇ |
| ၆၁။ | ဇာတ်နိမ့်မိန်းမပျို | ၆၈ |
| ၆၂။ | ငြင်းပယ်ခံရသူ | ၆၉ |
| ၆၃။ | အမြဲသုခီတထာဂတ | ၇၀ |
| ၆၄။ | တည်ငြိမ်သည်းခံသော အရှင်သာရိပုတ္တရာ၏အံ့ဩဖွယ်ရာ | ၇၁ |
| ၆၅။ | သည်းခံခွင့်လွှတ်ခြင်းနှင့် တည်ငြိမ်ခြင်း | ၇၂ |
| ၆၆။ | ဒေါသပျောက်ကင်းခြင်း | ၇၃ |
| ၆၇။ | ရဟန်းပြု၍ ပျက်ရယ်ပြုခြင်း | ၇၄ |
| ၆၈။ | သောဏဒဏ္ဍ ဗြာဟ္မဏပြုလုပ်သော ဓမ္မ | ၇၅ |
| ၆၉။ | ကျေနပ်နေသောဗြာဟ္မာယု | ၇၆ |
| ၇၀။ | ဒါရုစီရိယရသေ့ | ၇၇ |
| ၇၁။ | မဟာသာလ ဗြာဟ္မဏ | ၇၈ |
| ၇၂။ | နာမကျန်းဖြစ်သူအား ပြုစုစောင့်ရှောက်ခြင်း | ၇၉ |
| ၇၃။ | လွတ်ငြိမ်းချမ်းသာခွင့် ရရှိသွားသော အကျဉ်းသား | ၈၀ |
| ၇၄။ | မြစ်ထဲဆင်း၍ ရေချိုးခြင်းဖြင့် အပြစ်များကို စင်ကြယ်အောင် မဆေးကြောနိုင်ပါ။ | ၈၁ |
| ၇၅။ | ဓမ္မဒိန္နာ | ၈၂ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၆။ | မိဂါရမာတာ ဝိသာခါ | ၈၃ |
| ၇၇။ | ပြောင်းလဲသွားသော 'သုဇာတာ' | ၈၄ |
| ၇၈။ | သီသူပစာလာ ဘိက္ခုနီ | ၈၅ |
| ၇၉။ | ဓမ္မ တမန် ရဟန္တာ အရှင်ပုဏ္ဏမထေရ် | ၈၃ |
| ၈၀။ | အာနန္ဒာဗောဓိ ညောင်ပင် | ၈၇ |
| ၈၁။ | မှန်ကန်သော ယဇ်ပူဇော်ခြင်း | ၈၈ |
| ၈၂။ | ဝသလ ဘယ်သူလဲ | ၈၉ |
| ၈၃။ | သုန္ဒရိက ဘာရဒွါဇ | ၉၀ |
| ၈၄။ | စံပြမင်္ဂလာမောင်မယ် | ၉၁ |
| ၈၅။ | အရှင်သာရိပုတ္တရာ၏ မိခင်ကြီးအတွက် နောက်ဆုံးဆောင်ရွက်ချက် | ၉၂ |
| ၈၆။ | ဗုဒ္ဓမြတ်စွာဘုရားအား မှန်ကန်စွာ ပူဇော်ခြင်း | ၉၃ |
| ၈၇။ | ဝေရဉ္ဇပုဏ္ဏားကြီး | ၉၄ |
| ၈၈။ | ဘုရားရှင်တစ်ပါးတည်း သီတင်းသုံးတော်မူခြင်း | ၉၅ |
| ၈၉။ | မြင့်မြတ်ငြိမ်းချမ်းသော ဗိမ္ဗိသာရ | ၉၆ |
| ၉၀။ | နာဠာဂီရိ | ၉၇ |
| ၉၁။ | ဗုဒ္ဓမြတ်စွာကို လုပ်ကြံသတ်ဖြတ်ရန် လျှို့ဝှက်၍ ပူးပေါင်းကြံစည်ခြင်း | ၉၈ |
| ၉၂။ | ကိုယ်တိုင်လုပ်ကြံသတ်ဖြတ်တော့မည့် ဒေဝဒတ် | ၉၉ |
| ၉၃။ | ထိတ်လန့်ကြောက်ရွံ့နေသော အဇာတသတ် | ၁၀၀ |
| ၉၄။ | လိစ္ဆဝီမင်းသားတို့အား သမ္ဗုဒ္ဓနိုင်ငံတော်၏ လုံခြုံရေးအတွက် မြွက်ကြားတော်မူခြင်း | ၁၀၁ |
| ၉၅။ | အမ္ဗပါလီ နှင့် လိစ္ဆဝီမင်းသားများ | ၁၀၂ |
| ၉၆။ | ဗုဒ္ဓမြတ်စွာ၏ ခြေတော်အစုံကို ဦးခိုက်ခြင်း | ၁၀၃ |
| ၉၇။ | ပျက်စီးခြင်းကို ဖြစ်စေတတ်သော ဇာတ်ခွဲခြားခြင်း | ၁၀၄ |
| ၉၈။ | ဗုဒ္ဓမြတ်စွာကို အမှန်တကယ်ရှိခိုးခြင်း | ၁၀၅ |
| ၉၉။ | သုဘဒ္ဒရဟန်းပြုခြင်း | ၁၀၆ |
| ၁၀၀။ | တထာဂတ၏ ဓာတ်တော်ခွဲဝေပူဇော်ခြင်း | ၁၀၇ |
| ၁၀၁။ | ပထမသင်္ဂါယနာတင်ခြင်း | ၁၀၈ |
| ၁၀၂။ | သောဏနှင့်ဥတ္တရ | ၁၀၉ |
| ၁၀၃။ | မှားယွင်းသော ဓမ္မကိုပြုပြင်ခြင်း | ၁၁၀ |
| ၁၀၄။ | ဘိက္ခုမဟိန္ဒ | ၁၁၁ |
| ၁၀၅။ | သိယံမိတ္တ | ၁၁၂ |
| ၁၀၆။ | တိုင်းသူပြည်သားတို့၏ အသည်းနှလုံးကို ဆွဲဆောင်နိုင်သော ဘုရင်ဇေကရာဇ် | ၁၁၃ |
| ၁၀၇။ | စတုတ္ထ သင်္ဂါယနာတင်ပွဲတော် | ၁၁၄ |
| ၁၀၈။ | ပဥ္စမသင်္ဂါယနာတင်ပွဲတော် | ၁၁၅ |
| ၁၀၉။ | ဆဋ္ဌသင်္ဂါယနာတင်ခြင်း | ၁၁၆ |

http://www.dhammadownload.com

http://www.dhammadownload.com

# နိဒါန်း

ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီးတွင် ပြထားသည့် ဗုဒ္ဓဝင်ဆိုင်ရာ သရုပ်ဖော်ပုံများနှင့် ဇာတ်နိပါတ်တော်ဆိုင်ရာ ရေးသားဖော်ပြထားသည့် အကြောင်းအရာများမှာ တိုတောင်းလှပါသည်။ ဗုဒ္ဓဝင်ဆိုင်ရာ သရုပ်ဖော် ရေးဆွဲရမည့်ဇာတ်တော် (ဖြစ်တော်စဉ်) တစ်ခုကို ပြီးပြည့်စုံအောင်ရေးဆွဲမည် ဆိုလျှင် အဆိုပါသရုပ်ဖော်ပန်းချီကားချပ်ကြီးတစ်ချပ်သည်ပင်လျှင် လွန်စွာ ကြီးမားနေပါမည်။ ထို့အပြင် ဖြစ်တော်စဉ်များအား ရုပ်မြင်သံကြား အစီအစဉ် တစ်ခုမှ ထုတ်လွှင့် ပြသမည်ဆိုပါလျှင် ဗုဒ္ဓဝင်ဆိုင်ရာ အကြောင်းအရာများမှာ အခန်းဆက်ပေါင်း ထောင်သောင်းချီ၍ ရှိနေပေမည်။

ဗုဒ္ဓနှင့်ဗုဒ္ဓ ဓမ္မကို တစ်ချိန်က အိန္ဒိယ၌ နားလည်မှုလွဲမှားမှုများ များစွာ ရှိခဲ့ပါသည်။ ယခုအခါ ထိုလွဲမှားမှုများကို ပယ်ဖျောက်ရာ၌ အရှိအတိုင်း အမှန် အတိုင်း ဖော်ထုတ်တင်ပြရန် မလွှဲမရှောင်သာ လိုအပ်ချက်ရှိနေပါသည်။ အထူး အားဖြင့် ဝိပဿနာကျင့်စဉ်နှင့် ထိုဝိပဿနာကျင့်စဉ်များကို လိုက်နာကျင့်ကြံနေ ကြသော ယောဂီများ (Meditators) နည်းမှန်လမ်းမှန်သိရှိနိုင်ရန် လိုအပ်မည် ဖြစ်ပါသည်။ ယခုပြသလိုသည့် ဗုဒ္ဓဝင်ပြခန်းကို အဆိုပါယုံမှား သံသယများအား အကုန်အစင်မဟုတ်သည့်တိုင် တချို့တဝက်တော့ အတိုင်းအတာတစ်ခုထိ ပယ်ဖျောက်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

သိဒ္ဓတ္ထမင်းသားသည် အဘယ်ကြောင့် နန်းစည်းစိမ်ကို စွန့်ခဲ့ပါသနည်း။ အဘယ့်ကြောင့် ပြေပြစ်နူးညံ့ချစ်ဖွယ်မင်္ဂြီး ချစ်ဇနီးအားစွန့်၍ တောထွက်ခဲ့ပါ သနည်း။ မွေးကင်းစ ရှု၍မဝနိုင်သော တစ်ဦးတည်းသောသားတော်လေးအား စွန့်ခွာ၍ အဘယ့်ကြောင့် တောထွက်ခဲ့ပါသနည်း။ ဤသို့ တောထဲသို့ စွန့်ခွာ ထွက်ခဲ့သည့်အတွက် သိဒ္ဓတ္ထအား ချစ်ခင်တွယ်တာ မြတ်နိုးကြသည့် မိဘဆွေမျိုး၊ ဇနီးသားမယားတို့က အမျက်ထွက်၊ ခိုက်ရန်ဖြစ်၊ တားမြစ်ကန့်ကွက်ချက် တစ်စုံ တစ်ရာမဖြစ်ခဲ့ကြသည်မှာ အဘယ်ကြောင့်ပါနည်း။

သိဒ္ဓတ္ထဂေါတမသည် သစ္စာတရားကို ရှာဖွေဖော်ထုတ်နိုင်ရန် တောထွက်ခဲ့ ခြင်းကြောင့် ဖြစ်သည်။ သိဒ္ဓတ္ထဂေါတမ၏ အဆုံးစွန်သော ရည်မှန်းချက်မှာ ဆင်းရဲ ဒုက္ခအတိရောက်လျက်ရှိကြသော လောကသားများအား သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင်ကယ်ထုတ်နိုင်ရန်ဖြစ်သည်။ တစ်နည်းအားဖြင့် ဒုက္ခဖြစ် ရသည့် အကြောင်း ထိုဒုက္ခမှ လွတ်မြောက်ရာလမ်းကြောင်းကို ရှာဖွေ ဖော်ထုတ် ရန် အတွက် တောထွက်ခဲ့ခြင်းသာဖြစ်သည်။ ဤသို့ဖြင့် ၎င်းသည် သာမန်လူတို့ ကျင့်နိုင် ကြံနိုင် ခက်ခဲလှစွာသော ဒုက္ကရစရိယာအကျင့်ကို ၆ နှစ်တိုင်တိုင်ကျင့်ကြံ ပြီး၊ သစ္စာတရားကို ရှာဖွေဖော်ထုတ်ခဲ့သည်။ နောက်ဆုံးတွင် သိဒ္ဓတ္ထသည် ၎င်း သိချင်သည့် ပြဿနာ၏အဖြေကို သိရှိသွားသည်။ ဒုက္ခဖြစ်ရခြင်းအကြောင်းကို သိပြီ၊ ဒုက္ခချုပ်ငြိမ်းစေမည့်နည်းကိုလည်း သူကောင်းစွာ သိရှိသွားပြီ။ **“ပုဗ္ဗေ အနနုသုတေသုဓမ္မေသု”** ရှေးအခါက မသိရှိမကြားဖူးသေးသည့်ဓမ္မကို ငါသိပြီ ဟု ကြွေးကြော်ခဲ့သည်။

တစ်နည်းအားဖြင့် သိဒ္ဓတ္ထဂေါတမသည် ဝိပဿနာကျင့်စဉ်ကြီးကို ဖော်ထုတ် တွေ့ရှိသွားခဲ့သည်။ သို့သော် ဗုဒ္ဓလက်ထက်တော်အခါက ထိုကျင့်စဉ် ကြီးသည် လူထုလူတန်းစားအသီးသီး၌ စိမ့်ဝင်မှုမရှိသေး။ အခြားဘာသာရေး

http://www.dhammadownload.com

ဆိုင်ရာ ကျင့်စဉ်တရားများတွင်လည်း ကျင့်ကြံအား ထုတ်ကြ မှုမရှိဘဲ၊ မိရိုးဖလာ ယုံကြည် ကိုးကွယ်မှုများဖြင့်သာ ရောပြွမ်းလျက်ရှိကြသည်။ သိဒ္ဓတ္ထဂေါတမသည် ဤအရှိ တရား သစ္စာတရားကို ဘယ်လိုသိသည်။ ဘယ်ကသိသည်ကို ပြောပြရန် လည်း ခက်ခဲနေသည့်အချိန်ဖြစ်သည်။ ထိုခေတ်ထိုအခါက အိန္ဒိယတွင် မိရိုးဖလာ ယုံကြည်ကိုးကွယ်မှုများရှိသည်။ အရှိတရား၊ အမှန်တရား၊ သစ္စာတရားကို ရှာဖွေ ဖော်ထုတ်နေသူများ အမြောက်အမြားလည်းရှိနေပါသည်။ သို့သော် ပကတိ သစ္စာတရားကို ဖော်ထုတ်နိုင်သူကား မရှိသေး။

ဗုဒ္ဓခေတ်အခါကပင် သစ္စာတရားကို ရှာဖွေဖော်ထုတ်ခဲ့ကြသော သူတော်စင် သူတော်မြတ်အပေါင်းသည် ဒွါရခြောက်ပါး (Six Sense Doors) ဖြစ်သည့် (မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်) တို့သည် အာရုံခြောက်ပါး (ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗါရုံ၊ ဓမ္မာရုံ)နှင့် ထိတွေ့သောအခါ စွဲလန်းနှစ်သက်မှုတဏှာ ဖြစ်လာတယ်။ တဏှာသည် ကြိုက်မှု၊ မကြိုက်မှု၊ လိုချင်တောင့်တမှုကို ထပ်ခါတလဲလဲဖြစ်စေသကဲ့သို့ မလိုချင်မုန်းတီးမှုကိုလည်း ဖြစ်ပေါ်စေပါတယ်။

ဒွါရ ၆ ပါးဟာ အာရုံ ၆ ပါးနဲ့ တွေ့သည့်အခါ (ဥပမာ-မျက်စိနဲ့ ရူပါရုံ၊ နားနဲ့အသံ . . . ) ထိတွေ့မှုဖြစ်ကြတယ်။ ဘာ့ကြောင့် ထိတွေ့မှုဖြစ်သလဲဆိုရင် **"သဠာယတနပစ္စယာဖဿော"** ဖြစ်တယ်။ ထိတွေ့မှုက ဒွါရတစ်ခုမဟုတ်တစ်ခု၊ အာရုံ တစ်ခုမဟုတ်တစ်ခုနဲ့ အမြဲပဲ ထိတွေ့နေတယ်။ ဒီထိတွေ့မှုဟာ ဒွါရ ၆ ပါးကြောင့်ပဲ ဖြစ်တယ်။ အဲဒီအခါမှာ ဝေဒနာဖြစ်တယ်။ ဝေဒနာ တစ်ခုခုပေါ်လာရင် အဲဒီ ဝေဒနာကို လိုချင်မှုနဲ့ဖြစ်စေ၊ မလိုချင်မှုနဲ့ဖြစ်စေ တုံ့ပြန်တတ်ကြတယ် ဒါဟာလည်း တဏှာပဲလို့ ရှေးသူတော်ကောင်းကြီးတွေ တွေ့ရှိခဲ့ကြတယ်။ ဗုဒ္ဓကလည်း ဒီအတိုင်းပဲ သိမြင်ခဲ့ပါတယ်။ သို့သော် ဒါဟာ ပြီးပြည့်စုံတဲ့ အမှန်တရားတော့ မဟုတ်သေးပါဘူး။ တစိတ်တပိုင်း အမှန်တရားဟာ တစိတ်တပိုင်း အကျိုးအမြတ်ကိုပဲ ခံစားရမှာဖြစ်ပါတယ်။ အဆုံးစွန်သော အကျိုးအမြတ်ကို ခံစားရမှာမဟုတ်ပါဘူး"။

သို့သော် ဗုဒ္ဓက **"သဠာယတန ပစ္စယာဖဿော"** ဒွါရခြောက်ပါး (အာယာတနခြောက်ပါး) ကြောင့် ထိတွေ့မှုဖြစ်ရပုံ၊ ဖဿကြောင့် ဝေဒနာဖြစ်ရ။ **"ဝေဒနာ ပစ္စယာတဏှာ"** ဝေဒနာကြောင့် တဏှာ၏။ တဏှာကြောင့် ဥပါဒါန်ဖြစ်၊ ဥပါဒါန်ကြောင့် ဘဝဖြစ် ဘဝကြောင့် ဇာတိ၊ ဇရာ၊ မရဏဖြစ်တဲ့ ရုပ်နာမ်အစုကြီးဖြစ်ပေါ်လာပုံကို ဖော်ထုတ်တွေ့ရှိခဲ့ပါတယ်။

ဒီတော့ ဒုက္ခစက်ဝိုင်းကြီးကို ဘယ်က စဖြတ်ရမလဲ။ ဝေဒနာကိုစပြီး ဖြတ်ရပါမယ်။ **"ဖဿပစ္စယာ ဝေဒနာ"** လို့ ဆိုပါတယ်။ ဒီတော့ ဝေဒနာကို လစ်လျူရှုလို့ မရပါဘူး။ ဝေဒနာကို ဥပေက္ခာနဲ့ ရှုနေရမှာ ဖြစ်ပါတယ်။

သို့မှသာ ကျွန်ုပ်တို့စိတ်ထဲမှာ အမြစ်နက်နက်စွဲနေတဲ့တဏှာကို ဖယ်ရှားနိုင်မှာဖြစ်ပါတယ်။ ကျွန်ုပ်တို့လွတ်မြောက်မှုအစစ်ကို စတင်ခံစားရမှာ ဖြစ်ပါတယ်။ ဝေဒနာပစ္စယာတဏှာဆိုတဲ့အတိုင်း ဝေဒနာကြောင့် တဏှာဖြစ်ရမှုမှ လွတ်မြောက်ကြမှာဖြစ်ပါတယ်။ ဒီနည်းလမ်းသာလျှင် လွတ်မြောက်မှုအစစ် ငြိမ်းချမ်းမှုအစစ်ကို ပေးစွမ်းနိုင်မှာဖြစ်ပါတယ်။ ဤသည်ပင်လျှင် ဝိပဿနာကျင့်စဉ်ဖြစ်ပါတယ်။ ဝိပဿနာကျင့်စဉ်သာလျှင် ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်စေနိုင်တဲ့နည်းဖြစ်ပါတယ်။

ဥပမာတစ်ခုကို ပြောပါမယ်။ တစ်ခါက ခွေးဟောင်တာကို အလွန်ကြောက်

http://www.dhammadownload.com

တဲ့ ယောဂီတစ်ဦးဟာ သူရဲ့အကြောက်တရားကို ကုစားဖို့ ဝိပဿနာတရားအားထုတ်ဖို့ ရောက်လာပါတယ်။ သူဟာ ခေတ်ပညာတတ်လူငယ်ပါ။ ပါးရည်နပ်ရည်လည်း ရှိပါတယ်။ သူဟာ လုံလုံခြုံခြုံရှိတဲ့နေရာမှာ အိပ်တတ်၊ နေတတ်ပါတယ်။ ညအိပ်ရာဝင်လျှင်လည်း သူ့အခန်းက တံခါးကို သေသေချာချာပိတ်ပြီးမှ အိပ်တတ်ပါတယ်။ ပတ်ဝန်းကျင်မှာ ခွေးတစ်ကောင်က ဟိုနေရာက ဟောင်လိုက်၊ ဒီနေရာက ဟောင်လိုက်လုပ်နေပါတယ်။ ဒါပေမယ့် ဒီခွေးက သူ့အနားကိုတော့ မလာပါဘူး။ ဒီတော့ဘာကြောင့် ဒီခွေးဟောင်တာကို ကြောက်ရမလဲ ဒီအသိဟာ သဘာဝကျတဲ့အသိပါဘဲ။ ဒါပေမယ့် မကြာခင် ခွေးဟောင်သံတစ်ခုကို ဒီလူငယ်က ကြားတော့ သိပ်ကြောက်သွားပါတယ်။ သူ့ကို မကြောက်အောင် ဘယ်သူကမှ ဘယ်လိုမှ ပြောလို့မရပါဘူး။ ကံကောင်းတယ် ဆိုရပါမယ်၊ ခွေးဟောင်တာကို အကြောက်လွန်ရောဂါစွဲနေတဲ့ ဒီလူငယ်ဟာ ဝိပဿနာတရားကျင့်ဖို့ ရောက်လာပါတယ်။ တရားပတ်အတွင်းမှာ လူ့ခန္ဓာကိုယ်မှာဖြစ်ပျက်နေတဲ့ ဝေဒနာတွေကို ဥပက္ခာနဲ့ ရှုတယ်။ ဒီလို ရှုရင်း ရှုရင်းနဲ့ပဲ ဒီလူငယ်ဟာ ခွေးကြောက်တဲ့ရောဂါ အလိုလိုပျောက်သွားတဲ့ဖြစ်စဉ်ရှိပါတယ်။

ဒီလိုပါပဲ နယ်ပယ်အသီးသီးက လူပုဂ္ဂိုလ်အတော်များများဟာ ဝိပဿနာတရားကျင့်ဖို့ လာကြပါတယ်။ အချို့က အရက်စွဲလို့၊ အချို့က ဘိန်းဖြူစွဲလို့၊ အချို့က လောင်းကစားမှုကြောင့် ဒုက္ခရောက်လို့၊ အချို့ကလည်း ကာမေသုမိစ္ဆာစာရတွေ ကျူးလွန်လို့ စသည်ဖြင့် အမျိုးမျိုးပါပဲ၊ ဒီရောဂါတွေဖြတ်ဖို့ လာကြတယ်။ တကယ်တော့ သူတို့ဟာ သူတို့ခံစားနေရတဲ့ ဝေဒနာတွေနဲ့ပတ်သက်လို့ ဘာကိုမှ လက်ဆုတ်လက်ကိုင်ပြလို့ ရတာမဟုတ်ပါဘူး။ သူတို့ရဲ့ဝေဒနာတွေဟာ သူတို့ရဲ့ကိုယ်ခန္ဓာထဲက လာကြတာပါ။ ပြင်ပကလာတာ တစ်ခုမှမဟုတ်ပါဘူး။ တကယ်တော့ သူတို့ဟာ သူ့တို့ခံစားနေကြရတဲ့ ဝေဒနာတွေရဲ့ကျေးကျွန်ဖြစ်နေကြတာပါ။ သူတို့ဟာ ဘိန်းဖြူ အရက်၊ လောင်းကစားမှုစတဲ့ အရသာတွေမှာ စွဲနေတာပါ။ ဘိန်းဖြူ အရက်တွေမှာ စွဲနေတာမဟုတ်ပါဘူး။ ဝေဒနာကို စွဲနေကြတာပါ။ သူတို့ဟာ အမှန်တကယ်ဖြစ်ရတဲ့အကြောင်းရင်းကို မသိကြတာပါ။ သူတို့ဟာ ကိုယ့်ဒုက္ခကို ကိုယ်ရှာနေကြတာပါ။ ခုလည်းမကောင်း၊ နောင်လည်း မကောင်းပါဘူး။

ပုဂ္ဂိုလ်တစ်ဦးဟာ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတစ်ခုခုကို ကျူးလွန်ဖြစ်မှားမယ်ဆိုရင် ဒီမကောင်းမှုဒုစရိုက်ရဲ့ပြစ်ဒဏ်ကို ပထမဆုံးခံစားရမယ့်သူက ပြုလုပ်တဲ့သူပါဘဲ။ ဒါဟာ သဘာဝတရားပါပဲ။ ဒီမကောင်းမှု ဒုစရိုက်တွေနဲ့ မကြုံဆုံ၊ မတွေ့ရအောင် လူတွေဆင်းရဲဒုက္ခမှလွတ်အောင် ဝိပဿနာ ကျင့်စဉ်ကြီးကို ဗုဒ္ဓက ဖော်ထုတ်တွေ့ရှိခဲ့သူပါ။

အထက်မှာဖော်ပြခဲ့တဲ့အတိုင်း ဒွါရများဟာ အာရုံများနှင့် ထိတွေ့ပြီး ဝေဒနာတွေဖြစ်ကြ၊ ဝေဒနာတွေကို တုံ့ပြန်လုပ်ကြပြီး သင်္ခါရတွေ ပွားနေကြတယ်။ ဒါတွေကို အပေါ်ယံမျက်စိနဲ့ပဲ မတွေ့နိုင် မမြင်နိုင်ပါဘူး၊ ပညာမျက်စိ၊ ဉာဏ်မျက်စိ၊ ဘာဝနာမျက်စိနဲ့ ကြည့်မှသာမြင်နိုင်ပါတယ်၊ ဗောဓိသတ္တဟာ ဘာဝနာမယဉာဏ်ဖြင့် ရှုမြင်တွေ့ရှိပြီး ဉာဏ်အလင်းပေါက်က သမ္မာသမ္ဗုဒ္ဓဖြစ်လာခဲ့ပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၆၀၀ ကျော်က ဒီလိုသဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူခဲ့ပါတယ်၊ ဒီဉာဏ်တော်ကို ရတာဟာ

http://www.dhammadownload.com

ဘယ်လိုတန်ခိုးရှင်တစ်ဦးဦးရဲ့ အကူအညီနဲ့မှရရှိခဲ့တာ မဟုတ်ပါဘူး။ ကမ္ဘာပေါ်ရှိ ပုဂ္ဂိုလ်မြတ်အချို့တို့သည်လည်း အမှန်တရားကို ရှာဖွေဖော်ထုတ်ခဲ့ကြပါတယ်။ ဤခန္ဓာကိုယ်ကြီးမှာ အစိုင်အခဲဆိုလို့ မြူမှုန်မျှလောက် တောင်မရှိပါဘူး။ အားလုံးဟာ ဖြစ်ပျက်၊ ဖြစ်ပျက်အစဉ်ကြီးပါပဲ။ အဆုံးစွန်သော အမှန်တရားကတော့ အရာအားလုံးဟာ မျက်စိတမှိတ် လျှပ်တစ်ပြက်အတွင်းမှာ မရေမတွက်နိုင်အောင် ဖြစ်ပျက်ပြုပြင်ပြောင်းလဲနေတယ်ဆိုတာပါပဲ။ အားလုံးဟာ "**ကလာပ**" တွေနဲ့ ဖွဲ့စည်းထားတာဖြစ်တယ်။ ဒီ "**ကလာပ**" ဆိုတာတွေလည်း အစိုင်အခဲရယ်လို့ မရှိပါဘူး။ တုန်ခါမှုလေး သက်သက်သာပဲဖြစ်တယ်။ အားလုံးကြွေမွပျက်စီး လောင်ကျွမ်းပျက်စီးနေကြတာ ဖြစ်ပါတယ်။

"**သဗ္ဗော ပဇ္ဇာလိတော လောကော၊ သဗ္ဗလောကော၊ ပကမ္ပိတော**" အားလုံးဟာ ဖြစ်ပျက်ဖြစ်ပျက် အစဉ်ကြီးဖြစ်ပြီး (သံယုတ္တနိကာယ်) လောင်ကျွမ်းပျက်စီးနေကြတယ်။ "**ဥပဒါဝယဓမ္မိကော**" ဒီလိုဖြစ်ပျက်မှု အစဉ်ကြီးဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ဝေဒနာတွေ ခံစားနေကြရတာဖြစ်ပါတယ်။ အားလုံးဖြစ်လိုက် ပျက်လိုက်ချည်းပါပဲ။

**စိတ်**

အထက်ပါအကြောင်းများကြောင့် ဝေဒနာတွေဟာ အချိန်တိုင်း အချိန်တိုင်းမှာ ပုံစံအမျိုးမျိုးနှင့် ပေါ်ပေါက်လာကြတယ်။ ဝေဒနာတွေပေါ်လာခြင်း၊ အဓိကအကြောင်းရင်း ၄ ချက်ကတော့ ဝိညာဏ၊ သညာ၊ ဝေဒနာ၊ သင်္ခါရတို့ကြောင့် ဖြစ်ပါသည်။

**ရုပ်**

စိတ်ကလွဲပြီး ရုပ်ခန္ဓာကြီးဟာ အဓိကအကြောင်းကြီး ၄ ခုကြောင့် ဖြစ်ပျက်ပြုပြင်နေကြတယ်။ အဲဒါကတော့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ ဓာတ်ကြီး ၄ ပါးကြောင့် ဖြစ်ပျက်နေတာဖြစ်တယ်။ ဓာတ်ကြီး ၄ ပါးဖောက်ပြန်မှုကြောင့် ဝေဒနာတွေဖြစ်တယ်။ အဓိကဝေဒနာနှစ်ခုကတော့ သုခဝေဒနာနဲ့ ဒုက္ခဝေဒနာတို့ဖြစ်ပါတယ်။ လူတွေဟာ သုခဝေဒနာနဲ့တွေ့ရင် လိုချင်တဲ့တဏှာ လောဘစိတ်နဲ့ တုံ့ပြန်တယ်။ ဒုက္ခဝေဒနာနဲ့ တွေ့ရင် မလိုမုန်းထားတဲ့စိတ်နဲ့ တုံ့ပြန်နေကြတယ်။ ဒါဟာ သင်္ခါရကို ပွားစေပါတယ်။ ဒီသင်္ခါရတွေဟာ အမြစ်နက်နက်နဲ့ စွဲနေပါတယ်။ အချို့သင်္ခါရတွေဟာ ရေထဲမှာ မျဉ်းကြောင်းဆွဲသလို ဆွဲပြီးတာနဲ့ ပျက်သွားတယ်။ အချို့ဆိုရင် သဲသောင်ပြင်မှာ မျဉ်းကြောင်းကြီး ဆွဲသလို အတန်အသင့်ကြာပြီးမှ ပျက်တယ်။ အချို့ကျတော့ ကျောက်သား ကျောက်စိုင်ပေါ်မှာ မျဉ်းကြောင်းဆွဲသလို ကာလအတန် နှစ်ရှည်လများခံတယ်။ သင်္ခါရတွေဟာ ကောင်းကျိုးပေးတာရှိသလို၊ မကောင်းကျိုးပေးတာလည်း ရှိတယ်။ သင်္ခါရတွေနည်းနိုင်သမျှ နည်းအောင်လုပ်ရပါမယ်။ သင်္ခါရဟာ လူ့ဘုံနတ်ဘုံ ဗြဟ္မာဘုံကို ရောက်စေနိုင်သလို၊ ငရဲတိရစ္ဆာန် ပြိတ္တာဘုံ ကိုလည်း ရောက်စေတယ်၊ ဒါ့ကြောင့် အခုရောနောင်မှာပါ ကောင်းကျိုးမပေးတဲ့ အကုသိုလ်၊ ဒုစရိုက်တွေ မပွားကြပါစေနဲ့။ ဘုရားရှင်ကိုယ်တော်မြတ်သည် ဝိပဿနာကျင့်စဉ်ကြီးကို ဖော်ထုတ်တွေ့ရှိခဲ့ပြီး မရေမတွက်နိုင်သော လူ့အများ ကို ဒုက္ခခပ်သိမ်းမှ ငြိမ်းစေတော်မူခဲ့ပါတယ်။

http://www.dhammadownload.com

## ပညာ

ပညာဆိုတာဘာလဲ၊ ပညာဆိုတာ သိခြင်းပါပဲ။ ဘာကို သိသလဲ အသိမှား၊ အမြင်မှား၊ အယောင်ယောင် အမှားမှား ဖြစ်နေတာကို သိခြင်းပါပဲ၊ ဆင်းရဲဒုက္ခ အပေါင်းက လွတ်မြောက်ရာ လွတ်မြောက်ကြောင်း သိခြင်းပါပဲ။

စာအုပ်စာတမ်းတွေ ဖတ်လို့၊ သူများ ပြောတာတွေ နားထောင်ရလို့သိတဲ့ ပညာဟာလည်း ပညာပါပဲ။ သို့သော် ဝိပဿနာကျင့်စဉ်မှာတော့ ကိုယ်ကိုယ်တိုင် ကျင့်ကြံအားထုတ်ပြီး သိတဲ့ပညာကို ဆိုလိုတာဖြစ်ပါတယ်။

စိတ်ဆင်းရဲခြင်း၊ ပူဆွေးသောကရောက်ခြင်းတွေဟာ တစ်ကမ္ဘာလုံး စကြာဝဠာတစ်ခုလုံးမှာဖြစ်နေတဲ့ အမှန်တရား၊ သစ္စာတရားဖြစ်ပါတယ်။ ဒါတွေဟာ ဘဝအဆက်ဆက်က စုပေါင်းသယ်ဆောင်လာပြီး စိတ်ရဲ့အနက်ရှိုင်းဆုံးအပိုင်းမှာ သင်္ခါရတွေအဖြစ်နဲ့ စုပုံနေတဲ့ အနုသယကိလေသာများဖြစ်ပါတယ်။ ဒါတွေဟာ ခေတ္တခဏအားဖြင့် ငြိမ်နေတယ်၊ အောင်းနေတယ်။ တချိန်ချိန်မှာ အခွင့်အခါသင့်တာနဲ့ စိတ်ရဲ့အပေါ်ယံကို တက်လာပြီး အချိန်မရွေး ပေါက်ကွဲကာ ယောဂီတို့ကို လွှမ်းမိုးသွားပါတယ်။ဒီတော့ ရုပ်နာမ်အစုတစ်ခုလုံးကို ကိလေသာအညစ်အကြေးတွေ ဖုံးလွှမ်းသွားပါတယ်။ ကိလေသာအညစ်အကြေးတွေကံကြွေးကံဟောင်းတွေဟာ ယောဂီရဲ့ကိုယ်ထဲမှာ ထုနဲ့ထည်နဲ့ရှိနေတော့ ဘဝလွတ်မြောက်ရေးလမ်းကြောင်းကို မရောက်ပဲဖြစ်နေပါတယ်။ သို့သော်လည်း ယောဂီဟာ စဉ်ဆက်မပြတ် ဝိပဿနာ တရားအားထုတ်သွားရင် ဖြစ်ပေါ်လာတဲ့ ဝေဒနာတွေကို သတိနဲ့ စောင့်ကြည့်ပြီး ဥပေက္ခာနဲ့ ရှုသွားမယ်ဆိုရင် ကိလေသာအညစ်အကြေးတွေတဖြည်းဖြည်း ပျောက်ကွယ်လာပါလိမ့်မယ်။

## တုဏှိဘာဝေဆိတ်ဆိတ်နေ

ယောဂီ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ၁၀ ရက်တရားပတ်ကိုစပြီး ဝင်တဲ့နေ့ကစလို့ နောက်ဆုံးနေ့ထိ တုဏှိဘာဝေ (မြတ်သောဆိတ်ဆိတ်နေခြင်း) သို့မဟုတ် စကားမပြောဘဲ နေခြင်းဆိုတဲ့ စည်းကမ်းချက်တစ်ခုကို လိုက်နာကြရပါတယ်။ ယောဂီတွေဟာ ဒီအချက်ကို အလေးအနက်ထားပြီး အခြားစည်းကမ်းတွေထက် ပိုပြီး လိုက်နာရပါတယ်။ ဘာ့ကြောင့်လဲဆိုရင် ယောဂီတွေဟာ စိတ်ကိုခွဲစိတ်မှုလုပ်နေတဲ့အခါ စိတ်တွေ လှုပ်ရှားမှုများလေလေ၊ စိတ်ကူးယဉ်တွေးတောမှုများလေလေ စိတ်ရဲ့အတွင်းနက်ရှိုင်းတဲ့အပိုင်းကို မရောက်နိုင်လေလေဖြစ်ပါတယ်။ ဒါ့ကြောင့် စိတ်ရဲ့ငြိမ်သက်မှုဟာ လွန်စွာအရေးကြီးပါတယ်။ ယောဂီတစ်ဦးတစ်ယောက်ဟာ စကားပြောလိုက်ပြီဆိုတာနဲ့ပဲ တရားထိုင်တဲ့အချိန်မှာ ဒီစကားပြောတာနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေ ယောဂီရဲ့စိတ်ထဲမှာ ပေါ်ပေါက်နေပါမယ်။ နောက်တစ်ချက်ကလည်း ယောဂီတို့စကား ပြောကြရင် အခြား ကြိုးကြိုးစားစား လေးလေးနက်နက် အလုပ်လုပ်နေတဲ့ယောဂီတွေကို နှောင့်ယှက်ရာရောက်တာကြောင့် စကားမပြောဘဲ တုဏှိဘာဝေ ဆိတ်ဆိတ်နေဖို့ လွန်စွာ အရေးကြီးလှပါတယ်။

ဝိပဿနာကျင့်စဉ်မှာ အရေးကြီးတဲ့ အဆင့် ၃ ဆင့်ရှိပါတယ်။ အဲဒါတွေကတော့ သီလ၊ သမာဓိနှင့် ပညာပဲဖြစ်ပါတယ်။

## သီလ

တရားပတ်ကာလတစ်လျှောက်လုံး ငါးပါးသီလကို မကျိုးမပေါက်၊ မပြောက်မကျားအောင် အထူးထိန်းသိမ်းစောင့်ရှောက်ကြရပါမယ်၊ အဲဒီသီလ

http://www.dhammadownload.com

ငါးပါးကတော့ အသက်ရှိသတ္တဝါမှန်သမျှ သတ်ဖို့မဆိုထားနဲ့ သတ်ချင်တဲ့စိတ်တောင် မပေါ်ဖို့၊ သူများ မပေးသော ပစ္စည်းကို စိတ်ဖြင့်ပင် ရည်စူးပြီး မယူမိဖို့ အပြဟ္မစရိယာခေါ် မမြတ်သောအကျင့်၊ ဖောက်ပြန်တဲ့ကာမမှုများကို မကျူးလွန်မိစေဖို့ မမှန်မကန်၊ အကျိုးမရှိ သေးနုပ်သိမ်ဖျင်းတဲ့စကားတွေ၊ ကြမ်းတမ်းယုတ်မာတဲ့ စကားတွေကို မပြောမိဖို့ အစဉ်တစိုက် ထိန်းသိမ်းရမှာဖြစ်ပါတယ်။ သီလမစင်ကြယ်မှုဟာ သံသရာကို တိုးပွားစေပြီး အခုရော နောင်မှာပါ ဆင်းရဲဒုက္ခကိုပွားစေပါတယ်။ ဒါကြောင့် ဘယ်သူ့ကိုမှ နှုတ်နဲ့ဖြစ်ဖြစ် ကိုယ်အပြုအမူနဲ့ဖြစ်ဖြစ် အန္တရာယ်မလုပ်မိဖို့ပါဘဲ။ သူတစ်ဦးကို အန္တရာယ်ပြုလိုက်တယ်ဆိုရင် ကိုယ့်ကိုယ်ကို အန္တရာယ်ပြုတာနဲ့ အတူတူပါဘဲ။ ဝိပဿနာလမ်းကြောင်းမှာ အဓိက အနှောင့်အယှက်ကြီးပါဘဲ ဒါကြောင့် သီလကို ကောင်းစွာထိန်းသိမ်းကြရပါတယ်။

**သမာဓိ**

ဝိပဿနာကျင့်စဉ်မှာ ဒုတိယလက်တွေ့ လုပ်ရမှာကတော့ သမာဓိ ထူထောင်ဖို့ပါဘဲ၊ စိတ်ကို ထိန်းသိမ်းပြီး တည်ငြိမ်အောင်လုပ်ဖို့ပါဘဲ၊ ဒါကြောင့် ကိုယ်ခန္ဓာမှာ သဘာဝအတိုင်းဖြစ်ပျက်နေတဲ့၊ သဘာဝအတိုင်းဝင်ထွက်နေတဲ့၊ ဝင်လေထွက်လေကို သဘာဝအတိုင်းတွေ့ရှိခံစားနိုင်အောင် ကျင့်ဖို့ပါဘဲ။ သမာဓိရရှိမှသာ ဝိပဿနာလမ်းကြောင်းကို တစ်ဆင့်တက်နိုင်မှာ ဖြစ်ပါတယ်။

မကောင်းမှုဒုစရိုက်တွေဟာ စိတ်ရဲ့အညစ်အကြေးတွေဖြစ်ပြီး သတ္တဝါတွေကို စီမံနေတာဖြစ်တယ်၊ ဒါဟာ သဘာဝတရားဖြစ်ပါတယ်။ ဒီသဘာဝတရားကို ဘုရားရှင်က ဖော်ထုတ်တွေ့ရှိခဲ့ပါတယ်။ ဘုရားရှင်ဟာ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဝါဒကို ထူထောင်ခဲ့သူမဟုတ်ပါဘူး။ ဘုရားရှင်ဟာ သက်တော်ထင်ရှားရှိစဉ်ကာလတစ်လျှောက်လုံးလည်း ဘယ်သူတစ်ဦးတစ်ယောက်ကိုမျှ ဗုဒ္ဓဘာသာရယ်လို့မပြော ခဲ့ဘူးပါဘူး။ ဘုရားရှင်သည် ဓမ္မကိုသာ သင်ပေးခဲ့တယ်။ ဓမ္မကိုပဲ ဟောကြားပေးခဲ့ပါတယ်။ ဓမ္မသာလျှင် လူတိုင်း ပုဂ္ဂိုလ်တိုင်းအတွက် လိုက်နာကျင့်သုံးအပ်တဲ့ တစ်ခုတည်းသော လမ်းကြောင်းဖြစ်ပါတယ်။ မိမိရဲ့ အနာဂတ်ကို ဘယ်လို တန်ခိုးရှင်၊ ဖန်တီးရှင်၊ နတ်၊ ဘုရား၊ ရသေ့၊ ရဟန်း တစ်ဦးဦးကမှ မဖန်းတီး နိုင်ပါဘူး။ ယောဂီကသာ ကိုယ့်အနာဂတ်ရဲ့ ဖန်တီးရှင် ဖြစ်ပါတယ်။

**ဝိပဿနာ**

ဒီလိုထူးမြတ်ကောင်းမွန်တဲ့ ဝိပဿနာနည်းနာနိဿယျတွေ လက်တွေ့ကျင့်သုံးဖို့ ယောဂီဟာ အနည်းဆုံး ၁၀ ရက် တရားပတ်စခန်းကိုတော့ တစ်ကြိမ်လောက် ဝင်သင့်ပါတယ်။

**၁၀ ရက် တရားပတ်**

တစ်ချို့ကတော့ "တို့က အလုပ်သိပ်များတာ၊ ၁၀ ရက်ကြီးများတိုင် အချိန်ပေးဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ပြီးတော့ ၁၀ ရက်လုံးလုံး တရားပတ်ပြီးအောင်မှ နေနိုင်ကျင့်နိုင်ပါ့မလား" ဆိုပြီး ပြောတာဆိုတာ ကြားရတတ်ပါတယ်။ ကျွန်တော်လည်း ပထမ ၁၀ ရက်တရားပတ်ဝင်တော့ ဒီလိုပဲ သံသယစိတ်တွေ ဖြစ်ခဲ့ပါတယ်။ သို့သော် သင်တန်း ၂ ရက် ပြီးတဲ့အခါမှတော့ လွန်စွာအံ့ဩဖွယ်ရာကောင်းတဲ့ လွန်စွာသိပ္ပံနည်းကျတဲ့ တရားဓမ္မရဲ့အကျိုးကျေးဇူးများပုံကို တွေ့ရတယ်။ ဒီလိုနဲ့ ၁၀ ရက် တရားပတ်ကို အောင်အောင်မြင်မြင် ပြီးဆုံးခဲ့ပါတယ်။ ၁၀ ရက်အတွင်းမှာရတဲ့အကျိုးကျေးဇူးက အနမတဂ္ဂပါပဲ။ သင်တန်းပြီးသွားတော့ ယောဂီတွေ

http://www.dhammadownload.com

အားလုံးဟာလည်း ပျော်လို့ရွှင်လို့နဲ့ အိမ်ပြန်သွားကြတာ တွေ့ရတာ လွန်စွာ စိတ်ချမ်းမြေ့ဘို့ ကောင်းပါတယ်။ ၁၀ ရက် တရားပတ်ပြီးမှသာ ရက်ရှည်တရားပတ် တွေဖြစ်တဲ့ ရက် ၂၀၊ ၃၀၊ ၄၅ ရက် ၆၀ တရားပတ်တွေ ဆက်လက်တက်ရောက် ကြရပါမယ်။ အခုဆိုရင် တရားပတ်တစ်ခုမှာ တစ်နှစ်လျှင် လူ ၁၀၀၀၀၀ ခန့် နှစ်စဉ်တက်ရောက်နေပြီး ဖြစ်တယ်။ ကမ္ဘာမှာ တရားရိပ်သာပေါင်း ၁၄၀ ကျော် ဖွင့်လှစ်ပြီး ဖြစ်ပါတယ်။

ဤသို့ရှုရင်းဖြင့် သောတာပန်၊ သကဒါဂမ်၊ အနာဂါမ်အဖြစ် ရောက်ရှိကြပြီး နောက်ဆုံးမှာနိဗ္ဗာန်မင်္ဂဖိုလ် မျက်မှောက်ပြုနိုင်ပါလိမ့်မည်။

**"အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမောသုခေါ"**

ရုပ်နာမ်အသစ်ဖြစ်ဖြစ်သမျှ သင်္ခါရတို့သည် ဧကန်စင်စစ် မမြဲကြကုန်၊ အဖြစ်သဘော၊ အပျက်သဘောတို့သည် အတောမသတ် အထပ်ထပ် အထွေထွေ လည်ပတ်၍ နေကြကုန်၏။ ထိုသင်္ခါရတရားတို့သည် အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာပြီး၊ ရုတ်တရက် ချက်တဖြုတ် ဆိုသလို ချုပ်ပျက်ကြကုန်၏။ ထိုသင်္ခါရတရားတို့ ကင်းရာကုန်ရာ နိဗ္ဗာန်ဓာတ်အငြိမ်းဓာတ်သည် ချမ်းသာ၏၊ ချမ်းသာမှန် ဖြစ်ပါပေ၏။

ဤသို့ဖြင့် ယောဂီသည် ဖြစ်ဖြစ်သမျှ သင်္ခါရတို့၏ မမြဲသောသဘောကို ဥပေက္ခာနှင့် စဉ်ဆက်မပြတ်ရှုသွားပြီး ပညာသိက္ခာကို ပွားများသွားပါက အရဟတ္တမင်္ဂ၊ အရဟတ္တဖိုရ်ကို မျက်မှောက်ပြုနိုင်မည်ဖြစ်ပါသည်။

**အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ
ဂဟကာရံဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ
ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟာသိ
သဗ္ဗာတေဖာသုကာဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ
"ဝိသင်္ခါရ ဂတံစိတ္တံ၊ တဏှာနံ ခယမဇ္ဈကာ"**

ခန္ဓာအိမ်ကို တည်ဆောက်တတ်သော တဏှာလက်သမားကို ရှာသောငါသည် ထိုတဏှာလက်သမားကို မြင်နိုင်လောက်သည့် ဉာဏ်ပညာကို မရရှိခဲ့သဖြင့် ဘဝများစွာ သံသရာပတ်လုံး ပြေးလွှားကျင်လည်ခဲ့ရလေသည်။

အကြိမ်ကြိမ် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလေစွတကား၊ ဟယ်-တဏှာလက်သမား၊ အခုအခါ ငါသည် သင့်ကို မြင်အပ်ပြီ၊ သင့်ကို မြင်သည့် ဉာဏ်အမြင်ရပြီး နောက်ထပ်တစ်ဖန် ပဋိသန္ဓေမနေရလတ္တံ့။ အဝိဇ္ဇာတည်းဟူသော သင်၏အခြင်ရနယ်အားလုံးကို ငါချိုးဖြတ်အပ်ပြီ။ ငါ၏စိတ်သည် ပြုပြင်ခြင်း၊ ကင်းရာနိဗ္ဗာန်သို့ရောက်ပြီ၊ တဏှာကုန်ရာအရဟတ္တဖိုလ်သို့ရောက်ပြီဟု ဥဒါန်းကျူးတော်မူခဲ့လေသည်။

**"အယမန္တိမာဇာတိ၊ နတ္ထိဒါနိ ပုနဘဝေါတိ"** ဤဘဝသည် နောက်ဆုံး၊ နောက်ထပ်တဖန် ပဋိသန္ဓေမနေရတော့အံ့ ဟူ၍ ဖြစ်၏။

**(ဒီဃနိကာယ်)**

http://www.dhammadownload.com



http://www.dhammadownload.com

## ၁။ ဧကန်မုချ ဘုရားဖြစ်မည့်သူ

"ကြွရောက်တော်မူပါအရှင်ဘုရား၊ ဘုရားတပည့်တော်အပေါင်းသည် သမ္မာသမ္ဗုဒ္ဓဖြစ်တော်မူသော ဒီပင်္ကရာအရှင်ဘုရားအား ရိုသေဦးခိုက်၍ ကြိုဆိုပါသည်ဘုရား" ဟုဆိုသော ကြွေးကြော်ပူဇော်သံများနှင့် သံဃာတော်အစုအဝေးကြီးဖြင့် ကြွမြန်းလာတော်မူလာသော ဒီပင်္ကရာမြတ်စွာဘုရားအား သောင်းသောင်းဖျဖျ ခရီးဦး ကြိုဆိုနေကြပါသည်။

ဗြာဟ္မဏပုဏ္ဏားမျိုး သုမေဓါရှင်ရသေ့သည်လည်း ကြိုဆိုကြသူများတွင် ပါဝင်ကာ ကိုယ့်အပိုင်းနှင့်ကိုယ် ဗုဒ္ဓမြတ်စွာကြွလာမည့်လမ်းကိုပြင်ဆင်ရန် တာဝန်ယူထားသူဖြစ်၏။ ကြွေးကြော်သံများကို ကြားရသည်နှင့် ဗုဒ္ဓမြတ်စွာ ကြွရောက်တော်မူရန် အလွန်နီးကပ်နေပြီဖြစ်ကြောင်း ရှင်ရသေ့ သိလိုက်ပါသည်။ သို့သော် သူတာဝန်ယူထားသော လမ်းပိုင်းမှာ မပြီးတတ်သေးပါ။ သဲဖို့ရန် တကိုက်နှစ်ကိုက်တာမျှ လိုနေသေး၏။ ဤသဲမခင်းရသေးသော လမ်းပိုင်းသို့ရောက်လာတော်မူလျှင် ဗုဒ္ဓမြတ်စွာသည် မလွဲမသွေ ရွှံ့ညွန်ထဲမှ လျှောက်လှမ်း၍ သွားတော်မူရမည်ဖြစ်၏။ သုမေဓါသည် ချက်ခြင်းပင် မိမိ ကိုယ်ပေါ်ရှိ သမင်သားရေနွယ်ကို ချွတ်ယူလိုက်ခါ ထိုရွှံ့လမ်းပြတ်ပေါ်သို့ ခင်းလိုက်သည်။ သို့သော် ရွှံ့ညွန်တွေက ထူလှသဖြင့် ဤသားရေနွယ်သည် ဗုဒ္ဓမြတ်စွာ ခြေဖြင့်နင်းတော်မူလိုက်လျှင် ခြေတော်အစုံကို ရွှံ့ညွန်တို့မှ မကာကွယ်နိုင်ကြောင်းတွေ့ရ၏။ သို့ဖြင့် ဖြုန်းကနဲအကြံရခါ ထိုသားရေနွယ်ပေါ်၌ မိမိကိုယ်ကို အလျားမှောက်၍ လှဲချလိုက်လေသည်။

ထိုသို့ ရွှံ့ထဲတွင် အလျားမှောက်လျက်ရှိနေသော သုမေဓါရှင်ရသေ့သည် ကြီးကျယ်မြင့်မြတ်သော သန္နိဋ္ဌာန်ကြီးတစ်ခုကို ချမှတ်လိုက်၏။ မိမိသည် မိမိတစ်ဦးတည်း ကျွတ်တန်းဝင်၍ သံသရာမှ ထွက်မြောက်မသွားဘဲ ဒီပင်္ကရာမြတ်စွာဘုရားကဲ့သို့ များစွာသော သူအပေါင်းကိုပါ သံသရာမှ လွတ်မြောက်အောင် ကူညီဆောင်ကျဉ်းသွားမည်ဟူသော သန္နိဋ္ဌာန်ကြီးဖြစ်၏။

ဒီပင်္ကရာဗုဒ္ဓမြတ်စွာသည် သုမေဓါ ရှင်ရသေ့၏နေရာသို့ ရောက်တော်မူသောအခါ ထိုရသေ့တွင် ဖြစ်ပေါ်နေသော စိတ်ပိုင်းဆိုင်ရာ အခြေအနေကို သိရှိတော်မူလေ၏။ အကယ်၍ ယခုအချိန်၌ ရှင်ရသေ့သည် ဝိပဿနာ တရားတော်ကို သိရှိအားထုတ်လိုက်ပါက ဤနေရာတွင်ပင် ရဟန္တာဖြစ်ခါ သံသရာမှ ထွက်မြောက်သွားနိုင်လောက်အောင် အတိတ်က ဖြည့်ဆည်းစုဆောင်းခဲ့သော ပါရမီတော်များ ရှိပြီးဖြစ်နေကြောင်းကို သိမြင်တော်မူပါသည်။ သုမေဓါ ရှင်ရသေ့သည်လည်း အဌမမြောက်ဈာန်အဆင့်ကို အောင်မြင်ရရှိပြီး လောကီပညာများကို ကျော်လွန်၍ သိတော်မူသည့်ပုဂ္ဂိုလ်ဖြစ်သဖြင့် ဤအကြောင်းကို သိပါသည်။ သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူရန်အတွက် သူမတူသော ကုသိုလ်ကောင်းမှုတို့ကို ဖြည့်ဆည်းရမည်ကိုလည်းကောင်း၊ မရေမတွက်နိုင်သော ကပ်ကမ္ဘာပေါင်း ရှည်ကြာလှသည့် ကာလများတွင် ခက်ခဲသည့်ဘဝပေါင်းများစွာတို့ကို ကျော်ဖြတ်သွားရမည်ကိုလည်းကောင်း၊ သဘောပေါက်နားလည်တော်မူပါသည်။

သို့ဖြစ်၍ "သုမေဓါရှင်ရသေ့သည် ဖြည့်ဆည်းရန်လိုအပ်သည့် ပါရမီတော်များကို ပြည့်စုံအောင် ဖြည့်ဆည်းတော်မူပြီးနောက်၊ နောင်လာမည့် လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ကာလကြာလျှင် သိဒ္ဓတ္ထဂေါတမဟူသော ဘွဲ့တော်ဖြင့် ဧကန်မုချ သမ္မာ သမ္ဗုဒ္ဓဘုရားအဖြစ် ပွင့်တော်မူလိမ့်မည်" ဟု ဗျာဒိတ်တော်မြတ် ချမှတ်၍ ပေးတော်မူအပ်ပါသတည်း။

http://www.dhammadownload.com



http://www.dhammadownload.com

## ၂။ မဟာမာယာဒေဝီ၏ အိပ်မက်

ဒီပင်္ကရာဗုဒ္ဓမြတ်စွာ ဗျာဒိတ်ပေးတော်မူခဲ့သည့်အတိုင်း၊ မရေမတွက်နိုင်သော ကမ္ဘာပေါင်းများစွာ ကာလတို့တွင် ဖြစ်ခဲ့ရသည့် မရေမတွက်နိုင်သော ဘဝအပေါင်းတို့၌ ဆယ်ပါးကုန်သော ပါရမီတော်များ (သံသရာမှ ထွက်မြောက်ရန်အတွက် ဖြည့်ဆည်းရန်လိုအပ်သော ပြီးပြည့်စုံ၍ အမြင့်မြတ်ဆုံးသော အရည်အချင်းများ) ကို ပြည့်စုံအောင် ဖြည့်ဆည်းတော်မူပြီးသည့်နောက်၌ သုမေဓါရှင်ရသေ့သည် နတ်ပြည်၌ သေတကေတုမည်သော နတ်သားတပါးဖြစ်လေ၏။

ဖြည့်ဆည်းခဲ့ရသောပါရမီ ဆယ်ပါးတို့မှာ ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ တို့ပင်တည်း။

သဗ္ဗညုတဗုဒ္ဓဘုရားဖြစ်တော်မူရန်အတွက် လိုအပ်သော ဤပါရမီတော်ဆယ်ပါးကို ဖြည့်ဆည်းပြီးဖြစ်ပါက ဘုရားလောင်းနတ်သား၏ နောက်ဖြစ်ရမည့် ဘဝသည် သံသရာတွင် နေရသည့် နောက်ဆုံးဘဝဖြစ်ပေ၏။ အကြောင်းမှာ ထိုဘဝ၌ မိမိကိုယ်တော်တိုင် သဗ္ဗညုတဉာဏ်တော်ကို ရရှိသည့် (သမ္မာသမ္ဗောဓိ)ဘုရားဖြစ်တော်မူကာ မွေးလိုက်သေလိုက် ဖြစ်နေသော သံသရာကြီးမှ လွတ်မြောက်တော်မူသွားမည်ဖြစ်သောကြောင့် ဖြစ်ပေသတည်း။

သေတကေတုနတ်သားသည် မိမိ၏ နောက်ဆုံးဘဝအတွက် သင့်လျော်မည့်နေရာဌာန၊ သင့်လျော်မည့်အမျိုးအနွယ်မိသားစု၊ သင့်လျော်မည့် အချိန်ကာလတို့ကို ရွေးချယ်ပြီး အလောင်း တော်အတွက် သင့်လျော်မည့်မယ်တော်၏ ဝမ်းကြာတိုက်၌ ဝင်ရောက်ရန် ရွေးချယ်လိုက်၏။

သက္ကျသာကီဝင်ဘုရင်ကြီး သီရိသုဒ္ဓေါဒန၏ မဟေသီ မဟာမာယာဒေဝီ မိဖုရားကြီးသည် စက်ရာဆောင်ခန်းမတွင် အေးဆေးငြိမ်သက်စွာ စက်တော်ခေါ်နေတော်မူ၏။ ဤသို့ စက်တော်ခေါ် နေတော်မူစဉ် အောက်ပါအတိုင်း အိပ်မက်ကို မြင်မက်တော်မူပါသည်။

ဆဒ္ဒန်ဆင်မင်းတို့၏ ကြန်အင်လက္ခဏာနှင့်ပြည့်စုံသော ဆင်ဖြူတော်ကြီးတစ်စီးသည် ဆွတ်ဆွတ်ဖြူ၍ လှပသော ကြာဖြူပန်းများကို နှာမောင်းဖြင့် ချီယူခါ ခန်းစက်ရာအဆောင်တော်သို့ ရောက်ရှိလာခါ မဟာမာယာဒေဝီအား သုံးကြိမ်လှည့်ပတ်လျှောက်သွားပြီးနောက် ယဉ်ကျေးရိုသေစွာ ဝပ်၍ ခစားနေပါသည်။ ထို့နောက် မိဖုရားကြီးအား ဦးချခါ မဟာမာယာဒေဝီ၏ လက်ျာနံပါးမှ ဝမ်းကြာတိုက် အတွင်းသို့ ဝင်ရောက်သွားပါသည်။

ဗုဒ္ဓမြတ်စွာဘုရားအလောင်းတော်အတွက် ဝမ်းကြာတိုက်၌နေရသော ပဋိသန္ဓေများအနက် ယခုအကြိမ်သည် နောက်ဆုံး နေရသောအကြိမ်ပင်တည်း။ ဘုရားအလောင်းကို ပဋိသန္ဓေနေရစဉ်အချိန်တလျှောက်လုံး၌ မယ်တော်မာယာသည် ကာမအာရုံခံစားမှုအားလုံးကို ရှောင်ကျဉ်တော်မူခါ ပဋိသန္ဓေနေသည့်ကာလအတွင်း၌ လိုက်နာရမည့် ပညတ်ချက်အားလုံးကိုလည်း တိတိကျကျလိုက်နာလေသည်။ မိမိ၏ သာမဏာမျိုးရိုးထုံးစံတိုင်း ဝတ်ပြု ဝတ်တက်ခြင်း စသည်များကိုလည်း ရပ်ဆိုင်းထားလိုက်သည်။ မယ်တော်မဟာမာယာဒေဝီသည် ဆယ်လပတ်လုံး မိမိကိုယ်တွင် လွယ်ထားရသော ရင်သွေးငယ်အား ကျွမ်းကျင်လိမ္မာစွာပြုစုတော်မူရှာပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com

## ၃။ ဖွားတော်မူခြင်း

မယ်တော်မယာ၏ ဝမ်းကြာတိုက်အတွင်း၌ ဘုရားလောင်းသည် ပဋိသန္ဓေ တည်တော်မူပြီး၍ ဆယ်လစေ့သော် မယ်တော်မာယာမိဖုရားကြီးသည် ခမည်းတော် မယ်တော်တို့၏နေထိုင်သော ဒေဝဒဟပြည်သို့သွားလိုသော ဆန္ဒ တော် ဖြစ်တော်မူ၏။ သုဒ္ဓေါဒနမင်းကြီးသည် မိဖုရားကြီး၏ဆန္ဒကို ဖြည့်ဆည်းရန် မြင်းဖြူရှစ်ကောင်ကသောရထားဖြင့် စိတ်လက်ချမ်းသာစွာ မပင်မပန်းသွားရောက် နိုင်ရန် စီစဉ်ပေး၏။ ဘုရင်ကြီးကိုယ်တိုင်လည်း ယူဇနာ တစ်စိတ်မျှရှိသော ခရီးကို လိုက်ပါပို့ဆောင်ပေးခဲ့၏။ ထို့နောက်ဘုရင်ကြီးသည် မာယာဒေဝီမိဖုရားကြီးအား ဝေါတောင်ပေါ်တွင် တင်တော်မူခဲ့ပြီးနောက် မှူးမတ် မိသံချွေရံသင်းပင်းတို့နှင့် ဆက်လက်ခရီးထွက်ရန် အတူထားခဲ့ပြီး ကပိလဝတ် နေပြည်တော်သို့ ပြန်ကြွတော် မူ၏။

ဒေဝဒဟနှင့် ကပိလဝတ်အကြား လုမ္ဗနီအင်ကြင်းတောမှာ သာယာနုပျို အင်ကြင်းပန်းတို့ဖြင့် စိုပြည်လျက်ရှိ၏။ မယ်တော်မာယာမိဖုရားကြီးသည် လုမ္ဗနီဥယျာဉ်တောသို့ ရောက်၍ ပင်လုံးကျွတ်ပွင့်လျက်ရှိသော အင်ကြင်းတောကို မြင်သည် ရှိသော်၊ တော၏အလှကိုခံစားတော်မူလို၍ ဝေါတော်မှဆင်းသက်ကာ အင်ကြင်းတောသို့ဝင်၏ ။ တောအတွင်း၌ လှည့်လည်တော်မူစဉ် မင်္ဂလာရှိစွာ ဖူးပွင့်ဝေဆာ နေသည့် အင်ကြင်းပင်၏အကိုင်းတစ်ခုကိုလှမ်း၍ ကိုင်တော်မူစဉ် ခဏာ၌ ကမ္မဇ လေလှုပ်တော်မူ၏ ။ ချက်ခြင်းမကြာ ယောကျ်ားရံရွေတော်များက မယ်တော် မာယာမိဖုရားကြီး၏ ပတ်ပတ်လည်၌ လိုက်ကာတင်းတိမ် ကာရံပြီး နောက် မိဖုရားကြီးနှင့်ခပ်လှမ်းလှမ်းတွင် ခစားနေကြကုန်၏။ မိန်းမအချွေအရံများ က ဝိုင်းဝန်းစောင့်ရှောက်ထား၍ မရှေးမနှောင်းမှာပင် မယ်တော်မာယာ မိဖုရားကြီး သည် ဘုရားအလောင်းသားတော်အား ဖွားမြင်တော်မူ၏။ ဘုရားအလောင်း သားတော်သည် မိခင်ဝမ်းကြာတိုက်မှ ဖွားမြင်ပြီးသည်နှင့် တပြိုင်နက် မြောက်ဘက် သို့ ခုနစ်ဖဝါးလှမ်းကာ အောက်ပါအတိုင်း ကြွေးကြော်တော်မူလေ၏။

**(၁) "အဂ္ဂေါဟမသ္မိ လောကဿ" (ငါသည် လောက၌ အမြတ်ဆုံး)**

**(၂) "ဇေဋ္ဌော ဟမသ္မိ လောကဿ" (ငါသည် လောက၌ အသာဆုံး)**

**(၃) "သေဋ္ဌော ဟမသ္မိ လောကဿ" (ငါသည် လောက၌ အထူးကဲဆုံး)**

လွန်စွာဖြောင့်မှန်သော ကြွေးကြော်မှုပင်ဖြစ်ချေ၏။ အဘယ်ကြောင့်ဆိုသော် ယခုအချိန်၌ မည်သူတဦးတယောက်မျှ မိမိဖြည့်ဆည်းခဲ့သော ပါရမီတော် (၁၀)ပါးကို ဖြည့်ဆည်းခဲ့ဘူးခြင်းမရှိသောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်တော်မူ၍ လူတို့ နတ်တို့၊ ဗြဟ္မာတို့ထက် အမြတ်ဆုံး၊ အသာဆုံး အထူးကဲဆုံးပင်ဖြစ်တော်မူ ပါပေ၏။ ဆက်လက်၍ ဘုရားအလောင်းတော်သည် -

**(၄) "အယမန္တိမာဇာတိ" (ဤပဋိသန္ဓေသည် နောက်ဆုံး)**

**(၅) "နတ္ထိဒါနိ ပုနဘဝေါတိ (နောက်ထပ်တစ်ကြိမ်ဘဝမဖြစ်တော့)**

ဟူသော မဖောက်မပြန်မှန်ကန်သော သစ္စာစကားတို့ကို ကြွေးကြော်တော် မူခဲ့လေသတည်း ။ ။

http://www.dhammadownload.com



http://www.dhammadownload.com

# ၄။ သူတော်စင် ကာဠုဒေဝီလ (အသိတာဒေဝီလ)

တချိန်က သူတော်စင်ကာဠုဒေဝလရသေ့သည် သကျနှင့် ကောလိယ တိုင်းပြည်နှစ်ခုလုံးတွင် ကျော်ကြားသော ရာဇပုရောဟိတ်တစ်ဦးဖြစ်ခဲ့၏။ တိုင်းပြည်နှစ်ခုလုံးက အလွန်လေးစားပူဇော်ကြသည်။

သူသည် ဗြဟ္မဏဖြစ်သော်လည်း သမဏအစဉ်အလာ လွှမ်းမိုးခဲ့ပါသည်။ လေးနက်သောဈာန် ရှစ်ဆင့်လုံးကို သင်ယူခဲ့သဖြင့် တန်ခိုးအရာတွင် ကျော်ကြားခဲ့ပါသည်။

သူ၏တပည့်ဖြစ်သော သကျတိုင်းဘုရင် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်၌ သားတော်လေးသိဒ္ဓတ္ထ ဖွားတော်မူရာ သူ၏တန်ခိုးဖြင့် ကြည့်လိုက်သောအခါ နတ်ဒေဝတာတို့ ပျော်ရွှင်နေကြပုံကို သိခဲ့ရသည်။ ထို့ကြောင့် မင်းကြီးနှင့်တွေ့ဆုံရန် လာခြင်းဖြင့် သားတော်လေးကိုပါ တွေ့လိုသည်။ သားတော်လေးကို တွေ့သောအခါ သူ၏ကိုယ်ခန္ဓာပေါ်၌ မဟာပုရိသတို့၏ လက္ခဏာများကို တွေ့ရ၍ ဤကလေးသည် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟုဆိုပြီး ဝမ်းသာပျော်ရွှင်စွာ ရယ်မောလေသည်။ ဤကလေးဘုရားဖြစ်သောအခါတွင် များစွာသောသူအပေါင်းတို့သည် ကောင်းကျိုးများ ဖြစ်ထွန်းကြလျက် ဘဝသံသရာမှ လွတ်မြောက်ကြလိမ့်မည်ဟုဆိုပြီးနောက် ဝမ်းနည်းစွာ ငိုလေသည်။ ငိုရခြင်းအကြောင်းမှာ ဤကလေး သမ္မာသမ္ဗုဒ္ဓဖြစ်ချိန်တွင် သူမရှိနိုင်တော့ပါ။ ဘဝသံသရာမှ လွတ်မြောက် ကြောင်း နည်းလမ်းကို သူမမှီနိုင်တော့သောကြောင့် ဖြစ်သည်။

ထိုအချိန်တွင် သူ၏တူတော်မောင်နာလက ပုဏ္ဏားကိုသတိရ၍ နာလက ပုဏ္ဏားထံသို့ ချက်ချင်းအိမ်ယာကို စွန့်၍ သမဏရဟန်း အဖြစ်ခံယူ လိုက်ရန်နှင့် ဤကလေး သမ္မာသမ္ဗုဒ္ဓ ဖြစ်သည့်အခါ ဘဝသံသရာမှ လွတ်မြောက်ကြောင်း တရားတော်များကိုနာယူရန် အကြောင်းကြားလိုက်သည်။

ကာဠုဒေဝလရသေ့၏ ညွှန်ကြားချက်အရ မဆိုင်းမတွပင်တူတော်မောင်နာလကသည် မိမိအိမ်ယာကိုစွန့်၍ သမဏရဟန်းဝတ်ဖြင့် ဘုရားပွင့်တော်မူသည်အထိ ၃၅ နှစ်ကြာမျှ စောင့်ခဲ့ရ၏။ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူ ပြီးနောက် ဝိပဿနာတရားတော်များကို ကြားနာ ကျင့်ကြံရသဖြင့် ရဟန္တာဖြစ် တော်မူပြီးမှ ပျံလွန်တော်မူသည်။

ထို့ပြင် ကာဠုဒေဝလရသေ့သည် ဗြဟ္မဏမျိုးနွယ်စု၌ အလွန်လေးစားခံရသူဖြစ်ကြောင်း ဘဂဝဒ် ဂီတာ (၁၀၊၁၃)တွင် သူ့ကို နရဒရသေ့နှင့် ဗျာသရသေ့တို့နှင့် တန်းတူ ဖော်ပြထားသည်။

ထိုခေတ်ထိုအခါက စိတ်သဘောထား သေးသိမ်သော အကြမ်းအယူဝါဒရှိသော ဗြဟ္မဏတို့ကိုလည်း မြင်ရလေသည်။ ၎င်းတို့သည် သမဏ အစဉ်အလာကို ယုတ်နိမ့်သည်ဟု ထင်ကြသည်။ ထိုကဲ့သို့ပင် စိတ်သဘောထားကြီးသော ဗြဟ္မဏတို့ကိုလည်း မြင်ရလေသည်။ ၎င်းတို့သည် သမဏ အစဉ်အလာကို ချီးမွမ်းကြသည်။ ထို့အတူ ဗုဒ္ဓမြတ်စွာကို ကြည်ညိုလေးစားကြသည်။

http://www.dhammadownload.com



http://www.dhammadownload.com

## ၅။ သိဒ္ဓတ္ထမင်းသားငယ်၏ အဦးဆုံးသော ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းမှု

ဟိမဝန္တာတောင်ခြေရှိ သကျသာကီဝင် မင်းနေပြည်တော်သည် ကြီးမား ကျယ်ပြန့်ပါဘိသည်။ လယ်ယာမြေများပေါ်ကြွယ်လှ၏။ မင်းဘဏ္ဍာနှင့် ပြည်သူ့ဘဏ္ဍာကို လယ်ယာလုပ်ငန်းက ဖြည့်ဆည်းပေးနေသည်။ သို့ကြောင့်ပင် လယ်ယာလုပ်ငန်းကို မင်းနှင့်တကွ ပြည်သူတို့ အမြတ်တနိုး တန်ဘိုးထားကြကုန်၏။ လယ်ယာကိုင်းကျွန်း မထွန်ယက် မစိုက်ပျိုးမီ ဘုရင်ကိုယ်တော်တိုင် ပါဝင်၍ လယ်ထွန်မင်္ဂလာပြုလုပ်ကြ၏။ နန်းတွင်းသူ နန်းတွင်းသား မှူးကြီးမတ်ရာတို့ပါ တက်ရောက်ပြီး ကြီးကျယ်ခမ်းနားသည့် ပွဲသဘင်ကျင်းပကြ၏။ ထိုလယ်ထွန်မင်္ဂလာအခမ်းအနားပွဲသဘင်တွင် အဆို၊ အက၊ အတီးအမှုတ်၊ အခုန်အက တို့ဖြင့် ပြည်သူများ တပျော်တပါးပါဝင်ဆင်နွှဲကြသဖြင့် ပွဲသဘင်မှာ ကြက်ပျံမကျ စည်ကား၏။

တစ်နှစ်တွင် မဟာသုဒ္ဓေါဒနမင်းကြီးသည် လယ်ထွန်မင်္ဂလာပွဲသဘင် ကျင်းပရာ သားတော်လေး သိဒ္ဓိတ္ထအား အထိန်းတော်များနှင့်အတူ ခေါ်ယူခဲ့လေ၏။ ပွဲတော်သဘင်မှာ အချိန်အတန်ကြာမည်ဖြစ်သဖြင့် သားတော်လေး ပင်ပန်းနွမ်းနယ်မှု မရှိစေရန်တွက် ကြီးမား၍ လွန်စွာအရိပ်ကောင်းသည့် ဇမ္ဗူ သပြေပင်အောက်တွင် ယာယီတဲနန်းတည်ဆောက်ကာ တင့်တယ်လှပသည့် ကော်ဇောကို ခင်းလျက်၊ ထိုအပေါ်၌ နူးညံ့လှစွာသော အိပ်ရာသလွန်တင်၍ သားတော်လေးအားထား၏။ သားတော်လေးသည် ပတ်ဝန်းကျင်၌ ဖြစ်ပျက်မှုအစုစုကို မြင်ရသည်ရှိသော် စိတ်တော်မရွှင်ပဲ ( had little interest ) ငိုက်မျဉ်းခြင်းသည် ဖြစ်၏။ အထိန်းတော်များက သားတော်လေးအား အဆိုပါ အိပ်ရာသလွန်ထက်၌ အိပ်စက်နားခိုစေ၏။ သားတော်လေးမှာ အချိန်တို အတွင်းမှာပင် အိပ်ပျော်သွားခဲ့လေ၏။ အထိန်းတော်များနှင့် မောင်းမမိဿံများက သားတော်အား သစ်ပင်အောက် ညောင်စောင်းပေါ်တွင် သိပ်ထားခဲ့ပြီး ပွဲသဘင်ဆင်နွှဲရန် သွားကြကုန်၏။ မကြာမီ သားတော်လေး နိုးထလာပြီး ဘေးဘယ်ညာ ကြည့်ရှုသည်တွင် သူ့အနီး၌ တစ်ဦးတစ်ယောက်မျှမရှိသည်ကို တွေ့ရ၏။ ထိုစဉ် သားတော်လေးသည် တင်ပလ္လင်ခွေထိုင်လျက် အတိတ်ဘဝများကို ပြန်လည်ဆင်ခြင်တော်မူလျက်ရှိ၏။ မကြာမီ ဝင် လေ-ထွက်လေကို သတိပြုမိလာ၏။ ထို့နောက် သဘာဝအတိုင်း "**အာနာပါန**" ကမ္မဋ္ဌာန်းကို စီးဖြန်းလေရာ သမာဓိအားကောင်းလာသည်ဖြစ်ရကား အချိန်တို အတွင်း၌ပင် ပထမဈာန် (The First Jhana) ကို ရရှိခံစားတော်မူ၏။

မကြာမြင့်မီ အလုပ်အကျွေးအထိန်းတော်များရောက်ရှိလာပြီး သားတော်လေး ကမ္မဋ္ဌာန်းဘာဝနာ ရှုစားနေသည်ကို အံ့ဘွယ်မြင်ရသည်တွင် ဘုရင်မင်းမြတ်အား ထိုအကြောင်းကိုသွားရောက် သံတော်ဦးတင်ကြကုန်၏၊ ဘုရင်ကြီးလိုက်လာပြီး သားတော်ကို ရှု၏။ သားတော်လေး သမာဓိဈာန်ဝင်စားလျက်ရှိသည်ကို အံ့ဖွယ်သရဲထူးကဲစွာတွေ့ရှိကာ မင်သက်နေမိ၏ ။ ထိုစဉ် သကျသာကီဝင် မင်းမျိုးနွယ်မှ ရသေ့ဖြစ်သော "**အာသိတဒေဝလ**" (Asita Devala) က သားတော်လေး ငယ်စဉ်က နိမိတ်ဖတ်ခဲ့သည်ကို ဘုရင်ကြီး အောက်မေ့ သတိရ၏။ ထိုနိမိတ်မှာ "**မင်းသားငယ်သည် သမ္မာသမ္ဗုဒ္ဓ မလွဲစင်စစ် ဧကန် ဖြစ်မည်**" ဟု ဟောပြောခဲ့ခြင်းပင်ဖြစ်၏။

ထိုအဖြစ်ကို မြင်ရသော သုဒ္ဓေါဒနမင်းကြီးသည် အလောင်းတော်အား မြတ်နိုးသဒ္ဓါ ကြည်ဖြူစွာဖြင့် ဦးနှိမ်ဝပ်လျိုးလက်စုံမိုးကာ ရှိခိုးတန်တော့ခဲ့လေ၏ တည်း။ ။

http://www.dhammadownload.com



http://www.dhammadownload.com

## ၆။ အန္တိုင်းမဲ့လေးသည်တော်

ခတ္တိယမင်းသားတစ်ဦးအဖြစ် သိဒ္ဓတ္ထမင်းသားသည် လက်နက်အသုံးပြုရာတွင် ကျွမ်းကျင်မှုရှိရန်လိုအပ်သည်။ လက်နက်ကိုင်တွယ်သုံးစွဲမှု အတတ်ပညာများအနက် လေးအတတ်တွင် တစ်ဖက်ကမ်းခပ် တတ်မြောက်ရန် အထူးလိုအပ်သည်။ ထို့ကြောင့်လေးအတတ်ကို သူသည်ပြင်းပြင်းထန်လေ့ကျင့်ခဲ့သည်။ အခြားမင်းညီမင်းသားများက သက်ရှိပစ်မှတ်များကိုအသုံးပြု၍ လေ့ကျင့်ကြသည်။ ဘုရားအလောင်းတော်၏စိတ်သည်ကား ကြင်နာတရားကြီးမားလှသည်။ ထို့ကြောင့် သူသည်လေးအတတ်ကို ဂရုဏာစိတ်နှလုံးသွင်း၍လေ့ကျင့်သည်။ သူ၏အပေါင်းအဖော်များက သစ်ပင်များကို အဆိပ်လူးမြားသုံး၍ ပစ်ခတ်လေ့ကျင့်သည့်အတွက် သစ်ပင်များ သေကုန်ကြသည်။ ဘုရားအလောင်းက သစ်ပင်ကိုယ်ထည်ကို သစ်သားပြားတစ်ချပ်ချည်နှောင်ပြီး ထိုသစ်သားပြားပေါ်ရှိ အမှတ်အသားကို ချိန်၍ မြားပစ်လေ့ကျင့်သည်။

ဂေါတမနွယ်ဖွား သိဒ္ဓတ္ထမင်းသား၏အကြင်နာတရားကား ဤသို့တည်း။ မျက်စိကို အဝတ်ဖြင့် ပိတ်စည်းလျက် အသံကြားရာနေရာကို ထိမှန်အောင် ပစ်ခတ်သည့်အတတ်ကို ကျွမ်းကျင်သည်အထိ လေ့ကျင့်ထားသည်။ ဆံခြည်အရွယ် ပစ်မှတ်များကိုလည်း ထိမှန်အောင်ပစ်နိုင်စွမ်းရှိသည်။အမျိုးမျိုးသော လက်နက်များကိုကျွမ်းကျွမ်းကျင်ကျင်အသုံးပြုနိုင်သဖြင့် ပြည်သူများက ၎င်း၏စွမ်းရည်ကို အထင်ကြီး သဘောကျကြသည်။

ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက သားတော်၏လက်နက်ကိုင်တွယ် အသုံးချမှု အတတ်ကို အထူးကျေနပ်ဝမ်းမြောက်လျက်ရှိသည်။ သိဒ္ဓတ္ထမင်းသားသည် တိုင်းရေးပြည်ရာများကို စတင် စိတ်ဝင်စားလာတော့မည်ဟုလည်း ယုံကြည်လာသည်။သားတော်သည် အိမ်ထောင်ရှင်ဘဝကို ငြီးငွေ့ စွန့်လွှတ်ပြီး တောထွက်သွားမည်ကို စိုးရိမ်ပူပန်နေသော စိတ်များတဖြည်းဖြည်းလျော့နည်းလာသည်။

http://www.dhammadownload.com



http://www.dhammadownload.com

## ၇။ ရက်စက်ကြမ်းကြုတ်သောဒေဝဒတ်

ဒေဝဒတ်မင်းသားသည် ကောလိယတိုင်းဘုရင် သုပ္ပဗုဒ္ဓ၏ သားတော်ဖြစ်သည်။ သူသည် ယသောဓရာမင်းသမီး၏မောင်တော်လည်း ဖြစ်၏။ ငယ်စဉ်တောင်ကျေးကလေးဘဝကပင် သိဒ္ဓတ္ထမင်းသားနှင့် အတူတကွ ကြီးပြင်းလာခဲ့ကြသူဖြစ်သော်လည်း သူတို့နှစ်ဦး၏စိတ်သဘောထားသည် လုံးဝမတူဆန့်ကျင်ဘက် ဖြစ်ကြသည်။ သိဒ္ဓတ္ထသည် စိတ်သဘောမြင့်မြတ်သလောက် ဒေဝဒတ်သည် စိတ်သဘောယုတ်ညံ့သည်။ သိဒ္ဓတ္ထသည် စိတ်နှလုံးသိမ်မွေ့ပြီး အကြင်နာတရား ရှိပြီးဖြောင့်မတ်၏။ သို့သော် ဒေဝဒတ်က ကြင်နာစိတ်ကင်းပြီး ရက်စက်ကြမ်းကြုတ်သည်။


သနားကြင်နာတတ်သော သိဒ္ဓတ္ထမင်းသားသည် လေးအတတ်ကို သင်ယူရာ၌ သူတစ်ပါး၏အသက်ကို မထိခိုက်၊ မနာကြင်စေပဲ သင်ယူ၍ ကျွမ်းကျင်တတ်မြောက်လာခဲ့သည်။ ဒေဝဒတ်ကမူ ပျံသန်းနေသော ငှက်များကို ပစ်ခတ်သတ်ဖြတ်ခြင်းဖြင့် လေးအတတ်ကို လေ့ကျင့်ခဲ့လေသည်။

တစ်ချိန်က ဒေဝဒတ်သည် ပျံသန်းနေသော ငန်းတစ်ကောင်ကို လေးဖြင့် ပစ်ချလိုက်ရာ ငန်းကလေးသည် မြှားထိသဖြင့် နာကျင်စွာ လူးလွန့်ရင်း သိဒ္ဓတ္ထမင်းသား၏ ခြေတော်ရင်းသို့ ကျလာ၏။ ငန်းကလေးနာကျင်နေသည်ကို မြင်ရသည့်အခါ ဘုရားအလောင်းတော်သိဒ္ဓတ္ထသည် သနားစိတ်ဖြစ်ပေါ်လာကာ မြှားတန်ကို ညင်ညင်သာသာ ဆွဲထုတ်ပေးလိုက်ပြီးနောက် ဒဏ်ရာကို ဆေးကြောသုတ်သင်လိုက်သည်။ ထို့နောက် ယုယစွာဖြင့် ငန်းကလေးအား အသက်ရှင်အောင် ကုသလိုက်ပါသည်။

သိဒ္ဓတ္ထမင်းသားက ငန်းကလေးအား ဤသို့ပြုစုကယ်ဆယ်ပေးလိုက်သည်ကို ဒေဝဒတ်က လုံးဝမကျေနပ်ချေ။ သို့ဖြင့် ဒေဝဒတ်သည် သိဒ္ဓတ္ထမင်းသားထံသို့ သွားရောက်ခါ ၎င်းပစ်ချလိုက်သည့် သားကောင်ကို ဒေါသတကြီးဖြင့် ပြန်တောင်းခဲ့၏။ သိဒ္ဓတ္ထက တောင်းဆိုချက်ကို မလိုက်လျောသဖြင့် ထိုအမှုသည် လူကြီးသူမများထံသို့ အဆုံးအဖြတ်ခံယူရန် ရောက်သွားလေ၏။ လူကြီးများက အသက်ကို ကယ်သူသည် အသက်ကို သတ်သူထက် ပိုမိုကြီးမြတ်သည်ဟု ဆုံးဖြတ်ခါ ဒဏ်ရာရသည့်ငန်းကလေးကို ဒေဝဒတ်အား မပေးဘဲ သိဒ္ဓတ္ထမင်းသားကို ပေးလိုက်ကြသည်။

ဤသို့ ဆုံးဖြတ်လိုက်သဖြင့် ဒေဝဒတ်အား ပြင်းထန်စွာ ဒေါသထွက်ခဲ့၏။ သို့သော် ၎င်းသည် မည်သို့မျှမတတ်နိုင်ပေ။ သိဒ္ဓတ္ထမင်းသားဘုရားအဖြစ်သို့ ရောက်တော်မူပြီးသည့်နောက်တိုင်အောင် ဒေဝဒတ်သည် ဗုဒ္ဓမြတ်စွာအပေါ်၌ ရန်ငြိုးထားလေတော့သည်။

http://www.dhammadownload.com




http://www.dhammadownload.com

## ၈။ အံ့ဖွယ်ကောင်းသော မြင်းစီးကျွမ်းကျင်မှု

ခတ္တိယ မျိုးနွယ်များသည် မဖြစ်မနေ မြင်းစီးကျွမ်းကျင်သူများဖြစ်ရပါမည်။ သိဒ္ဓတ္ထမင်းသားသည်လည်း အစဉ်အလာအတိုင်း မြင်းစီးတတ်ကျွမ်းပါသည်။ ကဏ္ဍကမြင်းသည် ဘုရားအလောင်း၏ ဖွားဖက်တော်ဖြစ်ပါသည်။ ယင်းတို့သည် တနေ့တည်းတွင် မွေးဖွားကြသည်။ ကဏ္ဍကကို စီး၍မြင်းစီးအတတ်ကို သင်ယူခဲ့သည်။ ဤသို့သင်ယူရာတွင် ကြင်နာစွာနှင့် လုပ်ဆောင်ခဲ့ သည်။

သိဒ္ဓတ္ထမင်းသားသည် မရေမတွက်နိုင်သော ဘဝများတွင် ပါရမီကုသိုလ်များကို ဖြည့်စီးခဲ့သည်။ သဗ္ဗညုတ ရွှေဉာဏ်တော်ကိုမရသေး၍ ဘုရားအဖြစ်ပွင့်တော်မမူသေးသော်လည်း ဘုရားအလောင်း၏ စိတ်သည် ကိုယ်ကျိုးမဖတ်သောမေတ္တာ၊ ကရုဏာ ကောင်းသော စိတ်ဓာတ်များဖြင့်ပြည့်လျှံလျက်ရှိ၍။ စစ်မှုရေးရာတို့၌လည်း တတ်မြောက်အောင် ကျွမ်းကျင်အောင် ပြုလုပ်သည့်အခါတွင် မည်သည့်သက်ရှိကိုမျှ ထိခိုက်ခြင်းမရှိပါ။ အချို့သောမင်းသားများသည် မြင်းရိုင်းကို ကြိမ်ဖြင့်ရိုက်ခြင်း၊ ကြာပွတ်ဖြင့်ရိုက်ခြင်း၊ ဖိနပ်ရှိ သံချွန်ကို မညှာမတာ သုံးခြင်းတို့ကို ပြုလုပ်သော်လည်း ယဉ်ပါးအောင် ပြုလုပ်၍ မရနိုင်ပါ။ ဘုရားအလောင်းကမူ မငြိမ်သက်သော မြင်းဆိုးတစ်ကောင်ကို ကရုဏာမေတ္တာစိတ်ဖြင့် ကြင်နာစွာ ပွတ်သပ်ပေးခြင်းဖြင့် ယဉ်ပါးသော မြင်းလိမ္မာဖြစ်စေသည်။ ထို့ကြောင့် ဘုရားအလောင်းသည် မြင်းသည်တော်ကောင်းတစ်ယောက်တွင် ရှိအပ်သော အံ့ဖွယ်ကောင်းလောက်အောင် ကရုဏာရှိခြင်း သတ္တိရှိခြင်းတို့နှင့် ပြည့်စုံသော စစ်သည်တစ်ဦးဖြစ်သည်။

http://www.dhammadownload.com



http://www.dhammadownload.com

## ၉။ သုပ္ပဗုဒ္ဓ၏သမီးတော်ယသောဓရာမင်းသမီး၏လက်ထပ်ပွဲ

သုပ္ပဗုဒ္ဓသည် ကောလိယတိုင်းကို အစိုးရသော ဘုရင်ဖြစ်သည်။ ယသောဓရာ ဟု အမည်ရသော သူ၏သမီးတော်သည် လက်ထပ်ရန်အရွယ်သို့ ရောက်လာပြီဖြစ်၏။ ယသောဓရာမင်းသမီးကို ဗိမ္ဗာဟူ၍လည်းသောင်း၊ ဘဒ္ဒကစ္စန ဟူ၍လည်းကောင်း ခေါ်တွင်ကြသေးသည်။ ယသောဓရာမင်းသမီးသည် လှူမှုရေးနှင့် သုခုမအတတ်တွင် ကျွမ်းကျင်ရုံသာမက၊ အပြစ်ကင်းအောင် ချောမောလှပသူလည်း ဖြစ်သည်။ ခမည်းတော် မယ်တော်တို့၏ ချစ်မြတ်နိုးမှုကိုလည်း အထူးခံရသည်။ ထုံးတမ်းစဉ်လာအရ ကောလိယတိုင်းမှ မင်းသမီးတစ်ပါးသည် သာကီဝင်မင်းသားတစ်ပါးနှင့်သာ ထိမ်းမြားလက်ထပ်နိုင်သည်။ ခမည်းတော် သုပ္ပဗုဒ္ဓမင်းကြီးက ယသောဓရာသည် သုဒ္ဓေါဒနမင်းကြီး၏သားတော် သိဒ္ဓတ္ထမင်းသားနှင့် လိုက်ဖက်သည်ဟု ယူဆသည်။ သိဒ္ဓတ္ထမင်းသားသည် အလွန်ချောမော ခန့်ညားသည်။ အသက် ၁၆-နှစ်စီရှိကြပြီဖြစ်သော သူတို့နှစ်ဦးသည် တစ်ဦးအတွက် တစ်ဦးက မွေးဖွားလာရသည်ဟု ထင်မှတ်ရပြီး ထိမ်းမြားလက်ထပ်ရန် လိုက်ဖက်ညီကြသည်။


သို့သော် သုပ္ပဗုဒ္ဓ မင်းကြီးက- သိဒ္ဓတ္ထမင်းသားသည် ချောမောခန့်ညားသော်လည်း မင်းညီမင်းသားများတွင်ရှိရမည့် တက်ကြွသည့် ဟန်ပန်အမူအရာမရှိ။ အမြဲလိုလို တစ်စုံတစ်ခုကို ဆင်ခြင်စဉ်းစားနေပုံရသည်။ ပုရောဟိတ်များက သိဒ္ဓတ္ထမင်းသားသည် အိုးအိမ်ကိုစွန့်ခွာ၍ တောထွက်ကောင်း ထွက်လိမ့်မည်။ ဤသို့တောမထွက်ပါက စကြာဝတေးမင်းစင်စစ်ဖြစ်လတံ့ဟု ဟောကြသည်။ သို့ရာတွင် စကြာဝတေးမင်း ဖြစ်နိုင်မည့် ထင်ရှားသော လက္ခဏာကို မမြင်ရ။ စကြာဝတေးမင်း မဆိုထားဘိ၊ သာမန်ဘုရင်တစ်ပါးသည်ပင်လျှင် ခတ္တိယတို့၏ စွမ်းရည်သတ္တိကို ပြကြရသည်။ သိဒ္ဓတ္ထမင်းသားထံတွင် ထိုအရည်အသွေးများမရှိ၊ သုဒ္ဓေါဒနမင်းကြီး၏ ထီးမွေ နန်းမွေကို ဆက်ခံနိုင်မည့်သူဟုပင် မဆိုသာချေ။ ထို့ကြောင့် သမီးတော်နှင့် လက်ထပ်ပေးရန် အလွန်စဉ်းစားမိလေ၏။ သုပ္ပဗုဒ္ဓမင်းကြီး၏ စိုးရိမ်ကြောင့်ကြမှုကို ကြားသိရသည့်အခါ၊ သုဒ္ဓေါဒနမင်းကြီးသည်လည်း အလားတူ စိုးရိမ်လာမိလေသည်။ မိမိ၏စိုးရိမ်မှုကို ထုတ်ဖော် ပြောပြသည့်အခါ သိဒ္ဓတ္ထမင်းသားက ဤသို့မစိုးရိမ်ရန်နှင့် ခတ္တိယနွယ်ဝင် မင်းညီမင်းသားတို့၏ အတတ်ပညာများကို ရက်အနည်းငယ်အတွင်း တတ်မြောက်အောင် လုပ်ဆောင်ပါမည်ဟု ပြောကြားလိုက်သည်။ ထို့နောက် သူသည် ထိုအတတ်ပညာများကို ပြောသည့်အတိုင်း တတ်ကျွမ်းခဲ့သလို စွမ်းရည်များကိုလည်း ပြသနိုင်ခဲ့သည်။ သိဒ္ဓတ္ထမင်းသားက လက်နက်များကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြု ပြသသည့်အခါတွင်လည်းကောင်း၊ ဆံခြည်အရွယ်သေးငယ်သော ပစ်မှတ်ကို အသံကြားရုံမျှနှင့် ထိမှန်အောင် ပစ်ခတ်ပြသည့်ခါတွင်လည်းကောင်း၊ သုပ္ပဗုဒ္ဓမင်းကြီး အထူးကျေနပ်နှစ်သက်လေသည်။ မင်းကြီးက သမီးတော် ယသောဓရာမင်းသမီးအား သိဒ္ဓတ္ထမင်းသားနှင့် ထိမ်းမြား လက်ထပ်ပေးရန် ဆုံးဖြတ်လိုက်သည်။ ယသောဓရာမင်းသမီးကလည်း ကျေနပ်နှစ်သက်သည့် အားလျော်စွာ သိဒ္ဓတ္ထမင်းသား နှင့် နန်းတွင်း ထုံးတမ်းစဉ်လာနှင့်အညီ စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်ကြလေသတည်း။

http://www.dhammadownload.com









http://www.dhammadownload.com

# ၁၀။ နိမိတ်ကြီးလေးပါး

ဘုရားအလောင်းသိဒ္ဓတ္ထ၊ ဂေါတမမင်းသားသည် မြို့တော်အတွင်းသို့ လှည့်လည်တော်မူသောအခါ သူအို၊သူနာ၊ သူသေ၊ ရဟန်းတို့ကို တွေ့ရှိသဖြင့် လေးနက်ပြင်းထန်စွာ သံဝေဂရတော်မူသောကြောင့် မိမိ၏အိမ်ထောင်ကို စွန့်လွှတ်ပြီး တောထွက်တော်မူခဲ့လေသည်ဟု အဆိုရှိပါသည်။

အမှန်အားဖြင့် နိမိတ်ကြီးလေးပါးကိုလည်း တောထွက်မည့်နေ့တွင်မှ တွေ့ရသည်ဟု မှတ်ယူရန် မသင့်ပါ။ အကြောင်းမှာ တောထွက်ချိန်၌ မင်းသားသည် အသက် (၂၉)နှစ်ရှိပါပြီ။ ခမည်းတော်နှင့်မိထွေးတော် မဟာပဇာပဋိ ဂေါတမီတို့သည်လည်း အသက် (၈၀) ကျော် ဆံဖြူနေသည့် သူအိုဖြစ်နေကြပါပြီ။ မင်းသားသည် ၎င်းတို့ မမာမကျန်းဖြစ်သည်ကို တွေ့ဖူးသည့်အပြင် မိမိ၏ နန်းတော်တွင်း နာမကျန်းကြသူများ၊ သေဆုံးသွားကြသူများကိုလည်း တွေ့ဖူးပါလိမ့်မည်။ အနည်းဆုံးမိမိ၏မယ်တော်ကြီးသည် မိမိအား ဖွားတော်မူပြီးနောက် နတ်ရွာစံသွားတော်မူသည့်အတွက် မိမိက စိတ်မကောင်းပင်ဖြစ်ရသေးသည် မဟုတ်ပါလော။

အလောင်းတော်မင်းသားသည် သက်တော် (၂၉)နှစ်မတိုင်မီက မြို့တော်အတွင်းသို့သွားရောက်ခြင်းမရှိဟု မှတ်ယူကြ၏။ သို့သော်ဘုရားလောင်းသည် ဘုရားဖြစ်တော်မူပြီးနောက် ကပ်ိလဝတ်မြို့ထဲသို့ ဆွမ်းခံကြွရောက်တော်မူစဉ်က ရာဟုလာ၏မယ်တော် ယသောဓရာက "ဟိုအရင်က မင်းဝတ်တန်ဆာများ လှပစွာဝတ်ဆင်၍ ရွှေဝေါတော်ဖြင့် မြို့တွင်းသို့ လှည့်လည်ခဲ့သော မင်းသားသည် ယခုအခါ၌ ကတုံးဦးဗျည်းဖြင့် ဖန်ရည်ဆိုးသင်္ကန်းကိုရုံ၍ သပိတ်ကို ဆွဲလျက် ဆွမ်းခံတော်မူနေပေပြီ" ဟူသော ဝိနယပိဋက မဟာဝဂ္ဂတော်က မင်းသားသည် မြို့တွင်းသို့ လှည့်လည်လေ့ရှိကြောင်း ဖော်ပြနေပါသည်။ ထို့ကြောင့် နိမိတ်ကြီးလေးပါးကို မြင်သောအကြိမ်သည် မင်းသားမြို့တွင်းသို့ ပထမဆုံးလာသည့်အကြိမ် မဟုတ်ပါ။ သူသည် ယခင်အခါများကလည်း မြို့ထဲသို့ လာလေ့ရှိပါသည်။

သို့သော် ယနေ့တောထွက်မည့်အကြိမ်၌ နိမိတ်ကြီးသုံးပါးကိုမြင်ရသောအခါတွင်မူကား "ဤဒုက္ခတွေကို သတ္တဝါတွေအားလုံး ခံစားကြရမှာလား? ဒီဒုက္ခတွေက လွတ်မြောက်မည့် ထွက်ပေါက်မရှိတော့ဘူးလား? ဟုတွေးမိကာ သတိသံဝေဂရ၍ တောထွက်သွားခြင်းဖြစ်ပါသည်။

တချိန်တည်းပင် မင်းသားသည် ရဟန်းတစ်ပါးကို မြင်လိုက်၏။ ဘုရားလောင်းနှင့်တကွ ဆွေတော်မျိုးတော် ပရိတ်သတ်အားလုံးသည် ထိုခေတ်ကာလ သမဏအယူအဆကို ယူကြသူများဖြစ်သဖြင့် သမဏဟူသော ရဟန်းများကို ဆွမ်းလောင်း၊ ဆွမ်းကပ်စသည်ဖြင့် တွေ့ကြုံနေကြရပါသည်။ သို့သော် ယနေ့ကဲ့သို့ မိမိအထူးတလည် သတိသံဝေဂရနေချိန်၌ ဤရဟန်းကို တွေ့လိုက်ခြင်းဖြင့် ဒုက္ခအပေါင်းမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်းကို ရှာလိုလျှင် ဤရဟန်းကဲ့သို့ အိမ်ထောင်ကိုစွန့်ပစ်ပြီး ရှာမှရနိုင်မည့်အကြောင်းကို သိလိုက်၏။ ထို့ကြောင့် အိမ်ထောင်ကိုစွန့်ပြီး တောထွက်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။

နိမိတ်ကြီးလေးပါး၏တန်ဘိုးသည် အလွန်ကြီးမားပါသည်။ သူအို၊ သူနာ၊ သူသေဟူသော နိမိတ်ကြီးသုံးပါးကြောင့် နက်နဲသောသံဝေဂရရှိခြင်း ဖြစ်၏။ ထို့ကြောင့် ယင်းသုံးပါးကို "သံဝေဂနိမိတ္တ"ဟု ခေါ်ရ၏။ သို့သော် စတုတ္ထနိမိတ်ကို မြင်သောအခါမှသာ တောထွက်၍ လွတ်မြောက်ကြောင်း ဆောင်ရွက်ဖွယ်ရာများကို ကြိုးစားအားထုတ်သွားနိုင်ခြင်းဖြစ်သဖြင့် ထိုနိမိတ် ကို "ပဓာနနိမိတ်" ဟုခေါ် ဆိုရ၏။ ထိုနိမိတ်ကြီးလေးပါးသည် ဘုရားအလောင်းအား အိမ်ထောင်ကို စွန့်၍ တောထွက်ရဟန်းအဖြစ်သို့ရောက်အောင် ပို့ ဆောင်ပေးလိုက်နိုင်ပါသည်။ ထို့ကြောင့် ပိဋကတ်တော်တွင် -

**နိမိတ္တာ စတ္တာရော ဒိသွာ အသသယာနေန နိက္ခမိ**

ဟု ဗုဒ္ဓဝံသပါဠိတော်တွင် ဖော်ပြထားပါသည်။

ဤနိမိတ်ကြီးလေးပါးကို မြင်တော်မူပြီးသည်နှင့် အလောင်းတော်မင်းသားသည် ကဏ္ဍကမြင်းကို စီး၍ တောထွက်သွားတော်မူ၏။

http://www.dhammadownload.com



http://www.dhammadownload.com

# ၁၁။ တောထွက်တော်မူခြင်း

သိဒ္ဓတ္ထမင်းသားသည် မိသားစု ဘဝကိုစွန့်ပစ်မည်ဟု ဆုံးဖြတ်သော နေ့တွင်ပင် ယသောဓရာသည် ၎င်းတို့၏ သားတော်ရာဟုလာကို ဖွားမြင်သည်။ ညအချိန် ဘုရားအလောင်းသည် နန်းတော်၏ ဖျော်ဖြေရေးခန်းမဆောင်တွင် တခဏမျှ ငြိမ်သက်စွာထိုင်နေတော်မူသည်။ ကချေသည်များသည် ညည့်နက်စွာ သီဆို ကခုန်ခြင်းများဖြင့် တင်ဆက်ထားရသည့်အတွက် ပင်ပန်းလွန်းသဖြင့် ၎င်းတို့၏ အဝတ်အစားများသည် ဖရိုဖရဲ ဖြစ်ခါ၊ ပုံစံအမျိုးမျိုးဖြင့် အိပ်ပျော်နေကြသည်။ ၎င်းတို့၏ စိတ်ပျက်ဖွယ်ရာ မြင်ကွင်းကို ကြည့်ရှုရင်း ဘုရားအလောင်း၏စိတ်သည် အလွန် လှုပ်ရှားခါ ရွံရှာခြင်းတို့နှင့် ပြည့်နှက်နေသည်။ ဘုရားအလောင်းသည် နန်းတော်ကို စွန့်ခွာရန် ချက်ခြင်း ဆုံးဖြတ်လိုက်သည်။ သို့သော် မထွက်ခွာမီ မွေးကင်းစ သားတော်ကို တစ်ချက်မျှကြည့်ရှုသင့်သည်ဟု စိတ်ကူးမိသည်။

ဘုရားအလောင်းသည် အိပ်ဆောင်သို့သွားခါ ကန်လန့်ကာကို တဖက်သို့ မလိုက်သောသည်နှင့် ယသောဓရာနှင့်သားတော် ရာဟုလာတို့ နှစ်ခြိုက်စွာ အိပ်ပျော်နေသည်ကို တွေ့ရသည်။ ယသောဓရာ၏လက်သည် သားတော် ရာဟုလာ၏ ဦးခေါင်းကို ဖက်ထားသည်။ ထို့ကြောင့် ဘုရားအလောင်းသည် သားတော်ရာဟုလာ၏မျက်နှာကို အကုန်လုံးမမြင်ရပါ။ သို့သော် ၎င်းအတွက်နှင့် ယသောဓရာကို နှိုးရန်မသင့်သော်ဟု ယူဆသည်။ အကယ်၍ ယသောဓရာ နိုးလာပါက ကလေးလည်း နိုးလာပေမည်။ အကယ်၍ ကလေးနိုးလာပါက ကလေး၏ ငိုသံကြောင့် ခမည်းတော် သုဒ္ဓေါဒနနှင့် မယ်တော်မဟာပဇာပဒိုလည်း နိုးလာပေမည်။ အမျိုးသား၊ အမျိုးသမီး ရံရွေတော်များလည်း နိုးလာပေမည်။ ဆူညံခြင်းနှင့် ရှုတ်ထွေးခြင်းများလည်း ဖြစ်ပေါ်လာမည်။

ဘုရားအလောင်း၏ နန်းတော်မှ ထွက်ခွာမည့် အကြံအစည်လည်း အောင်မြင်တော့မည် မဟုတ်ပေ၊ ထို့ကြောင့် သားတော်ရာဟုလာကို တချက်မျှ ကြည့်ပြီးနောက် နန်းတော်မှ ထွက်ခွာသွားခဲ့သည်။

ဘုရားအလောင်းသည် သဗ္ဗညုတဉာဏ်တော်ကို ရ၍ဘုရားဖြစ်တော်မူပြီးနောက်မှ သားတော်ကိုတွေ့တော့မည်ဟု ဆုံးဖြတ်တော်မူလိုက်၏၊ ဘုရားအလောင်းသည် ကဏ္ဍကမြင်းကို စီးပြီးနောက် ဆန္နအမတ်နှင့်အတူ နန်းတော်မှ ထွက်ခွာသွားသည်။

နန်းတော်မှထွက်ခွာစဉ်အခါက မာန်နတ်သည် ဘုရားအလောင်းအား လှမ်းခေါ်ပြီးနောက် ထွက်မသွားရန်တောင်းဆိုသည်။ နောက်တပတ်အကြာတွင် ဘုရားအလောင်းသည် စကြာမင်းဖြစ်မည်ဟုလည်းပြောသည်။ အကယ်၍ စကြာမင်းဖြစ်ပါက သတ္တဝါအပေါင်း မည်မျှလောက်ကို အကျိုးပြုနိုင်မည်နည်း၊ မည်သို့ ကူညီနိုင်မည်နည်း။

သို့သော် မိမိသည် နန်းတော်ကိုစွန့်ခွာပြီး ဘုရားအဖြစ် ပွင့်တော်မူပါက ပထမဦးစွာမိမိကိုယ်ကို ကူညီနိုင်မည်၊ မိမိသည် မွေးခြင်း၊ သေခြင်း၊ သံသရာမှ လွတ်မြောက်မည်၊ နောက်မိမိသည် ဘဝသံသရာမှ လွတ်မြောက်ခြင်း နည်းကို စတင်၍ သင်ကြားပါက သတ္တဝါများသည်လည်း မွေးခြင်း၊ သေခြင်း သံသရာမှ လွတ်မြောက်မည်၊ ဤကဲ့သို့ မြင့်မြတ်ပြီး ကြီးကျယ်သော အလုပ်ကြီးကို ကာမဂုဏ်အာရုံတို့ကို ခံစားရာဖြစ်သော နန်းတွင်းစည်းစိမ်နှင့် နှိုင်းယှဉ်ပါက ထိုစည်းစိမ်များသည် သေးသိမ်လှပါသည်။ထို့ကြောင့် ဘုရားအလောင်းသည် စကြာမင်းဖြစ်ရန်အတွက် မာန်နတ်၏အဆိုကို မိမိတံတွေးကို စွန့်ပစ်သကဲ့သို့ စွန့်ပစ်လိုက်သည်။

တောထွက်ခြင်းသည် ဘုရားအလောင်း၏ တခုတည်းသော ရည်မှန်းချက်ဖြစ်ပါသည်။ ထို့ကြောင့် (Sakya Kingdom) သကျနေပြည်တော်နှင့် ဝေးရာသို့ သွားပြီး အနောမာဖြစ်ကို ဖြတ်ကူးကာ တဖက်ကမ်းသို့ရောက်သည့်အခါတွင်မှ ရပ်တံ့တော်မူပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com

## ၁၂။ တောထွက်ရဟန်းတစ်ပါးအဖြစ် သက်န်းကို ဝတ်ရုံတော်မူခြင်း

သိဒ္ဓတ္ထမင်းသားသည် အနော်မာမြစ်ကို ကျော်ဖြတ်တော်မူပြီးနောက် မင်းဝတ်တန်ဆာများနှင့် နားဋ္ဌောင်းစသော အဆောင်အယောင်အားလုံးကို ချွတ်၍ ဆန္နကကို ပေးတော်မူလိုက်၏။ ထို့နောက် တောထွက်သမဏရဟန်း ကဲ့သို့ သင်္ကန်းကို ဝတ်ရုံတော်မူလိုက်သည်။ ထိုစဉ်အခါက နန်းတော်တွင်း၌ ဗေဒင် နက္ခတ်ကျွမ်းကျင်သူအားလုံးသည် ဗြဟ္မဏပုဏ္ဏားများသာဖြစ်ကြသည်။ မင်းဆရာအသိတဒေဝဋ္ဌရသေ့သည်ပင်လျှင် ပုဏ္ဏားမျိုးဖြစ်၏။ အခြားအခြား သော သမဏများသည် ဗေဒင်နက္ခတ်နှင့် ရိုးရာပူဇော်ပသခြင်း စည်းကမ်းများကို သင်ယူပိုင်ခွင့်မရှိစေရဟု ပုဏ္ဏားများက ပိတ်ပင်ထားသဖြင့် နန်းတော်တွင်းနှင့် တစ်ပြည်လုံး၌ ဤကိစ္စများတွင် ပုဏ္ဏားများ အပေါ် စီးရလျက်ရှိလေသည်။

နန်းတော်တွင်းရှိ ပရိသတ်အပေါင်းက လက်ခံထားသော သမဏအယူဝါဒသည် ရှေးအခါကတည်းက ပုဏ္ဏားတို့အပေါ် လွှမ်းမိုးမှုရှိခဲ့သည်။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသည် တောထွက်ရဟန်းတစ်ပါးအဖြစ် သင်္ကန်းကို ဝတ်ရုံတော်မူရာ၌ နန်းတွင်းရိုးရာ သမဏအတိုင်း ဆံ မုတ်ဆိတ်တို့ပယ်၍ ဝတ်ရုံတော်မူခဲ့ခြင်း ဖြစ်သည်။ သမဏဝါဒကို နန်းတွင်းနက္ခတ်ပညာရှင် ပုဏ္ဏားတော်များကသာ လေးစားသည်မဟုတ်။ ထိုကာလက ထင်ရှားသော ပုဏ္ဏားခေါင်းဆောင်များက လည်း လေးစားကြသည်။ ဘုရားအလောင်းတော်သည် ကြီးမြတ်သူဖြစ်လိမ့်မည် ဟူသော နိမိတ်ဖြင့် ကိုယ်ခန္ဓာပေါ်၌ လက္ခဏာတော်ကြီး (၃၂)ပါးပါရှိခြင်းကို ပုဏ္ဏားအားလုံးက အထူးအလေးထားကြ၏။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသား တော ထွက်တော်မူသောအခါ စကြာသမတနိုင်ငံမှ နက္ခတ်ပညာရှိ ပုဏ္ဏားတော်ကြီး ကောဏ္ဍညသည် အခြားသော ပုဏ္ဏားပညာရှိ (၄)ဦး၏သားများနှင့် တစ်ခါတည်း သင်္ကန်းဆီးကာ ဘုရားလောင်းနှင့်အတူ တောထွက်ရာသို့ လိုက်ပါပြီး တရား ကျင့်ကြံအားထုတ်ခဲ့ကြသည်။

နန်းတော်တွင်း၌ ဗေဒင်နက္ခတ်ပညာရှိ ပုဏ္ဏားတော်တို့ ဩဇာလွှမ်းမိုး လျက်ရှိသော်လည်း သိဒ္ဓတ္ထမင်းသားသည် တောထွက်ရာ၌ ဝေဒအယူကိုမယူဘဲ သမဏအယူအဆအပြုအမူကို ယူခဲ့သည်။ ထိုမျှမက တရားကျင့်ကြံရန် ဆရာ ရှာရာ၌လည်း ဗြဟ္မဏ၊ တပသီတို့ထံသို့ မသွားမူ၍ ထိုအချိန်က မာဂဓတိုင်းတွင် ထင်ရှားကျော်ကြားသော သမဏဆရာကြီး အာဠာရ ကာလာမထံသို့ သွားရန် ဆုံးဖြတ်ခဲ့လေသည်။

အာသောကခေတ်နောက်ပိုင်း နှစ်ပေါင်း (၅၀)မျှကြာသောအခါ အိန္ဒိယ နိုင်ငံတစ်ဝှမ်းလုံး ဆိုးရွားသောမုန်တိုင်းကြီး တိုက်ခတ်သွားခဲ့၏။ ထိုအချိန်၌ ဓမ္မရောင်ခြည်လည်း ကွယ်ပျောက်သွားကာ ဝိပဿနာကျင့်စဉ်နည်းဟူ၍ အရိပ် အယောင်မျှပင် မရှိတော့ပေ။ ဒေသနာတော်လည်း တဖြည်းဖြည်း မှေးမှိန် ကွယ်ပျောက်၍ အမှောင်ကြီးကျလျက်ရှိ၏။ ယင်းအခြေအနေ၌ ဗုဒ္ဓ၏တရား တော်နှင့်ပတ်သက်၍ ဖြစ်ရပ်မှန်များအစား အထင်မှားအမြင်မားဖြစ်အောင် ရေးသားခဲ့ကြ၏။ ဖြစ်ရပ်မှန်ကို တကယ်မသိ၍ ရေးသားကြသကဲ့သို့ တရား တော်ကို တမင်ဖျက်ဆီးလို၍ ရေးသားခြင်းလည်း ရှိပါသည်။ ယင်းလုပ်ဇာတ် တစ်ခု၌ ဘုရားအလောင်းတော်သည် တန္တရ ဟိန္ဒူကျောင်းသခ်န်းများသို့ သွား၍ တရားကို သင်ယူခဲ့ပြီးမှ ဗုဒ္ဓဂါယာ ဗောဓိပင်၌ ကျင့်ကြံလိုက်သောကြောင့် ဘုရား ဖြစ်သွားလေဟန် သွားပုပ်လေလွင့် ရေးသားခဲ့ကြ၏။

မုချဘုရားအဖြစ် ပွင့်တော်မူမည့်သူဟု ဟောကိန်းထွက်ထားပြီး သစ္စာ တရားကို ရှာရန် ထွက်လာသော ဘုရားအလောင်းတော်သည် တပသီတို့ထံသို့ ချဉ်းကပ်ပါမည်လား? အလားတူ ဗုဒ္ဓမြတ်စွာ၏အကြောင်းကို အခြေအမြစ် မရှိသော လုပ်ဇာတ်ထိုး၍ ရေးသားခဲ့ကြလေသည်။

http://www.dhammadownload.com



http://www.dhammadownload.com

# ၁၃။ မာဂဓခရီး

သင်္ကန်းကို သမဏအသွင်ဝတ်ရုံထားသော သိဒ္ဓတ္ထမင်းသားသည် အနော်မာမြစ်ကို ကျော်ဖြတ်၍ မာဂဓတိုင်းသို့ ခရီးဆက်တော်မူခဲ့ရာ အနုပရိယရွာအနီးရှိ သရက်တောဥယျာဉ်သို့ ရောက်တော်မူသည်။ တရားဘာဝနာနည်းနာများ သင်ယူရန်အလို့ငှာ အာဠာရကာလာမဆရာကြီးနေထိုင်ရာ မာဂဓတိုင်း၏ မြို့တော်ရာဇဂြိုလ်သို့ ရှေးရှု၍ ကြွလှမ်းတော်မူခဲ့ပြီး ရာဇဂြိုလ်မြို့တွင်း၌ လှည့်လည်ဆွမ်းခံတော်မူသောအခါ ဘုရားလောင်း၏ ကြည်လင်သော မျက်နှာတော်နှင့် အသေရေရှိသော ကိုယ်ကာယကို မြင်ရသောမြို့သူမြို့သားတို့သည် ဤမျှသပ္ပါယ်သောပုဂ္ဂိုလ်ကို တစ်ခါမျှ မမြင်ဘူးကြ၍ တအံ့တဩဖြစ်ကြရ၏။

မာဂဓတိုင်း၏ ဘုရင်ကြီးကိုယ်တိုင် အံ့ဩလှသဖြင့် ဤရဟန်း၏အကြောင်းကို သိရှိနိုင်ရန် မင်းချင်းတစ်ယောက်အား နောက်ယောင်ခံ၍ စုံစမ်းစေခဲ့လေသည်။ ဘုရားလောင်းသည် လုံလောက်သောဆွမ်းများကို ရရှိသောအခါ ရာဇဂြိုလ်မြို့အစွန်ရှိ ပဏ္ဍဝလိုဏ်ဂူသို့ဝင်၍ ဆွမ်းဘုန်းပေးတော်မူ၏။ ရရှိလာသော ဆွမ်းများမှာ အလွန်ခြောက်ကပ်၍ အရသာကင်းမဲ့လှသော်လည်း သည်းခံ၍ ဘုန်းပေးတော်မူပါသည်။ ဗိမ္ဗိသာရမင်းသည် ကိုယ်တော်တိုင် ဘုရားလောင်းရှိရာသို့ သွားရောက်ချဉ်းကပ် အရိုအသေပြုပြီးလျှင် “အို . . ရဟန်းငယ် သင်သည် မဟာမျိုး မဟာနွယ်မှ ဖြစ်ဟန်ရှိ၏။ သင်မည်သူ ဖြစ်ကြောင်းကို ပြောပြပါ”ဟု မေး၏။ ဘုရားလောင်းက မိမိသည် ဟိမဝန္တာဒေသရှိ ကောသလတိုင်းကို အုပ်စိုးသော သူရဲကောင်းဘုရင်ကြီး၏သားတော်ဖြစ်ပြီး မိမိသည် သူရိယမင်းဆက်မှ သကျနွယ်ဘွားဖြစ်ကြောင်း ဖြေကြားတော်မူပါသည်။

ဗိမ္ဗိသာရမင်းလည်း ဤရဟန်းအား ကောသလအင်ပါယာမှ သကျဘုရင်ကြီး သုဒ္ဓေါဒန၏သားတော်ဖြစ်သည်ဟု ချက်ချင်းသိလိုက်၏။ ပြီးလျှင် ဘုရင့်သားသည် နန်းတွင်းမိသားစုတွင်း ရန်ဖြစ်ကြ၍ ရဟန်းဝတ်လာခြင်းဖြစ်မည်ဟု ယူဆကာ မိမိသည် ရဟန်းငယ်အလိုရှိပါက မိမိ၏နိုင်ငံအချို့အဝက်ကို ပေးပါမည်။ လိုက်၍ အုပ်ချုပ်နိုင်ပါသည်ဟု ကမ်းလှမ်းပါသည်။ သို့သော် ဘုရားလောင်းကမူ သူသည် နိုင်ငံပိုင်နက်အားလုံးကို ကျော်လွန်လာသော သစ္စာတရားကို တွေ့အောင်ရှာမည်ဟု သိန္နိဋ္ဌာန်ချကာ တောထွက်ခဲ့ခြင်းဖြစ်သောကြောင့် မင်းကြီး၏ကမ်းလှမ်းချက်ကို လက်မခံနိုင်ပါကြောင်း ငြင်းပယ်ခဲ့လေသည်။

ဘုရားလောင်းသည် ဆုံးဖြတ်ချက်ပန်းတိုင်ကို မရ ရအောင် ဆွတ်ယူမည့်သူဖြစ်ကြောင်း ဗိမ္ဗိသာရဘုရင်သိရှိသဖြင့် ဘုရားအလောင်းအား “အကယ်၍ ဘုရားဖြစ်တော်မူခဲ့လျှင် ရာဇဂြိုလ်သို့ ကြွရောက်တော်မူကာ တရားရေအေးတိုက်ကျွေးတော်မူပါမည့်အကြောင်း” လျှောက်ထားလိုက်လေ၏။ ဘုရားအလောင်းကလည်း သဘောတူတော်မူပြီး မိမိ၏ခရီးကို ဆက်လက်ကြွလှမ်းတော်မူပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com

## ၁၄။ အာဠာရ ကာလာမ

အာဠာရ ကာလာမရသေ့ကြီး၏ ကျောင်းသခ်မ်းသည် ရာဇဂြိုဟ်မှ ဂယာ (ဥရုဝေလ)သို့ သွားရာလမ်းတွင် တည်ရှိကြောင်း သိဒ္ဓတ္ထသိရှိရသည်။ ထိုနေရာသို့ သွားရောက်ခဲ့သည်။ ဆရာဖြစ်သူ အာဠာရ ကာလာမဆရာကြီးလည်း သိဒ္ဓတ္ထကို တွေ့သည့်အခါ ဝမ်းမြောက်လှသည်ဖြစ်ပြီး ဈာန်ခုနှစ်ဆင့်ကို သင်ကြားပြသပေးလေသည်။

ဈာန် ခုနှစ်ဆင့်ဆိုသည်မှာ -

၁။ **ပထမဈာန်** - ကမ္မဋ္ဌာန်းအာရုံပေါ်တွင် စိတ်သည်စူးစူးစိုက်စိုက်ရှိ နေရမည်ဖြစ်သော်လည်း မူလရှိရင်းစွဲ စိတ်သည် ဆက်လက်၍ ရှိနေတတ်သည်။ ဤအချိန်တွင် စိတ်သည် ကာမဂုဏ်အာရုံတို့နှင့် အကုသိုလ်စိတ်တို့မှ ကင်းလွတ် နေသည်။ ပီတိသောမနဿတို့နှင့် ဖုံးလွှမ်းနေခြင်းကို ခံစားနေသည်။ ပီတိ သောမနဿတို့သည် တစ်ကိုယ်လုံးသို့ စိမ့်ဝင်ပျံ့နှံ့နေသည်။

၂။ **ဒုတိယဈာန်** - မူလရှိရင်းစွဲစိတ်များလုံးဝပျောက်ကွယ်သွားသည်။ သမာဓိရရှိလာပြီး ပီတိသောမနဿတို့ တစ်ကိုယ်လုံးဖုံးလွှမ်းခြင်းတို့ကို ဆက်လက်ခံစားရသည်။ ဤကဲ့သို့ အခြေအနေဖြစ်ပေါ်သည့်အခါတွင် စေတသိကများအားလုံး ချုပ်ငြိမ်းသွားပြီဟု မှားယွင်းစွာ ထင်မှတ်တတ်ကြသည်။ ဤအခြေအနေသည် ရုပ်နှင့်နာမ်လွန်မြောက်ခြင်းမဟုတ်သေးပါ။ ဤထက်အဆင့်မြင့်သော ဈာန်များရှိသေးသည်။

၃။ **တတိယဈာန်** - ဤအချိန်တွင် စိတ္တပဿဒ္ဓိကွယ်ပျောက်ပြီး ကာယပဿဒ္ဓိသာ ကျန်သည်။

၄။ **စတုတ္ထဈာန်** - ဒုက္ခဒေါမနဿနှင့် သုခသောမနဿများ ပျောက်ကွယ်ပြီး သတိနှင့် ဥပေက္ခာဧကဂ္ဂတာ စိတ်ဖြင့်သာတည်ရှိနေမည်။

၅။ **ပဉ္စမဈာန်** - အာကာသာနဉ္စာယတန ဈာန်စိတ်များ ဖြစ်ပေါ်နေသည်။

၆။ **ဆဋ္ဌမဈာန်** - ဝိညာနဉ္စာယတန ဈာန်စိတ်များ ဖြစ်ပေါ်နေသည်။

၇။ **သတ္တမဈာန်** - ရှုရန်ဘာမှမရှိတော့ဘဲ သမာဓိများ ပိုမိုရင့်သန်လာ၏။ အာကိဉ္စညာ ယတနဈာန် စိတ်များဖြစ်ပေါ်နေသည်။

သိဒ္ဓတ္ထ၏ လွန်ခဲ့သည့်ဘဝပေါင်းများစွာက ကျင့်ကြံအားထုတ်ခဲ့ဖူးသော ကုသိုလ်ကံတို့ကြောင့် အာဠာရကာလာမ ဆရာကြီးသင်ကြားပေးသမျှတို့ကို ခုနစ်ရက် တာကာလနှင့်ပင်တတ်မြောက်အောင်မြင်ခဲ့သည်။

အာဠာရ ကာလမဆရာကြီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်၏။ ၎င်းထံလာရောက်သင်ကြားသူများပြား၍ တစ်ဦးတည်းသင်ကြားနိုင်စွမ်းမရှိသဖြင့် သိဒ္ဓတ္ထကို ဆရာအဖြစ်သူနှင့်အတူ ကူညီသင်ကြားပေးရန် မေတ္တာရပ်ခံသည်။

သိဒ္ဓတ္ထသည် အာဠာရ ကာလမအား ကျေးဇူးတင်ရှိကြောင်းနှင့် တောင်းခံချက်ကို လက်မခံနိုင်ပါကြောင်း၊ ၎င်းသည် အဆုံးစွန်သော သစ္စာတရားကို ရှာဖွေရန် အလို့ငှာ ထွက်လာခြင်းဖြစ်ကြောင်း၊ သစ္စာတရားမသိရမခြင်း သင်ကြားပြသမှုကို မပြုလုပ်နိုင်ပါကြောင်းလည်း ဆို၏။

ထို့နောက် ဂယာသို့သွားရာလမ်းအလွန်တွင် ယခုထက်အဆင့်မြင့်သော ပညာသင်ကြားသည့် ဥဒ္ဒကရာမပုတ္တ၏ ကျောင်းသခ်မ်းရှိသည့်နေရာသို့ ထွက်ခွာသွားသည်။

http://www.dhammadownload.com



http://www.dhammadownload.com

## ၁၅။ ဥဒ္ဒကရာမပုတ္တ


အာဠာရကာလာမထံ၌ ဈာန်ခုနစ်ဆင့်ကို သင်ယူပြီးနောက် ရှေ့ဆက်သွားသောအခါ ဘုရားအလောင်းသည် ဥရုဝေဠသို့သွားသောလမ်း၌ နေသော ဥဒ္ဒကရာမပုတ္တထံ ရောက်သွားသည်။ ဥဒ္ဒက ရာမပုတ္တထံ၌ အချိန်အနည်းငယ်အတွင်း၌ပင် အဋ္ဌမဈာန်ကို သင်ယူရရှိသည်။

အဋ္ဌမဈာန်သည် **နေဝသညာ နာသညာယတန** ဈာန်ဖြစ်သည်။ သတ္တမဈာန်ဖြစ်သော **အာကိဉ္စညာယတန** ဈာန်၏ရှေ့ဘက်က ဈာန်၏ အခြေအနေ၌ သညာသည် မှုန်ဝါးဝါးဖြစ်နေ၍ ရှိသလား မရှိလားဟူ၍ ခွဲခြားမရနိုင်လောက်အောင် ဖြစ်နေသည်။ သညာသည် အမည်နာမတ္တလောက်သာ ဖြစ်နေသည်။ ယင်းအခြေအနေ၌ မည်သို့နာမည်တပ်၍ ခေါ်မည်နည်း၊ မည်သည့်အရာကို အနန္တအာကာသအဆုံးမရှိသော ကောင်းကင်ဟုခေါ်မည်နည်း သို့မဟုတ် အနန္တဝိညာဉ် သို့မဟုတ် သုညဟု ခေါ်မည်နည်း။ ယင်းအခြေအနေသည် အမည်နာမတပ်ခေါ်၍ မရသည့်အခြေအနေအားလုံး၏ အပြင်ဘက်ရောက်နေသည်။ ယောဂီ၏သညာသည် အာရုံတစ်ခုခုကို သိရှိဖို့ မဖြစ်နိုင်ပေ။ သို့သော်လည်း ယောဂီသည် လုံးဝသညာသုညဖြစ်မသွားပေ။ ယင်းမပြတ်မသား အခြေအနေ၌ သညာရှိသည်ဟုလည်း ပြော၍ မရပေ။ သညာမရှိဟုလည်း ပြော၍ မရပေ။

အဋ္ဌမဈာန်သို့ တွေ့ကြုံသိရှိသောအခါ ဘုရားအလောင်းသည် ဤသို့ နားလည် သဘောပေါက်သွားသည်။ ယင်းအခြေအနေသည် မွေး၊ သေ၊ သံသရာကြီး၏ အမြင့်ဆုံး **အရူပဗြဟ္မာဘုံ** အခြေအနေဖြစ်သည်။ ဤသို့ အမြင့်ဆုံးဘဝဖြစ်သော်လည်း သေမင်း၏နယ်ပယ်ဖြစ်သောကြောင့် သေမင်း၏လက်မှမလွတ်သေးပေ။ ယင်းဘုံ၌ မွေးဖွားသူတစ်ယောက်သည် ကပ်ကမ္ဘာထောင်ပေါင်းများစွာ အသက်ရှည်သည်။ သို့သော်လည်း နောက်ဆုံးအချိန်၌ ကွယ်လွန်အနိစ္စရောက်ရသည်။ ဘဝသံသရာထဲမှ မကျင်လည်ဘဲ မနေရပေ။ ဒုက္ခနိရောဓအခြေအနေကို ပေးစွမ်းနိုင်ခြင်းမရှိပေ။

ဘုရားအလောင်းက လောကီနယ်ထဲက ထွက်ပြီး လောကုတ္တရာနယ်ကို မျက်မှောက်ပြုလိုသည်။ နိစ္စ၊ သဿတ၊ ဓုဝ၊ ပရမတ္ထ သစ္စာကို မျက်မှောက်ပြုလိုတော်မူသည်။ ထို့ကြောင့် လောကစက်ဝန်းထဲက အပြင်ဘက် ထွက်သောလမ်းကို ရှာမှီးရသည်။ သတ္တဝါများ အဘယ့်ကြောင့် ဒုက္ခကြုံတွေ့ နေရသနည်း။ မည်သို့မည်ပုံ ဒုက္ခမှ အပြီးအပိုင် လွတ်မြောက်သွားအောင် လုပ်နိုင်သနည်း။ ယင်းသို့သိရှိရန်အတွက် သဗ္ဗညုတဉာဏ်ရဖို့ လိုအပ်သည်။ ယင်းသို့ရှိသော အကြံအစည်ဖြင့် ဘုရားအလောင်းသည် အလွန်သင့်လျော် ကောင်းမြတ်သော ဥရုဝေဠသို့ ထွက်ခွာတော်မူလာခြင်းဖြစ်သည်။

http://www.dhammadownload.com



http://www.dhammadownload.com

## ၁၆။ ဒုက္ကရစရိယ အကျင့်ကို စွန့်လွှတ်တော်မူခြင်း

ထိုခေတ် ထိုအခါက သာမဏ၊ ဗြဟ္မဏ ရသေ့အချို့ လမ်းလွဲလိုက်ခဲ့ကြ၏။ အကုသိုလ်မှုတွင် ကိန်းသည့် အကုသိုလ်ကို မမြင်ခဲ့ကြ။ ကုသိုလ်မှုတွင် ကိန်းသည့်ကုသိုလ်ကို မတွေ့ခဲ့ကြ။ အကုသိုလ်အမှုကို ပြုသော်ငြား မကောင်းကျိုးမကြုံ၊ ကုသိုလ်အမှု ပြုသော်ငြား ကောင်းကျိုးမကြုံဟု ယုံကြည်ခဲ့ကြ၏။ သူတို့သည် ဓမ္မနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ရာလမ်းပေါ် ရောက်နေခဲ့ကြခြင်းပင်။ ဗုဒ္ဓလောင်းလျာသည် ထိုသူတို့နှင့် အချိန်မဖြုန်းခဲ့ချေ။

ဗြဟ္မဏ အချို့ကား ဝတ်ပြုဆုတောင်းခြင်း၊ ကိုးကွယ်ခြင်း၊ ယဇ်ပူဇော်ခြင်းစသည်တို့ဖြင့် အလုပ်ရှုပ်နေခဲ့ကြ၏။ ထိုသို့လုပ်ကြသည်မှာ ဗြဟ္မာ့ဘုံရောက်ရေးအတွက်ဖြစ်သည်။ ဘုံအားလုံးမှလွတ်ရာ အန္တိမ အခြေအနေ (နိဗ္ဗာန်)သည် သူတို့ရည်မှန်းရာ ပန်းတိုင် မဟုတ်ပေ။ သို့ဖြစ်၍ ဗုဒ္ဓလောင်းလျာသည် သူတို့ကို စိတ်ပျက်တော်မူ၏။

သမဏဂိုဏ်းကွဲတစ်ခုကား ဈာန်ကျင့်စဉ်ကို ကျင့်ခဲ့၏၊ သို့သော် ဈာန်ရှစ်ဆင့်ထက် မပိုချေ။ ထိုကျင့်စဉ်တို့ကို ဘုရားလောင်းကျင့်ပြီးသွားပြီ။ ထိုအဋ္ဌမဈာန်ဖြင့် အရူပဗြဟ္မာ့ ဘုံခေါ် ရုပ်ခန္ဓာမရှိသည့် ဘုံသို့ရောက်နိုင်၏။ ထိုထက်ကား မပိုချေ။ ဤအဋ္ဌမဈာန်သည် အမြင့်ဆုံး၊ အခက်ခဲဆုံး ဈာန်ဖြစ်သည်။ သို့သော် ထိုဈာန်သည် ဇာတိနယ်မှ မလွတ်၊ အနိစ္စနယ်မှ မလွတ်ချေ။ ထိုဈာန်ဖြင့် ဘုံအားလုံးမှ လွတ်ရာ အမတခေါ် အငြိမ်းဓါတ်ကို မရနိုင်ပေ။

သို့သော် အခြား သမဏဂိုဏ်း တစ်ဂိုဏ်းက အတ္တကိလမထာနုယောဂခေါ် မိမိကိုယ်ကို ညှင်းပမ်းခြင်းဖြင့် စိတ်အညစ်အကြေး(ကိလေသာ) တို့ကို အမြစ်ပြတ် ပယ်သတ်နိုင်သည်၊ ဤနည်းဖြင့် ဘုံအားလုံးမှ လွတ်ရာ အမတဟူသော အငြိမ်းဓာတ်ကို ရနိုင်သည်ဟု ယုံကြည်ကြ၏။

ဘုရားလောင်းသည် ဤအမတဓါတ်ကိုလိုချင်၏၊ သို့ဖြစ်၍ ဒုက္ကရစရိယာ (လူသာမန်ကို ကျင့်နိုင်ခဲသော၊ ဗုဒ္ဓလောင်းလျာများသာ ကျင့်ကြံနိုင်သောအကျင့်) ကိုခြောက်နှစ်တိုင်တိုင် ကျင့်ခဲ့၏။ ခန္ဓာကိုယ် အရိုးစုမျှသာ ကျန်သည်ထိ အစာမစားဘဲ ကျင့်ခဲ့၏။ သို့နှင့် အားအင်မရှိတော့၊ ထို့ကြောင့် လမ်းပင် မလျှောက်နိုင်တော့။ တစ်ခါတရံ ထိုင်ရာမှအထ ဝမ်းလျား မှောက်လဲကျ၏။ ခြောက်နှစ်တိုင်တိုင် ကျင့်သော်ငြားလည်း နောက်ဆုံးပန်းတိုင်ကို မရောက်သဖြင့် ထိုအစွန်းရောက် ကျင့်စဉ်ကို စွန့်လွှတ်လိုက်တော့၏၊ အလယ်အလတ်ကျင့်စဉ် (**မဇ္ဈိမပဋိပဒါ ကျင့်စဉ်**) ကို ကျင့်ကာ အစားအစာပြန်စား၏။ ထိုအခါ တရားကျင့်ဘက် ပဥ္စဝဂ္ဂီ ငါးဦးက သူ့ကို စိတ်ပျက်သွားတော့သည်။ သူတို့က ဘုရားအလောင်း လမ်းလွဲပြီ၊ သမ္မာသမ္ဗုဒ္ဓဖြစ်မှာမဟုတ်တော့ဟု မြင်ကြ၏။

ထိုပဥ္စဝဂ္ဂီငါးဦး သူ့ကို စွန့်ခွာသွားသည့်တိုင် ဘုရားအလောင်း မတုန်လှုပ်၊ အလယ်အလတ်လမ်းကို လိုက်၏။ ဆွမ်းခံကြွ၏။

http://www.dhammadownload.com



http://www.dhammadownload.com

## ၁၇။ ပထမအိပ်မက်ကြီးငါးပါး

ဝိသာခါနက္ခတ်နှင့်ယှဉ်သော ကဆုန်လပြည့်နေ့မတိုင်မီ လဆန်း (၁၄)ရက်နေ့၌ ဘုရားလောင်းသည် တစ်ညဥ့်ပတ်လုံး ဘာဝနာပွားများလာခဲ့ရသောကြောင့် ပင်ပန်းတော်မူလျက်ရှိ၏။ ထို့ကြောင့် ညောင်ပင်အောက်၌ အနားယူရန် လဲလျောင်းတော်မူလိုက်ရာ မကြာမီ အိပ်ပျော်သွားခဲ့သည်။ အိပ်ပျော်နေစဉ် မိမိ၏အနာဂတ်အောင်မြင်မည်ဟု ရည်ညွှန်းသော အိပ်မက်ကြီးငါးပါးကို မြင်မက်တော်မူ၏။

### ပထမအိပ်မက်

ပထဝီမြေကြီးပေါ်တွင် လျောင်းစက်တော်မူသော သိဒ္ဓတ္ထဂေါတမ၏ ကိုယ်ခန္ဓာသည် နီပေါနိုင်ငံနှင့် အိန္ဒိယနိုင်ငံများကို လွှမ်းမိုးသွားသည်အထိ ကြီးမားကျယ်ပြန့်သွား၏။ မြောက်ဘက်ရှိ ဟိမဝန္တာတောင်ထွဋ်သည် မိမိ၏ ခေါင်းအုံးသဖွယ်ဖြစ်နေပြီး လက်ဝဲ၊ လက်ျာလက်ဖျားသည် ဘင်္ဂလားပင်လယ်အော်၏ ကမ်းခြေများသို့ ရောက်ခါ ပင်လယ်လှိုင်းများ လက်တော်များကို ရိုက်ခတ်လျက်ရှိ၏။ ခြေတော်အစုံတို့သည် တောင်ဘက်ရှိ အိန္ဒိယသမုဒ္ဒရာကမ်းခြေသို့ရောက်လျက် ပင်လယ်လှိုင်းများက ခြေတော်အစုံကို ရိုက်ခတ်လျက်ရှိလေသည်။

ဤအိပ်မက်သည် ယခင် တစ်ခါမျှ ဖော်ပြခဲ့ခြင်းမရှိသည့် အိန္ဒိယနှင့် နီပေါတို့၏ နယ်နိမိတ် ပထမဆုံးဖော်ပြခြင်းဖြစ်ခါ ယခုခေတ် အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် နီပေါနိုင်ငံတို့ပါဝင်သော "ဇမ္ဗူဒီပါ" ဟူသော ဒေသတစ်ဝှမ်းလုံးက ဗုဒ္ဓမြတ်စွာ၏တရားတော်ကို လက်ခံကြလိမ့်မည်ဟူ၍ ရည်ညွှန်းလျက်ရှိလေသည်။ ဒေသနာတော်သည် ဟိမဝန္တာတောင်တန်းများကို ကျော်၍ မြောက်ဘက်နိုင်ငံများသို့လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာကိုကျော် ၍ အနောက်ဘက်နှင့် တောင်ဘက်တွင်ရှိသော နိုင်ငံများသို့လည်းကောင်း၊ ရောက်ရှိပြီး လူအားလုံးထံ ပျံ့နှံ့၍ သွားပါလိမ့်မည်ဟူသော နိမိတ်ကြီး ဖြစ်၏။

နီပေါနိုင်ငံရှိ ဟိမဝန္တာတောင်တန်း၏ အမြင့်ဆုံးတောင်ထွဋ်ဖြစ်သည့် ဧဝရက်တောင်၏အမည်မှာ မာထာကုံဝရဟုခေါ်၏။ ဘုရားလောင်းသိဒ္ဓတ္ထ ခေါင်းအုံးတော်မူခဲ့သည့်နေရာဟု အနက်ထွက်ပါသည်။

### အိန္ဒိယနိုင်ငံ၏ပထဝီဝင်

အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံနှစ်ခု၏ တည်နေရာပုံဒေသသည် ဇမ္ဗူသပြေသီးနှင့်တူ၏။ ထို့ကြောင့် ရှေးပဝေသဏီကတည်းက ဤဒေသကို ဇမ္ဗူဒီပဟု တွင်ခဲ့သည်။ ဗုဒ္ဓမြတ်စွာသည် အိန္ဒိယ၏မြောက်ဘက်နယ်နိမိတ်များကို ဤသို့ မိန့်တော်မူ၏။ "အရှေ့နှင့်အနောက်ဘက်များတွင် မြစ်အပေါင်းမှ စီးဝင်သောရေဖြင့် ပြည့်သည့် သမုဒ္ဒရာများ ရှိလေသည်။" (အာင္ဂုနာဋိယသုတ်)

အထက်ပါမိန့်ကြားချက်မှာ အိန္ဒိယနိုင်ငံတောင်ပိုင်း၏ အရှေ့နှင့် အနောက်တို့ကိုသာ ဖော်ပြခြင်းဖြစ်၏။ တောင်ဘက်အစွန်း၌မူ မည်သည့်မြစ်မျှ စီးဆင်းခြင်းမရှိသော သီရိလင်္ကာကျွန်းတည်ရှိသည်။ ဤသည်မှာ အိန္ဒိယနိုင်ငံ၏ ပထဝီဝင် တစ်စွန်းတစ်စကို ဖော်ပြထားခြင်းဖြစ်ခါ ယခုဖော်ပြချက်ထက် ရှေးကျသော အရေးအသားကို မတွေ့ရပေ။

http://www.dhammadownload.com









http://www.dhammadownload.com

## ၁၈။ အိပ်မက်လေးပါး

**ဒုတိယအိပ်မက်** ။ ။ ချက်တော်မှ ပေါက်လာသော သစ်ပင်သည် မြင့်သည်ထက် မြင့်တက်သွားရာ ကောင်းကင်အထိရောက်သွားသည်။ ယင်းအိပ်မက်သည် အနာဂတ်ကာလ၌ လာမည့် အမှန်တရား၏ အမှတ်လက္ခဏာ ဖြစ်သည်။ သိဒ္ဓတ္ထသည် အနာဂတ်ကာလ၌ ပထဝီမြေပြင်ပေါ်က လူသားများ၏ ဆရာမျှသာမက အထက်ဘုံက နတ်ဗြဟ္မာများ၏ ဆရာလည်းဖြစ်လိမ့်မည်။ ယင်းတို့၏ ကောင်းကျိုးကိုလည်း ဆောင်ရွက်လိမ့်မည်။ **'သတ္ထာဒေဝမနုဿနံ'** ဖြစ်လိမ့်မည်။ သတ္တဝါအားလုံး၏ ကောင်းကျိုးကို ဆောင်ရွက်တော်မူလိမ့်မည်။

**တတိယအိပ်မက်** ။ ။ ဦးခေါင်းမည်းနက်နေသော အသချေ်အနန္တများလှသည့် အဖြူရောင်ဝတ်ထားသူများသည် မိမိအား ရှိခိုး၍ ကိုးကွယ်ကြသည်။ ယင်းအိပ်မက်ကလည်း ဦးခေါင်းအပိုင်းကမည်းနက်နေပြီး အဖြူရောင် အဝတ်ဝတ်ထားကြသော လူဝတ်ကြောင် အသချေ်အနန္တက ဘုရားလောင်းထံ ခိုလှုံရောက်လာကြမည်။ ယုံကြည်ချက်အမျိုးမျိုးနှင့် ချည်နှောင်ခြင်းခံနေရသော၊ မျက်ကန်းအယူအဆများထဲတွင် တဝဲလည်လည်ဖြစ်နေသော အသချေ်အနန္တ လူဝတ်ကြောင်များသည် စင်ကြယ် စစ်မှန်သော တရားရရှိကြရန် ဝမ်းသာအားရ ပီတိသောမနဿဖြစ်ပြီးလျှင် သူ၏ တပည့်သာဝကဖြစ်ကြခါ များစွာသော အကျိုးခံစားရလိမ့်မည်။

**စတုတ္ထအိပ်မက်** ။ ။ အရပ်လေးမျက်နှာမှ အပြာ၊ အဝါ၊ အနီ၊ မီးခိုးရောင် ငှက်များပျံလာပြီး ဘုရားလောင်း ရင်ခွင်တွင်း ရောက်ရှိလာသောအခါ အဖြူရောင် ဖြစ်သွားကြသည်။ ယင်းအိပ်မက်သည်လည်း ဗြာဟ္မဏ၊ ခတ္တိယ၊ ဝေဿ၊ သုဒ္ဒအမျိုးလေးပါး လူများသည် သူ့ထံတွင် ခိုလှုံ၍ ရဟန်းပြုလျက် ရဟန္တာဖြစ်ပြီး ဘဝ လွတ်မြောက်မှုရရှိသွားကြလိမ့်မည်ဟူသော အနာဂတ်ကို ညွှန်ပြနေသည်။ အမျိုးဇာတ်အားလုံးက လူအများသည် သူ၏ တပည့်များဖြစ်လာခါ ဇာတ်မြင့်ခြင်းဟူသော အနှောင်အဖွဲ့မှ လည်းကောင်း၊ ဇာတ်နိမ့်ခြင်းဟူသော သိမ်ငယ်မှုမှ လည်းကောင်း၊ လွတ်မြောက်သွားပြီးလျှင် **ဓမ္မိက** တရားရှင်များဖြစ်သွားလိမ့်မည်။ အမျိုးဇာတ်ကို အလေးမထားကြတော့ဘဲ အကျင့်သိက္ခာကိုသာ အလေးထားကြတော့မည်။

**ပဉ္စမအိပ်မက်** ။ ။ ကျင်ကြီးကျင်ငယ် ပေကျံနေသော မြေကြီးပေါ်တွင် လျှောက်သွားသော်လည်း ဘုရားလောင်းသည် အညစ်အကြေးနှင့် မထိဟု၍ အိပ်မက်မြင်မက်သည်။ ယင်းအိပ်မက်ကလည်း ကိလေသာအညစ်အကြေးတို့ဖြင့် ပြည့်လျက်ရှိသော ကမ္ဘာလောကကြီးထဲတွင်နေသော်လည်း မည်သည့်အညစ်အကြေးမှ မိမိအား မထိရောက်ကြောင်း ညွှန်ပြနေသည်။ ကမ္ဘာလောက၌ အညစ်အကြေးအပြည့်ရှိနေသည်။ တစ်ကမ္ဘာလုံးက အညစ်အကြေးကို ဖယ်ရှားပစ်ဖို့မှာ မဖြစ်နိုင်ပေ။ သို့သော်လည်း ဗုဒ္ဓမြတ်စွာသည် မိမိကိုယ်ကို အညစ်အကြေးများ မငြိစွန်းစေဘဲ ထာဝစဉ် သန့်ရှင်းစင်ကြယ်စွာ နေပေလိမ့်မည်။

http://www.dhammadownload.com



## ၁၉။ သုဇာတာ

ဥရုဝေဠရှိ သေနာရွာသား သူဌေးသေနာနီ၏ သမီးသုဇာတာသည် ညောင်ပင်စောင့်နတ်ကိုကိုးကွယ်သည်။ ညောင်ပင်စောင့်နတ်၏ ကျေးဇူးကြောင့် ဗာရာဏသီက သူဌေးသားနှင့် အိမ်ထောင်ကျသည်ဟူ၍လည်းကောင်း၊ သား တစ်ယောက် မွေးဖွားလာသည်ဟူ၍လည်းကောင်း၊ ယုံကြည်ယူဆထားသည် ဖြစ်၍ ကဆုန်လပြည့်နေ့တိုင်း သေနာရွာရှိ မိဘအိမ်သို့ လာပြီး ညောင်ပင်စောင့် နတ်ကို ပူဇော်ပသလေ့ရှိ၏။ ယခု တစ်ကြိမ်၌လည်း သုဇာတာသည် ညောပင် စောင့်နတ်ကို ပသရန် ယနာနို့ဆွမ်းချက်လျက် သူ၏ကျွန်မကို ညောင်ပင်ရင်း၌ ရှင်းလင်းထားရန် စေလွှတ်လိုက်သည်။ ညောင်ပင်ရင်းရောက်သွားသောအခါ ကျွန်မသည် ညောင်ပင်ရင်း၌ ဘာဝနာပွားများနေသော ဘုရားအလောင်းကို တွေ့သွားသည်ဖြစ်၍ ယနေ့ ညောင်ပင်စောင့်နတ်သည် သခင်မ၏ယနာနို့ဆွမ်းကို ခံယူရန် ကိုယ်ထင်ရှားပြပြီး ထိုင်နေသည်ဟု ထင်မှတ်သွားသည်။

ကျွန်မသည် အိမ်သို့ ပြန်ပြေးပြီး သခင်မကို အကျိုးအကြောင်းပြောပြ သောအခါ သုဇာတာကလည်း အားရဝမ်းသာ ရွှေခွက်ထဲတွင် ယနာနို့ဆွမ်း ထည့်ပြီး ညောင်ပင်ရင်းသို့ သွားလေသည်။ သို့သော် သုဇာတာသည် အကင်းပါး သူဖြစ်သောကြောင့် ညောင်ပင်ရင်း၌ ထိုင်နေသူသည် ညောင်ပင်စောင့်နတ် မဟုတ်ဘဲ လုလင်တပသီတစ်ပါးဖြစ်သည်ဟု ထင်မှတ်သွားပြီး ယနာနို့ဆွမ်းကို ကပ်လှူလိုက်သည်။

သုဇာတာသည် အိမ်ထောင်ရှင်ဘဝဖြင့် နေရသော်လည်း ပျော်ပိုက်ခြင်း မရှိပေ။ ညောင်ပင်စောင့်နတ်၏ကျေးဇူးကြောင့် သူ၏အလိုဆန္ဒပြည့်ဝသည်ဟု ယူဆပြီး နှစ်စဉ်နှစ်တိုင်း ကဆုန်လတွင် မိဘအိမ်လာပြီး ညောင်ပင်စောင့်နတ်ကို မပျက်မကွက်ပူဇော်ပသသည်။ ယခုတစ်ကြိမ်၌ သူ၏သားသည် အခြားလုလင် များကဲ့သို့ လောကီစည်းစိမ်ခံစားနိုင်သူဖြစ်ပါစေရန် ဆုတောင်းမည်ဟု လာခဲ့ခြင်း ဖြစ်သည်။

သို့သော် လုလင်တပသီကို တွေ့ရသောအခါတွင် မိခင်စိတ်ပေါ် လာပြီးလျှင် ဆုတစ်ခုခုတောင်းမည့်အစား လုလင်တပသီအား "သင်ကျင့်သော အကျင့်တရား အောင်မြင် ထမြောက်ပါစေ" ဟု ဆုတောင်းလိုက်သည်။ ယင်းယနာနို့ဆွမ်းသည် ဘုရားအလောင်း ဘုရားမဖြစ်မီ နောက်ဆုံးမှီဝဲသော အစာအာဟာရဖြစ်သည်။ နောက်နေ့ညတွင် သမ္မာသမ္ဗောဓိဉာဏ်ရရှိတော့မည်ဖြစ်၍ ယင်းယနာနို့ဆွမ်း ဘောဇဉ်ဒါနသည် အလွန်တရာ အရေးပါအရာရောက်သော မွန်မြတ်သည့် အလှူဒါန ဖြစ်ပေသည်။

http://www.dhammadownload.com



http://www.dhammadownload.com

## ၂၀။ မာရ်နတ်၏လက်ရုံးစစ်သည်များနှင့် တိုက်ခိုက်ခြင်း

ဘုရားအလောင်းသည် သုဇာတာ၏ဃနာနို့ဆွမ်းကို ဘုန်းပေးပြီးနောက် နေရဉ္စရာမြစ်အနီး၌ အချိန်အနည်းငယ်နားတော်မူနေခဲ့သည်။ နေမဝင်ခင် ဗောဓိ ညောင်ပင်ရင်းသို့ သွားပြီးလျှင် တရားအားထုတ်တော်မူ၏။

သမ္မာသမ္ဗောဓိဉာဏ် မရမချင်း ဤနေရာမှ မထဟူ၍လည်း အဓိဋ္ဌာန်ပြု တော်မူ၏။ မစ္ဆရာဇာမာရ်နတ်သည် ဘုရားအလောင်း၏ အောင်မြင်မှုကို မရရှိ အောင် ကြိုးစားသည်။ သူ၏လက်ရုံးစစ်တပ်အင်အားကို အသုံးပြု၍ အကြမ်း ဖက်ခြင်းဖြင့်လည်းကောင်း၊ အမျိုးမျိုးသော လက်နက်များကို ကိုင်ဆောင်၍ လည်းကောင်း၊ မာယာမျိုးစုံဖန်ဆင်း၍လည်းကောင်း၊ ဘုရားအလောင်းအား ထိုနေရာမှ ထွက်ခွာသွားအောင် စစ်ဆင်တိုက်ခိုက်သည်။ သို့သော်လည်း ဗုဒ္ဓ ဘုရားအလောင်းသည် တည်နေရာမှ တရွေ့သားမျှပင် မရွေ့ပေ။

မာရ်နတ်သည် တရားအားထုတ်နေသော ဘုရားအလောင်းအား ဟိန်း ဟောက်ခါဖြင့် "သင်ထိုင်နေသော ဝဇီရာသနပလ္လင်သည် ငါ၏အပိုင်ဖြစ်သည်" ဟုပြောသည်။ ဘုရားအလောင်းက "ဤပလ္လင်သည် ပါရမီဖြည့်ခဲ့သူ၏အပိုင် ဖြစ်သည်၊ ငါသည် ပါရမီရှင်ဖြစ်၏၊ ငါပါရမီဖြည့်ခဲ့သူဖြစ်ကြောင်း ဤပထဝီမြေကြီး သက်သေရှိ၏" ဟု သစ္စာစကားဆိုလိုက်သောအခါ မဟာပထဝီမြေကြီးပြင်းထန် စွာ လှုပ်ခါ၍သွားလေ၏။ ထိုခဏ၌ပင် စစ်ရှုံးသောမာရ်နတ်သည် သူ၏စစ်တပ်နှင့် အတူ ထွက်ပြေးသွားလေသည်။

ဘဝပေါင်းများစွာက ဖြည့်ကျင့်လာခဲ့သော ပါရမီချပ်ဝပ်တန်ဆာသည် ဘုရားအလောင်းအား ကာကွယ်ထားသဖြင့် ဘေးရန်များ ကင်းရှင်းပြီး အနန္တ မေတ္တာ၊ ကရုဏာတို့နှင့် ပြည့်စုံသောပညာ၌ တည်လေပြီ၊ မာရ်နတ်မှာ ရှုံးရလေပြီ။

ဒါနပါရမီစသော ပါရမီအားကို သုံးသည်ဖြစ်၍ ဘုရားအလောင်း အနိုင် ရရှိသွားပြီး **"ဒါနာဒိ ဓမ္မဝိဓိနာ ဇိတ္ဝာ မုနိန္ဒော ...."** ဟုဆိုခြင်းဖြစ်သည်။

**(ဇယမင်္ဂလအဋ္ဌဂါထာ)**

ရှေးဆိုစကားများကို ခေတ္တအာရုံမပြုပါဘဲ သိပ္ပံနည်းကို အခြေခံ၍ စိတ်ပိုင်းဆိုင်ရာ အမှန်တရားကို သိရှိရန် လေ့လာကြည့်လိုက်သောအခါ တရား အားထုတ်နေသော ယောဂီသည် တရားလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေ သည့်အခါ၌ မိမိ၏အကုသိုလ် (စေတသိက) စိတ်များသည် တရားလမ်းကြောင်းမှ ရှောင်၍ သွားအောင် ကြိုးစားသည်ကို တွေ့ရမည်၊ ထို့ကြောင့် ဓမ္မ၏စွမ်းအား ဖြင့်သာ အောင်နိုင်အောင် ကြိုးစားရမည်။

ကဆုန်လပြည့်ည ဗောဓိညောင်ပင်၏အောက်၌ ဘုရားအလောင်း သိဒ္ဓတ္ထနှင့် မစ္ဆရာဇာမာရ်နတ်ဆင်နွှဲကြသော တိုက်ပွဲသည် ဓမ္မနှင့်အဓမ္မတို့၏ တိုက်ပွဲဖြစ်သည်။ ဓမ္မကသာလျှင် အနိုင်ရရှိပြီး ဘုရားအလောင်းအား သမ္မာသမ္ဗုဒ္ဓ (အလုံးစုံကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသူ) ဖြစ်စေခဲ့သည်။

http://www.dhammadownload.com



http://www.dhammadownload.com

## ၂၁။ သဗ္ဗညုတဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူခြင်း

ဝိသာခါနက္ခတ်နှင့်ယှဉ်သော လမင်းသည် ယနေ့ပြည့်ပြည့်ဝန်းဝန်း ထွန်းလင်းပါတော့မည်။ လမင်းကြီးထွက်ပေါ်မလာမီကပင် မာရ်နတ်သည် ဗောဓိသတ္တဘုရားလောင်းအား အရှုံးပေး၍ ထွက်ပြေးခဲ့လေပြီ၊ မဟာဗောဓိပင် တစ်ဝိုက်၌လည်း စစ်ရိပ်စစ်ငွေ့ အသံဗလံဟူ၍ လုံးဝမရှိတော့ဘဲ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ သို့ဖြင့် ဗောဓိသတ္တဘုရားအလောင်းတော်သည် အနှောင့်အယှက်ကင်းရှင်းစွာနှင့် ဆက်လက်၍ ကြိုးပမ်းအားထုတ်တော်မူပါသည်။

ညဉ့်ဦးယံ၌ အလောင်းတော်သည် ပထမစျာန်ကို ရတော်မူပြီးနောက် ဒုတိယ၊ တတိယနှင့် စတုတ္ထစျာန်များကို ဆင့်ကဲဆင့်ကဲ ရရှိတော်မူခဲ့၏။ ထိုညဉ့်ဦးယံ၌ပင် ဒိဗ္ဗ စက္ခုဉာဏ်၊ ဒိဗ္ဗသောတဉာဏ်နှင့် ပုဗ္ဗေနိဝါသဉာဏ်တော်တို့ကို ရရှိတော်မူပါသည်။ ထို့နောက် သတ္တဝါတိုသည် မည်သည့်ကံအကြောင်းများကြောင့် ယခုဘဝ၌ ဤသို့ဖြစ်ရသည်ကို သိရှိတော်မူသော ပရစိတ္တဝိဇာနာနဉာဏ်။ သတ္တဝါတို့၏စိတ်ကို သိရှိတော်မူသောဉာဏ်နှင့် အနာဂတ်ကို သိရှိတော်မူသော အနာဂတံသဉာဏ်တို့ကို ရရှိတော်မူခဲ့၏။

ထိုည၏နောက်ဆုံးအချိန်၌ ဘုရားအလောင်းတော်သည် အစဉ်မပြတ်စီးဆင်းလျက်ရှိသော အာသဝေါတရားအားလုံးတို့ကို အကြွင်းမဲ့ ပယ်သတ် တော်မူနိုင်ခဲ့ပြီး အာသဝက္ခယ ဉာဏ်တော်ကို ရရှိတော်မူသည်။ ဤအကြောင်းကြောင့် အလောင်းတော်သည် နာမ်နှင့်ရုပ် လောကကိုလွှန်သော သစ္စာတရားကို မျက်မှောက်ပြုတော်မူခါ အရာခပ်သိမ်းကို သိမြင်တော်မူသွားပါတော့သည်။ အားလုံးကို သိမြင်တော်မူသော **"သဗ္ဗညုတ"** မြတ်စွာဘုရားအဖြစ် ပွင့်တော်မူခဲ့လေပြီ။ အလောင်းတော်၏ကြိုးပမ်းအားထုတ်မှုကြီးသည် ကဆုန်လပြည့်နေ့ညမကုန်ဆုံးမီတွင် ဤဘဒ္ဒကမ္ဘာကြီး၏စတုတ္ထမြောက် သမ္မာသမ္ဗုဒ္ဓအဖြစ် ပွင့်တော်မူကာ အနန္တသတ္တဝါအပေါင်းတို့၏အကျိုးစီးပွားတံခါးကြီးကို ဖွင့်လှစ်ပေးတော်မူခဲ့ပါသည်။

**ပြန်လည်သုံးသပ်တော်မူခြင်း**

ဗုဒ္ဓမြတ်စွာအဖြစ် ပွင့်တော်မူပြီးနောက် ဘုရားရှင်သည် အခြေအနေအားလုံးကို ပြန်လည်သုံးသပ်တော်မူသောအခါ မွေးဖွားလိုက် သေဆုံးလိုက်နှင့် သံသရာတွင် လည်ပတ်နေရသော ခန္ဓာကိုယ်ကြီးကို တည်ဆောက်ခဲ့သည့် လက်သမားကို ရှာဖွေခဲ့ရသော ကာလကြီးသည် အလွန်အမင်းရှည်ကြာခဲ့ကြောင်းကို သတိပြုတော်မူမိ၏။ ဗုဒ္ဓမြတ်စွာကို အံတုသော မာရ်နတ်သည် လူတွေ ထပ်ခါတလဲ သေပြီး ထပ်ခါတလဲ မွေးဖွားနေသည်ကို သဘောကျပျော်ရွှင်နေသူဖြစ်၏။ ထို့ကြောင့် ဆိုခဲ့သော တန်ခိုးရှင်ဟူသည်မှာ မာရ်နတ်ပင် ဖြစ်လေမည်လားဟု တွေးစရာဖြစ်၏။ သို့ရာတွင် ဘုရားအလောင်းတော်သည် မာရ်နတ်ကို တွေ့ရှိခဲ့သော်လည်း ဒုက္ခအပေါင်းမှ လွတ်မြောက်မသွားခဲ့ပေ။ ထို့ကြောင့် မာရ်နတ်သည် တန်ခိုးရှင် မဟုတ်ခဲ့။

ဘုရားအလောင်းတော် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခြင်းမှာ အဝိဇ္ဇာအမှောင်အတွင်း၌ ဖြစ်ပေါ်လာသော တဏှာကြောင့် သတ္တဝါတွေ ထပ်ခါတလဲ သေဆုံးသွားလိုက်၊ မွေးဖွားလာလိုက် ဖြစ်နေကြောင်းကို သိတော်မူပြီး ယင်းတဏှာသည်လည်း ပညာတည်းဟူသော အလင်းရောင်တွင် မရှင်သန်နိုင်ကြောင်း သိတော်မူ၍ လွတ်မြောက်တော်မူရခြင်း ဖြစ် ပေသည်။ ထိုဉာဏ်တော်ကြောင့် ဘဝအသစ် ဖြစ်စေသည့် ပြုပြင်စီရင်မှု သင်္ခါရ အသစ်တို့ကို မပြုလုပ်တော့ကြောင်း သင်္ခါရအဟောင်းများကိုလည်း ပယ်ပြီးခဲ့ကြောင်းကို သိတော်မူပါသည်။

နောက်ဆက်တွဲ ➤ စာ-၁ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၂၂။ မာရ်နတ်နှင့် မာရ်နတ်၏သမီးများအရှုံး

သမ္မာသမ္ဗောဓိဉာဏ်ရရှိပြီးနောက် သမ္မာသမ္ဗုဒ္ဓမြတ်စွာသည် ပဉ္စမမြောက် သတ္တာဟ၌ အဇပါလ ညောင်ပင်ရင်းတွင် သီတင်းသုံးတော်မူသည်၊ ထိုစဉ် မာရ်သည် ဗုဒ္ဓမြတ်စွာနှင့် ငြင်းခုန်ရန် ရောက်ရှိလာပြန်သည်။ "သင်သည် ကိုယ်ကိုတိုင်လည်း သံသရာမှ လွတ်မြောက်ကြောင်း ရရှိခဲ့ပြီး အခြားသူများအားလည်း သင်ပြပေးရန် ဘာကြောင့် အဓိဋ္ဌာန်ရပါသလဲ" ဗုဒ္ဓမြတ်စွာသည် ဆိတ်ဆိတ်ငြိမ်ငြိမ် ဆက်လက်တရားအားထုတ်နေလေသည်။ မာရ်သည် ဒုတိယအကြိမ် ရှုံးနိမ့်ပြန်၍ စိတ်ဓာတ်ကျပြီး တစ်နေရာတွင် ထိုင်နေသည်။

တဏှာ၊ အရတိ (ဒေါသ)၊ ရဂါ (ရာဂ) ဟူသော မာရ်နတ်၏သမီး သုံးဦးသည် ဗုဒ္ဓမြတ်စွာထံ ရောက်ရှိလာပြီး မာယာမျိုးစုံတို့ဖြင့် ဖြားယောင်းကြပြန်သည်။ သို့သော်လည်း သမာပတ်ဝင်စားနေတော်မူသော ဗုဒ္ဓမြတ်စွာသည် မျက်လုံးဖွင့်၍ပင် မကြည့်ခဲ့ပေ။ ထို့ကြောင့်မာရ်နတ်၏သမီးများလည်း အရှုံးပေးပြီး ပြန်သွားကြရသည်။ ဗုဒ္ဓမြတ်စွာ၏ အဓိဋ္ဌာန်သည် မယိမ်းမယိုင် ကျောက်စာတိုင်ပမာဖြစ်သည်။ ပညာအပေါ်၌ အပြည့်အဝ ရပ်တည်တော်မူပါသည်။

**ဝီတရာဂဘယကောဓ ၊ ဋ္ဌိတဓီမုနိရုစ္စတေ၊ (ဘဂဝတ် ဂီတာ)**

မဟာမုနိသည် **ဋ္ဌိတဓီ** (သို့) ပညာ၌ တည်သူဖြစ်၏။ ထို့ကြောင့် **ဝီတရာဂ** ဖြစ်၏။ မာရ်၏သမီးများသည် ဗုဒ္ဓမြတ်စွာအား **ကာမရာဂ** ဖြင့် နှိုးဆွ နိုင်ခြင်းမရှိကြပေ။ ထိုကာမရာဂကို **ဘယ** ဘေးအဖြစ် ပညာဖြင့် နှုတ်ထားသည် ဖြစ်၍ **ဝီတဘယ** ဖြစ်နေသည်။ မာရ်နတ်စစ်သည်အား အနည်းငယ်မျှပင် **ကောဓ** (သို့) ဒေါသမဖြစ်ပေ။ ပညာဖြင့် **ကောဓ** ကို အမြစ်ဖြုတ်ထားသည် ဖြစ်၍ **ဝတီကောဓ** ဖြစ်နေသည်။ စိတ်နှလုံးသည် ကရုဏာအပြည့်ဖြစ်နေ၍ **ဋ္ဌိတဓီ** (သို့) ပညာ၌ တည်သူဟု ခေါ်ဆိုအပ်သည်။

ရှေးဘဝတစ်ခု၌ ဗုဒ္ဓမြတ်စွာကို ပြဟ္မဏမာဂံဓိယသည် အလွန်လှပသောသူ၏သမီးဖြင့် လက်ထပ်ရန် တောင်းဆိုခဲ့ဘူးသည်။ ထိုအချိန်က ဗုဒ္ဓမြတ်စွာသည် ဤတောင်းဆိုမှုကို ငြင်းပယ်ခြင်းဖြင့် အောက်ပါဂါထာကို ဆိုသည်။

**ဒိသွာန တဏှံ အရတိံ ရဂဉ္စ၊ နာဟောသိ ဆန္ဒော'ပိ မေထုနသ္မိံ**
**ကိမေဝိဒံ မုတ္တကရီသ ပုဏ္ဏံ၊ ပါဒါပိ နံ သမ္ဖုသိတုံ န ဣစ္ဆေ'ဟိ။**

"မာရ်၏သမီးများဖြစ်သော တဏှာ၊ အရတိ၊ ရဂါတို့ကိုမြင်သော်လည်း ကာမရာဂမဖြစ်ပေ၊ ကျင်ကြီးကျင်ငယ် အမြင်သာဖြစ်၍ခြေဖြင့်သော် ထိလိုသောဆန္ဒမဖြစ်ပါချေ။"

http://www.dhammadownload.com



http://www.dhammadownload.com

# ၂၃။ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်

ရှေးအခါက အိန္ဒိယနိုင်ငံ ဩရစ္စ (Orissa) မြန်မာအသံ (ဉက္ကလာ၊ ဩကလာ) အရပ်ဒေသမှ အိန္ဒိယလူမျိုးများသည် မြန်မာပြည်ရှိ ဧရာဝတီမြစ်ဝသို့ လာရောက်နေထိုင်ကြကာ မြို့တစ်မြို့ တည်ထောင်ခဲ့ကြသည်။ ထိုမြို့ကို မိမိတို့၏ဇာတိအရပ်ကို သတိရသောအားဖြင့် ဉက္ကလာမြို့ဟု အမည်ပေးထားကြသည်။ အိန္ဒိယနိုင်ငံမှ ကုန်သည်များသည်လည်း ထိုဉက္ကလာမြို့သို့လာ၍ အခြေချနေထိုင်ကြလေသည်။ ထိုသို့နေထိုင်ကြရာတွင် အာဖဂန်နစ္စတန် (Afghanistan) ပြည်နယ်၊ မာဇျာရာရှရစ် (Majareshareef) ဒေသ၏ အနောက်ဘက် (၁၈)ကီလိုမီတာအကွာတွင် တည်ရှိသော ဘာလေက္ခ (Balakha) နယ်သား တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့လည်း အပါအဝင်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာပွင့်တော်မူသည့်အချိန်၌ ဉက္ကလာပမြို့၌ ဉက္ကလာပမင်းကြီး အုပ်စိုးလျက်ရှိပါသည်။ တဖုဿနှင့် ဘလ္လိကညီနောင်တို့သည် ဉက္ကလာမြို့နှင့် အိန္ဒိယနိုင်ငံတို့ကို ကူးလူး၍ ကုန်သွယ်နေကြသူများ ဖြစ်သည့်အားလျော်စွာ မြန်မာပြည်မှ ကုန်စည်များကို ဉက္ကလာမှ သမုဒ္ဒရာကိုဖြတ်၍ အိန္ဒိယနိုင်ငံ ပင်လယ်ဆိပ်ကမ်းဖြစ်သော တမ်ရာလိပ္ပတိ (Tamralipti) သို့ သယ်ဆောင်လာကြပြီး ထိုမှတစ်ဆင့် လှည်းအစီး(၅၀၀)ဖြင့် အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ရောက် ဖြန့်ဖြူးကြပါသည်။ ထိုသို့ကုန်စည်များဖြင့် ခရီးသွားလာနေခိုက် ၎င်းတို့သည် ဗုဒ္ဓမြတ်စွာပွင့်တော်မူရာ ဉရုဝေဠတောသို့ ရောက်ရှိခဲ့ကြ၏။ တိုက်တိုက် ဆိုင်ဆိုင် ထိုအချိန်၌ ဗုဒ္ဓမြတ်စွာသည် သတ္တမမြောက် သတ္တာဟကို လွန်၍ ဝိမုတ္တိချမ်းသာကို ခံစားတော်မူသော သမာဓိမှ ထတော်မူကာ ရာဇယတန လင်းလွန်းပင်ရင်း၌ စံပယ်တော်မူလျက်ရှိလေ၏။ တဖုဿနှင် ဘလ္လိက ညီနောင်တို့သည်လည်း မြတ်စွာဘုရားကို ဖူးမြော်ကြရသောအခါ မိမိတို့တွင် ပါလာသော ပျားရည်နှင့်ဆန်မုန့်တို့ဖြင့် ပြုလုပ်ထားသည့်မုန့်တို့ကို ကပ်လှူလိုက်ကြ၏။ ဗုဒ္ဓ မြတ်စွာဘုဉ်းပေးတော်မူသော ဤပျားဆုပ်မုန့်တို့သည် ရက်သတ္တ (၇)ပတ် ကြာပြီးမှ ပထမဆုံး ဘုဉ်းပေးတော်မူရသော ဆွမ်းဦးဖြစ်၍ ထူးခြားလှ၏။ ပြီးနောက် ဗုဒ္ဓမြတ်စွာသည် တဖုဿနှင့် ဘလ္လိကတို့အား ဆံတော် (၈)ဆူကို ချီးမြှင့်တော်မူပါသည်။ မကြာမီ ဉက္ကလာပမြို့သို့ ပြန်လည်ရောက်ရှိလာသောအခါ ဉက္ကလာပမင်းကြီးသည် ကုန်သည် ညီနောင်တို့နှင့် ပါလာသော ဆံတော်များကို ဉက္ကလာမြို့ရှိ ဗိုလ်တထောင် စေတီ၊ ဆူးလေစေတီနှင့် ရွှေတိဂုံစေတီတော်များတွင် ကြည်ညို သဒ္ဓါများစွာဖြင့် ဌာပနာဖြစ်၍ ပူဇော်တော်မူပါသည်။ ယခုထက်တိုင် ပြည်သူအများက ရိုသေမြတ်နိုးစွာ ပူဇော်ဆည်းကပ်လျက်ရှိကြပါသည်။

တဖုဿနှင့်ဘလ္လိကတို့သည် ဗုဒ္ဓမြတ်စွာကို ဖူးမြော်၍ ငါးပါးသီလကို တည်ဆောက်ခဲ့ကြ၏။ သို့သော် ဒေသနာကိုကြားနာခဲ့ရခြင်းမရှိပါ။ ဗုဒ္ဓမြတ်စွာသည် မိဂါဒဝုန်တော်ကို ရောက်တော်မူမှသာ ဓမ္မစကြာတရားဦးကို ဟောကြားတော်မူသောကြောင့်ဖြစ်ပါသည်။ ဉက္ကလာမြို့၌ ဆံတော်များကို ဌာပနာ၍ ပူဇော်ပြီးနောက် ကုန်သည်ညီနောင်တို့သည် မာဂဓတိုင်း ရာဇဂြိုလ်မြို့သို့ ပြန်လည်ရောက်ရှိကြသည့်အခါမှသာ ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို နာကြားကြရပါ၏။ ဒေသနာတော်ကို ကြားနာရပြီး ဘလ္လိကသည် ရဟန်းပြု၍ တရားတော်ကို ကျင့်ကြံအားထုတ်သဖြင့် ရဟန္တာအဖြစ် ရောက်ရှိသွားတော်မူခဲ့ပါသည်။ တဖုဿမှာ လူဝတ်ကြောင်နှင့်ပင် သောတာပန်တည်ခဲ့ကာ ကုန်စည်ရောင်းဝယ်လျက်ပင်ရှိခဲ့၏။

နောက်ဆက်တွဲ ➤ စာ-၁ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၂၄။ သဗ္ဗညု ဗုဒ္ဓ၏ကျေးဇူးသိတတ်ခြင်း

ဗောဓိပင်ရင်းဝယ် ရက်သတ္တ ခုနစ်ပတ်တာကာလမျှ နိဗ္ဗာန်ချမ်းသာကို ဆင်ခြင်တော်မူပြီးနောက် ဗုဒ္ဓမြတ်စွာသည် ဒေသနာကို ဟောကြားရန်အတွက် ဒေသစာရီကြွမည်ဟု ဆုံးဖြတ်ချက်ချလိုက်တော်မူပါသည်။

ပထမဦးစွာ ဓမ္မဒေသနာကို ဟောကြားရန်အတွက် ဗုဒ္ဓမြတ်စွာသည် မိမိ၏ ဆရာများဖြစ်ကြသော အာဠာရကာလာမနှင့် ဥဒ္ဒကရာမပုတ္တတို့နှစ်ဦးကို သတိရတော်မူ၏။ အာဠာရကာလာမ ထံမှစျာန် ခုနစ်ပါးနှင့် ဥဒ္ဒကရာမပုတ္တထံမှ အဋ္ဌမစျာန်ကို သင်ယူရရှိသဖြင့် အတိုင်းထက် အလွန်ကျေးဇူးတင်စိတ် ပေါ်ပေါက်တော်မူခဲ့သည်။ ဆရာနှစ်ဦးစလုံးသည် ဗုဒ္ဓဒေသနာသင်ကြားမှုကို လက်ခံယူရန် သင့်တော်သူများ ဖြစ်သည်။ သို့သော် စျာန်ဝင်စား၍ ကြည့်လိုက် သောအခါတွင် ဆရာနှစ်ဦးစလုံးသည် သေဆုံးသွားပြီးနောက် အရူပဗြဟ္မာဘုံတွင် ရောက်ရှိနေသည်ကို တွေ့ရသည်။ အရူပဗြဟ္မာဘုံတွင် ရုပ်ခန္ဓာမရှိပါ။

ဆရာနှစ်ဦးစလုံးတို့သည် ဝိပဿနာကို သင်ယူရန်မဖြစ်နိုင်တော့ပါ။ ဝိပဿနာကို သင်ယူရန်အတွက် ရုပ်ခန္ဓာရှိရမည်။ ကိုယ်ခန္ဓာကိုအမြဲ သတိရှိနေရန် လိုအပ်ပါသည်။

ထို့နောက် ဘုရားအဖြစ်သို့ရောက်ရှိရန် ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူစဉ်က ခရီးတစ်လျှောက်လုံးတွင် ကူညီခဲ့သူများကို သတိရမိသည်။ ငါးယောက်သောအဖေါ်တို့သည် ဘုရားအလောင်းအနားမှ ထွက်ခွာသွားသော်လည်း၊ မိမိနှင့် အတူ ခြောက်နှစ်ကြာမျှ အဖေါ်ပြုခဲ့သည်၊ တရားအတူကျင့်ခဲ့သည်၊ မိမိအား ရေပူရေချမ်းကမ်းလှမ်းခဲ့သည်များကို သတိရနေသည်။

ထိုငါးဦးသည် ဗာရာဏသီ (Varanasi) ဣသိပတန သမင် ဥယျာဉ်ထဲတွင် နေထိုင်နေသည်ကို တွေ့မြင်တော်မူသည့်အခါ ကျေးဇူးသိတတ်သောစိတ်၊ လေးနက်သော ကရုဏာစိတ်တို့ဖြင့် ဗာရာဏသီသို့ ဝိပဿနာသင်ကြားရန် ထွက်ခွာတော်မူခဲ့ပါသည်။ ကိုယ်ကျိုးမဲ့စွာကူညီခြင်း၊ ကျေးဇူးသိတတ်ခြင်းတို့သည် ရှားပါးသော ကောင်းမွန်သည့် အရည်အချင်းစိတ်ဓာတ်များဖြစ်ပါသည်။ဗုဒ္ဓသည် ယင်း ကောင်းမွန်သည့်အရည်အချင်း နှစ်မျိုးစလုံးနှင့် ပြည့်စုံတော်မူပါသည်။

### "ဥ ပ က"

ဗုဒ္ဓမြတ်စွာသည် ဗောဓိပင်မှ ဗာရာဏသီသို့ ခရီးထွက်ခွာတော်မူသောအခါ ခရီးအစဉ်၌ပင် ဥပကသာမဏနှင့် တွေ့ဆုံတော်မူပါသည်။ ဥပကသည် ဗုဒ္ဓကို မြင်တွေ့သည့်အခါ အလွန်ပင် အံ့ဩသွားသည်။ ဗုဒ္ဓ၏ မျက်နှာတော်မှ ထူးဆန်းသော အလင်းရောင်များ ထွက်နေတော်မူပါသည်။

"အသင်သည် လွတ်မြောက်ပါပြီလား" ဟု ဥပကမှ မေးသည်။

"မှန်၏ ငါသည် လွတ်မြောက်ပါပြီ"

"အသင်၏ဆရာသည် မည်သူနည်း။ မည်သူ၏ ညွှန်ပြမှုကြောင့် လွတ်မြောက်ပါသလဲ"

"ငါတွင် ဆရာမရှိပါ။ ငါကိုယ်တိုင် မှန်ကန်သော လွတ်မြောက်ခြင်းလမ်းကို ဖေါ်ထုတ်နိုင်ပါပြီ"

"ဒါကြောင့် သင်သည် ဇိနအရာအားလုံးကို အောင်မြင်သူဖြစ်သည်" ဟုဆိုပါသလား။

နောက်ဆက်တွဲ ➤ စာ-၁ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၂၅။ ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူခြင်း

ငြီးငြံသော အကျင့်ရှိသည့် ရသေ့ငါးဦးသည် ဗုဒ္ဓမြတ်စွာ မိမိတို့ရှိရာသို့ ကြွရောက်တော်မူလာကြောင်းကို သိရသောအခါ ဗုဒ္ဓမြတ်စွာသည် အလွန်တင်းကြပ်သော ဒုက္ကရစရိယာအကျင့်လမ်းစဉ်မှ ဖဲခွာ၍ ထွက်သွားသူ ဖြစ်သောကြောင့် ခရီးဦးကြိုလုပ်၍ နှုတ်မဆက်ကြစတမ်းဟု အချင်းချင်း တိုင်ပင်ထားကြ၏။ သို့သော် ၎င်းတို့အနီးသို့ ဗုဒ္ဓမြတ်စွာ ရောက်တော်မူသောအခါ ဗုဒ္ဓမြတ်စွာ၏ ဥပဓိရုပ်တော်သည် ယခင်ကာလများကထက် အလွန်ထူးခြားနေကာ ကိုယ်တော်၏ အရောင်အဝါသည်လည်း ကြည်လင်ထိန်လင်းလှသည်ကို တွေ့ရသောကြောင့် မိမိတို့ထားခဲ့သည့်ကတိကို မေ့လျော့၍ ပြာပြာသလဲ ကြိုဆိုပြုစုကြလေတော့သည်။


ချက်ခြင်းလိုပင် ဗုဒ္ဓမြတ်စွာသည် အလုံးစုံကို သိမြင်တော်မူသော သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်တော်မူကြောင်းကို ယုံကြည်သွားကြကာ ဓမ္မတရားတော်ကို ဟောကြားတော်မူပါမည့်အကြောင်း တောင်းပန်ကြလေ၏။ ၎င်းတို့၏တောင်းပန်ချက်အရ မြတ်စွာဘုရားသည် တရားဦးဒေသနာကို ဝါဆိုလပြည့်ညနေချမ်းအချိန်၌ ဟောကြားတော်မူပါသည်။ ဤဒေသနာတော်သည် ဗုဒ္ဓမြတ်စွာ၏ အစဦးဆုံးဒေသနာတော်ဖြစ်ခြင်းကြောင့် ဓမ္မတည်းဟူသော စကြာဘီးကြီးကို အစဦးဆုံး စတင်လည်ပတ်စေတော်မူခြင်းဖြစ်ကာ ဤတရားဘီးကြီးသည် ထိုအချိန်မှအစပြု၍ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်တော်မူသည်အထိ လည်ပတ်လျက် ရှိပါလိမ့်မည်။ ထို့ကြောင့် ဤဒေသနာတော်သည် ဓမ္မစကြာတရားတော်မြတ်ဟူ၍ ထင်ရှားလေ၏။

ဤဓမ္မစကြာတရားတော်ကြီးကို ဟောကြားတော်မူရာတွင် ဗုဒ္ဓမြတ်စွာက လွတ်မြောက်မှုဓမ္မတရားတော်ကို ဆန့်ကျင်သည့်အစွန်းနှစ်ဘက်ရှိကြောင်း၊ ယခုအခါ၌ လွတ်မြောက်မှုအတွက် ငြီးငြံစွာ ကျင့်ကြံနေကြသူများသည် ထိုအစွန်းနှစ်ဘက်အနက် အစွန်းတစ်ခုခုကို ကျင့်ကြံနေကြကြောင်း၊ ပထမအစွန်းမှာ နှစ်သက်ဘွယ်ကာမဂုဏ်အာရုံများတွင် နစ်မွန်း၍ ခံစားနေခြင်းသည် မှန်ကန်၍ အကျိုးရှိကြောင်းနှင့် ကြိုးစားသင့်သည်ဟူသော အယူအဆဖြစ်ကြောင်း၊ ထိုသို့ အယူသီးသူ ဆရာကြီး (၄)ဦးတို့က သုစရိုက်သည် ကောင်းမှုကုသိုလ် မဟုတ်၊ သုစရိုက်ကြောင့် ကောင်းကျိုးကိုလည်းမခံစားရကြောင်း၊ တစ်ဖန် ဒုစရိုက်သည် မကောင်းမှုအကုသိုလ်မဟုတ်၊ ဒုစရိုက်ကြောင့် ဆိုးကျိုးကိုလည်း မခံစားရကြောင်းဟူ၍ ယူဆကြ၏။ ထိုတိတ္ထိဆရာကြီးများသည် ကာမေသုမိစ္ဆာစာရ သည် မှားသည်ဟု မဆိုကြသည့်အပြင် မိမိတို့နောက်လိုက်များ ပို၍ ရရှိနိုင်ရန်အတွက် ထိုမှားယွင်းနေသော အယူအဆကိုပင် တွင်တွင်ဟောပြောလျက်ရှိကြ၏။ ထို့ကြောင့် ထိုအခါက ကာမဂုဏ်အာရုံတို့၌ အတားအဆီးမရှိ ကျူးလွန်မှုများကို အားပေးသူအများအပြား ရှိခဲ့လေသည်။ ဤပထမအစွန်းတရားသည် ဓမ္မလမ်းကြောင်းမှသွေဖီသွားကြသော ယုတ်ညံ့၍ မယဉ်ကျေးသူတို့အတွက်ဖြစ်ကာ အလွန်အန္တရာယ်များသော အစွန်းတရားဖြစ်၏။ ဒုတိယအစွန်းတရားမှာ မိမိကိုယ်ကို မိမိနှိပ်စက်ညှဉ်းဆဲသော အတ္တကိလမထာနုယောဂအစွန်းဖြစ်ကာ နာကျင်ဆင်းရဲစေ၍ အောက်တန်းကျသူတို့ ကျင့်ကြံသော တရားဖြစ်၏။

ထိုအစွန်းတရားနှစ်ပါးတို့နှင့် ဆန့်ကျင်ဘက် အလယ်အလတ် မဇ္ဈိမာပဋိပဒါ လမ်းကြောင်းကို တထာဂတ မြတ်စွာဘုရားက ရှာဖွေဖော်ထုတ်တော်မူခဲ့၏။ ထိုအလယ်အလတ်လမ်း၌ လျှောက်လှမ်းမှသာလျှင် ဉာဏစက္ခုနှင့် ပညာစက္ခုတို့ ပွင့်လာကာ အဝိဇ္ဇာ ပပျောက်သွားပေလိမ့်မည်။

နောက်ဆက်တွဲ ➤ စာ-၂ သို့

http://www.dhammadownload.com





http://www.dhammadownload.com

## ၂၆။ ယသ သတို့သား

"အို - ဆင်းရဲ၊ ဒုက္ခ အပေါင်း"

ဤစကားသံများကို ဣသိပတနရှိ သမင်အပေါင်းတို့ပျော်မြူးရာ မိဂဒါဝုဏ်တောအပြင်ပမှ ကြားလိုက်ရသည်။ အရုဏ်တက်အချိန် ဗုဒ္ဓမြတ်စွာဘုရားစင်္ကြံလျှောက်နေစဉ် ဗုဒ္ဓသည် ဉာဏ်တော်ဖြင့် ယသ သတို့သား၏အသံဖြစ်ကြောင်းကောင်းစွာ သိရှိတော်မူသည်။ "ယသ သတို့သားသည် ငါ့အား(၇)ရက်တာ ကာလပတ်လုံး ဆွမ်းအာဟာရ မဘုန်းပေးဘဲနေနိုင်ရန် ယနာနို့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သော သုဇာတာ၏သားပင်ဖြစ်သည်။ သူသည် ယခုဆင်းရဲခြင်းအပေါင်းနှင့် ကြုံတွေ့နေရလေပြီ။"

ဗုဒ္ဓသည် စင်္ကြံလျှောက်နေရာမှရပ်ပြီး တစ်နေရာတွင်ထိုင်တော်မူလိုက်ပြီးနောက် ဗုဒ္ဓက"ယသ သတို့သား ဤနေရာသို့လာလော့၊ ဤနေရာတွင် ဆင်းရဲဒုက္ခအပေါင်းတို့မရှိ" ဟု မိန့်တော်မူ၏။ ယသသည် ဗုဒ္ဓ၏ အသံတော်ကို ကြားသိလိုက်ရုံမျှဖြင့် ဝမ်းမြောက်ခါ ဗုဒ္ဓအနီးသို့ လာရောက်၍ ရိုသေစွာ ရှိခိုးကန်တော့ပါသည်။ ယသ သတို့သားသည် ဘဝအဆက်ဆက်မှ ဖြည့်ဆည်းခဲ့သော ပါရမီအပေါင်းနှင့် ပြည့်စုံနေပြီ ယခုရဟန္တာဖြစ်ရန် အချိန်တန်နေပြီကို ဗုဒ္ဓသိမြင်တော်မူသောကြောင့် ယသအားမဂ္ဂင်ရှစ်ပါးလမ်းစဉ်ကို ရှင်းလင်းဟောကြားတော်မူ၏။ အနိစ္စသဘောကို ကိုယ်တိုင်ကိုယ်ကျသိရှိ ခံစားပြီး (ဥပဒါဝယ ဓမ္မိနော) ဖြစ်ပျက်ချုပ်ငြိမ်းခြင်းကို ခံစားရရှိပါသည်။ (ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ) သူသည် ပထမဆုံးအကြိမ်နိဗ္ဗာန်ကို မျက်မှောက်ပြု၍ သောတာပန်အဖြစ်ရောက်ရှိသည်။

ယင်းအချိန်တွင်ပင် သားအားရှာဖွေရန်ထွက်လာခဲ့သော ဖခင်ဖြစ်သူသည် သမင်ဥယျာဉ်သို့ ရောက်ရှိလာပါသည်။ ဗုဒ္ဓသည် ယသ၏ဖခင်ကိုပါ တရား ချီးမြှင့်တော်မူခဲ့ပါသည်။ ယသ၏ဖခင်သည်လည်း ဖြစ်ခြင်းပျက်ခြင်းတို့ကို သိရှိခံစားခဲ့ရပြီး သောတာပန်၌တည်သွားပါသည်။ ဖခင်ကို ဗုဒ္ဓတရားဟောနေစဉ် ယသသည် ဝိပဿနာတရားများကို ဆက်လက်ရှုမှတ်ပွားများသည်တွင်ပင် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သွားပါသည်။ ဤဖြစ်ရပ်များကို သိရှိလိုက်သော ယသ၏ဖခင်သည် လွန်စွာမှဝမ်းမြောက် ဝမ်းသာဖြစ်ပြီး ဗုဒ္ဓအား မိမိ၏အိမ်သို့ ဆွမ်းကပ်ရန်အလို့ငှာ ပင့်ဖိတ်၍ မိသားစုဝင် အားလုံး ဗုဒ္ဓ၏တပည့်သာဝကအဖြစ်ခံယူကြသည်။

ဗုဒ္ဓသည် ယသ၏မိဘများအိမ်သို့ကြွရောက်တော်မူပြီးလျှင် ယသ၏ မိခင်နှင့် ဇနီးတို့အား တရားတော်ကို ဟောပြောတော်မူရာ နှစ်ဦးစလုံး သောတာပန်အဖြစ်သို့ ရောက်ရှိကြပါသည်။ သုဇာတာဆက်ကပ်ခဲ့သော ယနာ နို့ဆွမ်းဒါနသည် လွန်စွာမှကြီးမားသော အကျိုးရလဒ်များကို ဖြစ်ထွန်းစေခဲ့ ပါသည်။

မြတ်စွာဘုရားနှင့် ပဥ္စဝဂ္ဂီ ၅ ပါးတို့၏နောက်၌ ယသသည် ခုနစ်ပါးမြောက်ရဟန္တာဖြစ်သည်။ မိခင်၊ ဖခင်နှင့်ဇနီးတို့မှာလည်း ပထမဦးစွာသော သောတပန်တပည့်များသာ ဖြစ်ကြပါသည်။

ကုန်သည်တစ်ဦး၏သားဖြစ်သော ယသ၏ မိတ်ဆွေငါးဆယ့်လေးယောက်တို့သည် ယသ၏ကြီးမားသော ဘဝပြောင်းလဲမှုများ သိရှိပြီးနောက် ယင်းတို့သည်လည်း ဗုဒ္ဓထံပါး၌ ရတနာသုံးပါးကို ခိုလှုံဆည်းကပ်ကြသည်။ ယင်းတို့အားလုံးသည်လည်း ရှေးပါရမီအပေါင်းတို့နှင့်ပြည့်စုံသူများဖြစ်ကြသည့်အားလျော်စွာ ဆင်းရဲခြင်း၊ ဒုက္ခအပေါင်းမှ လွတ်မြောက်၍ ရဟန္တာအဖြစ်သို့ ရရှိကြပြီး ဓမ္မဒူတရဟန္တာများဖြစ်ကြသည်။ ထိုအချိန်တွင် ဗုဒ္ဓ၊ ပဥ္စဝဂ္ဂီငါးဦးနှင့်ယသအပါအဝင်ကုန်သည် ၅၅ ဦး၊ စုစုပေါင်း ရဟန္တာခြောက်ဆယ့်တစ်ပါး ရှိသွားပြီဖြစ်ပါသည်။

ဗုဒ္ဓကိုအဆိုးမြင်ဝါဒသမားတစ်ဦးအဖြစ် စွပ်စွဲခဲ့ကြသော မသိနားမလည်သူတို့သည် ဤအမှန်တရားကိုသိရှိပါက ယင်းတို့၏မှားယွင်းသော စွပ်စွဲခြင်းတို့ကို ပြုလုပ်ကြမည်မဟုတ်ပါ။ နောင်သိရှိလာသည့်အခါတွင် ယင်းတို့နောင်တတရားရရှိကြပါလိမ့်မည်။

http://www.dhammadownload.com



http://www.dhammadownload.com

## ၂၇။ ဓမ္မတမန် ရဟန္တာများ တရားတော်ကို ဖြန့်ချိရန် ဒေသစာရီ လှည့်လည်ခြင်း

စင်ကြယ်သော ဓမ္မတရားတော်သည် အမှန်တရားကို အခြေခံကာ ကောင်းစွာဟောကြားတော် မူအပ်သော (**သွာက္ခာတော**) တရားတော်ဖြစ်၏။ မှားယွင်းသော လမ်းညွှန်မှုများ၊ ရှုပ်ထွေးသည့်ပဟေဠိများမရှိသည် (**သန္ဒိဋ္ဌိကော**) တရားတော်ဖြစ်၏။ အချိန်မဆိုင်းဘဲ အကျိုးရှိစေသည့် (**အကာလိကော**) တရားတော်ဖြစ်၏။ တရားတော်၏ အရသာကို တစ်ဆိတ်စာမျှ ခံစားမိလျှင် အခြားသူများကို မြည်းစမ်းရန် မခေါ်ဘဲ မနေနိုင်သော (**ဧဟိပဿိကော**) တရားတော်ဖြစ်၏။ ကျင့်ကြံသူအား လွတ်မြောက်ရာသို့ နီးကပ်သည်ထက် ပို၍ နီးကပ်သွားစေသည့် (**ဩပနေယျိကော**)တရားတော်ဖြစ်ပြီး ဉာဏ်ရှိသူတိုင်း တွေ့ကြုံခံစားရန် ထိုက်တန်လှသည့် (**ပစ္စတ္တံ ဝေဒိ တဗ္ဗေါ ဝိညူုဟိ**) ဟူသော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံသည့် တရားတော်ဖြစ်ပေ၏။

ဓမ္မအရသာကို ခံစားလိုက်ရသော သာမန်ယောဂီတစ်ယောက်သည်ပင် အခြားသူများကို တိုက်တွန်းလိုစိတ်များ ဖြစ်ပေါ်လာစေသည့်အတွက် အဦးဆုံး ရဟန္တာများဖြစ်ကြသော ခြောက်ကျိပ်သော ရဟန္တာများကိုကား ဆိုဘွယ်ရာ မရှိတော့ပါ။ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်လည်း တရားတော်ကို ဖြန့်ချိတော်မူလိုပေသည်။ သို့ဖြင့် ဗုဒ္ဓမြတ်စွာသည် သမင်များကျက်စားရာ ဣသိပတနတောင်၌ စမ္ပါယ်မူ၍ ပထမမိုးတွင်းကာလ လွန်မြောက်သော လပြည့်နေ့တစ်နေ့တွင် ခြောက်ကျိပ်သော ရဟန္တာများကို စုဝေးစေလျက် "ချစ်သားတို့ လူအပေါင်းကို အကျိုးဖြစ်ထွန်းစေရန်နှင့် ချမ်းမြေ့သာယာကြစေရန် ၎င်းတို့အား ငဲ့ညှာသော အားဖြင့် ဒေသစာရီ ကြွချီကြကုန်လော့"

**"စရထ ဟိ ဘိက္ခဝေ စာရိက၊ ဗဟုဇန ဟိတတ္တာယ၊ ဗဟုဇန သုခါယ"** ဟု တရားတော်ကို ဖြန့်ချိရန် စေလွှတ်တော်မူပါသည်။

"ဤလောက၌ ဒုက္ခဆင်းရဲကို ခံစားနေကြရသူအပေါင်းသည် များလှစွာ၏။ ထို့ကြောင့် အရေအတွက်အားဖြင့် အများဆုံးသော လူတို့က တရားတော်ကို နာယူနိုင်ကြမည့်ခရီးကို သွားကြပါလော့။ လူအများတို့အား တရားတော်ကို ဟောကြားရာ၌လည်း ကရုဏာထား၍ ပို့ချကြကုန်လော့"ဟူ၍ ဗုဒ္ဓမြတ်စွာက မှာကြားတော်မူပါသည်။

ခြောက်ကျိပ်သော ရဟန္တာတို့သည် များစွာသော လူအပေါင်းထံသို့ တရားတော်ကို ဖြန့်ဖြူးနိုင်ရန်အတွက် ခရီးတစ်ကြောင်းတည်းကို နှစ်ဦးမသွားကြဘဲ တစ်ဦးစီခွဲ၍ တစ်လမ်းစီသွားကြရန်ကိုလည်း (**မာဧကေ န ဒွေ အဂမိတ္ထ**)ဟု မှာတော်မူပါသည်။ တရားတော်ကို ဟောကြားကြရာ၌ စကားလုံးများ အရသာ မဟုတ်ဘဲ အနက်အဓိပ္ပါယ်အရလည်း ရှင်းလင်းဟောကြားရန်(**သာတ္ထံ သဗျဥ္ဇနံ**) ဟု မှာတော်မူ၏။ ဟောကြားရာ၌ ဥပမာ၊ ဥပမေယျတို့ဖြင့် တန်ဆာဆင်ရုံမျှမက ဟောကြားသူများကိုယ်တိုင်က တရားတော်အတိုင်း လိုက်နာနေထိုင်ကြောင်းကို သက်သေပြဟောကြားကြရန် (**ဗြဟ္မာ စရိယံ မကာ သေထ**) ဟု မှာတော်မူပါသည်။

ထပ်မံ၍ ဓမ္မတရားတော်သည် ဂိုဏ်းဂဏ တစ်ခုအတွက်မဟုတ်၊ သူခပ်သိမ်းတို့နှင့် စပ်ဆိုင်သော တရားတော်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားတော်အား "ဗုဒ္ဓဘာသာ တရား"ဟု မခေါ်ဘဲ "ဓမ္မ"ဟူ၍သာ ခေါ်ကြောင်းကို ရှင်းလင်းဟောကြားကြဘို့ဖြစ်ပြီး ဓမ္မသည် အစ၊ အလယ်၊ အဆုံး သုံးပါးလုံး ကောင်းမွန်ကြောင်း ဓမ္မ၏ အဓိပ္ပါယ်မှ သီလ၊ သမာဓိနှင့် ပညာတည်းဟူသော သိက္ခာသုံးရပ်ပင် ဖြစ်ကြောင်း ရှင်းလင်း ဟောကြားကြရန် မိန့်ကြားတော်မူပါသည်။

နောက်ဆက်တွဲ ➤ စာ-၂ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၂၈။ ဥရုဝေလရှိ တဲအတွင်းမှ ဒေါသထွက်နေသော မြွေဟောက်

များစွာသော လူအပေါင်းတို့၏ ရွှင်လန်းချမ်းမြေ့ခြင်းကို ဖြစ်ပွားစေခြင်း အကျိုးငှာ ဗုဒ္ဓမြတ်စွာသည် ရဟန္တာအပါး ၆၀ တို့ကို ဒေသအသီးသီးသို့ သာသနာပြုကြရန် စေလွှတ်တော်မူခဲ့၏။ ကိုယ်တော်တိုင်လည်းအလားတူ သာသနာပြုရန်အတွက် ထွက်တော်မူခဲ့ရာ ဥရုဝေလတောသို့ရောက်ခဲ့ပါပြီ။ နေရဥ္စရာမြစ် ကမ်းပေါ်၌ ဥရုဝေလ ကဿပဆရာကြီးသည် တပည့် ၅၀၀နှင့်အတူ နေထိုင်လျက် ရှိသကဲ့သို့ သူ၏ညီဖြစ်သော နဒီကဿပသည်လည်း မြစ်၏ အကြော အောက်ဘက်တွင် တပည့်ပေါင်း ၃၀၀ ဖြင့်လည်းကောင်း၊ နဒီကဿပ ၏ ညီ ဂါယာကဿပသည်လည်း တပည့်ပေါင်း ၂၀၀ နှင့်အတူ နေရဥ္စရာမြစ်၏ အောက်ဘက်တွင်နေထိုင်လျက်ရှိကြ၏။ သူတို့အားလုံးသည် ဆံပင်များကိုကျစ်ပြီး ဆံရှည်ထားကြသူများတည်း။ အားလုံးသည် မီးနတ်ကို ပူဇော်သော အယူရှိသူများ ဖြစ်သဖြင့် အချိန်မှန်မှန် မီးနတ်ပူဇော်ပွဲများ ကျင်းပကြသည်။

ဥရုဝေလ ကဿပနှင့် တပည့်အပေါင်းသည် အခြားရပ်သူရွာသားများနှင့် ရောနှောခြင်းမရှိဘဲ သီးခြားပရဝုဏ်တွင် နေထိုင်ကြခါ ထိုပရဝုဏ်အတွင်း၌ မီးနတ်ကို ပူဇော်ရာအဆောင်တစ်ခုထားကြသည်။ ဗုဒ္ဓမြတ်စွာကြွရောက်တော်မူသောအခါထိုအဆောက်အဦး၌ တည်းခိုခွင့်ပြုရန်ခွင့်တောင်း၏၊ဥရုဝေလကဿပ သည် မိမိတို့ကိုးကွယ်ရာနေရာတွင် သမဏတစ်ဦးကိုမထားလို၍ ထိုအဆောင် မအားလပ်ကြောင်း၊ သို့သော်အနီးအပါးရှိသည့် တဲတစ်လုံးတွင် တည်းခိုလိုက တည်းခို နိုင်ကြောင်း ညွှန်ပြလိုက်သည်။ ထိုတဲတွင် အလွန်အဆိပ်ပြင်းသော မြွေဟောက် တစ်ကောင်ရှိကြောင်း ထိုမြွေဟောက်သည် တဲအတွင်းသို့ လာသူ အားလုံးကို ပေါက်၍သတ်ခဲ့သဖြင့် သတိရှိရန်ကိုပါ သတိပေးလိုက်ပါသည်။

ဗုဒ္ဓမြတ်စွာက "ငါမကြောက်ပါ၊ ဒီမှာပဲငါတည်းမည်" ဟု ဆိုခါ ညနေစောင်း၌ တဲအတွင်းသို့ ဝင်တော်မူပါသည်။ ဝင်လိုက်သည်နှင့် တဲအတွင်းရှိ မြွေဟောက်ကြီး သည် ဒေါသထွက်ကာ ပါးပြင်းမားမား၊ ရှူးရှူးရှားရှားဖြင့် ခြိမ်းခြောက်တော့၏၊ ဗုဒ္ဓမြတ်စွာသည်မြွေဟောက်ကြီး၏ ဒေါသကိုအေးမြသော ဓမ္မတန်ခိုးတော်ဖြင့် ပြေပျောက်စေတော်မူခါ ဈာန်သမာပတ်ဝင်စားလျက် နေတော်မူ၏။

နောက်နေ့နံနက်မိုးလင်းသောအခါ ရွာသူရွာသားတို့သည် ရုပကာယ တင့်တယ်သော သမဏကြီးသည် ညကမြွေဟောက်ကြီးပေါက်၍ အသက် ပျောက်နေလောက်ပြီဟု ထင်မှတ်ခါတဲတံခါးကိုဖွင့်၍ ကြည့်လိုက်ကြသည်။ တဲ အတွင်း၌ တည်ငြိမ်ချမ်းမြေ့စွာ ဈာန်ဝင်စားနေသော ဗုဒ္ဓမြတ်စွာနှင့်တကွ ရှေ့တော်တွင် အေးမြသောမေတ္တာတော်၏ ရစ်ပတ်လွှမ်းခြုံခြင်းကို ခံနေရ၍ မလှုပ်မယှက်ငြိမ်သက်စွာ ခွေနေသောမြွေဟောက်ကြီးကိုတွေ့လိုက်ကြရာ အထူး အံ့အားသင့်သွားကြတော့၏။ လူအပေါင်းတို့လည်း ဗုဒ္ဓမြတ်စွာအား အဆိပ်ပြင်း သော မြွေဟောက်ကြီးအား ကြောက်ရွံ့ခြင်းရှိမရှိကို ဝိုင်း၍ မေးကြ၏။

ပညာအရာတွင် ပြီးမြောက်အပ်ပြီးဖြစ်သော၊ ကိလေသာတို့မှ အထူး ကင်းလွတ်တော်မူပြီးဖြစ်သော ဗုဒ္ဓမြတ်စွာသည် မည်သို့ကြောက်လန့်နိုင်အံ့နည်း။

**"ရဟန္တာမြတ်တွင် ဒေါသနှင့်ကြောက်ရွံ့ခြင်းဟူ၍ မြူမျှမရှိပါ။"** ဟု ဘာလဂီတတွင် အဆိုရှိပါသည်။

တစ်စုံတစ်ဦးသည် ဗုဒ္ဓမြတ်စွာအား ဒေါသဖြင့်ခြိမ်းခြောက်လာပါက ဗုဒ္ဓမြတ်စွာသည် အညီအမျှရှုတော်မူခြင်းဟူသော ဥပေက္ခာတရားတော်ဖြင့်သာ တုံ့ပြန်၏ ။ တပ်မက်မှုအားလုံးမှ လွတ်ကင်းသူဖြစ်၍ ကြေကွဲခြင်း ကြောက်ရွံ့ခြင်း တို့မှ ကင်းဝေး၏။ မေတ္တာနှင့် ကရုဏာမိုးတို့ကိုသာ ရွာသွန်းတော်မူ၏။

ဓမ္မပဒ ၊ ၂၁၅။

တပ်မက်မှုသည် ကြေကွဲမှုနှင့်ကြောက်ရွံ့မှုကိုဖြစ်စေ၏။ တပ်မက်မှုမရှိသော သူသည် ကြေကွဲမှုမဖြစ်နိုင်၊ ထို့ကြောင့် မည်သို့ကြောက်ရွံ့နိုင်ပါအံ့နည်း။

http://www.dhammadownload.com



http://www.dhammadownload.com

## ၂၉။ မိစ္ဆာအရဟာ

ကြွေးကြော်အဖြစ်အပျက် ဖြစ်ပြီးနောက် မြတ်ဗုဒ္ဓသည် အံ့ဖွယ်ရာ (miraculour) ဓမ္မစွမ်းအားဖြင့် (၁၄) မျိုးသောနည်းများကို တစ်ခုပြီး တစ်ခုပြသခဲ့သော်လည်း ဥရုဝေလကဿပသည် အထင်မကြီးပေ။ ဓမ္မအစွမ်းတစ်မျိုးကိုပြပြီးတိုင်း ဥရုဝလကဿပ မှတ်ချက်ချသည်မှာ - ဒီမြင့်မြတ်သော (samoa) သည် ဉာဏ်ပညာ ထက်မြက်သည်။ နတ်ဒေဝတာတို့ဖြစ်ဖွယ်စွမ်းအားတို့နှင့်လည်း ပြည့်စုံတော်၏- သို့သော်လည်း သူသည်ကျွန်ုပ်ကဲ့သို့ ရဟန္တာ (arahat) မဟုတ်ချေ။ သူသည် အာသဝေါတရားများမှ မလွတ်ကင်းသေးပေ။

ဥရုဝေလကဿပ၏ မိမိကိုယ်ကိုအထင်ကြီးမှုသည် မြတ်စွာဘုရားက မိမိထက်သာလွန်မြင့်မြတ်သောဂုဏ်ဟူသော အမှန်တရားကိုလက်ခံနိုင်ရန် တွန်းဆုတ်စေပါသည်။ သို့သော်လည်း နောက်ဆုံးတွင် သူ၏မာနများမှာ ပပျောက်သွားပါတော့သည်။ သူသည် အာသဝေါတရားကင်းသော ရဟန္တာ (arahat) မဟုတ်သောကြောင့် မြတ်ဗုဒ္ဓသည်သာလျှင် အာသဝေါတရားများ ကင်းစင်သော ရဟန္တာ (arahat) ဖြစ်ပါကြောင်းကိုလက်ခံပါသည်။ ရိုးသားဖြောင့်မတ်စွာဖြင့် ဥရုဝေလကဿပသည် တရားဓမ္မများကို သင်ယူလေ့လာခြင်းဖြင့် အာသဝေါတရားများကို ဖယ်ရှားနိုင်သောစစ်မှန်သည့် ရဟန္တာ (arahat) ဖြစ်ခဲ့ပါသည်။ သူ၏ တပည့်သား (၅၀၀) တို့သည် သူကဲ့သို့ပင် သင်ယူမှတ်သား၏ခြင်းဖြင့် တူညီသောအကျိုးကျေးဇူးများကို ရရှိကြရပါသည်။ သို့ဖြစ်ပါ၍ မြတ်ဗုဒ္ဓ၏ မွန်မြတ်ကောင်းမွန်သော အဆုံးအမတို့ကြောင့် (၅၀၁)သော ဆံရှည်ရသေ့များသည်လည်း (smaoa) အဖြစ်ခံယူကာ လိုအပ်သလို ဝီရိယအား ထုတ်မှုကြောင့် ရဟန္တာ (arahat) များ ဖြစ်သွားကြပါသည်။


ယခုအခါ ဥရုဝေလကဿပသည် မည်သူသည် ရဟန္တာ (arahat) အစစ်အမှန် (sthitaprajna) (ပညာနှင့်ပြည့်စုံသူ) ဖြစ်သည်ကို သိမြင်သွားပါသည်။

လူတစ်ဦးတယောက်သည်အတွင်းအထုံး၊ အပြင်အထုံးများနှင့်ချည်နှောင်ရစ်ပတ်နေသမျှ မည်သို့ပင်ဟန်ဆောင်နေစေကာမူ ရဟန္တာဘဝ (arahathood) မှ အလွန်ဝေးကွာလှပါသည်။ ရဟန္တာဘဝ (arachathood) ရရှိနိုင်ရန် ထိုသူသည် ပြင်းထန်သောဖွဲ လုံ့လ၊ ဝီရိယ စိုက်ထုတ်ရပေမည်။

ပညာရှိပုဂ္ဂိုလ်သည် ပထမဆုံး မိမိကိုယ်မှာ သီလနှင့်ပြည့်စုံအောင် ပြုလုပ်ရမည်။ သို့သော် သီလတစ်ခုတည်းဖြင့် မိမိတို့၏ နောက်ဆုံးပန်းတိုင်သို့ မပို့ဆောင်ပေးနိုင်ပါ၊ သီလနှင့် ပြည့်စုံပြီးလျှင် တည်ငြိမ်သောစိတ်ဖြင့် သမာဓိ (တည်ကြည်မှု) နှင့် ပညာ (ဉာဏ်)တို့ကို ဆက်လက်ကျင့်ရပါပေမည်။ စဉ်ဆက်မပြတ် တလစပ်လက်တွေ့ပိုင်းမှာ ကျင့်ကြံအားထုတ်ရမည်ဖြစ်ပါသည်။ တရားအားထုတ်မှုမှာ မရပ်မနားကြိုးစားမှုမရှိဘဲနှင့် ထိုသူသည် သမာဓိ၊ ပညာတို့နှင့် မပြည့်စုံနိုင်ပေ။

အဆက်မပြတ် ကျင့်ကြံအားထုတ်မှုရှိမှသာ လောဘ၊ ဒေါသ၊ မောဟတို့မှ လွတ်မြောက်နိုင်ပါမည်။ ထိုအခါမှသာလျှင် အာသဝေါကုန်ခမ်းသော ရဟန္တာ (arahat) ဖြစ်ပြီး အတွင်းထုံးအပြင်ထုံးတို့၏ ရစ်ပတ်ချည်နှောင်မှုမှ လွတ်ကင်းသွားပေမည်။ (၅၀၁) သော ဆံရှည်ရသေ့များလည်း သီလဆောက်တည်ပြီး သမာဓိ ထူထောင်သဖြင့် ပညာနှင့်ပြည်စုံသွားပြီးနောက် ရဟန္တာများဖြစ်သွားကြပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com

## ၃၀။ သစ္စာအရဟာ

စိတ်အတွင်းမှာလည်း အထုံးများ၊ အပြင်မှာလည်းအထုံးများမှ တပါးဘာမှုမရှိ၊ အားလုံးသော လူအပေါင်းတို့သည် ရစ်ပတ်နှောင်ဖွဲ့မှု အထုံးများနှင့် ဆင်းရဲစွာချည်နှောင်ခံနေရပါသည်။ သို့ဖြစ်ပါ၍ ဗုဒ္ဓမြတ်စွာသည် ဤအထုံးအဖွဲ့များမှ ဖြေရှင်းနိုင်မည့်နည်းကို ညွှန်ပြသည်။

သီလနှင့်ပြည့်စုံပြီး ပညာရှိသောပုဂ္ဂိုလ်သည် သမာဓိနှင့်ပညာကို ကျင့်ရပါမည်။ ထိုကဲ့သို့ကြိုးစားအားထုတ်ပြီး အမှားအမှန် ဝေဖန်ပိုင်းခြားသိမြင်သောဘိက္ခုသည် သာလျှင်ရစ်ပတ်နှောင်ဖွဲ့မှုအထုံးတို့ကို ဖြေရှင်းနိုင်ပါမည်။ လောဘ၊ ဒေါသ မောဟတို့ကိုအပြီး တိုင်ချေမှုန်းပြီး ရဟန္တာ (arahat) ဖြစ်သောပုဂ္ဂိုလ်၊ အာသဝေါတရားကို လောင်မီးငြိမ်းပြီးသော ပုဂ္ဂိုလ်တို့သည်သာလျှင် မိမိတို့၏ အထုံးအဖွဲ့များကို ဖြေရှင်းနိုင်ပါမည်။

ကျင့်စဉ်နည်းစံနစ် အဆင့်အတိုင်းကို သေချာကောင်းမွန်စွာ နားလည်ပြီး ဝိပဿနာတရားကို အားထုတ်သွားကြသော ဥရုဝေလကဿပနှင့် သူ၏တပည့် (၅၀၀) တို့သည်လည်း မကြာမီကာလတွင် အထုံးအဖွဲ့များမှ အပြီးတိုင် လွတ်မြောက်သွားကြပါသည်။ သူတို့သည် ဆံကျစ်အထုံးအဖွဲ့များကိုလည်း ဝန်ထုပ်ဝန်ပိုးဟု စတင်တွေ့မြင်လာကြခါ သူတို့အားလုံးသည် ဆံထုံးများကို ရိုက်ပတ်ဖြတ်တောက်ကာ နေရဉ္ဇရာမြစ်အတွင်း မျှောလိုက်ပြီး ဗုဒ္ဓမြတ်စွာ၏ သစ္စာရှိသော တပည့်သားများဖြစ်သွားကြပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com

# ၃၁။ မါဂဓတိုင်းသို့ ပြန်လည်ကြွရောက်တော်မူခြင်း

ဘုရားအလောင်းသိဒ္ဓတ္ထသည် မိမိ သဗ္ဗညုတဉာဏ်တော်ကိုရသည့်အခါတွင် မါဂဓတိုင်း ရာဇဂြိုဟ်မြို့သို့ ကြွရောက်လာမည်ဟု ဗိမ္ဗိသာရမင်းကြီးအား ဂတိပေးခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် သံဃာအပါး ၁၀၀၃ ပါးတို့နှင့်အတူ ရာဇဂြိုလ်မြို့သို့ ကြွချီတော်မူသည်။ ဤသတင်းကိုကြားသိရသော ဗိမ္ဗိသာရမင်းကြီးသည် တိုင်းသူပြည်သားများနှင့်အတူ ဗုဒ္ဓမြတ်စွာကို သွားရောက် ကြိုဆိုလေသည်။

များစွာသော မါဂဓတိုင်းသားများသည် ဥရုဝေလကဿပ၏ တပည့်များဖြစ်ကြသည်။ သူတို့စိတ်တွင် မရှင်းမလင်းဖြစ်ရသည်။ အကြောင်းမှာ ဂေါတမရဟန်းသည် ဥရုဝေလကဿပ၏တပည့်လော၊ သို့မဟုတ် ဥရုဝေလကဿပသည် ၎င်း၏ ဦးခေါင်းကိုရိတ်ပြီး ရဟန်းဂေါတမ၏တပည့်ဖြစ်သွားပြီလောဟူ၍ တွေးတောကြသည်။


ဤအကြောင်းကို ဗုဒ္ဓမြတ်စွာက ဥရုဝေလကဿပအား မေးမြန်းပြရာတွင် ၎င်းက လက်အုပ်ချီရှိခိုးကန်တော့ကာ " ကျွန်ုပ်သည် ဗုဒ္ဓမြတ်စွာ၏ တပည့်ဖြစ်ပါသည်။ အိမ်ထောင်ရှင်ဘဝကိုစွန့်လွှတ်ပြီး ရသေ့အဖြစ်ခံယူပြီးသော်လည်း ကာမဂုဏ် အာရုံတို့ကို ပယ်သတ်နိုင်ခြင်းမရှိခဲ့ပါ။ နောက်ဘဝတွင် နတ်ပြည်သို့ရောက်ခါ နတ်စည်းစိမ် ကာမဂုဏ်တို့ကို ခံစားနိုင်ရန်အမျိုးမျိုးသော ပူဇော်မှုများလည်း လုပ်ခဲ့ပါသည်။ သို့သော် ဗုဒ္ဓမြတ်စွာနှင့်တွေ့ပြီး ဗုဒ္ဓမြတ်စွာ၏ အဆုံးအမများကြောင့် ကျွန်ုပ်သည် ကာမဂုဏ်စိတ်များကို ပယ်သတ်နိုင်ခဲ့ယုံမျှမက လောဘ၊ ဒေါသ၊ မောဟ နှင့်မောဟအရင်းခံသည့် အတ္တကိုလည်း ပယ်သတ် နိုင်ခဲ့ပါသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည်သာလျှင် အကျွန်ုပ်၏မဟာဂရုဏာရှင် ဆရာသမားဖြစ်ပြီး ကျွန်ုပ်သည်လည်း ကျေးဇူးတရား သိတတ်သောတပည့် ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမကြောင့် ကျွန်ုပ်သည် သီလ၊ သမာဓိ၊ ပညာ၌ တည်နိုင်ပြီး ပညာ၌မြဲမြံသော ရဟန္တာအဖြစ်ကို ရရှိပါသည်။ ယခုကာမဂုဏ် အာရုံတို့အတွက် ယဇ်ပူဇော်ခြင်းများမပြုလုပ်သည့်အပြင် ကာမဂုဏ်တို့ကိုလည်း တပ်မက်သော စိတ်စိုးစဉ်းမျှမရှိတော့ပါ။ အမြစ်မျှမကျန် ပယ်နှုတ်ပြီးဖြစ်သည်။ အတ္တအယူဝါဒ မရှိတော့ပါ။ ငါ၊ ငါ၏ တပည့်ဟုစွဲလန်းခြင်းကင်းပြီး ငါ၊ ငါ့ဟာ ဟူသော စွဲလန်းခြင်းကြောင့် မငြိမ်သက်ခြင်းများလည်း ကင်းစင်သွားပြီး အေးငြိမ်းခြင်းကို ခံစားရသော ပညာ၌တည်သော ရဟန္တာအဖြစ်ခံစားနေရပါသည်။"

ထိုအခါမှ ဗိမ္ဗိသာရမင်းကြီးနှင့် တိုင်းသူပြည်သူတို့သည်လည်း ၎င်းတို့၏ တိုင်း၌ လွန်စွာကျော်ကြားပြီးလေးစားရသော ဥရုဝေလကဿပသည် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမကို လိုက်နာပြီးရဟန္တာအဖြစ်သို့ ရောက်ရှိသွားကြောင်း သိရှိကြလေသည်။

မင်းကြီးသည် ဗုဒ္ဓနှင့်တပည့်သံဃာများအား ဆွမ်းပင့်ဖိတ်သည်။ ဆွမ်းဘုန်းပြီးသောအခါ ဘုရင်ကြီးနှင့်တကွ မင်းမိသားစု၊ နန်းတွင်းခစားသူများ အားလုံးကို တရားချီးမြှင့်တော်မူသည်။ မင်းကြီးသည် ဗုဒ္ဓမြတ်စွာနှင့် တပည့်သံဃာတို့ကို ရာဇဂြိုလ်မြို့၌ ဆက်လက်သီတင်းသုံးနေစေလိုသော ဆန္ဒရှိသဖြင့် ဝေဠုဝန်ဉယျာဉ်ကို အလှူခံတော်မူပါရန် ရိုသေလေးစားစွာ လျှောက်ထားတော်မူသည်။ သို့ဖြင့် ဝေဠုဝန်ဉယျာဉ်သည် ဗုဒ္ဓမြတ်စွာနှင့်ရဟန်းများအတွက် ပထမဆုံးသော စံကျောင်းတော်ကြီးဖြစ်လာသည်။

ဗုဒ္ဓမြတ်စွာသည် ဤဝေဠုန်ဝန်ကျောင်းတော်ကြီး၌ ဒုတိယဝါကပ်တော်မူသည်။

http://www.dhammadownload.com



http://www.dhammadownload.com

# ၃၂။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်

ဥပတိဿနှင့်ကောလိတတို့သည် ငယ်စဉ်တောင်ကြေး ခလေးဘဝကတည်းက သူငယ်ချင်းများဖြစ်ကြပြီး နောင်တွင်သူတို့နှစ်ဦးသည် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်ဟုကျော်ကြားလာသည်။ သူတို့ငယ်စဉ်ကပင် လူ့ဘောင်ကြီးကို စွန့်ခွာပြီး ရဟန်းဝတ်လိုစိတ် ဖြစ်ပေါ်လာခဲ့ကြသည်။ သူတို့သည် သစ္စာတရားရှာဖွေရန်အတွက် နေရပ်မှ ထွက်ခွာခဲ့ကြသည်။ သူတို့၏အမြင်တွင် မွေးဖွားလိုက်သေဆုံးလိုက်နှင့် အဆက်မပြတ် လည်ပတ်နေသော သံသရာကြီးသည် ဆင်းရဲအတိဖြစ်နေသည်။ သူတို့သည် ထိုသံသရာမှ လွတ်မြောက်နိုင်သော တရားကို ရှာလိုကြသည်။

သူတို့၂-ဦးသည် နာလန္ဒရွာမှဖြစ်ပြီး အမှန်တရား ရှာဖွေရန်အတွက် ထွက်ခွာလာခဲ့ကြရာ မာဂဓတိုင်း ရာဇဂြိုဟ်မြို့တော်သို့ ရောက်လာခဲ့ကြသည်။ သူတို့သည် သိဉ္စည်းဟုအမည်ရသော ပရိဗိုဇ်ဆရာကြီးထံတွင် ပညာသင်ယူကြသည်။ သို့သော် ကျေနပ်မှု မရကြချေ။

တစ်နေ့သော် ဥပတိဿသည် ရာဇဂြိုဟ်မြို့တွင်းသို့သွားရောက်ခဲ့ရာ ဆွမ်းခံကြွဝင်လာသည့် ရဟန်းတစ်ပါးကို တွေ့မြင်လေ၏။ ဥပတိဿသည် ထိုရဟန်း၏ ကြည်လင်ဝင်းပသောမျက်နှာတော်၊ တည်ငြိမ်သော ဟန်ပန် အမူအယာတို့ကို တွေ့မြင်သောအခါ အထူးပင်လေးစားမိလေ၏။ ဣရိယာပုတ်မှာ ငြိမ်းချမ်းပြီး သိမ်မွေ့သည်။ ထိုအခါ ဥပတိဿက ဤရဟန်းသည် ရဟန္တာအဖြစ်သို့ ရောက်ရှိပြီးသူ ဧကန်ဖြစ်လတ္တံ့ဟု ယုံကြည်သွားသည်။ မှန်၏။ ဤရဟန်းမှာ အရှင်အဿဇိဖြစ်သည်။ ဓမ္မစကြာတရားကို နာကြားပြီး ရဟန္တာအဖြစ်သို့ရောက်ရှိသွားကြသော ဘုရားရှင်၏ ပထမဦးဆုံး တပည့်များဖြစ်ကြသည့် ပဥ္စဝဂ္ဂီငါးပါးအနက် တစ်ပါးဖြစ်၏။ ဥပတိဿသည် ထူးခြားမှုရှိလှသော ရဟန်းနှင့်စကားပြောလိုစိတ် ပေါ်ပေါက်လာ၏။ သို့ရာတွင် မထေရ်မြတ် ဆွမ်းစားပြီးမှ စကားပြောဆိုခြင်းအမှုကို ပြုလုပ်သင့်၏ဟုသဘောပိုက်ပြီး နောက်မှ လိုက်သွားလေသည်။ နေရာတစ်နေရာတွင် အရှင်အဿဇိဆွမ်းစားပြီးသည်အထိ စောင့်ဆိုင်းသည်။ ထို့နောက် ဥပတိဿက အရှင်အဿဇိအား အရှင်၏ ဆရာသည် မည်သူဖြစ်ပါသနည်း၊ မည်သည့်တရားကို ဟောကြားပါသနည်း စသည်တို့ကို မေးမြန်းလေသည်။

ထိုအခါ အရှင်အဿဇိက သူ၏ဆရာမှာ သမ္မာသမ္ဗုဒ္ဓသကျမုနိဂေါတမဖြစ်ကြောင်း၊ လောလောဆယ် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးလျက်ရှိကြောင်း၊ ဟောကြားသောတရားကား အလွန်နက်နဲသောတရားဖြစ်သဖြင့် ဘုရားရှင်ထံတော်မှ တိုက်ရိုက်နာယူခြင်းသည် သင့်လျော်ကြောင်း ဖြေဆိုလိုက်သည်။ သို့သော်လည်း ဥပတိဿက အရှင်အဿဇိအား ဘုရားရှင်၏ တရားတော်ကို အကျဉ်းချုပ်မျှပင်ဖြစ်စေကာမူ သူ့အားဟောကြားပေးရန် တောင်းပန်လျှောက်ထားလိုက်သည်။

ဤသို့တောင်းပန်သည့်အခါ အရှင်အဿဇိမထေရ်မြတ်က တိုတိုတုပ်တုပ် ရှင်းပြသည်မှာ ဖြစ်ပေါ်လာသမျှသော တရားတို့တွင် အခြေခံအကြောင်းရင်းရှိကြသည်။ ဘုရားရှင်သည် ထိုအကြောင်းရင်းကိုလည်းကောင်း၊ ထိုအကြောင်းရင်းတို့၏ ချုပ်ငြိမ်းရာကိုလည်းကောင်း ဟောကြားတော်မူအပ်သည်။ ဤသည်ကား မြတ်စွာဘုရား၏တရားတော်ပင် ဖြစ်ချေသည်။

ဥပတိဿသည် ဉာဏ်ပညာကြီးမားသူဖြစ်ရကား အမြွက်မျှကို နာယူရလျှင်ပင် တရားတော်ကို ကောင်းစွာသဘောပေါက်သွားသည်။ ဗုဒ္ဓရှင်တော်မြတ်က ဒုက္ခဆင်းရဲခြင်း၊ ဆင်းရဲခြင်းဖြစ်ပေါ်ရ သည့် အရင်းခံကြောင်း၊ မွေးဖွားမှု

နောက်ဆက်တွဲ ➤ စာ-၃ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၃၃။ ခေမာမိဖုရား

အလွန်လှပသော သာဂလပြည်၏ မင်းသမီးခေမာသည် မါဂဓဘုရင် ဗိမ္ဗိသာရ၏ မိဖုရားခေါင်ဖြစ်သည်။ ခေမာမင်းသမီးသည် အလှမာန်တက်နေသူတစ်ဦး ဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် သူမ၏အလှကို ချီးမွမ်းတော်မမူသဖြင့် ဗုဒ္ဓမြတ်စွာကို သူသည်ဖူးမျှော်လိုသည့် ဆန္ဒမရှိခဲ့။

ဗုဒ္ဓမြတ်စွာ၏ တရားတော်များကို ကျင့်ကြံအားထုတ်သဖြင့် ဗိမ္ဗိသာရမင်းကြီးသည် အေးငြိမ်းချမ်းသာမှုများစွာခံစားရသည်။ သို့ဖြစ်၍ ဘုရင်ကြီးသည် ခေမာမိဖုရားအပါအဝင် မိမိ၏မိသားစုဝင်များကို ငြိမ်းအေးမှုလမ်းစဉ်ကို လိုက်နာစေလိုသည်။ သို့သော်လည်းမင်းကြီးသည် ဗုဒ္ဓမြတ်စွာကို ခေမာမိဖုရားက လွန်စွာမနှစ်မြို့ကြောင်းသိ၍ အခက်တွေ့နေသည်။

ခေမာမိဖုရားသည် ဂီတကိုမြတ်နိုးသူဖြစ်သည့်အလျောက် ဝေဠုဝန်၏အလှကို သီကုံးစပ်ဆိုစေပြီး အဆိုကျော်များကို သီဆိုစေခဲ့သည်။ ဝေဠုဝန်ဉယျာဉ်သည် နတ်ဘုံတမျှသာယာသည်ဟုကြားသိရသည့်အခါတွင် ခေမာမိဖုရားသည် သွားရောက်ပျော်ပါးလိုသော ဆန္ဒဖြစ်ပေါ်လာ၏သို့ရာတွင် ဗုဒ္ဓနှင့်မတွေ့ဆုံမိ စေရန် ဗုဒ္ဓဆွမ်းခံကြွသွားသည့်အခါတွင် သွားရန် ရည်မှန်းသည်။ ခေမာမိဖုရား၏ဆန္ဒအတိုင်း ဗိမ္ဗိသာရမင်းကြီးသည်လိုအပ်သည့် အစီအစဉ်များကို လုပ်ဆောင်၍ မိဖုရားကိုမောင်းမမိသံတို့နှင့် အတူဝေဠုဝန် ဉယျာဉ်သို့သွားရန် စေလွှတ်သည်။

ခေမာမိဖုရားသည် ဝေဠုဝန်ဉယျာဉ်၏သာယာလှပမှုများကို လှည့်လည်ကြည့်ရှုရင်း အချိန်များကုန်မှန်းမသိ ကုန်လွန်သွားခဲ့လေသည်။ ယင်းအချိန်တွင် ဗုဒ္ဓနှင့်ဘိက္ခုများဉယျာဉ်တွင်းသို့ ပြန်လည်ကြွရောက်ရှိလာသည်။ ခေမာမိဖုရားသည် သစ်တစ်ပင်ရင်းတွင် သီတင်းသုံးနေတော်မူသော ဗုဒ္ဓရှေ့မှောက်သို့ ရောက်ရှိလာရာ သူမ မဆုံတွေ့လိုသူနှင့် ပက်ပင်းဆုံတွေ့ရလေသည်။ ဗုဒ္ဓမြတ်စွာသည် မဟာကရုဏာတော်ဖြင့် ခေမာကို ရှုတော်မူသည်။ ခေမာမိဖုရားသည် တပ်မက်သော တဏှာစိတ်များ ပြည့်နှက်နေသော မျက်လုံးများကိုသာမြင်ဖူးသူဖြစ်သည်။ ယခုသော် တပ်မက်သောတဏှာစိတ်တို့ စိုးစဉ်းမျှမတွေ့ရပေ။ ဗုဒ္ဓမြတ်စွာသည် တစ်ကြိမ်တည်းသာ ခေမာကို ကြည့်ရှုပြီးစိတ်ဝင်စားမှုမရှိသည်ကို ပြသတော်မူလိုက်သည်။ မြင်သူတကာ ကြည့်ရှုငေးမောခြင်းကိုသာ ခံခဲ့ရသော အလှမာန်တက်နေသည့် ခေမာသည် ဤသည်တွင် သည်းမခံနိုင်သော စိတ်များလွန်စွာဖြစ်ရသည်။

ဗုဒ္ဓမြတ်စွာသည် ခေမာမိဖုရားနာယူသဘောပေါက်နိုင်သော တရားကို ချီးမြှင့်တော်မူသည်။ မဟာကရုဏာရှင် ဗုဒ္ဓမြတ်စွာသည် နတ်သမီးတမျှလှပသူတစ်ဦးက မြတ်စွာဘုရားအား ယပ်ခပ်ပေးနေပုံကို ခေမာမိဖုရားမြင်စေရန် တန်ခိုးတော်ဖြင့် ဖန်ဆင်းပြသတော်မူသည်။ ဤအချင်းအရာကိုမြင်သော ခေမာသည် အထိတ်တလန့်ဖြစ်ကာ ဤမျှတင့်တယ်လှပသော နတ်သမီးများခစားခြင်းကို ခံရသောပုဂ္ဂိုလ်က မိမိအားကြည့်ရှုမည်မဟုတ်ကြောင်း အတွေးဝင်လာတော့သည်။

မကြာမီကာလအတွင်းမှာပင် လှပတင့်တယ်သော နတ်သမီးသည် တဖြည်းဖြည်း အိုမင်းလာသည်ကိုတွေ့မြင်ရသည်။ လှပသောမျက်နှာနှင့် ခန္ဓာကိုယ်တစ်ခုလုံးလည်း အရေပြားများတွန့်၍ ပုံပန်းသဏ္ဌာန် ယိုယွင်းသွားသည်။ ရုပ်ချည်းအရိုးစု ပုံသဏ္ဌာန်ဖြစ်ပေါ်သွားပြီး ခါးများကိုင်းညွတ်လာခါ ပုံလဲကျသွားသည်။ ပြီးနောက်အသက်ရှုလည်းရပ်ပြီး ဘုံးဘုံးလဲခါ သေဆုံးသွားသည်။

http://www.dhammadownload.com



http://www.dhammadownload.com

# ၃၄။ ကပိလဝတ်သို့ ဗုဒ္ဓကြွတော်မူခြင်း

ဘုရင်သုဒ္ဓေါဒနသည် သူ၏သားတော် သိဒ္ဓတ္ထမင်းသား ဗုဒ္ဓဖြစ်တော်မူကြောင်း၊ ဓမ္မဟူသော စက်ကို နှိုးလိုက်ပြီဖြစ်ကြောင်း၊ ကဿပ ညီနောင်များသည် နောက်လိုက်နောက်ပါ အားလုံးနှင့်အတူ ဗုဒ္ဓအရိပ်ကို ခိုလှုံလိုက်ကြကြောင်း၊ မာဂဓဘုရင် ဗိမ္ဗိသာရသည် သူပိုင် အုံ့ဖွယ်ဝါးဥယျာဉ် (ဝေဠုဝန်)ကို လှူဒါန်းလိုက်ပြီဖြစ်ကြောင်းကြားသိရ၏ ။

ဤမျှ တိုတောင်းလှသည့်ကာလအတွင်း သူ့၏သားတော် ထိုမျှကြီးကျယ်မြင့်မြတ်သည့်အဖြစ်ကို ကြားသိရသဖြင့် ခမည်းတော်အလွန်ပင် ဝမ်းသာပီတိဖြစ်ရ၏။ သူ့သားတော်ကို ဖူးချင်စိတ်ပြင်းပြလာ၏။ သို့နှင့် ဝန်ကြီးကိုးယောက်ကို တစ်ယောက်ပြီး တစ်ယောက်စေလွှတ်ပြီး သားတော်ကို ပင့်လေ၏။ သို့သော် တစ်ယောက်မျှ မစွမ်းဆောင်နိုင်ချေ။ နောက်ဆုံးသူ့အမတ်ကြီး၏ သားတော် ကာလုဒါယီကို စေလွှတ်၏။ ကာလုဒါယီကား ဗုဒ္ဓနှင့် ဖွားဘက်တော်ဖြစ်သည်။ ကာလုဒါယီပင့်သောအခါ ဗုဒ္ဓမြတ်စွာကြွတော်မူ၏။

ကပိလဝတ်ကို ကြွရောက်လာပြီးနောက် နံနက်စောစော နောက်လိုက် သံဃာတော်များနှင့်အတူ တစ်အိမ်ပြီးတစ်အိမ် ဆွမ်းခံကြွတော်မူသည်။ လူအများကုသိုလ်ကောင်းမှုပြုခွင့်ရရန် ဖြစ်သည်။ ဤသတင်းကို ခမည်းတော် သုဒ္ဓေါဒနကြားသော် နှလုံးမသာမယာ ဖြစ်ရ၏။ သို့နှင့် ဗုဒ္ဓမြတ်စွာနှင့်နောက်ပါ သံဃာတော်တို့ကို အဆောတလျှင် ပင့်၍ ဆွမ်းကပ်၏။ ဘုရင့်အနွယ်တော်အားလုံးလည်း လာရောက် ဖူးမြော်ကြ၏။ ယသောဓရာကား မလာချေ။ စကားသာပါးလိုက်၏။ အကယ်၍ သူမတွင် မြင့်မြတ်သည့် အရည်အသွေးများ၊ အင်္ဂါရပ်များရှိပါက ဗုဒ္ဓမြတ်စွာသည် သူမထံသို့ ဖူးမျှော်ခံရန် ကြွလာမည်။ ထိုအခါကျမှ သူမ ဦးခိုက်မည် ဟူ၍ဖြစ်သည်။

သေချာ၏။ ယသောဓရာမှာ မွန်မြတ်သော အရည်အသွေး အမြောက်အမြားရှိ၏။ သို့ဖြစ်၍ ဗုဒ္ဓမြတ်စွာသည် အမှန်ပင် ယသောဓရာ၏ အဆောင်သို့ ကြွလေသည်။

ယသောဓရာကား မိန်းမမြတ်တစ်ဦးလည်းဖြစ်ပြီး၊ သစ္စာရှိသည်၊ မိမိ ခင်ပွန်းအပေါ် ရိုကျိုး မြတ်နိုးသည်။ သိဒ္ဓတ္ထမင်းသားသည် အကြင်နာတရား ကင်း၍ ညှာတာစာနာမှုမရှိဟူ၍လည်းကောင်း၊ မင်းသားစွန့်ခွာသွားသဖြင့် ယသောဓရာ ကြေကွဲဝမ်းနည်းရသည် ဟူ၍လည်းကောင်း ဝေဖန်ကြသည်။ ပိဋကတော် အဆူဆူမှာ ထိုသို့ ယသောဓရာနှလုံးမသာမယာဖြစ်ရသည်ဟူ၍ မပါချေ။

သိဒ္ဓတ္ထမင်းသားသည် တောထွက်သည့်အခါ ယသောဓရာကို နှိုးပြီး အသိပေးခဲ့ခြင်း မရှိသည်ကမူ အမှန်။ အကြောင်းကား ရှင်း၏။ ယသောဓရာက တငိုငို တရယ်ရယ်လုပ်ကာ သိဒ္ဓတ္ထမင်းသားကို ကဖျက်ယဖျက်ပြုမည်ကား မဟုတ်ချေ။

သားတော်ရာဟုလာနိုးလာပါက ခမည်းတော်သုဒ္ဓေါဒနနှင့် မယ်တော်မဟာပဇာပတိ နိုးမည်။ ထိုသို့သော အခြေအနေမျိုးမှာ သိဒ္ဓတ္ထ နန်းတော်က ထွက်ခွာဖို့ ခက်ပေမည်။

ယသောဓရာဘက်မှ ကြည့်သော် သိဒ္ဓတ္ထတောထွက်ခြင်းသည် (အိမ်ယာစွန့်ခြင်းသည်) မမျှော်လင့်ဘဲ ဖြစ်လာသည့် အဖြစ်မဟုတ်ပေ။ သူတို့နှစ်ယောက်လုံးသည် ရွယ်တူဖြစ်၏။ တစ်ဆယ့်သုံးနှစ်ကြာ ကြည်ကြည်နူးနူး သင့်သင့်မြတ်မြတ် နေခဲ့ကြ၏။ တစ်ဦး၏စိတ်သဘောကို တစ်ဦးသိကြသည်သာ။

နောက်ဆက်တွဲ ➤ စာ-၄ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၃၅။ ယသောဓရာသည် သားတော်ရာဟုလာအား ဗုဒ္ဓမြတ်စွာအကြောင်းပြောပြခြင်း

ယသောဓရာမင်းသမီးသည် သားတော်ရာဟုလာအား သံဃာတော်အပေါင်းနှင့် ဆွမ်းခံကြွလာတော်မူသော ဗုဒ္ဓမြတ်စွာဘုရားကို ညွှန်ပြ၍ အောက်ပါအတိုင်း ပြောကြားပါသည်။

**ဓသ ဟိ တုယှံ ပိတာ နရသီဟော၊**

သားတော်ရာဟုလာ၊ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်စွာဖြင့် ရှေ့မှ ကြွလှမ်းတော်မူသော အရှင်မြတ်သည် သားတော်၏ ခမည်းတော်ပေတည်း။

**အာယတယုတ္တသုသဏ္ဌိတ နာသော**

အရှင်မြတ်၏မျက်နှာတော်တွင် ရှည်လျား၍ ကောင်းမွန်စွာ တည်အပ်သော နှာတံရှိတော်မူပါသည်။

**ဂေါပမုခေါ အဘိနီလ သုနေတ္တော၊**

အရှင်မြတ်တွင် နွားနီငယ်၏မျက်လုံးတို့ကဲ့သို့ ညိုမှောင်ပြီး တင့်တယ်သော မျက်လုံးတော်များရှိတော်မူပါသည်။

**ဣန္ဒဓနူအဘိနီလ ဘမုကော၊**

အရှင်မြတ်၏မျက်လုံးတော်များအထက်၌ လေးကိုင်းကဲ့သို့ ကွေးညွတ်နေသော မျက်ခုံးများလည်း ရှိတော်မူပါသည်။

**ဝဋ္ဋ သုဝဋ္ဋ သုသဏ္ဌိတဂီဝေါ၊**

သပ္ပါယ်စွာသော အရေးအကြောင်းတို့ဖြင့် လှပစွာ လုံးဝန်းနေသော လည်တိုင်လည်း ရှိတော်မူပါ၏။

**သီဟဟနူ မိဂရာဇ သရီရော၊**

အရှင်မြတ်၏မေးတော်သည် ခြင်္သေ့မင်း၏မေးကဲ့သို့ ခိုင်မာတော်မူ၏။

**ကဥ္စနသုစ္ဆဝိဥတ္တမဝဏ္ဏော**

အရှင်မြတ်၏အသားအရေတော်သည် ကောင်းမြတ်တော်မူ၍ ရွှေအဆင်းကဲ့သို့ ဝါဝင်းလျက် ရှိပါသည်။

**အဥ္စနဝဏ္ဏသုနီလ သုကေသော၊**

အရှင်မြတ်၏ဆံကေသာသည် ညိုမှောင်လျက် ရှိတော်မူပါသည်။

**ကဥ္စန ပဋ္ဋ ဝိသုဒ္ဓ နလာဋော၊**

အရှင်မြတ်၏ နဖူးတော်သည် ရွှေပြားကို ပတ်ထားဘိသကဲ့သို့ သပ်ရပ်၍ ရွှေရောင်ဝင်းလျက် ရှိပါသည်။

**ဩသဓိ ပဏ္ဍရ သုဒ္ဓ သုဥဏ္ဏော၊**

အရှင်မြတ်၏မျက်ခုံးတော်နှစ်သွယ်၏အလယ်တွင် သောက်ရှူးကြယ်ကဲ့သို့ တောက်ပသော ဥဏ္ဏာလုံခေါ် မွေးရှင်တော်ရှိ၏။

**ပုဏ္ဏသ သင်္ကနိဘော မုခဝဏ္ဏော၊**

အရှင်မြတ်၏မျက်နှာတော်သည် မိုးကောင်းကင်၌ တံဆိပ်ခတ်နှိပ်ထားသော လပြည့်ဝန်းကဲ့သို့ ပြည့်ဖြိုးဝင်းပတော်မူသည်။

**ဒေဝါနရာန ပိယော နရနာဂေါ၊**

အရှင်မြတ်သည်၊ လူမင်း၊ နတ်မင်း၊ နဂါမင်းတို့၏ ချင်ခင်နှစ်သက်ခြင်းကို ဆောင်တော်မူပါသည်။

**ခတ္တိယ သမ္ဘဝ အဂ္ဂကုလီနော၊**

အရှင်မြတ်သည် ခတ္တိယမင်းမျိုးမှ ကောင်းစွာ ဖွားမြင်တော်မူအပ်သဖြင့် အလွန်အမျိုးမြင့်မြတ်သူဖြစ်တော်မူ၏။

**ဒေဝမနုဿ နမဿိတ ပါဒေါ**

အရှင်မြတ်သည် လူနတ်တို့ အလွန်မြတ်နိုး၍ ရိုသေညွတ်ကျိုးအပ်သော ခြေတော်အစုံရှိတော်မူပါသည်။

**သီလ သမာဓိ ပတိဋ္ဌိတ စိတ္တော၊**

အရှင်မြတ်၏စိတ်တော်သည် သီလ၊ သမာဓိဖြင့် ကောင်းစွာ တည်တံ့တော်မူ၏။

နောက်ဆက်တွဲ ➤ စာ-၄ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၃၆။ ယသောဓရာဦးခိုက်ခန်း

ဗုဒ္ဓသည် ယသောဓရာ၏ ကောင်းမြတ်သောဂုဏ်အင်္ဂါများကို သိရှိနေပြီးဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာယသောဓရာထံသို့ ကြွချီတော်မူရာတွင် သုဒ္ဓေါဒနမင်းကြီးသည် သပိတ်ကိုကိုင်လျက် အရှင်သာရိပုတ္တာ၊ အရှင်မောဂ္ဂလန်တို့နှင့် အတူလိုက်ပါကြသည်။ ယသောဓရာဆန္ဒရှိသည့်အတိုင်း ဂါရဝပြုခြင်းကို တားမြစ်ခြင်း မပြုကြရန် အဂ္ဂသာဝကများကို မိန့်မှာကြားခဲ့သည်။

ဘိက္ခုတို့အား မည်သည့်အမျိုးသမီးမှ ထိခွင့်မရှိ၊ ခြေဖျားသော်ပင် ထိခွင့်မရှိပါ။ ယခုဗုဒ္ဓသည် သာမန်ဘိက္ခုတပါးမဟုတ်သည့်အပြင် သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်နေပြီ ဖြစ်သဖြင့် ဇနီးဟောင်းပင်ဖြစ်လင့်ကစားမည်သည့်အမျိုးသမီးမှ ထိခွင့်မရှိ၊ သို့သော်ဗုဒ္ဓ၏ စိတ်အစဉ်တွင် အနန္တမေတ္တာများ ပေါက်ဖွားလျက်ရှိနေ၏။ ယသောဓရာသည် ဗုဒ္ဓရှေ့မှောက်သို့ ချဉ်းကပ်၍ ခြေတော်အစုံကိုကိုင်လျက် ဂါရဝပြုသည်ကို မည်သူတစ်ဦးတစ်ယောက်မှ တားမြစ်ခဲ့ခြင်းမရှိ။

ထို့နောက် သုဒ္ဓေါဒနမင်းကြီးသည် ယသောဓရာ၏ကောင်းမြတ်သောဂုဏ်အင်္ဂါတို့ကို လျှောက်ထားသည်။

၁။ အရှင်လူဝတ်ကြောင်ကို အပြီးအပိုင်စွန့်လွှတ်သွားသည့်အချိန်တွင် မင်းညီမင်းသားအများက ယသောဓရာကို ထိမ်းမြားလိုကြသည်ကို သမီးက မျက်နှာလွှဲပင့်၍ပင်တောင်မကြည့်ခဲ့ပါ။
၂။ အရှင်ဦးခေါင်းရိပ်၍ သမဏအဖြစ်ခံယူကြောင်းကြားသိရလျှင် သမီးသည်လည်း သူ၏ဆံပင်များကို ရိပ်ပစ်ခဲ့သည်။
၃။ အရှင်သစ်ခေါက်ဆိုးသင်္ကန်းရုံသည့်အခါတွင် သူသည်လည်း နန်းဝတ်တန်ဆာများပယ်ခွာ၍ သစ်ခေါက်ဆိုး အထည်ကြမ်းကိုဝတ်ဆင်ခဲ့သည်။
၄။ အရှင် ဆွမ်းတစ်နေ့တစ်နပ်သာလျှင် ဘုန်းပေးကြောင်းသိရှိလျှင် သူမလည်း အာဟာရကို တစ်ကြိမ်သာ သုံးဆောင်တော့သည်။
၅။ အရှင်မြင့်သော မြတ်သောနေရာများတွင် မကျိန်းစက်သည်ကိုကြား သိရသည်တွင်လည်း သူမသည်လည်း နိမ့်သောနေရာတွင်သာ အိပ်စက်တော့သည်။
၆။ အရှင်အမွှေးအကြိုင်၊ အလှအပတို့ကို စွန့်လွှတ်ကြောင်း သိရှိရသည်တွင် သူမသည်လည်း စွန့်လွှတ်ခဲ့သည်။
၇။ အဆိုအကများဖြင့် ဖျော်ဖြေမှုတို့ကို စွန့်လွှတ်ကြောင်း သိရသည့်အခါတွင်လည်း သူမသည်လည်း စွန့်လွှတ်ခဲ့သည်။

ဤသို့ဖြစ်ရမည်မှာ -

ရှေးအသင်္ချေ ကာလက သိဒ္ဓတ္ထဂေါတမ သုမေဓါရသေ့ဘဝတွင်လည်းကောင်း၊ ယသောဓရာသည်လည်း ပုဏ္ဏားမငယ်ဘဝတွင်လည်းကောင်း၊ ဒီပင်္ကရာမြတ်စွာဘုရားအား ဖူးမြော်ရစဉ်တွင် သုမေဓါသည် ဂေါတမဗုဒ္ဓဖြစ်တော်မူလာမည်ဟူ၍လည်းကောင်း၊ ယသောဓရာသည် ၎င်း၏ပါရမီဖြည့်ဘက်ဖြစ်လာရမည်ဟူ၍ ၎င်းဗျာဒိတ်ပေးခံခဲ့ရခြင်း ကြောင့်ဖြစ်သည်။ ယခုယင်းတို့၏ နောက်ဆုံးဘဝတွင် ဘဝကြင်ဖေါ် ယသောဓရာ သည် သိဒ္ဓိတ္ထဂေါတမ သဗ္ဗညုတဉာဏ်တော်ရှင် အဖြစ် ပါရမီဖြည့်ရမည်မှာ မလွဲ ဧကန်ဖြစ်သည်။

ယသောဓရာသည် အသိတရားမရှိသောသူတစ်ယောက်ဖြစ်ခဲ့ပါမူ မိမိခင်ပွန်းတောထွက်ခြင်းအတွက် သာမန်အိမ်ထောင်ရှင်တစ်ဦးကဲ့သို့ ပူဆွေးငိုကြွေးပြီး ခင်ပွန်းအား ကျိန်ဆဲခြင်းများပြုမူနေခဲ့မည်သာဖြစ်သည်။ လှပစွာဝတ်စားဆင်ယဉ်မှုတို့ကို စွန့်လွှတ်မည်မဟုတ်ဘဲ ချောမောလှပသည့် မင်းသမီးဖြစ်သည့်အားလျော်စွာ သင့်မြတ်သော မင်းသားတစ်ဦးနှင့်လက်ဆက်ခါ သာယာသော အိမ်ထောင်တစ်ခုကို ထူထောင်ပျော်ပါးနေမည်ဖြစ်ပါသည်။

နောက်ဆက်တွဲ ➤ စာ-၄ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၃၇။ သားတော် ရာဟုလာ သက်န်းဆီးခြင်း

ခမည်းတော်နှင့် ရာဟုလာအား တွေ့ဆုံပေးပြီးနောက် ယသောဓရာမင်းသမီးသည် ချစ်လှစွာသော သားတော်အား "သားတော် ရာဟုလာ၊ သင်၏ခမည်းတော် ဗုဒ္ဓမြတ်စွာ၌ ကျောက်သံပတ္တမြားအပြည့် ထည့်ထားသည့် အိုးကြီးလေးလုံးရှိတယ်။ အဲဒီအိုးကြီးတွေကို သင့်ခမည်းတော်ထံက အမွေသွားတောင်းပါလော့" ဟုပြော၍ စေလွှတ်လိုက်လေ၏။

ကျောက်သံပတ္တမြားတို့နှင့် မနှိုင်းယှဉ်အပ်သော အဘိုးအနဂ္ဃထိုက်တန်သည့် အိုးကြီးလေးလုံးဟူသည်မှာ အရိယသစ္စာလေးပါးဟူသော ရတနာအိုးကြီးများကို ဆိုလိုပါသည်။

**ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ သဂ္ဂေသုဝါ**

**ယံ ရတနံ ပဏီတံ**

**နနောသမံ့ အတ္ထိ တထာဂတေန**

**ဣဒံပိ ဗုဒ္ဓေ ရတနံ ပဏီတံ။**

ဤလောက၌ရှိသော ရတနာသည်လည်းကောင်း၊ အခြားလောက၌ရှိသော ရတနာသည်လည်းကောင်း၊ နတ်တို့၌ရှိသော ရတနာသည်လည်းကောင်း၊ ဗုဒ္ဓမြတ်စွာ၌သာလျှင် တည်သော ရတနာနှင့် နှိုင်းယှဉ်၍ မရပါ။

အရိယသစ္စာလေးပါးတည်းဟူသော ရတနာတို့ကို ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်တိုင်တွေ့ရှိတော်မူပြီး အခြားသော ဝေနေယျတို့နှင့် မျှဝေခံစားတော်မူလျက်ရှိ၏။ ဤရတနာကို သားတော်မောင်သည် ရထိုက်၏။

ယသောဓရာမင်းသမီး၏ စိတ်၌ ဤရတနာအမွေများကို ငါလည်း ပိုင်ဆိုင်ခွင့်ရှိပါ၏။ သို့ရာတွင် ဗုဒ္ဓမြတ်စွာသည် အကြောင်းကြောင်းတို့ကြောင့် ယခုအချိန်၌ ဘိက္ခုနီသာသနာကို ထူထောင်တော်မူခြင်း မရှိသေးပါ။ ထူထောင်တော်မူသောအချိန်၌ ငါသည်လည်း ဘိက္ခုနီအဖြစ် ခံယူပြီး ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသည့် ဒေသနာတော်အတိုင်း အားထုတ်ကျင့်ကြံ၍ ဒုက္ခအပေါင်းမှ လွတ်မြောက်အောင် ကြိုးစားမည်။ လွတ်မြောက်သွားသည့်အခါ အထူးကျေးဇူးကြီးလှသည့် ဤတရားတော်ကို လူအများအား ဟောကြားပြသနေခြင်းဖြင့် ငါ၏ဘဝကို မြှုပ်နှံထားတော့မည်။ ငါ၏သားတော်ရာဟုလာသည်လည်း နန်းတွင်းအပျော်အပါးများ၌ အချည်းနှီး အချိန်ကုန်လွန်စေရန် မသင့်။ သူ၏ ခမည်းတော်ဗုဒ္ဓမြတ်စွာ၏ သွန်သင်ဆုံးမမှုအောက်၌သာ ကြီးပြင်းလာပါက အဘိုးမဖြတ်နိုင်သော ဓမ္မရတနာကို ရရှိခံစားပြီး အကျိုးထူးကို ရရှိနိုင်ပေလိမ့်မည်ဟု တွေးတောကာ သားတော်ရာဟုလာအား "ရာဟုလာ သင့်ခမည်းတော်ထံသွား၍ အမွေတောင်းချေပါ"ဟု ဗုဒ္ဓမြတ်စွာထံ စေလွှတ်လိုက်ခြင်းဖြစ်၏။

ရာဟုလာလည်း ဝမ်းမြောက်စွာဖြင့် ဗုဒ္ဓမြတ်စွာထံသို့ သွားရောက်ရာ ဗုဒ္ဓမြတ်စွာ၏အနီးသို့ ကပ်မိသည်နှင့် အေးငြိမ်းချမ်းသာသော ဗုဒ္ဓ၏မေတ္တာလွှမ်းခြုံမှုကို ခံစားလိုက်ရ၏။ ထို့ကြောင့် "**သုခေါတေ သမဏ ဆာယာတိ**" "အိုအရှင်သူမြတ်၊ အရှင်၏ အရိပ်သည် တပည့်တော်အား ငြိမ်းချမ်းစေတော်မူပါသည်" ဟု ရွတ်ဆိုလိုက်သည်။

ဗုဒ္ဓမြတ်စွာလည်း အတုမရှိသော ရတနာဖြစ်သည့် ဓမ္မရတနာကို သားတော်အား အမွေအဖြစ် ပေးတော်မူပြီးနောက် အရှင်သာရိ ပုတ္တရာအား ရာဟုလာကို သက်န်းဆီးပေးရန် စေခိုင်းတော်မူပါသည်။

ဘုရားအရိပ်၊ တရားအရိပ်၌ ကြီးပြင်းလာသော ရာဟုလာမထေရ်သည် ဝိပဿနာတရားတော်ကို ကြိုးစားကျင့်ကြံတော်မူသောကြောင့် မကြာမီ ရဟန္တာအဖြစ်ကို ရတော်မူခဲ့၏။ အတိုင်းမသိ ကျေးဇူးကြီးလှသော အမွေကို ဆက်ခံလိုက်ရသဖြင့် ရာဟုလာသည် ကံကောင်းလေစွတကား ။

http://www.dhammadownload.com



http://www.dhammadownload.com

## ၃၈။ ရဟန်းပြုသွားကြသောထိုခုနစ်ဦး

**အနုရုဒ္ဓါမင်းသား**

အနုရုဒ္ဓါမင်းသားသည်ကား သုဒ္ဓေါဒနမင်းကြီး၏ညီတော် အမိတောဒန၏ သားတော်ဖြစ်၏။ လူမှုကိစ္စအဝဝတို့ကို နောင်တော်မဟာနာမ်အား လွှဲပေးပြီး ဘဒ္ဒိယမင်းသားနှင့်အတူ ရဟန်းဘောင်ဝင်သည်။ မကြာမီ ရဟန္တာဖြစ်တော်မူသည်။ ထို့အပြင် ဒိဗ္ဗစက္ခုအဘိညာဏ်အရာ၌ ဧတဒဂ်ရတော်မူသည်။

**ဘဒ္ဒိယမင်းသား**

လူဝတ်ကြောင်ဘဝကို စွန့်ပြီးရဟန်းအဖြစ်ကို ရောက်သည့် ထိုဝါ၌ပင် အရဟတ္တဖိုလ်ကို ဆိုက်ရောက်တော်မူသည်။ တောကျောင်းတွင် သီတင်းသုံးနေစဉ် "အဟောသုခံ-ချမ်းသာစွ၊ အဟောသုခံ-ချမ်းသာစွ" ဟုကျူးရင့်တော်မူသည်။ အဘယ်ကြောင့် ဤသို့ ကျူးရင့်ရသနည်းဟု မေးမြန်းသည့်အခါ ယခင်မင်းသားဘဝက အစောင့်အရှောက်များစွာ ရှိသော်လည်းစိုးရိမ်ကြောင့်ကြ နေခဲ့ရကြောင်း။ ယခုအခါ တောတွင်း၌ တစ်ဦးတည်း နေထိုင်ရစေကာမူ အကြောက်တရား လုံးဝကင်းကြောင်း၊ ပျော်ရွှင်မှုအတိသာရှိကြောင်း ရှင်းပြသည်။ အရဟတ္တဖိုလ်ချမ်းသာကို သူသည် အပြည့်အဝ ခံစားနေရသည်။

**အာနန္ဒာမင်းသား**

အာနန္ဒာမင်းသားသည် အမိတောဒန၏သားတော်ဖြစ်သည်။သူသည် အခြားမင်းသားများနှင့်အတူ အနုပိယသရက်ဥယျာဉ်တော၌ ရဟန်းဘောင်ဝင်ပြီးနောက် မကြာမီကာလတွင် သောတာပန်တည်လေ၏။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် ပထမသင်္ဂါယနာမတင်မီလေးတွင် အရဟတ္တဖိုလ်ဆိုက်ရောက်တော်မူကာ အာသဝေါကုန်ခန်းသည့် ရဟန္တာဖြစ်တော်မူလေသည်။

**ဘဂုမင်းသား**

ဘဂုမင်းသားသည်လည်း အခြားမင်းသားများနှင့်အတူ တောထွက် တော်မူသည်။ သို့ရာတွင် အရှင်ဘဂုသည်ဝီရိယအရာ၌ အားနည်းသဖြင့် အချိန်ကြာမြင့်ပြီးမှ ရဟန္တာဖြစ်တော်မူလေသည်။

**သာကီဝင်မင်းသားကိမိလ**

ကိမိလမင်းသားသည်လည်း အခြားမင်းသားများနှင့်အတူ ရဟန်းပြုသော်လည်း လူဝတ်ကြောင်ဘဝတွင် ကာမအာရုံများကို အလွန်အကျွံ ခံစားခဲ့သဖြင့် ရဟန္တာအဖြစ်သို့ အချိန်အလွန်ကြာမြင့်ပြီးမှ ရောက်ရှိလေသည်။

**ဒေဝဒတ်မင်းသား**

ဒေဝဒတ်မင်းသားသည် ကောလိယတိုင်းဘုရင် သုပ္ပဗုဒ္ဓမင်းကြီး၏ သားတော်ဖြစ်သည်။ သူ၏ခမည်းတော်ကဲ့သို့ပင် သိဒ္ဓတ္ထမင်းသားအား ရန်ငြိုးထား၏။ သိဒ္ဓတ္ထမင်းသားဘုရားဖြစ်လာပြီး ဩဇာ ဂုဏ်ရှိန်မြင့်မားလျက် ရှိကြောင်း ကြားသိရသည့်အခါ သူသည် အလားတူ ရှင်ဘုရင်များ၏ ကိုးကွယ်ဆည်းကပ်ခံရအံ့သောငှာ ရဟန်းဘောင်ဝင်၍ တရားအားထုတ်ရန် စိတ်ကူးပေါက်လာသည်။ ထိုကြောင့် သူသည်လည်း အနုပိယသရက်ဥယျာဉ်တော၌ အခြားမင်းသားများနှင့်အတူ ရဟန်းဘောင်ဝင်ခဲ့လေသည်။ သို့ရာတွင် သူသည် ဝိပဿနာကို အားမထုတ်၊ လောကီစျာန်သမာပါတ်ရှစ်ပါးလုံးကို ကုန်စင်အောင် ကျင့်ကြံအားထုတ်ရရှိပြီး လောကီစျာန် အဘိညာဏ်တန်ခိုးများ နှင့်ကျေနပ်ခဲ့သည်။

နောက်ဆက်တွဲ ➤ စာ-၅ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၃၉။ အနာထပိဏ္ဍိက

သာဝတ္ထိပြည်မှ ချမ်းသာကြွယ်ဝသော သူဌေးကြီး အနာထပိဏ္ဍိကသည် ယောကဖ်များ နေထိုင်သော ရာဇဂြိုလ်ပြည်သို့ ရောက်ရှိလာ၏။ မိမိ၏ ယောကဖ်သည် နောက်တစ်နေ့၌ ဗုဒ္ဓမြတ်စွာအား ဆွမ်းဘုန်းပေးတော်မူရန် အိမ်သို့ ကြွရောက်ပါမည့်အကြောင်း လျှောက်ထားသည်ဟု ကြားရသောအခါ အနာထပိဏ္ဍိကသည် ဗုဒ္ဓမြတ်စွာအား ဖူးတွေ့လိုလျက်ရှိ၏။ စိတ်စော၍ နောက်တစ်နေ့ အရုဏ်မတက်မီ၌ ဗုဒ္ဓမြတ်စွာ စမ္ပါယ်တော်မူလျက်ရှိသော တောအုပ်ဆီသို့ လျှောက်လာခဲ့လေသည်။

"လာလော့ သုဒ္ဒတ္တ"ဟု ဗုဒ္ဓမြတ်စွာက မိမိ၏နာမည်ကို ရင်းနှီးစွာခေါ်၍ နှုတ်ဆက်လိုက်သောအခါ သူ့နာမည်ကို ခေါ်၍ နှုတ်ဆက်လိုက်သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပါသည်။ ဗုဒ္ဓမြတ်စွာက ဆက်လက်၍ ဒေသနာတော်ကို ဟောကြားတော်မူသောအခါ အနာထပိဏ္ဍိက သူဌေးကြီးသည် အေးငြိမ်း၍ ချမ်းသာသွားတော့၏။

အနာထပိဏ္ဍိက၏ ပါရမီအခံကြောင့် တရားတော်ကို နာရသည့်အခါ၌ပင် မမြဲသော အနိစ္စလက္ခဏာ မိမိတွင်ပေါ်လွင်ပြီး နိဗ္ဗာန်၏ ပထမအဆင့်ဖြစ်သော သောတာပန်တည်၍သွားလေသည်။ အလွန်ဝမ်းမြောက်သွားသဖြင့် အနာထပိဏ္ဍိကသည် မြတ်ဗုဒ္ဓအား နောက်တစ်နေ့၌ မိမိအိမ်တွင် ဆွမ်းဘုန်းပေးတော်မူရန် ပင့်လျှောက်ခဲ့၏။

ဆွမ်းဘုန်းပေးတော်မူပြီးသောအခါ အနာထပိဏ္ဍိက သူဌေးက မြတ်စွာဘုရားအား "ဘုန်းတော်ကြီးသော မြတ်စွာဘုရား ယခုလာမည့် မိုးတွင်းကာလ၌ သာဝတ္ထိပြည်တွင် သံဃာတော်အပေါင်းနှင့်တကွ ဝါဆိုတော်မူပါဘုရား"ဟု လျှောက်ထားလေသော် ဗုဒ္ဓမြတ်စွာက "အို အိမ်ထောင်ဦးစီး သူဌေးကြီး၊ ဗုဒ္ဓမြတ်စွာသည် တစ်ပါးတည်းဆိတ်ငြိမ်ရာ၌သာ စမ္ပါယ်လိုပါသည်" ဟု မိန့်ကြားပါသည်။

အနာထပိဏ္ဍိကလည်း "ဘုရားတပည့်တော် နားလည်သဘောပေါက်ပါပြီ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော် သဘောပေါက်ပါပြီ"ဟု ပြန်လည်လျှောက်တင်ခဲ့၏။

သာဝတ္ထိပြည်သို့ ပြန်လည်ရောက်ရှိသည်နှင့်တပြိုင်နက် အနာထပိဏ္ဍိကသည် ဗုဒ္ဓမြတ်စွာ နေထိုင်သီတင်းသုံးတော်မူရန်အတွက် သင့်လျော်မည့်နေရာကို ချက်ခြင်းရှာဖွေလေတော့သည်။ ထိုနေရာသည် မြို့နှင့် မဝေးလွန်း မနီးလွန်းဖြစ်ကာ လူအများလည်း လွယ်လင့်တကူ ရောက်ရှိနိုင်သော နေရာဖြစ်ရမည်။ တစ်ဖန် နေ့အခါ၌ လူအများ ပြည့်သိပ်ပြီး ညအခါ၌ ဆူညံသံများ ကင်းရမည့်နေရာမျိုးနှင့် တရားဘာဝနာ အားထုတ်စေနိုင်မည့်နေရာမျိုး ဖြစ်စေရပါမည်။ ဤအင်္ဂါရပ်များနှင့် ပြည့်စုံသော နေရာကို ရှာလေ၏။

နောက်ဆုံး၌ ထိုအင်္ဂါအပေါင်းနှင့်ပြည့်စုံသော ဇေတမင်းသား၏ ဥယျာဉ်ကို တွေ့ရှိသည်နှင့် မင်းသားထံမှ ဤဥယျာဉ်ကို ဝယ်ယူရန် သွားရောက်လေ၏။ ဇေတမင်းသားသည် မရောင်းလိုသဖြင့် မဝယ်နိုင်ရန် ဤဥယျာဉ်မြေကို ဖုံးအုပ်နိုင်သော ရွှေဒင်္ဂါးအရေအတွက်ရမှ ရောင်းမည်ဟု ပြောလိုက်၏။

သို့သော် အနာထပိဏ္ဍိက သူဌေးသည် ဤဈေးပေး၍ ဝယ်မည့်အကြောင်း ကမ်းလှမ်းသဖြင့် အရောင်းအဝယ်ဖြစ်လေသည်။ သူဌေးလည်း လှည်းအစီးပေါင်းများစွာဖြင့် ရွှေဒင်္ဂါးများကို တင်လာပြီး ဥယျာဉ်မြေကို ရွှေဒင်္ဂါးတို့ဖြင့် ဖြန့်၍ ဖုန်းလေ၏။ ဥယျာဉ်၏တစိတ်တပိုင်းမျှသာ ဖုံးအုပ်ရန်ကျန်နေသည့်အခါန် ဇေတမင်းသားသည် ဤမျှကြီးကျယ်သော အလှူကြီးအတွက် အထိတ်

နောက်ဆက်တွဲ ➢ စာ-၅ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၄၀။ သကျနှင့် ကောလိယတို့ သွေးချောင်းစီးမည့် စစ်ပွဲကို တားဆီးတော်မူခြင်း

အချိန်ကာလကား နွေရာသီနယုန်လဖြစ်သဖြင့် ရောဟိဏီမြစ်၏ ရေကျချိန်ပင်တည်း။ တစ်ဘက်တစ်ချက် ကမ်းနားတစ်လျှောက်သည် နွေ၏ အပူဒဏ်ကြောင့် ချစ်ချစ်တောက်နေသဖြင့် ရေကိုသာအလုံအလောက်မရရှိပါက စိုက်ပျိုးထားသော သီးနှံများပျက်စီးတော့မည်ဖြစ်၏။ တမံတုတ်ထားသော ရေကာတာတွင်လည်း ရေကအနည်းအကျဉ်းမျှသာ ရှိတော့သဖြင့် တစ်ဘက်တည်းသော မြစ်ကမ်း၏ လက်ယာများအတွက်သာ ရေရနိုင်တော့၏ ကျန်တစ်ဘက်က သီးနှံများမှာ မုချ ပျက်စီးရမည်ဖြစ်သည်။ ကျန်နေသော ရေကလေးကို မျှတစွာသုံးစွဲရန်လည်း မဖြစ်နိုင်တော့။


ထို့ကြောင့် တစ်ဘက်ကမ်းစီတွင် နေထိုင်ကြသော သကျနှင့်ကောလိယ၊ ကိုင်းကျွန်းလယ်ယာသမားများသည် ညှိနှိုင်းဆွေးနွေးကြရ၏။ နှစ်ဘက်စလုံးမှ မိမိတို့ကို ရေကာတာရှိ လက်ကျန်ရေအားလုံးကို ပေးလျှင်သီးနှံပေါ်ချိန်၌ အခြားတစ်ဘက်သည် သီးနှံများကိုရသင့်သလောက်တောင်းခံနိုင်ခွင့်ကို ပေးမည်ဟု ဆိုလျက်ရှိ၏။ နှစ်ဘက်စလုံးသည် သီးနှံပေါ်ချိန်၌ အခြားတစ်ဘက်ထံမှ လက်ဖြန့်တောင်းရန် အလိုမရှိကြ၊ ကိုယ်မာနနှင့် ကိုယ်ဖြစ်၍ အခြေအနေ တင်းမာလျက်ရှိ၏။ သို့ဖြင့် ငြင်းကြခုန်ကြရာမှ၊ ဆဲကြဆိုကြ နောက်ပြီး ရိုက်ကြပုတ်ကြအထိ ပြင်းထန်သွားသည်။ ထို့ထက်ပို၍ ဆိုးသည်မှာ တစ်ဘက်နှင့်တစ်ဘက် အုပ်ချုပ်သူအကြီးအကဲများနှင့် ဘိုးဘွားလူကြီးသူမများ၏ ဂုဏ်ကို ထိပါးပုတ်ခတ် ပြောဆိုကြခြင်း ဖြစ်လေသည်။

ဤပဋိပက္ခသတင်းများသည် သကျအမတ်များ၊ ကောလိယအမတ်များ၊ ထိုမှတစ်ဆင့်မင်းသားများ၊ ထိုမှတစ်ဆင့်ဘုရင်များနားသို့ ပေါက်ကြားသွားခဲ့၏။ နှစ်ဘက်စလုံးရှိ လူငယ်မင်းသားများသည် ဒေါသကို မထိန်းနိုင်ကြတော့ဘဲ မိမိတို့၏ ဘိုးဘွားများကို စော်ကားမှုအတွက် တိုက်ခိုက်၍ လက်စားခြေမည်ဟု လူသူ လက်နက်များစုရုံးကာ မြစ်ကမ်းသို့ သွားကြ၏။ တစ်ဘက်ကမ်းရှိ မင်းသားငယ်များသည်လည်း အလားတူ မြစ်ကမ်းတွင် စုရုံးရောက်ရှိနေသဖြင့် လက်နက်ကိုင်နှစ်ဖွဲ့သည် ရင်ဆိုင်လျက်ရှိခါ တဘက်ကို တစ်ဘက်စိန်ခေါ်နေကြ၏။ ဗုဒ္ဓမြတ်စွာသည် သွေးချောင်းစီးမည့် စစ်ဖြစ်ရန်လက်တကမ်းအကွာသို့ ရောက်ရှိနေသောသတင်းကို ကြားတော်မူသည်နှင့် တစ်ပြိုင်နက် အခင်းဖြစ်ရာသို့ ကြွရောက်တော်မူပါသည်။ နှစ်ဘက်သောစစ်သည် ဗိုလ်ပါအပေါင်းသည် မိမိတို့ ရိုသေမြတ်နိုးရသော ဘုရားရှင်ကိုယ်တော်မြတ်ကို တွေ့လိုက်သောအခါ ထုံးတမ်းစဉ်လာအတိုင်း မိမိတို့စွဲကိုင်လျက်ရှိသော လက်နက်ဟူသမျှကို မြေတွင်ချ၍ ဗုဒ္ဓမြတ်စွာကို ရှိခိုးကြလေ၏။

မိမိအတွက် ခင်းကျင်းထားသောနေရာ၌ ဗုဒ္ဓမြတ်စွာက စံပယ်တော်မူလိုက်ပြီးလျှင် လျှောက်ပတ်သောနေရာ၌ ရိုသေစွာခစားလျက်ရှိကြသော သကျနှင့်ကောလိယ အားလုံးကို ဆုံးမစကားမြွက်ကြားတော်ပါသည်။ ဤမြစ်ရေထက် သကျနှင့်ကောလိယ အပေါင်းတို့၏ သွေးများသည် များစွာတန်ဘိုးကြီးလှကြောင်း၊ မလိုအပ်ဘဲနှင့်သွေးချောင်းစီးမှုကို မဖြစ်စေသင့်ကြောင်း မြစ်ရေခွဲခြမ်းရေးကို အခြားနည်းလမ်းဖြင့် ဖြေရှင်းသင့်ကြောင်းဟူ၍ ဆုံးမတော်မူပါသည်။

သကျနှင့်ကောလိယ အပေါင်းတို့လည်း ဗုဒ္ဓမြတ်စွာ၏အဆုံးအမကို ခံယူကြသဖြင့် ဗုဒ္ဓမြတ်စွာသည် သွေးချောင်းစီးမည့်စစ်ပွဲကြီး တစ်ရပ်ကို ရှောင်လွှဲတော်မူနိုင်ခဲ့ပါသတည်း။

http://www.dhammadownload.com



http://www.dhammadownload.com

# ၄၁။ သစ္စကပရိဗိုဇ်

အင်္ဂဝေဿနအနွယ်၌ဖြစ်သော သစ္စကပရိဗိုဇ်သည် စကားရည်လုပွဲများတွင် ကျွမ်းကျင်သူမိဘများမှ ပေါက်ဖွားလာသည်။ရပ်ရွာဒေသမြောက်များစွာ၌ စကားစစ်ထိုးပွဲများပြုလုပ်ပြီးနောက် ဝေသာလီမြို့တွင် အခြေချနေထိုင်ကြသည်။ သစ္စကသည်လည်း ဝေသာလီမြို့တွင် စကားအရာ၌ လိမ်မာသူတစ်ဦးအဖြစ် ကျော်ကြားသည်။ ထင်ရှားသောလစ္ဆဝီမင်းများသည် သစ္စကပရိဗိုဇ်အား ကိုးကွယ်ဆည်းကပ်သူများ ဖြစ်လာကြ၏၊ သစ္စကသည် သူ၏စကားစစ်ထိုးပွဲများ၌ ကျွမ်းကျင်လိမ်မာမှုကို ဂုဏ်ယူဝင့်ကြွား မာနထောင်လွှားလျက်ရှိ၏။ ဝေသာလီပြည်လွှတ်တော်တွင် ပရိသတ်အား ဖြုဟ္မဏ၊ ဗြဟ္မဏခေါင်းဆောင်၊ ဗြဟ္မဏဂိုဏ်းချုပ်၊ ဗြဟ္မဏဆရာ၊ ရဟန္တာ၊ သမ္မာသမ္ဗုဒ္ဓ တို့သည် ဝါဒရေးရာ၌ ငါနှင့် စကားစစ်ထိုးပြောဆိုလာလျှင် တုန်လှုပ်ချောက်ချားကြရပေမည်။ ချိုင်းကြားမှ ချွေးဒီးဒီးကျရမည်။ လူကိုမပြောနှင့်တိုင်တစ်လုံးနှင့် ဝါဒရေးရာစကားစစ်ထိုးပါက ထိုတိုင်သည်ပင်လျှင် ယိမ်းယိုင်တုန်လှုပ်လေရာ၏'-ဟု ကြွားဝါပြောဆိုလေ့ရှိသည်။

တစ်နေ့သ၌ ဗုဒ္ဓမြတ်စွာသည် ဝေသာလီပြည်သို့ ဒေသစာရီ ကြွမြန်းလာခဲ့သည်။ တပည့်သာဝကဖြစ်သူ အဿဇိမထေရ်သည် မြို့တွင်းသို့ ဆွမ်းခံကြွရာ သစ္စကပရိဗိုဇ်နှင့် ဆုံမိကြသည်။ ထိုအခါ သစ္စကပရိဗိုဇ်က အဿဇိမထေရ်မြတ်အား "သင်၏ဆရာဗုဒ္ဓသည် မည်သည့်အရာကို သင်ကြား ဆုံးမသနည်း"ဟုမေး၏။ သစ္စကပရိဗိုဇ်သည် အဿဇိမထေရ်၏အဖြေမှ စကားစစ်ထိုးရန် အကြောင်းအရာခေါင်းစဉ်တစ်ခု ရရှိလိုက်သည်။ သူသည် အလွန်ဝမ်းမြောက် သွားပြီးဘုရားရှင် သီတင်းသုံးသည့်နေရာသို့သွားရောက်လေသည်။ ထိုအချိန်တွင် လစ္ဆဝီမင်း-၅၀၀ သည်လည်း ကျောင်းသခ်မ်းတွင်ရှိနေကြသည်။ သစ္စကပရိဗိုဇ်က လစ္ဆဝီမင်းများအား သူသည် ရဟန်းကြီးဂေါတမနှင့် ဝါဒရေးရာ စကားပြိုင်ပြီး အနိုင်ယူမည်ဖြစ်ကြောင်း၊ ဗုဒ္ဓသည် သူ၏အာဘော်များကို ကြားရသည့်အခါ တုန်လှုပ်ချောက်ချားသွားပြီး လက်ကတီးကြားမှ ချွေးများပင် ယိုစီးလာရမည်ဖြစ်ကြောင်း၊ အားကောင်းမောင်းသန်လူတစ်ဦးက သိုးတစ်ကောင်ကို အမွေးမှကိုင်၍ ပစ်လိုက်သကဲ့သို့ သူသည် ရဟန်းကြီးဂေါတမအား သူ၏ဝါဒအာဘော် များနှင့် ကိုင်လှုပ်ပစ်လိုက်မည်ဟု ဝါကြွားပြောဆိုလေ၏။ သူက- "အို. . . အချင်းလစ္ဆဝီမင်းအပေါင်းတို့ ငါနှင့်လိုက်လံ၍ ငါနှင့်ရဟန်း ဂေါတမတို့၏ ဝါဒပြိုင်ပွဲကို နားဆင်ကြလေလော့" ဟုပြောကြားလိုက်သည်။ ၅၀၀-သော လစ္ဆဝီ မင်းတို့သည်လည်း စကားအရာ၌ လိမ္မာသည်ဟု ကျော်ကြားလှသော သစ္စက ပရဗိုဇ်က ရဟန်းဂေါတမအား မည်သို့အနိုင်ယူမည်ကို သိလိုကြ၍ သစ္စကပရိဗိုဇ်နှင့်အတူ လိုက်ပါခဲ့ကြသည်။

သစ္စကပရဗိုဇ်သည် သူ့အားကြည်ညိုလေးစားသူများနှင့်အတူ ဗုဒ္ဓမြတ်စွာထံတော်ပါးသို့ ရောက်လာကြလေသည်။ ဝါဒပြိုင်ဆိုင်ရာတွင် သစ္စကပရိဗိုဇ်က- "ဤရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ နှင့် ဝိညာဏ်တို့သည် ငါ၏အတ္တပေတည်း" ဟုမြွက်ဆို၏။

ထိုအခါဗုဒ္ဓမြတ်စွာက "ယင်းသို့ဆိုပါမူ ဘုရင်တစ်ပါးသည် မိမိအုပ်ချုပ်မင်းလုပ်သော တိုင်းသူပြည်သားတို့ကို စီရင်ပိုင်ခွင့်ရှိသကဲ့သို့ သင်လည်း ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို အမိန့်အာဏာနှင့်စီရင်နိုင်ပါ၏လော။ ဘုရင်တစ်ပါးသည် သူအုပ်ချုပ်သောပြည်သူများကို သူနှစ်သက်သလို သေဒဏ်ပေးခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း ပြုလုပ်နိုင်သည်။ သစ္စက၊ အသင်သည် မိမိ၏ရုပ်ကို ဤသို့ဖြစ်စေ၊ ဤသို့မဖြစ်စေလင့်ဟု စေခိုင်းနိုင်ပါ၏လော" ဟု မေးခွန်းထုတ်လိုက်သည်။ သစ္စကပရိဗိုဇ်သည် မည်သို့မျှဖြေဆိုနိုင်စွမ်းမရှိ။ သူသည် ခေါင်းငိုက်စိုက်ချ၍ အဖြေမပေးနိုင်ပဲ ဆိတ်ဆိတ်သာနေလိုက်ရ၏။

နောက်ဆက်တွဲ ➤ စာ-၅ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၄၂။ တန်ခိုးဣဒ္ဓိပါဒ်ပြခြင်းကို တားမြစ်တော်မူခြင်း

တရံရောအခါက ရာဇဂြိုဟ်ပြည်ရှိ ကုန်သည်တစ်ယောက်သည် စန္ဒကူးအတုံးကြီးတစ်တုံးကို ရရှိသဖြင့် ဤအတုံးကြီးကို သပိတ်တစ်လုံးအဖြစ်ထွင်း၍ ထိုက်တန်သူတစ်ဦးကို လှူရသော်ကောင်း၏ဟု စိတ်ကူးပေါက်လေသည်။ ထို့ကြောင့် စန္ဒကူးတုံးကို သပိတ်အဖြစ်ထွင်းထုလိုက်၏။ ထို့နောက် ဝါးများကို ဆက်၍ဆက်၍ အလွန်မြင့်မားသော တိုင်ကြီးတစ်ခုပြုလုပ်ခါ ထိုတိုင်၏ထိပ်တွင် သပိတ်ကို ချိပ်ထားလိုက်၏။

မည်သူမဆို ရဟန္တာဖြစ်စေ၊ ပုဏ္ဏားဖြစ်စေ၊ ပုရိုဟိတ်ဖြစ်စေ တန်ခိုး ဣဒ္ဓိပါဒ်ဖြင့် ကောင်းကင်မှလာပြီး ယူနိုင်သူအတွက်လှူထားသည့် စန္ဒကူးသပိတ်ဖြစ်ကြောင်း ကြေညာလိုက်လေသည်။


ရာဇဂြိုဟ်ပြည်ရှိ နာမည်ကြီးဟောဆရာမျိုးစုံတို့ လာရောက်၍ တောင်းခံကြသည့်အခါ ဣဒ္ဓိပါဒ်တန်ခိုးရှိလျှင် ယူသွားပါလော့ဟု ဖြေကြားလိုက်သဖြင့် စိတ်ပျက်လက်ပျက်နှင့် ထွက်ခွာသွားကြရသူချည်းဖြစ်၏။

တစ်နေ့၌ ရဟန္တာများဖြစ်ကြသော အရှင်မောဂ္ဂလန်နှင့် အရှင်ပိဏ္ဍောလဘာရဒွါဇတို့သည် ဆွမ်းခံကြွလာကြစဉ် ဤသတင်းကိုကြားသဖြင့် အရှင်ပိဏ္ဍောလဘာရဒွါဇက၊ အရှင်မောဂ္ဂလန်အား ရဟန္တာလည်းဖြစ်၊ ဣဒ္ဓိပါဒ်လည်းရှိသဖြင့် စန္ဒကူးသပိတ်ကို ယူရန်တိုက်တွန်းသောအခါ အရှင်မောဂ္ဂလန်က ငြင်းသောကြောင့် မိမိကိုယ်တိုင်ဣဒ္ဓိပါဒ်တန်ခိုးပြခါ သပိတ်ကိုယူရုံမျှမက ရာဇဂြိုဟ်မြို့ကို ဈာန်ဖြင့် ကောင်းကင်မှ သုံးကြိမ်ပတ်ပြီး ရဟန္တာဟူ၍ရှိသေးသည့်အကြောင်းပြသပြီး ဝိဟာရသို့ ပြန်လေ၏။

မြောက်မြားလှသော လူအပေါင်းသည်လည်း အရှင်ပိဏ္ဍောလဘာရဒွါဇ၏ နောက်သို့တကောက်ကောက်လိုက်ခါ ၎င်း၏ဂုဏ်ပုဒ်များကို သီဆိုကြူး ရင့်ကြ၏။ ဗုဒ္ဓမြတ်စွာသည် ဆူညံသံများအကြောင်း မေးတော်မူသောကြောင့် အရှင်အာနန္ဒာက အကျိုးအကြောင်း လျှောက်ထား လိုက်သောအခါ ဗုဒ္ဓမြတ်စွာသည် သံဃာတော်များကို စုဝေးစေလျက် သံဃာတော်တို့ အလယ်တွင် အရှင်ဘာရဒွါဇအား "အို ဘာရဒွါဇ၊ သင်ပြုခဲ့သော ဤအပြုအမူသည် ရဟန်းတို့၏ သိက္ခာနှင့် ဆန့်ကျင်လျက်ရှိ၏၊ သစ်သားမျှသာဖြစ်သော သပိတ်အတွက် လူတွေကို တန်ခိုး ဣဒ္ဓိပါဒ်ပြရသလော၊ ဤသို့ပြုသဖြင့် တရား၌ မယုံကြည်သေးသူတို့ကို ယုံကြည်လာအောင် မဆွဲဆောင်နိုင်၊ ယုံကြည်ပြီး သူများကိုလည်းပို၍ ယုံကြည်မှုတိုးပွား အောင်မလုပ်နိုင်ခဲ့ပါ" ဟု အပြစ် တင်တော်မူပြီးနောက် "လူတွေကို ဣဒ္ဓိပါဒ်တန်ခိုး မပြရ၊ ပြသောရဟန်းသည် ဒုက္ကဋ်အာပတ်သင့်စေ" ဟု အာဏာဒေသနာနှင့် ပညတ်တော်မူ ခဲ့လေသည်။

တရားတော်ကို ဖြန့်ဖြူးသောဓမ္မာစရိယ တစ်ဦးအတွက် တန်ခိုးဣဒ္ဓိပါဒ်ပြခြင်းသည်အလွန်အန္တရာယ်ကြီး၏။ ထိုသူသည် တရားနာပရိသတ်ကို လှည့်ဖြား၍ အမြတ်ထုတ်သွားနိုင်၏။ မိမိကိုယ်ကို ထင်ပေါ်ကျော်ကြားအောင်လည်း လုပ်နိုင်သဖြင့် ဘဝင်မြင့်ကာ ပျက်စီးသွားနိုင်သောကြောင့် ဖြစ်ပါသတည်း။

http://www.dhammadownload.com



http://www.dhammadownload.com

## ၄၃။ ဗောဓိမင်းသား

ကောသမ္ဗီပြည်၏ ဗောဓိမင်းသားသည် ဗုဒ္ဓမြတ်စွာအား အလွန်ကြည်ညိုသူဖြစ်၏။ ထိုမင်းသားနန်းတော်အသစ်တည်ဆောက် ပြီးသောအခါ ဗုဒ္ဓမြတ်စွာနှင့် သံဃာတော်များကို ဆွမ်းစားပင့်သောကြောင့် ဗုဒ္ဓသည် ဗောဓိမင်းသား၏ စံအိမ်သို့ ကြွတော်မူသည်။ စံအိမ်လှေကားတွင် ဗုဒ္ဓကို ကြည်ညိုသောအားဖြင့် ဝါဂွမ်းကော်ဇောကို ခင်းထားသည်ဖြစ်၍ ဗုဒ္ဓသည် ခြေချတော်မမူပေ။ အရှင်အာနန္ဒာက အဓိပ္ပာယ်ကို မသိဖြစ်နေသော ဗောဓိမင်းသားအား ဤသို့ ပြောလိုက်သည်။

**"သံဟတု ရာဇကုမာရ ဒုဿာနိ"**

ဘုရင့်သားတော် ဝါဂွမ်းကော်ဇောတွေကို ဖယ်လိုက်ပါ။

**"နဘဂဝါ စေလပဋိကံ အက္ကမိဿတိ"**

အဝတ်ခင်းထားတဲ့ နေရာမှာ ဘုရားရှင်ခြေချတော်မမူပါ။

**"ပစ္ဆိမံ ဇနတံ တထာဂတော အနုကမ္ပတိ"**

ဤသို့ဖြင့် အနာဂတ်လူများကို ဘုရားရှင် သက်ညှာထောက်ထားတော်မူ၏။

နောင်အနာဂတ်တရားပို့ချသူ ဆရာများသည် ယခုကဲ့သို့ မမှန်မကန်သော ကြည်ညိုမှုမျိုးဖြင့် လူအများအား တာဝန်မပိစေလို၍ ဤလွဲမှားသော အပြုအမူကို ပြုတော်မမူခဲ့ခြင်းဖြစ်၏။

ဆွမ်းဘုဉ်းပေးပြီးသောအခါ ဗောဓိရာဇကုမာရကမေး၍ ဗုဒ္ဓ ဤသို့ ဖြေကြားတော်မူသည်။ "နံနက်တွင် သင်ကြားနာယူထားသော မြင့်မြတ်သူတစ်ယောက်သည် ဘုရားရှင်၏ လမ်းစဉ်အတိုင်း ကျင့်ကြံအားထုတ်သွားပါက ညနေချိန် ကျရောက်လျှင်လည်းကောင်း၊ ညနေသင်ကြားနာယူထားသူသည် လမ်းစဉ် အတိုင်း ကျင့်ကြံအားထုတ်သွားလျှင် နံနက်သောအချိန်၌လည်းကောင်း လွတ်မြောက်ငြိမ်းအေးမှုသို့ ရောက်ရှိသွားနိုင်၏။"

ဘုရားရှင်၏ မိန့်ကြားချက်ကြားရသောအခါ ဗောဓိမင်းသားသည် ရွှင်လန်းဝမ်းမြောက်စွာဖြင့် ဤသို့ဆို၏။ **"အဟောဗုဒ္ဓေါ အဟောဓမ္မော အဟောဓမ္မဿ သွာက္ခာတတာ"**

ဗုဒ္ဓသည် ကြီးမြတ်လှပါကလား၊ ဓမ္မသည် ကြီးမြတ်လှပါကလား၊ ကောင်းစွာဟောကြားအပ်သော ဓမ္မသည် ကြီးမြတ်လှပါကလား။

ထို့နောက် ဗောဓိမင်းသားက ဤသို့လျှောက်ထား၏ တပည့်တော်သည် အမိဝမ်းတိုက်တွင်း၌ရှိစဉ်က အမိသည် အရှင်ဘုရားထံသွားပြီး "တပည့်တော်မ၏ ဝမ်းတိုက်၌ရှိသော သန္ဓေသားသည် ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံတို့၌ ခိုလှုံလဲလျောင်းပါသည်ဘုရား။ ၎င်းအား ခိုလှုံလဲလျောင်းခွင့်ပြုတော်မူပါဘုရား" ဟု လျှောက်ထား၏။ ထို့နောက် တပည့်တော်၏နို့ထိန်းသည်က အရှင်ဘုရားထံသို့ ရောက်ရှိ၍ "ယခု တပည့်မနှင့် ပါလာသော မင်းသားကလေးသည် ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံတို့၌ ခိုလှုံလဲလျောင်းပါသည်ဘုရား၊ မင်းသားကလေးကို တပည့်အဖြစ် လက်ခံတော်မူပါဘုရား" ဟု အပ်နှံခဲ့ပါသည်။ ယခုတတိယအကြိမ် တပည့်တော်ကိုယ်တိုင် ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံတို့၌ ခိုလှုံလဲ လျောင်းပါသည်ဘုရား။ ခိုလှုံလဲလျောင်းရန်လာသော တပည့်တော်ကို အသက် ထက်ဆုံး တပည့်ဒါယကာ အဖြစ် လက်ခံတော်မူပါ" ဟုလျှောက်ထားလေ၏။ **(မဇ္ဈိမနိကာယ်၊ ဗောဓိရာဇကုမာရသုတ္တ)**

ဗုဒ္ဓသည် ယင်းညွှန်ပြချက်တစ်ခုဖြင့် အနာဂတ် ဓမ္မာစရိယ၊ ဓမ္မကထိကများအား လာဘ်လာဘကို မျှော်ကိုးပြီး တရားမဟောရန် မိန့်တော်မူပြီး လာဘ်လာဘကို မျှော်ကိုးပြီး တရားဟောလျှင် မိမိလည်း ထိခိုက်၏။ သဒ္ဓါတရားရှိသူများလည်း ထိခိုက်၏။ တရားဓမ္မလည်း ထိခိုက်၏ဟူ၍ သတိပေးတော်မူပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com

# ၄၄။ ရဟန္တာပုဂ္ဂိုလ်အစစ်အမှန်ဖြစ်ခြင်း

ဥရုဝေလကဿပ သီတင်းသုံးရာနေရဉ္ဇရာမြစ်ရိုး အောက်ပိုင်းတွင် နေထိုင်လျက်ရှိကြသော ညီတော်နဒီကဿပနှင့် တပည့်သုံးရာတို့သည် လည်းကောင်း၊ နောက်ညီတော်တစ်ပါးဖြစ်သော ဂယာကဿပနှင့်တပည့်နှစ်ရာတို့သည်လည်းကောင်း မီးနှင့်ယဇ်ပူဇော်ခြင်းတို့ကို ပြုကျင့်ကြ၏။ ညီနောင်နှစ်ဦးတို့သည် မိမိကိုယ်တိုင်ရဟန္တာဟု ယုံကြည်ကြပြီး သာမန်ပုဂ္ဂိုလ်တို့ကလည်း ယင်းတို့အား ရဟန္တာအဖြစ်သိမှတ် ရှိသေကြသည်။

သူတို့သည် နေရဉ္ဇရာမြစ်တွင် မျှောပါလာသော ဆံပင်မွေး၊ မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေးတို့ကို တွေ့မြင်ရာတွင် အစ်ကိုကြီးဖြစ်သူနှင့်တပည့်များ၏ ဆံပင်များ ဖြစ်လေမည်လားဟု ထင်ကြသည်။ ထို့ကြောင့် ဥရုဝေလကဿပထံ သွားရောက်ရာတွင် ၎င်းတို့၏ အစ်ကိုနှင့် တပည့်များသည် ဆံပင်၊ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးများ အားလုံးရိတ်ဖြတ်ထားသည်ကို တွေ့ရှိကြသည်။ အစ်ကိုဖြစ်သူက ညီငယ်နှစ်ပါး အား မိမိတို့ကို မိမိတို့ရဟန္တာ ဖြစ်ကြသည်ဟု ယုံမှားနေခြင်းကို ရှင်းပြသည်။ ရဟန္တာအစစ် မဖြစ်သမျှ သံသရာမှ လွတ်မြောက်နိုင်မည်မဟုတ်၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားထံ ခိုလှုံဆည်းကပ်ခြင်းဖြင့် စစ်မှန်သော ရဟန္တာအဖြစ်သို့ ရောက်ရှိပြီး အေးငြိမ်းချမ်းသာခြင်းအစစ်အမှန်ကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း ဥရုဝေလကဿပက သွန်သင်ဆုံးမသည်။

ညီငယ်နှစ်ဦးနှင့်ယင်းတို့၏ တပည့်ငါးရာတို့သည် ပညာစခန်းသို့တက်လှမ်းနိုင်ရန် သီလ၊ သမာဓိတို့နှင့်ပြည့်စုံရမည်ကို နားလည်သဘောပေါက်ကြသည်။ ရုပ်နာမ်တို့အပေါ် ရှုမှတ်ခြင်းဖြင့် သမာဓိကို ထူထောင်ရမည်။ ဗုဒ္ဓမြတ်စွာ ဘုရားသည် သမာဓိထူထောင်ရန် ထွက်လေဝင်လေကို ရှုမှတ်စေသည်။ သမာဓိ ရင့်သန်အောင် အားထုတ်ပြီးမှ ပညာသိက္ခာသို့တက်လှမ်းနိုင်မည်ဟု ဟောကြားသည်။

ပညာသည် သုံးပါးရှိ၏ ကြားသိရသမျှတို့ကို ဆန်းစစ်ဝေဖန်သုံးသပ်ခြင်းသည် စိန္တာမယ ပညာသာ ဖြစ်၏။ ဤမျှလောက်နှင့်ဘာဝနာမယပညာသို့ မတက်လှမ်းနိုင်သေးပါ။ သီလသိက္ခာနှင့် သမာဓိသိက္ခာထိန်းသိမ်းကျင့်ကြံခြင်းမပြုသော်လည်း သုတမယပညာနှင့် စိန္တာမယပညာတို့ကို ရရှိနိုင်ပါသည်။ သို့သော်ဘာဝနာမယပညာကိုမူ သီလစောင့်ထိန်းခြင်းသမာဓိ ထူထောင်ခြင်းများပြုလုပ်ပြီးမှသာ ရရှိနိုင်မည်ဖြစ်သည်။ "ဂေါတမကဲ့သို့သော ဆရာတစ်ဆူရှိခြင်းသည်မိမိတို့အတွက် အလွန်ကံကောင်းသည်၊ ငါနှင့်တပည့်များတို့သည် ဗုဒ္ဓလမ်းစဉ်အတိုင်း သီလသိက္ခာ၊ သမာဓိသိက္ခာတို့ကို စောင့်ထိန်းကျင့်ကြံပြီး သုတမယပညာ စိန္တာမယပညာတို့ကို ကျော်လွန်၍ ဘာဝနာမယပညာကို ရှုမှတ်အားထုတ်ခဲ့ကြ သည်။ ငါတို့သည် လောဘ၊ ဒေါသ၊ မောဟတို့ကို အမြစ်ကနေတွန်းလှန်ပြီး သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်တို့ကို ကျော်လွန်၍ အာသဝေါတရားတို့ ကင်းလွတ်သည့် ရဟန္တာအဖြစ်ရောက်ရှိကြသည်"

"မင်းတို့လည်း ဗုဒ္ဓ၏တရားလမ်းစဉ်ကိုလိုက်နာခြင်းဖြင့် အာသဝေါတရားများကင်းသည့် ရဟန္တာအဖြစ်ရရှိအောင် ကျင့်ကြံအားထုတ်ကြပါ။ အဝိဇ္ဇာအမိုက်မှောင်တွင်းမှ ထွက်၍ အများကောင်းကျိုးအတွက် ကြိုးပမ်း ဆောင်ရွက်ကြပါ။"

ညီငယ်နှစ်ပါးနှင့် တပည့်တို့သည် ဥရုဝေလကဿပ၏ ဩဝါဒကို လိုက်နာခံယူခြင်းကြောင့်လည်းကောင်း၊ ဘဝအဆက်ဆက်ကစုဆောင်းခဲ့သည့် ကြီးမားသောကုသိုလ်ပါရမီများကြောင့်လည်းကောင်း၊ တိုတောင်းသောအချိန်အတွင်းမှာပင် ရဟန္တာအဖြစ်သို့ ရောက်ရှိကြပါသည်။ ယင်းသို့ဖြင့် ရဟန္တာပေါင်း တစ်ထောင့်သုံးပါးတို့သည် မြတ်စွာဘုရားထံပါး၌ ခိုလှုံကြ၍ ရဟန္တာပုဂ္ဂိုလ် အစစ်အမှန်များ ဖြစ်သွားကြလေသည်။

http://www.dhammadownload.com



http://www.dhammadownload.com

# ၄၅။ ပြစ်တင်ဆဲရေးတိုင်းထွာမှုများ

မာဂဏ္ဍီ၏ဦးရီးတော်သည် မာဂဏ္ဍီအားကောသမ္ဗီဘုရင်ဥဒေနထံ ဆက်သလိုက်သည်။ သူမ၏အ ပြစ်ကင်းစင်သောအလှအပကို တွေ့မြင်သောအခါ ဥဒေနဘုရင်သည် မာဂဏ္ဍီအား သာမာဝတီမိဖုရား၊ ဝါသုလဒတ္တာမိဖုရားတို့နှင့် အလားတူပင် မိဖုရားခေါင်တစ်ပါးအဖြစ် ကောက်ယူတော်မူလိုက်သည်။

ကုန်သည်ကြီးများ ပင့်ဆောင်သဖြင့် ကောသမ္ဗီမြို့သို့ ဘုရားရှင်ကြွလာသည်ကို မာဂဏ္ဍီမိဖုရားသည် လုံးဝမကျေနပ်မနှစ်သက်ချေ။ အဘယ်ကြောင့်ဆိုသော် မာဂဏ္ဍီ၏ခန္ဓာကိုယ်သည် ကျင်ကြီးကျင်ငယ်နှင့်ပြည့်နေ၍ မိမိ၏ခြေထောက်နှင့်ပင် ထိမည်မဟုတ်ဟု ဘုရားရှင်တစ်ခါက မိန့်ဆိုခဲ့သည်ကို အငြိုးအတေးထားသောကြောင့် ဖြစ်သည်။ သာမာဝတီမိဖုရားနှင့် ၎င်း၏မောင်းမ မိဿံအခြွေအရံ၅၀၀-တို့သည်ဘုရားရှင်၏ တပည့်သာဝကများ ဖြစ်လာသည့်အခါ၌ပို၍ပင် မခံမရပ်နိုင်ဖြစ်သွားခဲ့သည်။

ဉာဏ်ပညာမဲ့သော မာဂဏ္ဍီမိဖုရားသည် မြတ်စွာဘုရားရှင်၏စကားမည်မျှမှန်ကန်သည်ကို နားလည်သဘောမပေါက်ချေ။ မာရ်နတ်၏သမီးတော် ၃-ယောက်သည် ဘုရားရှင်အား တဏှာရာဂထကြွလာစေရန် ၎င်းတို့ ခန္ဓာကိုယ်များကို ဖေါ်လှစ်၍လည်းကောင်း၊ အမူအယာဟန်ပန်များဖြင့်လည်းကောင်း ဘုရားရှင်အား ဖြားယောင်းခဲ့သည်။ နတ်သမီးများဖြစ်သည့် အားလျော်စွာ ၎င်းတို့အလှအပသည် အလှဆုံးလူသားမိန်းမများထက် များစွာသာလွန်ကြသည်။ နတ်ဘုံမှ နတ်သားနတ်သမီးများသည် လူသားများကဲ့သို့ ရုပ်ဝတ္ထုအာဟာရများကို မစားသုံးကြ။ ထိုကြောင့် နတ်သားနတ်သမီးများတွင် ကျင်ကြီးကျင်ငယ်များ စွန့်ပစ်ရန် မရှိကြချေ။ လူသားများကား ဤသို့မဟုတ်ပေ။ မည်မျှပင် လှပစေကာမူ ရုပ်ခန္ဓာကိုယ်အတွက် အစာအာဟာရမှီဝဲကြရသည်။ ထိုအခါ အညစ်အကြေးများဖြစ်လာသလို၊ မစင်များကို သိုလှောင်ခြင်း၊ စွန့်ပစ်ခြင်းများ ပြုလုပ်ရသည်။ ဘုရားရှင်ကို အညစ်အကြေးကင်းသော နတ်သမီးများပင် မဖြားယောင်းနိုင်လျှင် အညစ်အကြေးအပြည့်ရှိသော ရုပ်ခန္ဓာပိုင်ဆိုင်သူလူသားက မည်သို့ဖြားယောင်းဆွဲဆောင်နိုင်မည်နည်း။

နောက်တစ်ချက်မှာ သမ္မာသမ္ဗုဒ္ဓဘုရားရှင်သည် ကိလေသာ အညစ်အကြေး အားလုံးကို ဝါသနာခလေ့မျှမကျန် ကုန်စင်အောင် စွန့်ပယ်ပြီးဖြစ်သည်။ အဘယ်မှာ အိမ်ယာတည်ထောင်နေရဦးမည်နည်း။

မာဂဏ္ဍီမိဖုရားသည် ဤအကြောင်းအရာများကို မသိနားမလည်ချေ။ ထို့ကြောင့်ဘုရားရှင်အား အာဃာတထားကာမြို့နေလူမိုက်လူဆိုး သေသောက်ကြူးများကို ငွားရမ်း၍ မြတ်စွာဘုရားအားသူခိုးသူယုတ်၊ တိရစ္ဆာန်၊ ငရဲသားစသည်ဖြင့် ဆဲရေးတိုင်းထွာစေသည်။

ထိုအခါဘုရားရှင်သည် ကြောက်လန့်ပြီး ကောသမ္ဗီမှ ထွက်ခွာသွားလိမ့်မည်ဟု မာဂဏ္ဍီမိဖုရားက ယူဆသည်။ ဤသို့အမျိုးမျိုး ဆဲရေးကြသည်ကို ကြားရလေသော် အရှင်အာနန္ဒာက မြတ်စွာဘုရားအား အခြားမြို့ရွာသို့ ပြောင်းရွှေ့ကြရန် လျှောက်ထား၏။ ဘုရားရှင်က လက်ခံတော်မမူ။ တပည့်အခြံအရံများအား ဘုရားရှင်က သည်းခံကြရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ဥပေက္ခာ တရားထားကြရန် သွန်သင်ဆုံးမသလို မိမိကိုယ်တိုင်လည်း ဤတရားများနှင့် နေထိုင်ကျင့်သုံးသည်။ ဘုရားရှင်က အရှင်အာနန္ဒာအား မစိုးရိမ်ရန်နှင့်ပြဿနာကို ဥပေက္ခာနှလုံးသွင်းပြီးရင်ဆိုင်ရန်မြွက်ကြားတော်မူသည်။ မည်သည့် မနှစ်သက်ဖွယ်အခြေအနေမဆိုကြာမြင့်စွာဖြစ်နေမည် မဟုတ်ဟု ပြန်လည်ဖြေကြားသည်။ မိန့်ကြားသည့်အတိုင်း ရက်သတ္တတစ်ပါတ်အတွင်း ဆဲရေးတိုင်းထွာမှုများ ရပ်ဆိုင်းသွားခဲ့သည်။

နောက်ဆက်တွဲ ➤ စာ-၆ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၄၆။ စိဉ္စမာဏဝိကာ

ကိုယ်တော်တိုင်တွေ့ရှိသော ကိုယ်တွေ့ကို အကြောင်းစံထား၍ ဟောကြားအပ်သဖြင့် အခုကျင့်၊ အခုအကျိုးရှိသော ဗုဒ္ဓမြတ်စွာ၏တရားတော်သည် တစ်ဖြည်းဖြည်းပျံ့နှံ့ကာ များစွာသော လူအပေါင်းတို့ကို အထူးကျေးဇူးများစေခဲ့၏။ ထို့ကြောင့် ဝိပဿနာကျင့်ကြံအားထုတ်သူဦးရေသည် များသည်ထက်များလာခဲ့၏။ ဗုဒ္ဓမြတ်စွာ၏ဂုဏ်သတင်းသည်လည်း ကျော်စောကျယ်ပြန့်သည် ထက်ကျယ်ပြန့်လာလေ၏။ ထိုအခါ၌ မှားယွင်းသောအမြင်ပေါ်တွင် အခြေခံထားသော မျက်ကန်းယုံကြည်မှု ဂိုဏ်းအမျိုးမျိုးတို့သည်လည်း ပြိုကွဲပျက်စီးလာကြလေသည်။ ယခင်က ခံစားခဲ့ရသော လာဘ်လာဘနှင့်အရှိန်အဝါတို့လည်း ဆုံးရှုံးခဲ့ကြရ၏။ ထို့ကြောင့် ထိုဂိုဏ်းများ၏ဆရာကြီးများသည် ဗုဒ္ဓမြတ်စွာအား လွန်စွာမနာလိုဖြစ်၍ မုန်းတီးကြ၏။ သို့သော် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်သတင်းကျော်ကြားမှုဒီရေကို မည်သို့မျှ မတားဆီးနိုင်ကြသည့်အခါဖြစ်၏။

အကယ်၍ ဗုဒ္ဓမြတ်စွာ၏ကိုယ်ကျင့်သီလကိုသာ ညှိုးနွမ်းညစ်ညမ်းစေခိုင်းလျှင် လက်ရှိအခြေအနေကို တားဆီးနိုင်ပြီး ယခင်အတိုင်း မိမိတို့ပြန်လည်ခံစားကြရမည်ဟု ဂိုဏ်းဆရာတစ်ယောက်ကအကြံရ၏။ အားလုံးကထိုအကြံကို သဘောတူသဖြင့် ဗုဒ္ဓမြတ်စွာ၏ကိုယ်ကျင့်သီလကို ညစ်ညမ်းသွားစေမည့် နည်းလမ်းများကို ရှာကြလေသည်။ သို့ဖြင့် ၎င်းတို့၏အကြံအစည်ကို အကောင်အထည်ဖော် ပေးနိုင်မည့် လေလွင့်နေသော မိန်းမပျိုကလေးစိဉ္စမာဏဝိကာကို တွေ့ကြ၏။ သူမသည် ပျို့ရွယ်လှပပြီး ဣတ္ထိယ-မာယာတို့၌ ကျွမ်းကျင်သူဖြစ်လေသည်။ ဂိုဏ်းဆရာကြီးများသည် သူမအား အချိန်မတော် အချိန်တော်ကာလများတွင် ဇေတဝန်ကျောင်းတော်သို့ သွားရန်၊ အကယ်၍ လူအများက မေးလျှင် ဇေတဝန်ကျောင်း၊ ဂန္ဓကုဋိတိုက်၌ တောထွက်ရဟန်းကြီး ဂေါတမနှင့်အတူ အိပ်စက်ရာမှ ပြန်လာသည်ဟုပြောရန် စီစဉ်ကြ၏။ ခိုင်းသည့်အတိုင်း စိဉ္စမာဏကလည်း လုပ်ဆောင်လျက်ရှိလေသည်။ ကာလအတန်ကြာသော် သူမသည် ရဟန်းဂေါတမနှင့်ရသော ကိုယ်ဝန်ကို ဆောင်နေရပြီဟု ထပ်မံ၍ သတင်းများပျံ့လွင့်စေသည်။ ရှစ်လ၊ ကိုးလမျှလွန်သောအခါ စိဉ္စမာဏသည် ဇေတဝန်ကျောင်းတော်သို့ ဝင်လေသည်။

ထိုအချိန်၌ ဗုဒ္ဓမြတ်စွာသည် များစွာသော ရဟန်းပရိသတ်တို့ အလယ်တွင် စံနေတော်မူ၍ ဒေသနာကို ဟောကြားတော်မူလျက်ရှိ၏။ စိဉ္စမာဏသည် သစ်သားပြားအဝိုင်းတစ်ခုကို မိမိ၏ဝမ်းဗိုက်တွင်ချည်နှောင်ကာ ပဋိသန္ဓေရှိနေသည့်အသွင်ဖြင့် ဗုဒ္ဓမြတ်စွာထံသို့သွား၍ "အခုမွေးလာမဲ့ ကလေးအတွက် သင်ဘာမှ မပြင်ဆင်ခဲ့၊ ဘာပစ္စည်းမှမရှိသေးလျှင် ယခုရောက်နေသည့် သင့်မိတ်ဆွေသူဌေးတွေဆီက တောင်းပါလား" ဟု ရင့်သီးစွာစွပ်စွဲလိုက်လေသည်။

ဗုဒ္ဓမြတ်စွာကား လူပုံအလယ်၌ ဤသို့စွပ်စွဲလိုက်ခြင်းအတွက် စိုးစဉ်မျှမတုံ့လှုပ်ဘဲ အလွန်တည်ငြိမ်စွာ ကရုဏာတော်ဖြင့် "ချစ်နှမ၊ သင်ယခု ပြောနေသော အကြောင်းအရာ၏အဖြစ်မှန်ကို ငါနှင့်သင်တို့သာ သိပေ၏" ဟု မိန့်မြွက်တော်မူပါသည်။

စိဉ္စမာဏသည် ဘုရားရှင်အား "ဟုတ်တာပေါ့တို့နှစ်ယောက်ထဲရဲ့ ကိစ္စကို ဘယ်အပြင်လူက သိနိုင်ပါ့မလဲ၊ သင်ဟာပျော်တော့ပျော်တတ်ပြီး ခလေးတာဝန်ကျတော့ မယူတတ်ဘူး" ဟု ပြန်လည်ငေါက်ငန်းလိုက်ပြန်၏။ ဤမျှကြမ်းတမ်းစွာစွပ်စွဲပြောဆိုလိုက်သည့်တိုင် ဗုဒ္ဓမြတ်စွာသည် ပကတိတည်ငြိမ်စွာရှိနေသည်ကို တွေ့ရသော စိဉ္စမာဏသည် အထိတ်တလန့်ဖြစ်၍ ကြောက်စိတ်များ ဝင်လာကာ တားဆီးမရအောင် တုံ့ခါ၍ နေတော့၏။ သစ်သားပြားကို ချည်ထားသော

နောက်ဆက်တွဲ ➤ စာ-၆ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၄၇။ သုန္ဒရီပရိဗိုဇ်

ဘုရားရှင်ဟောကြားသည့် တရားသည်ကား သစ္စာတရားကို အခြေခံသည်။ မိမိကိုယ်တိုင် အားထုတ်ပြီးမှ သိရှိလာရသည့် ဘာဝနာမယပညာဖြင့်သာ အမှန်တရားကို သိရှိနိုင်သည်။ အခါမလင့်လက်ငင်း အကျိုးပေး မှုရှိသဖြင့်လည်း အများပြည်သူများအကြားတွင် တရားတော်သည် လျင်မြန်စွာ ပျံ့နှံ့လျက်ရှိနေ၏။ လိုက်နာကျင့်သုံးသူများလည်း ပိုမိုများပြားလာ၏။ ဘုရားရှင်၏ တပည့်သံဃာများ အပေါ် အလေးအမြတ်ထားမှုသည်လည်း ပိုမို များပြားလာလေတော့သည်။

ထိုအခါ ဂိုဏ်းဂဏအသီးသီးမှ တိတ္ထိတို့တွင် တပည့်ခံသူ တဖြည်းဖြည်း နည်းပါးလာကြသလို ၎င်းတို့အား ကြည်ညိုလေးစားမှုသည်လည်း ကျဆင်းလာသည်။ ဘုရားရှင်သည် သီလ၊ သမာဓိ၊ ပညာ အခြေခံသည့် စစ်မှန်သည့် တရားဓမ္မကိုသာ ဟောသည်။ အမှန်တရားကို ချစ်မြတ်နိုးပြီး တရားစစ်တရားမှန်ကို ရှာဖွေသော လူအပေါင်းအတွက် ဗုဒ္ဓ၏တရားများသည် သဘာဝကျကျ ဆွဲဆောင်မှုရှိ၏။

လူအပေါင်းက ဗုဒ္ဓ၏သာဝကအပေါင်းသည် အကျင့်မှန်ခြင်း၊ အလိုနည်းပါးခြင်း၊ ရောင့်ရဲတင်းတိမ် နိုင်ခြင်းစသည်အရည်အခြင်းများနှင့် ပြည့်စုံသည်ကို တွေ့ရသဖြင့် ပိုမိုဆည်းကပ်ကိုးကွယ်ကြသည်။

တိတ္ထိတို့သည် ဤသို့သောအခြေအနေကို မနှစ်မြို့ကြချေ။ ပြဿနာကို မည်သို့ဖြေရှင်းကြမည်နည်း။ တစ်ဦးက အကြံပြုသည်။ အကယ်၍ ဘုရားရှင်၏ တပည့် သံဃာတို့သည် အကျင့်ပျက်သူများဟု လူအများ ထင်မြင်လာအောင် ပြုလုပ်နိုင် ပါက လက်ရှိတွေ့နေရသောပြဿနာသည် ရှင်းသွားလိမ့်မည်။


ဘုရားရှင်နှင့်တပည့်ရဟန်းများကို လူအများကြားတွင် သိက္ခာကျအောင် ဆောင်ရွက်ရန်အတွက် သူတို့သည်သုန္ဒရီဟု အမည်ရသည့် ပရိဗိုဇ်မတစ်ဦးကို လေ့ကျင့်ပေးကြသည်။ သူမအား ဘုရားရှင် သီတင်းသုံးရာ ဇေတဝန်ကျောင်းတော်သို့ တရားနာရန် နေ့စဉ်အသွားအပြန် ပြုလုပ်ကြသည့် တရားနာ ပရိသတ်များ မြင်စေရန် အချိန်ကိုက်စေလွှတ်သည်။ သုန္ဒရီပရိဗိုဇ်မအား စိဋ္ဌမာဏ၏ အမှားအယွင်းမျိုး ထပ်မံ၍ မမှားယွင်းစေလိုကြ။ ထို့ကြောင့် တိတ္ထိများသည် လူဆိုးများအား ငှားရမ်း၍ လူသူပြတ်သည့်အချိန်တွင် သုန္ဒရီ ပရိဗိုဇ်မကို သတ်ဖြတ်စေပြီး အလောင်းကောင်ကို ဇေတဝန်ကျောင်းအနီးရှိ တွင်းထဲ၌ ပစ်ထားစေသည်။ ရေပက်မဝင်သော အစီအစဉ်တစ်ခုဖြစ်လေသည်။

သတ်မှုကျူးလွန်ပြီးနောက် တစ်ရက်တွင် သုန္ဒရီပရိဗိုဇ်မ ပျောက်ဆုံးနေကြောင်း မြို့အတွင်း၌ သတင်းဖြန့်ကြသည်။ ပြီးနောက် ပသေနဒီမင်းကြီးထံ သွားရောက် တိုင်တမ်းကြသည်။ မင်းကြီးက မေးမြန်းသည့်အခါ သူတို့သည် ဇေတဝန်ကျောင်းတိုက်ကို သင်္ကာမကင်းရှိကြကြောင်း ဖြေဆိုကြသဖြင့် ဇေတဝန်ကျောင်းကို ရှာဖွေကြရန် မင်းကြီးက မိန့်ကြားလိုက်သည်။

တိတ္ထိတို့သည်လည်း မိမိတို့တပည့်များနှင့်အတူ လိုက်ပါသွားကြပြီး မတော်တဆ ရှာဖွေတွေ့သည့်ဟန်ဖြင့် ရုပ်အလောင်းကို လူအများအား မြင်စေရန် ပြကြ၏။ ဇေတဝန်ကျောင်းတော်မှ အလောင်းကို သယ်ယူလာပြီး- "ရဟန်းဂေါတမ၏ တပည့်သာဝကများ အကြံပက်စက်ပုံကြည့်ကြလော့၊ သူတို့သည် ဤမိန်းမကို မတော်မတရားပြုကျင့်၍ သတ်ဖြတ်ကာ တွင်းထဲတွင် စွန့်ပစ်ထားခဲ့ကြသည်"- ဟုကြွေးကြော်၍ အလောင်းကို သယ်ယူကာ မြို့တွင်း၌ လှည့်လည်ကြသည်။ ဘုရားရှင်၏တပည့်ရဟန်းများကို လိမ်ညာသူများ၊ အရှက်မဲ့သူများ၊ အကျင့်ပျက်သူများ၊ ယုတ်မာသူများ- စသည်ဖြင့် အပုတ်ချကြသည်။

နောက်ဆက်တွဲ ➤ စာ-၇ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၄၈။ အာဠာဝက - (နတ်ဘီလူး)

အာဠဝက နတ်ဘီလူးသည် ဒေဝက္ကဒ္ဒိပါဒ် တန်ခိုးနှင့်ပြည့်စုံသူတစ်ဦး ဖြစ်လေသည်။ သူ၏တန်ခိုးက္ကဒ္ဒိပါဒ်ကြောင့် အလွန်အမင်း မာန်မာန ထောင်လွှားသော သူတစ်ဦးလည်း ဖြစ်သည်။

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် အာဠဝီပြည်အရပ်သို့ ဒေသစာရီကြွချီလာပြီး အာဠဝီပြည်ရှိ အာဠဝက နတ်ဘီလူး၏ ဗိမာန်အတွင်းဝယ် တစ်ပါးတည်း သီတင်းသုံးနေထိုင်လျှက် ရှိသည်။

အာဠဝကဘီလူးသည် သူ၏ ဗိမာန်သို့ ရောက်ရှိလာသောအခါ ဗိမာန်အတွင်း၌ သူစိမ်းတစ်ယောက် ထိုင်လျက်ရှိနေသည်တွေ့မြင်ရသဖြင့် အမျက်ဒေါသထောင်းထောင်း ထွက်လေသည်။ ပြင်းစွာသောဒေါသနှင့် အာဠဝကဘီလူးသည် ဗုဒ္ဓမြတ်စွာဘုရားအား "ရဟန်းကြီး ငါ့ . . . ဗိမာန်မှ ထွက်လော့' ဟူ၍ အော်ဟစ်ပြောဆို ကြိမ်းဝါးသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် "ကောင်းပြီ ဒါယကာ" ဟူ၍ ပြန်လည် ဖြေကြားပြီး ဘီလူး၏ ဗိမာန်မှ ထွက်တော်မူသည်။

အချိန်အနည်းငယ်ကြာပြီးနောက် အာဠဝက ဘီလူးသည် "အို. . . ရဟန်းကြီး ဂေါတမ ဗိမာန်အတွင်း ပြန်ဝင်ဦးလော့" ဟူ၍ တစ်ဖန် ပြောဆိုပြန်သောအခါ၌လည်း ဗုဒ္ဓမြတ်စွာဘုရားမှ ကောင်းပြီ . . . ဒါယကာ ဟူ၍ ပြန်လည်ဖြေကြားတော်မူပြီး . . ဗိမာန်အတွင်းသို့ တစ်ဖန် ဝင်တော်မူသည်။

အာဠဝက ဘီလူးသည် ထွက်စေ၊ ဝင်စေ ဟူ၍ နှစ်ကြိမ်၊ သုံးကြိမ် တိုင်တိုင် ကြိမ်းဝါး ပြောဆိုခဲ့သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဘီလူး၏ ပြောဆိုခြင်းကို မဟာကရုဏာပြဌာန်း၍ သာယာနူးညွတ်သောစိတ်တော်ဖြင့် အလိုသို့ လိုက်ပါ၍ ထွက်တော်မူ ဝင်တော်မူခဲ့သည်။

အာဠဝကဘီးလူးသည် စတုတ္ထအကြိမ်မြောက်၌ "အို . . . ရဟန်းကြီး ဗိမာန်အတွင်းမှ ပြန်၍ထွက်ခဲ့လော့" ဟု ကြိမ်းဝါးပြောဆိုပြန်သည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက "ဒါယကာ အာဠဝကဘီလူး ယခုအခါ ငါ . . . ဘုရားမထွက်တော့ပါ၊ သင်ပြုလုပ်ရန် ရှိသမျှသော ကိစ္စကိုသာလျှင် သင်ပြုလုပ်တော့" ဟု တည်ကြည်ပြတ်သားစွာဖြင့် မိန့်ကြားတော်မူသည်။

ဗုဒ္ဓမြတ်စွာ၏ တည်ကြည်ပြတ်သားသော စိတ်ဓာတ်ကို သိမြင်သည်နှင့် အာဠဝကဘီလူးသည် စိုးရိမ်ထိတ်လန့်လာပြီး၊ ဤပုဂ္ဂိုလ်မှာ ဘုန်းတန်ခိုးအရာ၌ အလွန်ကြီးကျယ်မြင့်မြတ်ပြီး ဉာဏ်ပညာနှင့် ပြည့်စုံသူ ပုဂ္ဂိုလ်တစ်ဦး ဖြစ်နိုင်ဘွယ်ရှိသည်ဟု စဉ်းစားလျှက် ရှိသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်အား ကြီးကျယ်မြင့်မြတ်သော တန်ခိုးနှင့်ပြည့်စုံခြင်းရှိမရှိ စမ်းသပ်ရန် အလို့ငှာ အာဠဝက ဘီလူးက "အသင့်ကို ငါသည် အမေးပုစ္ဆာ ပြဿနာကို မေးမြန်းပါအံ့။ အကယ်၍ ငါ၏အမေးပုစ္ဆာ ပြဿနာကို ပြေလည်စွာ မဖြေဆိုနိုင်သည်ရှိသော် သင်၏ စိတ်ကို ဖောက်ပြန်ရူးသွပ်သွားအောင် ငါ. . ပြုပါအံ့၊ သင်၏ နှလုံးသားကိုလည်း ဖောက်ခွဲပါအံ့၊ သင်၏ခြေထောက်ကို ဆွဲကိုင်၍ ဂင်္ဂါမြစ်တစ်ဘက်သို့လည်း ငါ . . . ပစ်လွှတ်အံ့" ဟူ၍ ကြိမ်းမောင်းစကား ပြောကြားပြန်သည်။ ဗုဒ္ဓမြတ်စွာဘုရားမှ နတ်ဗြဟ္မာနှင့် တကွသော သတ္တလောက အတွင်းဝယ် ငါ ဘုရား၏ စိတ်နှလုံးကို ဖောက်ပြန်သွားအောင် ပြုလုပ်နိုင်သောသူ၊ ငါ ဘုရား၏ နှလုံးသားကို ဖောက်ခွဲနိုင်သောသူ၊ ငါ ဘုရား၏ ခြေတော်ကို ဆွဲကိုင်၍ ဂင်္ဂါမြစ် တစ်ဘက်သို့ ပစ်လွှတ်နိုင်သောသူ၊ တစ်စုံတစ်ယောက်ကိုမျှ ငါ မမြင်၊ သို့စေကာမူ အသင်အလိုရှိသော အမေးပုစ္ဆာပြဿနာကို မေးမြန်းပါလော့" ဟု မိန့်ကြားတော်မူသည်။

နောက်ဆက်တွဲ ➤ စာ-၇ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၄၉။ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း

အခါတစ်ပါး ဗုဒ္ဓမြတ်စွာဘုရားသည် ရဟန်းဘိက္ခုသံဃာငါးရာနှင့်တကွ ရာဇဂိရိမှ နာလန္ဒသို့ ဒေသစာရီ ခရီး ကြွချီတော်မူလာသည်။ သုပ္ပိယ ပရိဗ္ဗာဇက အမည်ရှိသော ဆရာနှင့် သူ၏ တပည့်ဖြစ်သူ ဗြဟ္မဒတ္တ မနဝက တို့သည်လည်း ရဟန်းဘိက္ခုများ၏ နောက်ဝယ် လိုက်ပါလာခဲ့ကြသည်။

ခရီးလမ်းတလျှောက်လုံးတွင် ဆရာဖြစ်သော သုပ္ပိယသည် ဗုဒ္ဓမြတ်စွာဘုရားအား အမျိုးမျိုးသော အခြင်းအရာအားဖြင့် ပြစ်တင်ဝေဖန် သုံးသပ်ခြင်း၊ ကဲ့ရဲ့ခြင်း ပြုလုပ်ပြီး လိုက်ပါလာသည်။ သုပ္ပိယ၏ တပည့်ဖြစ်သူမှာမူ မြတ်စွာဘုရားအား သူ့ဆရာကဲ့သို့ ပြစ်တင်ဝေဖန်ခြင်း၊ ကဲ့ရဲ့ခြင်း ပြုလုပ်မည့်အစား အမျိုးမျိုးသော အခြင်းအရာများနှင့် ချီးမွမ်းစကား ပြောဆိုပြီး လိုက်ပါလာသည်။

ရဟန်းဘိက္ခုများသည် ခရီးလမ်းတစ်လျှောက်လုံး ဆရာတပည့်၏ အချေအတင်ပြောဆိုခြင်းများကို ပါဝင်ပူးပေါင်း ပြောဆိုခြင်း မပြုလုပ်ကြပေ။ သူတို့သည် သုပ္ပိယဆရာ၏ဗုဒ္ဓမြတ်စွာဘုရားအား ကဲ့ရဲ့ ပြစ်တင်ဝေဖန်ပြောဆိုခြင်းကို ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း မပြုလုပ်ကြပေ။ ထိုနည်းအတူ တပည့်ဖြစ်သူ ဗြဟ္မဒတ္တ၏ မြတ်စွာဘုရားအား ချီးမွမ်းပြောဆိုဝေဖန်ခြင်းကိုလည်း ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း၊ ပါဝင်ပူးပေါင်းခြင်း မပြုလုပ်ကြပေ။

သို့နှင့် ခရီးမှာ နာလန္ဒ သို့မရောက်မီ နေဝင် မိုးချုပ်လာသည့်အတွက် လမ်းခရီး၌ အမ်ဘလတ်သိက္ခ အမည်ရှိသော မြို့တွင်းရှိ တည်းခိုရိပ်သာကြီး တစ်ခုတွင် ညအိပ်စက်အနားယူရန် ခရီးတစ်ထောက်နားခဲ့ကြသည်။

ညအလွန်မိုးချုပ်နေပြီး အချိန်ပင်ဖြစ်သော်လည်း ဆရာတပည့် နှစ်ဦးတို့သည် ဆက်လက်ပြီး ဗုဒ္ဓအား တစ်ဦးမှ ကဲ့ရဲ့ပြီး တစ်ဦးမှ ချီးမွမ်းခြင်း၊ ဝေဖန်ပြောဆိုနေကြသည်ကို ရဟန်းဘိက္ခုများမှ ကြားနေကြရသည်။ ရဟန်း ဘိက္ခုများမှလည်း ထိုသူတို့၏ အချေအတင် ပြောဆိုနေကြသည့်အပေါ်၌ မည်သို့မျှ ဝင်ရောက် စွက်ဖက်ခြင်း မပြုလုပ်ကြပေ။

နံနက်စောစောထအချိန်ကျရောက်လာသည့်အခါမှာ ရဟန်းဘိက္ခုများသည် စုဝေးပြီး ဆရာတပည့်နှစ်ဦး၏ အချေအတင်ပြောဆိုကြသည့် ဆရာ၏ ဘုရားရှင်အား ကဲ့ရဲ့ပြစ်တင်ခြင်းနှင့် ဘုရားရှင်အား တပည့်၏ ချီးမွမ်းစကား ပြောဆိုခြင်းများကို ဘုရားတပည့်တော်တို့သည် ပါဝင်ပတ်သက်ပြောဆိုခြင်း၊ ဝင်ရောက် ဆွေးနွေးခြင်း စသည်များကို မပြုလုပ်ဘဲ၊ တိတ်ဆိတ်ငြိမ်သက်စွာ နေခဲ့ကြသည်ဟု အခြင်းအရာများ ကုန်စုံအောင် ဗုဒ္ဓမြတ်စွာဘုရားအား ရှိသေစွာ လျှောက်ထားကြသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာဘုရားပြန်လည် မိန့်ကြားသည်မှာ “ချစ်သား ရဟန်းတို့ ထိုပုဂ္ဂိုလ်နှစ်ဦး၏ဝေဖန်ချက်များကို ပါဝင်ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် လျှင် သင်တို့၏မှန်ကန်သော ပြုလုပ်ခြင်းပင် ဖြစ်ပေသည်။ ဘုရား၊ တရား၊ သံဃာကို ဝေဖန်သုံးသပ်ခြင်း စသည်တို့ကို မြင်ရ သိရ ကြားရပြီး၊ သင်တို့မှာ အမျက် ဒေါသထွက်ခြင်း၊ စိတ်ပျက်ခြင်းသည် သင်တို့ ကိုယ်တိုင် ဘေးအန္တရာယ်နှင့် ကြုံတွေ့ ရင်ဆိုင်ကြရပေလိမ့်မည်။ သင်တို့၏ ဒေါသအမျက် ထွက်လာခြင်းသည်လည်း သင်တို့၏ ဆင်းရဲဒုက္ခပင် ဖြစ်ပေလိမ့်မည်။

တစ်စုံတစ်ယောက်သောသူသည် သင်တို့အား ကဲ့ရဲ့ ပြစ်တင်ဝေဖန် သုံးသပ်သည့်အခါ သင်တို့အနေနှင့် မိမိကိုယ်ကို မိမိအပြစ်ရှိ မရှိ စိစစ်ခြင်းသည် မှန်ကန်ပြီး၊ အကယ်၍များ သင်တို့၌ တစ်စုံတစ်ခုသော အပြစ်ရှိနေပါက ဝေဖန် သုံးသပ်ခြင်းကိုပင် ကျေးဇူးစကားပြောဆိုရာ၏။ သင်တို့အပေါ်၌ ပြစ်တင် ဝေဖန်ပြောဆိုမှုကို အရေးမယူ မေ့ထားကြရန် ကြိုးစားကုန်ရာ၏။

http://www.dhammadownload.com



http://www.dhammadownload.com

# ၅၀။ အင်္ဂုလိမာလ

လူတွေကို ရက်စက်စွာ သတ်ပြီးလက်ညှိုးများကို ဖြတ်၍ ပန်းကုံးသဖွယ် ဆွဲထားသည့် လူသတ်သမားကြီး အင်္ဂုလိမာလအား ကောသတိုင်းသူပြည်သားများ အလွန်ကြောက်ရွံ့နေကြရ၏။ သူသွားလာတတ်သည့် ဒေသများကို ရှောင်ကြရ၏။ ကောသလဘုရင်၊ ပသေနဒီ မင်းကြီး၏တပ်များက ဖမ်းဆီးမမိသေးသဖြင့် ဘုရင်ကိုယ်တိုင်တပ်ကြီးဖြင့် ၎င်းအားဖမ်းဆီးရန်သွားလေ၏။

မဟာကရုဏာတော်ရှင် ဗုဒ္ဓမြတ်စွာသည် ဒုက္ခရောက်နေသူအပေါင်းတို့ ကယ်တင်တော်မူလိုသည့်ပြင် လူသတ်သမားအင်္ဂုလိမာလကိုလည်း သူ၏ပြစ်မှုအကုသိုလ်များမှ လွတ်မြောက်စေတော်မူလို၏။ ထို့ကြောင့် အင်္ဂုလိမာလရှိရာ အရပ်သို့ကြွသွားတော်မူပါသည်။

သူ့ပိုင်နက်အတွင်း ရဲရင့်စွာဝင်ရောက်လာသော ဗုဒ္ဓမြတ်စွာကို ခုတ်ပိုင်းရန် အင်္ဂုလိမာလသည် ဓားဆွဲ၍အပြေးလိုက်လေ၏။ ပုံမှန်ကြွလှမ်းလျက်ရှိတော်မူသော ဗုဒ္ဓမြတ်စွာအားပြေး၍ လိုက်နေသော အင်္ဂုလိမာလသည် ဗုဒ္ဓ၏တန်ခိုးတော်ကြောင့် မမှီနိုင်ဖြစ်နေသောအခါ လှမ်း၍ "သမဏ၊ ရပ်လော့" ဟုအော်လိုက်လေသည်။ ဗုဒ္ဓမြတ်စွာသည် အလွန်တည်ငြိမ်စွာဖြင့် "အို အင်္ဂုလိမာလ၊ ငါကတော့ရပ်နေပါပြီ၊ သင်ကသာလူတွေသတ်နေခြင်းဖြင့် သံသရာမှ မရပ်မနားပြေးသွားနေခြင်းဖြစ်၏"ဟု မိန့်တော်မူလိုက်၏။

ဤအကြိမ်သည် "ဓမ္မ" ဟူသောအေးချမ်းလှသည့် စကားသံကို ပထမဆုံးကြားဖူးလိုက်သော အင်္ဂုလိမာလသည် ပြင်းထန်စွာစိတ်လှုပ်ရှားသွားပြီး သူ့ဒေါသ၊ မာန်မာနတွေလည်း အရည်ပျော်၍ ပျောက်ကုန်တော့၏။ ချက်ခြင်းသတိဝင်ခါ လက်နက်တွေကို မြေမှာချ၍ ဗုဒ္ဓမြတ်စွာထံတွင် တပည့်အဖြစ် ခံယူလိုက်၏။ ထို့နောက် ဗုဒ္ဓမြတ်စွာ သီတင်းသုံးတော်မူရာ စေတဝန်ကျောင်းတော်သို့ လိုက်ပါသွားခဲ့လေသည်။

**"ဣဒ္ဓိဘိသင်္ခတမနော ဇိတ္တာမုနိန္ဒော" ဗုဒ္ဓသည် တန်ခိုးတော်ဖြင့် အင်္ဂုလိမာလကို အနိုင်ယူတော်မူ၏။ (ဇယမင်္ဂလ၊ အဋ္ဌကထာ)**

တစ်နေ့သောနေ့လည်အချိန်၌ ပသေနဒီ မင်းကြီးသည် ဗုဒ္ဓမြတ်စွာ၏ အနီးအပါးတွင် အင်္ဂုလိမာလထိုင်နေသည်ကို မြင်လိုက်သောအခါ ထိတ်လန့်ကြောက်ရွံ့သွားလေသည်။ ဗုဒ္ဓမြတ်စွာက "ဘုရင်မင်းမြတ်၊ အင်္ဂုလိမာလကို ယခုသင်ကြောက်ရွံ့ရန်မလိုတော့ပါ၊ အင်္ဂုလိမာလသည် ယခုအခါ၌ သောတာပန်ပုဂ္ဂိုလ်ဖြစ်နေလေပြီ" ဟု နှစ်သိမ့်တော်မူလိုက်၏။

နောက်ကာလအတန်ကြာ၌ အင်္ဂုလိမာလသည် ဆွမ်းခံကြွနေစဉ် မီးမဖွားနိုင်သဖြင့် အပြင်းအထန်ဝေဒနာခံစားနေရသော အမျိုးသမီးတစ်ယောက်ကို တွေ့ရ၏။ ချက်ခြင်းကျောင်းသို့ ပြန်ကြွ၍ ဗုဒ္ဓမြတ်စွာအား မီးမဖွားနိုင်ခြင်းဒုက္ခကိုကယ်မပေးတော်မူရန် လျှောက်ထားလိုက်၏။ ဗုဒ္ဓမြတ်စွာသည် အင်္ဂုလိမာလအား "ယခုပင် သင်သည် အမျိုးသမီးထံသွားရောက်ခါ (ငါသည် မွေးဖွားလာသည် အချိန်မှစ၍ မည်သည့် အသက်ကိုမျှမသတ်ခဲ့ပါ)ဟု သစ္စာဆိုလိုက်ပါ။ မိခင်နှင့်ခလေးတို့ ချမ်းသာရသွားပါလိမ့်မည်" ဟုညွှန်ကြားတော်မူလိုက်၏။ လူသတ်သမားကြီး အင်္ဂုလိမာလသည် အလွန်အံ့သြ ထိတ်လန့်စွာဖြင့် ဗုဒ္ဓမြတ်စွာအား "တပည့်တော်က လူပေါင်းများစွာကို သတ်ခဲ့သူပါဘုရား"ဟု ပြန်လည်လျှောက်တင်သောအခါ ဗုဒ္ဓမြတ်စွာက "သင်သည်သောတာပန်တည်သွားသောအချိန်၌ ဘဝအသစ်မွေးဖွားလာခြင်းဖြစ်၏။ ဤအချိန်မှစ၍ သင်သည် မည်သူ့အသက်ကိုမျှ မသတ်ခဲ့ပေ" ဟု သင်ကြားတော်မူပါသည်။ အင်္ဂုလိမာလသည် ဗုဒ္ဓမြတ်စွာသင်ကြားပေးတော်မူသည့်အတိုင်း သစ္စာဆိုလိုက်သောကြောင့် ဒုက္ခဝေဒနာခံစားနေရသော မိခင်နှင့်ခလေးတို့သည် ချမ်းသာသွားကြပါသည်။ အင်္ဂုလိမာလဆိုသော သစ္စာသည် ကြည်ညိုဖွယ်ကောင်းပေစွတကား။

http://www.dhammadownload.com



http://www.dhammadownload.com

# ၅၁။ မြေအိုး နှစ်လုံး

ဗုဒ္ဓမြတ်စွာတွေ့ကြုံတော်မူရသော အဖြစ်အပျက်ကလေးတစ်ခုသည် ဤသို့တည်း။ တစ်နေ့၌ လူငယ်တစ်ဦးသည် ဗုဒ္ဓမြတ်စွာထံတော်သို့ ရောက်လာခါ "အရှင်ဘုရား၊ ကယ်မတော်မူပါအုံးဘုရား၊ မနေ့ကပင် တပည့်တော်၏ ဖခင်ကြီးသည် သေဆုံးသွားခဲ့ပါသည်။ ဘုန်းတော်ကြီးများက ထုံးတမ်းစဉ်လာများနှင့်အညီ ရွတ်ဆိုဆုတောင်းပေးကြလျှင် ကွယ်လွန်သူများသည် သုဂတိဘုံသို့ ရောက်ကြရပါသည်။ အရှင်ဘုရားကား သာမန်ဘုန်းတော်ကြီးထက် ကြီးကျယ် မြင့်မြတ်လှပါသောကြောင့် အရှင်ဘုရားရွတ်ဆိုဆုတောင်းပေးမည်ဆိုလျှင် တပည့်တော်၏ ဖခင်သည် သုဂတိဘုံကို ရောက်ရှိသွားရုံမျှမက ထာဝရနေနိုင် သွားမှာပါဘုရား" ဟု လျှောက်ထားလေ၏။

အိန္ဒိယနိုင်ငံကြီးသည် ကြီးမားပြီး ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သည်ဖြစ်သောကြောင့် ကွဲပြားခြားနားမှုများ၊ အစွန်းရောက်၊ အယူသည်းမှုများဖြင့် ပြည့်နှက်လျက်ရှိလေသည်။ အားလုံးကိုအကြွင်းမဲ့သိရှိတော်မူလာသော ဗုဒ္ဓမြတ်စွာကဲ့သို့ ပုဂ္ဂိုလ်ကြီးရှိသကဲ့သို့ အသိဉာဏ်တုံးသော မျက်ကန်းယုံကြည်မှု ရိုးရာအစဉ်အလာများလည်းရှိခဲ့၏။ ထုံးစံတစ်ခုမှာ အမိအဖတစ်ဦး ကွယ်လွန်ခဲ့လျှင် မီးသဂြိုလ်ကြရခါ မီးရှို့ထားဆဲအလောင်းကောင်သည် မီးလောက်လျက်ရှိစဉ် သားဖြစ်သူက တုတ်ကြီးတစ်ချောင်းဖြင့် အလောင်း၏ ဦးခေါင်းကို ရိုက်ခွဲလိုက်ရ၏။ မြေတွင်ရှိသောခေါင်းကွဲသွားသည့်အခါ သေသူ သည် သုဂတိဘုံသို့ ဝင်ရောက်သွားပြီ ဟူသောထုံးစံဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာအား လာရောက်လျှောက်ထားသူလူငယ်သည် ပရိဒေဝမီးတောက်လောင်လျက် စိတ်အလွန်လှုပ်ရှားနေသူဖြစ်၍ အကျိုးအကြောင်းကို ရှင်းပြလျှင်လည်း လက်ခံမည့်သူမဟုတ်ကြောင်းကို သိတော်မူသောဗုဒ္ဓမြတ်စွာသည် လူငယ်နားလည်နိုင်သောနည်းလမ်းဖြင့် ဟောကြားတော်မူလို၍ သူငယ်အား ဈေးမှမြေအိုးနှစ်လုံးကို ဝယ်ယူလာစေတော်မူခဲ့၏။ လူငယ်လည်း သေသူဖခင်အတွက် ထုံးတမ်းစဉ်လာအရ ဗုဒ္ဓမြတ်စွာက ပြုလုပ်ပေးတော်မူပြီဟု ထင်မှတ်ခါ မြေအိုးနှစ်လုံးကို ဝယ်ယူခဲ့၏။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် အိုး တစ်လုံး၌ ထောပတ်အပြည့်ထည့်စေ၍ အခြားတစ်လုံးတွင် ကျောက်စရစ်ခဲများ အပြည့်ထည့်စေပြီးလျှင် နှစ်အိုးစလုံးကို အလုံပိတ်စေလေသည်။ ပြီးနောက် အိုးနှစ်လုံးကို ရေကန်အလယ်၌ အောက်သို့တိုင်အောင် နှစ်၍ ချထားစေခဲ့၏။ ဆက်လက်၍ ဗုဒ္ဓမြတ်စွာသည် လူငယ်အား ထိုအိုးနှစ်လုံးကို တုတ်ကြီးဖြင့် ရိုက်ခွဲစေတော်မူ၏။ လူငယ်လည်း စေခိုင်းသည့်အတိုင်း အားရဝမ်းသာစွာ ရေအောက်ရှိ မြေအိုးနှစ်လုံးကို ရိုက်ခွဲလိုက်လေသည်။ ထောပတ်များက ရေပေါ်သို့ တက်လာပြီး ကျောက်စရစ်ခဲများက အောက်တွင် နစ်လျက်ရှိ၏။

ဗုဒ္ဓမြတ်စွာသည်လူငယ်အား "ငါစီရင်နိုင်တာကိုတော့ စီရင်ပြီးပြီ၊ သင်၏ ဘုန်းတော်ကြီးများကို ပင့်ဆောင်ပြီး ထောပတ်တွေကို ရေအောက် ရောက်သွားအောင်နှင့် ကျောက်စရစ်ခဲတွေကို ရေပေါ် ပေါ်လာအောင် ဝိုင်းပြီး ဆုတောင်းလိုက်ပေတော့" ဟု မိန့်တော်မူလိုက်ပါသည်။

လူငယ်လည်း အလွန်အံ့သြ၍ "အရှင်ဘုရားက လှောင်ပြောင်၍ မိန့်တော်မူတာလားဘုရား၊ သဘာဝတရားကို ဆန့်ကျင်ပြီး ပေါ့တဲ့ထောပတ်က ရေအောက်ကို ဘယ်လိုလုပ်မြုပ်ပြီး လေးတဲ့ကျောက်စရစ်တွေက ဘယ်နှယ့်ကြောင့် ရေပေါ် ပေါ်နိုင်မလဲ" လျှောက်ထားသဖြင့် "သင်သည် သဘာဝတရားကြီးအကြောင်း ဤမျှသိလျက်နှင့် ဤသဘာဝတရားကြီးသည် လူတိုင်းလိုက်နာရမည့်တရားကြီးဖြစ်ကြောင်းကိုတော့ သင်က လက်မခံနိုင်ဖြစ်နေပါကလား။

နောက်ဆက်တွဲ ➤ စာ-၈ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၅၂။ ဂန္ဓာရပြည့်ရှင် ပုက္ကုသတိ

ဘုရားရှင်ကိုယ်တော်မြတ်၏ ဒေသနာတော်များအား ဝေးလံသီခေါင်သည့် ဒေသများသို့ ရောက်ရှိပြန့်နှံ့အောင် ဆောင်ရွက်ရာတွင် ကုန်သည်များသည် လွန်စွာအရေးပါသည့် ကဏ္ဍမှပါဝင်ခဲ့၏။ ကျွန်ုပ်တို့ သိရသလောက် ဂေါတမဗုဒ္ဓသည် ရဟန်းအပါး (၆၀)အားသာသနာပြုခရီးအဖြစ် စတင် စေလွှတ်ခဲ့ကြောင်း သိရ၏။ ၎င်းတို့အထဲတွင် ယသသတို့သားလည်းပါဝင်၏။ ထိုရဟန်း အပါး (၆၀) အနက် ယသ သတို့သားအပါအဝင် အများစုမှာ ရဟန်း မဖြစ်မီက ကုန်သည်များဖြစ်ကြကုန်၏။ ဘုရားရှင်က "ချစ်သားတို့ - လူအများအကျိုးစီးပွားအလို့ငှာ လူအများချမ်းသာကြီးခြင်းအလို့ငှာ ဒေသစာရီကြွချီတော်မူကြပါ"ဟု မိန့်တော်မူခဲ့၏။ ရဟန်းသံဃာတို့မှာ ဂိုဏ်းဂန အစွဲရှိတော်မမူပဲ ဒေသစာရီ ကြွချီတော်မူကြကုန်၏။

ကာသိတိုင်း ဗာရာဏသီမြို့နှင့် ရွာနီးချုပ်စပ်မှ ရွာသူရွာသားများသည် မိမိတို့ ကျေးရွာများမှထွက်ရှိသည့် ကုန်ပစ္စည်းများကို ဗာရာဏသီရှိ ကုန်သည်များထံ သွားရောက်ရောင်းချကြကုန်၏။ ကုန်သည်ကြီးများနှင့် ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ရှိကြကုန်၏။ သူတို့သည် ဓမ္မကို နာကြားရခြင်း ယသ သတို့သားနှင့် မိတ်ဆွေများ၊ ကုန်သည်များ၏သားတို့သည် အိုးအိမ်စည်းစိမ်ကို စွန့်လွှတ်ပြီး ရဟန်းပြုကြောင်း ကြားသိကြရသဖြင့် ဗုဒ္ဓဓမ္မအပေါ် လွန်စွာစိတ်ဝင်စားမှုရှိပြီး ရဟန်းပြုကြကုန်၏။ ဤသို့ဖြင့် ဓမ္မသည် စတင်ပြန့်နှံ့ခဲ့လေ၏။

ဘုရားရှင်သည် ဘဝတစ်သက်တာတွင်လွန်စွာအရေးပါသည့် အပြောင်းအလဲကြီးတစ်ခုကို ပြုလုပ်တော်မူခဲ့၏၊ ထိုပြောင်းလဲမှုမှာ တိရိစ္ဆာန်များ၏ အသက်ကို သတ်ကာ ယစ်နတ်ပူဇော်ခြင်းကို တားမြစ်တော်မူခြင်းနှင့် ဇာတ်စနစ်ခွဲခြားမှုကို အကြီးအကျယ်ရှုတ်ချတော်မူခြင်းဖြစ်၏။ ဤကဲ့သို့ ဘာသာရေးကို မျက်ကန်းယုံကြည်မှုသည် လူတို့အား ဒုက္ခပင်လယ်ဝေစေကြောင်း၊ ဘဝ၏ လွတ်မြောက်ရေးအစစ်အမှန် မဟုတ်ကြောင်း မြွက်ကြားတော်မူခဲ့၏။ ဘုရားရှင်၏ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေး မိန့်မြွက်တော်မူခြင်းကို ပညာတတ်အသိုင်းအဝိုင်းမှလည်း လက်ခံယုံကြည်လာကြပြီး ဆွေးနွေးခဲ့ကြ၏။

ဘုရားရှင်လက်ထက်တော်အခါက လမ်းပန်းဆက်သွယ်ရေးမှာ လွန်စွာခက်ခဲ၏။ တစ်တိုင်းပြည်မှ တစ်ပြည်၊ နိုင်ငံတစ်ခုမှ တစ်ခုသွားလာရာတွင် ကုန်သည်ကြီးများသည် ၎င်းတို့၏ ပေါင်းမိုးပါလှည်း၊ လှေများဖြင့် သွားလာကြရ၏။ တစ်ခါသော် မာဂဓပြည်တွင် ဘုရင်ဗိမ္ဗိသာရသည် ၎င်း၏ ပတ်ဝန်းကျင်နိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရန်နှင့် မဟာမိတ်ပြုရန်စိတ်တော်ဖြစ်၏။ဤသို့ဖြင့် ဂန္ဓာရပြည်တွင် ဘုရင် ပုက္ကုသတိ ဘုရင်စိုးစံရာ နေပြည်တော်တက္ကသီလာသို့ နှုတ်ခွန်းဆက်သ သဝဏ်လွှာပို့တော်မူ၏။ ဤသို့ဖြင့် တက္ကသီလာနှင့် မာဂဓနှစ်ပြည်ထောင်အကြားရင်းနှီးချစ်ကြည်မှုကို တည်ဆောက်နိုင်ခဲ့၏။ နှစ်ပြည်ထောင်မင်းတို့သည်လည်း အခါအားလျော်စွာ ချစ်ကြည်ရေးသဝဏ်လွှာများ၊ တန်ဘိုးကြီးလက်ဆောင်ပဏ္ဏာများ အပြန်အလှန် ပေးပို့လျက် မိတ်ဝတ်မပျက် ဆက်ဆံရေးရှိကြကုန်၏။

အခါတစ်ပါး၌ ဂန္ဓာရပြည်တွင် ဘုရင်ပုက္ကုသတိသည် အဘိုး အနဂ္ဃ ထိုက်တန်လှသည့် ဘုရင့်ခြုံထည်ဝတ်ရုံတစ်ခုကို လက်ဆောင်အဖြစ် ဘုရင်ဗိမ္ဗိသာရထံသို့ ပို့၏။ တန်ဘိုးကြီးမားထူးကဲလှသည့် ဤဝတ်ရုံတော်ကို ဘုရင်ဗိမ္ဗိသာရကို မဆိုထားနှင့် မာဂဓတိုင်းသားများပင် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးပေ။

ဘုရင်ဗိမ္ဗိသာရသည် ထိုဝတ်ရုံတော်ကိုမြင်ပြီးခဏ၌ လွန်စွာဝမ်းမြောက်၏။ တခိုန်တည်းမှာ လွန်စွာလည်း စိတ်လက်မအီမသာ ဖြစ်ခဲ့သည်။ အကြောင်း

နောက်ဆက်တွဲ ➤ စာ-၈ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၅၃။ အင်္ကောသဘာရဒွါဇ

ဘာရဒွါဇသည် မောက်မာ၍ အလွန်စိတ်တိုသော ပုဏ္ဏားတစ်ယောက်ဖြစ်သည်။ အသေးအဖွဲ့ကိစ္စကလေးများ၌ပင် ဒေါသထွက်တတ်၏။ သူနှင့်သဘောမတိုက်ဆိုင်သူမှန်သမျှကိုလည်း စိတ်ဆိုးခါ ဆဲရေးတိုင်းထွာလေ့ရှိလေသည်။ ထို့ကြောင့် သူ့အား အင်္ကောသဘာရဒွါဇ (ဒေါသကြီးတဲ့ ဘာရဒွါဇ)ဟု ခေါ်ကြ၏။

ဗုဒ္ဓမြတ်စွာ၏နောက်တော်သို့ လူပေါင်းများစွာ လိုက်၍ တပည့်ခံကြကြောင်း၊ ထိုအထဲတွင် မိမိတို့ပုဏ္ဏားပညာရှိကြီးများပင် ပါဝင်ကြောင်းကို ဘာရဒွါဇကြားသိရသောအခါ "ကြာလျှင် ငါတို့ပုဏ္ဏားအယူဝါဒပါပျောက်ဆုံး ပြီး ဤမိစ္ဆာဒိဋ္ဌိရဟန်းကြီး ဂေါတမ၏တပည့်တွေချည်းဖြစ်ရခြေရဲ့" ဟုတွေး၍ ဒေါသထွက်လျက်ရှိ၏။ ဤမျှမက ဘာရဒွါဇမျိုးနွယ်၏အကြီးအကဲ၊ မိမိနှင့်အလွန်ရင်းနှီးသောသူငယ်ချင်းတစ်ယောက်ပါ လူဝတ်ကြောင်ကိုစွန့်၍ ဤအထဲသို့ ပါသွားပြန်ကြောင်း သိရသောအခါ၌မူ အကြီးအကျယ်မုန်းတီးနေတော့သည်။ ဗုဒ္ဓမြတ်စွာနှင့် တွေ့ရန် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်သို့ သွားလေ၏။

ဗုဒ္ဓမြတ်စွာသည် ဝေဠုဝန်ကျောင်းတော်၌ ပရိသတ်များအား တရားရေအေး တိုက်ကျွေးတော်မူလျက်ရှိပါသည်။ ဗုဒ္ဓမြတ်စွာ၏ရှေ့တော်သို့ ရောက်လာသော ဘာရဒွါဇသည် အသက်အရွယ်ကလည်းကြီး၊ ဒေါသကလည်း ထွက်နေသဖြင့် တစ်ကိုယ်လုံးဆတ်ခါ၍ နေလေသည်။ ရှေ့တော်မှောက်သို့ ရောက်သည်နှင့် ဗုဒ္ဓမြတ်စွာကို ကြမ်းတမ်းစွာ ဆဲရေး ရန်တွေ့လိုက်၏။ ၎င်းရန်တွေ့၍ပြီးဆုံးသွားသောအခါ ပကတိတည်ငြိမ်စွာ စံပယ်တော်မူနေသော ဗုဒ္ဓမြတ်စွာသည် ၎င်းအား အေးအေးဆေးဆေး ဤသို့ မေးတော်မူလိုက်၏။ "အို . . ဘာရဒွါဇ သင်၏ဆွေမျိုး သို့မဟုတ် ခင်မင်သူ တစ်ဦးတစ်ယောက်သည် တခါတရံ သင့်ထံသို့ အလည်အပတ်လာတတ်သည် မဟုတ်ပါလား" ဤအမေးကို ဘာရဒွါဇက "လာဖူးတာပေါ့၊ အဲဒါဘာဖြစ်လဲ" ဟု ဖြေလိုက်သည်။ ဗုဒ္ဓမြတ်စွာက "ပုဏ္ဏားကြီး၊ အဲဒီအခါမှာ ဧည့်သည်တွေကို သင်က ဖွယ်ဖွယ်ရာရာ စားစရာများနှင့် ဧည့်ခံသည်ဆိုကြပါစို့၊ သူတို့က ဒီမုန့်တွေကို မစားဘူးဆိုလျှင် မုန့်ပဲသွားရေစာတွေဟာ ဘယ်လိုဖြစ် သွားမှာလဲ ပြောစမ်းပါဦး" ဟု ထပ်မေးတော်မူသောအခါ ဘာရဒွါဇက "ဘာဖြစ်ရမလဲ ဒီမုန့်တွေ ကျုပ်တို့ဆီမှာပဲ ကျန်ရစ်မှာပေါ့" ဟုဖြေလေ၏။

ထိုဗုဒ္ဓမြတ်စွာက "ဒီလိုဆိုရင် သင်က ငါ့အား ဖွယ်ဖွယ်ရာရာ အထူးရွေးချယ်ထားသော အဆဲမျိုးစုံနဲ့ ဧည့်ခံခဲ့သော်လည်း ငါက လက်မခံပါဘူး၊ ဒါကြောင့် ဒီအဆဲမျိုးစုံတို့ဟာ သင့်ထံ၌ပင် ရှိနေမှာပါ"ဟု မိန့်တော်မူလေ၏။

ဘာရဒွါဇသည် ပါးနပ်၍ ဉာဏ်ရှိသူဖြစ်သောကြောင့် "ငါတို့ကို ဆဲရေးသူများအား ငါတို့က အမြဲတမ်းပြန်၍ ဆဲကြ၏။ ငါတို့သည် ဒေါသထွက်သူများကြောင့် ပြန်ပြီး ဒေါသတွေ ထွက်ကြရ၏။ တစ်ဘက်နှင့်တစ်ဘက် ဒီဒေါသမီးတွေကို အပြန်အလှန် အပေးအယူလုပ်နေကြ၏။ ထို့ကြောင့် နှစ်ဘက်စလုံး ဒုက္ခရောက်ကြရ၏" ဟု စဉ်းစားမိလေသည်။

ဗုဒ္ဓမြတ်စွာကို ကြည့်ပါ။ သူကတော့ တကယ့်ပုဂ္ဂိုလ်ကြီးကြီးပါပဲ။ သူကသူများပေးတဲ့ဒေါသကို လုံးဝလက်မခံ၊ သူများအားလည်း ဒေါသဖြစ်စရာ ဘာမျှမပေး၊ ထို့ကြောင့် မည်သူမျှဒုက္ခမရောက်ကြ၊ဟူ၍ ဘာရဒွါဇ သဘောပေါက်သွားခါ ပီတိဖြင့် မိမိတစ်ကိုယ်လုံးကို လွှမ်းခြုံလျက် "အို . . ရဟန်းကြီးဂေါတမ၊ သင်ကား အကယ်ပင်ကြီးကျယ်မြင့်မြတ်တော်မူပါပေသည်"ဟု ကျူးရင့်လိုက်၏။

အင်္ကောသဘာရဒွါဇသည် ဗုဒ္ဓမြတ်စွာအထံတော်၌ တပည့်ခံကာ ဝိပဿနာတရားတော်မြတ်ကို ကောင်းစွာကျင့်ကြံအားထုတ်ခဲ့၍ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်တော်မူခဲ့လေ၏။

နောက်ဆက်တွဲ ➤ စာ-၉ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၁၄။ ခုဇ္ဇုတ္တရာကျွန်မ

ခုဇ္ဇုတ္တရာမှာ ကောသမ္ဗီသူဌေးဃောသိတ အိမ်တွင် အစေအပါးအဖြစ် တာဝန်ထမ်းဆောင်နေသူ၏သမီးဖြစ်၏။ သူ့အမည်မှာ ဥတ္တရာဖြစ်သည်။ သို့သော် သူ့ ကျောပြင်၌ မွေးရာပါ ဘုကြီးတစ်လုံးပါသဖြင့် ကျောဘုကြီး ခုတ္တရာ၊ ခါးကုန်းကြီး ခုတ္တရာဟုတွင်သည်။ ယင်းကို အကြောင်းပြု၍ နောင်တွင် ခုဇ္ဇုတ္တရာဟု သညာတွင်နေသည်။

ခုဇ္ဇုတ္တရာအရွယ်ရောက်ချိန်တွင် ကောသမ္ဗီပြည်မိဘုရားကြီး၏ အစေအပါး ဖြစ်လာသည်။ မိဖုရားကြီးသည် ခုဇ္ဇုတ္တရာအား နေ့စဉ် အသပြာ ၈၀၀ ပေးပြီးပန်းဝယ်ခိုင်း၏။ သို့သော် ခုဇ္ဇုတ္တရာသည် အသပြာ ၄၀၀ ဘိုးကို ပန်းဝယ်ပြီး၊ အသပြာ ၄၀၀ ကို ၎င်း၏ ကိုယ်ကျိုးအတွက်အသုံးပြုရန် ယူထားလေ့ရှိ၏။

တစ်ခါသော် ခုဇ္ဇုတ္တရာသည် ပန်းဝယ်ရန် ဈေးသို့ ထွက်လာ၏။ လမ်းခုလတ် တစ်နေရာအရောက် ဗုဒ္ဓ၏ဓမ္မသံကို ကြားရ၏။ ဓမ္မကိုကြားသည့်ခဏ၌ ခုဇ္ဇုတ္တရာသည် မိမိ၏ခန္ဓာကိုယ်အတွင်း၌ ဖြစ်မှု၊ ပျက်မှုကို ရှု၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုစိတ်ဖြစ်၏။ ဝိပဿနာရှုပြီးသောတာပန် (Sotapanna) တည်ခဲ့လေ၏။ ဝိပဿနာတရားတော်သည် ခုဇ္ဇုတ္တရာ၏ဘဝကို အကြီးအကျယ် ပြောင်းလဲစေခဲ့လေ၏။

ယခုအခါ ခုဇ္ဇုတ္တရာသည် ၈၀၀ မျှသော အသပြာကို ပန်းချည်းဝယ်၏။ သူတစ်ပါး မပေးသည့် ပစ္စည်းယူရန် များစွာဝန်လေးခဲ့ပြီးဖြစ်၏။ ခိုးယူခြင်းသည် အကုသိုလ်ဒုစရိုက်ကို ပွားများစေကြောင်း ကောင်းစွာ သဘောပေါက်ပြီဖြစ်၏။ ဘုရားရှင်၏ အဆုံးအမကို သက်ဝင်ပြီး သရဏဂုံတည်ခဲ့လေ၏။

**“အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ”**

ငါသည် အရှင်မပေးသော ပစ္စည်းဥစ္စာကိုခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း ဟူသော သိက္ခာပုဒ် (သီလတော်မြတ်)ကို ကောင်းစွာဆောက်တည်ပါ၏ဟု ရွတ်ဆိုလိုက်လေ၏။

မိဖုရားကြီးသည် ခါတိုင်းနှင့်မတူ တစ်မူထူးခြားနေသော အကြောင်းအရာကို တွေ့၏။ ထိုအကြောင်းမှာ သူဝယ်ခိုင်းသော ပန်းများသည် ယခင်နေ့များနှင့် မတူဘဲ ယနေ့ပိုမိုများပြားနေသည်ကို တွေ့ရ၏။ အဘယ်သို့ အကြောင်းအရာ ရှိအံ့နည်းဟု ခုဇ္ဇုတ္တရာကို မေး၏။ ခုဇ္ဇုတ္တရာသည် အောက်ပါသီလတော်မြတ်ကို အလေးအနက်ရွတ်ဆို လိုက်လေ၏။

**“မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ”**

မဟုတ်မမှန်အကျိုးမရှိသော စကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။ မိဖုရားကြီးသည် အဖြစ်မှန်ကို ဟုတ်တိုင်းမှန်ရာသိပြီဖြစ်၏။ သာမာဝတီ မိဖုရားကြီးသည် ဘုရားရှင်ဟောကြားသည့် ဒေသနာတော်အား ခုဇ္ဇုတ္တရာက ပြန်လည်ဟောကြားရန် မိန့်တော်မူ၏။ ခုဇ္ဇုတ္တရာလည်း မိဖုရားအလိုရှိတိုင်း ဗုဒ္ဓဓမ္မဒေသနာများကို တစ်ဆင့်ဟောပြောခဲ့လေ၏။ မိဖုရားကြီးသာမက နန်းတွင်းရှိ မောင်းမမိသံများပါ တရားတော်နာ ကြားကြကုန်၏။ မိဖုရားကြီးနှင့်တကွ နောက်လိုက်နောက်ပါရံရွေတော်တို့ သောတပန်တည်ခဲ့၏။

ခုဇ္ဇုတ္တရာသည်လွန်စွာ ဉာဏ်ထက်၏။ နောင်တွင် ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်သည့် “တိပိဋကဓရ” ဖြစ်လာ၏၊ သာမာဝတီမိဖုရားကြီးသည် ခုဇ္ဇုတ္တရာမှ တဆင့် ဘုရားရှင်၏ ဒေသနာတော်များကို နာကြားရသည်မှာ လွန်စွာ နှစ်လိုဖွယ်ရှိ၏။ တရားနာကြားချိန်တွင် သာမာဝတီမိဖုရားကြီးသည် နိမ့်သော နေရာ၌ ထိုင်ပြီး ကျွန်မ ခုဇ္ဇုတ္တရာအား မြင့်သောနေရာ၌ ထိုင်စေ၏။ ခုဇ္ဇုတ္တရာကို လွန်စွာ လေးစားချစ်ခင်၏။ နောင်တွင် ခုဇ္ဇုတ္တရာအား ကျွန်မအရာ၊ အစေအပါး အရာမှ

နောက်ဆက်တွဲ ➤ စာ-၉ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၅၅။ လယ်သမားဘာရဒွါဇ

အလှူအတန်းရက်ရောပြီး လွန်စွာ သဒ္ဓါတရားထက်သန်လှသော လယ်သမားကြီးတစ်ဦးသည် အခါတစ်ပါး၌ အားကောင်းမောင်းသန်ပို့ရွယ်သော လူရွယ်တစ်ဦးသပိတ်ပိုက်လျက် တောင်းရမ်း စားသောက်နေသည်ကို မြင်သဖြင့် ဤသို့ ပြစ်တင်ဝေဖန်ခဲ့ဖူးလေ၏။ "သင်သည် အားကောင်းမောင်းသန်လည်း ဖြစ်၏၊ ခြေလက်အင်္ဂါ တစ်စုံတစ်ရာ ချွတ်ယွင်းသည်ကိုလည်း ငါမမြင်၊ သို့ပါလျက် လူပျင်း၊ လူမစွမ်းတို့၏ ထုံးဓလေ့ဖြင့် စားရန် ထမင်းကိုမျှ အဘယ်ကြောင့် တောင်းလာရသနည်း။ အဘယ့်အတွက်ကြောင့် လုံ့လထုတ်၍ လုပ်ကိုင်စားသောက်ခြင်း မပြုလေဘိသနည်း။"

ဖြစ်စဉ်မှာ ယခုမှရေတွက်သော် လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ခန့်က မဇ္ဈိမဒေသ အိန္ဒိယ၌ဖြစ်၏။

အခါတစ်ပါး၌ ဘုရားရှင်ကိုယ်တော်မြတ်သည် ရာဇဂြိုလ်ပြည်၊ တောင်မျက်နှာရှိ "ဧကနာဠ" အမည်ရသော ပုဏ္ဏားရွာကို အမှီပြု၍ သီတင်းသုံးတော်မူလျက်ရှိ၏။ တစ်နေ့သ၌ ဘုရားရှင်သည် နေမွန်းမလွဲမီ ဆွမ်းကိစ္စ အလို့ငှာ (ဘာရဒွါဇပုဏ္ဏား၏ ကျွတ်ထိုက်သော အဖြစ်ကိုမြင်၍) ကာသိဘာရဒွါဇ ပုဏ္ဏားကြီး၏လယ်ထွန်မင်္ဂလာပြုရာအရပ်၌ နို့ဃနာဆွမ်းကို လူတို့အား ကျွေးမွေးလျက်ရှိသည့် ပုဏ္ဏားကြီး အနားချဉ်းကပ်၍ ဆွမ်းရပ်တော်မူ၏။ ကာသိဘာရဒွါဇ ပုဏ္ဏားကြီးသည် ဘုရားရှင်ကိုယ်တော်မြတ်အား ဆွမ်းလောင်းရန် ဝေးစွ၊ သူပိုင်ဆိုင်သမျှသော လယ်ယာမြေ များကိုသာ ဂုဏ်ယူဝင့်ကြွားစွာဖြင့် ဘုရားရှင်အား ပြသတော်မူလျက်ရှိ၏။ ထို့အပြင် ဘာရဒွါဇပုဏ္ဏားသည် ဆွမ်းရပ်သည်ကို မြင်သဖြင့် ၊ မရွှင်သော နှလုံး၊ ညှိုးချုံးပင်ပန်းလျက် ဘုရားရှင်ကိုယ်တော်မြတ်အား ဤသို့ပင် ပြောဆိုခဲ့လေ၏။

"အို ပို့ထွားသက်ရွယ် ရှုချင်ဖွယ်သော ရှင်ရဟန်း ၊ ကျွန်ုပ်တို့သည် လုံ့လပြုလျက် လယ်ကိုထွန်ပါ၏။ ပျိုးကိုကြဲပါ၏။ စပါးကို ရိတ်ပါ၏။ ဆန်ကို စားပါ၏။ အစာရေစာပေါများတံ့၏ တကား။ ရှင်ရဟန်းလည်း ကျွန်ုပ်တို့ကဲ့သို့ လုံ့လပြုကာ လူချင်းတူအောင်ကြံဆောင် ကြိုးကုတ် အားထုတ်ပါလော့" ဟုဆို၏။

ထိုစကားကို ကြားတော်မူလျှင် ဘုရားရှင် ကိုယ်တော်မြတ်က "အို - ပုဏ္ဏား ကာသိဘာရဒွါဇ လယ်ထွန်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ သုံးဆောင်ခံစားခြင်း အမှုကို သင်သာလျှင်ပြုသည်မဟုတ် ငါလည်းပြုသည်သာ။ ငါသည် လယ်ကို ထွန်ပါ၏။ ပျိုးကိုကြဲပါ၏။ ရိတ်လည်းရိတ်ပါ၏။ အသီးအနှံကိုလည်း စားသုံးပါ၏။ ဝိမုတ္တိဖလကို မြင်ရခြင်းအကြောင်း လယ်ယာမြေကောင်းကို စိုက်ပျိုးသော လယ်သမားပင်တည်း"ဟု မိန့်တော်မူ၏။

ထိုအခါ ပုဏ္ဏားက - "အိုအရှင် သင်သည်လယ်လုပ်သည်ဆို၏၊ သို့သော် သင်၏ လယ်ယာ ငါမမြင်၊ ထွန်တုံး၊ ထယ်သွား၊ ကျွဲနွား၊ ကူပံ့သမှုကိုလည်း ငါမတွေ့ သို့ပါလျက် ဘယ်အတွက်ကြောင့် မုသာဝါဒါအရာကျအောင် ပြောပါဘိသနည်း" ဟု လျှောက်လေ၏။

ပုဏ္ဏား၏ စကားကိုကြားရသောအခါ ဘုရားရှင်ကိုယ်တော်မြတ်က "အို -ဘာရဒွါဇ ပုဏ္ဏားကြီး ငါသည်ထက်သန်သော သဒ္ဓါမျိုးစေ့ကို သီလတည်း ဟူသော လယ်ယာမြေ၌ကြဲလျက်၊ သမထဝိပဿနာတည်းဟူသော ရေသကို နှေ့ညပွားကာ၊ ပညာ (အရိယမဂ်) တည်းဟူသော အသီးကို ရင့်မှာစေသတည်း။ သမ္မာသတိ၊ သမ္မာသမာဓိတည်းဟူသော ထွန်တုံးထွန်သွားဝယ် သမ္မာဝါယာမ၊ သမ္မဝါယမတည်းဟူသော နွားကိုကလျက်၊ သမ္မာဒိဋ္ဌိတည်းဟူသော နှင်တံဖြင့် အဖန်ဖန်ထွန်ယက်ရကား ငါဘုရားသည်လည်း တရားလယ်မှူးပင်တည်း" ဟု

နောက်ဆက်တွဲ ➤ စာ-၁၀ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၅၆။ မဟာပဇာပတိ ဂေါတမီ

မဟာမာယာ (မယ်တော်မာယာ)၏ ညီမဖြစ်သူ ပဇာပတိဂေါတမီသည်လည်း ဘုရင်သုဒ္ဓေါဒန နှင့် စုံဖက်တော်မူ၏။ ဘုရားအလောင်းသိဒ္ဓတ္ထဂေါတမကို ဖွားမြင်တော်မူပြီး ခုနစ်ရက်မြောက်တွင် မယ်တော်မာယာလွန်သော် မဟာပဇာပတိသည် သိဒ္ဓတ္ထမင်းသားကို ကိုယ်တိုင်ပင် စောင့်ရှောက်၏။ နို့ချိုတိုက်ကျွေး၏။ သူမ၏သားတော် နန္ဒမင်းသားကိုမူ သူမ၏မောင်းမအား နို့ချိုတိုက် ကျွေးစေ၏။

သိဒ္ဓတ္ထမင်းသားသည် သူမအား အလွန်ပင်မြတ်နိုးတွယ်တာ၏။ သိဒ္ဓတ္ထမင်းသား အိမ်ယာစွန့်ကာ တောတွက်သည့်အခါ မဟာပဇာပတိသည် ဘုရင်သုဒ္ဓေါဒနနည်းတူ အလွန်ပင် ပူဆွေးသောကရောက်ရလေသည်။

တောထွက်ပြီးနောက် သမ္မာသမ္ဗုဒ္ဓဖြစ်တော်မူသောအခါ သိဒ္ဓတ္ထဂေါတမသည် ကပိလဝတ်သို့ ကြွတော်မူ၏။ ကပိလဝတ်ကားသူ၏ ဇာတိချက်ကြွေ မွေးရပ်မြေတည်း။ ထိုမြို့မှာပင် သူ့ညီတော်နန္ဒမင်းသားနှင့် သားတော်ရာဟုလာကို သာသာနာ့ဘောင်သို့ သွတ်သွင်းခဲ့၏။ ခမည်းတော် သုဒ္ဓေါဒမင်းကြီးသည်လည်း တရားတော်များ နာကြားရသဖြင့် ရဟန္တာဖြစ်သွား၏။

ဘုရင်သုဒ္ဓေါဒန နတ်ရွာစံပြီးနောက် နှစ်အတော်ကြာသော် မဟာပဇာပတိသည် အိမ်ယာကိုစွန့်ကာ ဘိက္ခုနီ ပြုလိုကြောင်း ဗုဒ္ဓမြတ်စွာအား လျှောက်ထား၏။ သို့တိုင် ဗုဒ္ဓမြတ်စွာသည် ဘိက္ခုနီသာသနာကို ခွင့်မပြုပေ။

အမျိုးသမီးများအနေနှင့် သူတို့ချည်းသက်သက် ခရီးထွက်သော် အန္တရာယ် မကင်းပေ။ ဘိက္ခုနီမတို့သွားရာ ရဟန်းတော်များက လိုက်ပြီး ကာကွယ်စောင့်ရှောက်ရပေမည်။ ထိုသို့ ဆောင်ရွက်ဖို့အရေးကား မသင့်လျော်ချေ။ တောတောင်ထဲတွင် ဘိက္ခုနီမ တစ်ဦးတည်းတရားကျင့်သည့်အခါများလည်း ယောက်ျားသားများစိတ်ရိုင်းဝင်ကာအခွင့်ကောင်း ယူနိုင်၏။

ဤသို့သော အကြောင်းတို့ကြောင့် ဗုဒ္ဓမြတ်စွာက ဘိက္ခုနီသာသနာ ဖွဲ့စည်းခွင့်မပြုလိုခြင်းဖြစ်သည်။ သို့သော် မဟာပဇာပတိသည် ဦးပြည်းရိပ်ကာ သင်္ကန်း ရုံလိုက်တော့သည်။ ယသောဓရာနှင့်တကွ အခြားတော်ဝင်အနွယ် အမျိုးသမီးများလည်း ထိုနည်းတူ လိုက်လုပ်ကြသည်။ သူတို့အားလုံး ဝေသာလီပြည်မှတစ်ဆင့် ဗုဒ္ဓမြတ်စွာ သီတင်းသုံးရာ ကူဋာဂါရသာလအထိ ဖိနပ်မပါ ခြေဗလာဖြင့် လမ်းလျှောက်ကြ၏။ ထို့နောက် သာသနာ့ဘောင်ဝင်ခွင့်ပြုရေး မျက်ရည်စက်လက်ဖြင့် တောင်းပန်ကြ၏။

သူတို့အားလုံးကိုယ်စား အာနန္ဒာမထေရ်မြတ်က တောင်းပန်သော် ဗုဒ္ဓမြတ်စွာ ခွင့်ပြုတော်မူသည်။ သို့တိုင် ဘိက္ခုနီဝိနည်းများကိုကား မချမှတ်ရသေး။ သို့ဖြင့် ဘိက္ခုနီသာသနာ၊ ဘိက္ခုနီသံဃာ တည်ထောင်ဖြစ်သွားလေ၏။ ဆက်လက်၍ ဝိပဿနာကျင့်သဖြင့် မဟာပဇာပတိ ဂေါတမီရဟန္တာဖြစ်သွား၏။ မဟာပဇာပတိဂေါတမီသည် ဘိက္ခုနီသာသနာ၀ယ် ဝါအကြီးဆုံးပင် ဖြစ်သည်။ သူမဘဝတစ်လျှောက်လုံး မရေမတွက်နိုင်လောက်အောင် များလှသည့် အမျိုးသမီးတို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းပေးကာ ဝိပဿနာတရားကို ပြသပေး၏။ သို့နှင့် ထိုအမျိုးသမီးများ ကျွတ်တမ်းဝင်ကြ၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြလေသည်။

ထို့နောက် အောက်ပါစကားတို့ကို ကျူးရင့်လေသည်-

**အဟံ သုဂတ တေ မာတာ၊ တွံစဝီရ ပိတာ မမ။**

**(အပါဒါနပါဠိ ၂. ၁၃၀၊ နှာ - ၂၀၉)**



နောက်ဆက်တွဲ ➤ စာ-၁၀ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၅၇။ ပဋာစာရီ

အလွန်ချမ်းသာကြွယ်ဝသော ကုန်သည်ကြီးတစ်ဦးသည် သာဝတ္ထိပြည်၌ ခုနှစ်ထပ်မြင့်သောတိုက်ကြီးတွင် ဇနီးသည် သားတစ်ယောက် သမီးတစ်ယောက် စုစုပေါင်း မိသားစု (၄) ယောက်နှင့် အေးချမ်းစွာနေထိုင်လျက်ရှိလေ၏။ သို့သော် သူဌေးကြီး၏ သမီးသည် အိမ်တွင် ခိုင်းစေသော ကျွန်တစ်ယောက်နှင့် ချစ်ကြိုက်ခါ အိမ်မှပစ္စည်းများကိုယူ၍ ထိုသူနောက်သို့ခိုးရာ လိုက်ပြေးခဲ့၏။ ၎င်းတို့သည် သာဝတ္ထိနှင့်အလွန်ဝေးသော ရွာကလေးတွင် အခြေချ၍ နေထိုင်ခဲ့ကြ၏။

အိမ်မှပါလာသော ပစ္စည်းများကို ထုခွဲရောင်းချစားသောက်လိုက်ကြရသောကြောင့် ပစ္စည်းများကုန်လေသောအခါ ကာလရှည်ကြာစွာအလွန်ဆင်းဆင်းရဲရဲနှင့် နေထိုင်ခဲ့ကြရ၏။ (၂) နှစ်ခန့်ကြာသောအခါ သားကလေး နှစ်ယောက် မွေးဖွားခဲ့၏။ ကံဆိုးသောမိသားစုမှ ဤကလေးနှစ်ယောက်သည်လည်း မတော်တဆ အဖြစ်ဆိုးကြီးများကြောင့် တစ်ချိန်တည်းတွင် (၂) ဦးလုံး ဆုံးပါးသွားကြရ၏။ သူဌေးသမီး၏ကံဆိုးမိုးမှောင်သည် ဤမျှနှင့်မပြီးသေးပါ။ မိမိ၏လင်ယောကျ်ားကလည်း မကြာမီကာလတွင် မြွေကိုက်၍ သေဆုံးရပြန်ပါသည်။ ဝမ်းနည်းပက်လက်ဖြစ်နေသော သူမ၏စိတ်တို့သည် လုံးဝကစင့်ကလျား ဖြစ်နေတော့၏။ နောက်ဆုံး၌ သူ၏မိဘများနေထိုင်ရာ သာဝတ္ထိသို့ခြေဦးလှည့်ခဲ့သည်။ မြို့အဝင်သုသာန်သို့ ရောက်သောအခါ မနေ့က မုန်တိုင်းဒဏ်ကြောင့် မိမိတို့၏ ခုနစ်ဆင့်တိုက်ကြီး ပြိုကျသွားကြောင်း၊ မိမိ၏ဖခင်၊ မိခင်နှင့်မောင်ကလေးတို့အားလုံးလည်း တိုက်ပိ၍ သေဆုံးသွားပြီဖြစ်သည်ဟူသော သတင်းဆိုးကြီးကို မိုးကြိုးပစ်လိုက်သကဲ့သို့ ကြားလိုက်ရသော ပဋာစာရီသည် အပြင်းအထန် ပရိဒေဝမီးကြီးတောက်လောင်သွားတော့၏။ မဖြေနိုင်မဆည်နိုင် အလှိုက်အလှဲဝမ်းနည်းလွန်းအားကြီးလှသောကြောင့် သတိလက်လွတ်ဖြစ်ခါ မိမိကိုယ်၌အဝတ်ပင်မကပ်နိုင်တော့ဘဲ လမ်းတကာတွင်ကိုယ်လုံး တီးဖြင့် ငိုကြွေးပြေးလွှား၍သာ နေရှာပါတော့သည်။

ထိုအချိန်က သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ ဗုဒ္ဓမြတ်စွာသည် တရားတော်ကို ဟောကြားတော်မူလျက် ရှိနေတော်မူသည်။ ကျောင်းတော်အနီးသို့ ကိုယ်လုံးတီးဖြင့် ပြေးရင်းလွှားရင်းရောက်လာသော ပဋာစာရီကို မြင်တော်မူသောအခါ ကရုဏာတော်ရှင် ဗုဒ္ဓမြတ်စွာက “အို၊ ဝမ်းနည်းကြေကွဲနေသော ချစ်သမီး သတိထားပါဦးလော့” ဟုမိန့်တော်မူပါသည်။ ပဋာစာရီသိသွားသဖြင့် ရှက်လွန်းလှသောကြောင့် မနေတတ်မထိုင်တတ် ဖြစ်သွားခိုက်၊ အနီးရှိလူတစ်ယောက်က ခြုံထည်တစ်ခုကိုလှမ်း၍ ပေးလိုက်၏။ ထိုခြုံထည်ကို မိမိကိုယ်တွင် ပတ်ထားလိုက်ရ၏။ ထိုသို့ဖြစ်ခြင်းကြောင့် ခြုံထည်ကိုပတ်ထားသော အပူသည်မလေးကို “ပဋာစာရီ”ဟုခေါ်တွင်ကြပါသည်။

“ဘုရားတပည့်တော်မသည် ဒုက္ခရောက်နေပါသည်ဘုရား၊ တပည့်တော်မအား ခိုလှုံခွင့်ပေးသနားတော်မူပါဘုရား” ဟု လျှောက်ထားလိုက်သောအခါ ဗုဒ္ဓမြတ်စွာက “အိုချစ်သမီးသတိထားပါလော့၊ ဓမ္မတရားတော်အတိုင်းလိုက်နာပါ။ တရားတော်ကသာလျှင် ချစ်သမီးအားမှန်ကန်သော ခိုလှုံမှုကိုပေးပါအံ့” ဟု မိန့်တော်မူပါသည်။ ဗုဒ္ဓမြတ်စွာမြွက်ကြားသော ဆုံးမစကားကိုကြားရသောအခါ ပဋာစာရီ ၏ စိတ်သည်၊ တည်ငြိမ်ပြီး စူးစိုက်မှုကိုရရှိသွား၏။ စတင်၍တရားတော်ကိုအားထုတ်လိုက်သည်နှင့်ပင် ရှေးရှေးပါရမီများအဟုန်ကြောင့် မကြာမီတွင် ပဋာစာရီသည် သောတာပန်အဖြစ်သို့ ရောက်ရှိလေ၏။ ထိုအခါ၌ ဗုဒ္ဓမြတ်စွာက ပဋာစာရီအား ဘိက္ခုနီပြုပေးတော်မူပါသည်။ တရားတော်ကို မှန်ကန်မြဲမြံစွာ ကြိုးစား၍ အားထုတ်သွားပါသည်။



နောက်ဆက်တွဲ ➤ စာ-၁၁ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၅၈။ ကိသာဂေါတမီ

သာဝတ္ထိမြို့တွင် ဆင်းရဲသားအမျိုးအနွယ်မှ မွေးဖွားလာသော အမျိုးသမီး တစ်ဦးရှိပါသည်။ သူမ၏အမည်မှာ ဂေါတမီဖြစ်ပါသည်။ သူမသည် လွန်စွာပိန်၍ သူမအား ကိသာဂေါတမီဟုခေါ်ဝေါ်ကြလေသည်။ ကံကောင်းထောက်မ၍ သူသည် ချမ်းသာကြွယ်ဝသော မိသားစုမှ အမျိုးကောင်းသားနှင့် လက်ထပ်ခဲ့ပါသည်။ သို့သော်လည်း သူမ၏အိမ်ထောင်ရေးမှာ ပျော်ရွှင်မှုမရခဲ့ပါ။ ဆင်းရဲသော မိသားစုဝင် ဖြစ်သဖြင့် မကြာခဏ အပြစ်ပြောခံရ၊ အဆူခံရပါသည်။ မကြာခဏ လည်း အနှိမ်ခံရပါသည်။

သူမ၏ကံဇာတာသည် နှစ်အနည်းငယ်ကြာသော် ပြောင်းလဲလာပါသည်။ ကိုယ်ဝန်ဆောင်ကာ သားယောကျ်ားလေးတစ်ယောက် မွေးဖွားခဲ့ပါသည်။ သူမအား ပြောဆိုမှု၊ နှိမ့်ချမှုများလည်း သားကလေးတစ်ယောက်မွေးဖွားပြီးနောက် ရပ်တန့်သွားတော့သည်။ သူမကို နွေးနွေးထွေးထွေးနှင့် ဆက်ဆံမှုကို စတင် ရရှိလာပါသည်။ သို့သော်လည်း ဤပျော်ရွှင်မှုမှာ အချိန်ကာလ ကြာမြင့်စွာ မတည် နိုင်ခဲ့ပါ။ သားငယ်လေးမှာ နှစ်နှစ်သား၊ သုံးနှစ်သားအရွယ်မှာ သေဆုံးသွားသည့် အတွက် ကိသာမှာ ဆောက် တည်ရာမရဖြစ်ခဲ့ပါသည်။ ကလေး၏ရုပ်အလောင်းကို မီးသင်္ဂြိုလ်ရာနေရာသို့ ခေါ်ဆောင်သွားချိန်ရောက်သော်လည်း သူမသည် သား၏ ရုပ်အလောင်းကို သူ့ ရင်ခွင်တွင်း တင်းကျပ်စွာ ပွေ့ဖက်ထားပါသည်။

သူမသည် ကလေးငယ်အသက် ပြန်လည်ရှင်သန်အောင် လုပ်ပေးနိုင် သော သမားတော်ကို ခေါ်ပေးပါရန် တောင်းပန်ရှာလေသည်။ အားလုံးကပင် သူ၏မူမမှန်သော အပြုအမူကို စိတ်ပျက်၊ စိတ်ကုန်ကြလေသည်။ သို့သော်လည်း သူတို့ ဘာလုပ်နိုင်ပါမည်နည်း။ သေဆုံးသွားသောသူကို အသက်ပြန်လည် ရှင်သန် အောင် ပြုလုပ်ပေးနိုင်သော ဆေးဝါးမရှိချေ။ ကရုဏာသက်သော ပုဂ္ဂိုလ်တစ်ဦးက သူမအား "ဗုဒ္ဓရှင်တော်မြတ်သည် ကျွမ်းကျင်သောသမားတော်ကြီးဖြစ်ပါသည်။ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူပါသည်။ ဗုဒ္ဓထံ သွားရောက် ဖူးမျှော်ပါ။ သင့်အား ဆေးဝါးများ ပေးပါလိမ့်မည်" ဟု အကြံပြုပါသည်။

ကိသာသည် သားငယ်လေးကို ပိုက်ကာ လျင်လျင်မြန်မြန် ဇေတဝန် ကျောင်းသို့ အပြေးအလွှားသွားလေသည်။ ဗုဒ္ဓရှင်တော်မြတ်သည် တပည့်သာဝက များအား တရားဒေသနာ ဟောကြားနေပါသည်။ ကိသာသည် ကြီးစွာသော သောကဖြင့် ငိုယိုပြီး ဗုဒ္ဓရှင်တော်မြတ်ထံပါးသို့ ချဉ်းကပ်ကာ မြတ်စွာဘုရား၏ ခြေတော်ရင်းမှာ သူ့သား သေလေးကို ချလိုက်ပါသည်။ တချိန်တည်းမှာပင် "ရှင်တော်မြတ်ဘုရား၊ ဒီကလေးငယ်အား အသက်ရှင်သန်အောင် ဆောင်ရွက် ပေးပါ၊ ဒီကလေးငယ်သည် တပည့်တော်၏အားသာလျှင် ဖြစ်ပါသည်"ဟု တောင်းပန်လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာက "ဒီမြို့တွင်းက မည်သည့်အိမ်ကမဆို မုန်ညင်းစေ့အနည်းငယ် ယူလာရန်" မိန့်တော်မူပါသည်။

ကိသာသည် ဗုဒ္ဓမြတ်စွာက သူမ၏ရင်သွေးကို အသက်ပြန်လည်ရှင်သန် လာအောင် လုပ်ပေးမည်ဟု ထင်မှတ်ပြီး လွန်စွာမှ ဝမ်းမြောက်သွားပါသည်။ ဗုဒ္ဓ မြတ်စွာက ဆက်လက်မိန့်ကြားသည်မှာ "မိသားစုထဲမှ တစ်ဦးတစ်ယောက်မှ မသေ ဘူးသည့် အိမ်မှ မုန်ညင်းစေ့ကိုသာ ယူလာရမည်"။

"တင်ပါ့ဘုရား၊ တပည့်တော်မ အဲဒီလိုအိမ်မှ မုန်ညင်းစေ့ကိုသာ ယူလာ ခဲ့ပါမည်။" ဟု လျှောက်ပါသည်။ ကိသာဂေါတမီလည်း များစွာသောအိမ်သို့သွားပြီး မုန်ညင်းစေ့ကို တောင်းပါသည်။ လူအများကလည်း သူ့အား မုန်ညင်းစေ့ပေးရ သည်ကို ပျော်ရွှင်ကြပါသည်။



နောက်ဆက်တွဲ ➤ စာ-၁၁ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၃၉။ အမြင့်မြတ်ဆုံး ဗြာဟ္မဏသုနိတ

သူရိယနေမင်းကြီးသည် ညဉ့်၏အမှောင်ထုကို တွန်းဖယ်၍ အရှေ့အရပ်မှ ထွက်ပေါ်လာပါပြီ။

ထိုအချိန်၌ ဗုဒ္ဓမြတ်စွာသည် သံဃာတော်များ ခြံရံလျက် မာဂဓတိုင်း၏ မြို့တော်ရာဇဂြိုဟ်သို့ စကျွန်ခြေများချ၍ ကြွလှမ်းတော်မူလာကြ၏။

သုနိတဟူသောတံမြက်လှည်းအလုပ်သမားတစ်ဦးသည် လမ်းပေါ်တွင် တံမြက်လှည်းနေရာသံဃာတော်များ ခြံရံလျက် ကြွလှမ်းတော်မူလာသော ဗုဒ္ဓမြတ်စွာကို မြင်တွေ့လေသည်။ စကျွန်ခြေချ၍ တည်ငြိမ်စွာလျှောက်လှမ်းလာနေသည်မှာ ကြည်ညိုဘွယ်ရာကောင်းလှ၏။ သုနိတသည် မိမိရှေ့သို့ ရောက်သောအခါ အလွန်ကြည်ညိုသဒ္ဓါပွားများပြီး တစ်ကိုယ်လုံးမှာ သိမ့်သိမ့်တုံနေသည်။ ဗုဒ္ဓမြတ်စွာ၏ တင့်တယ်တော်မူလှသော ကျက်သရေကို မြင်ရသောအခါ စိတ်နှလုံး လှုပ်ဖို၍ ဝမ်းသာမျက်ရည်များ ပါးပြင်ပေါ်သို့ လိမ့်စီးလာတော့သည်။ ထိုအခါ ဗုဒ္ဓမြတ်စွာအား လက်အုပ်ချီမိုး ကန်တော့လိုက်ပါတော့သည်။ စိတ်လှုပ်ရှားလွန်းသောကြောင့် နှုတ်မှ "မြတ်စွာဘုရားပါတကား" ဟူသော စကားသာ အနိုင်နိုင် ထွက်ခဲ့ပါသည်။ သုနိတ၏လှုပ်ရှားမှုအားလုံးကို ဗုဒ္ဓမြတ်စွာက မြင်တော်မူပါသည်။

သုနိတသည် ယခုကဲ့သို့ ဗုဒ္ဓမြတ်စွာနှင့် တွေ့ရချိန်၌ မိမိ၏နိမ့်ကျသော ဘဝကြီးကို တွေးမိကာ မချိတင်ကဲ ခံစားရသည်။ ငါသည် မွေးသည်မှစ၍ အမျိုးဇာတ်နိမ့်ကျသဖြင့် အများသူတကာ ဝိုင်းပယ်ခြင်းခံခဲ့ရ၏။ ငါယခု ဖူးတွေ့ရသော ဗုဒ္ဓမြတ်စွာသည် သာကီဝင်မျိုးနွယ်မှ မွေးဖွားလာသူ အလွန်မြင့်မြတ်သော မင်းသားတစ်ပါးဖြစ်၏။ ဤမျှလောက် ဇာတ်အနိမ့်အမြင့်ကွာခြားသော ငါ၏အရိပ်သည် ဗုဒ္ဓမြတ်စွာပေါ်သို့ မကျစကောင်းဟု တွေး၍ လမ်းဘေးလွတ်ရာသို့ ရှောင်ဆင်းခဲ့သည်။ မိမိကိုယ်ကို နှိမ့်ချတတ်သော သုနိတသည် အမှန်အားဖြင့် အတွေးအခေါ်တရားသေစွဲနေသည့် လူ့အဖွဲ့အစည်း၏ ညှင်းဆဲနှိပ်စက်ခြင်းကို ခံနေရသူဖြစ်ကြောင်း ဗုဒ္ဓမြတ်စွာသိတော်မူပါသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် မဟာကရုဏာတော်ဖြင့် သုနိတအား "ချစ်သား၊ ဤသို့ လာလော့" ဟုခေါ်တော်မူ၏။

ဗုဒ္ဓမြတ်စွာ၏ခေါ်သံကို ကြားလိုက်သည်တွင် သုနိတ၏ဝမ်းသာခြင်းသည် ရိုးတွင်းချဉ်ဆီထိ ထိုးဖောက်သွားတော့သည်။ သုနိတသည် အရဲစွန့်ခါ ဗုဒ္ဓမြတ်စွာ အနီးသို့ ချဉ်းကပ်ပြီး စိတ်လှုပ်ရှားစွာဖြင့် ခြေတော်အစုံကို ဦးခိုက်လိုက်လေသည်။ ထိုခဏ၌ သုနိတသည် မည်သည့်အေးငြိမ်းမှုနှင့်မျှ မတူသည့် အေးငြိမ်းချမ်းသာမှုကို ခံစားလိုက်ရ၏။ ပြီးနောက် ဗုဒ္ဓမြတ်စွာအား "တပည့်တော်အား ဤခြေတော်အစုံ၌ ခိုလှုံခွင့်ပြုတော်မူပါဘုရား၊ တပည့်တော်အား ရဟန်းအဖြစ် ချီးမြှင့်တော်မူပါဘုရား" ဟု လျှောက်ထားပါသည်။

မဟာကရုဏာရှင် ဗုဒ္ဓမြတ်စွာကလည်း သုနိတအား "ဧဟိဘိက္ခု၊ လာခဲ့လော့ ရဟန်း" ဟုမိန့်တော်မူလိုက်၏။ သုနိတ၏စိတ်တွင် ကြင်နာယုယစွာ ပွေ့ဖက်ပွတ်သတ်သကဲ့သို့ ချမ်းသာခြင်းမျိုး ခံစားရ၏။ ထို့နောက် ဗုဒ္ဓမြတ်စွာသည် သုနိတရဟန်းအား ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်သို့ ခေါ်ဆောင်သွားတော်မူပြီး ဝိပဿနာတရားတော်ကို သင်ကြားပြသတော်မူပါသည်။ ဝိပဿနာတရားတော်ကို စနစ်တကျ တတ်မြောက်သွားသောအခါ တောတွင်းသို့ သွား၍ အားထုတ်ခြင်းကြောင့် **အနိစ္စ** မမြဲခြင်း အမှန်တရား၊ **ဒုက္ခ** ဆင်းရဲခြင်း အမှန်တရား၊ **အနတ္တ** ငါမဟုတ်ခြင်း အမှန်တရားတို့ကို ကိုယ်တွေ့သိရှိသွားလေ၏။ ဆက်လက်၍ တည်ငြိမ်မြဲမြံစွာ အားထုတ်သွားသောအခါ နှစ်သက်စွဲလန်းခြင်း-**တဏှာ**၊ ရွံရှာမုန်းတီးခြင်း-**ဒေါသ**၊ ဖြားယောင်းလှည့်စားခြင်း-**မောဟ** စသည်တို့ကို ပယ်သတ်နိုင်လာခဲ့၏။ မိမိ၏စိတ်ကို ပြုပြင်ပြဋ္ဌာန်းလာနိုင်သောကြောင့် သောတာပန်



နောက်ဆက်တွဲ ➢ စာ-၁၂ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၆၀။ သောပါက

သောပါကကို ရာဇဂြိုဟ်ပြည်၌၊ နိမ့်ကျသောမျိုးနွယ်မှ မွေးဖွားလာသည်။ အသက် (၄) လ အရွယ်တွင် ဖခင်ဆုံးသည်။ ဖခင်မဲ့ဘဝသို့ ရောက်လေသည်။ သူ့ကို ဦးလေးဖြစ်သူက မွေးစားစောင့်ရှောက်သည်။ သို့သော် သူ့ဦးလေးမှာလည်း ဆင်းရဲနွံ့ချာသဖြင့် သောပါကကို မွေးစားရန် ဝန်ထုတ်ဝန်ပိုးတစ်ခု ဖြစ်နေသည်။ ဖတဆိုးလေး သောပါကသည် ဦးလေးဖြစ်သူ၏ ညှိုညင်မှုကို အမြဲခံရပြီး အသက် (၇) နှစ်အရွယ်သို့ ရောက်ချိန်တွင် ညီဝမ်းကွဲ (ဦးလေးဖြစ်သူ၏သား) နှင့် ရန်ဖြစ်လေသည်။ ဦးလေးသည် ဒေါသကို ချုပ်တီးထိန်းချုပ်ရန် မစွမ်းနိုင်သည်ဖြစ်သောကြောင့် သောပါကအား ဆွဲခေါ်ကာ ရက်ရက်စက်စက် ကြိုးတုတ်ပြီး သုသာန်တစ်စ သင်္ချိုင်းဝသို့ ခေါ်လာသည်။ ထို့နောက် လူခြေတိတ်သည့် ညချမ်းအချိန်တွင် လူသေကောင်နှင့် တွဲချည်ပြီး မီးသင်္ဂြိုဟ်သည့်နေရာတွင် ပစ်ထားခဲ့သည်။

ညအချိန်တွင် လူသားစားခွေးအများထွက်လာပြီး လူသေအလောင်းကို လာစားကြသည်။ (၇) နှစ်အရွယ် သောပါကသည်ကြောက်ရွံ့တုန်လှုပ်ပြီး ကယ်ပါယူပါ တစာစာဖြင့် ဟစ်အော်ငိုကြွေးလေသည်။ ထိုအဖြစ်ကို ဘုရားရှင်ကိုယ်တော်မြတ်၏ ဉာဏ်အမြင်၌ ထင်လာသည်။ မဟာကရုဏာဖြစ်ပေါ်လာ၍ ရဟန်းတစ်ပါးကို ခေါ်ပြီး သောပါကအား ကျောင်းတော်သို့ ခေါ်လာရန် မိန့်တော်မူသည်။ ကျောင်းတော်သို့ ရောက်သည်တွင် ဘုရားရှင်က သာမဏေပြုပေးပြီးနောက် ဝိပဿနာတရား သင်ကြားပြသပေးသည်။ ထို့နောက် အရဟတ္တဖိုလ်ပေါက် ရဟန္တာတစ်ပါးဖြစ်လာသည်။

တစ်နေ့မိခင်ဖြစ်သူက သားကိုရှာရင်း၊ ဘုရားရှင်သီတင်းသုံးရာ ကျောင်းသို့ရောက်လာသည်။ ထိုစဉ် မြတ်စွာဘုရားက ဓမ္မဒေသနာဟောကြားတော်မူနေသည်။ သောပါက မိခင်လည်း ဓမ္မဒေသနာ နာကြားရင်း သောတာပန် တည်လေသည်။ မိခင်က သူ၏သား သောပါက ရဟန္တာဖြစ်နေကြောင်း သိသွားပြီး အတိုင်းမသိ ဝမ်းသာလေ၏။ ကျောင်းမှ ပြန်ကြွမည်ပြုစဉ်သားက တရားဟောသည်။

**"ဇာတိယာ သတ္တဝဿောဟံ လဒ္ဓါန ဥပသမ္ပဒံ"**

ကျွန်ုပ် အသက် (၇) နှစ်သာ ရှိပါသေးသည့် ရဟန်းငယ်ဖြစ်၏။

**"ဓါရေမိ အန္တိမံ ဒေဟံ"**

ဤ ပဋိသန္ဓေသည် နောက်ဆုံး၊ နောက်ဆုံးဖြစ်သော ခန္ဓာကိုယ်ကို ကျွန်ုပ်ဆောင်ထားပါသည်။ ထို့နောက် သောပါကသည် ပီတိနှလုံးရွှင်ပြုံးကြည်သာဖြင့် အောက်ပါအတိုင်း ဥဒါန်းကျူးမိလေ၏။

**"အဟောဓမ္မသုဓမ္မသာ" ဓမ္မသည် အေးချမ်းပါဘိ ငြိမ်းပါဘိ။**

**(ထေရဂါထာ ၄၈၆၊ သောပါက ထေရဂါထာ)**

သောပါက၏ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းကို သိမြင်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်က အောက်ပါဒေသနာတော်ကို မိန့်မြွက်တော်မူလေသည်။

**"လာဘာ အင်္ဂါနံ မဂဓါနံ၊ ယေသာယံ ပရိဘုဉ္ဇတိ၊**
**စိဝရံ ပိဏ္ဍပါတဉ္စ၊ ပစ္စယံ သယနာသနံ၊**
**ပစ္စုဋ္ဌာနဉ္စ သာမိစိံ၊ တေသံ လာဘာတိ စာဗြဝိ"။**

**(ထေရဂါထာ ၄၈၄၊ သောပါက ထေရဂါထာ)**

အင်္ဂမာဂဓတိုင်း၌ နေထိုင်ကြကုန်သော လူအများသည် သောပါကအား များစွာသော လာဘ်လာဘ၊ အဝတ်ပုဆိုး၊ နေရာထိုင်ခင်း၊ ကျောင်းသင်္ကန်း၊ ဆွမ်းဆေးနှင့် အာဟာရဘောဇဉ်တို့ကို လှူဒါန်းကြခြင်းဖြင့် ကြီးစွာသော အကျိုးများ ရပါလိမ့်မည်။

http://www.dhammadownload.com



http://www.dhammadownload.com

# ၆၁ ။ ဇာတ်နိမ့်မိန်းမပျို

ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားမှုအစဉ်အလာသည် အိန္ဒိယနိုင်ငံ၏ လူမှုကျင့်ဝတ်စနစ်ကို ချွတ်ယွင်းလာအောင် မည်သည့်အချိန်ကစ၍ ပြုလုပ်လာသည်ကို မသိနိုင်ပါ။ နှစ်ပေါင်းနှစ်ထောင့်ခြောက်ရာမတိုင်မီ ဤအစဉ်အလာသည် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ခဲ့သည်။ ထိုကဲ့သို့ပင် မြင့်မြတ်သောဗြာဟ္မဏနှင့်ခတ္တိယတို့သည်လည်း အပြိုင်အဆိုင်ရှိခဲ့လေသည်။ ဥပမာအားဖြင့်

**ဗြာဟ္မဏာဝ ဗြဟ္မုနောပုတ္တာ၊ . . . ဗြာဟ္မဏောဝ သေဋ္ဌောဝဏ္ဏော၊ ဟီနာ အညေဝဏ္ဏာ။**

**(ဒီ၊နီ၊ ၃-၁၁၄၊ အဂ္ဂညသုတ္တ)**

ထိုအခါ ခတ္တိယတို့သည် ဇာတ်လေးမျိုးတို့၌ မိမိတို့သာ အဓိကဖြစ်သည်ဟုခံယူကြသည်၊ ဥပမာအားဖြင့်

**ခတ္တိယာ ဗြာဟ္မဏ ဝေဿာ၊ သုဒ္ဒါ စဏ္ဍာလပုက္ကုသာ၊**

**(ဝိမာနဝတ္ထု၊ ၉၉၅)**

သူတို့ယုံကြည်ခဲ့သည်မှာ လူတို့၌ ခတ္တိယတို့သာလျှင် မြတ်သည်ဟု ယူဆကြသည်။

**ခတ္တိယော ဒွိပဒံ သေဋ္ဌော၊**

**(သံယုတ္တနိကာယ၊ သာဂါထာဝဂ္ဂ၊ ၁၄၊ ခတ္တိယသုတ္တ)**

ဗြာဟ္မဏတို့အချင်းအချင်း၌လည်း ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားမှု ရှိခဲ့လေသည်။ ဥပမာအားဖြင့် ကာတျာယနနှင့် ဝါသိဋ္ဌတို့ကို မြတ်သောဗြာဟ္မဏမျိုးနွယ်ဟုလည်းကောင်း၊ ကောသိယနှင့် ဘာရဒွါဇတို့ကို နိမ့်သောဗြာဟ္မဏမျိုးနွယ်ဟုလည်းကောင်း ခံယူကြသည်။

ဤကဲ့သို့ပင် ခတ္တိယတို့ အချင်းချင်း၌လည်း ဇာတ်နိမ့်ဇာတ်မြင့်ခွဲခြားမှု ရှိခဲ့လေသည်။ ဥပမာအားဖြင့် သကျအနွယ်ဝင် ခတ္တိယတို့က မိမိတို့ကို မိမိဇာတ်မြင့်သည်ဟူ၍၎င်း၊ ပသေနဒီကောသလဘုရင်ကိုဇာတ်နိမ့်သည်ဟု၎င်း ယူဆကြသည်။

ဤကဲ့သို့ပင် ဇာတ်လေးမျိုးရှိသော ဗြာဟ္မဏအစဉ်အလာ၌ သုဒ္ဒတို့ကို ဗြဟ္မာကြီး၏ခြေထောက်မှ မွေးဖွားသည်ဟုဆိုကာ အနိမ့်ဆုံးသောဇာတ်ဖြစ်သည်ဟု ယူဆကြသည်။ သို့သော်စဏ္ဍာလနှင့်ပုက္ကုသတို့ကို သုဒ္ဒထက်နိမ့်သည်ဟု ဆိုပြီး ဝေးဝေးထားကြသည်။ ၎င်းတို့ကို ထိခြင်းမှရှောင်ရုံမက ၎င်းတို့၏အရိပ်ကို ထိခြင်းဖြင့် ဇာတ်မြင့်တစ်ဦးသည် ဇာတ်နိမ့်ဖြစ်သွားသည်ဟု မှတ်ယူကြသည်။ ထို့ကြောင့် ဇာတ်နိမ့်သူတို့၏ ရေတွင်းမှရေကိုသော်ပင် မသောက်သုံးကြပါ။

ထိုခေတ်ကအဖြစ်အပျက်တစ်ခုမှာ ပကတိအမည်ရှိ ၁၆ နှစ်အရွယ်ဇာတ်နိမ့်မိန်းမပျိုတစ်ဦးသည် မိမိ မိသားစုအတွက်ရေတွင်းမှ ရေခတ်လေသည်။ ဆင်းရဲလွန်းသောကြောင့် ချို့ငဲ့စွာဝတ်ဆင်ထားသည်။ ထိုစဉ်ရှေ့ဘက်မှ ဗုဒ္ဓမြတ်စွာ၏သာဝက ချစ်သားအာနန္ဒာ ကြွလာနေသည်။ ဗုဒ္ဓမြတ်စွာ၏ညီဝမ်းကွဲတော်သူ အာနန္ဒာ၏ရုပ်အဆင်းသည်လှပ၍ အသားအရောင်မှာလည်း ဖြူဖွေးလှသည်။ ကိုယ်ခန္ဓာကလည်း အလွန်တောင့်တင်းခန့်ငြားသည်။ အမြင့်ဆုံးသော ခတ္တိယ အနွယ် ဖြစ်ကြောင်း ထင်ရှားသည်။ အပူဒဏ် (နေပူ) ကြောင့် နွမ်းလျနေပြီး ရေအလွန်ဆာလောင်နေသည်။ ထို့ကြောင့် ရေတွင်းအနီးသို့ ချဉ်းကပ်လာ၍ ပကတိထံမှ သူသောက်ရန် ရေကို တောင်းလေသည်။ ပကတိ အလွန်ထိတ်ထိတ်ပျာပျာဖြစ်လေသည်။ ဤပုဂ္ဂိုလ်သည် ဘိက္ခုလည်းဖြစ်၊ ဇာတ်မြင့်လူလည်းဖြစ်ကြောင်း ထင်ရှားသည်။ ဤရေတွင်းမှ ရေကိုသောက်သုံးရန် မဖြစ်နိုင်ပါ။



နောက်ဆက်တွဲ ➤ စာ-၁၂ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၆၂။ ငြင်းပယ်ခံရသူ

ဘိက္ခုအာနန္ဒာသည် ဇာတ်နိမ့်မိန်းမပျိုပဂတိထံမှ ရေသုံးဆောင်ပြီးနောက် ရှေ့သို့ခရီးဆက်လေသည်။ ဇာတ်နိမ့်မိန်းမပျို ပကတိသည် တုန်လှုပ်စွာဖြင့် မျက်တောင်မခတ် ငေးကြည့်နေလေသည်။


ရုတ်တရက် သူမ၏ စိတ်ထဲတွင် လျှပ်စီးလက်သကဲ့သို့ ဖြစ်မိသည်။ ဤဇာတ်မြင့်လုလင်သည် သူမကဲ့သို့ ဇာတ်နိမ့်သူ၏ရေကို သောက်သုံးသော်ငြားလည်း လုံးဝမတုန်လှုပ်သကဲ့သို့ ဇနီးအဖြစ်လည်း လက်ခံနိုင်လိမ့်မည်ဟုထင်သည်။ ဤဇာတ်မြင့်လုလင်သည် သူမအား ဇနီးသည်တစ်ဦးအဖြစ် လက်ခံမည်ဆိုပါက သူမ၏ဘဝသည် ပြီးပြည့်စုံသွားမည်၊ သူမကဲ့သို့သောဇာတ်နိမ့်မိန်းမပျိုတို့အတွက် ဤကဲ့သို့သော ရုပ်အဆင်းလှပခန့်ငြားပြီး စိတ်သဘောထားမြင့်မြတ်သော ဘဝအဖော် အဘယ်မှာရနိုင်မည်နည်း?။

ဤစိတ်အကြံပေါ်ပေါက်လာ၍ ချက်ချင်းပင် ဘိက္ခုအာနန္ဒာအနီးသို့ အပြေးရောက်သွားသည်၊ ပြီးနောက်မိမိ၏စိတ်အကြံကို လျှောက်ထားလေသည်။ ဘိက္ခုအာနန္ဒာက သူမ၏တင်ပြချက်ကို ငြင်းပယ်လိုက်လေသည်။ သူမအလွန်စိတ်ဆင်းရဲသွားပြီး မျက်နှာပျက်သွားလေသည်။ ပြီးနောက် ဆက်လက်လျှောက်ထားသည်။

"အဘယ်ကြောင့်ပါနည်း။ အရှင်သည်ဇာတ်နိမ့်မိန်းမပျိုဖြစ်သူ အကျွန်ုပ်ထံမှရေကိုသော်သောက်သုံးနိုင်ပြီး အကျွန်ုပ်အား အိမ်ထောင်ဘက်အဖြစ် ဘဝအဖော်မွန်အဖြစ် နေထိုင်ရန် မည်သို့သော အခက်အခဲရှိနေ၍ ငြင်းပယ်ရပါသနည်း။ "ဇာတ်နိမ့်ဇာတ်မြင့်ခွဲခြားမှုကြောင့် သင်၏တင်ပြချက်ကို ငြင်းပယ်ခြင်းမဟုတ်ပါ။ သို့သော် ဘဝတစ်လျှောက်လုံးဗြဟ္မစရိယအကျင့်ကိုလည်း ကျင့်သုံးရန် အဓိဋ္ဌာန်ထားသည့်အတွက် ဤသို့ ငြင်းပယ်ရခြင်းဖြစ်သည်။ အရှင်တို့၏ မဟာကရုဏာရှင် ဗုဒ္ဓမြတ်စွာသည် သတ္တဝါအားလုံးကို အရိပ်ပေးနေပါသည်။ သင်လည်း ဗုဒ္ဓမြတ်စွာထံသို့ သွားရောက်၍ အရိပ်ခိုလှုံပါ။ ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝကတို့တွင် ရာဇနှင့်မဟာရာဇများ၊ ဗြာဟ္မဏများ၊ ပုရောဟိတ်များ၊ ကုန်သည်များရှိသကဲ့သို့ သုဒ္ဒဟုခေါ်ဆိုသော ဇာတ်နိမ့်သူများအားလုံး ပါဝင်သည်။ ဥပမာအားဖြင့် မိလ္လာထမ်းသူ၊ သင်္ချိုင်းစောင့်သူ၊ လက်သမား၊ ပန်းရံဆရာ၊ ပန်းထိမ်ဆရာ၊ ဆံပင်ညှပ်သူ၊ ကျွန်၊ ကျွန်မ၊ ရေသည်၊ အိုးဖုတ်သူ၊ လှေသမား၊ ဆင်ထိန်း၊ အသက်သတ်သူ၊ မုဆိုး စသည်စသည့် . . . အကြင်သူတို့ကို ဗုဒ္ဓမြတ်စွာက အရိပ်ပေးလေသည်၊ သင်လည်းထိုသူတို့ကဲ့သို့ အရိပ်ရလိမ့်မည်။ ဇာတ်နိမ့်ဇာတ်မြင့်ခွဲခြားမှုမရှိသော ဗုဒ္ဓမြတ်စွာထံ အရိပ်ခို၍ တရားဘာဝနာများ ကျင့်ကြံအားထုတ်ခြင်းဖြင့် အရိယာပုဂ္ဂိုလ်များ ဖြစ်သွားကြသည်။ ယခုအခါ အပယ်ခံရသောသူအားလုံးတို့သည် ဗုဒ္ဓမြတ်စွာအား ကြည်ညိုလေးစားကြသည်။ သင်လည်း မည်သို့သော သံသယမှမထားဘဲ ဗုဒ္ဓမြတ်စွာ၏ အရိပ်ကိုခိုလှုံလိုက်ပါ။ ထိုနေရာ၌ မိခင်ပဇာပတိသည် သင့်တော်အောင်ကြည့်ရှုပြီး သင့်တော်သော လမ်းညွှန်မှုများကို ပေးပါလိမ့်မည်။"

ဤစကားများကို ကြားသိရ၍ ဇာတ်နိမ့်မိန်းမပျို ပကတိသည် ပျော်ရွှင်သွားလေသည်။ တက်ကြွစွာဖြင့် ဗုဒ္ဓမြတ်စွာ၏အရိပ်ကို ခိုလှုံရန်သွားခဲ့လေသည်။ သူမ၏ ကံကြမ္မာလည်း ပွင့်လာသည်။ သူမသည်ရွှင်လန်းဝမ်းမြောက်သွားပြီးလျှင် သူမ၏ဘဝ ပြည့်စုံသွားလေတော့သည်။

http://www.dhammadownload.com



http://www.dhammadownload.com

# ၆၃။ အမြဲသုခီတထာဂတ

သီသပတောတွင်ဖြစ်သည်၊ ထိုတောတွင်နွားတို့၏ သွားရာလမ်းရှိသည်။ ဟေမန္တဥတု၏အလွန်အေးသောညကုန်ပြီး မိုးသောက်ယံကာလဖြစ်သည်။ တပို့တွဲနှင့် တပေါင်းလနှစ်လအကြားရှစ်ရက်တာကာလဖြစ်သည်။ ရေခဲလောက်အောင်အေးသည်။ အရပ်လေးမျက်နှာမှ အေးစိမ့်သောလေကြမ်းများတိုက်ခတ်သောကြောင့် နွားတို့၏ခြေရာများနှင့်မညီမညာဖြစ်နေသော မြေတွင် အရွက်အချို့ကြွေကျခဲ့လေသည်။ အေးစိမ့်သောလေကိုတားမြစ်ရန် သစ်ပင်ပေါ်၌ သစ်ရွက်သိပ်မရှိတော့ပါ။ ကြွေကျပြီးသော သစ်ရွက်အချို့လည်း လေအဟုန်ဖြင့် ရွေ့လျားနေသည်။ ရေတွက်နိုင်လောက်ရုံသော အရွက်အချို့သည်သာ မညီမညာကြမ်းတမ်းသောမြေပေါ်၌ ကျန်ရှိသည်။ ၎င်းအရွက်တို့ပေါ်၌ ဗုဒ္ဓ မြတ်စွာသည် ထူသောသင်္ကန်းကို ဝတ်ရုံလျက်သီတင်းသုံးတော်မူနေသည်။

လမ်းလျှောက်ရန်ထွက်လာသော အာဠဝကရာဇပုတ္တသည် ဤမညီမညာဖြစ်နေသော မြေပေါ်ရှိအချို့အရွက်အနည်းငယ်ပေါ်တွင် သီတင်းသုံးထိုင်နေတော်မူသော ဗုဒ္ဓမြတ်စွာကိုတွေ့၍ အံ့ဩနေမိသည်။ ပြီးနောက် ဗုဒ္ဓမြတ်စွာ၏ ရှေ့တွင် ထိုင်လျှက်အောက်ပါအတိုင်းလျှောက်ထားလေသည်။

"အရှင်ဘုရား. . ညကကောင်းမွန်စွာအိပ်စက်နိုင်ခဲ့ပါသလားဘုရား။"

"အေး. . ကုမာရ (အာဠဝကရာဇပုတ္တ) ငါသည်ကောင်းစွာအိပ်စက်ခဲ့ပါသည်။ လောက၌ ကောင်းမွန်စွာ အိပ်စက်နိုင်သောသူဖြစ်ပါသည်။"

"အရှင်ဘုရား. . အရှင်ဘုရားထံတွင်အိပ်စက်ရန်လုံလောက်သော အခင်းမရှိ၊ ခြုံရန်စောင်လည်းမရှိ ဝတ်ရုံမှာလည်း တစ်ထည်တည်းသော သင်္ကန်းသာရှိသည်။ အရပ်လေးမျက်နှာမှ အေးစိမ့်သော လေကြမ်းများ တိုက်ခတ်နေသည်။ အဘယ်သို့ ကောင်းမွန်စွာ အိပ်စက်နိုင်ပါသနည်း။"

"ငါသည် မည်သည့်အခြေအနေမျိုးတွင်မဆို ကောင်းမွန်စွာအိပ်နိုင်သူဖြစ်သည်။"

"မြင့်မားသော တိုက်ကြီးတွင် လုံခြုံစွာ ပိတ်ထားသော အခန်းထဲ၌ရှိသော ထူထဲသောအခင်းကိုခင်း၍ ထူထဲသောသိုးမွေးခြုံထည်ကို ခြေဆုံး ခေါင်းဆုံးခြုံပြီး လုံလောက်စွာပြုစုခံနေရသူသည် ကောင်းမွန်စွာအိပ်စက်ခဲ့သည်ဟု သင်ယူဆနိုင်ပါသလား။"

"မှန်လှပါအရှင်ဘုရား . . သူသည်ကောင်းမွန်စွာအိပ်စက်ခဲ့ပါလိမ့်မည်"

"ကုမာရ . . ထိုအချိန်၌ သူ၏စိတ်နှလုံးတွင် နှစ်သက်အပ်သူတစ်ဦးဦးနှင့် ပတ်သက်၍ ကာမဂုဏ်နိုးကြွနေမည်၊ ထိုကာမဂုဏ်ကြောင့် သူ၏ ကိုယ်ခန္ဓာနှင့် စိတ်တွင် ပူလောင်နေပါက ထိုသူသည် ဒုက္ခိတ မဖြစ်နိုင်ဘူးလား။"

"မှန်လှပါအရှင်ဘုရား၊ ဒုက္ခိတဖြစ်နိုင်ပါသည်"

"ဤကဲ့သို့ပင် အခြားသောသူတို့နှင့်ပတ်သက်၍ ဒေါသဖြစ်ပြီးဒေါသမီးလောင်နေပါက ဒုက္ခိတမဖြစ်နိုင်ဘူးလား?"

"မှန်လှပါအရှင်ဘုရား . . ဒုက္ခိတဖြစ်နိုင်ပါသည်။"

"ဤကဲ့သို့ပင် အခြားသောသူတို့နှင့် ပတ်သက်၍ မောဟဖြစ်ပြီးနောက် မောဟမီးလောင်နေပါက ဒုက္ခိတမဖြစ်နိုင်ဘူးလား"

"မှန်လှပါအရှင်ဘုရား ဒုက္ခိတဖြစ်နိုင်ပါသည်။"

"ကုမာရ . . တထာဂတဟူသည် ရာဂ၊ ဒေါသနှင့် မောဟတို့မှ လုံးဝကင်းဝေးနေပါသည်။ တနည်းအားဖြင့် ၎င်းတို့၏အမြစ်ပြတ်ခဲ့ပါသည်၊ ပြန်လည်မဖြစ်နိုင်တော့ပါ။ ထို့ကြောင့်ငါသည် အမြဲကောင်းမွန်စွာ အိပ်စက်နိုင်သူဖြစ်သည်"

နောက်ဆက်တွဲ ➢ စာ-၁၃ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၆၄။ တည်ငြိမ်သည်းခံသော အရှင်သာရိပုတ္တရာ၏အံ့ဩဘွယ်ရာ

တည်ငြိမ်သူသည် သည်းခံသူလည်းဖြစ်နိုင်သည်၊ သည်းခံသူမဖြစ်နိုင်ပါက တည်ငြိမ်သူလည်းမဖြစ်နိုင်ပါ။ဗုဒ္ဓမြတ်စွာ၏တပည့် ဓမ္မသေနာပတိ အရှင်သာရိပုတ္တ၏ သည်းခံခြင်းသည် အံ့ဩဘွယ်ရာဖြစ်ခဲ့လေသည်။ မည်သည့်အခြေအနေ၌ မဆို အရှင်သာရိပုတ္တသည် သည်းခံနိုင်စွမ်းရှိသည်။

တစ်ခါတုန်းကတစုံတစ်ယောက်သောသူက အရှင်သာရိပုတ္တ၏ ဦးခေါင်းကို ပြင်းထန်စွာရိုက်ခဲ့လေသည်။ ဤနေရာတွင် သာမန်လူဖြစ်ပါက အသက်သေလောက်သည်။ သို့မဟုတ်ပါက ဦးနှောက်နှင့်အာရုံကြောများ ပျက်စီးသွားနိုင် သည်။ အလားတူကြံ့ခိုင်သန်စွမ်းသော ဆင်တစ်ကောင်ဖြစ်ပါကလည်း ထိုမျှထိ ခိုက်မှုသည် မခံမရပ်နိုင်လောက်အောင်ဖြစ်မည်။ သို့သော်အရှင်သာရိပုတ္တသည် လုံးဝမတုန်လှုပ်ခဲ့ပါ။ ဤသို့ပြင်းထန်သော ရိုက်နှက်ခြင်းကို ခံရပြီးနောက် အရှင်မဟာမောဂ္ဂလန်က အဘယ်သို့ခံစားရသနည်းဟု မေးမြန်းသောအခါ မည်သို့မျှပြင်းပြင်းထန်ထန်မခံစားရကြောင်း (အမှန်တကယ်လုံးဝကောင်းနေပါသည်) ရိုက်နှက်သူအပေါ်၌လည်း အမျက်ဒေါသမဖြစ်ဘဲ သည်းခံခွင့်လွှတ်ကြောင်း ပြောပါသည်။

မည်ကဲ့သို့ မနှစ်သက်ဘွယ်ရာအခြေအနေမျိုးတွင်မဆို ဓမ္မသေနာပတိ၏ စိတ်သည်လုံးဝမတုန်လှုပ်ပါ။ "သူသည်လုံးဝဒေါသမဖြစ်ပါ" ဟူသော စကားသည် လူ့ပရိသတ်တို့တွင် အလွန်ပျံ့နှံ့ခဲ့သည်။ မနာလိုနေသူဗြာဟ္မဏတစ်ဦးက ဤသတင်းကို ကြားသိရသောအခါ သူ့အားဒေါသဖြစ်အောင်လုပ်ပြမည်ဟုဆိုကာ ကြိုးစားလေသည်။

သင့်တော်သောအချိန်ကိုစောင့်၍ အရှင်သာရိပုတ္တရာ၏နောက်ကျောအားခွန်အားစိုက်၍ပြင်းထန်စွာရိုက်နှက်လေသည်။ "ဘာကြောင့်ရိုက်ရပါသလဲ" ဟူသောစကားပင်မဆိုဘဲရှေ့သို့ ဆက်သွားလေသည်။ နောက်သို့လှည့်၍ မည်သူဖြစ်ကြောင်းကိုလည်းမကြည့်ပါ။ သို့ဖြင့် ဗြာဟ္မဏကဒေါသကင်းသူ အမှန်ပင်ဖြစ်ကြောင်း နားလည်သဘောပေါက်လာသည်။ အရှင်သာရိပုတ္တရာ၏ သည်းခံခြင်း ဂုဏ်ကိုသိလာသည်။ ထို့ကြောင့် ကြည်ညိုလေးစားစွာခြေစုံကို ဦးခိုက်၍ ဤသို့လျှောက်ထား၏။

"ဘန္တေ အရှင်ဘုရားသာရိပုတ္တရာ ကျွန်ုပ်အားခွင့်လွှတ်တော်မူပါ"

ထိုအခါ အရှင်သာရိပုတ္တရာက "ဘာကြောင့်ပါလဲ၊ ဘယ်သို့သောအကြောင်းကြောင့်ပါလဲ" ဟုဆိုသည်။

ဗြာဟ္မဏက "ကျွန်ုပ်ကအရှင်၏ငြိမ်းချမ်းမှု (ဒေါသကင်းမှု)ကို စမ်းစစ်လို၍ ရိုက်ခဲ့ခြင်းဖြစ်သည်" ဟုဆိုသည်။

"ဤသို့ဆိုလျှင် ကျွန်ုပ်သင့်အား ခွင့်လွှတ်ပါသည်"

"ဘန္တေ. . ကျွန်ုပ်အား ခွင့်လွှတ်သည်ဆိုပါလျှင် ကျေးဇူးပြု၍ ကျွန်ုပ်အိမ်သို့ကြွပြီး ဘောဇဉ်ဆွမ်းအလှူခံတော်မူပါ"

ထိုအခါ အရှင်သာရိပုတ္တရာက သူ၏အိမ်သို့ကြွပြီး ဆွမ်း ဘုဉ်းပေးခဲ့လေသည်။

သို့သော် ဤဖြစ်ရပ်အလုံးစုံကို တွေ့မြင်ခဲ့ရသော အရှင်သာ ရိပုတ္တရာ၏ ဥပသကာတို့က ဗြာဟ္မဏ၏အိမ်ရှေ့တွင် စုဝေးလာကြပြီး ဗြာဟ္မဏအား တုန့်ပြန်ရန်နှင့်ရောက်ရှိလာကြသည်။


ထိုစဉ် အရှင်သာရိပုတ္တရာက ဥပသကာတို့အား ဤသို့မေးမြန်းလေသည်။ "သူသည် သင်တို့ကို ရိုက်ခဲ့ပါသလား။ သို့မဟုတ် ကျွန်ုပ်ကို ရိုက်ခဲ့ပါသလား။"

"ဘန္တေ၊ သင့်အားရိုက်ခဲ့ပါသည်"



နောက်ဆက်တွဲ ➤ စာ-၁၃ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၆၅။ သည်းခံခွင့်လွှတ်ခြင်းနှင့် တည်ငြိမ်ခြင်း

ငယ်ရွယ်စဉ်က ဗန္ဓုလမလ္လရာဇကုမာရသည် ပသေနဒီ၏မိတ်ဆွေရင်း ဖြစ်ခဲ့သည်။ တက္ကသိလာတွင်လည်း နှစ်ဦးစလုံးသည် အတူတကွ ပညာသင်ယူခဲ့သည့်နောက်ပိုင်း မိမိသို့ ဌာနေသို့ပြန်ကြလေသည်။ ကောသလဘုရင်သည် ကုမာရပသေနဒီ၏ အရည်အချင်းကို သိနားလည်၍ နန်းတော်ကို လွှဲအပ်ခဲ့ပြီး အငြိမ်းစားယူလေသည်။

ဗန္ဓုလသည် စစ်ရေးကျွမ်းကျင်သူဖြစ်သောကြောင့် ပသေနဒီကသူ့ကို စစ်သေနာပတိအဖြစ်ခန့်အပ်သည်။ သူသည်တိုင်းပြည်၏ လုံခြုံရေးကို ကျွမ်းကျင်စွာ ထမ်းဆောင်ခဲ့သည်။

နှစ်အတန်ကြာသော်တရားရေးရာတွင် တရားသူကြီးလာဘ်ယူမှုကြောင့် တိုင်းသူပြည်သားများ အလွန်စိတ်ဆင်းရဲကြရသည်။ ဘုရင့်ထံတော်အထိ တိုင်ကြားချက်များရောက်လာ၍ တရားသူကြီးအား တာဝန်မှရပ်နားပြီး သူ၏တာဝန်ကို ဗန္ဓုလအားပူးတွဲတာဝန်ယူစေသည်။ ထိုအကြောင်းကြောင့် လက်ရှိတာဝန်ထမ်းဆောင်နေသော တရားသူကြီး သည် ဗန္ဓုလအပေါ်တွင် များစွာမကျေနပ်ဖြစ်ကြလေသည်။

ထို့ကြောင့် အခွင့်ကောင်းကိုစောင့်၍ ဗန္ဓုလနှင့်ပတ်သက်ပြီး မဟုတ်မမှန်ပြောဆိုသွေးထိုးကြသည်။ "သူသည် အလွန်ခွန်အားဗလရှိသူဖြစ်သည်။ သူ၏သား ၃၂ ယောက်တို့သည်လည်း သူကဲ့သို့ ခွန်အားဗလရှိကြသည်။ အရှင်မင်းကြီး၏ စစ်တပ်အပေါ်၌လည်း အလွန်ဩဇာညောင်းသည်။ အချို့သောစစ်တပ်ကို ပေါင်း၍ အရှင်မင်းကြီးအား လုပ်ကြံပြီး နန်းတော်ကိုသိမ်းပိုက်နိုင်သည်။" မင်းကြီးလည်း သွေးထိုးမှုအပေါ် ယုံကြည်သွားပြီးနောက် ဗန္ဓုလနှင့်သူ၏ သား ၃၂ ယောက်တို့အား ရှင်းပစ်ရန် ကြံစည်တော့သည်။ တိုင်းပြည်အတွင်း မငြိမ်မသက်ဖြစ်နေသည်ဟု သတင်းဖြန့်၍ ဗန္ဓုလနှင့် သူ၏သား ၃၂ ယောက် တို့ကို နယ်စပ်သို့သွားစေသည်။ ပြီးနောက် မိမိယုံကြည်ရသော ထောက်လှမ်းရေးသမားများအား လွှတ်၍ သူတို့အား သတ်ဖြတ်လိုက်လေသည်။

ထိုနေ့၌ပင် ဗန္ဓုလ၏ ဇနီးမလ္လိကာသည် သံဃာတော်များ ဆွမ်းစားကြွရန် ပင့်ဖိတ်ထားသည်။ သံဃာတော်များကြွလာ၍ ကြည်ညိုလေးစားစွာဖြင့် သီတင်းသုံးစေတော်မူပြီး ဆွမ်းဆက်ကပ်လေသည်။ ထိုသို့ ဆွမ်းကပ်နေစဉ် အကူအမျိုးသမီးသည် မတော်တဆ ထောပတ်အိုးကို လက်မှလွတ်ကျ၍ ထောပတ်အိုးကွဲသွားလေသည်။ ထိုအခါ အကြီးအကဲသံဃာတော်တစ်ပါးက မလ္လိကာအား ထိုကိစ္စနှင့်ပတ်သက်၍ စိတ်သောကမဖြစ်ပါနှင့်၊ ထောပတ်အိုးသည်လည်း နောင်တစ်ချိန်ကွဲသော သဘောရှိပေသည်။ ထိုအခါ မလ္လိကာက အရှင်ဘုရား၊ တပည့်တော်မသည် ဤထောပတ်အိုးကွဲခြင်းဖြင့် စိတ်သောက အဘယ်ကြောင့် ဖြစ်ရမည်နည်း။ မကြာမီ အချိန်အနည်းငယ်အတွင်းကပင် ဘုရင်ကြီး၏ကြံစည်မှုဖြင့် တပည့်တော်၏ ၁၆ ကြိမ်မျှ ကိုယ်ဝန်ဆောင်၍ မွေးဖွားခဲ့ရသော အမွှာသားတော်များနှင့် ခင်ပွန်းသည် ဗန္ဓုလသတ်ဖြတ်ခံခဲ့ရကြောင်း သိရပြီး ဖြစ်ပါသည်။ သို့သော်လည်း တပည့်တော် စိတ်သောကမဖြစ်ပါ။

မလ္လိကာသည် ဗုဒ္ဓမြတ်စွာ၏ သာဝကတပည့်မတစ်ဦးဖြစ်သည်။ ဝိပဿနာပညာ၌ ဝါရင့်သူလည်းဖြစ်၍ ဤမျှလောက်သော အဖြစ်အပျက်မှာ တုန်လှုပ်ဖွယ်ရာ မရှိပါ။ ပညာ၌ တည်သည်ဖြစ်၍ သူမ၏သည်းခံခွင့်လွှတ်ခြင်းနှင့် တည်ငြိမ်ခြင်းကား အံ့ဩဘွယ်ရာဖြစ်သည်။

သူမသည် မိမိ၏ချွေးမတို့အား "ဘဝအဆက်ဆက်က မကောင်းမှုကြောင့် ဤသို့ မနှစ်သက်ဘွယ် ဖြစ်ကြရသည်။ သင်တို့လည်း ဝမ်းနည်းပူဆွေးခြင်း မပြု

နောက်ဆက်တွဲ ➤ စာ-၁၃ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၆၆။ ဒေါသပျောက်ကင်းခြင်း

ကောသလဘုရင်၏သားတော် ဗြဟ္မဒတ္တသည် ဗုဒ္ဓမြတ်စွာ၏တရားတော်ကို နာယူ၍ သဒ္ဓါတရားများဖြစ်ပေါ်လာကာ သာမဏေဘောင်သို့ ဝင်ခဲ့သည်။ ဝိပဿနာ ဘာဝနာကို ကျင့်ကြံအားထုတ်ခြင်းဖြင့် အချိန်တိုအတွင်းမှာပင် အရဟတ္တဖိုလ်သို့ ရောက်ခဲ့သည်။ တစ်နေ့သောအခါ ဆွမ်းခံကြွစဉ် ပုဂ္ဂိုလ်တစ်ဦးက မျိုးစုံအောင် ပုတ်ခတ်ပြောဆိုသည်ကို နှုတ်ဆိတ်၍သာနေသည်။ ဤသည်ကို ကြည့်၍ အနီးတစ်ဝိုက်ရှိ လူများကပါ ကဲ့ရဲ့ပြောဆိုကြသည်။ ထိုအခါ ဗြဟ္မဒတ္တမထေရ် အောက်ပါဂါထာဖြင့် ရှင်းပြခဲ့သည်။

**အက္ကောဓဿ ကုတော ကောဓော၊ ဒန္တဿ သမဇီဝိနော၊**
**သမ္မဒညာ ဝိမုတ္တဿ၊ ဥပသန္တဿ တာဒိနော။**
**(ထေရဂါ အဋ္ဌက ၄၄၁၊ ဗြဟ္မဒတ္တတ္ထေရဂါထာဝဏ္ဏနာ)**

ဒေါသပျောက်ကင်းသူ၊ စိတ်တည်ငြိမ်သောဘဝရရှိထားသူ ဝိပဿနာပညာ၌ ကောင်းမွန်စွာတည်သူ၊ အကြင်ပုဂ္ဂိုလ်၏စိတ်၌ ဒေါသသည်မည်သို့ ဖြစ်မည်နည်း။

**တဿေဝ တေန ပါပိယော, ယော ကုဒ္ဓံ ပဋိကုဇ္ဈတိ၊**
**ကုဒ္ဓံ အပဋိကုဇ္ဈန္တော၊ သံဂါမံ ဇေတိ ဒုဇ္ဇယံ။**
**(ထေရဂါ အဋ္ဌက ၄၄၂၊ ဗြဟ္မဒတ္တတ္ထေရဂါထာဝဏ္ဏနာ)**

အကြင်ပုဂ္ဂိုလ်သည် ဒေါသဖြစ်သူအပေါ်၌ ဒေါသဖြစ်လေသည်။ သူသည် မိမိ၏မကောင်းကျိုးကို ပြုလုပ်လေသည်။ အကြင်ပုဂ္ဂိုလ်သည် ဒေါသဖြစ်သူအပေါ်၌ ဒေါသမဖြစ်ပါ။ သူသည် ခဲရာခဲဆစ်ဖြစ်သောတိုက်ပွဲကို နိုင်သကဲ့သို့ ဖြစ်သွားလေသည်။

**ဥဘိန္နမတ္ထံ စရတိ၊ အတ္တနော စ ပရဿ စ၊**
**ပရံ သံကုပိတံ ဉတွာ၊ ယော သတော ဥပသမ္မတိ။**
**(ထေရဂါ အဋ္ဌက ၄၄၃၊ ဗြဟ္မဒတ္တတ္ထေရဂါထာဝဏ္ဏနာ)**

အကြင်ပုဂ္ဂိုလ်သည် သူတစ်ပါးဒေါသဖြစ်နေသည်ကို သိရမည်။ သို့သော် သိ၍ ကိုယ်ကိုတိုင်သတိရှိရှိ သီးခံနေရမည်။ သူသည် မိမိအတွက်သော်လည်းကောင်း၊ အခြားသူအတွက်သော်လည်းကောင်း နှစ်ဦးစလုံး၏အကျိုးကို ကျင့်သည်မည်၏။

ထိုအခါမှ ရဟန္တာ ဗြဟ္မဒတ္တ၏ငြိမ်းချမ်းသော စံပြဘဝကိုသိနားလည်လာပြီး သာမဏေဘောင်သို့ ကူးပြောင်းခြင်းကို လက်ခံလာသည်။ ဒေါသနှင့် တဏှာမှ လွတ်မြောက်ကြောင်း တရားနည်းလမ်းကို သင်ယူကြလေတော့သည်။ လောဘ၊ ဒေါသ၊ မောဟ အစရှိသည်တို့ကို ထိန်းချုပ်နိုင်ကြ၍ တရားအရာတွင် အောင်မြင်ခဲ့လေသည်။ ထိုသူတို့သည် ရဟန္တာဗြဟ္မဒတ္တကဲ့သို့ ဒေါသပျောက်ကင်းသူများ ဖြစ်သွားကြပြီး ဝိဝါဒမှလည်း လွတ်မြောက်သွားလေသည်။ ဒုက္ခအပေါင်းတို့မှ လွတ်မြောက်သွားလေတော့တည်း။

http://www.dhammadownload.com



http://www.dhammadownload.com

## ၆၇။ ရဟန်းပြု၍ပျက်ရယ်ပြုခြင်း

ဥရုဝေလ ကဿပသည် မာဂဓနှင့် အင်္ဂ ဇနပုဒ်တိုင်းသားပြည်သူတို့၏ အထူးကြည်ညိုလေးစားအပ်သော ဆရာတစ်ဦးဖြစ်သည်။ ထို့အတူ ညီတော် နဒီကဿပနှင့် ဂယာကဿပတို့လည်း ပူဇော်ထိုက်သူများဖြစ်ကြသည်။ ထိုကဿပ ညီနောင်သုံးဦးနှင့် သူ၏တပည့်သာဝက တစ်ထောင်တို့ရဟန်းဘောင်သို့ ဝင်သွားကြသောအခါ တိုင်းသားပြည်သူတို့အလွန် စိတ်ထိခိုက်ကြသည်။

ဤကဲ့သို့ပင် ရာဇဂြိုဟ်ပြည်တွင်လည်း ဆရာသံဇယနှင့် သူ၏တပည့်နှစ်ဦး ဖြစ်သော ကောလိတ (မောဂ္ဂလန်)နှင့် ဥပတိဿ (သာရိပုတ္တ)တို့ သာမက သူတို့၏တပည့်သာဝက ၂၅၀ တို့သည်လည်း ဗုဒ္ဓမြတ်စွာ၏တပည့်သာဝကများ ဖြစ်ကုန်ကြသည်။ ထို့ကြောင့် မာဂဓတိုင်းသူပြည်သားများ အလွန်စိတ်ထိခိုက်ကြလေသည်။

ဗုဒ္ဓမြတ်စွာ၏တပည့်သာဝကများ မြို့တွင်းသို့ ဆွမ်းခံကြွစဉ် ဆန့်ကျင် ဘက် ပုဂ္ဂိုလ်များကကဲ့ရဲ့ခြင်း၊ ပုတ်ခတ်ပြောဆိုခြင်း၊ ဆဲရေးခြင်းများပြုလုပ်ကြ သည်။ ကဿပညီနောင်သုံးဦးနှင့် တပည့်များ၊ သံဇယ၏တပည့်များသာမက ရာဇဂြိုဟ်ရှိ ကျော်ကြားသော အိမ်ထောင်သည်များကိုပါ သာမဏေဘောင်သို့ ဝင်စေသည်။

သာမဏေဂေါတမသည် အိမ်ထောင်သည် အမျိုးသမီးတို့ထံမှ ခင်ပွန်းသည် တို့ကိုလည်းကောင်း၊ မိခင်များထံမှသားတို့ကိုလည်းကောင်း သာမဏေဘောင်သို့ ဝင်စေပြီး မျိုးနွယ်ပျောက်ကင်းစေရန် ဤနေရာသို့ရောက်လာကြခြင်းဖြစ်သည်။ ဤစကားများကို ကျောင်းတော်သို့ပြန်ရောက်သောအခါ ဗုဒ္ဓမြတ်စွာအား လျှောက် ထားကြရာ ဗုဒ္ဓမြတ်စွာကသည်းခံကြရန်သာ အမိန့်ရှိသည်။ ကဲ့ရဲ့စကားကိုကြား သိရပြီး မိမိ၏စိတ်ကိုမညစ်ထေးစေပါနှင့်၊ ထိုသူတို့သည် အမှန်တရားကို သိလာ ပါက ကဲ့ရဲ့ခြင်းရပ်ဆိုင်းသွားလိမ့်မည်။

ဗုဒ္ဓမြတ်စွာ၏မင်္ဂလာရှိသော အဆုံးအမသည် အလွန်လေးနက်မှန်ကန် လှပေသည်။ ထိုသူတို့ထဲမှ အချို့သောသူတို့သည် အိမ်ယာကိုစွန့်၍ ဗုဒ္ဓမြတ်စွာ ၏ တပည့်ဒါယိကာ/မများဖြစ်သွားကြပြီး လမ်းညွှန်မှုအတိုင်းကျင့်ကြံအားထုတ် ခြင်းဖြင့် ဘဝတွင်တိုးတက်ပြောင်းလဲမှုများဖြစ်လာကြသည်။ ဥပမာအားဖြင့် အရက်သမားသည် အရက်သေစာသောက်သုံးခြင်းမှလည်းကောင်း၊ လောင်း ကစားသမားသည် ထိုမကောင်းမှုမှလည်းကောင်း၊ မမှန်ကန်သော ကာမဂုဏ် အာရုံလိုက်စားသူတို့သည်လည်း ထိုမမှန်ကန်မှုမှလည်းကောင်း၊ ဒေါသကြီးသူတို့ သည်လည်း ထိုဒေါသမှလည်းကောင်း လွတ်မြောက်ကြလေသည်။ ဆန့်ကျင် စိတ်များပပျောက်ကုန်ကြပြီး ကဲ့ရဲ့ခြင်း၊ ပုတ်ခတ်ခြင်းတို့မှ ကင်းဝေးသွားပြီး ကောင်းကျိုးများကို ရကြလေသည်။

**ယော ဩဂဟဏေ ထမ္ဘောရိဝါဘိဇာယတိ၊ ယသ္မိံပရေ ဝါစါပယိန္တံဝဒန္တိ၊**
**တံ ဝီတရာဂံ သုသမာဟိ တိန္ဒြိယံ၊ တံ ဝါပိ ဓီရာမုနိံ ဝေဒယန္တိ။**

**(သုတ္တနိပါတ ၁၊၂၁၆)**

ရေခပ်နေသောနေရာ၌ လူအများ (ယောက်ျားမိန်းမအစရှိသည်) ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း၊ မည်မျှလောက်ပင် ပြောဆိုနေသော်ငြားလည်း ထိုရေတွင်းပေါ်၌ စိုက်ထားသောတိုင်သည် လုံးဝမယိမ်းယိုင်သကဲ့သို့ ရာဂကုန်ခမ်းနေသော မိမိစိတ်ကို ထိန်းချုပ်ထားနိုင်သော ပုဂ္ဂိုလ်တို့သည် အခြားသူတို့ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းများ အပေါ်၌ မတုန်လှုပ်ပါ။ ဤသို့သော ပုဂ္ဂိုလ်များကို ပညာရှိတို့က မုနိဟုခေါ်ကြ သည်။

http://www.dhammadownload.com



http://www.dhammadownload.com

## ၆၈။ သောဏဒဏ္ဍ ပြာဟ္မဏပြုလုပ်သောစမ္မ

တစ်ချိန်က ဗုဒ္ဓမြတ်စွာသည် အင်္ဂတိုင်း စမ္ပါမြို့တွင် သီတင်သုံးနေစဉ် ဒေသခံ ပြာဟ္မဏတို့၏ခေါင်းဆောင် သောဏဒဏ္ဍသည် မိမိ၏သူငယ်ချင်း မိတ်ဆွေများနှင့်အတူ သွားရောက်ဖူးတွေ့လေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက ဤသို့ မေးမြန်းလေသည်။

"ဟေ့ ပြာဟ္မဏ. . မည်မျှလောက်သော ဂုဏ်အင်္ဂါနှင့် ပြည့်စုံသူကို ပြာဟ္မဏဟုခေါ်သနည်း။"

"ဟေ့ ဂေါတမ . . အောက်ပါဂုဏ်အင်္ဂါ ငါးရပ်နှင့်ပြည့်စုံသူကို ပြာဟ္မဏဟု ခေါ်ကြလေသည်။

၁။ နှစ်ဘက်မျိုးရိုးများသန့်စင်သူဖြစ်ရမည်။

၂။ မန္တန်နှင့်ဝေဒ ကျမ်းများကိုကျွမ်းကျင်သူဖြစ်ရမည်။

၃။ ရုပ်ဆင်းအင်္ဂါနှင့်အသားရောင်လှပရမည်။

၄။ သီလရှိသူဖြစ်ရမည်။

၅။ ပညာရှိသူ (ပဏ္ဍိတ) ဖြစ်ရမည်။

"ပြာဟ္မဏ . . ဤဂုဏ်အင်္ဂါငါးရပ်မှ တစ်ခုခုမပြည့်စုံပါက ပြာဟ္မဏဟု ခေါ်နိုင်ပါသလား"

"ဂေါတမ . . ဤဂုဏ်အင်္ဂါငါးရပ်အနက် သီလနှင့်ပညာရှိပါက ပြာဟ္မဏ ဟု ခေါ်နိုင်ပါသေးသည်"

ဤသို့ ဖြေသောအခါ သောဏဒဏ္ဍပြဟ္မဏနှင့် အတူပါလာသော ပြဟ္မဏ များက မနှစ်သက်ကြပါ။ ထို့နောက် သောဏဒဏ္ဍပြဟ္မဏကသူနှင့်အတူ ပါလာ သောသူ၏တူ အင်္ဂကဟာဏဝကသည် ပထမဂုဏ်အင်္ဂါသုံးရပ်နှင့်ပြည့်စုံသည်။ သို့သော် သူ့တွင် သီလနှင့်ပညာမရှိဖြစ်နေသည်။

"ပြာဟ္မဏ . . သီလနှင့်ပညာ မပြည့်စုံခဲ့ပါက ပြာဟ္မဏဟု ခေါ်ဆိုနိုင်ပါ သေးသလား"

"ဂေါတမ . . မခေါ်ဆိုနိုင်ပါ။ သီလရော ပညာပါ ပြည့်စုံရပါမည်"

"မှန်တယ်၊ ပြာဟ္မဏ . . သီလရှိသူသည် ပညာရှိသည်၊ ပညာရှိသူသည် သီလကို စောင့်ထိန်းသည်။ ထို့ကြောင့် လောက၌ သီလသည် ပညာရှိသူ၏ အကြီးအမှူးဖြစ်သည်။ သီလဖြင့်ဆေးကြောထားသော ပညာရှိကိုရှိရမည်"

"ဂေါတမ . . အသင်ဆိုလိုသည့် ပညာကား အဘယ်နည်း"


"ပြာဟ္မဏ . . ဈာန်လေးဆင့်တွင်ကျွမ်းကျင်၍ ဉာဏဒဿနကို ခံစား နိုင်မှ ပညာဖြစ်မည်"

ထိုအခါ သောဏဒဏ္ဍပြာဟ္မဏသည် အလွန်တက်ကြွစွာဖြင့် လျှောက် ထားသည်။ "ဂေါတမ . . ယနေ့မှစ၍ ကျွန်ုပ်အား ဥပါသကာ တစ်ဦးအဖြစ် အသိအမှတ်ပြုပါ။ မနက်ဖန်နံနက်တွင် သံဃာတော်တို့နှင့်အတူ ကျွန်ုပ်၏အိမ်တွင် ဆွမ်းဘုဉ်းပေးရန် ကြွတော်မူပါ"

နောက်တစ်နေ့တွင် ဗုဒ္ဓမြတ်စွာနှင့် သံဃာတော်များကြွရောက်တော်မူ သောအခါ သောဏဒဏ္ဍတပြာဟ္မဏကိုယ်တိုင် အရသာပြည့်စုံသော ဆွမ်း ဘောဇဉ်တို့ကို ဆက်ကပ်လေသည်။ ဆွမ်းဘုဉ်းပေးပြီးနောက် သောဏဒဏ္ဍ ပြာဟ္မဏသည် ဗုဒ္ဓ၏ရှေ့တွင် နေရာယူ၍ ထိုင်သည်၊ သောဏဒဏ္ဍပြာဟ္မဏသည် သူ၏အဖွဲ့အစည်းတွင် ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ဗုဒ္ဓမြတ်စွာကို အခါ အားလျော်စွာ ဦးခိုက်လိုသည်။ အဖွဲ့အစည်း၏ခေါင်းဆောင်အဆင့်ကိုလည်း ထိန်းထားလိုသော ဆန္ဒရှိနေသည်။ သို့ပါသောကြောင့် ဗုဒ္ဓမြတ်စွာအား ဤသို့ လျှောက်ထားလေသည်။

နောက်ဆက်တွဲ ➤ စာ-၁၃ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၆၉။ ကျေနပ်နေသောပြဟ္မာယု

လအနည်းငယ်အထိနေ့ညအတူတကွနေ၍ ပုဂ္ဂိုလ်တစ်ဦး၏ ကောင်းမှု မကောင်းမှုကို လေ့လာပြီး ဆုံးဖြတ်နိုင်ပါသည်။ ဗြာဟ္မဏ ပြဟ္မာယုသည် ဗုဒ္ဓမြတ်စွာနှင့် ပတ်သက်၍ အသေးစိတ်ကိုသိလိုသောကြောင့် သူ၏ တပည့်ရင်းဖြစ်သူ ဥတ္တရ မာဏဝကကို ၆ လတိုင်တိုင်နေ့ရောညပါအတူနေစေသည်။

ရှေးဦးစွာ ဗုဒ္ဓမြတ်စွာ၏မဟာပုရိသလက္ခဏာ ၃၂ ပါးကိုမြင်ခဲ့လေသည်။ ထို့နောက် အလွန်စည်းကမ်းရှိစွာ နေထိုင်စားသောက်မှုကို ချို့ယွင်းချက်မရှိ တွေ့မြင်ရကြောင်း သူ၏ဆရာဖြစ်သူ ပြဟ္မယုအား ပြောပြသည်။

ထိုအခါ ပြဟ္မာယုသည် ဗုဒ္ဓမြတ်စွာအားဖူးတွေ့လိုစိတ်အလွန်ပင် ဖြစ်လေသည်။ သို့သော် အသက် ၁၂၀ ရှိနေပြီဖြစ်သောကြောင့် ခရီးမသွားနိုင်တော့ပေ၊ ထိုစဉ် ဗုဒ္ဓမြတ်စွာသည် ဝေဒေဟိဇနပုဒ်သို့ ဒေသစာရီကြွချီခြင်းဖြင့် မိတ္ထိလာသို့ ရောက်ရှိလာသည်။

ပြဟ္မယုအလွန်ပျော်ရွှင်စွာဖြင့် ဗုဒ္ဓမြတ်စွာအား ဦးစွာသွားရောက်ဖူးတွေ့သည်၊ သူသည် ဝေဒစာပေတစ်ရပ်လုံး အာဂုံဆောင်နိုင်သူဖြစ်သည့် အလျောက် ဗုဒ္ဓ၏ကိုယ်ခန္ဓာပေါ်ရှိ မဟာပုရိသလက္ခဏာ ၃၂ ပါးကို ကိုယ်တိုင် တွေ့မြင်ရ၍ အထူးပျော်ရွှင်ခဲ့လေသည်။

ထို့နောက် ဗုဒ္ဓမြတ်စွာက "ဟေ့ ဗြာဟ္မဏ . . မိမိ၏ချမ်းသာသုခအတွက် အသင်သိရှိလိုသည်များကို မေးနိုင်ပါသည်။" ထိုအခါ ဗြာဟ္မယုက "ဂေါတမ. . ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဗြာဟ္မဏ၊ ဝေဒဂူ၊ သောတိယ၊ ကေဝလီ၊ အရဟန္တာ၊ မုနိ၊ ဗုဒ္ဓဟူ၍ မည်ကဲ့သို့ ဖြစ်လာပါသနည်း။"

ဗုဒ္ဓမြတ်စွာက ထိုအခေါ်အဝေါ်စကားလုံးများ၏ အဓိပ္ပာယ်မှန်ကို ရှင်းလင်းပြသည့် အခါတွင် ပညာရှိဗြာဟ္မဏပြဟ္မာယုသည် အလွန်ကြည်ညို သဒ္ဓါပွား၍ ဗုဒ္ဓမြတ်စွာ၏ ခြေတော်အစုံကို ဦးခိုက်လေသည်။

ထို့နောက် ဗုဒ္ဓမြတ်စွာကလေးနက်သော ဓမ္မကိုအစဉ်လိုက်ရှင်းလင်း ဟောပြောသည့်အခါ ဗြာဟ္မဏပြဟ္မယုသည် ဓမ္မစက္ခုအလင်းရောင်ကို ရရှိလေသည်။ ဘဝအဆက်ဆက်ကဖြည့်ဆည်းခဲ့သော ပါရမီကုသိုလ်ကြောင့် ဖြစ်ချင်းပျက်ခြင်းတည်းဟူသော အနိစ္စတရားကို ကိုယ်တိုင်သိရှိပြီး အရိယာသူတော်စင် ဖြစ်ခဲ့လေသည်။

ဗြာဟ္မဏပြဟ္မာယု စိတ်ကြည်လင်ငြိမ်းချမ်းခြင်းနှင့် ဝိပဿနာဉာဏ်ပညာ၌ တည်လေပြီ နိစ္စ၊ ဓုဝ အမတကိုရရှိခဲ့လေပြီ၊ ဗြာဟ္မဏပြဟ္မာယုအလွန် ကျေနပ်နေလေသည်။ သူ့အတွက် အောင်မြင်ခြင်းမင်္ဂလာပါပေတည်း။

http://www.dhammadownload.com



http://www.dhammadownload.com

# ၇၀။ ဒါရုစီရိယရသေ့

မွန်ဘိုင်းမြို့မှ မိုင် ၅၀ ခန့်ဝေးသောနေရာတွင် နလ္လာသုပ္ပါရာကဆိုသော မြို့တစ်မြို့ရှိသည်။ နှစ်ပေါင်းနှစ်ထောင့်ငါးရာမတိုင်မီက အိန္ဒိယနိုင်ငံ၌ ထင်ရှားသော သင်္ဘောဆိပ်ကမ်းမြို့ဖြစ်ခဲ့လေသည်။

ထိုအချိန်က သုပ္ပါရာကမြို့၌ အလွန်အသက်ကြီးသော ရသေ့တစ်ဦးရှိသည်။ သစ်ခေါက်ဆိုးသော ဝတ်ရုံကိုသာ ဝတ်ဆင်သည်။ သူ့ကိုလူအများက ဒါရုစီရိယရသေ့ဟုခေါ် ဆိုကြသည်။ သူ့ကို အရဟန္တတစ်ဦးဟုလည်း ယူဆကြသည်။ သူ့ကိုယ်သူလည်း အရဟန္တတစ်ဦးဖြစ်သည်ဟု ထင်နေသည်။ တစ်နေ့၌ သူ၏ကောင်းကျိုးကိုနှစ်သက်သူ တစ်ဦးက "သင်သည်ယခုချိန်ထိ အရဟန္တ တစ်ဦး မဖြစ်သေးပါ။ သင်သည် အရဟန္တတစ်ဦး၏ ကျင့်စဉ်လမ်းကြောင်းပေါ် သို့ မရောက်သေးပါ။" ထိုအခါ ရသေ့ကြီးအလွန်စိတ်ထိခိုက်သွားပြီး "ဤသို့ဆိုလျှင် ဤလောက၌ အရဟန္တဖြစ်နေသူတစ်ဦးတစ်ယောက်ရှိနေပါသလား၊ သို့မဟုတ် အရဟန္တဖြစ်ရန် ညွှန်ပြပေးမည့်သူရှိနေပါသလား။" ရှိပါတယ်။ ယခုအချိန်တွင် သမ္မာသမ္ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူပါသည်။"

ဤစကားကို ကြားသိရသောအခါ ရသေ့ကြီးသည် ချက်ချင်း သာဝတ္ထိပြည်သို့ထွက်ခွာလာခဲ့လေသည်။ အလွန်ဝေးသော ခရီးကိုဖြတ်သန်းပြီး ဇေတဝန်ကျောင်းတော်သို့ရောက်သည်ရှိသော် ကျောင်းရှိသူများက "ဘုရားရှင်သည်မြို့တွင်းသို့ ဆွမ်းခံကြွနေပါတယ်။ အချိန်အနည်းငယ်ကြာသော် ပြန်ကြွလာပါမည်။ ခေတ္တအနားယူပါ" ဟုဆိုသည်။

သို့သော် ဓမ္မသံဝေဂရနေသူ ရသေ့ကြီးက အနားယူလိုစိတ်မရှိခဲ့ပါ။ သူသည် သာဝတ္ထိမြို့တွင်းသို့ လျင်မြန်စွာဆက်လက်ထွက်ခွာလာသည်။ အနည်းငယ် လျှောက်ပြီးသောအခါ ဘုရားရှင်ဆွမ်းခံကြွနေသည်ကို မြင်ရလေပြီ၊ ထိုအခါ ဘုရားရှင်၏ ရှေ့မှောက်၌ ဒူးထောက်ထိုင်ပြီး ခြေတော်အစုံကို ဦးခိုက်လေသည်။

"ဘန္တေ ဘုရားရှင် ကျွန်ုပ်အား မှန်ကန်သောဓမ္မကို ယခုပင်လျှင် သင်ကြားပေးတော်မူပါဘုရား၊ ကျွန်ုပ်၏ ဘဝတွင် ကောင်းကျိုးချမ်းသာများ ဖြစ်ပါရစေ"

"ဓမ္မကိုသင်ကြားပေးရန် ဤအချိန်သည် မသင့်တော်သေးပါအို ရသေ့. . ကျောင်းတော်သို့ ရောက်သော် သင်ကြားပေးပါမည်။"

"ဘန္တေဘုရားရှင် . . ဘဝကို မည်သို့ယုံကြည်ရမည်နည်း။ ကျေးဇူးပြု၍ ယခုပင်လျှင် ဓမ္မကို သင်ကြားပေးတော်မူပါဘုရား။"

ရသေ့ကြီးမှ တတိယအကြိမ်အထိ အနူးအညွတ်တောင်းဆိုလာသောအခါဘုရားရှင်သည် ထိုနေရာ၏ လမ်းတစ်ဘက်တွင် ရပ်တော်မူ၍ ဓမ္မတရားတော်ကို အကျဉ်းချုပ်၍ သင်ကြားတော်မူလေသည်။

"ဤသို့ကျင့်ပါလော့၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ မြင်လျှင်မြင်သည်၊ သိရုံမျှသာ သိနေပါ။"

ရသေ့ကြီးသည် ဘုရားရှင်၏ ဒေသနာတော်အကျဉ်းချုပ်ကို လေးလေးနက်နက် သိရှိသွားသည်၊ မည်သည့် က္ခန္ဓာတွင်မဆို စွဲမှတ်ယူခြင်း၊ တုန့်ပြန်ခြင်း၊ သံဝေဂဖြစ်ခြင်းစသည်များ ရပ်တန့်သွားလေသည်။

ရသေ့ကြီးသည် ဘဝပေါင်းများစွာက ဖြည့်ဆည်းခဲ့ဘူးသော ပါရမီတော်တို့ကြောင့် ဘဝသံသရာမှလွတ်မြောက်လေပြီ လွန်စွာပီတိဖြစ်ပြီး ထပ်မက်ခြင်းမှလည်း လွတ်မြောက်၍ နိဗ္ဗာန်အဆင့်သို့တိုင်ရောက်ခဲ့လေသည်။

http://www.dhammadownload.com



http://www.dhammadownload.com

# ၇၁။ မဟာသာလ ဗြာဟ္မဏ

ဗုဒ္ဓမြတ်စွာသက်တော်ထင်ရှားရှိစဉ်အခါက မဟာသာလအမည်ရသော အလွန်ချမ်းသာကြွယ်ဝသူ ဗြာဟ္မဏတစ်ဦးရှိလေသည်။ သူ့တွင် သားလေးယောက်ရှိသည်။ သားများအရွယ်ရောက်သောအခါ ထိမ်းမြားလက်ထပ်ပေးပြီး မိမိပိုင်ဥစ္စာပစ္စည်းတဝက်ကိုလည်း ညီမျှစွာခွဲဝေပေးလိုက်သည်။ သူ၏ဇနီးဖြစ်သူနှင့်အတူနေထိုင်ခဲ့ရာ နှစ်အနည်းငယ်ကြာသောအခါ ဇနီးဖြစ်သူကွယ်လွန်သွားခဲ့လေသည်။ ထိုအချိန်မှစ၍ သားများ၏ထံတွင် တလှည့်စီနေထိုင်လေသည်။ သားများကလည်း ဖခင်ဖြစ်သူ၏လက်ကျန်ဥစ္စာပစ္စည်းများကို သိရှိသောကြောင့်ကြည်ဖြူစွာပင် လက်ခံကြလေသည်။

တစ်နေ့သောအခါ သားလေးယောက်တို့က ဖခင်ကြီးအား "ကျွန်တော်တို့အားလုံးက ယခုကဲ့သို့ ဆက်လက်စောင့်ရှောက်ကြပါမည်။ ဖခင်ကြီး၏ ဥစ္စာပစ္စည်းများသည် ဖခင်ကြီးအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေပြီး လုံခြုံရေးအတွက်လည်း ပူပန်နေရမည်။ ကျွန်တော်တို့လေးဦးအား ခွဲဝေပေးပြီး လွတ်လပ်စွာနေထိုင်ပါ"ဟု တိုက်တွန်းပြောဆိုသောအခါ ဖခင်ဖြစ်သူက သူ၏ပိုင်ဆိုင်မှုကို ညီမျှစွာခွဲဝေပေးလိုက်လေသည်။

နေ့အနည်းငယ်ကြာသည်အထိ ပြုစုစောင့်ရှောက်ခဲ့လေသည်။ နှစ်အနည်းငယ် ကြာလာသောအခါတွင် ဖခင်ကြီးသည် သူတို့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာသည်ဟုဆိုပြီး ဟိန်းဟောက်ငြိုငြင်လာကြလေသည်။ ချွေးမများကလည်း မနေနိုင်အောင် အကြောင်းအမျိုးမျိုး ဖန်တီးကြလေသည်။ ဖခင်ကြီးမှာ နေစရာ အိမ်မရှိတော့ပါ။

ထိုအခါ သူသည် ဗုဒ္ဓမြတ်စွာသီတင်းသုံးနေထိုင်ရာ ဇေတဝန်ကျောင်းတော်သို့ သွားခဲ့လေသည်။ ဗုဒ္ဓမြတ်စွာကသူ့အား မှတ်မိပြီး "သင်သည် အဘယ်ကြောင်းကြောင့် ယခုလို အခြေအနေမျိုး ဖြစ်ခဲ့ပါသနည်း" ဟု ဆိုသော် ဗြာဟ္မဏကြီးကလည်း အဖြစ်အပျက်ကို အမှန်အတိုင်း လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာလည်း မဟာကရုဏာစိတ်ဖြစ်ပေါ်လာကာ ဗြာဟ္မဏအား ဤသို့အကြံပြုလေသည်။ ဗြာဟ္မဏမျိုးနွယ်များစု၍ အစည်းအဝေးတစ်ခု ဆောင်ရွက်ရန်နှင့် ထိုအစည်းအဝေးတွင် ဗြာဟ္မဏကြီး၏သားများကိုလည်း ပါဝင်စေသည်။ အစည်းအဝေးတွင် ဗြာဟ္မဏကြီးက မိမိ၏အခြေအနေမှန်ကိုလည်း တင်ပြစေသည်။ ထိုအခါ သင်၏ပြဿနာပြေလည်သွားလိမ့်မည်ဟု တိုက်တွန်းလေသည်။

ထိုခေတ်အခါက ဗြာဟ္မဏမျိုးနွယ်တွင် တင်းကျပ်သောစည်းမျဉ်းတစ်ခုရှိသည်။ ချမ်းသာသောသားများသည် မိမိ၏မိဘများကို အသင့်အတင့်မပြုစု၊ မစောင့်ရှောက်ပါက မျိုးနွယ်စုတွင် တိုင်ကြားလျှင် သေဒဏ်အထိအပြစ်ပေးခြင်း ခံရသည်။ ထိုစည်းမျဉ်းကို တိုင်းပြည်၏ အုပ်ချုပ်ရေးတာဝန်ခံများကလည်း လက်ခံကြသည်။

မဟာသာလ ဗြာဟ္မဏကြီးက ဗုဒ္ဓမြတ်စွာ၏အကြံအတိုင်းဆောင်ရွက်လေသည်။ ထိုအခါကျမှသားလေးယောက်တို့သည် ဖခင်ကြီး၏ခြေအစုံကိုဖက်၍ သူတို့အား ခွင့်လွှတ်ပါရန်နှင့် ယခုမှစ၍ ကောင်းမွန်စွာ ကြည့်ရှုစောင့်ရှောက်ကြပါမည်ဖြစ်ကြောင်း ဗြာဟ္မဏမျိုးနွယ်တို့၏ အလယ်တွင် ဂတိပေးကြလေသည်။ ဖခင်ကြီးကလည်း ဗြာဟ္မဏမျိုးနွယ်တို့အား သားလေးယောက်တို့ကို သေဒဏ်မပေးကြပါရန် မေတ္တာရပ်ခံလေသည်။ ထို့နောက် သားလေးယောက်တို့က ဖခင်ကြီးအား ခေါ်ဆောင်သွားကြလေသည်။



နောက်ဆက်တွဲ ➢ စာ-၁၃ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၇၂။ နာမကျန်းဖြစ်သူအား ပြုစုစောင့်ရှောက်ခြင်း

တစ်ရံရောအခါ ရဟန်းတစ်ပါးသည် ပြင်းထန်စွာမကျန်းမမာ ဖြစ်နေပါသည်။ သူသည် အားအင်ကုန်ခန်းပြီး မိမိ၏အညစ်အကြေးတွင် လဲလျောင်းနေပါသည်။ ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာသည် အရှင်အာနန္ဒာနှင့်အတူ ကျောင်းတိုက်တွင်း လှည့်လည်ကြည့်ရှုနေပါသည်။ ဗုဒ္ဓမြတ်စွာသည် သံဃာတော်များ သီတင်းသုံးရာ ကျောင်းသို့ရောက်သောအခါ မိမိ၏အညစ်အကြေးတွင် လဲလျောင်းနေသော ထိုရဟန်းကို တွေ့မြင်လေသည်။ ထိုအခါ အနီးသို့ သွားရောက်ပြီး

"အသင်ရဟန်း ဘယ်ကဲ့သို့သော ရောဂါဝေဒနာခံစားနေရပါသနည်း"

"အရှင်မြတ်ဘုရား တပည့်တော်၏ ဝမ်းဗိုက်မကောင်းပါဘုရား"

"အသင်ရဟန်း၊ အသင့်မှာပြုစုမည့်သူမရှိဘူးလား"

"မရှိပါဘုရား"

"အခြားသောရဟန်းများက သင့်အားမပြုစုဘူးလား"

"အရှင်မြတ်ဘုရား၊ တပည့်တော်က မည်သည့်ရဟန်းကိုမျှ ပြုစုခဲ့ခြင်းမရှိသဖြင့် တပည့်တော်အားလည်း မည်သူတစ်ဦးတစ်ယောက်ကမှ မပြုစုပါဘုရား"

ထိုအခါ ဗုဒ္ဓမြတ်စွာက အရှင်အာနန္ဒာအား "အာနန္ဒာ၊ ရေသွားခပ်ပါ ဒီရဟန်းအား ရေချိုးသန့်စင်ပေးကြစို့" ဟု အမိန့်ရှိပါသည်။

အရှင်အာနန္ဒာလည်း ရေသွားခပ်လာပါသည်။

ဗုဒ္ဓမြတ်စွာသည် နာမကျန်းသောရဟန်း၏ ကိုယ်ပေါ်သို့ ရေများလောင်းချပေးပြီး အရှင်အာနန္ဒာက သန့်ရှင်းအောင် ဆေးကြောပေးပါသည်။ ထို့နောက် ဗုဒ္ဓမြတ်စွာနှင့် အရှင်အာနန္ဒာတို့ ၂ ပါးသည် ထိုရဟန်းကို မချီပြီး သူ၏ညောင်စောင်းပေါ် တင်ပေးလိုက်ပါသည်။

ထို့နောက် ဗုဒ္ဓမြတ်စွာက သံဃာတော်များအား စုဝေးရောက်ရှိလာစေပြီး မေးတော်မူသည်မှာ -

"အသင်ရဟန်းတို့၊ ဒီကျောင်းတိုက်အတွင်း နာမကျန်းဖြစ်နေသောရဟန်းရှိပါသလား။"

"ရှိပါတယ်ဘုရား"

"ရဟန်းတို့ အဘယ်ကဲ့သို့သော ရောဂါဝေဒနာပါလဲ"

"အရှင်မြတ်ဘုရား ထိုရဟန်းမှာ ဝမ်းရောဂါဖြစ်နေပါတယ်"

"ထိုရဟန်းကို ပြုစုစောင့်ရှောက်မည့်သူရှိသလား"

"မရှိပါဘုရား"

"ရဟန်းတို့၊ သင်တို့က အဘယ်အတွက်ကြောင့် မပြုစုမစောင့်ရှောက်ပါသလဲ"


"အရှင်မြတ်ဘုရား-ထိုရဟန်းသည် မည်သည့်ရဟန်းကိုမျှ မပြုစု မစောင့်ရှောက်ခဲ့ပေ။ သို့ဖြစ်ပါ၍ သူ့အားလည်း မည်သည့်ရဟန်းမျှ မပြုစုမစောင့်ရှောက်ပါဘုရား။ "ရဟန်းတို့ သင်တို့ကို ပြုစုစောင့်ရှောက်ပေးမည့် မိဘများလည်းမရှိ၊ သင်တို့သည် အချင်းချင်းပြုစုမစောင့်ရှာက်ကြလျှင် မည်သူက သင်တို့ကို ပြုစုစောင့်ရှောက်ကြမည်နည်း။ နာမကျန်းသောရဟန်းသည် သင်တို့၏ဆရာဖြစ်စေ၊ တပည့်ဖြစ်စေ၊ သင်တို့နှင့်အတူတကွ နေထိုင်ကြလျှင် သင်တို့သည် ထိုမကျန်းမာသော ရဟန်း ပြန်လည် ကျန်းမာလာသည်အထိ ပြုစုစောင့်ရှောက်ပေးကြရပေမည်။ အကယ်၍ နာမကျန်းသော ရဟန်းများကို မပြုစု၊ မစောင့်ရှောက်ပါက သင်တို့သည် ကြီးလေးသော အပြစ်ဒဏ်ကို ကျူးလွန်သည်မည်၏။"

"ရဟန်းတို့ အဘယ်သူသည် အဖိုးထိုက်တန်သောသူနာပြု ဖြစ်သနည်း" ဟူမူ -



နောက်ဆက်တွဲ ➢ စာ-၁၄ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၇၃။ လွတ်ငြိမ်းချမ်းသာခွင့် ရရှိသွားသော အကျဉ်းသား

ကောသလတိုင်းကို အစိုးရသော ပသေနဒီ ဘုရင်ကြီးသည် အလွန်ယုံလွယ်တတ်သော ပင်ကိုယ်စရိုက်ရှိသူဖြစ်၏။ နန်းတွင်းသူနန်းတွင်းသား တစ်ဦးတစ်ယောက်က ၎င်းအားကုန်းချောစကားတင်လျှောက်လာသည့်အခါ မှန်သည်မှားသည်ကို စုံစမ်းစစ်ဆေးခြင်းမရှိဘဲ မျက်ကန်းယုံကြည်လိုက်ခါ အချိန်မဆိုင်းပဲဖမ်းဆီးနှိပ်စက်လေ့ရှိလေ၏။ ဤသို့ပြင်းပြင်းထန်ထန် ဆောင်ရွက်ပြီးသည့်အခါမှ မိမိဆောင်ရွက်မှုများကို နောင်တရလေသည်။

ပသေနဒီဘုရင်ကြီးနှင့် ဗန္ဓုလတို့သည် ငယ်စဉ်က ခင်မင်ရင်းနှီးသော ကျောင်းနေဘက်များဖြစ်ကြသည်။ သူ နန်းတက်သောအခါ သူငယ်ချင်း ဗန္ဓုလကို ကောသလနိုင်ငံတော်၏ စစ်သေနာပတိကြီး အဖြစ် ခန့်အပ်ခဲ့၏။ ဗန္ဓုလစစ်သူကြီးသည်လည်း မိမိ၏တာဝန်ဝတ္တရားကို ပြောင်မြောက်စွာ ထမ်းရွက်ခဲ့သူပေတည်း။

သို့သော် တရံရောအခါ၌ နိုင်ငံတော်စစ်သေနာပတိကြီး ဗန္ဓုလနှင့်၎င်း၏သားများသည် ကောသလဘုရင်ကြီးအား ဖယ်ရှား၍ နိုင်ငံတော်ကို သိမ်းပိုက်ရန်လျှို့ဝှက်ကြံစည်နေကြပါသည်ဟု ဘုရင်ကြီးအား တစ်ယောက်သောသူက ကုန်းချောလိုက်၏။ မျက်ကန်းယုံကြည်လိုက်သော ဘုရင်ကြီးသည် ချက်ခြင်းပင်လိမ်လှည့်ဖျားသောနည်းဖြင့် ဗန္ဓုလစစ်သူကြီးနှင့် ၎င်း၏သားများကို ဖမ်းဆီးခါရက်စက်စွာသတ်ပစ်လိုက်ပါသည်။ ယခင်က ဗန္ဓုလနှင့် ခင်မင်မှု၊ ဗန္ဓုလ၏ ကျေးဇူးတရားများကို လစ်လျူရှုခဲ့လေ၏။

ကောသလဘုရင်ကြီးသည် နောင်အခါ၌ ဗန္ဓုလနှင့်ပတ်သက်သော အကြောင်းများကို ပြန်လည်ဆင်ခြင်မိသောအခါ၌ ကိုယ်တိုင်ပြစ်မှုကြီးတစ်ခုကို ကျူးလွန်မိသကဲ့သို့ နောင်တရခါ စိတ်မကောင်းဖြစ်နေရ၏။ ထို့ကြောင့် စစ်သူကြီး ဗန္ဓုလ၏ မိသားစုများ စိတ်ချမ်းသာစေရန် ဆောင်ရွက်ပေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဗန္ဓုလ၏တူတော်မောင် "ဒီဃ-ကာရယန" အား စစ်တပ်၏ အကြီးအကဲ စစ်သူကြီးရာထူးကို ခန့်အပ်ချီးမြှင့်လိုက်သည်။ သို့သော် "ဒီဃကာရယန" ကမူ ဦးရီးတော် ဗန္ဓုလနှင့်သားများကို ရက်စက်စွာသတ်ပစ်ခဲ့သော ပသေနဒီမင်းကြီးအား ခွင့်မလွှတ်နိုင်ခဲ့ပါ။ သို့ဖြင့် အခွင့်အရေးရသည်နှင့် ပသေနဒီကို လှည့်ဖျား၍ နန်းမှချပြီး ပသေနဒီ၏သားတော် "ဝိဋူဋဘ" ကို ကောသလဘုရင်အဖြစ် နန်းတင်ခဲ့၏။ ဘုရင်ကြီးပသေနဒီမှာမူ ရံရွေတော်တစ်ယောက်ကိုသာ အနိုင်နိုင်ခေါ်၍ သူ၏တူတော် "အဇာတသတ်" မင်းရှိရာ၊ ရာဇဂြိုဟ်ပြည်သို့ မြင်းဖြင့်ထွက်ပြေးခဲ့ရ၏။ သို့ရာတွင် ရာဇဂြိုဟ်မရောက်မီ လမ်းခုလတ်၌ပင် ကံတော်ကုန်လေသည်။

ထိုနည်းတူ ညှင်းဆဲအနှိပ်စက်ခံရပြီး ထောင်သွင်းအကျဉ်းချခံထားရသည့်သူ တစ်ယောက်လည်း ရှိပါသေးသည်။ ထိုသူမှာ အပြစ်ကင်းမဲ့သော အမတ်ကြီး "စေယ" ဖြစ်၏။ အမတ်ကြီး "စေယ" သည် ပညာရှိဖြစ်သည့်အားလျော်စွာ မိမိအကျဉ်းသားဖြစ်ရခြင်း၏ အကြောင်းကို ဤသို့ဆင်ခြင်ပါသည်။ မိမိဤသို့အကျဉ်းချခံနေရခြင်းမှာ မိမိ၏ယခင်ဘဝများက ပြုခဲ့မိသော အကုသိုလ်များကြောင့်ဖြစ်ကြောင်း ယခုအကျဉ်းချခံနေရသည့်ကာလကိုမူ အကျိုးရှိအောင် အသုံးချရမည်ဖြစ်ကြောင်းဟူ၍ ဖြစ်၏။ အမတ်ကြီးသည် ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များ ဟောပြောပို့ချပေးသည့် ဓမ္မစကြာဒေသနာတော်ကို ကြားရဖန်များသဖြင့် အလွတ်ရနေသူဖြစ်၏။ ဝိပဿနာတရားတော်ကိုလည်း အလားတူ သိမှတ်ထားသူဖြစ်၏။ ထို့ကြောင့် ထောင်ထဲ၌နေရသော ကာလကို တရားကျင့်ခြင်းဖြင့် စတင်အသုံးချပါတော့သည်။

ဗုဒ္ဓမြတ်စွာဘုရားဟောကြားတော်မူအပ်သော **မဇ္ဈိမလမ်း** တရားတော်တွင် **သီလ သမာဓိ ပညာ နှင့် လုံးဝလွတ်မြောက်ခြင်း** တို့ပါဝင်၏။ ဤတရား



နောက်ဆက်တွဲ ➤ စာ-၁၄ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၇၄။ မြစ်ထဲဆင်း၍ ရေချိုးခြင်းဖြင့် အပြစ်များကို စင်ကြယ်အောင်မဆေးကြောနိုင်ပါ။

သုန္ဒရိကဘာရဒွါဇ ပုဏ္ဏားကြီးသည် ဗုဒ္ဓမြတ်စွာအား “အိုဂေါတမ ကျွန်ုပ်နှင့်အတူ ဗဟုက မြစ်ဆိပ်သို့လိုက်၍ ရေချိုးပါလား၊” ဟု လျှောက်ထားသော အခါ ဗုဒ္ဓမြတ်စွာက “ပုဏ္ဏားကြီး ဗဟုက မြစ်သည် ငါ့အတွက် ဘာအကျိုးများ ဖြစ်နိုင်ပါသနည်း။ ဤမြစ်သည် မည်သို့ထူးခြားသနည်း။”ဟု မေးတော်မူ၏။

ဘာရဒွါဇ ပုဏ္ဏားကြီးက “အို ဂေါတမ ဤမြစ်အတွင်း၌ ဆင်း၍ ရေချိုးပြီး ဆေးကြောလိုက်ကြသော လူအပေါင်းတို့က မိမိတို့၏ အပြစ်များ ကင်းစင်သွားသည် ဟုအယူရှိကြ၏။ ထို့ကြောင့် ဤမြစ်သည် အလွန်ခေတ်စားနေသော မြစ်တစ်စင်း ဖြစ်ပါပေသည်” ဟု လျှောက်တင်လိုက်၏။

ဗုဒ္ဓမြတ်စွာက “ပုဏ္ဏားကြီးအပြစ်များကိုကျူးလွန်ခဲ့သော ပညာမဲ့သူ တစ်ယောက်သည် ဗဟုကမြစ် သို့မဟုတ် ဂါယာမြစ် သို့မဟုတ် သုန္ဒရိကမြစ်နှင့် သာရဝတီ သို့မဟုတ် ဗါဟုမတီ မြစ်စသည်တို့၌ နေ့စဉ်နေတိုင်းရေချိုး၍ မိမိ၏ အပြစ်များကို ဆေးကြောသုတ်သင်နေသော်လည်း ထိုသူသည် အပြစ်များ ကင်းစင် ၍ မသွားပါ။ သုန္ဒရိကမြစ်၊ ဗဟုကမြစ် စသည်တို့သည် ရက်စက်သည့် လူမိုက်ကောင်တို့၏အပြစ်များကို စင်ကြယ်သွားအောင် မတတ်နိုင်ကြပါ။ နေ့စဉ်ကောင်းသော အမှုများကို သာပြုလုပ်နေသောသူများအတွက် နေ့တိုင်းသည် မင်္ဂလာရှိသော နေ့များဖြစ်ပါမည်။ ဤသို့စင်ကြယ်သောစိတ်ထားရှိသူများအတွက် အချိန်တိုင်းသည် ဥပေါသထသီလ ဆောက်တည်နေချိန်များသာ ဖြစ်လေ၏။ ထိုသူတို့၏ အကြံအစည်အဓိဋ္ဌာန်ဟူသမျှသည်လည်း ပြီးမြောက်အောင်မြင်နေမည်သာဖြစ်၏။ “အို. . ပုဏ္ဏားကြီး မုသားပြောဆိုခြင်းကို ရှောင်ကြဉ်ခြင်း၊ သူများ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူများမပေးသောပစ္စည်းကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ သဒ္ဓါရှိ၍ မနာလိုဝန်တိုခြင်းတို့မှ ကင်းဝေးနေခြင်းဟူသော ဆောင်ရွက်မှုတို့ဖြင့် သူတကာတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပါလော့၊ ဤသို့ ဆောင်ရွက်မှုတို့ဖြင့် သင်၏အပြစ်များကိုဆေးကြောပါလော့၊ ဤသို့ဆေးကြောနေလျှင် သင်သည် ဗဟုကမြစ် ဂါယာမြစ်တို့ကို သွားရန်မလိုဘဲ ရေအိုင်ငယ်ကလေးများ၌ပင် သင်၏ အပြစ်များကို စင်ကြယ်စေနိုင်ပါသည်။” ဟု မိန့်ကြားတော်မူပါသည်။

ဗုဒ္ဓမြတ်စွာ၏ ဤဝဿသုတ္တံ ဒေသနာတော်သည် ရာစုနှစ်ပေါင်းများစွာ သူတော်စင်အပေါင်းတို့အား လှုံ့ဆော်အားတက်စေခဲ့ပါသည်။ ထို့ကြောင့်လည်း အိန္ဒိယနိုင်ငံကြီး၌ ဤသို့အဆိုအမိန့်တစ်ရပ်ကျန်ရစ်ခဲ့လေသည်။

အကယ်၍ လူတစ်ယောက်၏စိတ်သည် ဖြူစင်သန့်ရှင်း၍ နေပါက ထိုသူသည် ဂင်္ဂါမြစ်ရေကို သူနှင့်အတူ သယ်ဆောင်ထားသူပေတည်း။

ကျေးဇူးကြီးလှသော ဗုဒ္ဓမြတ်စွာ၏ ဤဒေသနာတော်သည် ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိတော်မူစဉ်အခါက ကျင့်ကြံအားထုတ်သူ ပရိသတ်အပေါင်း တို့တွင် ထင်ရှားကျော်ကြားခဲ့သော ဒေသနာတော်ဖြစ်ပါသည်။

### အစေခံမကလေး ခင်ပုဏ္ဏာ

ခင်ပုဏ္ဏာသည် ကုန်သည်ကြီး အနာထပိဏ္ဍိကအိမ်တွင်နေသော အစေခံမ ကလေးဖြစ်၏။ သူ့တာဝန်မှာနေစဉ် အိမ်အတွက်မြစ်တွင်းမှ ရေကိုခပ်ပေးရခြင်း ဖြစ်သည်။ နွေ၊ မိုး၊ ဆောင်း ရေခပ်ပေးရ၏၊ သို့ဖြင့် အလွန်ချမ်းလှသော ဆောင်းဥတု တစ်နေ့တွင် နံနက်ဝေလီဝေလင်း၌ မြစ်ဆိပ်သို့ဆင်းခဲ့၏။ ခိုက်ခိုက်တုန်ချမ်းနေသော ထိုအချိန်၌ ခင်ပုဏ္ဏာသည် မြစ်တွင်း၌ နှစ်၍ ရေချိုးနေသော ဗြာဟ္မဏ တစ်ယောက်ကို တွေ့သောအခါ အံ့အားသင့်သွားပြီးလှမ်း၍ မေးလိုက်ပါသည်။ ရေချိုးနေသော ဗြာဟ္မဏက “ဒီမြစ်ရေက ငါ့ရဲ့အပြစ်တွေကို သန့်ရှင်းသွားအောင် ဆေးကြော ပေးလို့ ချိုးနေတာပေါ့” ဟုဖြေလိုက်သည်။

နောက်ဆက်တွဲ ➤ စာ-၁၅ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၇၄။ မြစ်ထဲဆင်း၍ ရေချိုးခြင်းဖြင့် အပြစ်များကို စင်ကြယ်အောင်မဆေးကြောနိုင်ပါ။

သုန္ဒရိကဘာရဒ္ဒါဇ ပုဏ္ဏားကြီးသည် ဗုဒ္ဓမြတ်စွာအား "အိုဂေါတမ ကျွန်ုပ်နှင့်အတူ ဗဟုက မြစ်ဆိပ်သို့လိုက်၍ ရေချိုးပါလား၊" ဟု လျှောက်ထားသော အခါ ဗုဒ္ဓမြတ်စွာက "ပုဏ္ဏားကြီး ဗဟုက မြစ်သည် ငါ့အတွက် ဘာအကျိုးများ ဖြစ်နိုင်ပါသနည်း။ ဤမြစ်သည် မည်သို့ထူးခြားသနည်း။"ဟု မေးတော်မူ၏။

ဘရဒ္ဒါဇ ပုဏ္ဏားကြီးက "အို ဂေါတမ ဤမြစ်အတွင်း၌ ဆင်း၍ ရေချိုးပြီး ဆေးကြောလိုက်ကြသော လူအပေါင်းတို့က မိမိတို့၏ အပြစ်များ ကင်းစင်သွားသည် ဟုအယူရှိကြ၏။ ထို့ကြောင့် ဤမြစ်သည် အလွန်ခေတ်စားနေသော မြစ်တစ်စင်း ဖြစ်ပါပေသည်" ဟု လျှောက်တင်လိုက်၏။

ဗုဒ္ဓမြတ်စွာက "ပုဏ္ဏားကြီးအပြစ်များကိုကျူးလွန်ခဲ့သော ပညာမဲ့သူ တစ်ယောက်သည် ဗဟုကမြစ် သို့မဟုတ် ဂါယာမြစ် သို့မဟုတ် သုန္ဒရိကမြစ်နှင့် သာရဝတီ သို့မဟုတ် ဗါဟုမဏီ မြစ်စသည်တို့၌ နေ့စဉ်နေတိုင်းရေချိုး၍ မိမိ၏ အပြစ်များကို ဆေးကြောသုတ်သင်နေသော်လည်း ထိုသူသည် အပြစ်များ ကင်းစင်၍ မသွားပါ။ သုန္ဒရိကမြစ်၊ ဗဟုကမြစ် စသည်တို့သည် ရက်စက်သည့် လူမိုက်ဆိုးကောင်တို့၏အပြစ်များကို စင်ကြယ်သွားအောင် မတတ်နိုင်ကြပါ။ နေ့စဉ်ကောင်းသော အမှုများကို သာပြုလုပ်နေသောသူများအတွက် နေ့တိုင်းသည် မင်္ဂလာရှိသော နေ့များဖြစ်ပါမည်။ ဤသို့စင်ကြယ်သောစိတ်ထားရှိသူများအတွက် အချိန်တိုင်းသည် ဥပေါသထသီလ ဆောက်တည်နေချိန်များသာ ဖြစ်လေ၏။ ထိုသူတို့၏ အကြံအစည်အဓိဋ္ဌာန်ဟူသမျှသည်လည်း ပြီးမြောက်အောင်မြင်နေမည်သာဖြစ်၏။ "အို. . ပုဏ္ဏားကြီး မုသားပြောဆိုခြင်းကို ရှောင်ကြဉ်ခြင်း၊ သူများ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူများမပေးသောပစ္စည်းကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ သစ္စာရှိ၍ မနာလိုဝန်တိုခြင်းတို့မှ ကင်းဝေနေခြင်းဟူသော ဆောင်ရွက်မှုတို့ဖြင့် သူတကာတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပါလော့၊ ဤသို့ ဆောင်ရွက်မှုတို့ဖြင့် သင်၏အပြစ်များကိုဆေးကြောပါလော့၊ ဤသို့ဆေးကြောနေလျှင် သင်သည် ဗဟုကမြစ် ဂါယာမြစ်တို့ကို သွားရန်မလိုဘဲ ရေအိုင်ငယ်ကလေးများ၌ပင် သင်၏ အပြစ်များကို စင်ကြယ်စေနိုင်ပါသည်။" ဟု မိန့်ကြားတော်မူပါသည်။

ဗုဒ္ဓမြတ်စွာ၏ ဤဝဿသုတ္တံ ဒေသနာတော်သည် ရာစုနှစ်ပေါင်းများစွာ သူတော်စင်အပေါင်းတို့အား လှုံ့ဆော်အားတက်စေခဲ့ပါသည်။ ထို့ကြောင့်လည်း အိန္ဒိယနိုင်ငံကြီး၌ ဤသို့အဆိုအမိန့်တစ်ရပ်ကျန်ရစ်ခဲ့လေသည်။

အကယ်၍ လူတစ်ယောက်၏စိတ်သည်၊ ဖြူစင်သန့်ရှင်း၍ နေပါက ထိုသူသည် ဂင်္ဂါမြစ်ရေကို သူနှင့်အတူ သယ်ဆောင်ထားသူပေတည်း။

ကျေးဇူးကြီးလှသော ဗုဒ္ဓမြတ်စွာ၏ ဤဒေသနာတော်သည် ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိတော်မူစဉ်အခါက ကျင့်ကြံအားထုတ်သူ ပရိသတ်အပေါင်း တို့တွင် ထင်ရှားကျော်ကြားခဲ့သော ဒေသနာတော်ဖြစ်ပါသည်။

### အစေခံမကလေး ခင်ပုဏ္ဏာ

ခင်ပုဏ္ဏာသည် ကုန်သည်ကြီး အနာထပိဏ္ဍိကအိမ်တွင်နေသော အစေခံမကလေးဖြစ်၏။ သူ့တာဝန်မှာနေစဉ် အိမ်အတွက်မြစ်တွင်းမှ ရေကိုခပ်ပေးရခြင်း ဖြစ်သည်။ နွေ၊ မိုး၊ ဆောင်း ရေခပ်ပေးရ၏၊ သို့ဖြင့် အလွန်ချမ်းလှသော ဆောင်းဥတု တစ်နေ့တွင် နံနက်ဝေလီဝေလင်း၌ မြစ်ဆိပ်သို့ဆင်းခဲ့၏။ ခိုက်ခိုက်တုန်ချမ်းနေသော ထိုအချိန်၌ ခင်ပုဏ္ဏာသည် မြစ်တွင်း၌ နှစ်၍ ရေချိုးနေသော ဗြာဟ္မဏ တစ်ယောက်ကို တွေ့သောအခါ အံ့အားသင့်သွားပြီးလှမ်း၍ မေးလိုက်ပါသည်။ ရေချိုးနေသော ဗြာဟ္မဏက "ဒီမြစ်ရေက ငါ့ရဲ့အပြစ်တွေကို သန့်ရှင်းသွားအောင် ဆေးကြောပေးလို့ ချိုးနေတာပေါ့" ဟုဖြေလိုက်သည်။



နောက်ဆက်တွဲ ➤ စာ-၁၅ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၄၅။ ခေမ္မဒိန္နာ

ခေမ္မဒိန္နာအမျိုးသမီးသည် ရာဇဂြိုလ်ပြည်ရှိ ကုန်သည်မျိုးရိုး ဖြစ်သည်။ သူသည် အလွန်ချမ်းသာ ကြွယ်ဝသော သူဌေးကြီးဝိသာခနှင့် အကြောင်းပါခဲ့၏။ တစ်နေ့၌ သူဌေးကြီးဝိသာခသည် ဗုဒ္ဓမြတ်စွာထံသို့ သွားရောက်ဖူးမျှော်ပြီး ပြန်လာပါသည်။ အိမ်သို့ရောက်သည့် အချိန်မှစ၍ ဝိသာခသည် ဇနီးခေမ္မဒိန္နာအပေါ်၌ ချစ်ခင်ကြင်နာ၊ စွဲမက်မှုများကို မပြတော့ကြောင်းကို တွေ့ရသဖြင့် ခေမ္မဒိန္နာမှာ စိတ်မကောင်းဖြစ်ရရှာ၏။ ထိုအခါ ဝိသာခသည် ဇနီးသည်အား ဤသို့ ရှင်းလင်းပြောကြားလိုက်၏။ မိမိသည် ဗုဒ္ဓမြတ်စွာ၏တရားတော်ကို ကျင့်ကြံအားထုတ်ခွင့်ရ၍ ကြိုးစား အားထုတ်ခဲ့ရာ၊ ယခုအခါ၌ တရားအရာတွင် အနာဂါမ်အဆင့်သို့ ရောက်သွားပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိသည် ဗုဒ္ဓမြတ်စွာ၏တပည့်၊ ဘိက္ခုသံဃာအဖြစ် သက်န်းဆီးလိုကြောင်း ပြောပါသည်။ ထိုစကားကို ကြားလိုက်သည်နှင့် ခေမ္မဒိန္နာသည် ဘိက္ခုနီလုပ်၍ သာသနာ့ဘောင်ကို ဝင်တော့မည်ဟု ချက်ခြင်းဆုံးဖြတ် လိုက်ခါ ဘိက္ခုနီအဖြစ်ဖြင့် တစ်ဦးတည်း တိတ်ဆိတ် ငြိမ်သက်ရာ နေရာများသို့ သွား၍ တရားတော်ကို ကြိုးစား အားထုတ်လေသည်။

ခေမ္မဒိန္နာသည် တရားတော်ကို ရှင်းလင်းပြသရာ၌ အထူးချွန်ဆုံး ဂုဏ်အရည်အချင်းရှိသူဟူ၍ ဗုဒ္ဓမြတ်စွာက **"ဧတဒဂ်"** ချီးမြှင့်တော်မူပါသည်။

ခေမ္မဒိန္နာ၏ အတိတ်အကြောင်းများဆက်ရလျှင်၊ ကျက်သရေအပေါင်းနှင့် ပြည့်စုံသည် ဤဘဒ္ဒကမ္ဘာတွင် "ကဿပ" မြတ်စွာဘုရား လက်ထက်တော်အခါက ခေမ္မဒိန္နာသည် ဗာရာဏသီပြည့်ရှင်၊ ဘုရင်ကြီး "ကိကီ" ၏ သမီးတော်တစ်ပါး ဖြစ်ခဲ့၏။ ခေမ္မဒိန္နာတို့တွင် ညီအစ်မခုနစ်ဖော်ရှိကြရာ အားလုံးသည် ပါရမီ ရင့်ကျက်သူများ ဖြစ်ကြ၏။ ညီအစ်မအားလုံးသည် တရားတော်ကို အသီးသီး လေးနက်စွာ ကြိုးစားအားထုတ်ကြပါသည်။ သူတို့ ခုနှစ်ဖော်သည် ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါ၌ မိမိတို့အတိတ်မှ ကံများအလိုက် ကွဲပြားသော အိမ်ထောင်စုများတွင် လူ့အဖြစ်ကို ရကြလေသည်။ ထိုညီအစ်မ ခုနှစ်ယောက် တို့မှာ၊ ခေမ္မဒိန္နာ၊ ခေမာ၊ ဥပလဝဏ္ဏာ၊ ကုဏ္ဍလ ကေသီ၊ ဝိသာခ (ကျောင်းအစ်မကြီး)၊ ကိသာဂေါတမီနှင့် ပဋာစာရီတို့တည်း။ အတိတ်က မိမိတို့ပြုခဲ့သော ကံတရားများအလိုက် တစ်ဦးစီတဦးစီ ဘဝ၏ အတွေ့အကြုံအဖုံဖုံတို့ကို ဖြတ်သန်းခဲ့ကြပြီးနောက် ဂေါတမဗုဒ္ဓမြတ်စွာဘုရားနှင့် ဆုံစည်းခဲ့ကြခါ ထိုခုနှစ်ဦးလုံးတို့သည် ထင်ရှား ကျော်ကြားသော တပည့်ရဟန္တာ များဖြစ်လာကြပါသည်။

ဂေါတမဗုဒ္ဓမြတ်စွာဘုရားလက်ထက်၌ ဝိသာခသူဌေးကြီး၏ ဇနီးဖြစ်သော ခေမ္မဒိန္နာသည် ကာလမကြာမီအတွင်း၌ ရဟန္တာ အဖြစ်သို့ ရောက်ခဲ့၏။ သူသည် တရားတော်၏ အလွန်သိမ်မွေ့နက်နဲပုံကို ကျွမ်းကျင်သူစွာသိသူဖြစ်၏။ သို့သော် ခင်ပွန်းတော်ခဲ့သော ဝိသာခ ရဟန်းမှာမူ အနာဂါမ်အဆင့်၌ပင် ရှိနေသေး၏။ တစ်ချိန်၌ ဝိသာခသည် ခေမ္မဒိန္နာထံသို့ သွား၍ နက်နဲသော တရားပုစ္ဆာများကို မေးမြန်းသဖြင့် ခေမ္မဒိန္နာက ဖြေကြားခဲ့၏။ ဤတရားအမေးအဖြေများသည် ဝိပဿနာယောဂီများအတွက် နည်းယူဘွယ်နှင့် စိတ်အားတက်ဘွယ်များ အဖြစ် တည်ရှိခဲ့ပါသည်။

ထိုအမေးအဖြေများ၌ နောက်ဆုံးမေးခွန်းအနေဖြင့် ဝိသာခသည် ခေမ္မဒိန္နာအား "မွန်မြတ်သော အမျိုးသမီး ခေမ္မဒိန္နာ၊ နိဗ္ဗါန်၏ မိတ်ဖက်သည် အသို့နည်း။ သို့မဟုတ် နိဗ္ဗာန်၏ အပေါင်းအဖေါ်သည် အဘယ်သို့နည်း" ဟု မေးပါသည်။

ခေမ္မဒိန္နာက "မိတ်ဆွေ ဝိသာခ၊ သင်သည် မေးခွန်း မေးရာ၌ အဆင်ကျော်၍ မေးလိုက်ခြင်းဖြစ်၏။ သင်သည် မေးခွန်းများ ထုတ်ရာ၌ မည်သည့်ကန့်သတ်ချက်များရှိသည်ကို သိပုံမရ။ မြင့်မြတ်သောနေခြင်း (ဗြဟ္မ့ စရိယ) သည် နိဗ္ဗါန်



နောက်ဆက်တွဲ ➤ စာ-၁၅ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၇၆။ မိဂါရမာတာ ဝိသာခါ

ဝိသာခါသည် သာကေတမြို့မှ ဓနဥ္စယ၏သမီးဖြစ်၏။ သူ၏ အသက် တစ်ဆယ့်ခြောက်နှစ်အရွယ်တွင် သူ၏ မိဘများက သာဝတ္ထိပြည်မှ ဘဏ်တိုက် သူဌေးကြီး မိဂါရ၏သား ပုဏ္ဏဝဍ္ဎနနှင့် ထိမ်းမြားပေးလိုက်သဖြင့် ခင်ပွန်းသည်နှင့် အတူ သာဝတ္ထိပြည်သို့ လိုက်ပါသွားရသည်။

ဝိသာခါသည် ငယ်စဉ်အခါက သူ၏အဘိုးဖြစ်သူ မေဏ္ဍက ၏ အိမ်တွင် နေခဲ့ရ၏။ ခုနစ်နှစ်အရွယ်ဝိသာခါသည် အဘိုးနှင့် အတူ နေ့စဉ်ဗုဒ္ဓမြတ်စွာဘုရားကို ဖူးတွေ့ရပါသည်။ ထို့ပြင် သူ၏ အတိတ်ဘဝများက အားကောင်းသော ပါရမီ ကုသိုလ်တို့ကြောင့် ဗုဒ္ဓမြတ်စွာနှင့် တွေ့ပြီးခဏ၌ သောတာပန်အဖြစ်ကို ရင်ဝယ် ပိုက်နိုင်ခဲ့လေသည်။

ဗုဒ္ဓမြတ်စွာသည် မိုးတွင်းအခါကာလများ၌ သာဝတ္ထိပြည်၊ အနာထ ပိဏ္ဍိက သူဌေးဆောက်လုပ် လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်း သုံးတော်မူပါသည်။ ထို့ကြောင့် သာကေတမှ အိမ်ထောင်ကျပြီး သာဝတ္ထိသို့ ရောက်လာသော ဝိသာခါသည် ဗုဒ္ဓမြတ်စွာကို ပြန်လည် ဖူးမြင်ခွင့်နှင့် မိမိ၏ ဓမ္မကိုလည်း ပို၍ တိုးတက်အောင် ကြိုးစားခွင့်ရရှိခဲ့တော့၏။ သာဝတ္ထိသို့ ရောက်လာသောအခါ သာဝတ္ထိမြို့၏ အရှေ့ဘက်တွင် သံဃာတော်များအတွက် ကျောင်းတော်ကြီးတစ်ခုကို ဆောက်လုပ်၍ လှူဒါန်းလိုက်၏။ အလှူအတန်းတွင် လွန်စွာရက်ရောပြတ်သားလှသော ဝိသာခါအား ဗုဒ္ဓမြတ်စွာက လှူဒါန်းမှုတွင် အထူးချွန်ဆုံးသော ဂုဏ်အရည်အချင်းရှိသူဟူ၍ "ဧတဒဂ်"ဘွဲ့ကို ချီးမြှင့်တော် မူပါသည်။ ဝိသာခါသည် ခင်ပွန်းသည်၏ အိမ်သို့ရောက်ခါစအချိန်မှစ၍ အခက် အခဲ များစွာတို့ဖြင့် တွေ့ကြုံရပါသည်။ ပုဏ္ဏဝဍ္ဎန၏ မိခင်ကြီး ကွယ်လွန်ပြီဖြစ်၍ မရှိတော့သော်လည်း ယောက္ခမ၊ အထီးဖြစ်သည့် မိဂါရသည် အလွန်ကပ်စေးနဲ သူဖြစ်သည့်အပြင် သူများအပေါ်တွင် မယုံသင်္ကာစိတ် အမြဲထားတတ်သူဖြစ်သည်။ ကိစ္စအသေးအဖွဲ့ကလေးများ၌ပင် ဒေါသထွက် လေ့ရှိပြီး ချွေးမဖြစ်သူ ဝိသာခါအား လည်း မမှန်မကန် စွပ်စွဲသည့်အလေ့ရှိ၏။ တဖြည်းဖြည်းနှင့် ချွေးမအပေါ် မကောင်းမြင်မှု အခြေအနေများသည် ကြီးထွား လာခါ နောက်ဆုံး၌ ချွေးမအား မိမိအိမ်မှ နှင်ချသည့် အဆင့်သို့ပင် ရောက်ရှိသွား သည်။ ဤသို့ နှင်ချခြင်းကို ဝိသာခါ လုံးဝလက်မခံဘဲ ဆန့်ကျင်လိုက်ပြီး မိမိ၏ ရပ်တည်မှုကို ကျိုးကြောင်း ခိုင်လုံစွာဖြင့် ဤသို့ ထောက်ပြလိုက်သည်။ မိမိသည် အိမ်တွင် ရေခပ်ပေးရန် သို့မဟုတ် အခြားအခိုင်းအစေများကဲ့သို့ခိုင်းစေရန်အတွက် လှေဆိပ်ရှိ ကျွန်ဝယ်ဈေးမှ ဝယ်လာခဲ့သော ကျွန်တစ်ယောက် မဟုတ်ကြောင်း၊ မိမိ ဤအိမ်သို့ ရောက်ရှိလာခြင်းမှာ အစဉ်အလာနှင့်အညီ မင်္ဂလာဆောင်ပြီးမှ ချွေးမအဖြစ်နှင့် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ယောက္ခမသည် ချွေးမအပေါ်၌ မကြေမလည် ဖြစ်ပါက၊ မိမိနှင့်အတူ မိမိ၏ဖခင်က မိမိ၏လုံခြုံမှုအတွက်ထည့်ပေး လိုက်သော သာကေတမှ ပါလာသည့် သူဌေးရှစ်ဦးနှင့် ပထမဆွေးနွေးသင့်ကြောင်း၊ သတိပေး လိုက်သည်။ ထို့ကြောင့် ယောက္ခမ၊ မိဂါရသည် ထိုရှစ်ဦး ကို ဖိတ်ခေါ်ခါ ၎င်းတို့၏ ရှေ့၌ ဝိသာခါအား အောက်ပါစွပ်စွဲချက်များဖြင့် စွပ်စွဲလိုက်ပါသည်။ စွပ်စွဲချက် တစ်ခုချင်းကို ဝိသာခါက ဖြေကြားသွားပုံမှာ-

**စွပ်စွဲချက် (၁)** ဝိသာခါသည် အိမ်သို့လာရောက်ကြသော မိမိတို့ ကိုးကွယ်သည့် အဝတ်မဝတ်သူ တက္ကတွန်းတို့ကို အရိုအသေမပြုသောကြောင့် အပြစ်ရှိသည်။

**ဖြေကြားချက်** - ကျွန်မ ကြီးပြင်းလာသော မိသားစုအသိုင်းအဝိုင်း၌ အဝတ်မဝတ် သော ကိုယ်လုံးတီးဖြစ်နေသည့် ယောကျ်ားတို့ မည်သည့်အခါမျှ မရှိပါ။ ဤ တက္ကတွန်းများကို မည်သို့ အရိုအသေပေးနိုင်မည်နည်း။



နောက်ဆက်တွဲ ➤ စာ-၁၆ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၇၇။ ပြောင်းလဲသွားသော 'သုဇာတာ'

ကောသလတိုင်းပြည်ကြီး၏ တိုင်းကြီးတစ်တိုင်းဖြစ်သော "အန္ဒ" မည်သော တိုင်းတွင် သာကေတမြို့တည်ရှိ၏။ ထို သာကေတမြို့၌ ချမ်းသာကြွယ်ဝသော ကုန်သည်ကြီးဖြစ်သော "ဓနဥ္စယ"သည် အခြေချနေထိုင်လျက် ရှိပါသည်။ "ဓနဥ္စယ" တွင် "ဝိသာခါ" နှင့် "သုဇာတာ" ဟူသော သမီးနှစ်ယောက်ရှိ၏။

သုဇာတာသည် စွာ၏။ ကက်ကက်လန်အောင်ရန်ဖြစ်တတ်သူဖြစ်၏။ သူသည် အနာထပိဏ် သူဌေး၏ သားနှင့် အကြောင်းပါပြီး ဘဏ်တိုက်သူဌေးကြီး ဓနဥ္စယ၏ သမီးဟူသော ဂုဏ်များကြောင့် အလွန်ဘဝင်မြင့်နေသူလည်းဖြစ်၏။

တစ်နေ့သ၌ အနာထပိဏ်သူဌေး၏ အိမ်တွင် လှုပ်လှုပ်ရွရွဖြစ်ခါ ဆူသံပူသံများနှင့်လည်း ညံလျက်ရှိလေ၏။ ဆူဆူညံညံအသံများကို မလိုလားဘဲ တိတ်ဆိတ်ငြိမ်သက်ခြင်းကိုသာ လိုလားတော်မူသော ဗုဒ္ဓမြတ်စွာသည် အနာထပိဏ်သူဌေး၏ အိမ်သို့ ရောက်ရှိလာတော်မူသဖြင့် သူဌေးအား "အိုအိမ်ထောင်ဦးစီး အနာထပိဏ်သူဌေး၊ သင်၏ အိမ်၌ မည်သည့်အကြောင်းကြောင့် ကျယ်လောင်စွာ ဆူညံနေပါသနည်း" ဟု မေးမြန်းတော်မူပါသည်။

အနာထပိဏ်သူဌေးသည် ဗုဒ္ဓမြတ်စွာအား ရှိခိုးလျှက် "ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ တပည့်တော်၏ချွေးမသည် ယခုဤအိမ်သို့ ရောက်ရှိနေပါသည် ဘုရား၊ သူက ချမ်းသာကြွယ်ဝသူဖြစ်ပြီး အလွန်ဘဝင်မြင့်ရုံမက ရိုင်းစိုင်းသူဖြစ်သဖြင့် လူတိုင်းနှင့် ရန်ဖြစ်ခါ ယခုကဲ့သို့ အော်ကြီး ဟစ်ကျယ်နှင့် ဆူပူနေခြင်းဖြစ်ပါသည် အရှင်ဘုရား။" ဟု လျှောက်ထားလေ၏။

ဗုဒ္ဓမြတ်စွာသည် သုဇာတာအပေါ်တွင် ကြီးစွာသော ကရုဏာဖြစ်တော်မူခြင်းကြောင့် ၎င်းအား ရှေ့တော်မှောက်သို့ ခေါ်ယူပြီး သုဇာတာ၏ စွာစွာလောင်လောင် ရန်တွေ့တတ်သော ပင်ကိုယ်စရိုက်ကို ပြောင်းလဲသွားရန်အတွက် စံပြအိမ်ထောင်ရှင်မတစ်ဦး၏ အရည်အသွေးကို ဖော်ပြခါ တရားဟောတော်မူပါသည်။ "ချစ်သမီး သုဇာတာ၊ ဇနီးမယားဟူသည် အမျိုးအစားအားဖြင့် အမျိုးမျိုး ကွဲပြားပြီး ရှိပေသည်". ထိုအခါ သုဇာတာက "ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ တပည့် တော်မ သိရှိနားလည်သွားအောင် ရှင်းလင်း ဟောကြားပေးတော်မူပါ အရှင် ဘုရား" ဟု လျှောက်ထားလေရာ၊ ဗုဒ္ဓမြတ်စွာက "စံပြအိမ်ထောင်ရှင်မဟူသည် စကားပြောလျှင်လည်း ကြမ်းတမ်း ပြိန်ဖျင်းသော စကားများကို · မပြောရ။ ကျယ်လောင်စွာလည်း မပြောရ။ ခင်ပွန်းသည်၏ ကောင်းကျိုးကို အစဉ်အမြဲ ပြုလိုစိတ်ရှိသူဖြစ်ရမည်။ မိခင်တစ်ဦးသည် သူ၏ သားသမီးကို ဂရုတစိုက်ပြုစုသကဲ့သို့ ခင်ပွန်းကိုဂရုတစိုက် ပြုစု၍ ခင်ပွန်း၏ ပစ္စည်းဥစ္စာများကိုလည်း ကာကွယ် စောင့်ရှောက်ရမည်။ မိမိကိုယ်ကို နှိမ့်ချတတ်၍ ခင်ပွန်းကို ရိုသေရမည်။ ခင်ပွန်းသည်၏ အလိုကျအတိုင်း နေထိုင်ရမည်။

စိတ်ထားကောင်းမြတ်ပြီး ခင်ပွန်းအပေါ်၌ သစ္စာရှိရမည်။ ခင်ပွန်းကို မြင်လိုက်လျှင် နှစ်ရှည်လများ ကွဲကွာနေရသော သူငယ်ချင်းကို တွေ့လိုက်ရသကဲ့သို့ လန်းဆန်း ပျော်ရွှင်သွားတတ်သူဖြစ်ရမည်။ ခင်ပွန်းနှင့် စိတ်တူသဘောတူဖြစ်ပြီး ခင်ပွန်းသည်ပြုလုပ်သမျှ အလုပ်ကို ကြည်ဖြူ၍ အမြဲကူညီ တတ်သူဖြစ်ရမည်။ အကျင့် စာရိတ္တကောင်းပြီး ခင်ပွန်းသည်များအား ရိုသေလေးစားမှုရှိရ မည်။ သို့မှသာ အကျိုးစီးပွားတိုးတက်၍ အိမ်ထြေရှိကြသော မင်္ဂလာဇနီး မောင်နှံအဖြစ် အသက်ရှည်စွာ နေထိုင်ကြပြီးနောက် ၎င်းတို့ အနိစ္စရောက် သောအခါ၌ နတ်ပြည်နတ်ရွာ၌ နတ်ချမ်းသာကို ခံစားကြရ၏။"ထိုအခါမှစ၍ သုဇာတာသည် မိမိ၏ ဘဝနှင့်တကွ သူတကာအားလုံး၏ ဘဝကိုပါ ပျော်ရွှင် ချမ်းမြေ့စေ၍ နေထိုင်သွားပါတော့သတည်း။

http://www.dhammadownload.com



http://www.dhammadownload.com

## ၇၈။ သီသုပါကာလာ ဘိက္ခုနီ

ရှေးဘဝပေါင်းများစွာက ပြုခဲ့သော ကုသိုလ်အပေါင်းတို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ထိပ်တန်းမှ တပည့်ကြီးဖြစ်သော အရှင်သာရိပုတ္တရာမထေရ်သည် ဓမ္မဒေသနာတော်ကို ဖြန့်ချိရာ၌ ဓမ္မသေနာပတိ (အကြီးအကဲ) ဖြစ်တော်မူ၏။ မထေရ်၏မယ်တော်ကြီးမှာ "ရူပသာရီ" ခေါ် ချမ်းသာကြွယ်ဝသော ပုဏ္ဏေးမကြီး ဖြစ်လေသည်။ မယ်တော်ပုဏ္ဏေးမကြီးသည် သူ၏ ရှေးရိုးစဉ်လာ ယုံကြည်မှု၊ ရှေးရိုးစဉ်လာ ကိုးကွယ်မှုများတွင် ပျော်မွေ့နေသူဖြစ်၏။ ပျော်မွေ့နေရုံမျှမက ပုဏ္ဏေးမကြီးသည် ထိုအယူဝါဒများကိုလည်း ခင်မင်တွယ်တာသူ ဖြစ်ပါသည်။ သူ၏သားကြီး အရှင်သာရိပုတ္တရာသည် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်တွင် ရဟန်းဝတ်သွားသည်ကိုလည်း သဘောမတူခဲ့ပါ။ မိမိတို့သည် ချမ်းသာ ကြွယ်ဝသော သူများဖြစ်ကြပါလျက် သားဖြစ်သူသည် အိမ်တကာ လှည့်လည်ပြီး ထမင်းကျန် ဟင်းကျန်များကို တောင်းခံရပါမည်လားဟု တစ်ချိန်က အရှင်သာရိပုတ္တရာအား ပြစ်တင်ကြိမ်းမောင်းခဲ့ဘူးပါသည်။ သို့သော် နောက်ပိုင်း၌ သူ၏သားတော်သည် တရားဟောပြောရာ၌ ဓမ္မသေနာပတိ သို့မဟုတ် ဓမ္မ၏စစ်သူကြီး တစ်ယောက်ဖြစ်ကြောင်း ကြားသိရသည့်အပြင် မိမိ ယုံကြည်ကိုးကွယ်သော သမဏဝါဒကိုလည်း များစွာအကျိုးပြုလျက်ရှိသည်ဟု သိရှိရသောကြောင့် သားတော်အကြောင်း မကောင်းမပြောတော့ဘဲ ဆိတ်ဆိတ်နေခဲ့လေတော့သည်။ အရှင်သာရိပုတ္တရာမထေရ်ကြီး၏ ဆုံးမဟောကြားမှုတရားများကို သဘောကျလက်ခံကြသော ပုဏ္ဏေးမကြီး၏ အခြားသားတော်သုံးယောက်ဖြစ်ကြသော ရေဝတ၊ ဥပသေနနှင့် စုန္ဒတို့ ညီအစ်ကိုများသည်လည်း အစ်ကိုကြီးကဲ့သို့ ရဟန်းအဖြစ် ခံယူကြခါ ကာလမကြာမီအတွင်း ထိုသုံးပါးလုံးသည် ရဟန္တာများဖြစ်၍ သွားကြပါသည်။ အစ်ကိုများက သာသနာ့ဘောင်သို့ ဝင်ရောက်ကြပြီး အသီး အသီး ရဟန္တာများဖြစ်သွားကြသောအခါ အလွန်အားရဝမ်းသာ၍ စိတ်တက်ကြွလာကြသော ညီမငယ် သုံးယောက်သည်လည်း ဖန်ရည်ဆိုးသော သင်္ကန်းများ ဝတ်၍ ဘိက္ခုနီမများအဖြစ် ခံယူလိုက်ကြလေ၏။ သမီးသုံးယောက်ပါ ဘိက္ခုနီ ဖြစ်သွားသဖြင့် ပုဏ္ဏေးမကြီး ရူပသာရီမှာ လွန်စွာ ကြေကွဲဝမ်းနည်းနေရရှာပါသည်။ အထူးသဖြင့် သမီးကလေးများမှာ အရွယ်ကောင်းကလေးများ ဖြစ်ကြလေရာ သူတို့တတွေသည် သွေးသား သောင်းကျန်းလာသည့်အခါမျိုး၌ "အိမ်ထောင်ပြုခြင်းမှ ရှောင်ကျဉ်ပါ၏" ဟူသော ဘိက္ခုနီသိက္ခာကို စောင့်ထိန်းနိုင်ပါမည်လားဟု မိခင်တစ်ယောက်၏စိုးရိမ်စိတ်ဖြင့် ပူပန်မိရှာ၏။ သို့သော် ထိုညီအစ်မသုံးဖော်သည် ရှေးဘဝက ပါရမီထူးများ ရှိကြသူများဖြစ်ကြသည့်အားလျော်စွာ သုံးယောက်လုံးသည် အရဟတ်ဖိုလ်ပေါက် ရဟန္တာများအဖြစ်သို့ ရောက်ကြလေ၏။

မာန်နတ်သည် ထိုညီအစ်မသုံးဖော်တရားအားထုတ်နေကြစဉ် တရားပေါက်မြောက်မှု မရှိစေရန် အမျိုးမျိုး နှောက်ယှက်၍ ဟန့်တားခဲ့၏။ အစ်မကြီးနှင့် အစ်မလတ်တို့ ဖြစ်ကြသော ရှင်ကာလာ နှင့် ရှင်ဥပကာလာတို့ကို နှောက်ယှက်၍ မအောင်မြင်သောအခါ မာန်နတ်သည် ညီမအငယ်ဆုံး ဘိက္ခုနီမ ရှင်သီသုပါကာလာထံသို့ သွားလေ၏။ ဘိက္ခုနီ သီသုပါကာလာသည် တောအုပ်တစ်ခု၏ သစ်ပင်အောက်၌ အပန်းဖြေလျက်ရှိစဉ် မာန်နတ်သည် သူ့အပါးသို့ ချဉ်းကပ်၍ ဖျားယောင်း သွေးဆောင်ရန် ကြိုးစားလေသည်။

မာန်နတ်သည် ဘိက္ခုနီသီသုပါကာလာအား "သီသုပါကာလာ နှမတော်၊ နှမတော်သည် ဤလောက၌ အလှဆုံးအမျိုးသမီးတစ်ဦးဖြစ်၏။ ကျွန်ုပ်သည်လည်း လောက၌ ယောကျ်ားအားလုံးတွင် အကြီးမြတ်ဆုံး ယောကျ်ားဖြစ်၏။

နောက်ဆက်တွဲ ➤ စာ-၁၈ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၃၉။ ဓမ္မ တမံ ရဟန္တာ အရှင်ပုဏ္ဏမထေရ်

သုနပရန္တတိုင်းမှ ကုန်သည်တစ်ဦးဖြစ်သော ပုဏ္ဏသည် သူ၏ညီငယ်နှင့်အတူ သာဝတ္ထိပြည်သို့ ကုန်စည်ကူးသန်းရောင်းဝယ်ရန် ရောက်ရှိခဲ့၏။ သာဝတ္ထိပြည်တွင် ဗုဒ္ဓမြတ်စွာဘုရားကို ဖူးတွေ့ရပြီး တရားတော်ကို နာယူရသောအခါ လွန်စွာကြည်ညိုသဒ္ဓါဖြစ်၍ တရားတော်၌ လေးနက်စွာ သက်ဝင်ယုံကြည်ခဲ့လေသည်။ မိမိ၏ဇာတိဖြစ်သော သုနပရန္တတိုင်းမှ လူအပေါင်းတို့သည် ဘုရားဝတ်ပြုခြင်းဆိုင်ရာ အခမ်းအနားနှင့် စည်းကမ်းနည်းလမ်းများ၊ အသုံးမဝင်သည့် ဒဿနအတွေးအခေါ်များ၊ မျက်ကန်းယုံကြည်မှုများတို့၌ အလွန်အမင်းနစ်မြုပ်လျက်ရှိကြကုန်၏။ အကယ်၍ မိမိတိုင်းပြည်ရှိ လူများသည် စစ်မှန်သော ဓမ္မတရားတော်ကို သိရှိကြပြီး တရားတော်ကို မည်သို့အား ထုတ်ခါ တရားတော်နှင့်အညီ မည်သို့နေထိုင်သွားကြရမည်ကို သဘောပေါက်နားလည်သွားကြပါက ၎င်းတို့အတွက် ကြီးစွာသော အကျိုးဖြစ်ထွန်းသွားဘွယ်ရာရှိပါကလားဟု ပုဏ္ဏ၏စိတ်တွင် ဖြစ်မိ၏။ ထို့ကြောင့် တရားစစ်တရားမှန်ကို သူတို့အား ငါသွား၍သင်ကြားပါအံ့ဟု ဆုံးဖြတ်လိုက်လေသည်။ သို့ဖြင့် မိမိတို့တွင် ပါလာသော ကုန်စည်ပစ္စည်းအားလုံးကို ညီငယ်အား အပ်နှံပြီး သုနပရန္တတိုင်းသို့ ပြန်ရန် ပြင်ဆင်လိုက်ပါသည်။

ပုဏ္ဏသည် ဗုဒ္ဓမြတ်စွာထံမှောက်သို့ သွားရောက်ခါ မိမိသည် သုနပရန္တတိုင်းသို့ ပြန်မည့်အကြောင်းနှင့် ထိုဒေသမှ လူများအား ဗုဒ္ဓမြတ်စွာ၏ စစ်မှန်သော တရားတော်ကို သင်ကြားပေးမည့်အကြောင်း၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ မေတ္တာတော်ကို ခံယူပါကြောင်း လျှောက်ထား၏။ ဗုဒ္ဓမြတ်စွာသည် ပုဏ္ဏ၏ စိတ်သဘောကို စမ်းသပ်တော်မူလိုသေးသဖြင့် "ပုဏ္ဏ၊ သင်သည် ငါ၏တရားတော်ကို သင်ယူပြီး ဤတရားတော်ကို မည်သူ့အား ပို့ချပေးမည်နည်း"

"အရှင်မြတ်ဘုရား၊ တပည့်တော်သည် တပည့်တော်၏ ဇာတိဖြစ်သည့် သုနပရန္တတိုင်းသို့ သွားရောက်၍ ပို့ချမည်ဖြစ်ပါသည်ဘုရား" (ယခုအခါ ဂိုရယ် (GORAL) နှင့် နာလ သုပ္ပါရ (NALASOPARA) တို့သည် ယခင်က သုနပရန္တဖြစ်၏)

"ပုဏ္ဏ၊ သုနပရန္တတိုင်းမှ လူများသည် ခက်ထန်ပြီး ကြောက်မက်ဖွယ်ကောင်းလှ၏။ ထိုသူများက သင့်အား ဆဲရေးတိုင်းထွာပြီးလျှင် ပြစ်တင်မောင်းမဲကြလျှင် သင်မည်သို့ လုပ်မည်နည်း"

"အရှင်ဘုရား သုနပရန္တတိုင်းမှ လူများသည် တပည့်တော်အား ဆဲရေးတိုင်းထွာ၍ ပြစ်တင်ကဲ့ရဲ့ကြလျှင် တပည့်တော်က၊ အော် သုနပရန္တတိုင်းမှ လူများသည် ငါ့အား တွန်းထိုး ရိုက်ပုတ်ခြင်း မလုပ်ကြပါကလား၊ သူတို့သည် စိတ်ကောင်းရှိကြသူများပါကလားဟု သဘောထား၍ နေမည်ဖြစ်ပါသည် အရှင်ဘုရား"

"ပုဏ္ဏ၊ သုနပရန္တတိုင်းမှ လူများသည် သင့်အား ရိုက်မောင်းပုတ်မောင်းလုပ်ခဲ့လျှင် သင်မည်သို့ လုပ်မည်နည်း"

"အရှင်ဘုရား၊ သုနပရန္တတိုင်းမှ လူများသည် တပည့်တော်အား ရိုက်မောင်း ပုတ်မောင်းလုပ်ခဲ့လျှင် အော်. . သူတို့သည် ငါ့အား ဒုတ်ခဲ၊ ကျောက်ခဲတို့ဖြင့် မပစ်ပေါက်ကြပါကလား၊ စိတ်ကောင်း ရှိကြသူများပါကလားဟု သဘော ထား၍ နေပါမည်ဘုရား"

"ပုဏ္ဏ၊ သုနပရန္တတိုင်းမှလူများသည် သင့်အား ကျောက်ခဲ၊ ဒုတ်ခဲတို့ဖြင့် ပစ်ပေါက်ကြလျှင် သင်မည်သို့ လုပ်မည်နည်း"

"အရှင်ဘုရား၊ သုနပရန္တတိုင်းမှ လူများသည် တပည့်တော်အား ကျောက်ခဲ ဒုတ်ခဲတို့ဖြင့် ပစ်ပေါက်လျှင် တပည့်တော်က သူတို့သည် ငါ့အား ဒုတ်ဖြင့်



နောက်ဆက်တွဲ ➤ စာ-၁၉ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၈၀။ အာနန္ဒာဇေါ်မိ ညောင်ပင်

မုတ်သုံလေသည် အနောက်တောင်မှ ဝင်ရောက်လာသည်နှင့် မိုးဦးကာလသို့ ရောက်ပြန်၏။ မိုးတွင်းကာလတွင် ဘင်္ဂလားအော်နှင့်နီးစပ်သည့် သာဝတ္ထိပြည်နှင့် ပတ်ဝန်းကျင်တိုင်းနိုင်ငံ တစ်ဝိုက်တွင် မိုးသည်းထန်စွာ ရွာသွန်းလေ့ရှိရာ ဗုဒ္ဓမြတ်စွာဘုရားသည် မိုးတွင်းလေးလပတ်လုံး ဒေသစာရီ ကြွချီတော်မမူဘဲ၊ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်ကြီးတွင် မိုးခိုစံပယ်တော်မူလေ့ရှိပါသည်။ ဗုဒ္ဓမြတ်စွာနှင့်တကွ သံဃာတော်အရှင်များပါ ဤဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူကြသော အချိန်များ၌ သာဝတ္ထိပြည်မှ လူအပေါင်းသာမက အနီးအနားနိုင်ငံများမှ ဗုဒ္ဓမြတ်စွာကို ကြည်ညိုကာ တရားတော်၌ သက်ဝင်ယုံကြည်လာသူ တကာ-တကာမ အပေါင်းသည် ဇေတဝန်ကျောင်းတော်ကြီးသို့ ရောက်ရှိလာတတ်ကြ၏။ ထိုအခါမျိုး၌ ဇေတဝန်ကျောင်းတော်ကြီးတွင် ဗုဒ္ဓမြတ်စွာနှင့်တကွ သံဃာတော်အရှင်သူမြတ်များ၊ ဘိက္ခုနီ သီလရှင်များနှင့် လူပရိသတ်များ အထူး များပြားစည်ကားပါသည်။ လူပရိသတ်များသည်၊ **“ကာလေန၊ ဓမ္မသာဝနာ”** ဟူသော မင်္ဂလာတရားတော်နှင့်အညီ မြတ်စွာဘုရား၏တရားတော်များကို နာယူကြရန်အတွက်လည်းကောင်း၊ **“ကာလေန ဓမ္မသာကစ္ဆာ”** ဟူသည့်အတိုင်း၊ မရှင်းမလင်းသည့် တရားအချက်အလက်များကို ဗုဒ္ဓမြတ်စွာထံ လျှောက်ထားမေးမြန်းရန်အတွက် လည်းကောင်း ရောက်ရှိလာကြခြင်းဖြစ်၏။

မုတ်သုံလေပြန်လည်ဆုတ်ခွာပြီး မိုးတွင်းလေးလကုန်ဆုံးသွားသည့်အခါ ရာသီဥတုပြန်လည်ကြည်လင်၍ မိုးလေဝသကင်းစင်ခြင်းကြောင့် ဗုဒ္ဓမြတ်စွာသည် ဓမ္မတရားတော်ကို နေရာအနှံ့သို့ ဖြန့်ချိတော်မူရန်အတွက် သံဃာတော်အပေါင်းနှင့် အတူ ဇေတဝန်ကျောင်းတော်ကြီးမှ ထွက်ခွာတော်မူပါ သည်။ ဤသို့ ဒေသစာရီကြွချီတော်မူသောကာလတို့တွင် ဇေတဝန်ကျောင်းတော်ကြီး၌ လူသူတစ်ဦးတစ်ယောက်မျှမကျန်ရှိတော့ပေ။ ထို့ကြောင့် ကျောင်းတော်ကြီးမှာ ဟာလာဟင်းလင်း ချောက်ကပ်၍ နေပါတော့သည်။ ဗုဒ္ဓမြတ်စွာသည် ထိုအချိန်မျိုး၌ ဇေတဝန်ကျောင်းတော်တွင် သီတင်းမသုံးတော့ကြောင်းကို မသိသူများကလည်း ရှိကြ၏။ အထူးသဖြင့် ဝေးလံသောအရပ်မှ သူများက မသိကြပါ။ ထိုသူများသည် ဗုဒ္ဓမြတ်စွာကို ဖူးမြော်ရန် တစ်ယောက်စ နှစ်ယောက်စဖြင့် လာကြ၏။ ဤသို့လာကြသူ အရေအတွက်သည်လည်း တစ်ဖျောက်ဖျောက်နှင့် မနည်းလှပေ။ သူတို့သည် ဗုဒ္ဓမြတ်စွာအား ဆက်ကပ်ရန် လှူဘွယ်ဝတ္ထုတို့နှင့် အတူ ဇေတဝန်ကျောင်းတော်ကြီးသို့ ရောက်ရှိလာကြရာ ဗုဒ္ဓမြတ်စွာသည် ကျောင်းတော်တွင် မရှိကြောင်း ကြားသိလိုက်ရသောကြောင့် အလွန်စိတ်ဓာတ်ကျဆင်း၍ ပင်ပန်းနွမ်းနယ်ကြရပါသည်။ ထို့နောက်တွင် မိမိတို့၌ပါလာသော လှူဘွယ်ပစ္စည်းလေးများကို ဇေတဝန်ကျောင်း ဗုဒ္ဓမြတ်စွာစံပယ်တော်မူရာ ဂန္ဓကုဋီတိုက်၏ တံခါးဝ၌ထားရစ်၍ ပြန်သွားကြရလေသည်။

ထိုအဖြစ်ကို ဇေတဝန်ကျောင်း ဒကာကြီးအနာထပိဏ် ကြားသိရသောအခါ အလွန်စိတ်နှလုံးမသာမယာဖြစ်ရ၏။ သို့သော် မိုးတွင်း ကာလပတ်လုံး ဤကျောင်းကြီးတွင်း သီတင်းသုံးတော်မူခဲ့သော မြတ်စွာဘုရားသည် ရာသီဥတုကောင်းမွန်သည့်အခါ၌ တရားတော်ကို ဖြန့်ချိရန် ဒေသစာရီကြွချီတော်မူခြင်းဖြစ်သောကြောင့် မိမိအနေဖြင့် မည်သို့မျှစောဒကတက်ရန် မရှိကြောင်းကို ဒကာကြီးသိပါသည်။

မြတ်စွာဘုရားကို ဖူးမြော်ရန်လာရောက်ကြသူများသည် ဤကျောင်းတော်ကြီး၌ ဗုဒ္ဓမြတ်စွာကို ဖူးတွေ့၍ မသွားရသည့်တိုင်အောင် ဗုဒ္ဓမြတ်စွာ၏

နောက်ဆက်တွဲ ➢ စာ-၂၀ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၈၁။ မှန်ကန်သော ယဇ်ပူဇော်ခြင်း


ဗိမ္ဗိသာရ ဘုရင်ကြီးတို့ခေတ်အခါဆီက ဗြာဟ္မဏပုဏ္ဏားမျိုးတို့သည် ယဇ်ပူဇော်ပွဲကြီးများ ကျင်းပပြုလုပ်လေ့ရှိကြ၏။ ယဇ်ပူဇော်ပွဲဆိုသည့် ဝေါဟာရ၏ အဓိပ္ပါယ်အတိအကျမှာ ဆိုင်ရာ ကိုးကွယ်မှုအရ ပူဇော်ပသခြင်းဟူ၍ ဖြစ်ပါသည်။ ထိုခေတ်က ဗြာဟ္မဏ တို့၏ ယဇ်ပူဇော်ပွဲကြီးများမှာ အလွန်ခမ်းနားကြီးကျယ်၏။ မြင်းနွားစသော တိရစ္ဆာန်မျိုးစုံကို သတ်ဖြတ်၍ ပူဇော်သည့်အပြင် အချို့သော ပူဇော်ပွဲကြီးများ၌ လူကိုပင် သတ်၍ ပူဇော်လေ့ရှိကြသည်။

ဗိမ္ဗိသာရဘုရင်ကြီးသည် ကုတဒန္တ ပုဏ္ဏားကြီးအား ချီးကျူးမြှောက်စားသောအားဖြင့် ခန္ဓုမာတအမည်ရှိသော မြို့ကြီးကို အပိုင်စားပေးသနားတော်မူခဲ့ပါသည်။ ခန္ဓုမာတမြို့သည် စီးပွားဖြစ်ထွန်းသော မြို့ကြီးတစ်မြို့ဖြစ်သည်။ တစ်ချိန်အခါက ကုတဒန္တပုဏ္ဏားကြီး သည်လည်း ရိုးရာဓလေ့ထုံးစံအရ ကြီးကျယ်သော ယဇ်ပူဇော်ပွဲကြီးကျင်းပရန် စီစဉ်လျက်ရှိ၏။ ထင်ရှားသည့် မြို့စားကြီးတစ်ဦး၏ ယဇ်ပူဇော်ပွဲကြီးဖြစ်သည်နှင့်အညီ ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သမျှအားလုံးကို အသင့်ဆောင်ရွက်ထားပါသည်။ ရပ်ဝေးဒေသများမှ မိတ်ဆွေပုဏ္ဏားကြီးများလည်း ဤပူဇော်ပွဲကြီးတွင် ပါဝင်ဆင်နွှဲနိုင်ရန် ခန္ဓုမာတသို့ စုံညီစွာ ရောက်ရှိနေကြ၏။ ထိုအချိန်၌ ဗုဒ္ဓမြတ်စွာသည်လည်း သံဃာတော်အပေါင်း ခြံရံလျက် ဒေသစာရီကြွချီတော်မူရင်းဖြင့် ဤခန္ဓုမာတမြို့သို့ ရောက်ရှိတော်မူသဖြင့် ယဇ်ပူဇော်ပွဲကြီးနှင့် ထူးခြားစွာ တိုက်ဆိုင်လျက်ရှိပါသည်။ ဤခန္ဓုမာတမြို့၌ ဗုဒ္ဓမြတ်စွာ၏တရားတော်ကို သက်ဝင်ယုံကြည်လျက် ဗုဒ္ဓမြတ်စွာအား ကိုးကွယ်သူ မြို့သူမြို့သား ပုဏ္ဏားပေါင်းများစွာရှိရာ ၎င်းတို့သည် အဖွဲ့လိုက် အဖွဲ့လိုက် သွားရောက်၍ ဖူးမြော်လျက်ရှိကြပေသည်။ ဤသို့သွားရောက်နေကြသည်ကို ကုတဒန္တမြို့စားကြီးသိသောအခါ မိမိလည်း ဗုဒ္ဓမြတ်စွာထံသို့ သွားရောက်၍ တွေ့ဆုံအံ့ဟု အကြံပြုပါသည်။ သို့သော် ထိုမြို့နေ ပုဏ္ဏားတို့က ခန္ဓုမာတမြို့သည် စီးပွားဖြစ်သော မြို့ကြီးတစ်မြို့ဖြစ်ခါ မြို့စားကြီးသည်လည်း ထင်ရှားသော မြို့စားကြီးတစ်ဦး ဖြစ်သောကြောင့် မြို့စားကြီးက သွားရောက်ရမည့်အစား ဧည့်သည်ဖြစ်သည့် ဗုဒ္ဓမြတ်စွာကသာ မြို့စားကြီးထံ လာသင့်ကြောင်းပြော၍ ကန့်ကွက်ကြ၏။

ထိုအခါ ကုတဒန္တပုဏ္ဏားကြီးက "အို မိတ်ဆွေတို့ သမဏဂေါတမသည် ကြီးမြတ်သူဖြစ်၏။ သူသည် မြင့်မြတ်သော အမိ မြင့်မြတ်သော အဖတို့မှ ပေါက်ဖွားလာသူဖြစ်၏။ သာကီဝင်မျိုးနွယ်မှ ဆင်းသက်သူ ဖြစ်၏။ ချမ်းသာကြွယ်ဝ၍ အဆင့်မြင့်သော ခတ္တိယမျိုးနွယ်မှ ဆင်းသက်လာခဲ့သူလည်း ဖြစ်၏။ ကောင်းသော အကျင့်သီလရှိသူဖြစ်ပြီး ပြောဟောပို့ချရာ၌ ကောင်းမွန် ကျွမ်းကျင်လှကြောင်းလည်း ကျော်ကြားသူဖြစ်၏။ တဏှာလောဘ အားလုံးမှ ကင်းလွတ်ခါ အိန္ဒြေအပေါင်းနှင့်ပြည့်စုံ၏။ အတတ်ပညာနှင့်တစ်ကွ ကောင်းသောအကျင့်စရဏနှင့်လည်း ပြည့်စုံ၏။ မြင့်မြတ်သူတို့၏ လက္ခဏာတော် ၃၂ ပါးတို့လည်း ရှိကြောင်း ကျော်ကြား၏။ ကျုပ်တို့၏ ခန္ဓုမာတမြို့မှ ရှိသေစွာ ကြိုဆိုသင့်သော ဧည့်သည်တော်ကောင်းတစ်ယောက် အမှန်ဖြစ်၏။ ထို့ကြောင့် ကျုပ်သွား၍ ရိုသေစွာ နှုတ်ဆက်ရပါမည်" ဟု ပြောဆိုခါ ဗုဒ္ဓမြတ်စွာဘုရားထံသို့ သွားလေ၏။

ဗုဒ္ဓမြတ်စွာဟောကြားတော်မူသော ရှေးယခင်အခါက ပြုလုပ်ခဲ့ကြသည့် ယဇ်ပူဇော်ပွဲများ အကြောင်းကို မြို့စားကုတဒန္တကြားဖူးပါသည်။ ထိုပွဲများတွင် တိရစ္ဆာန်တို့၏ အသက်ကို သတ်ဖြတ်ခြင်း လုံးဝမရှိကြပါ။ ဗုဒ္ဓမြတ်စွာသည် တိရစ္ဆာန်တို့၏ အသက်ကိုသတ်၍ ပူဇော်ခြင်းကို ပြင်းထန်စွာ ဆန့်ကျင်တော်မူပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com

## ၇၂။ ဝသလ ဘယ်သူလဲ

ဗုဒ္ဓမြတ်စွာသာဝတ္ထိပြည်၌ ဆွမ်းခံကြွစဉ် အဂ္ဂိကဘာရဒွါဇ၏အိမ်အနီးသို့ ရောက်သောအခါ ဗုဒ္ဓမြတ်စွာကို မြင်လျှင် ဘာရဒွါဇသည် ပုတ်ခတ်သော စကားလုံးများဖြင့် အော်ဟစ်ပြောလေသည်။

"ဟေ့ . . ဆံထုံးရှင် ရပ်ပါ၊ အဲဒီနေရာမှာပဲရပ်ပါ၊ ရှေ့ကို မတိုးနဲ့၊ ဟေ့ ဝသလ အဲဒီမှာပဲ ရပ်ပါ"

ဘာရဒွါဇ၏ အိမ်အတွင်း၌ကား မီးပူဇော်ပသလျက်ရှိသည်။ ထိုကဲ့သို့သော အချိန်တွင် တစ်စုံတစ်ယောက်သော သမဏ၏အရိပ်ကျရောက်မည်ကို ဘာရဒွါဇ စိုးရိမ်ပူပန်လျက်ရှိသည်။

တစ်ဘက်တွင် ထင်ရှားသော ပညာရှင်ဗြာဟ္မဏများအား ခြေတော်အစုံကို ဦးခိုက်သည့် ပုဂ္ဂိုလ်များရှိခဲ့သလို တစ်ဘက်တွင်လည်း အဂ္ဂိက ဘာရဒွါဇတို့ကဲ့သို့ ပုဂ္ဂိုလ်လည်း အနည်းငယ်ရှိခဲ့ပါသည်။ ထိုလူနည်းစုသည် ဗုဒ္ဓမြတ်စွာကို "ဝသလ" ဟု ပုတ်ခတ်ပြောဆိုကြသည်။ ဝသလဆိုသည်မှာ ဇာတ်နိမ့်ဆုံး သုဒ္ဒတို့တွင်မှ အနိမ့်ဆုံး သော သူကို ခေါ်သည်။

ဗုဒ္ဓမြတ်စွာက "သင်သိလား၊ ဘယ်သူ့ကို ဝသလဟုခေါ်သနည်း၊ ဝသလ အဘယ်သို့ဖြစ်သနည်း"

ထိုအခါ ဘာရဒွါဇက "ကျွန်ုပ်မသိပါ၊ သင်ပဲပြောပါ"

ဗုဒ္ဓမြတ်စွာက "ဝသလဟူသည် ဒေါသကြီးသူ၊ ရန်လိုစိတ်ရှိသူ၊ မနာလိုတတ်သူ၊ မိစ္ဆာဒိဋ္ဌိရှိသူ၊ မာယာများသူ၊ သတ္တဝါတို့အပေါ် ကြင်နာစိတ်မရှိသူ မြို့ရွာများကို ဖျက်ဆီးတတ်သူကို ဆိုသည်။

သူတစ်ပါးပစ္စည်းခိုးသူ၊ လိမ်လည်ပြောဆိုသူ၊ သူတစ်ပါးသားမယားကို ဖျက်ဆီးသူ၊ အိုမင်းနေသော မိဘများကို စွမ်းနိုင်ပါလျက် မလုပ်ကျွေးမပြုစုသူ၊ မိဘညီအစ်ကို မောင်နှမများကို ဒုက္ခပေးသူ၊ သူတစ်ပါးအိမ်သို့ ရောက်သည့်အခါ စားကောင်းသောက်ဖွယ်များကို သုံးဆောင်ပြီး မိမိအိမ်သို့ လာရောက်သည့် ဧည့်သည်တို့ကိုမူ မကြည်ဖြူသူ၊ အရှက်ကင်းသူ၊ တပည့်သာဝကတို့အပေါ်၌လည်း ရက်စက်သူတို့သည်လည်း ဝသလမည်သည်"။

စဏ္ဍာလ ပုတ္တ သောပါက မာတင်္ဂမျိုးနွယ်ဝင်ဖြစ်သော်လည်း တရားဓမ္မကို စောစွာသိရှိ၍ များစွာသော ဗြာဟ္မဏနှင့် ခတ္တိယတို့က ချဉ်းကပ်ပြုစုကြလေသည်။ ထိုသူများ ကွယ်လွန်ပြီးသည့်နောက်တွင် ဗြဟ္မာလောကသို့ ရောက်ရှိကြသည်။ သူတို့၏ဇာတ်က သူတို့ကို နှိမ့်ချနိုင်စွမ်းမရှိပါ။

ထိုနည်းတူစွာ ဝေဒကျမ်းများ၊ ဂါထာမန္တန်များ ရွတ်ဆိုပူဇော်သော ဗြာဟ္မဏ တစ်ဦးဦးမကောင်းမှုပြုလုပ်ခြင်းဖြင့် ထိုသူတစ်ဦးဦးသည် ကွယ်လွန်ပြီးသည့်နောက် အပါယ်ဘုံသို့ ရောက်ကြရသည်။ ထိုသူတို့၏ဇာတ်သည် ထိုသူတို့ကို အပါယ်လောကမှ ကယ်တင်နိုင်စွမ်းမရှိပါ။

ဗုဒ္ဓမြတ်စွာ ရှင်းလင်းဟောပြသည့် ဒေသနာတော်ကို နာကြားပြီးနောက် အဂ္ဂိက ဘာရဒွါဇသည် ဘုရား၊ တရား၊ သံဃာတော်တို့၏အရိပ်ကို ခိုလှုံ၍ ဥပသကာဖြစ်သွားကြလေသည်။ သူနားလည်သဘောပေါက်သွားသည်မှာ -


**န ဇစ္စာ ဝသလော ဟောတိ၊ န ဇ စ္စာ ဟောတိ ဗြာဟ္မဏော၊**
**ကမ္မုနာ ဝသလော ဟောတိ၊ ကမ္မုနာ ဟောတိ ဗြာဟ္မဏော။**

**သုတ္တနိပါတ ၁၄၂၊ ဝသလသုတ္တ**

မွေးဖွားခြင်းမှ မည်သူမှ ဝသလမဖြစ်၊ ဗြာဟ္မဏမဖြစ်။

ကမ္မသည်သာ တစ်စုံတစ်ယောက်အား ဝသလဖြစ်သည်၊ ဗြာဟ္မဏ ဖြစ်လေသည်။

http://www.dhammadownload.com



http://www.dhammadownload.com

## ၈၃။ သုန္ဒရိက ဘာရဒွါဇ

သုန္ဒရိက ဘာရဒွါဇပုဏ္ဏားကြီးသည် မီးနတ်ကို ပူဇော်ပသသည့်ပွဲကြီးကို ကျင်းပပြီးစီး၍ သွားလေပြီ။ ထိုပူဇော်ပွဲကြီးမှ ကျန်ရှိနေသေးသော စားကောင်းသောက်ဖွယ်များကို အခြားသူများအား ဝေငှကျွေးမွေးရန်အတွက် ယူဆောင်၍ ပွဲ၏ပြင်ပသို့ ထွက်ခဲ့သည်။ ထိုအချိန်၌ မလှမ်းမကမ်းသစ်ပင်တစ်ပင်အောက်တွင် ဗုဒ္ဓမြတ်စွာဘုရားသည် ချမ်းအေးသော ဆောင်းအခါဖြစ်၍ ဦးခေါင်းတော်ကို သင်္ကန်းဖြင့် နွေးထွေးစွာခြုံထားပြီး ထိုင်နေတော်မူပါသည်။ ဘာရဒွါဇ ပုဏ္ဏားကြီးသည် ထိုင်နေတော်မူသော ဗုဒ္ဓမြတ်စွာဘုရားအား သာမန်လူတစ်ယောက်ဟု ထင်၍ အစားအစာများကို လက်တစ်ဖက်မှကိုင်ပြီး အခြားတစ်ဖက်မှ ရေကရားကို ကိုင်ကာ ဗုဒ္ဓမြတ်စွာထံသို့ ချဉ်းကပ်လာခဲ့သည်။ ပုဏ္ဏားကြီး၏ ခြေသံများကို ကြားသဖြင့် ခြုံထားသော သင်္ကန်းကို ဖယ်ရှား၍ ကြည့်တော်မူလိုက်၏။ သင်္ကန်းကို လှစ်လိုက်သောအခါ ဗုဒ္ဓမြတ်စွာ၏ဦးခေါင်းတော်ကို ဘာရဒွါဇပုဏ္ဏားမြင်လိုက်သည်နှင့် တစ်ပြိုင်နက် "ဟာ . . ဦးခေါင်းတုံးထားတဲ့ သမဏပါလား" ဟုဆိုပြီး ယူလာသော အစားအသောက်များကို မပေးလိုတော့ သည့်သဘောဖြင့် ချာကနဲ နောက်သို့ လှည့်လိုက်၏။ သို့သော် ထိုခေတ်ကာလက အချို့သော ပုဏ္ဏားများသည် ဗုဒ္ဓမြတ်စွာ၏ တရားတော်ကြောင့် ဗုဒ္ဓမြတ်စွာ၏ နောက်တော်ပါးသို့ လိုက်ပါခါ ကတုံးတုံး၍ သွားကြကြောင်းကို သတိပြုလိုက်မိသဖြင့် ယခုတွေ့လိုက်ရသူလည်း မိမိတို့ မျိုးနွယ်ပုဏ္ဏားတစ်ယောက်ဖြစ်လေမည်လားဟု တွေးမိလိုက်၏။ ပုဏ္ဏားမျိုးပါက ပါလာသော အစားအသောက်များကို ပေးကမ်းလှူဒါန်းလိုသေး၏။ ထို့ကြောင့် ရှင်းလင်းစွာ သိရှိနိုင်ရန် ဗုဒ္ဓမြတ်စွာအား "သင်က ဘယ်အမျိုးအနွယ်ကလဲ" ဟု မေးလိုက်သည်။

ဗုဒ္ဓမြတ်စွာက "အို . . ပုဏ္ဏား၊ ငါသည် မြင့်မြတ်သော စစ်သည်တော် (ခတ္တိယ) မျိုးရိုးလည်းမဟုတ်၊ ကုန်သည် (ဝဿ) မျိုးရိုးလည်းမဟုတ်၊ ဇာတ်နိမ့်သော (သုဒ္ဒရ) မျိုးရိုးလည်း မဟုတ်ပေ။ ငါသည် ဆံတော်ကိုပယ်ကာ သင်္ကန်းကို ရုံ၍ တဏှာလောဘအားလုံးမှ လွတ်ကင်းပြီး လုံးဝ အေးချမ်းသော ဘဝတွင် နေသူဖြစ်၏။ အိုပုဏ္ဏား ငါ၏အမျိုးအနွယ်အကြောင်းကို သင်မေးခြင်းသည် မသင့်လျော်၊ မချောင်သော မေးမြန်းခြင်းဖြစ်၏" ဟု မြွက်ကြားတော်မူပါသည်။

ဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓမြတ်စွာအား "ကျွန်ုပ်သည် ဗြာဟ္မဏပုဏ္ဏားမျိုးဖြစ်သဖြင့် အရှင်သည်လည်း ဗြာဟ္မဏအမျိုးအနွယ် ဟုတ်မဟုတ်ကို သိလို၍ မေးခြင်းဖြစ်ပါသည်" ဟု ပြန်ဖြေလေ၏။ (ဘာရဒွါဇ၏ အယူဝါဒမှာ ဗြာဟ္မဏ၊ ပုဏ္ဏားမျိုးသည် အများတကာထက် မြင့်မြတ်သော ဇာတ်အမျိုးအနွယ်ဟု ခံယူထားသဖြင့် ဤသို့မေးခြင်းဖြစ်သည်။)

ဗုဒ္ဓမြတ်စွာသည် ဘာရဒွါဇပုဏ္ဏားအား "သင်သည် သင်၏ ပူဇော်ပသပွဲကြီး အောင်မြင်နိုင်ရန်အတွက် သင်၏လှူဘွယ်ဝတ္ထုများကို ကောင်းစွာ အလှူခံထိုက်သော၊ အလွန်အေးချမ်း တည်ငြိမ်ပြီး မကောင်းမှုအပေါင်းမှ ကင်းလွတ်ခါ တဏှာလောဘမရှိသည့် ပညာရှင်ကြီးအား ပူဇော်လှူဒါန်းအပ်၏။ ပြီးလျှင် ထိုပညာရှင်ကြီးအား ၎င်းသည် မည်သည့်ဇာတ်အမျိုးအနွယ်မှ ဖြစ်ကြောင်းကို မမေးမြန်းဘဲ တရားတော်၏အရေးကြီးသော အချက်အလက်တို့ကိုသာ မေးမြန်းရာ၏။ သို့မှသာ သင်သည် တရားတော်ကို သိနိုင်ပြီး ကြီးစွာသော အကျိုးကျေးဇူးဖြစ်ထွန်း၍ သင်၏ ပူဇော်ပသပွဲကြီး အောင်မြင်မည်ဖြစ်၏" ဟု မိန့်ကြားတော်မူလိုက်၏။

ဘာရဒွါဇပုဏ္ဏားက ဗုဒ္ဓမြတ်စွာအား ပြန်လည်၍ "အရှင်သခင် ကျွန်ုပ်သည် ပူဇော်ပွဲများစွာကို ပြုလုပ်ခဲ့ပါသည်။ နောင်တွင်လည်း ပူဇော်ပသပွဲများကို



နောက်ဆက်တွဲ ➢ စာ-၂၀ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၈၄။ စံပြမင်္ဂလာမောင်မယ်

ကုန်သည်မျိုးရိုးဖြစ်ကြသော “နကုလမာတာ”နှင့် “နကုလပိတာ” ဇနီးမောင်နှံတို့သည် အေးချမ်းပျော်ရွှင်သော အိမ်ထောင်ရှင်များဖြစ်ကြ၏။ ၎င်းတို့တွင် “နကုလ”အမည်ရှိသော သား ကလေးတစ်ယောက်ရှိရာ ထိုဇနီးမောင်နှံတို့၏ အမည်များသည် ဤသားကလေးကို အကြောင်းပြု၍ နကုလ၏ မိခင်၊ နကုလ၏ ဖခင်ဟု အမည်တွင် နေကြခြင်းဖြစ်သည်။ သူတို့သည် လွန်လေပြီးသော အတိတ်ဘဝပေါင်း ၅၀၀ တို့၌ ဗုဒ္ဓမြတ်စွာ၏အမိနှင့်အဖများ ဖြစ်ခဲ့ဘူးကြ၍ ထူးမြတ်သည့်ရေစက်ဟု ဆိုရပါမည်။ ဗုဒ္ဓမြတ်စွာကို တွေ့လိုက်သည်နှင့် သူတို့နှစ်ဦး၏ ရင်တွင်း၌ လှုပ်ရှားသွားကြပြီး “သားလေး၊ ဒီကိုလာ၊ သားလေး ဒီကိုလာ” ဟု ဘဝပေါင်းများစွာက နှုတ်ကျိုးနေခဲ့သည့်အတိုင်း ခေါ်လေ့ရှိလေ၏။ သူတို့နှစ်ဦးလုံးသည် ဗုဒ္ဓမြတ်စွာ၏ ထင်ရှားသော တပည့်များဖြစ်ကြပါသည်။

နကုလမာတာနှင့် နကုလပိတာတို့နှစ်ဦးသည် အသက်အရွယ်ငယ်ငယ်နှင့် အိမ်ထောင်ကျခဲ့သူ များဖြစ်သည်။ နှစ်ဦးစလုံးသည် သူများအိမ်ရာ ကျူးလွန်မှု (ကာမေသုမိစ္ဆာစာရ)နှင့် ပတ်သက်၍ အလွန်သန့်ရှင်းပြတ်သားကြသည်။ နကုလပိတာက “ကျွန်ုပ်၏တစ်သက်တာတွင် နကုလမာတာကလွဲပြီး တခြား ဘယ်မိန်းမကိုမှ စိတ်ကူးထဲမှာတောင် ပေါ်မလာခဲ့ဘူးပါ။ သူများအိမ်ရာကို ကျူးလွန်ဘို့ဆိုတာကိုတော့ ထည့်ပြီးပြောမနေပါနဲ့တော့” ဟု ပြောတတ်သကဲ့သို့ ဇနီးဖြစ်သူ နကုလမာတာကလည်း “ကျွန်မဘဝတစ်လျှောက်လုံးမှာ ဤခင်ပွန်းသည်ကလွဲပြီး ဘယ်သူ့ကိုမှ စိတ်မကူးမိပါဘူး၊ သူတစ်ပါးနဲ့ ကာယကံကျူးလွန်ဘို့ဆိုတာကတော့ မေးစရာတောင်လိုမယ် မထင်ပါဘူး” ဟု ပြောတတ်လေသည်။ ဤသို့ဖြင့် ၎င်းတို့သည် ဗုဒ္ဓမြတ်စွာအား ဖူးတွေ့ကြရခါ ကျေးဇူးများလှသော ဝိပဿနာတရားတော်ကို နာကြားကြရ၏။ တရားတော်ကို ကျင့်ကြံအားထုတ်ခဲ့ရသည့်နောက်၌ တပ်မက်မှု တဏှာ၏ အညစ်အကြေးအားလုံးကို အမြစ်ပါမကျန် နှုတ်ပယ်နိုင်ကြလေသည်။ နကုလမာတာနှင့် နကုလပိတာတို့သည် ဤသို့ နှုတ်ပယ် နိုင်ကြပြီးသည့် နောက်ပိုင်း၌ “အဗြဟ္မစရိယာ ဝေရမဏီ” ဟူသော မေထုံမှုမှ လုံးဝရှောင်ကြဉ်သည့်ဘဝဖြင့် နေထိုင်သွားကြတော့၏။

တရံရောအခါ၌ နကုလပိတာသည် အလွန်မကျန်းမမာဖြစ်လျက်နှင့် ဗုဒ္ဓမြတ်စွာအား ဖူးမျှော်ကန်တော့လေရာ ဗုဒ္ဓမြတ်စွာက “နကုလပိတာ၊ သင်၏ ခန္ဓာကိုယ်သည် မကျန်းမမာဖြစ်နေ သော်လည်း သင်၏ စိတ်သည် ကျန်းမာ၍ နေရလိမ့်မည်” ဟု ဆုံးမတော်မူ၏။ နကုလပိတာလည်း မကျန်းမာစဉ်အတွင်း၌ မည်ကဲ့သို့ နေထိုင်ရမည်ကို သဘောပေါက်သွားပါသည်။

နကုလပိတာ အပြင်းအထန် မမာမကျန်းဖြစ်နေစဉ်က နကုလမာတာသည် ခင်ပွန်းသည် ထံသွားရောက်ခါ “အို နကုလပိတာ၊ စိုးရိမ်ပူပန်ခြင်းဆိုလို့ နဲနဲကလေးမှ မဖြစ်ပါနဲ့။ စိုးရိမ်လျက် သေဆုံးရခြင်းသည် ဆင်းရဲလှ၏။ ဗုဒ္ဓမြတ်စွာကလည်း ဒီလိုသေဆုံးသွားတာမျိုးကို ရှုံ့ချတော်မူပါတယ်။” ဟု ပြောဆိုနှစ်သိမ့်ရှာပါသည်။

ဤသို့ဖြင့် နကုလပိတာသည် ပြန်လည်ကျန်းမာလာခဲ့၏။ ကျန်းမာလာပြီး၍ ဗုဒ္ဓမြတ်စွာဘုရားအထံတော်သို့ သွားရောက်ဖူးမျှော်သောအခါ ဗုဒ္ဓမြတ်စွာက “အို၊ အိမ်ထောင်ဦးစီးတကာ၊ သင်ကား ကုသိုလ်ကောင်းလှပေ၏။ နကုလမာတာကဲ့သို့ ကြင်နာတတ်ပြီး သင့်ကောင်းကျိုးကိုသာ အစဉ်လိုလားတတ်ခါ သင့်အား စိတ်သက်သာစေရုံမျှမက ကောင်းသော အကြံဉာဏ်များကိုလည်း အမြဲပေးစွမ်းနိုင်သော ဇနီးကို ရရှိထားတဲ့အတွက် ကံကောင်းပေစွ” ဟု မိန့်ကြားတော်မူပါသည်။



နောက်ဆက်တွဲ ➢ စာ-၂၁ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၈၅။ အရှင်သာရိပုတ္တရာ၏ မိခင်ကြီးအတွက် နောက်ဆုံးဆောင်ရွက်ချက်

ဗုဒ္ဓမြတ်စွာဘုရား၏တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်သည် သက်တော်ရှစ်ဆယ့်လေးနှစ်အရွယ်သို့ ရောက်ရှိလာခဲ့ပါပြီ။ ဖြစ်လိုက်ပျက်လိုက်၊ မွေးလိုက် သေလိုက် သံသရာကြီးမှ အပြီးတိုင်လွတ်မြောက်၍ ရဟန္တာဖြစ်တော်မူသော အရှင်မြတ်၏ ပရိနိဗ္ဗာန် စံဝင်တော်မူရန် အချိန်ကာလသည်လည်း မဝေးတော့ပါ။ နောက်ခုနစ်ရက်ကြာလျှင် ရောက်ရှိတော့မည်ဖြစ်၏။ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူအပ်ပြီဖြစ်သဖြင့် မိမိအတွက် နောက်ထပ်တစ်ဖန်ပြန်၍ မွေးဖွားရန် မရှိတော့ပါ။ ယခုသေဆုံးမှုသည် နောက်ဆုံးအကြိမ်ဖြစ်၏။ နောက်ထပ်တစ်ဖန် သေဆုံးရန် မရှိတော့ပြီ။

အရှင်သာရိပုတ္တရာမထေရ်မြတ်၏ မိခင်ကြီးသည် သက်တော်ရှည်လှပါသည်။ ယခုအခါတွင် သက်တော် (၁၀၀) ခန့်ပင် ရှိနေပါပြီ။ မယ်တော်ကြီးတွင် အရှင်သာရိပုတ္တရာအပါအဝင် သားတော်လေးယောက်နှင့် သမီးတော်သုံးယောက်တို့ အားလုံးသည် ဗုဒ္ဓမြတ်စွာ၏တပည့်သာဝကများဖြစ်ကြခါ တရားတော်ကို ရိုသေစွာ ကျင့်ကြံအားထုတ်ကြသဖြင့် ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့ကြ၏။ သို့ရာတွင် သက်တော်(၁၀၀) ရှိသော မယ်တော်ကြီးမူကား ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသော တရားများသည် မှားယွင်းသည်ဟု ယူဆလျက်ရိုးရာစွဲလန်း ယုံကြည်မှုများ၊ ပူဇော်ပသသည့် ဓလေ့ထုံးစံ အလေ့အကျင့်များကိုသာ နက်နဲစွာ စွဲလန်းနေသူ ဖြစ်လေ၏။ အရှင်သာရိပုတ္တရာသည် မိခင်ကြီး၏ ကြီးမားလှသော ကျေးဇူးများကို ပြန်လည်ပေးဆပ်ရန် ကောင်းစွာ သိတော်မူပါသည်။ ထို့ကြောင့် မိခင်ကြီးအား သံသရာဝဋ်ဆင်းရဲမှ လွန်မြောက်စေသော ဓမ္မလမ်းကြောင်းပေါ် သို့ ပို့ဆောင်၍ ပေးလိုက်ခြင်းသည် အကောင်းဆုံးနှင့် အမြတ်ဆုံးကျေးဇူးဆပ်ခြင်း ဖြစ်ကြောင်းကို သိတော်မူပါသည်။

အရှင်သာရိပုတ္တရာမထေရ်ကြီးသည် သာမန်အရပ်သားပေါင်းရှစ်သောင်းမျှတို့ကို မိမိ၏လမ်းညွှန်ပြသမှုဖြင့် ဆင်းရဲခြင်းမှ လွတ်မြောက်ကြောင်းတရားလမ်းကြောင်းပေါ်၌ လျှောက်လှမ်းစေတော်မူနိုင်ခဲ့သည်။ ထို့ကြောင့် ရှစ်သောင်းသော လူတို့သည် သံသရာမှ လွတ်မြောက်သူက လွတ်မြောက်ပြီး နတ်ပြည်အစရှိသော ကောင်းရာသုဂတိသို့ ရောက်သူက ရောက်၍ သွားကြပါပြီ။ သို့သော် မိမိ၏မိခင်ကြီးကိုမူ ယခုထက်တိုင် ဗုဒ္ဓမြတ်စွာ၏တရားတော်၌ သက်ဝင်ယုံကြည်စေရန် မဆွဲဆောင်နိုင်ဘဲ ရှိနေ၏။

နောင်လာမည့် ခုနစ်ရက်တွင် ပရိနိဗ္ဗာန်စံဝင်တော်မူရမည်ဖြစ်သောကြောင့် မိခင်ကြီးအား တရားပြသ၍ ဆွဲဆောင်ရမည့်အချိန်သည် အလွန်တိုတောင်းနေပြီဖြစ်ကြောင်းလည်း သတိပြုတော်မူမိ၏။ မည်သို့ပင်ဖြစ်စေ နောက်ဆုံး ကြိုးစားခြင်းအနေဖြင့် ယခုတစ်ကြိမ် မိခင်ကြီးအား ကြိုးစား၍ ဆွဲဆောင်လိုက်မည်ဟု ဆုံးဖြတ်တော်မူပါသည်။ ထို့ကြောင့် မိမိသည် မွေးရပ်မြေဇာတိရွာကြီးဖြစ်သော "နာလကဂါရမ" သို့ သွားရောက်ခါ လွန်ခဲ့သော (၈၄)နှစ်က မိမိအား မွေးဖွားခဲ့သည့် အခန်း၌ပင် ပရိနိဗ္ဗာန်စံဝင်တော်မူမည်ဟု သတ်မှတ်လိုက်တော်မူပါ၏။ ထို့နောက် မိမိ၏တပည့်သံဃာများတွင် ထင်ရှားပြီး အကြီးအကဲဖြစ်ခါ မိမိ၏ ညီတော်လည်း တော်စပ်သည့်စုန္ဒမထေရ်အား မိမိသည် "နာလကဂါရမ" ရွာကြီးသို့ ကြွချီတော်မူမည်ဖြစ်ကြောင်း၊ မိမိနှင့်အတူ ဝါရင့်တပည့်သံဃာတော် ၅၀၀ လည်း လိုက်ပါကြရန်ဖြစ်ကြောင်း အစီအစဉ်များ ပြုလုပ်စေပါသည်။ အရှင်သာရိပုတ္တရာကိုယ်တော်တိုင်ကမူ ဗုဒ္ဓမြတ်စွာဘုရား၏ထံပါးသို့ သွားရောက်တော်မူခါ ခရီးထွက်ခွင့်ပြုတော်မူပါရန် ပန်ကြား၍ ဗုဒ္ဓမြတ်စွာ၏ ခြေတော်အစုံကို ပရိနိဗ္ဗာန်မပြုမီ နောက်ဆုံး ဦးခိုက်ခြင်းအဖြစ် ဦးခိုက်ရှိခိုးတော်မူလေ၏။

နောက်ဆက်တွဲ ➢ စာ-၂၁ သို့

http://www.dhammadownload.com



## ၈၆။ ဗုဒ္ဓမြတ်စွာဘုရားအား မှန်ကန်စွာ ပူဇော်ခြင်း


သိဒ္ဓတ္ထဂေါတမမင်းသားသည် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားအဖြစ် ပွင့်တော်မူသောအခါ ဗုဒ္ဓမြတ်စွာ၏ဆွေတော် မျိုးတော်အပေါင်းတို့သည် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၏။ ဗုဒ္ဓမြတ်စွာ၏ တရားတော်၌လည်း သက်ဝင်ယုံကြည်ကြသဖြင့် တပည့်များအဖြစ် ခံယူကြလေသည်။ သန့်ရှင်းစင်ကြယ်၍ ကျေးဇူးများလှသော ဝိပဿနာတရားတော်ကို ကြိုးကြိုးစားစား ကျင့်ကြံအားထုတ်ကြသောကြောင့် မှားယွင်းသော အယူအဆများမှ ကင်းလွတ်ကြခါ ဆွေတော်မျိုးတော် အမြောက်အများမှာ အာသဝေါကုန်ခမ်းသော ရဟန္တာများအဖြစ်သို့ ရောက်ရှိသွား ကြလေ၏။ သို့သော် ဆွေတော်မျိုးတော်များအနက်မှ အချို့သည် သိဒ္ဓတ္ထဂေါတမမင်းသား ဘုရားအဖြစ်သို့ ရောက်ရှိသွားတော်မူခြင်းကို ဝမ်းမြောက်ဝမ်းသာ မရှိကြပါ။ အထူးသဖြင့် သိဒ္ဓတ္ထမင်းသား၏ကြင်ယာတော် ယသောဓရာမင်းသမီးဘက်မှ အချို့တို့မှာ ဝမ်းမြောက်ဝမ်းသာမရှိကြသည့်ပြင် စိတ်ထဲ၌ ကသိကအောက်ပင် ဖြစ်နေကြလေသေး၏။ ယသောဓရာမင်းသမီး၏ ခမည်းတော် သုပ္ပဗုဒ္ဓဘုရင်ကြီးသည် မိမိ၏သမက် သိဒ္ဓတ္ထမင်းသားအား ပုဏ္ဏားတော်များ ဟောကြားထားသကဲ့သို့ စကြာကိုလည်စေသော မင်းကြီး (စကြာဝတေးမင်းကြီး) ဖြစ်ရမည်ဟု မျှော်လင့်ထားသူဖြစ်၏။ သို့သော် ဤသို့ဖြစ်မလာဘဲ တောထွက် ၍သွားတော်မူခြင်းကြောင့် အလွန်ကြီးမားလှသည့် အခွင့်အရေးကြီး တစ်ရပ်ကို စွန့်လိုက်ရပါမည်လားဟု ဗုဒ္ဓမြတ်စွာအား ခွင့်မလွှတ်နိုင်ဖြစ်နေပေသည်။

ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသား၏ ညီအစ်ကိုဝမ်းကွဲတော်စပ်သူ တိဿသည်လည်း ဗုဒ္ဓမြတ်စွာအပေါ် မကျေမချမ်းဖြစ်နေသော အုပ်စုတွင် ပါဝင်သူဖြစ်၏။ တိဿသည် ဗုဒ္ဓမြတ်စွာနှင့် နီးကပ်စွာနေထိုင်လာခဲ့သော်လည်း တရားတော်၏ ဓမ္မတရားတော်ကို နှစ်ပေါင်းများစွာ ဆန့်ကျင်လာခဲ့သူဖြစ်သောကြောင့် တရားတော်၏ မွန်မြတ်သော အကျိုးခံစားခွင့်အားလုံးကိုလည်း လက်လွတ်ဆုံးရှုံးခဲ့ရသူဖြစ်လေသည်။ သို့ဖြင့် တဖြည်းဖြည်းနှင့် အသက်အရွယ်ကြီးရင့်လာသောအခါ တိဿတွင် စိတ်ကူးတစ်မျိုးပေါက်၍လာခဲ့၏။ သူ့စိတ်ထဲတွင် ရာပေါင်းထောင်ပေါင်းများစွာသော သူတို့သည် တရားတော်ကို ကျင့်ကြံအားထုတ်ကြရ၍ အကျိုးထူးများ ခံစားသွားကြလေရာ ၎င်းတို့အားထုတ်သော တရားတော်သည် ဧကန္တ ထူးခြားသည့်တရားတော်ဖြစ်ရမည်။ ထို့ကြောင့် ငါလည်း စမ်းသပ်ကြည့်မည်ဟု အကြံပေါက်ခါ ဗုဒ္ဓမြတ်စွာဘုရားထံသွား၍ ရဟန်းအဖြစ်ကို ခံယူလိုက်လေ၏။ သို့ရာတွင် လူဝတ်ကြောင်ဘဝမှ ရဟန်းဘဝသို့ ရောက်ရှိလာသော တိဿသည် လူဝတ်ကြောင်ဘဝက မိမိတွင် ရှိခဲ့သော ပင်ကိုယ်အကျင့်စရိုက်များကို စွန့်လွှတ်နိုင်ခြင်း မရှိခဲ့ပါ။ အသက်အရွယ်အားဖြင့်လည်း ဗုဒ္ဓမြတ်စွာနှင့် မတိမ်းမယိမ်းဖြစ်ခါ ညီအကိုဝမ်းကွဲလည်း တော်စပ်နေသဖြင့် အလိုလို စိတ်ကြီးဝင်နေခဲ့လေသည်။ ရဟန်းတော်များနှင့် ရောနှော၍ ထိုင်ကြရာ၌ ဝိနည်းတော်အရ ထေရ်စဉ် ဝါစဉ်အလိုက် စည်းကမ်းဖြင့် နေရသည်များကိုပင် မလိုက်နာဘဲ မထေရ်ကြီးများအကြားတွင် ဝင်ရောက်ထိုင်လေ့ရှိ၏။ ပရိဿတ်အမြင်တွင်လည်း ဤသို့မိမိထက် ဝါစဉ်အရ များစွာရင့်လျက်ရှိသော မထေရ်ကြီးများအကြားတွင် ထိုင်နေသဖြင့် တကယ်ဝါရင့်မထေရ်ကြီး တစ်ပါးပင် ဖြစ်လိမ့်မည်ဟု အထင်အမြင်မှားစေပါသည်။ သူ၏ ကြွပ်ဆတ်ဆတ်ဖြင့် စိတ်ဆိုးလွယ်တတ်သောသဘောကို သိတော်မူကြ၍ တော်ရုံတန်ရုံဖြင့် သူ့ကို မေးလားမြန်းလား မလုပ်ရဲကြပါ။ သို့သော် နောက်ဆုံး၌ သူ၏ဝါစဉ်နုနယ်မှုအကြောင်း သိသွားကြသောအခါ ဝိနည်းတော်ကို ထောက်ပြကြ၍ ဝိနည်းတော်နှင့်အညီ



နောက်ဆက်တွဲ ➤ စာ-၂၂ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၈၇။ ဝေရဥ္စပုဏ္ဏားကြီး

ဝေရဥ္စကျေးရွာ၏ အကြီးအကဲ ရွာသူကြီးသည် ပုဏ္ဏားကြီး ဝေရဥ္စ ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ၏ တရားတော်များကို မကြားနာရခင်က သူသည် ဗုဒ္ဓမြတ်စွာကို ဆန့်ကျင်ခဲ့၏။ သို့သော် ဒေသနာတရားတော်က မိမိ၌ မရှင်းမလင်း ဖြစ်နေသည့်အချက်အလက်များကို ရှင်းလင်းပေးနိုင်ခဲ့ပြီး ကျန်ရှိနေသေးသည့် ယုံမှားသံသယများကိုလည်း ဗုဒ္ဓမြတ်စွာဘုရားထံ မေးမြန်းလျှောက်ထားလိုက်သဖြင့် အားလုံးရှင်းလင်း အဆင်ပြေသွားပါတော့၏။ ထို့ကြောင့် ဝေရဥ္စသည် ကျေနပ်ဝမ်းသာလျှက်ရှိနေ၏။ မိုးတွင်းကာလသို့ ရောက်ရှိရန် နီးကပ်လာပြီကို သတိပြုမိသော ဝေရဥ္စသည် ဗုဒ္ဓမြတ်စွာနှင့်တကွ သံဃာတော်အပေါင်းတို့အား မိမိ၏ ဝေရဥ္စရွာကြီးသို့ ကြွရောက်၍ မိုးခိုတော်မူပါမည့်အကြောင်းကို ရိုသေစွာ လျှောက်ထားတောင်းပန်လိုက်သည်။

လျှောက်ထားချက်ကို ဗုဒ္ဓမြတ်စွာက လက်ခံတော်မူခဲ့ပါသည်။ သို့သော် မိုးတွင်းကာလ သို့ရောက်သောအခါ ဝေရဥ္စပုဏ္ဏားကြီးသည် မိမိလျှောက်ထားခဲ့သည့် ကိစ္စကို လုံးဝမေ့လျော့နေခဲ့လေ၏။ ထို့ကြောင့် မည်သည့်ပြင်ဆင်မှုမျှ မလုပ်ထားခဲ့၊ မိုးခေါင်လွန်း၍ စားစရာမျှမရှိ လူတွေတောင်သေလွန်၍ လူရိုးများ ဖွေးဖွေးဖြူနေအောင် ဒုဗ္ဘိက္ခန္တရကတ် ဆိုက်ရောက်၍ အငတ်ဘေးနှင့်ကြုံတွေ့နေကြရပါသည်။

ဝိနည်းတော်အရ ဝါတွင်းမိုးခိုသည့်ဒေသသို့ရောက်ရှိသည့်အခါ ရောက်နေသော ဒေသကို စွန့်ခွာ၍ အခြားသို့ မသွားရန် တားမြစ်ထားသဖြင့် ဝေရဥ္စရွာကြီး၌ပင် သီတင်းသုံးတော်မူကြရပါသည်။ တစ်ဖန် ယခုနှစ်၌ မိုးခေါင်သောကြောင့် အသီးအနှံများမရကြ ဖြစ်ရပြန်ပါသည်။ အငတ်ဘေးဆိုးကြီး ဆိုက်ရောက်တော့မည့် အခြေအနေများကြောင့် သံဃာတော်များသည် ဆွမ်းကိစ္စအတွက် အကြီးအကျယ် အခက်အခဲများနှင့် ရင်ဆိုင်နေတော်မူရပါသည်။ ထိုသို့ကြုံတွေ့နေရသည့်အချိန်တွင် အခြားဒေသတစ်ခုမှ မြင်းအကောင်ရေ ၅၀၀ ပါသော ကုန်သည်အချို့သည် ဝေရဥ္စရွာသို့ ကံအားလျော်စွာ ဆိုက်ရောက်လာကြလေ၏။ ၎င်းတို့တွင် ပါလာသော မြင်းကောင်ရေ ၅၀၀ ကို ကျွေးမွေးရန်အတွက် မြင်းစာများအလုံအလောက် ပါရှိသည်။ ကုန်သည်တို့သည် သံဃာတော်များ တွေ့ကြုံနေရသော အခက်အခဲများကို မြင်ရသဖြင့် လူများ စားသုံးရန် မသင့်လျော်သော စပါးများဖြစ်ကြောင်းသိလျက်နှင့် မြင်းစာမုယောဆန် အချို့ကို သံဃာတော်များ အား လှူလိုက်ကြ၏။ သံဃာတော်များသည် စပါးကြမ်းများကို ဆုံတွင်ထည့်ခါ ကြိတ်ကြထောင်းကြပြီး ရေဖြင့်ဆေး၍ ဆွမ်းအဖြစ် မှီတကြရပါသည်။

အရှင်အာနန္ဒာသည် ထိုဆန်များကို မြင်းကုန်သည်တို့က ဗုဒ္ဓမြတ်စွာအတွက် ကြိတ်ပြီး ဆေး၍ ထောပတ်ဖြင့်ရောကာ ကပ်လှူကြသည်။ ကြိတ်ဆုံတွင် စပါးများကို ထောင်း၊ ဖွတ်နေ သည့်အသံများကို ဗုဒ္ဓမြတ်စွာ ကြားတော်မူ၍ "အာနန္ဒာ၊ ဒီအသံတွေက ဘာသံ တွေလဲ"ဟု မေးသဖြင့် အဖြစ်အပျက် အခြေအနေများကို လျှောက်တင်ခဲ့ရ၏။ ဗုဒ္ဓမြတ်စွာလည်း တပည့် သံဃာတော်များ၏ သဘောထားနှင့် ဆောင်ရွက်ချက်တို့ သိတော်မူသောအခါ များစွာအားရ ကျေနပ်တော်မူပါသည်။



နောက်ဆက်တွဲ ➤ စာ-၂၃ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၈၈။ ဘုရားရှင်တစ်ပါးတည်း သီတင်းသုံးတော်မူခြင်း

ကောသမ္ဗီဘိက္ခု အဖွဲ့အစည်းတွင် သာမန်စကားတစ်ခွန်းကြောင့် အချင်းချင်းစိတ်ဝမ်းကွဲကြလေသည်။ ထိုမှတစတစကြီးမားလာပြီး ခိုက်ရန်ဖြစ်ပွားလာကာ အဖွဲ့နှစ်ဖွဲ့ကွဲခဲ့လေသည်။ တစ်ဦးနှင့်တစ်ဦး မှားယွင်းချက်များသာထောက်၍ ထိုစိတ်ဝမ်းကွဲမှုသည် သာသနာတော်တိုးတက်ကြီးပွားရေးအတွက် အလွန်ဘေးဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာသိရှိသောအခါ ထိုအခြေအနေကို ဖြေရှင်းရန် ကောသမ္ဗီသို့ ကြွရောက်လာခဲ့သည်။ ဗုဒ္ဓမြတ်စွာက မေတ္တာ၊ ကရုဏာတရားတော်တို့ဖြင့် ဆိုဆုံးမသော်လည်း မအောင်မြင်ခဲ့ပါ။ မာန်မာနများ ဖုံးကွယ်နေမှုကြောင့် အသိဉာဏ်များ မှေးမှိန်နေကြသည်။ ဗုဒ္ဓမြတ်စွာက အချင်းချင်းသွေးစည်းကြပါ။ ဥပမာအားဖြင့်- နွားနို့နှင့် ရေကဲ့သို့ တသားတည်းဖြစ်နေရမည်၊ တစ်ဦးနှင့်တစ်ဦး မုဒိတာပွား၍ အပြန်အလှန်ခွင့်လွှတ်ကြရမည်၊ သို့သော် မာန်မာနများက ဖုံးလွှမ်းနေသောကြောင့် ချစ်ခင်မှုများ ပျောက်နေပြီး ဒေါသမီးများသာ တောက်နေကြသည်။

နှစ်ဖွဲ့လုံးကို ဆိုဆုံးမ၍ မရသောအခါ ၎င်းတို့အား စွန့်ခွာ၍ တစ်ပါးတည်း ကြွတော်မူခဲ့လေသည်။ ဗုဒ္ဓမြတ်စွာသည် ဆိတ်ငြိမ်မှုကိုသာ နှစ်သက်တော်မူသည်၊ ထို့ကြောင့် တစ်ပါးတည်း သီတင်းသုံးနေတော်မူရန် ဆုံးဖြတ်ခဲ့လေသည်။

ဗုဒ္ဓမြတ်စွာသည် ပါလိလေယျကရွာ၏ အနီးရှိ ရက္ခိတ မည်သော တောအုပ်ဖြစ်၍ ပါလိလေယျက ရက္ခိတအတွင်း ဆောက်လုပ်ထားသော ကျောင်းသခ်မ်းအနီး ဘဒ္ဒသာလမည်သော အင်ကြင်းပင်အနီး (ဝါ) အင်ကြင်းပင်အောက် တစ်ပါးတည်း အေးချမ်းစွာသီတင်း သုံးနေတော်မူလေသည်။ တချိန်တည်းမှာပင် အခြားသော ဆင်အစုအဝေးမှ ခေါင်းဆောင် (ဆင်အုပ်) ဆင်ပြောင်ကြီး တစ်ကောင်သည်လည်း ထိုနေရာသို့ ရောက်လာခဲ့လေသည်။

ဗုဒ္ဓမြတ်စွာသီတင်းသုံးတော်မူနေသည့် ပတ်ဝန်းကျင်သည် အနန္တ မေတ္တာဓာတ်များ လွှမ်းခြုံ၍ ငြိမ်းချမ်းလျက်ရှိသည်။ ထိုပလလဲ ဆင်မင်းကလည်း ဤပတ်ဝန်းကျင်ကို နှစ်သက်လေသည်။ နေ့စဉ်နေ့တိုင်း ဗုဒ္ဓမြတ်စွာအား ဆက်ကပ်ရန်အတွက် ရေနှင့် သစ်သီးဝလံများကို သူ၏နှာမောင်းဖြင့် သယ်ဆောင်လာသည်။

ရက်အနည်းငယ်ကြာ ဆိတ်ငြိမ်စွာ တစ်ပါးတည်း သီတင်းသုံးတော်မူခြင်းဖြင့် ချမ်းသာသုခကို ခံစားပြီးနောက် ဗုဒ္ဓမြတ်စွာသည် ဒေသစာရီကြွခြင်းဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်ခဲ့လေသည်။ ပရိသတ်အပေါင်းတို့က ဗုဒ္ဓမြတ်စွာအနီးနားသို့ ချဉ်းကပ်ပူဇော်ကြသည်။

ကောသမ္ဗီရှိ ဥပါသကာတို့က ဗုဒ္ဓမြတ်စွာတစ်ပါးတည်း သီတင်းသုံးရန် ကြွတော်မူသည်ကို ကြားသိကြ၍ လွန်စွာစိတ်မချမ်းမသာဖြစ်ကြရသည်။ ပြီးနောက် ဘိက္ခုအဖွဲ့နှစ်ဖွဲ့ကိုလည်း ဆွမ်းအစရှိသည်များ ကပ်လှူခြင်းမှ ရပ်စဲကြလေသည်။ နှစ်ဖွဲ့လုံးရှိ ဘိက္ခုများသည် ဗုဒ္ဓမြတ်စွာသီတင်းသုံးရာ ဇေတဝန်ကျောင်းတော်သို့ ကြွရောက်ကြသည်။ ဗုဒ္ဓမြတ်စွာက အချင်းချင်းစိတ်ဝမ်းကွဲကြသည်ရှိသော် အဘယ်သို့ ဆောင်ရွက်ကြရမည်ကို အခြေခံ၍ ဒေသနာတော်ကို ဟောတော်မူသည်။ စည်းကမ်းချက်များကိုလည်း သတ်မှတ်တော်မူသည်၊ ထိုအခါမှ ဘိက္ခုများသည် ဝိပဿနာဉာဏ်ပညာဖြင့် အနိစ္စကို သိရှိပြီး ပညာ၌ တည်ကြလေသည်။ အချင်းချင်းဒေါသများမှ ကင်း၍ မေတ္တာတရားများသာ ပွားများနိုင်ကြလေပြီ၊ ခိုက်ရန်ဖြစ်ခြင်းမှလည်း လွတ်ကင်းသွားကြလေတော့သည်။

http://www.dhammadownload.com



http://www.dhammadownload.com

# ၈၉။ မြင့်မြတ်ငြိမ်းချမ်းသော ဗိမ္ဗိသာရ

တန်ခိုးအာဏာကြီးမားသော ဗိမ္ဗိသာရဘုရင်မင်းမြတ်က ရိုသေစွာ ဆည်းကပ်ကိုးကွယ်လျက်ရှိသော ဗုဒ္ဓမြတ်စွာဘုရားအား လုပ်ကြံသတ်ဖြတ်ရန် အလွန် ခက်ခဲကြောင်းကို ဒေဝဒတ်က သိနေ၏။ ထိုဘုရင်ကြီးကို ဦးစွာဖယ်ရှားလိုသော အကြံဖြင့် ဒေဝဒတ်သည် ဘုရင်၏ သားတော် အိမ်ရှေ့စံ၊ အဇာတသတ်မင်းသားအား အံ့မခန်းသောပြကွက်များကို ဖန်ဆင်းပြသခါ အယုံသွင်း၍ စည်းရုံးလိုက်လေသည်။ ထိုနောက် မင်းသားအား "အသင်မင်းသား၊ သင့်ခမည်းတော်ဘုရင်ကြီးဟာ အသက်အရှည်ကြီး နေမယ် ဆိုရင် သူသေတဲ့ အချိန်မှာ မင်းသားလည်း အဘိုးကြီးဖြစ်နေလောက်ရော့ပေါ့။ အဲဒီအချိန်ကျတော့ အလွန်ကောင်းမွန်ချမ်းသားတဲ့ မင်းစည်းစိမ်ကို ဘယ်လိုကျကျ နနစံစားနိုင် တော့မှာလဲ၊ မင်းစည်းစိမ်ကို အပြည့်အဝခံစားနိုင် ဖို့ဆိုရင် အခုထဲက ဘုရင်ဖြစ်နေ မှဖြစ်မှာပေါ့။ ဒီတော့ ဘုရင်ကြီးကို အခုတစ်ခါတည်းလုပ်ကြံ လိုက်ရမှာ ဖြစ်တယ် ငါ့တပည့်"။

အဇာတသတ်မင်းသားသည် သူ့ဆရာဒေဝဒတ်ပေးသော အကြံကို လက်ခံလိုက်ခါ ခမည်းတော်ဘုရင်ကြီးအား လုပ်ကြံသတ်ဖြတ်ရန် တစ်ညသော သန်းခေါင်ယံ၌ ဗိမ္ဗိသာရစက်တော်ခေါ် သည့် အခန်းတွင်းသို့ ဓါးကိုဆုပ်ကိုင်ပြီး တိတ်တဆိတ်ခိုး၍ ဝင်ရောက်ခဲ့လေသည်။ ထိုအချိန်တွင် အစောင့်များက သိသွားသဖြင့် ဝိုင်း၍ဖမ်းကြရာ အဇာတသတ်အား လက်တွင်ဓါးတန်းလန်းနှင့် မိခဲ့၏။ ဘုရင်အား သတ်ရန်ကြံစည်သူတရားခံအား တိုင်းပြည်၏ဥပဒေအရ ကွက်မြက်ရန်သာရှိ၏။ သို့သော်လည်း တရားစီရင်ရမည့် ဗိမ္ဗိသာရမင်းကြီး၏ နှလုံးအိမ်၌ သားကိုချစ်သောစိတ်များ ဖုံးလွှမ်းနေသောကြောင့် သစ္စာဖေါက် ရာဇဝတ်သားအား အပြစ်ဒါဏ်မှ လွှတ်ငြိမ်းခွင့်ပေးလိုက်လေသည်။

ဗိမ္ဗိသာရမင်းကြီးသည် မိမိပျိုမြစ်နုနယ်ငယ်ရွယ်စဉ်က အသက်အရွယ်အိုမင်းပြီဖြစ်သော မိမိ၏ခမည်းတော်ကြီးသည် သားဖြစ်သူ မိမိအားငဲ့ညှာသောအားဖြင့် ထီးနန်းကို လွှဲပြောင်းပေးခဲ့ပြီး ဘုရင်အဖြစ်မှ စွန့်လွှတ်ခဲ့သည့် အကြောင်းများကို ပြန်၍တွေးတောနေမိ၏။ ပြီးနောက် မိမိလည်း ဤသို့ နန်းစွန့်သင့်သည်ဟု သဘောရခါ သားတော်အိမ်ရှေ့မင်းသား အဇာတသတ်အား ထီးနန်းကို လွှဲပေးတော်မူခဲ့လေ၏။

ဒေဝဒတ်သည် တပည့်ဖြစ်သူ အဇာတသတ်မင်းသားအား ထပ်မံ၍ မသမာသော အကြံဉာဏ်ကို ဤသို့ ပေးပြန်၏။ အကယ်၍ ဗိမ္ဗိသာရဘုရင်ကြီးအား သစ္စာရှိနေသောကျေးကျွန်တို့က မခံမရပ်နိုင်ဖြစ်ခါ ဘုရင်ကြီးနှင့် ဆက်သွယ်၍ ထီးနန်းကို ပုန်ကန်ထကြွမည်ဆိုလျှင် အန္တရာယ်က မငြိမ်းသေးကြောင်း၊ ထိုအန္တရာယ်ငြိမ်းအေးစေရန် ဘုရင်ကြီးအား မည်သူနှင့်မျှ အဆက်အသွယ် မလုပ်နိုင်သည့် အကျဉ်းထောင်တွင်ချထားရန် ဟူ၍ဖြစ်၏။ ဆက်လက်၍ အဇာတသတ်သည် ဆရာစကားကိုနားထောင်၍ ခမည်းတော်ဘုရင်ကြီးအား အစာရေစာ အငတ်ထား၍ သေစေအံ့ဟု အကျဉ်းထောင်တွင် အမိန့်ချမှတ်ပြန်လေ၏။

ထိုအခါ အကျဉ်းထောင်တွင်းသို့ ဝင်ရသော အဇာတသတ်၏ မိခင် ဝေဒေဟီ မိဖုရားကြီးကိုလည်း အစားအသောက်များယူ၍ မပို့ရဟု အမိန့်ချမှတ်ပြန်သောအခါ မိဖုရားကြီးသည် မိမိ၏နန်းတွင်းဆောင်အယောင် အဝတ်အစားများတွင်း အစားအစာများကိုခိုးဝှက်၍ ယူဆောင်ကျွေးမွေးလေသည်။



နောက်ဆက်တွဲ ➤ စာ-၂၄ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၉၀။ နာဠာဂီရိ

ဒေဝဒတ္တသည် သမထကျင့်စဉ် (ဈာန်တရား) ကို ပွားများရာ အံ့ဩဖွယ် တန်ခိုးများရရှိထားပေသည်။ သူသည်ပို၍ပို၍ မာန်မာနတက်ကာ သံဃာအဖွဲ့ အစည်း၏ ခေါင်းဆောင်ဖြစ်လိုသောဆန္ဒမှာ ပြင်းပြနေပါသည်။ သူ၏ဆန္ဒမ အောင်မြင်သောအခါ ဗုဒ္ဓမြတ်စွာအား လုပ်ကြံသတ်ဖြတ်ရန် ဆုံးဖြတ်ချက် ချခဲ့ပါသည်။ နှစ်ကြိမ်နှစ်ခါ ဗုဒ္ဓမြတ်စွာအား လုပ်ကြံရန်စီစဉ်ဆောင်ရွက် ကြိုးစား သော်လည်း မအောင်မြင်ခဲ့၍ နောက်အစီအစဉ်တစ်ခုကို ထပ်မံပြုလုပ်ခဲ့ပါသည်။ ထိုအချိန် ကာလက၊ နာဠာဂီရိအမည်ရှိ အင်မတန်အားသန်သောမုန်ယိုနေသော ဆင် တစ်ကောင် ရှိပါသည်။ ပြည်သူများအတွက်အန္တရာယ်ရှိ၍ ထိုဆင်ကြီးအား တုတ်နှောင်ထားရလေသည်။ ဒေဝဒတ္တသည် ဆင်ထိန်းများအား စည်းရုံးပြီး နောက်၊ ဗုဒ္ဓမြတ်စွာ ဆွမ်းခံကြွရာလမ်းခရီးတွင် ထိုဆင်ကြီးအား လွှတ်ပေးရန် မှာကြားထားပါသည်။ ထိုအခါ ထိုဆင်ကြီးသည် ဗုဒ္ဓမြတ်စွာအား သေသည် အထိ နင်းချေပစ်ရန် ဖြစ်ပါသည်။

ဆင်ထိန်းများသည်လည်း ဒေဝဒတ္တညွှန်ကြားထားသည့်အတိုင်း ဗုဒ္ဓ မြတ်စွာ ဆွမ်းခံကြွရာလမ်းမှာ ထိုဆင်ကြီးကို လွှတ်ပေးထားပါသည်။ နာဠာဂီရိ လည်း ဗုဒ္ဓထံရှေ့ရှု၍ တရှိန်ထိုးပြေးလာပါသည်။ ရဟန်းတော်များက ဗုဒ္ဓမြတ်စွာ အားသို့ တိမ်းရှောင်ရန် တောင်းပန်လျှောက်ထားသော်လည်း ဗုဒ္ဓမြတ်စွာက အေးချမ်းတည်ငြိမ်စွာဖြင့် ဆက်လက်၍ ကြွမြဲ ကြွသွားလေသည်။

ဆင်ကြီးကလည်း နှာမောင်းထောင်၊ နားရွက်များတဖျတ်ဖျတ်ခပ်လျက် အသံပြုကာ ဗုဒ္ဓမြတ်စွာထံ ဦးတည်ပြေးဝင်လာပါသည်။ ထိုဆင်သည် စိတ်ဆိုး နေသည့်အတွက် လွန်စွာစိတ်လှုပ်ရှားပြီး စိတ်ဆင်းရဲနေလေသည်။ ဗုဒ္ဓမြတ်စွာ၏ နှလုံးသားမှ ကရုဏာ မေတ္တာတရားများသည်ဒေါသထွက်နေသောဆင်ကြီးထံသို့ ဖြန့်ဝေပေးနေပါသည်။ မေတ္တာလှိုင်းဂယက်များသည် ဆင်ကြီးထံမှောက် ရောက်ရှိသွားသောအခါ ဆင်ကြီး၏ ဒေါသသည်လည်း လျော့ပါးလာပြီး ငြိမ်သက်စပြုလာပါသည်။

ဗုဒ္ဓမြတ်စွာထံပါးသို့ ချဉ်းကပ်လာပြီး သူ၏နှာမောင်းကို နှိမ့်ချဒူးထောက် ကာ ရိုသေစွာ ဂါရဝပြုလာသည်။ ဗုဒ္ဓမြတ်စွာက ထိုဆင်ကြီး၏ဦးခေါင်းကို လက်ဝါးဖြင့် အသာသပ်ပေးပါသည်။ ဆင်ကြီးသည် ဗုဒ္ဓမြတ်စွာ၏ ခြေချရာ အနီး မြေမှုန့်များကို သူ၏နှာမောင်းဖြင့် မ,ယူလျက် ဦးခေါင်းပေါ်သို့ ကြဲဖြန့်ချ လိုက်ပါသည်။ ဗုဒ္ဓမြတ်စွာ၏မျက်နှာတော်ကို ဖူးမြော်ရင်းအနောက်ဖက်သို့ စတင် ဆုတ်ခွာသွားရာ ဗုဒ္ဓမြတ်စွာ၏မျက်နှာတော်ကို မမြင်ရမခြင်းဆုတ်ခွာသွား ပါသည်။ ဒေါသတရားကို မေတ္တာစွမ်းအားဖြင့် အောင်နိုင်ခြင်းသည် တကယ့် အစစ်အမှန်အောင်ပွဲကြီးဖြစ်ပါသည်။

**"မေတ္တမ္ဗုဆေက ဝိဓိနာဇိတ္ဝာမုနိန္ဒော" (ဇယ မင်္ဂလအဌဂါထာ)**

ဗုဒ္ဓမြတ်စွာ၏အနှိုင်းမဲ့ကရုဏာတရားဖြင့် နာဠာဂီရိဆင်ကြီးကို အောင်မြင် တော်မူခဲ့ပါသည်။

**"သဗ္ဗေဒသဗလူပေတာ ဝေသာရဇ္ဇေဟုပါဂတာ"**

**(ဓမ္မဝန္ဒနာအာဠာနာဋိယသုတ်)**

ဗုဒ္ဓမြတ်စွာအဆူဆူတို့သည် သည်းခံခွင့်လွှတ်သည့် ကရုဏာရှင်များ ဖြစ်ကြပါသည်။ သတ္တဝါအားလုံးအပေါ်မှာ အကြင်နာတရားထားရှိလေသည်။

**"မဟာကရုဏိကာဓီရာ သဗ္ဗေသာနံ သုခါဝဟာ"**

**(ဓမ္မဝန္ဒနာ အာဠာနာဋိယသုတ်)**

ဗုဒ္ဓမြတ်စွာဘုရား၏အနှိုင်းမဲ့ကရုဏာတရားသည် ဒေါသထွက်ပြီး စိတ် ဒုက္ခရောက်နေသော နာဠာဂီရိ ဆင်ကြီးအပေါ် မေတ္တာမိုးရွာသွန်းပေးလိုက် ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com

# ၉၁။ ဗုဒ္ဓမြတ်စွာကို လုပ်ကြံသတ်ဖြတ်ရန် လျှို့ဝှက်၍ ပူးပေါင်းကြံစည်ခြင်း

ဗိမ္ဗိသာရဘုရင်ကြီးကို သတ်လိုက်ခြင်းဖြင့် ဒေဝဒတ်သည် သူချမှတ်ထားသော ဗုဒ္ဓမြတ်စွာ အားလုပ်ကြံသတ်ဖြတ်ရန်ဟူသည့် လမ်းကြောင်းပေါ်မှ ခလုတ်ကန်သင်းကြီးကို ပယ်ဖျက်နိုင်ခဲ့သည်။ ဗုဒ္ဓမြတ်စွာ မရှိသည့်အခါမှသာ ကျန်ရစ်မည့်များစွာသော သံဃာထုကြီး၏ ခေါင်းဆောင်ဖြစ်လာမည် မဟုတ်ပါလား ဤသည်ပင်လျှင် သူ၏ ရည်ရွယ်ချက်ကြီး ဖြစ်၏။

ထို့ကြောင့်ဒေဝဒတ်သည် ဗုဒ္ဓမြတ်စွာအားလုပ်ကြံသတ်ဖြတ်ရန် လျှို့ဝှက်ကြံစည်မှုကြီး၌ တပည့်ကြီးအဇာတသတ်အား မိမိနှင့်အတူ ပူးပေါင်းပါဝင်စေခဲ့ခြင်းဖြစ်သည်။ သူတို့နှစ်ဦး တစ်ပေါင်းတည်း ဖြစ်သွားပြီးနောက် ဤကိစ္စကြီးကို စိတ်တိုင်းကျဆောင်ရွက်နိုင်ရန်အတွက် ကျွမ်းကျင်သော လူသတ်သမားအချို့ကို ဒေဝဒတ်အား ပေးအပ်လိုက်၏။ အဇာတသတ်ပေးအပ်လိုက်သော လူသတ်သမားများသည် ဗုဒ္ဓမြတ်စွာအား ရင်ဆိုင်တွေ့၍ သတ်ရန် အမြဲအဆင်သင့်ဖြစ်နေသည်။ အခြားတစ်ဘက်မှလည်း ပိရိစွာစီစဉ်ရသည့် လုပ်ကြံမှုကြီးမျိုး၌ မသေချာမရေရာသည့် ကိစ္စများပါဝင်နေလျှင် လုပ်ကြံရာ၌ ကမောက်ကမက် ဖြစ်၍သွားနိုင်ပေ၏။ ဤပြဿနာကို ဖြေရှင်းရန်အတွက် ဒေဝဒတ်သည် လူသတ်သမားပေါင်း သုံးဆယ့်တစ်ယောက်ကို ရွေးချယ်လိုက်၏။ ၎င်းတို့အနက် ယုံကြည်စိတ်အချရဆုံး တစ်ဦးကိုသာ ဗုဒ္ဓမြတ်စွာကိုသတ်ရန်ဟု အမိန့်ပေးထားပြီး ကျန်လူသတ်သမား သုံးဆယ်တို့သည် ဗုဒ္ဓမြတ်စွာအား လုပ်ကြံခြင်းနှင့် ပတ်သတ်၍ တစိုးတစိမျှ မသိကြပေ။

အယုံကြည်ရဆုံးလူသတ်သမားအား ဒေဝဒတ်က ဗုဒ္ဓမြတ်စွာသည် ဤနေရာ၌တစ်ပါးတည်းရပ်နား၍ အပန်းဖြေတတ်၏။ ဤနေရာ၌ မြတ်စွာဘုရားအား သတ်ဖြတ်ရန်နှင့် သတ်ပြီးပါက ဤလမ်းမှထွက်ပြေးရန်ဟု လမ်းကို အတိအကျ သတ်မှတ်ပေးကာ ညွှန်ကြားလိုက်သည်။ ထို့နောက်လူသတ်သမားနှစ်ယောက်ကို ခေါ်ပြန်၍ ဗုဒ္ဓမြတ်စွာအားသတ်၍ ထွက်ပြေးလာမည့် လူသတ်သမား၏လမ်းကိုပြောပြပြီး၊ ဒီလမ်းမှ လူတစ်ယောက်ထွက်ပြေးလာလိမ့်မည်၊ ထိုသူကို မင်းတို့နှစ်ယောက်က ဖမ်းပြီးသတ်ရမည်၊ သတ်ပြီးလျှင် ညွှန်ပြသည့်လမ်းကို မင်းတို့လွတ်အောင်ထွက်ပြေးရမည်ဟု ပြေးလမ်းကို အတိအကျ ပြော၍ ညွှန်ကြားလိုက်ပြန်၏။ ထိုနှစ်ယောက်ထွက်ပြေးမည့်လမ်းတွင် လူသတ်သမားလေးယောက်ကို ချထားပြီး ထွက်ပြေးလာမည့်လူနှစ်ယောက်ကို သတ်ခိုင်းပြန်သည်။ သတ်ပြီးလျှင် ၎င်းတို့လေးယောက်ကို ဤလမ်းက ထွက်ပြေးကြဟု ပြေးလမ်းကိုသတ်မှတ်၍ ညွှန်ကြားပြန်၏။ ၎င်းလေးယောက်တို့ ထွက်ပြေးလာမည့်လမ်းတွင် လူသတ်မားရှစ်ယောက်ကို ချထားပြန်ခါ ထွက်ပြေးလာမည့် လေးယောက်ကို သတ်စေ၏။ ပြီးလျှင် လူသတ်သမားရှစ်ယောက်အား အတိအကျ သတ်မှတ်ထားသော လမ်းမှထွက်ပြေးကြရန် ညွှန်ကြားပြန်၏။ နောက်ဆုံးပိတ်၌ ရှစ်ယောက်တို့ ထွက်ပြေးလာမည့်လမ်းတွင် လူသတ် ဆယ့်ခြောက်ယောက်တို့အား ချထားပြန်ခါ ပြေးလာမည့် ရှစ်ယောက်အား သတ်စေပြန်၏။ ရှစ်ယောက်သေဆုံးပြီးပါက လူသတ်သမားတစ်ဆယ့်ခြောက်ယောက်တို့သည် မိမိတို့၏ကိုယ် အစီအစဉ်များဖြင့် သီးခြားလမ်းတို့မှ ထွက်ပြေးကြရန် ညွှန်ကြားထားလေသည်။

ဒေဝဒတ်၏အယုံကြည်ရဆုံး ပထမလူသတ်သမားသည် အစီစဉ်အတိုင်း ဗုဒ္ဓမြတ်စွာအပန်းဖြေရပ်နားတော်မူရာသို့ ရောက်သွားရာ ဘုရားရှင်ကို ခပ်လှမ်းလှမ်းမှ မြင်ကတည်းက ထိတ်လန့် ချောက်ချားကာ တတုံကရင်ဖြစ်နေလေသည်။ တုန်လှုပ်ချောက်ချားလျက် တောင့်တင်းသော ကိုယ်ဖြင့် ရပ်နေလေ၏

နောက်ဆက်တွဲ ➤ စာ-၂၅ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၉၂။ ကိုယ်တိုင်လုပ်ကြံသတ်ဖြတ်တော့မည့်ဒေဝဒတ်

ဗုဒ္ဓမြတ်စွာအား လှျို့ဝှက်၍ ပူးပေါင်းကြံစည်သတ်ဖြတ်မှုကြီးလည်း မအောင်မြင်၊ တစ်ဖန် ဤကြီးပန်းမှုကြီးကို မပေါက်ကြားရအောင် ထိန်းသိမ်းထားရပြန်သဖြင့်လည်း ဒေဝဒတ်သည် ပင်ပန်းကြီးစွာဖြင့် မတည်မငြိမ် စိတ်လှုပ်ရှားလျက်ရှိ၏။ ပို၍ဆိုးသည်မှာ နာဠာဂီရိဆင်ဖြင့် နင်း၍ သတ်သော အကြံကလည်း မအောင်မြင်ခဲ့ခြင်းဖြစ်လေသည်။ နောက်ဆုံး၌ မိမိကိုယ်တိုင် သတ်တော့မည်ဟု စိတ်ဆုံးဖြတ်လိုက်တော့၏။


ရာဇဂြိုလ်ပြည်၏မနီးမဝေး၌ ဂိဇ္ဈကုဋ်တောင်တည်ရှိပါသည်။ ဤတောင်ပေါ်၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးတော်မူသော ကျောင်းတော်ကြီးရှိရာ နေ့စဉ် ရာဇဂြိုလ်ပြည်မှ ဆွမ်းခံပြီး ပြန်ကြွတော်မူသည့်အခါတိုင်း ဤတောင်ပေါ်သို့ တစ်လှမ်းချင်းတက်၍ ပြန်ကြွတော်မူပါသည်။ ခရီးတစ်ဝက်ခန့်ရောက်လျှင် အမောအပန်းပြေ ခေတ္တနားနေလေ့ရှိ၏။ ဤသို့ဗုဒ္ဓမြတ်စွာ နားလေ့ရှိသည့် နေရာသည် ဗုဒ္ဓမြတ်စွာအား လုပ်ကြံသတ်ဖြတ်ရန် အကောင်းဆုံး ဖြစ်သည်ဟု ဒေဝဒတ်က ကြံစည်ထားခြင်းဖြစ်သည်။ ထိုနေ့သို့ရောက်သောအခါ ဒေဝဒတ်သည် ဂိဇ္ဈကုဋ်တောင်ထိပ်မှ ကြီးမားလှသည့် ကျောက်တုံးကြီးကို ဗုဒ္ဓမြတ်စွာထံသို့ တွန်းချလိုက်လေ၏။ ကျောက်တုံးကြီးသည် အရှိန်ပြင်းစွာဖြင့် ဗုဒ္ဓမြတ်စွာရှိတော်မူရာ တည့်တည့်သို့ လိမ့်ဆင်းလာလေသည်။ သို့သော် မထင်မှတ်ဘဲ လမ်း၌ တောင်ထွဋ်နှစ်ခုသည် အလိုလို ထိမိ၍ ဖြုံးကနဲ ရပ်သွားတော့သည်။ သို့သော် အရှိန်က ပြင်းလွန်းသဖြင့် ကျောက်တုံးချင်း တိုက်မိရာမှ လွင့်စင်လာသော အပိုင်းအစတစ်ခုသည် ဗုဒ္ဓမြတ်စွာ၏ ခြေတော်သို့ ထိမှန်လေ၏။ ခြေတော်၌ သွေးစိမ်းတည်၏။

ဗုဒ္ဓမြတ်စွာ၏ခြေတော်တွင် ထိခိုက်မှုကြီးကြောင့် ကြီးမားသော ကာယိကဒုက္ခကြီးကို ခံစားနေရ တော်မူချိန်၌ ဒေဝဒတ်သည် ကြံစည်မှုကြီး ပျက်စီးရသဖြင့် စိတ်ဆင်းရဲစွာ ခံစားလျက် စိတ်မတည်မငြိမ် နေအိမ်သို့ ပြန်သွားခဲ့လေသည်။ ဗုဒ္ဓမြတ်စွာမူကား ဤနာကျင်မှုဝေဒနာကြီးကို ဥပေက္ခာဟူသော စိတ်နှင့် အညီ အမျှထား၍ ရှုတော်မူလျက် ရှိလေ၏။ ရဟန်းတော်တို့က ပထမ ဘုရားရှင်ကို မန္ဒကုစ္ဆိ ဥယျာဉ်ကျောင်းကို ပင့်ဆောင်ကြ၏။ ထို့နောက် ဗုဒ္ဓမြတ်စွာက ဇီဝက ဥယျာဉ်ကျောင်းသို့ ကြွလိုသည်။ ထိုကျောင်းသို့ ဆက်လက်ပင့်ဆောင် သွားကြ၏။

**သုခိနောဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု၊ သုခိတတ္တာ။**

**မေတ္တသုတ္တံ**

http://www.dhammadownload.com



http://www.dhammadownload.com

## ၉၃။ လိစ္ဆဝီမင်းသားတို့အား သမ္မတနိုင်ငံတော်၏ လုံခြုံရေးအတွက် မြွက်ကြားတော်မူခြင်း

တရံရောအခါက ဗုဒ္ဓမြတ်စွာသည် ဝေသာလီပြည်၌ တည်ထား ကိုးကွယ်အပ်သော သာရံဒတစေတီတော်ကြီး၌ သီတင်းသုံးစံပယ်တော်မူလျက်ရှိ၏။ ထိုအချိန်တွင် လိစ္ဆဝီမင်းသားများနှင့် အပေါင်းအပါပရိတ်သတ်ကြီးသည် ဗုဒ္ဓမြတ်စွာဘုရားအား လာရောက်ဖူးမျှော်ကြကာ နေကြပါသည်။ အေးချမ်းသာယာသော ဝေသာလီပြည်ရှိ ပြည်သူပြည်သားအပေါင်းသည်လည်း ပျော်ရွှင် ချမ်းမြေ့လျက်ရှိကြ၏။ မာဂဓတိုင်းကြီးကို အစိုးရသော အဇာတသတ်မင်းက ဝေသာလီပြည်ကြီးကို ဝင်ရောက်တိုက်မည့်အန္တရာယ်ကို မကြာခဏ ရင်ဆိုင်ခဲ့ရ၏။ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်သည် သကျသာကီမင်းမျိုးရိုးဖြစ်တော်မူသောကြောင့် မိမိတို့၏သမ္မတနိုင်ငံတော်သည် တစ်ချိန်က ကောသလဘုရင်ကြီးအား အခွန်ပဏ္ဏာဆက်သရသော လက်အောက်ခံနိုင်ငံတစ်ခုဖြစ်သွားစဉ်၌ မင်းနှင့်တကွတိုင်းသူပြည်သားတို့ မည်မျှခံစားခဲ့ရကြောင်းကို သိရှိတော်မူပါသည်။ တိုင်းတပါး၏ လက်အောက်ခံ ကျွန်နိုင်ငံဘဝ၏ ခါးသီးသောအဖြစ်ဆိုးများကို သိရှိတော်မူသည့်အလျောက် ဗုဒ္ဓမြတ်စွာသည် လိစ္ဆဝီမင်းသားတို့အား ၎င်းတို့၏ လွတ်လပ်သော ဝေသာလီသမ္မတနိုင်ငံတော်ကြီးကို မည်ကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်သွားရမည့်အကြောင်း လက်တွေ့ကျသည့် အကြံဉာဏ်များဖြင့် အောက်ပါအတိုင်း မြွက်ကြား တော်မူပါသည်။

၁။ "အို- အာနန္ဒာ ဝေသာလီပြည်ကိုအစိုးရသော လိစ္ဆဝီမင်းသား တို့သည် စည်းလုံးညီညွတ်ကြခါ မကြာခဏ လွှတ်တော်တွင် တိုင်ပင်စည်းဝေးကြလျှင် မည်သည့် အခါမျှ ရှုံးနိမ့်ခြင်း မရှိနိုင်ပါ။"

ဝေသာလီမင်းများသည် နိုင်ငံ၏ လုံခြုံရေးကိစ္စများကို သုံးသပ်ဆွေးနွေးကြရပါမည်။ ဤသို့တက်ကြွ နိုးကြားနေလျှင် နိုင်ငံတော်အား ထိပါးလာမှုကို ချက်ခြင်းသိပြီး မိမိတပ်များကို ပူးပေါင်းစုဖွဲ့၍ ရန်သူကို ချေမှုန်း ပစ်နိုင်ပါလိမ့်မည်။

၂။ "အို- အာနန္ဒာ - လိစ္ဆဝီမင်းသားတို့သည် ညီညွတ်ပြေလည်စွာ စည်းဝေးတိုင်ပင်ကြခါ စည်းဝေးကို ဆုံးဖြတ်ချက်အရ ပြုဖွယ်ရာ တာဝန်များကို ညီညွတ်စွာ ဆောင်ရွက်သွားကြလျှင် မည်သည့်အခါမျှ ရှုံးနိမ့်ခြင်းမရှိနိုင်ပါ။"

၃။ "အို - အာနန္ဒာ လိစ္ဆဝီမင်းသားတို့ ဝေသာလီပြည်သူပြည်သားအပေါင်းတို့သည် တိုင်းပြည်၏ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေနှင့် တရားဥပဒေတို့ကို ချိုးဖေါက်ခြင်း မပြုသည့် ကာလပတ်လုံး မည်သည့်အခါမျှ ရှုံးနိမ့်လိမ့်မည် မဟုတ်ပါ။"

၄။ "အို- အာနန္ဒာ လိစ္ဆဝီမင်းသားတို့သည် သက်ကြီး ရွယ်အိုများကို ကိုင်းရှိုင်း၍ နေကြသည့်ကာလပတ်လုံး၊ ချစ်ကြောက်ရိုသေကြပြီး ချီးမြှောက်ဂုဏ်ပြု၍ နေကြသည့်ကာလပတ်လုံး၊ သက်ကြီးရွယ်အိုများ၏ အဆုံးအမများကို အလေးထားနေကြသည့် ကာလပတ်လုံး၊ ထိုသူတို့၏ အဖိုးတန်လှသော အတွေ့အကြုံကျေးဇူးများကို ခံစားကြရမည်ဖြစ်သည်။

၅။ "အို - အာနန္ဒာ လိစ္ဆဝီမင်းသားတို့၊ ဝေသာလီပြည်သူပြည်သားတို့သည် တိုင်းပြည်ရှိ ရဟန္တာအစရှိသော သူတော်စင် သူတော်ကောင်းတို့လုံခြုံအေးချမ်းစွာ သတင်း သုံးနိုင်ရန်အတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများ ထားရှိပေးနေရမည်။

ဗုဒ္ဓမြတ်စွာသည် ဤအကြံပြုချက်များကို အရှင်အာနန္ဒာမှ တဆင့် လိစ္ဆမင်းသားတို့ကို မှာကြားလိုသည်။ ဤသို့အကြံပြုချက်များအတိုင်း ဝေသာလီပြည်ကို အုပ်စိုးသော လိစ္ဆဝီမင်းတို့ ရိုသေစွာ လိုက်နာကျင့်သုံးကြသဖြင့် ဝေသာလီပြည်ကြီးသည် အခွန့်ရှည်စွာ တည်တံ့နေခဲ့ပါသတည်း။

http://www.dhammadownload.com



http://www.dhammadownload.com

## ၉၄။ ထိတ်လန့်ကြောက်ရွံ့နေသော အဇာတသတ်

ရာဇဂြိုဟ်ပြည်ကြီး၏ ထီးနန်းကို စိုးစံတော်မူရသော ဘုရင်ကြီးတစ်ဆူဖြစ်လာသည့် အဇာတသတ်သည် ဤရွှေ့ဤမျှ ခမ်းနားကြီးကျယ်လှသည့် မင်းဧကရာဇ်၏ စည်းစိမ်ကြီးကို စံစားနေရသော်လည်း အဖကိုသတ်သည့် အပြစ်ကြီးကြောင့် အနည်းငယ်မျှ စိတ်ချမ်းသာမှုကို မရခဲ့ပါ။ စိတ်သက်သာရာသက်သာကြောင်းကိုသာ အမြဲရှာဖွေနေခဲ့၏။ ဝါတွင်းကာလတစ်ခုသော လပြည့်နေ့၌ အဇာတသတ်သည် ရွှေနန်းတော်အမိုးပေါ်၌ တည် ဆောက်ထားသော ဟင်းလင်းပြင်၊ လေသာဆောင်၌ မှူးမတ်အပေါင်းခြံရံလျက် စံနေတော်မူ၏။ လပြည့်ဝန်းသည် ကောင်းကင်တစ်ခုလုံးနှင့်တကွ မြေပြင်အားလုံးကိုပါ ဘော်ငွေရောင်များဖြင့် ထွန်းလင်းစေပြီး ထိန်ထိန်သာလျက်ရှိပါသည်။ ဤမျှ ခမ်းနားလှပနေသည့် ညချမ်းအချိန်သည် ပြည်သူအပေါင်း၏ စိတ်နှလုံးကို သိမ်းကြုံးဆွဲဆောင်ကာ ပျော့ပြောင်းနူးညံ့သွားစေမည်မှာ အမှန်ဖြစ်ပါသည်။ သို့သော် ဤမျှသာယာသော ညချမ်းအခါသည် အဇာတသတ်မင်း၏ စိုးရိမ်စိတ်များကို မည်သို့မျှ မဖြေသိမ့်နိုင်ခဲ့ပါ။ အဖကို သတ်သော အဇာတသတ်သည် မိမိအား ဤစိုးရိမ်မှုကြီးမှ ကယ်တင်ပေးနိုင်မည့် သူတော်စင်တစ်ဦးနှင့် တွေ့ဆုံလိုသည့် ဆန္ဒများပြင်းပြလျက်ရှိပေ၏။

ခစားလျက်ရှိကြသော မှူးကြီးမတ်ကြီးများလည်း မိမိတို့တစ်ဦးချင်းစီ သိရှိထားသော ထင်ရှားကျော်ကြားသည့် ဘာသာရေး ခေါင်းဆောင်ကြီးများထံသို့ သွားရောက်ခါ ဤစိတ်ဝေဒနာကို ကုသသင့်ကြောင်း လျှောက်ထားခဲ့ကြ၏။ အဇာတသတ်သည် ထိုခေါင်းဆောင်ကြီး ခြောက်ဦးလုံးနှင့် တွေ့ဆုံပြီးခဲ့ပါပြီ။ သို့သော် ထိုဆရာကြီးများသည် မိမိအား မကုစားနိုင်ကြပါ။ လေသာဆောင်တွင် ယခုခစားလျက်ရှိကြသော သူများတွင် ဗုဒ္ဓမြတ်စွာ၏တပည့်၊ နန်းတွင်းသမားတော်ကြီး ဇီဝကလည်း အပါအဝင်ဖြစ်၏။ အခြားမှူးမတ်များက အသီးသီး လျှောက်ထားသွားကြသော်လည်း ဇီဝကသည် လျှောက်ထားခြင်း မရှိသဖြင့် အဇာတသတ်က ဇီဝကအားလျှောက်ထားရန် ရှိမရှိမေးရသည်။ ဇီဝကသည် ချက်ခြင်းပင် "အရှင်မင်းကြီး ယခု အချိန်၌ ဗုဒ္ဓမြတ်စွာသည် ကျွန်တော်မျိုး၏ သရက်ပင်တောအုပ်၌ တပည့်သံဃာ အပေါင်းတစ်ထောင့်နှစ်ရာငါးဆယ် ကျော်တို့နှင့် အတူ စံပယ်တော်မူလျက်ရှိပါသည်။ အရှင်မင်းကြီးသည် ဗုဒ္ဓအထံတော်သို့ ယခုပင် ကျွန်တော်မျိုးနှင့် အတူ ကြွချီတော်မူပါဘုရား" ဟု လျှောက်တင်လိုက်၏။ အဇာတသတ်သည် ဇီဝက၏ လျှောက်ထားချက်ကို အသင့်စောင့်နေသူဖြစ်သည့်အတိုင်း ကကြိုးတန်ဆာအပြည့်ဆင်ယဉ်ထားသည့် ဆင်တော်ကိုစီး၍ ဆွေတော်မျိုးတော်၊ မောင်းမမိဿ အခြံ အရံများဖြင့် ဇီဝကနှင့်အတူ ဗုဒ္ဓမြတ်စွာ စံပယ်တော်မူရာ သရက်ပင်တောအုပ်သို့ ချီတက်လေ၏။

တောအုပ်အဝင်သို့ ရောက်သွားကြသောအခါ ပတ်ဝန်းကျင် တစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်ပြီး အသံဟူ၍ မည်သည့်အသံမျှ မကြားရ။ ဇီဝက လျှောက်တင်စဉ်က ဗုဒ္ဓမြတ်စွာနှင့်တကွ သံဃာတော်ပေါင်းတစ်ထောင့်နှစ်ရာကျော်တို့အတူ စုဝေးလျက်ရှိသည်ဟု ဆို၏။ ယခုသံဃာထုကြီးနှင့် အလွန်နီးကပ်၍ လာပြီဖြစ်သော်လည်း လူသံဆို၍ ချောင်းဟန့်သည့် အသံသော်မျှ မကြားရပါကလား။ မဖြစ်နိုင်ဘူး။ ဇီဝကဟာ ငါ့ကို ရန်သူ့လက်ထဲအပ်ဖို့ လိမ်ခေါ်လာတာဘဲဖြစ်မယ်ဟု အဇာတသတ်သည် ချက်ခြင်းတွေးမိကာ အကြောက်ကြီးကြောက်၍ သွားတော့၏။ ကြက်သီးမွေးညှင်းများထခါ မိမိကိုယ် မိမိလည်း ပိုက်ကွန်ထဲသို့ မိသွားသော သားကောင်တစ်ကောင်ကဲ့သို့ ခံစားလိုက်ရလေသည်။ ထို့ကြောင့် ကြောက်အားလန့်အားဖြင့် "မိတ်ဆွေကြီး ဇီဝက၊ မင်းဟာငါ့ကို ထောင်ချောက်ဆင်ပြီးဖမ်းလိုက်တာဘဲ မဟုတ်လား၊ ငါ့ကို လှည့်စားပြီး ရန်သူ



နောက်ဆက်တွဲ ➤ စာ-၂၅ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၉၅။ အမ္ဗပါလီ နှင့် လိစ္ဆဝီမင်းသားများ

မာဂဓတိုင်း၏ ပြည့်ရှင်ဗိမ္ဗိသာရမင်းကြီးသည် ဝေသာလီမှ ပြည့်တန်ဆာ အမ္ဗပါလီနှင့် တညတာ အတူနေခဲ့ရာမှ ဝိမလကောဏ္ဍည အမည်ရှိသား တစ်ဦး ဖွားမြင့်ခဲ့သည်။ ဗိမ္ဗိသာရမင်းကြီးသည် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတွင် တည်သော ဒါယိကာတစ်ဦးဖြစ်၏။ အမ္ဗပါလီနှင့် ရရှိခဲ့သောသားသည် အရွယ်ရောက်သော အခါ သာသနာ့ဘောင်သို့ဝင်ပြီးနောက် ရဟန္တာအရှင်မြတ် တစ်ပါးဖြစ်ခဲ့သည်။ ထိုသို့သော အကြောင်းများကြောင့် အမ္ဗပါလီသည်လည်း ပြည့်တန်ဆာအလုပ်ကို စွန့်ပြီး ဗုဒ္ဓမြတ်စွာအား ကြည်ညိုဆည်းကပ်သူ ဒါယိကာမ တစ်ဦးဖြစ်လာသည်။ ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန်မပြုမီ ရာဇဂိုဟ်မှ ဝေသာလီသို့ကြွရောက်တော်မူစဉ် ဝေသာလီမှ မင်းမျိုးမင်းနွယ်သူဌေး၊ သူကြွယ်တို့သည် သရက်ဥယျာဉ်တွင် သီးတင်းသုံးလျက် နေသော ဗုဒ္ဓမြတ်စွာ ထံသို့ အလျင်အမြန်လာရောက် ဖူးမြော်ကြသည်။ သို့သော် အမ္ဗပါလီ၏ သရက်ဥယျာဉ်တွင် သီတင်းသုံးလျက်ရှိသောကြောင့် သူမသည် ဦးစွာ ဖူးမျှော် ခွင့်ရသူဖြစ်သည်။ နောက်နေ့နံနက်တွင်လည်း အမ္ဗပါလီက မိမိ၏ နေအိမ်တွင် ဆွမ်းဘုန်းပေးရန် လျှောက်ထားရာ ဗုဒ္ဓမြတ်စွာက ဆိတ်ဆိတ် နေခြင်းဖြင့် လက်ခံတော်မူခဲ့သည်။ ဝေသာလီမှ မင်းမျိုးမင်းနွယ်သူဌေး၊ သူကြွယ်တို့ က ဗုဒ္ဓမြတ်စွာအား ပထမဦးစွာ ဆွမ်းကပ်ရန် ဆန္ဒပြင်းပြကြသော်လည်း အမ္ဗပါလီသည် ဝေသာလီ၌ ပထမဆုံးဆွမ်းလှူခွင့်ရရှိခဲ့လေသည်။

အမ္ဗပါလီသည် အလွန်ဝမ်းမြောက်ဝမ်းသာစွာဖြင့် သရက်ဥယျာဉ်မှ မြို့တွင်းသို့ ရထားစီး၍ ပြန်လာသည်။ လမ်းတွင် လိစ္ဆဝီမင်းသားများလည်း ရထားများနှင့် ဗုဒ္ဓမြတ်စွာထံသို့ သွားရောက်ကြသည်ကို ရင်ဆိုင် တွေ့ရှိကြသည်။ အချို့မှာ အပြာရောင်ဝတ်ရုံများဝတ်ဆင်ပြီး အပြာရောင်ရထားများကို စီး၍ လည်းကောင်း၊ အချို့မှာ အဝါရောင်ဝတ်ရုံများ ဝတ်ဆင်ပြီး အဝါရောင်ရထား များ စီး၍လည်းကောင်း၊ အချို့မှာ အနီရောင် ဝတ်ရုံများ ဝတ်ဆင်ပြီး အနီရောင် ရထားများစီး၍လည်းကောင်း၊ အချို့မှာ အဖြူရောင်ဝတ်ရုံများ ဝတ်ဆင်၍ အဖြူရောင် ရထားများစီး၍လည်းကောင်း သွားနေကြရာ အလွန်အံ့ဩဖွယ် ကြီးကျယ်ခမ်းနားပြီး နတ်လုလင်တို့ကဲ့သို့ တင့်တယ်လှပေသည်။

သာမန်အားဖြင့် မင်းသားများ၏ရထားများဖြင့် ဆုံကြသည်ရှိသော် သာမန်လူတို့သည် မိမိတို့၏ ရထားကို လမ်း၏ဘေးသို့ဆင်း၍ ရှောင်ပေးကြရ သည်။ သို့သော် အမ္ဗပါလီသည် လွန်စွာပျော်ရွှင်နေသော ကြောင့် မိမိ၏ရထား ကို လမ်းဘေးသို့ဆင်း၍ ရှောင်မပေးဘဲ တရှိန်ထိုးမောင်းနှင် သွားရာ ရထား ဘီးချင်း၊ ဝင်ရိုးချင်း၊ ထမ်းပိုးချင်း ထိပ်တိုက် ထိခိုက်မိကြလေသည်။ လိစ္ဆဝီမင်းသား တို့သည် မကြုံစဖူးအဖြစ်အပျက်ကို အလွန်တရာ အံ့ဩစွာဖြင့် " အဘယ့်ကြောင့် ဤကဲ့သို့ ရထားကို မောင်းနှင်ရသနည်း " ဟု အမ္ဗပါလီအား မေးကြသည်။ အမ္ဗ ပါလီက ဗုဒ္ဓမြတ်စွာသည် မနက်ဖန်နံနက်တွင် သူမ၏ နေအိမ်သို့ဆွမ်းဘုန်း ပေးကြွ ရောက်ရန် လက်ခံတော်မူလိုက်သောကြောင့် အလွန်ပျော်ရွှင်၍ ရထားကို ဤသို့ မောင်းနှင်ခဲ့ကြောင်း ပြန်လည်ပြောပြသည်။ လိစ္ဆဝီမင်းသားတို့ကား နောက်ကျသွား ခဲ့လေပြီ။ ဗုဒ္ဓမြတ်စွာသည် လက်ခံပြီးသော ဆွမ်းတကာတစ်ဦးထံမှ အခြားသူ တစ်ဦးထံသို့ ပြောင်းပြီး လက်ခံမည် မဟုတ်ကြောင်းကိုလည်း သူတို့သိရှိကြပြီး ဖြစ်သဖြင့် အလွန်မှစိတ်ပျက်သွားကြသည်။ ထိုအခါ လိစ္ဆဝီမင်းသားတို့က အမ္ဗပါလီ၏ ဆွမ်းလှူခွင့်ကို သူတို့အား ပေးပါက ရွှေဒင်္ဂါးသိန်းတစ်ရာ ပေးမည်ဟု တောင်းဆိုကြသည်။ ထိုအချိန်က ပြည့်တန်ဆာ၏ကြေးမှာ အများဆုံးအဖြစ် ဂုဏ်ရှိသော ပြည့်တန်ပင်လျှင် တစ်ညအတွက် ရွှေဒင်္ဂါးငါးဆယ်သာဖြစ်သဖြင့် ရွှေဒင်္ဂါးသိန်းတစ်ရာမှာ လွန်စွာများသော အရေအတွက် ဖြစ်ခဲ့ပေသည်။ သို့သော်



နောက်ဆက်တွဲ ➤ စာ-၂၆ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၉၆။ ဗုဒ္ဓမြတ်စွာ၏ ခြေတော်အစုံကို ဦးခိုက်ခြင်း

ပသေနဒီကောသလမင်းကြီးသည် အသက်ရှစ်ဆယ်ပြည့်လုနီးပြီ၊ ဗုဒ္ဓမြတ်စွာနှင့် အနှစ်လေးဆယ်ခန့် နီးကပ်စွာနေခဲ့ရသူတစ်ဦးလည်း ဖြစ်သည်။ ဗုဒ္ဓမြတ်စွာအား အမြဲအနီးကပ်ဖူးမျှော်ရပြီး ဓမ္မဒေသနာတော်များကိုလည်း အမြဲနာကြားရသည်။ ဓမ္မဒေသနာတော်များအတိုင်း ကျင့်ကြံအားထုတ်ခြင်းဖြင့် သူ၏ဘဝတွင် ချမ်းသာမှုတို့ကိုလည်း ရရှိခဲ့ကြသည်။ ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝကများဖြစ်ကြသော ဘိက္ခုများ၊ ဘိက္ခုနီများ ဒါယကာများ၊ ဒါယိကာမများကိုလည်း အနီးကပ်မြင်တွေ့ခွင့်ရခဲ့သူတစ်ဦးဖြစ်သည်။

မိသားစုအား စွန့်ပစ်ခဲ့ပြီး ရောက်ရှိလာသော သုန္ဒရီအမည်ရှိ အမျိုးသမီးတစ်ဦးအသတ်ခံရသည့် အကြောင်းနှင့် ပတ်သက်၍ ဗုဒ္ဓမြတ်စွာသီတင်းသုံးရာကျောင်းတော်ကို ရှာဖွေခြင်းဖြင့် ထိုသေဆုံးသွားသော သုန္ဒရီ၏ အလောင်းကို တွေ့ရှိခဲ့သည်။ ဗုဒ္ဓမြတ်စွာသည် ဤကဲ့သို့သော အကြောင်းအရာကို ဆုတ်ဆိုင်းခြင်း မဖြစ်ခဲ့ပေ။ တပတ်ခန့်ကြာသောအခါ ထိုလူသတ်သမားတို့ကို ဖမ်းဆီးမိပြီး ဗုဒ္ဓမြတ်စွာနှင့် ဘိက္ခုသံဃာတော် တို့အပေါ် စွပ်စွဲမှုဖယ်ရှားခဲ့သည်။

ပသေနဒီကောသလမင်းကြီးနှင့်တကွ လူပရိသတ်တို့ စုံညီစွာစုဝေး နေခိုက် စိဥ္စမာဏသည် ဗုဒ္ဓမြတ်စွာ အား မဟုတ်မမှန်စွပ်စွဲခြင်းတို့ကို ပြုခဲ့သည်။ သို့သော် သူမ၏ မာယာဖြင့် ကိုယ်ဝန်ရှိဟန်ဆောင်ထားသော သစ်သားပြုတ် ကျ၍ စွပ်စွဲချက်မအောင်မြင်ပေ။ လိမ်ညာမှုဖြစ်ကြောင်း ထင်ရှားစွာ တွေ့ရှိခဲ့လေ သည်။

ထိုကဲ့သို့သော ကြောင်းကျိုးများစွာကို မြင်တွေ့ဖူးသော ပသေနဒီကောသလမင်းကြီးသည် ဗုဒ္ဓမြတ်စွာ အား ယုံကြည်ကိုးကွယ်မှု ပိုမိုခိုင်မာလာ သည်။ မင်းကြီး၏ ပြောကြားခဲ့သော စကားများသည် အလွန်အရေးပါ အရာ ရောက်သော အကြောင်းချင်းရာများ ဖြစ်လာခဲ့သည်။

အခါတပါး၌ ပသေနဒီကောသလမင်းကြီးသည် သကျတို့၏ နယ်ပယ်တွင်ရှိသော မေဓလမ္ပသို့ ကြွရောက်တော်မူသည်။ ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာသည်လည်း ရောက်ရှိနေကြောင်းကြားသိရ၍ ဗုဒ္ဓမြတ်စွာအား ဖူးမျှော်ရန် သွားရောက်ခဲ့သည်။ ဗုဒ္ဓမြတ်စွာ သီတင်းသုံးတော်မူရာ ကျောင်းသို့ရောက်သော အခါ ဗုဒ္ဓ၏ ခြေတော်အစုံကို နမ်းရှုံ့ခြင်း၊ လက်ဖြင့် ပွတ်သတ်ခြင်း ပြုလုပ်သဖြင့် ဗုဒ္ဓမြတ်စွာက "အို . မြတ်သော မင်းကြီး၊ အဘယ်အကြောင်း ကြောင့် အသင်သည် ကျွန်ုပ်အား အလွန်ရိုသေမြတ်နိုးခြင်း၊ ဂုဏ်ပြုခြင်းကို ပြုလုပ်နေပါ သနည်း"

ကောသလမင်းကြီးက ဤသို့ ပြန်လည်ဖြေကြားလေသည်။

"အရှင်မြတ်ဘုရား၊ တပည့်တော်သည် အလုံးစုံသော တရားဓမ္မနှင့် ပြည့်စုံသော သမ္မာသမ္ဗုဒ္ဓဖြစ်ကြောင်း သိရှိခဲ့သည်။ အရှင်ဘုရားဟောကြားတော်မူသော တရားတော်များသည်လည်း အလွန်ရှင်းလင်းလှပါသည်။ အရှင်ဘုရား၏ တပည့်သာဝကများဖြစ်ကြသော သံဃာတော်များသည်လည်း မှန်ကန်သော လမ်းစဉ်အတိုင်းလျှောက်လှမ်းနေသူများဖြစ်ကြောင်း သိရှိရပါသည်။

"အရှင်မြတ်ဘုရား၊ ဤကမ္ဘာလောကကြီးတွင် နေရာအနှံ့အပြားရှိ လူတို့သည် အချင်းချင်းငြင်းခုန်ခြင်း၊ တိုက်ခိုက်ခြင်းများကို တွေ့ရှိကြရသော်လည်း အရှင်ဘုရား၏တပည့်တော်သာဝက သံဃာတော်တို့သည် ငြင်းခုန်ခြင်း၊ တိုက်ခိုက်ခြင်းများ မရှိကြဘဲ ငြိမ်းချမ်းမှုတစွာ နေထိုင်ကြသည်ကိုလည်း တွေ့ရှိရပါသည်။" "အရှင်မြတ်ဘုရား၊ အရှင်ဘုရားတရားတော်များကို ဟောကြားစဉ် အခါ၌လည်း ထောင်ပေါင်းများစွာသော သံဃာတော်တို့သည် ဆိတ်ငြိမ်စွာ အာရုံစိုက်၍ နာကြားကြပါသည်။ ချောင်းဟန့်သံမျှကိုပင် မကြားရပါ။ အလွန် စည်းကမ်းရှိစွာ ရိုသေစွာ နာကြားနေသည်ကို အံ့သြဖွယ်ရာ မြင်တွေ့ရပါသည်။



နောက်ဆက်တွဲ ➢ စာ-၂၆ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၉၇။ ပျက်စီးခြင်းကို ဖြစ်စေတတ်သော ဇာတ်ခွဲခြားခြင်း

အိန္ဒိယနိုင်ငံ၌ ဇာတ်ခွဲခြားခြင်းကြောင့် ရက်စက်သောကိစ္စရပ်များ ရှေးအခါကစ၍ ကျင့်သုံးကြကြောင်း တွေ့ရသည်။ သကျနှင့် ကောလိယ မျိုးနွယ်တို့သည် မိမိတို့ကိုယ်မိမိတို့ မြင့်မြတ်သောခတ္တိယဇာတ်အဖြစ် မည်သူနှင့်မျှ မရောယှက်ဘဲ ဆင်းသက်လာသည်ဟု ယုံကြည်ကြသည်။ ပသေနဒီကောသလမင်းကြီးအား နိမ့်ကျသော ခတ္တိယမှ မွေးဖွားသည်ဟု ယူဆကြသည်။ သို့သော် သကျနှင့် ကောလိယတိုင်း တို့မှာ ပသေနဒီကောသလမင်းကြီး၏ ပိုင်နက်ထဲမှ တိုင်းငယ်ပြည်ငယ်များသာ ဖြစ်ကြသည်။ ထို့ကြောင့် ကောသလမင်းကြီးအား ရှစ်ခိုးကန်တော့ ကြရသည်။ သို့သော်လည်း သူတို့သည် ကောသလမင်းကြီးထက် မြင့်မြတ်သောဇာတ်မှ မွေးဖွားသည်ဟု ယူဆကြသည်။

ကောသလမင်းကြီးကိုယ်တိုင်ကလည်း သကျနှင့် ကောလိယတို့ထက် နိမ့်ကျသော ဇာတ်မှမွေးဖွားသည်ဟု ယူဆသည်။ ထို့ကြောင့် သကျမျိုးနွယ်မင်းသမီး တစ်ပါးအား မိဖုရားမြှောက်ခဲ့လျှင် သားတော်မွေးဖွားခဲ့သည်ရှိသော် မြင့်မြတ်သော ခတ္တိယမျိုးနွယ် ဖြစ်လာလိမ့်မည်။ ထိုအခါ ဇာတ်နိမ့်မှုမှ လွတ်မြောက်ပြီး ဇာတ်မြင့်သူများ ဖြစ်လာမည်။ သံဃာတော်တို့ကလည်း သကျမျိုးနွယ်များထံမှ ဆွမ်းကို ခံယူရသောအခါ ပျော်ရွှင်ကြလိမ့်မည်ဟု မင်းကြီးထင်သည်။ သို့ဖြစ်၍ မင်းကြီးသည် သကျမျိုးနွယ်မင်းသမီးတစ်ဦးအား မိမိ၏မိဖုရား အဖြစ်တင်မြှောက်ရန် တောင်းဆိုလိုက်သည်။

ထိုကဲ့သို့ တောင်းဆိုချက်ကြောင့် သကျမျိုးနွယ်တို့ အလွန်စိတ်ဆင်းရဲပူပန်ကြသည်။ မည်သူတစ်ဦး တစ်ယောက်မှ စကားမပြော ဆိုနိုင်ကြဘဲ စိတ်များမွန်းကြပ်နေကြသည်။ ဤကိစ္စသည် အလွန်ခက်ခဲသိမ်မွေ့ လှသည်။ တစ်ဖက်တွင် ၎င်းတို့၏ နယ်မြေကို ပိုင်ဆိုင်သူမင်းကြီးအား ငြင်းဆိုရန်လည်း မဖြစ်နိုင်၊ တစ်ဖက်တွင်လည်း မိမိတို့၏ မြင့်မြတ်သော သကျမျိုးနွယ်မင်းသမီးကို နိမ့်ကျသော ခတ္တိယမင်းကြီးထံ ဆက်သရန်လည်း မဖြစ်နိုင်။

ထိုအခါ ဘုရင်သုဒ္ဓေါဒန၏ ညီငယ် မဟာနာမ်မင်းထံမှ အကြံတစ်ခု ရခဲ့သည်။ သူ၏ သမီးဝါသဘခတ္တိယသည် နန်းတွင်းသူ အခိုင်းအစေတစ်ဦးနှင့် ရရှိပြီး ရုပ်ရည် အလွန်လှပသည်။ ထိုမိန်းကလေးအား မဟာနာမ်မင်းက သူ့သမီးဟု ဆိုပြီး မင်းကြီးအား ဆက်သမည်။ မင်းကြီးစေလွှတ်သော သံတမန်များသာဝတ္ထိမှ ရောက်လာသော အခါ မဟာနမ်သည် သူတို့၏ ရှေ့တွင် ယုံကြည်လောက်အောင် ဝါသဘခတ္တိယနှင့် တစ်ပန်းကန်တည်းတွင်အတူ စားသောက်ပြသည်။ ထိုအခါ သူတို့ ယုံကြည်သွားကြပြီး ဝါသဘခတ္တိကို ခေါ်ဆောင်၍ မင်းကြီးအား ဆက်သသည်။ မင်းကြီးကလည်း မိဖုရားအဖြစ် ချီးမြှောက်သည်။ ဝါသဘခတ္တိမှ ရွှေအဆင်းရှိသော ဝိဋ္ဋူဘမင်းသားလေးအား ဖွားမြင်လေသည်။ သူ့အား အိမ်ရှေ့မင်း နေရာကို ပေးခဲ့လေသည်။ ဝိဋ္ဋူဘမင်းသားလေး ကြီးပြင်းလာသောအခါ သူ့မိခင်၏ ကပ္ပိလဝတ်တိုင်းပြည်သို့ သွားရောက်လည်ပတ်ရန် ဆန္ဒပြင်းပြခဲ့သည်။ သို့သော် မိဖုရားကြီးက အဖြစ်မှန်ကိုသိသွားမည် စိုးသောကြောင့် သွားခွင့်မပြုပါ။ နောက်ဆုံးတွင် မိခင်၏ခွင့်ပြုချက်မရဘဲ ကပ္ပိလဝတ် တိုင်းပြည်သို့ သွားခဲ့သည်။ မိဖုရားကြီးကလည်း သကျတို့ထံ စေလွှတ်ပြီး အထူး အသိထားရန်မှာကြားလိုက်လေသည်။ ဝိဋ္ဋူဘ ကပ္ပိလဝတ်သို့ရောက်သောအခါ အလွန် ကြီးကျယ်ခမ်းနားစွာ ကြိုဆိုကြသည်။ ဝိဋ္ဋူဘလည်း အလွန်ပျော်ရွှင်စွာဖြင့် ပြန်လာခဲ့သည်။ သို့သော် ကံအကြောင်းတရားက လမ်းခုလတ်ရောက်သော် သူ၏ လက်ကိုင်ဓားကို သူနေခဲ့သည့် ခန်းမဆောင်တွင် ကျန်ခဲ့ကြောင်း သတိရ၍ သာဝတ္ထိပြည်မှ ကောသလ၏ စစ်တပ်ဖြင့် စစ်ချီလာလေသည်။ ဗုဒ္ဓမြတ်စွာသည် ထိုသွားချောင်း



နောက်ဆက်တွဲ ➤ စာ-၂၆ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၉၈ ။ ဗုဒ္ဓမြတ်စွာကို အမှန်တကယ်ရှိခိုးခြင်း

တရားဓမ္မကို ကျင့်ကြံအားထုတ်သောသူများစွာတို့သည် မိမိတို့၏ ဆန္ဒအလျောက်သေမည့်နေ့ကို ဆုံးဖြတ်နိုင်ကြသည်။ ဗုဒ္ဓမြတ်စွာကဲ့သို့ တရားဓမ္မကို ကျင့်ကြံအားထုတ်သူ မည်သူရှိမည်နည်း။ ဗုဒ္ဓမြတ်စွာသည် သူ၏ ပရိနိဗ္ဗာန်ပြုမည့်နေ့ကို သူဆုံးဖြတ်နိုင်ခဲ့သည်။ သေမင်းမာရ်နတ်သည် ဤသည်ကို မသိခဲ့ပါ။ ဗုဒ္ဓမြတ်စွာ များစွာသောသူတို့အား သင်ကြားပေးနေသော မွေးခြင်း၊ သေခြင်းတို့မှ လွတ်မြောက်စေသည့် တရားနည်းလမ်းများကို မာရန်နတ်မင်းသည် လုံးဝ မနှစ်သက်ပါ။

ဗုဒ္ဓမြတ်စွာသည် သူ၏နယ်မှ လွတ်မြောက်သွားခြင်းကို မကျေနပ်နိုင်ပါ။ ထို့အပြင် များစွာသောသူတို့သည် မွေးခြင်း၊ သေခြင်းတို့မှ လွတ်မြောက်ကြောင်း တရားတို့ကို ကျင့်ကြံအားထုတ်ကြ၍ မာရ်နတ်၏နယ်မှ လွတ်မြောက်ကြကုန်သည်။

အကယ်၍ ဗုဒ္ဓမြတ်စွာသည် မိမိအတွက် သံသရာမှ လွတ်မြောက်ကြောင်း ပါရမီများ ပြည့်စုံလုံလောက် ပြီးဖြစ်သည်။ မာရ်နတ်သည် ဗုဒ္ဓမြတ်စွာအား ပရိနိဗ္ဗာန်ပြုရန် ထပ်တလဲလဲ တောင်းဆိုသည်။ ( ဒီ (၁) အဋ္ဌကထာ ၂-၁၆၈ မဟာပရိနိဗ္ဗာနသုတ္တဝဏ္ဏနာ)

မာရ်နတ်သည်ထပ်မံရောက်ရှိလာကာ ယခင် ဗုဒ္ဓမြတ်စွာပြောခဲ့ဖူးသော စကားများအရ "ယခုအခါတွင် များစွာသော ဘိက္ခု- ဘိက္ခုနီ- လူပုဂ္ဂိုလ် တပည့်တပည့်မတို့သည် ဝိပဿနာ ပညာအရာတွင် ကျွမ်းကျင်စွာသိရှိပြီး ပြန်လည်သင်ကြားနိုင်ကြပြီးဖြစ်၍ အရှင်ဘုရား ပရိနိဗ္ဗာန်ပြုပါ"ဟု တောင်းဆိုပြန်သည်။

ထိုအခါ ဗုဒ္ဓမြတ်စွာက 'ဟေ့ မာရ . . ယနေ့မှစ၍ နောက်သုံးလအကြာ ကဆုန် လပြည့်နေ့တွင် တထာဂတ ငါသည် ပရိနိဗ္ဗာန်ပြုမည်။'

ထို့နောက် မဟာပရိနိဗ္ဗာန်ပြုရန် အနောက်အရပ်သို့ ကြွချီတော်မူခဲ့လေသည်။ သုံးလခန့်ကြာသော် ကုသိနာရုံ၏ မြို့အပြင် အင်ကြင်းနှစ်ပင်၏ အကြား၌ မြောက်သို့ ဦးခေါင်းပြုကာ လဲလျောင်း၍ 'ဤနေရာ၌ပင် ပရိနိဗ္ဗာန်ပြုတော့မည်' ဟု မိန့်တော်မူခဲ့ လေသည်။ ထိုအခါ ရဟန္တာ မဖြစ်သေးသော အရှင်အာနန္ဒာက ပြင်းစွာ ငိုကြွေးလေသည်။ ရဟန္တာဖြစ်ပြီးသော ဘိက္ခုတို့က **'အနိစ္စာဝတသင်္ခါရာ'** ကို ဆင်ခြင်ပွားများနေကြလေသည်။

ဤသတင်းသည် ကုသိနာရုံသို့ရောက်ခဲ့လေသည်။ လူတို့သည် အုပ်စုလိုက် ဗုဒ္ဓမြတ်စွာအား နောက်ဆုံးအနေဖြင့် ပူဇော်ရန်လာကြလေသည်။ အချို့သည် ပြင်းထန်စွာ ငိုကျွေးကြလေသည်။ အချို့သည် ပန်းများဆက်ကပ်ပူဇော်ကြသည်။ အချို့သည် ပန်းများကြဲ၍ ပူဇော်ကြသည်။ ဗုဒ္ဓမြတ်စွာဤကဲ့သို့ ပန်းများနှင့် ပူဇော်ခြင်းထက် ငါသည် သင်တို့အား ထပ်တလဲလဲ ရှင်းပြခဲ့သည့် **ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ** တရားဓမ္မကျင့်ကြံအားထုတ်ခြင်းဖြင့် ပူဇော်ခြင်းသည်သာ အမှန်တကယ် ပူဇော်ခြင်းမည်၏။

**အာရဒ္ဓဝီရိယေ ပဟိတတ္တေ၊ နိစ္စံ ဒဠှ ပရက္ကမေ။**

**သမဂ္ဂေ သာဝကေ ပဿ၊ ဧတံ ဗုဒ္ဓါနဝန္ဒနံ။**

**(ထေရီ -အပါဒါန် ၂-ပုဒ်-၁၇၁)**

အားထုတ်အပ်သော လုံ့လရှိကုန်သော နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိကုန်သော ပြင်းထန်သော လုံ့လရှိကုန်သော၊ ညီညွတ်ကုန်သော တပည့်သာဝကတို့ကို ရှုကြည့်လော့။ ဤသို့လိုက်နာခြင်းသည် ဗုဒ္ဓမြတ်စွာအား ရှိခိုးခြင်းပင်တည်း။

**(ထေရီဂါထာ မြန်မာပြန်-၉- (စာမျက်နှာ ၂၀၄)**

http://www.dhammadownload.com



http://www.dhammadownload.com

## ၉၉။ သုဘဒ္ဒရဟန်းပြုခြင်း

တစ်ချိန်က ကုသိနာရုံမြို့တွင် သုဘဒ္ဒအမည်ရှိ ပရိဗိုဇ်တစ်ဦး သီတင်းသုံးနေတော်မူသည်။ ယနေ့ည၏ နောက်ဆုံးအချိန်တွင် ဂေါတမဗုဒ္ဓ ပရိနိဗ္ဗာန်ပြုမည်ဆိုသည့် သတင်းကို သူကြားသိခဲ့သည်။

ထို့နောက် သုဘဒ္ဒပရိဗိုဇ်သည် မလ္လမင်းတို့၏ အင်ကြင်းတောသို့ ကြွခဲ့လေသည်။ ရောက်သည့်အခါ အရှင်အာနန္ဒာအား "အို . . အာနန္ဒာ၊ ကျွန်ုပ်သည် သမဏဂေါတမအား ဖူးတွေ့လိုသည်" အရှင်အာနန္ဒာက "အို . . သုဘဒ္ဒ (တထာဂတ) ဗုဒ္ဓမြတ်စွာကို ဒုက္ခမပေးပါနဲ့၊ ဗုဒ္ဓမြတ်စွာသည် အလွန် ပင်ပန်းနေသည်" ဟုဆိုသည်။ သုဘဒ္ဒပရဗိုဇ်သည် ဒုတိယအကြိမ်၊ တတိယအကြိမ် "ပရိနိဗ္ဗာန်မပြုမီ ဖူးမျှော်ပါရစေ" ဟု ဆက်လက် တောင်းဆိုလေသည်။

ဗုဒ္ဓမြတ်စွာက ထိုအသံများကို သတိပြုမိသောအခါ "အာနန္ဒာ၊ သုဘဒ္ဒကို မတားမြစ်ပါနှင့် ဖူးခွင့်ပြုလိုက်ပါ၊ သူသည် အလွန်လေးနက်သောမေးခွန်းကို မေးပါလိမ့်မည်။ ငါ့အား ဒုက္ခပေးလိုသည့်ဆန္ဒမရှိပါ။ ငါဘုရားရှင်ဟောကြားမည့် တရားဒေသနာတော်ကို သူသည် လွယ်ကူလျင်မြန်စွာ သိနားလည်လိမ့်မည်"

ထိုအခါ အာနန္ဒာမှ ခွင့်ပြု၍ ဗုဒ္ဓမြတ်စွာသီတင်းသုံးရာနေရာသို့ ရောက်ခဲ့လေသည်။ ဗုဒ္ဓမြတ်စွာအား ဖူးမျှော်ပြီးနောက် "အို အရှင်မြတ်၊ သမဏ၊ ဗြာဟ္မဏ၊ ဂိုဏ်းချုပ်၊ အာစရိယအစရှိသည်တို့သည် ပုဂ္ဂိုလ်ထူးများဟု ကြွေးကြော်နေကြသည် မှန်ပါသလား ဘုရား"

'သုဘဒ္ဒ၊ သူတို့သည် တရားအလုံးစုံ သိကြသလော၊ မသိကြသလော ဂရုမပြုပါနှင့်ဦး၊ ယခု သင့်အား၊ ဓမ္မဒေသနာ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ဟောကြားတော်မူမည်၊ ကောင်းစွာ နှလုံးသွင်းပါလော့။'

"မှန်လှပါဘုရား" ဟုဆိုပြီး ဓမ္မဒေသနာတော်ကို ကောင်းစွာနာကြားလေသည်။ ပြီးနောက် "ဘန္တေ . . အံ့ဩစရာကောင်းလေစွ၊ ကျွန်ုပ်သည် ဗုဒ္ဓမြတ်စွာအား ရိုသေစွာ ဆည်းကပ်ပါ၏။ ဓမ္မတရားတော်နှင့် ဘိက္ခုသံဃာတော်တို့အားလည်း ဆည်းကပ်ပါ၏ ယခုပင်လျှင် တပည့်တော်သည်လည်း ရဟန်းပြုလိုပါ၏"

"အို သုဘဒ္ဒ၊ ဤတရားဓမ္မကို နှစ်သက်၍ ရဟန်းပြုလိုသူသည် လေးလခန့်အထိ စမ်းစစ်ရန်တစ်နေရာတည်းတွင် သီတင်းသုံးနေထိုင်ရသည်။ လေးလနောက်ပိုင်းတွင်မှ အရည်အချင်းကို စိစစ်၍ ရဟန်းပြုခွင့်ပေးသည်။"

"အရှင်ဘုရား အခြားသောသူတို့အား ဤဓမ္မဝိနယတွင် ဓမ္မဒေသနာတော်ကို နှစ်သက်၍ ရဟန်းပြုလိုသော် လေးလအထိစမ်းစစ်ရန် ဖြစ်သော်လည်း တပည့်တော်သည် လေးနှစ်ခန့်နေထိုင်ပါမည်၊လေးနှစ်နောက်ပိုင်းတွင် ကျေနပ်စိတ်ရှိသော ဘိက္ခုက ရဟန်းပြုပါစေလော့။'

ဗုဒ္ဓမြတ်စွာသည် သူ၏မြဲမြံတည်တံ့သော သဒ္ဓါစိတ်ကို သိမြင်တော်မူ၍ 'အို အာနန္ဒာ၊ သုဘဒ္ဒအား ယခုပင်လျင် ရဟန်းပြုပေးပါလော့' ဟု မိန့်တော်မူသည်။ အရှင်အာနန္ဒာက ဗုဒ္ဓမြတ်စွာ၏ ရှေ့မှောက်တွင်ပင် သုဘဒ္ဒပုရဗိုဇ်ကို ရဟန်း ပြုပေးလေသည်။ "အို သုဘဒ္ဒ၊ သင်သည် ကောင်းသောအကျိုးကို ရရှိခဲ့လေပြီ"

သုဘဒ္ဒရဟန်းသည် မျှားမကြာမီအချိန်အတောအတွင်း ကြိုးစားကျင့်ကြံအားထုတ်လေသည်။ ထိုမှတဆင့် ရဟန္တာတို့တွင် တစ်ပါးအပါအဝင် ဖြစ်ခဲ့လေသည်။ သူသည် ဗုဒ္ဓမြတ်စွာ၏ ပရိနိဗ္ဗာန်မပြုမီ နောက်ဆုံးတပည့်သာဝကဖြစ်ခဲ့လေသည်။

http://www.dhammadownload.com



http://www.dhammadownload.com

## ၁၀၀။ တထာဂတ၏ ဓါတ်တော်ခွဲဝေပူဇော်ခြင်း

ကဆုန်လပြည့်နေ့ညကို ကျော်လွန်ပြီး နံနက်မိုးမလင်းမီတွင် သက်တော် ၈၀ ပြည့်မြောက်ပြီဖြစ်သော ဗုဒ္ဓမြတ်စွာသည် မဟာပရိနိဗ္ဗာန်ပြုလိမ့်မည်၊ တိတ်ဆိတ်ငြိမ်သက်နေသော ထိုအချိန်တွင် အရှင်အာနန္ဒာ၏စိတ်၌ အကြံတစ်ခုပေါ်လာကာ ဗုဒ္ဓမြတ်စွာအား လျှောက်ထားလေသည်။ "အရှင်ဘုရား၊ အရှင်ဘုရား ပရိနိဗ္ဗာန်ပြုပြီးသောအခါ အရှင်ဘုရား၏ ဥတုဇရုပ်ကလာပ်အား တပည့်တော်တို့သည် မည်ကဲ့သို့ ဆောင်ရွက်ကြရမည်နည်း"

ဗုဒ္ဓမြတ်စွာက ပြုံးတော်မူ၍ "ချစ်သားအာနန္ဒာ၊ စကြာဝတေးမင်း၏ ဥတုဇရုပ်ကလာပ်၌ ဆောင်ရွက်သကဲ့သို့ ဆောင်ရွက်အပ်ပေလော့၊ သင်သည် မြတ်သော အကျင့်တရားကို ရှာဖွေရင်းတရား အားထုတ်၍သာနေပါ"

"သဂြိုလ်ပြီးနောက်ပိုင်း ကြွင်းကျန်သောဓာတ်တော်များကို လမ်းလေးခွဆုံတွင် ဌာပနာ၍ စေတီတည်ထားလိမ့်မည်။ ထိုအခါ သဒ္ဓါတရား ရှိသူတို့က ပူဇော်၍ ကုသိုလ်ပွားကြလိမ့်မည်။ သူတို့သည် ရွှင်လန်းဝမ်းမြောက်စွာ ကြည်ညိုခြင်းဖြင့် လောကီ လောကုတ္တရာအကျိုးများဖြစ်ပေလိမ့်မည်။


ကဆုန်လပြည့်နေ့၏ညကုန်ခါနီးအခါကာလတွင် ဗုဒ္ဓမြတ်စွာ၏နောက်ဆုံးဘဝပြီးခဲ့၍ မဟာပရိနိဗ္ဗာန်ပြုတော်မူလေသည်။

အရှင်မဟာကဿပရောက်ရှိလာပြီး ဗုဒ္ဓမြတ်စွာ၏ကိုယ်ခန္ဓာကို မီးပူဇော်လေသည်။ ပူဇော်ထားသည့် မီးများ ငြိမ်းလေသော် ကြွင်းကျန်ရစ်သော ဓာတ်တော်တို့ကို မလ္လမင်းတို့က သူတို့၏တိုင်းနိုင်ငံတွင် စေတီတည်ထားပူဇော်ရန် သိမ်းယူလိုက်ကြသည်။

သို့သော် မာဂဓတိုင်း၏မင်းအဇာသတ်က ဤသတင်းကို ကြားသိရ၍ မိမိ၏တပ်များဖြင့် ကုသိနာရုံသို့ ချီတက်လာခဲ့သည်။ ထို့နောက် ၎င်းဓာတ်တော်များသည် မိမိကသာလျှင် ပိုင်ဆိုင်သည်ဟုပြောကြားလေသည်။ တချိန်တည်းမှာပင် ဗုဒ္ဓမြတ်စွာ၏မဟာပရိနိဗ္ဗာန်ပြုတော်မူခြင်းသတင်းသည် အရပ်ရပ်သို့ လျင်မြန်စွာ ပျံ့နှံ့သွားလေသည်။ ထိုအခါ ဝေသာလီပြည်ရှိ လိစ္ဆဝီမင်းသားများ၊ ကပိလဝတ်ပြည်ရှိ သာကီဝင်များ၊ အလ္လပ္ပတိုင်း၏ ကာဗုလိမင်းသားများ၊ ရာမရွာမှ ကောလိယမင်းများ၊ ဝေဋ္ဌဒီပတိုင်းမှ ဗြာဟ္မဏများနှင့် ပါဝါပြည်ရှိ မလ္လမင်းတို့ကလည်း ဓာတ်တော်များ ပိုင်ဆိုင်လို၍ တပ်များနှင့် ချီတက်လာကြလေသည်။ ဤကဲ့သို့သော အခြေအနေတွင် ဗုဒ္ဓမြတ်စွာ၏တပည့် တစ်ဦးဖြစ်သော ဗြာဟ္မဏ ဒေါနက အငြင်းပွားမှုအား ပြေလည်စေရန် ကြွင်းကျန်ရစ်သော ဓာတ်တော် အားလုံးကို ရှစ်ပုံခွဲ၍ တိုင်းနိုင်ငံ အသီးသီး၏ အုပ်ချုပ်သူတို့အား အပ်နှံလိုက်ကြလေသည်။

ထိုသူတို့သည် မိမိတို့၏ထိုင်းနိုင်ငံအသီးသီးသို့ ပြန်လည်ရောက်ရှိကြသောအခါ ရရှိလာသည့်ဓာတ်တော်တို့ကို လမ်းလေးခွဆုံရာ၌ ဌာပနာ၍ စေတီတော်များတည်ထားကိုးကွယ်ကြပြီး ကုသိုလ်တရားများ ပွားများနိုင်ကြလိမ့်မယ်၊ သဒ္ဓါတရားရှိသူ တိုင်းသူပြည်သားတို့သည် ပန်းဖြစ်စေ၊ နံ့သာဖြစ်စေ ကပ်လှူပူဇော်ကြလိမ့်မည် ထိုသို့ ပူဇော်ကြခြင်းဖြင့် ရှည်မြင့်စွာသော ကာလပတ်လုံး ထိုသူတို့သည် ကောင်းကျိုးများ ဖြစ်ထွန်းကြပေလိမ့်မည်။

http://www.dhammadownload.com



http://www.dhammadownload.com

# ၁၀၁။ ပထမသင်္ဂါယနာတင်ခြင်း

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူကြောင်းကြားသိရသောအခါ ရာဂမကင်းသော ရဟန်းများက ဝမ်းနည်းစွာ ငိုကြွေးကြသည်။ ရာဂကင်းပြီးသော ရဟန်းတို့က သင်္ခါရတရားတို့သည် အမြဲမရှိကြကုန် ထိုဖြစ်ခြင်းပျက်ခြင်း ဘာဝနာကို ဆင်ခြင်လျက် သည်းခံနိုင် ကြကုန်၏။ ထိုအချိန်တွင် အသက်ကြီးမှ ရဟန်းပြုသည့် သုဘဒ္ဒရဟန်းကြီးကမူ "ငါ့ရှင်တို့ မငိုကြလင့် ယခုမှ ငါတို့သည် သမဏဂေါတမကြီး၏ ချုပ်ချယ်မှုအမျိုးမျိုးမှ လွတ်မြောက်ပြီ။ ငါတို့လိုရာ ပြုလုပ်နိုင်တော့မည်" ဟု ဆိုလေသည်။

ဤစကားကို ကြားသိရ၍ အရှင်မဟာကဿပသည် အလွန်အံ့သြရလေသည်။ ဘုရားရှင်ပရိနိဗ္ဗာန်ပြု၍ ရုပ်ကလာပ်တော် ထင်ရှားရှိပါသေးလျက် အနားတွင် ဤကဲ့သို့ မလိမ္မာသော ရဟန်းက ဗုဒ္ဓ၏အဆုံးအမများ ဆက်လက်တည်တံ့ရေးကို ဆုတ်ယုတ်အောင် ပြုလုပ်နေပြီ၊ မနှစ်သက်သည်များကို ထုတ်ပယ်၍ နှစ်သက်ရာကို ပေါင်းစပ်တော့မည်၊ ဗုဒ္ဓသာသနာတော် ဆက်လက်တည်တံ့ရေးတွင် ကြီးစွာသော အနှောက်အယှက်များဖြစ်မည်၊ ဓမ္မအတုပေါ် လာလိမ့်မည်။

ဘုရားရှင်၏ မူရင်းစကားလုံးများ ပျောက်ကွယ်၍ လောကမှ လွတ်မြောက်ကြောင်း ရှာဖွေထားသော ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော် အဘယ်မှာ ကျန်မည်နည်း၊ အမှန်တကယ်လောကကောင်းကျိုးချမ်းသာ ပျောက်ကွယ်သွားလိမ့်မည်။

ထို့ကြောင့် အရှင်မဟာကဿပသည် ရဟန်း ၅၀၀ တို့နှင့် တိုင်ပင်၍ အားလုံး၏ ခွင့်ပြုချက်ဖြင့် ဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီး နောက်သုံးလအကြာဝါတွင်းကာလတွင် ပထမသင်္ဂါယနာတင်ပွဲကြီးကို ကျင်းပခဲ့လေသည်။

ဤသင်္ဂါယနာပွဲသည် ရာဇဂြိုဟ်မြို့ပြင်တွင်ရှိသော သတ္တပဏ္ဏိလိုဏ်ဂူတွင် မာဂဓဘုရင် အဇာတသတ်၏ကြီးကြပ်မှုဖြင့် ကျင်းပခဲ့သည်။ ဘုရားရှင် လေးဆယ့်ငါးဝါကာလပတ်လုံး ဟောကြားတော်မူခဲ့သည့် ဓမ္မနှင့်ဝိနယတို့ကို တစ်ခုချင်းစီ စစ်ခဲ့ကြသည်။


ဤသင်္ဂါယနာတင်ပွဲတွင် အရှင်အာနန္ဒာ ပါဝင်ခြင်းသည် အလွန်အရေးပါခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အရှင်အာနန္ဒာသည် လွန်ခဲ့သော နှစ်ဆယ့်ငါးနှစ်ကစ၍ ဗုဒ္ဓမြတ်စွာနှင့်အနီးကပ်ပြုစုသူ တစ်ဦး၊ အရိပ်ကဲ့သို့ နေခဲ့သူတစ်ဦးဖြစ်သည်။ မှတ်ဉာဏ်အလွန်ကောင်းပြီး ဓမ္မဒေသနာတော်တို့ကို အာဂုံဆောင်နိုင်သည်၊ သို့သော် ဤသင်္ဂါယနာတင်ပွဲသည် ရဟန္တာတို့သာပါဝင်သော ညီလာခံဖြစ်သည်။ အရှင်အာနန္ဒာသည် သောတာပန်သာဖြစ်ခဲ့သည်။ ထို့ကြောင့် ပါဝင်ရန် အခက်အခဲဖြစ်နေသည်။ ထို့ကြောင့် အရှင်အာနန္ဒာသည် တညလုံးကြိုးစား၍ အားထုတ်ခဲ့ရာ နောက်နေ့နံနက်စောစောတွင် ရဟန္တာအဆင့်သို့ ရောက်ခဲ့ပြီး ညီလာခံတွင် ပါဝင်နိုင်ခဲ့လေသည်။

ဤပထမသင်္ဂါယနာတင်ပွဲတွင် ဓမ္မနှင့်ပတ်သက်သော စိစစ်မေးမြန်းချက်များကို အရှင်မဟာကဿပမထေရ်က မေးမြန်းပြီး အရှင်အာနန္ဒာမထေရ်က အသေးစိတ်ဖြေကြားခဲ့သည်။ အလားတူပင် ဝိနယနှင့် ပတ်သက်၍ အရှင်မဟာကဿပမထေရ်က မေးမြန်းသောအခါ အရှင်ဥပါလိမထေရ်က ရှင်းလင်းဖြေကြားခဲ့သည်။ ထိုရဟန္တာမထေရ်မြတ်ကြီးများက ညှိနှိုင်းတည်းဖြတ်ပြီး အားလုံးက သဘောတူလက်ခံပြီးသောအခါ တညီတညွတ်တည်း စုပေါင်း၍ "သင်္ဂါယနာ" ဟုခေါ်ကြသည်။ ရဟန္တာငါးရာတို့ အတည်ပြုမှတ်တမ်းတင်ရွတ်ဆိုကာ သင်္ဂါယနာတင်သောကြောင့် "ပဉ္စသတိကာ သံဂီတိ" ဟုလည်း ခေါ်သည်။ ပဌမမဟာသင်္ဂီသည် ဗုဒ္ဓမြတ်စွာ၏ ဒေသနာတော်များကို မူရင်းအတိုင်းထိန်းသိမ်း



နောက်ဆက်တွဲ ➤ စာ-၂၇ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၁၀၂။ သောဏနှင့်ဥတ္တရ

ကေရာဇ်ဘုရင်အာသောကမင်းလက်ထက်က အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်သည် တတိယသင်္ဂါယနာတင်ပြီးသောအခါ ဗုဒ္ဓ၏ အဆုံးအမများကို ဆောင်သောပုဂ္ဂိုလ်များကို တိုင်းနိုင်ငံအသီးသီးသို့ သာသနာပြုစေလွှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ သုဝဏ္ဏဘူမိ သထုံပြည်သို့ အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ် ရဟန္တာအရှင်မြတ်နှစ်ပါး သာသနာပြုရောက်ရှိလာပါသည်။ မြန်မာနိုင်ငံ၌ ထိုဓမ္မ ဒူတနှစ်ပါးသည် ဗြဟ္မဇာလသုတ်တော်ကို ပထမဦးစွာ ဟောကြားတော်မူပါသည်။ လူအများသည် ထိုအဆုံးအမပေါ်တွင် သက်ဝင်ယုံကြည်ပြီး တရားဓမ္မကို လက်ခံလာကြပါသည်။ အများစုလည်း ရဟန်းသံဃာတော်များဖြစ်လာကြပါသည်။

ဗုဒ္ဓမပွင့်မီအချိန်ကာလကတည်းက မြန်မာနိုင်ငံတွင် အခြေချနေထိုင်ကြသော အိန္ဒိယနွယ်ဘွား လူမျိုးတို့၏ကွဲပြားခြားနားသော ဒဿနအယူအဆများ ရှိခဲ့သည်။ အရှင်သောဏနှင့် အရှင်ဥတ္တရတို့သည် ဗြဟ္မဇာလသုတ်တော်ကို ပထမဦးဆုံး ဟောကြားရန် ရွေးချယ်ရခြင်းမှာ ထိုဒဿနအယူအဆများ၏ လွှမ်းမိုးခြင်း ခံနေရသော အများစုအတွက် ရည်ရွယ်ပါသည်။ အရှင်သောဏနှင့် အရှင်ဥတ္တရတို့သည် မြန်မာနိုင်ငံတွင် ထိုဒဿနအယူအဆများကို မြတ်ဗုဒ္ဓ၏ တရားတော် ဖြင့် စတင်ဖယ်ရှားပြောင်းလဲခဲ့ပါသည်။

ဗြဟ္မဇာလသုတ္တံတွင် (၆၂)ပါးသော အိန္ဒိယအယူအဆဖြစ်သည့် နိစ္စနှင့် အနိစ္စ၊ ၎င်းတို့၏ မှားယွင်းသောအယူအဆများ ပါဝင်လေသည်။ ဤသုတ္တံတွင်လည်း မသန့်ရှင်းသော တရားများ၏ လိုအပ်ချက်များနှင့် မပြည့်စုံသော တရားကျင့်စဉ်များကို ဖော်ပြသည်သာမက ဝိပဿနာတရားအားထုတ်ခြင်းဖြင့် လွတ်မြောက်မှုကို ရရှိနိုင်သည့်ကျင့်စဉ်လည်း ပါရှိပါသည်။ ထိုကျင့်စဉ်သည် မြန်မာနိုင်ငံတောင်ပိုင်းတွင် ရာစုပေါင်းများစွာ ရှင်သန်လျက်ရှိပါသည်။ ဗုဒ္ဓ၏ စကားတရားတော် "တိပိဋက"သည်လည်း မြန်မာနိုင်ငံတွင် မူရင်းအတိုင်း ထိန်းသိမ်းထားပါသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓ၏အဆုံးမ (သာသနာ)သည် လုံးဝဥဿုံ ကွယ်ပျောက်သွားခြင်း မရှိခဲ့ပေ။ သို့သော်လည်း အနည်းငယ်အင်အားလျော့နည်းလာချိန်တွင် သီရိလင်္ကာမှ ပြန်လည်အင်အားဖြည့်တင်းရပါသည်။ သည်အတွက်ကြောင့် ဤနိုင်ငံ၌ သာသနာတော်သည် မြဲမြံစွာအမြစ်တွယ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ပဥ္စမနှင့် ဆဋ္ဌသင်္ဂါယနာတို့ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ဝိပဿနာကျင့်စဉ်ကြောင့် ခေတ်အဆက်ဆက် သေက္ခ၊ အသေက္ခ၊ သမုတိသံဃာနှင့် ပရမတ္ထသံဃာတော်များ ရှိခဲ့ပါသည်။ သမုတိသံဃာတော်များသည် ပုထုဇဉ်သံဃာတော်များဖြစ်ပြီး လွတ်မြောက်မှုကို မရရှိသေးသော်လည်း ထိုလွတ်မြောက်မှုအတွက် အလုပ်လုပ်နေသူများဖြစ်ကြပါသည်။ သေက္ခသံဃာတော်များမှာ မူလွတ်မြောက်မှုအဆင့်ဆင့် (သောတာပန် သကဒါဂါမ် အနာဂါမ်)ကို ခံစားပြီး နောက်ဆုံးပန်းတိုင်ဖြစ်သော ရဟန္တာအဆင့်သို့ မရောက်ရှိသေးပေ။ အသေက္ခ (ဘာကိုမျှနောက်ထပ်သင်ယူရန် မရှိသောသူ) သံဃာတော်များသည် ရဟန္တာအဆင့်ရောက်ရှိပြီး သံဃာတော်များဖြစ်ပါသည်။ ဝိပဿနာတရားပွားများခြင်းဖြင့်သာ ဤကဲ့သို့သော အဆင့်များအားလုံးကို ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတောင်ပိုင်းတွင် စစ်မှန်သန့်ရှင်းသော ဝိပဿနာကျင့်စဉ်နှင့် ဗုဒ္ဓ၏အလုံးစုံသော အဆုံးအမ (သာသနာ)ကို ထိန်းသိမ်းထားနိုင်လေသည်။

မြန်မာနိုင်ငံအလယ်ပိုင်းရှိ စစ်ကိုင်းတောင်တွင်လည်း ဝိပဿနာတရား

နောက်ဆက်တွဲ ➤ စာ-၂၉ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၁၀၃။ မှားယွင်းသော ဓမ္မကိုပြုပြင်ခြင်း

အိန္ဒိယနိုင်ငံ၏ အားလုံးသော ဘာသာရေးအစဉ်အလာသည် နှစ်ပေါင်းတစ်ထောင်မတိုင်မီက မှားယွင်းမှုများဖြစ်ခဲ့သည်။ တရားတော်လည်းကွယ်ပျောက်ခဲ့သည်။

ဂေါတမဗုဒ္ဓသက်တော်ထင်ရှားရှိစဉ် "ကုတောမာတာကုတောပိတာ" မိဘဟူ၍ အလေးမထားတိရစ္ဆာန်များကဲ့သို့ လွတ်လပ်စွာ ကာမဂုဏ်ခံစား၍နေသော နတ္ထိကဆရာတို့သည် အနာဂတ်တွင် "ဗြိဟာသွသိ" နှင့် "ကျာရ်ဝါက" အမည်ဖြင့် လွှမ်းမိုးလာခဲ့သည်။ သိဝဂိုဏ်း၊ ဗိဿနိုးဂိုဏ်း၊ ဂျိန်းဂိုဏ်းစသည်တို့သည် ဗုဒ္ဓဘာသာဘုရားကျောင်း၊ စာသင်ကျောင်းတို့တွင်ပါ အနည်းနှင့်အများ ပျံ့နှံ့လွှမ်းမိုးလာခဲ့သည်။

ထိုမကောင်းမှုအစဉ်အလာသည် ဘင်္ဂလားပြည်နယ်၊ အာသံပြည်နယ်၊ မဏိပူရပြည်နယ်မှ တဆင့် မြန်မာနိုင်ငံပုဂံမြို့သို့ ရောက်ရှိလာခဲ့ပါသည်။

သို့သော် မြန်မာနိုင်ငံ၏တောင်ပိုင်းသို့ မပျံ့နှံ့ခဲ့ပါ၊ တောင်ပိုင်းရှိ မွန်ပြည်နယ်တွင် ပိဋကတ်သည် မူရင်းမပျက်ရှိခဲ့လေသည်။ ထို့ကြောင့် ထိုနေရာ တဝိုက်တွင် သောတာပန်မှ အနာဂါမ်အဆင့်ထိ ပညာတတ်အရိယာများသာမက ပညာမရှိသော်လည်း ရဟန္တာအဆင့်ထိရောက်ရှိ သွားသောပုဂ္ဂိုလ်များရှိခဲ့ပါသည်။ ၎င်းတို့ထဲမှ ရဟန္တာတစ်ပါးဖြစ်သော ဓမ္မဒဿီသည် ပုဂံမြို့တွင် ဓမ္မကို ဤကဲ့သို့ မှားယွင်းသော အခြေအနေကိုကြားသိခဲ့ရာ ကရုဏာတော်ဖြစ်ပေါ်လာ၍ ပုဂံမြို့သို့ ကြွခဲ့လေသည်။ ထိုအခါ ဘုရင်မင်းမြတ်သည် မှားယွင်းမှုများကို တားမြစ်ခဲ့ပါသည်။ လူထုပရိသတ်တို့ကလည်း လိုက်လျှောစွာကြိုဆို၍ လက်ခံခဲ့ပါသည်။ ဓမ္မဒဿီမထေရ်မြတ်၏ ကြိုးစားမှုဖြင့် တရားတော်များ ပြန်လည်ထွန်းကားလာခဲ့သည်။ ထိုခေတ်တွင် ပုဂံမြို့ကိုအမည်အားဖြင့် အရိမဒ္ဒနပူရဟု သတ်မှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ပေပရိုက်များပေါ်တွင် ရေးသားထားသော တိပိဋကတ်များမကျန်တော့ပဲ တောင်ပိုင်းမွန်ပြည်နယ်တွင် ထိုကဲ့သို့သော ပုရပိုက်များ ၅ စုံမှ ၇ စုံထိ ကျန်ရှိခဲ့ပါသည်။ ထိုပုရပိုက်များကို ဘုရင်အနော်ရထာက ထိန်းသိမ်းထားခဲ့သည်။ ထိုကဲ့သို့ ထိန်းသိမ်းထားခဲ့သောကြောင့် ဓမ္မဒဿီမထေရ်သည် မှန်ကန်သောဓမ္မ (သဒ္ဓမ္မ) ကို ပြန်လည်၍ ပျံ့ပွားအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

**အနုယောဂေါ ဘိက္ခဝေ၊ ကုသလာနံ ဓမ္မာနံ၊ အနနုယောဂေါ အကုသလာနံ ဓမ္မာနံ သဒ္ဓမ္မဿဌိတိယာ အသမ္မောသာယ အနန္တရဓါနာယ သံဝတ္တတိ" တိ၊**

(အံ-ပါ-ပ (၁၉)

ရဟန်းတို့ ကုသိုလ်တရားတို့ကို အားထုတ်ခြင်း၊ အကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် သာသနာတော်၏ ကြာမြင့်စွာ တည်တံ့ခြင်း မပျက်စီးခြင်း မကွယ်ပျောက်ခြင်း၄ါ ဖြစ်၏။

ဓမ္မဒဿီမထေရ်သည် မြန်မာနိုင်ငံ၏ မြောက်ပိုင်းသို့ကြွ၍ မှန်ကန်သော ဓမ္မကို ပျံ့ပွားအောင် ပြုလုပ်ခဲ့ပါသည်။ စစ်ကိုင်းတောင်တွင် ပရိယတ္တိ (သို့) ဗုဒ္ဓစာပေပဋိပတ္တိ (သို့) ဝိပဿနာကျင့်စဉ်တို့၏ အဓိကနေရာဌာနများ ဖြစ်ခဲ့သည်။ ထိုနေရာ၌ မှန်ကန်သော ဓမ္မအစဉ်အလာသည် မပျက်မကွက်ရှိခဲ့ပေသည်။

ပြီးခဲ့သော ရာစုနှစ်တွင် ထိုနေရာ၌ ပူဇော်ထိုက်သော မြင့်မြတ်သော လယ်တီဆရာတော်ကြီးသည် ထင်ရှားရှိခဲ့သည်၊ ဆရာတော်ကြီးသည် လူပုဂ္ဂိုလ်တို့ကို ဝိပဿနာပညာသင်ကြားပေးရန် ပထမဦးဆုံး တပည့်ဖြစ်သူ ဆရာသက်ကို ညွှန်ကြားခဲ့သည်။ ထိုမှတဆင့် ဆရာကြီးဦးဘခင်က သင်ယူခဲ့လေသည်။ ဤသို့ဖြင့် ပဋိပတ္တိ သာသနာပြု လုပ်ငန်းများတွင် လူပုဂ္ဂိုလ်ဆရာများ စတင်လာခဲ့သည်။

http://www.dhammadownload.com



http://www.dhammadownload.com

# ၁၀၄။ ဘိက္ခုမဟိန္ဒ

ဝိဋ္ဋျူပနှင့် သူ၏တပ်သားများသဘာဝ ဘေးဒဏ်ကြောင့် သေဆုံးခဲ့ပြီးနောက် မဟာနာမသည် ပုန်းအောင်းနေရာမှ ထွက်၍မိမိ မိသားစုနှင့်တကွ ဝိဒိတသို့ သွားရောက်နေထိုင်ခဲ့လေသည်။ ထိုနေရာသည် ထိုအချိန်က ဗုဒ္ဓဘာသာဝင်တို့၏ အရိပ်ခိုရာနေရာဖြစ်ခဲ့သည်။

ဘုရင်အာသောကနှင့် ဝေဒိသဒေဝီတို့သည် ဖခင်၏ခွင့်ပြုချက်ဖြင့် လက်ထပ်ခဲ့ကြသည်။ ထို့နောက် အာသောကကို ခမည်းတော်ဘုရင်ဗိမ္ဗိသာရက အဝန္တိ၏ ဘုရင်အဖြစ်ခန့်အပ်ခဲ့သည်။ ဥဇ္ဇေနီမြို့တွင် သားတော်မဟိန္ဒနှင့် သမီးတော် သံဃမိတ္တတို့ ဖွားမြင်ခဲ့သည်။

ထိုအချိန်က ထင်ရှားသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ထံတွင် ပညာသင်ယူရန် သားတော်မဟိန္ဒနှင့်သမီးတော် သဃ်မိတ္တသို့ကို ပါတလိပုတ် နေပြည်တော်သို့ သွားရောက်စေသည်။ သားတော်နှင့်သမီးတော်တို့သည် ကျွမ်းကျင်စွာတတ်မြောက်ခဲ့လေသည်။

အာသောကမင်းကြီးသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အား ဤသို့မေးမြန်းလျှောက်ထားခဲ့သည်။ "ဗုဒ္ဓမြတ်စွာ၏ သာသနာတော်အတွက် များစွာသော အလှူဒါနတို့ကို လှူဒါန်းခဲ့ပြီးဖြစ်သောကြောင့် ကျွန်ုပ်သည် သာသနာ့အမွေခံ မဟာဥပါသိကာ ဖြစ်ပြီလော" အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က "မဖြစ်ပါ၊ သာသနာ့အမွေခံဆိုသည်မှာ မိမိမွေးဖွားသော သားတော် (သို့) သမီးတော်တို့အား သာသနာ့ဘောင်သို့ ဝင်စေနိုင်မှသာ သာသနာ့အမွေခံ မဟာဥပါသိကာဖြစ်မည်" ထိုအချိန်က သားတော်နှင့်သမီးတော်တို့ကလည်း သာသနာ့ဘောင်သို့ဝင်ရန် အသင့်ဖြစ်နေလေသည်။

သားတော် မဟိန္ဒသည် ရဟန်းပြုပြီးနောက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်၏သင်ကြားမှုဖြင့် ဝိပဿနာတရားတော်များကို စနစ်တကျ ပြင်းပြင်းထန်ထန် အားထုတ်၍ ရဟန္တာအဆင့်သို့ရောက်ခဲ့လေသည်။


အာသောကမင်းကြီးသည် ဘာရတနိုင်ငံ၏တိုင်းပြည်အသီးသီးတွင် စစ်မှန်သော သာသနာထွန်းကား ပျံ့ပွားစေရန် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်၏ ဩဝါဒဖြင့် သံဃာတော်များကို ဓမ္မဒူတစေလွှတ်ခဲ့သည်။ အရှင်မဟိန္ဒမထေရ်သည်လည်း ရဟန်းငါးပါးနှင့်အတူ သီရိလင်္ကာနိုင်ငံသို့ သာသနာပြုရန် ထွက်ခွာလာခဲ့သည်။ ရှေးဦးစွာ သူ၏ မိခင်ဖြစ်သူ ဝေဒိသဒေဝီနှင့် တွေ့ဆုံရန် ဝေဒိသဂီရိသို့ ထွက်ခွာလာခဲ့သည်။ မိခင်၏အရိပ်အာဝါသတွင် တစ်လနီးပါးခန့် သီတင်းသုံးပြီး သီရိလင်္ကာနိုင်ငံသို့ ကြွရောက်ခဲ့သည်။

ထိုအချိန်က သီရိလင်္ကာနိုင်ငံတွင် အုပ်ချုပ်သောဘုရင် ပီယဒဿီတိဿသည် အသောကမင်းကြီး၏ မိတ်ဆွေရင်းဖြစ်လေသည်။ ထို့ကြောင့် အရှင်မဟိန္ဒမထေရ်နှင့် သံဃာတော်များအား ကြိုဆိုခြင်းမှစ၍ ဘက်စုံပံ့ပိုးကူညီခဲ့လေသည်။

ဘုရင်ပီယဒဿီတိဿသည် ရဟန်းတော်သို့ ချမ်းသာစွာ သီတင်းသုံးရန်နှင့် ဥပုသ်ဆောက်တည်ရန် သူ၏စိမ်းလန်းစိုပြေသော မေဃဝန်တောကို အရှင်မဟိန္ဒမထေရ်အား လှူဒါန်းခဲ့လေသည်။ ထိုနေရာကို တိဿရာမဟု ခေါ်တွင်သည်။ ထိုနေရာတွင် အရှင်မဟိန္ဒမထေရ်၏အကြံပြုချက်အရ အသောကမင်းကြီးသည် ဗုဒ္ဓမြတ်စွာ၏ သရီရဓါတ်တော်များကို ဌာပနာ၍ ဓါတုစေတီတော်တည်ဆောက်ခဲ့ပါသည်။ ဤနေရာတွင် ပထမဝါဆိုကာလတွင် သီတင်းသုံးခြင်းဖြင့် အရှင်မဟိန္ဒမထေရ်သည် ဘုရင်ပီယဒဿီတိဿ၏ ခွင့်ပြုချက်အရ ခတ္တိယမျိုးနွယ် ၆၂ ဦးအား ရဟန်းပြုပေးခဲ့လေသည်။ ထို့နောက် ဝိပဿနာတရားတော်တို့ကို သင်ကြားပြသပေးခြင်းဖြင့် အသီးသီးရဟန္တာအဆင့်သို့ ရောက်ခဲ့ကြလေသည်။ ဤကဲ့သို့ အရှင်မဟိန္ဒမထေရ်၏ သီရိလင်္ကာနိုင်ငံသို့ ဓမ္မဒူတခရီးသည် လူသားတို့အတွက် ဓမ္မအလင်းရောင်ကို နှစ်ပေါင်းနှစ်ထောင့်လေးရာနောက်ပိုင်း

နောက်ဆက်တွဲ ➤ စာ-၂၉ သို့

http://www.dhammadownload.com



http://www.dhammadownload.com

# ၁၀၅။ သင်္ဃမိတ္တာ

အာသောကသည် ဥဇ္ဇေနီတွင် အဝန္တိပြည်၏ အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ဇနီးသည် ဝေဒိသဒေဝီသည် သားတော်ကြီး မဟိန္ဒကို မွေးဖွားခဲ့၏။ ထို့နောက် (၂) နှစ်ကြာသောအခါ သမီးတော် သင်္ဃမိတ္တာကို ဖွားမြင်ခဲ့ပါသည်။

ထိုအချိန်က ပါဋလိပုတ် နေပြည်တော်၌ စိုးစံတော်မူလျက်ရှိသော အာသောက၏ ဖခင်ဘုရင်ကြီး ဗိန္ဒုသာရသည် မနာမကျန်းဖြစ်တော်မူသဖြင့် သားတော်အာသောကသည် နေပြည်တော်သို့ သွားခဲ့ရသည်။ နေပြည်တော်သို့ မရောက်မီတွင် ဘုရင်ဗိန္ဒုသာရ မင်းကြီး နတ်ရွာစံသွားခဲ့လေ၏။ ထို့ကြောင့် နေပြည်တော်တွင် နန်းလုပွဲကြီးဖြစ်ရလေတော့သည်။ ထိုနန်းတွင်းအရေးတော်ပုံ၌ အာသောကသည် မိမိနှင့်ဖအေတူမအေကွဲညီအစ်ကိုတော်သူ မင်းညီမင်းသား စုစုပေါင်း ၉၉ ဦးကို သတ်၍ ဘုရင်အဖြစ်ကို ရယူခဲ့လေသည်။ ဤသတ်ဖြတ်မှုကြီးတွင် အာသောကသည် ညီအရင်းဖြစ်သော တိဿမင်းသားကို ချန်လှပ်ခဲ့၏။

ဥဇ္ဇေနီတွင် ကျန်ရစ်သောဇနီးသည် ဝေဒိသဒေဝီကား ဗုဒ္ဓမြတ်စွာ၏ မြင့်မြတ်ယဉ်ကျေးသော အဆုံးအမပတ်ဝန်းကျင်တွင် လူလားမြောက်၊ ကြီးပြင်းလာသူဖြစ်သည့်အားလျော်စွာ နန်းတွင်းအရေးတော်ပုံ၌ ခင်ပွန်းသည် အာသောက၏ သတ်ဖြတ်မှုကြီးကို လက်မခံနိုင်ဖြစ်ရရှာပါသည်။

ပါဋလိပုတ် နန်းတွင်းကိစ္စများ ရှုပ်ထွေးနေသည့်အနက် တစ်ခုမှာ ဇာတ်မျိုးရိုးနှင့် ပတ်သက်သော စိတ်မချမ်းမသာ ဘွယ်ရာသတင်းများ ပြန့်လွင့်နေခြင်းဖြစ်၏။ အာသောက၏အဘိုး၊ သူရဲကောင်းစစ်သူကြီး ချန္ဒြာဂုပတာ မောရယ၏ ကြင်ယာတော်သည် နန္ဒဘုရင်ကြီး၏ ကျွန်မ မူရာဆိုသူ အမျိုးသမီး ဖြစ်ကြောင်း၊ ထို့ကြောင့် အာသောက၏အဘိုး သူရဲကောင်းစစ်သူကြီးသည် ဇာတ်နိမ့်ကြောင်း၊ အာသောက၏ဇနီးသည် ဝေဒိသဒေဝီကသာလျှင် ကုန်သည် ဇာတ်မြင့်မျိုးရိုးဖြစ်ကြောင်း၊ ဤအကြောင်းများကြောင့် ပါဋလိပုတ်ထီးနန်းကို သိမ်းယူလိုက် သော အာသောကမင်းကြီး ဘုရင်အဖြစ် ဘိသိက်ခံယူပွဲ၌ ဇနီးဝေဒိသဒေဝီအား မိဖုရားကြီးအဖြစ် အသိအမှတ်မပြုနိုင်ကြောင်း ကန့်ကွက်သည့် ကောလဟာလများပင် ထွက်ပေါ်နေ၏။

စစ်သူကြီး ချန္ဒြာရုပတာ မာရယ၏ ဇာတ်မျိုးနွယ်အစစ်အမှန်မှာ စစ်သူကြီး၏ ဘိုးဘွားများသည် ပိပ္ပလဝဏ် မောရယ ခတ္တိယ မျိုးနွယ်များသာဖြစ်ကြသဖြင့် ထွက်ပေါ်နေသော ကောလာဟာလများကဲ့သို့ ဇတ်နိမ့်သူများမဟုတ်ကြပေ။

နန်းစည်းစိမ်ဟူသည်မှာ စိတ်ရှုပ်၍မကြည်လင်ဘွယ်များ အလွန်များ၏၊ ထို့ကြောင့် အာသောက၏ဇနီးသည် ဝေဒိသဒေဝီသည် ပါဋလိပုတ်သို့ မလိုက်ဘဲ စိတ်ရှုပ်ဘွယ်ရာများကင်းပြီး မိမိအားထုတ်နေသော တရားတော်ကိုလည်း တိုးတက်စေမည့် ဥဇ္ဇေနီရှိ ဖခင်ကြီးအိမ်တွင် ဖခင်ကြီးနှင့်အတူ အေးချမ်းစွာ နေထိုင်ခဲ့ပါသည်။ ဤသို့ဖြင့် နှစ်အနည်းငယ်ကြာလာသောအခါ ခင်ပွန်းသည် အာသောကမင်းကြီးသည် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမကို သက်ဝင်ယုံကြည်ခါ လိုက်နာလျက်ရှိကြောင်း၊ ထို့ပြင် တရားအရာ၌ ထင်ရှားကျော်ကြားသည့် ပညာရှင်ဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ထံတွင် တပည့်ခံ၍ တရားတော်ကို ရိုသေစွာ ကျင့်ကြံလျက်ရှိကြောင်း ကိုကြားရပါသည်။ ထို့ကြောင့် သားတော်ကြီး မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့အား ဖခင်ရှိရာ နေပြည်တော် ပါဋလိပုတ်သို့ စေလွှတ်ခဲ့ပါသည်။

ပါဋလိပုတ်နန်းတော်၌ သားတော် သမီးတော်တို့နှင့်အတူ စံမြန်းနေသော အာသောကမင်းကြီးသည် သမီးတော်ကလေး သင်္ဃမိတ္တာအရွယ်သို့ ရောက်ရှိလာသောအခါ သမီးတော်အား အဂ္ဂိဗြာဟ္မာအမည်ရှိ တော်ဝင်မိသားစုမှ လုလင်ပျိုနှင့်ထိမ်းမြားပေးတော်မူပါသည်။ ၄င်းဇနီးမောင်နှံမှ သူမနှယ်သော



နောက်ဆက်တွဲ ➤ စာ-၂၉ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၁၀၆။ တိုင်းသူပြည်သားတို့၏ အသည်းနှလုံးကို ဆွဲဆောင်နိုင်သော ဘုရင်ဇကရာဇ်

ဗုဒ္ဓမြတ်စွာသည် တစ်စုံတရာ (သို့) တစုံတစ်ယောက်အား မှီတွယ်၍ နေခြင်းကို မလိုလားပေ၊ မှီခိုခြင်းကို မလိုလားပေ။ မှီခိုခြင်းကိုလည်း အားမပေးခဲ့ပါ။

**နာညဿ ပုရိသော သိယာ၊**

**နာညံ နိဿာယ ဇီဝေယျာ၊**

တစ်စုံတစ်ယောက်သောသူသည် အခြားသူတစ်ဦးအား မှီခို၍နေသော ကျွန်အဖြစ် မနေသင့်၊

**ခုဒ္ဒကနိကာယ၊ ဥဒါနပါဠိ၊**

**ဇစ္စန္ဓဝဂ္ဂေါ၊ သတ္တဇဋိလသုတ္တံ** **စာမျက်နှာ (၁၅၅)**

ကောသလမင်း၏ လက်အောက်ခံတိုင်းအနေနှင့် နေကြသောသကျ နယ်သားများသည် မိမိကိုယ်မိမိ အားထားရာမရောက် လေးစားရာ မရောက်ကြောင်း ဗုဒ္ဓမြတ်စွာသိတော်မူသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် လွတ်လပ်သော ဝါဇီတိုင်းအား မါဂဓဘုရင်၏ လက်အောက်ခံမဖြစ်စေလိုပေ၊ ထိုစဉ်က ဗုဒ္ဓမြတ်စွာသည် ဝါဇီတို့အား ညွှန်ကြားခဲ့သော မင်းကျင့်တရားခုနစ်ပါးသည် ယခုချိန်ထိ လိုက်နာရမည့် တရားများဖြစ်သည်။


ဗုဒ္ဓမြတ်စွာသည် တိုင်းပြည်တစ်ပြည်၏ အချုပ်အချာအာဏာကို အလေးထားသည်။ တိုင်းပြည်တစ်ပြည်သည် အခြားတိုင်းပြည်၏ လက်အောက်သို့ မရောက်စေရန် ဆောင်ရွက်ရမည့် အချက်ခုနစ်ချက်ကို အောက်ပါအတိုင်း ဟောကြားတော်မူသည်။ တိုင်းပြည်၏ဝင်ပေါက် နယ်ခြားဒေသတွင် ကြီးမားကြံ့ခိုင်သော တိုင်ကြီးအား စိုက်ထူထားရမည်၊ ထိုတိုင်ကြီးသည် ဆင်ပြောင်ကြီးသော်မှ ဆွဲနုတ်၍မရသော တိုင်ကြီးဖြစ်ရမည်။ ထို့အပြင် ရေအပြည့်ရှိသော ကျုံးပတ်လည်ဝိုင်းရံလျက်ရှိမည်။ ထိုကျုံးပတ်လည်နှင့်ထူထပ်သော မြို့ရိုးကြားတွင် ကျယ်ဝန်းသောမြေပြန့် ရှိရမည်။ တိုင်းပြည်တွင် ခြေလျင်တပ်၊ ဆင်တပ်၊ မြင်းတပ်၊ ရထားလုံးတပ်များအပြင် အသေခံရှေ့ပြေးတပ်များ လည်းရှိရမည်။ မြို့တံခါးစောင့်သည် အလွန်ရဲရင့်သောစစ်သည်တော်ဖြစ်ရမည်။ လက်နက်အင်အား ခဲယမ်း မီးကျောက်များအပြင် လူအများစားသုံးရန် အစာရေစာ အလုံအလောက် ရှိရမည်။

အသောကဘုရင်သည် ကာလင်္ဂတိုင်းကို တိုက်ခိုက်သိမ်းယူပြီးနောက် ဗုဒ္ဓမြတ်စွာ၏တပည့်သာဝကဖြစ်လာသောအခါ မည်သည့်တိုင်းပြည်ကိုမှ တိုက်ခိုက်သိမ်းယူခြင်းမပြုတော့ပါဟု သံဓိဋ္ဌာန်ချခဲ့သည်။ သို့သော် အသောကဘုရင်သည် သူ၏တိုင်းကိုလည်း အခြားသောရန်သူများ တိုက်ခိုက်ခြင်းမှ ကာကွယ်ရန် ဆောင်ရွက်ခဲ့သည်။ သူသည် ခံတပ်အသီးသီးတို့ကို ဗုဒ္ဓမြတ်စွာ၏ညွှန်ကြားမှုအတိုင်း တည်ဆောက်ခဲ့ပြီး ခြေလျင်တပ်၊ မြင်းတပ်၊ ဆင်တပ်နှင့် ရထားလုံးတပ်များကိုလည်း စီစဉ်ဆောင်ရွက်ခဲ့သည်။ အသောကဘုရင် ဤကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိကြသဖြင့် နယ်ခြားတိုင်းတစ်ပါးမှလည်း ဝင်ရောက်ကျူးကျော်ခြင်း မပြုရဲကြပေ။ နယ်ခြားတိုင်းတစ်ပါးမှ လူအပေါင်းတို့သည်လည်း နယ်ခြားတိုင်ကြီးများ စိုက်ထူ၍ ဤကဲ့သို့သော စာများ ရေးထိုးကြသည်။

**သော အတ္တိ အနုသောစန ဒေဝနပြိယသ ဝိဇိနိတိကလိဂနိ၊**

ကာလင်္ဂတိုင်းကို တိုက်ခိုက်အောင်မြင်ပြီးနောက် ဒေဝနမ္ပိယတိဿသည် နောင်တတရားရပြီး လွန်စွာဝမ်းနည်းခဲ့သည်၊ သူသည် ဤကဲ့သို့ မှားယွင်းပြီး ရက်စက်ကြမ်းကြုတ်သော အလုပ်ကိုနောင်အခါတွင် မလုပ်တော့ဟု ဆုံးဖြတ်သည်။ သူ့အနေနှင့် လက်နက်နှင့်အနိုင်မကျင့်လိုပေ၊ တရားဓမ္မဖြင့်သာ လူအပေါင်းတို့၏ နှလုံးစိတ်ဝမ်းကို ငြိမ်းချမ်းစေလိုသည်။ ထို့ကြောင့် ဤကဲ့သို့ စာများရေးထိုးခဲ့ခြင်းဖြစ်သည်။

http://www.dhammadownload.com



http://www.dhammadownload.com

## ၁၀၇။ စတုတ္ထ သင်္ဂါယနာတင်ပွဲတော်

ပထမ၊ ဒုတိယနှင့် တတိယအကြိမ် သင်္ဂါယနာတင်သည့် ပွဲကြီးများကို အိန္ဒိယ ဓမ္မနိုင်ငံတော်ကြီး၌ ကျင်းပခဲ့ပါသည်။ ဤသင်္ဂါယနာတင်ပွဲကြီးများတွင် အတူ ပါဝင်ရွတ်ဆိုခဲ့ကြသော သံဃာတော်မထေရ်မြတ်အားလုံးတို့သည် ပိဋကတ်သုံးပုံလုံးကို အလွတ်ရ၍ အာရုံဆောင်နိုင်ကြသည့် ပထမ သင်္ဂါယနာ ဆဋ္ဌဘိည ပဋိသမ္ဘိဒါ ပတ္တရဟန္တာ (၅၀၀) ရာ၊ ဒုတိယသင်္ဂါယနာ ယသအမှူးရှိသော ရဟန္တာ (၇၀၀)၊ အရှင်မဟာ မောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာ (၁၀၀၀) အားလုံးသည် ပိဋကတ် သုံးပုံ နှုတ်ငုံ ဆောင်ချည်းဖြစ်သည်။ ဤသင်္ဂါယနာတင်ပွဲကြီးများ ကျင်းပပြီးသည့် နောက်ကာလ၌ အိန္ဒိယနိုင်ငံတွင် သာသနာတော်ဆုတ်ယုတ်၍ လာခဲ့ရာ တိပိဋကဓရဘွဲ့ရ သံဃာတော်များ မရှိခဲ့တော့ပါ။ ပိဋကတ်သုံးပုံအနက် သုတ္တ ပိဋက သို့မဟုတ် ဝိနယပိဋက သို့မဟုတ် အဘိဓမ္မာပိဋက၊ ပိဋကတစ်ပုံတည်းကို အာဂုံ ဆောင်နိုင်သည့် သံဃာတော်ပင် ဆုတ်ယုတ်သွားသည်။ အကြောင်းမှာ သာသနဒါယကာ အာသောကမင်းကြီး၏ နန်းသက်ကုန်ဆုံးသွားသောအခါ မောရိယမင်း များက သားစဉ်မြေးဆက်နန်းတက်၍ အုပ်စိုးခဲ့ကြသည်။ ထိုမင်းများ၏ နန်းသက် အနှစ် (၅၀) မျှမပြည့်တတ်မီ၌ နောက်ဆုံးမောရိယဘုရင်၏ စစ်သူကြီးသည် ကျေးဇူးရှင် မောရိယ ဘုရင်ကိုသတ်၍ ထီးနန်းကို လုယူခဲ့၏။ ထိုကျေးဇူးကန်းသော စစ်သူကြီး ဘုရင်ဖြစ်သည့်အချိန်မှစပြု၍ အိန္ဒိယ နိုင်ငံတော်ကြီး တစ်ဝန်းလုံး၌ အလွန်ပြင်းထန်ကြမ်းတမ်းသော မုန်တိုင်းကြီးတိုက်ခတ်၍ သွားပါသည်။ ထိုဘုရင် သည် ဗုဒ္ဓမြတ်စွာ၏တရားတော်ကိုလွန်စွာ ဆန့်ကျင်သော တရားတော်၏ ရန်သူဖြစ်၏။ ၎င်းနန်းတက်စအခါ၌ တိုင်းပြည်တွင် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတရားတော်များကြောင့် သတ္တဝါများ၏အသက်ကိုသတ်၍ ယဇ်ပူဇော်သော အလေ့အထကြီးသည် လုံးဝပျောက်ကွယ်လျက် အေးချမ်းသာယာ ရှိနေပါသည်။ ထိုအခါ ယဇ်ပူဇော်ပွဲများကို မှီ၍စားသောက်ခဲ့ကြသော ယဇ်ဆရာကြီးများအတွက် နစ်နာခဲ့မည်မှာ အမှန်ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို ဆန့်ကျင်သော ထိုဘုရင်သည် ယဇ်ပူဇော်ပွဲများကို ပြန်လည်ဖေါ်ထုတ်လျက်ရှိလေသည်။

ထို့ကြောင့် ယဇ်ပူဇော်ပွဲများတွင် အထူးကျော်ကြားသော မြင်းများကို သတ်၍ ယဇ်ပူဇော်ကြသည့် (ASHVA MEDHA YAJNA) ဟူသောပွဲများကို ပြန်လည် ကျင်းပခဲ့၏။ ဤသို့ဖြင့် မြင်းကိုသတ်၍ ပူဇော်ပွဲများမှ အစပြုကာ ယဇ်ပူဇော်ပွဲများ ခေတ်စားလာလိမ်မည့်ဟု ၎င်းက မျှော်မှန်းထားပါသည်။ သို့သော် ငယ်သားများ၏ထောက်ခံအားပေးမှုကို အပြည့်အဝမရရှိသဖြင့် ထင်သလောက် ခရီးမပေါက်ဘဲ ဖြစ်နေပါတော့၏။ ဤကျေးဇူးကန်း ဘုရင်ရှန်ဂါသည် ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို အိန္ဒိယနိုင်ငံမှ အပြီးအပိုင်အမြစ်ပါဖြုတ်၍ ဖျက်ဆီးမည်ဟု ဆုံးဖြတ်ခဲ့လေသည်။ ဤဆုံးဖြတ်ချက်ကို မည်ကဲ့သို့ အကောင်အထည်ဖေါ်မည်နည်း။

ဗုဒ္ဓမြတ်စွာ၏ သန့်ရှင်းမြင့်မြတ်သော ဓမ္မတရားတော်သည် နှုတ်က အာဂုံဆောင်၍ ဟောကြားတော်မူအပ်သော ဒေသနာတော်နှင့် ဝိပဿနာကျင့်စဉ်ဟူသော ကျောက်တိုင်ကြီးနှစ်တိုင်အပေါ်၌ ခိုင်ခန့်စွာ ရပ်တည်လျက် ရှိပါသည်။ ဤတရားတော်နှစ်ရပ်ကို ထိုခေတ်အခါက ပေထက်အက္ခရာသို့ မတင်ရသေးမီကာလဖြစ်သောကြောင့် ပို့ချရာ၌ ခက်ခဲပါသည်။ သံဃာတော် အရှင်သူမြတ်များက အာဂုံဆောင်၍ တစ်ဆင့် သင်ကြားရသောကာလ ဖြစ်၏။ ထိုကာလမှ အာဂုံဆောင် တိပိဋကဓရသံဃာတော်များ၏ ကျေးဇူးကြောင့် တရားတော်နှင့်ဝိပဿနာကျင့်စဉ်များလည်း ရှင်သန် နေခဲ့ခြင်းဖြစ်လေသည်။

တရားတော်ကို ဖျက်ဆီးမည့်ဘုရင်သည် ဤသို့တွေးလိုက်၏။ တရားတော်နှစ်ရပ်ကို ပို့ချနေသော သံဃာအပေါင်းကို သတ်ဖြတ်သုတ်သင်လိုက်ခြင်း



နောက်ဆက်တွဲ ➤ စာ-၃၁ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၁၀၈။ ပဥ္စမသင်္ဂါယနာတင်ပွဲတော်

မြန်မာနိုင်ငံတော်နှင့် သီရိလင်္ကာနိုင်ငံတော်တို့သည် ပိဋကတ်တော်လာ အငြင်းပွားဖွယ် ကိစ္စရပ်များ၊ အထူးသဖြင့် ဝိနယပိဋကတော်လာ အချက်အလက်များနှင့် ပတ်သက်၍ အငြင်းပွားဖွယ်ကိစ္စများကို တစ်နိုင်ငံနှင့် တစ်နိုင်ငံ အမေးအဖြေလုပ်၍ ဖြေရှင်းလာခဲ့ကြသည်မှာ ရာစုနှစ်ပေါင်း ကြာမြင့်ခဲ့ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံမှ ကျမ်းတတ်ပညာရှိမထေရ်ကြီးများ ထပ်ဖွင့်ဆိုချက်များ တိုးရန်သော်လည်းကောင်း၊ နှုတ်ပါယ်ရန်သော်လည်းကောင်း မရှိတော့သည့် အကြောင်းကို ခိုင်မာစွာအတည်ပြုလိုတော်မူကြသောကြောင့် နောက်တစ်ကြိမ် သံဃာတော်အပေါင်းက စုံညီရွတ်ဆိုသည့် သင်္ဂါယနာတင်ပွဲကြီးကို ပြုလုပ်တော်မူလျက်ရှိကြ၏။ ထို့ကြောင့် မြန်မာနိုင်ငံတော်၏ဘုရင်ဖြစ်သည့် မင်းတုန်းမင်းတရားကြီး၏ စောင့်ရှောက်မှုဖြင့် ပဥ္စမအကြိမ်သင်္ဂါယနာ တင်ပွဲကြီးကို ကျင်းပခဲ့ကြသည်။ ထိုပွဲတော်ကြီးကို ကြည်ညိုဖွယ်မထေရ်ကြီးများ ဖြစ်ကြသည့် တိပိဋကဓရ ဘဒ္ဒန္တ ဇာဂရာဘိဝံသမဟာထေရ်၊ နရိန္ဒာဘိဓဇမဟာထေရ် နှင့် သုမင်္ဂလာသာမိမဟာ ထေရ် တို့ ဦးဆောင်ကြီးကြပ်မှုဖြင့် သက္ကရာဇ်၏ ၁၈၇၁ တွင် ကျင်းပပြုလုပ်ခဲ့သည်။ အချိန်ကာလအားဖြင့် ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန်ပြုတော်မူပြီး၍ နှစ်ပေါင်း ၂၄၀၀ တို့သည် ပါဠိတော် အဋ္ဌကထာတို့ကို စုပေါင်းသံပြိုင်ရွတ်ဆို၍ ကျောက်ထက်အက္ခရာ တင်ကာ ငါးလတိုင်တိုင် ကျင်းပခဲ့ရသည်။

သီရိလင်္ကာနိုင်ငံတော်မှ သံဃာတော်မထေရ်မြတ်တို့သည် ပိဋကတ်သုံးပုံလုံးကို ပေထက်အက္ခရာတင်တော်မူပေးလိုက်ခြင်းဖြင့် လူသားတို့အတွက် ကြီးကျယ်သောအကျိုးတရပ်ကို ဆောင်ရွက်တော်မူခဲ့ကြပါသည်။ သို့ရာတွင် ပဥ္စမသင်္ဂါယနာတင်သံဃာတော်များသည် ပေရွက်ပေါ်တွင် ရေးထိုးသည့် ပေစာဟူသည်မှာ သက်တမ်းကြာရှည်နိုင်မည်မဟုတ်ဟု ယူဆခါ ပိဋကတ်တော်ကို ကျောက်ဖြူအပြားကြီးများပေါ်တွင် ကျွမ်းကျင်သော ကျောက်ဆစ်သွားများနှင့် ထွင်း၍ ရေးသားစေခဲ့ကြပါသည်။ မင်းတုန်းမင်းကြီးသည် မန္တလေးတောင်ခြေတွင် တည်ရှိသော ကုသိုလ်တော်ဘုရားအနီး၌ စုလစ်မွန်းချွန်သော အဆောက်အဦးကြီးတည်ဆောက်စေခဲ့ခါ ထိုခန့်ညားထည်ဝါသော အဆောက်အဦးတွင် ပိဋကတ်သုံးပုံကို ထွင်းထားသော ကျောက်ပြားကြီးပေါင်း ၇၂၉ ချပ်ကို ထား၍ ကြည်ညိုခဲ့၏။ ဤကျောက်ပြားစာမျက်နှာများ ရှိသော စာအုပ်ကြီးသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော စာအုပ်ကြီးဖြစ်ပေတော့၏။ ပဥ္စမသင်္ဂါယနာတင်ပွဲကြီးတွင် သမိုင်းတွင်မည့်အကြောင်းအရာတစ်ခုမှာ ပရိယတ္တိအရာ၌ လွန်စွာကျွမ်းကျင်သူ သံဃာ့အာဇာနည်တစ်ပါး ပေါ်ထွန်းခဲ့ခြင်းဖြစ်၏။ ထိုသံဃာတော်မှာ ပျို့မြစ်ငယ်ရွယ်၍ သင်္ဂါယနာပွဲကြီးတွင် ပါဝင်ခဲ့သော အရှင်ဉာဏဓဇ မထေရ်ဖြစ်၏။ အရှင်မြတ်သည် ပရိယတ်အရာ၌သာ နှံ့စပ်လိမ္မာရုံမျှမက ပဋိပတ္တိအရာ၌လည်း ကျွမ်းကျင်တော်မူ၏။ နောင်အခါတွင် လယ်တီဆရာတော် ဘုရားကြီးအဖြစ် ရဟန်းများအတွက်သာ ဖြစ်သည်ဟု ကန့်သတ်ထားသကဲ့သို့ ရှိနေသော ဝိပဿနာကျင့်စဉ်ကြီးကို လူပုဂ္ဂိုလ်များကိုပါ သင်ကြားပို့ချလိုက်သဖြင့် သာသနာတော်တွင် ကြီးမားသော ခြေလှမ်းတစ်ရပ်ကို လှမ်းတော်မူလိုက်ပါသည်။ ဆရာတော်ကြီး၏တပည့်များတွင် ဆရာသက်ကြီးအမည်ရှိသော တပည့်ကြီးလည်း ပါဝင်ပါသည်။

ဗုဒ္ဓမြတ်စွာလက်ထက်တော်အခါက ပရိသတ်ကို ဓမ္မတရားတော် သင်ကြားပို့ချခဲ့သူများသည် ဘိက္ခုရဟန်းများ၊ ဘိက္ခုနီရဟန်းမများသာမက လူပုဂ္ဂိုလ် တပည့်နှင့် တပည့်မများလည်း အပါအဝင်ဖြစ်ခဲ့ကြောင်းကို ဖော်ပြမည့် အကြောင်း များကြောင့် သိရပါသည်။



နောက်ဆက်တွဲ ➤ စာ-၃၁ သို့

http://www.dhammadownload.com



http://www.dhammadownload.com

## ၁၀၉။ ဆဋ္ဌသင်္ဂါယနာတင်ခြင်း

ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို မြန်မာနိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေတွင် ၁၉၅၄ - ခု မေလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ဤနေရာတွင် ပထမသင်္ဂါယနာတင်သည့် မဟာပါသဏလိုဏ်ဂူကဲ့သို့ လိုဏ်ဂူကြီးတည်ဆောက်ခဲ့ပါသည်။

၁၉၅၄ - ခု မြတ်ဗုဒ္ဓမဟာပရိနိဗ္ဗာန်ပြုခြင်း နှစ်-နှစ်ထောင့်ငါးရာပြည့်ခဲ့ပါသည်။ ပထမသာသနာတော်၏ နောက်ဆုံးနှစ်ဖြစ်ခဲ့ပါသည်။ ဤသင်္ဂါယနာတင်ပွဲကြီးတွင် ၂၅၀၀ ခန့်ပညာရှိ ရဟန်းတော်များပါဝင်ခဲ့ပါသည်။ ဤသင်္ဂါယနာတင်ပွဲကြီးတွင် သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ လာအို၊ နီပေါ၊ ဗီယက်နမ်နှင့် အခြားသောနိုင်ငံအချို့မှ ရဟန်းတော်များပါဝင်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံမှအပ အခြားသောနိုင်ငံများမှ သံဃာတော်တို့သည် မိမိတို့နိုင်ငံအသီးသီး၏ အက္ခရာဖြင့်ရေးသားထားသော ပိဋကတ်စာအုပ်များ ယူဆောင်လာခဲ့ကြသည်။ ဤသင်္ဂါယနာတင်ပွဲတွင် ဘဒ္ဒန္တသောဘနသီဆရာတော်က ဓမ္မနှင့်ပတ်သက်သော မေးခွန်းများကို မေးမြန်းရာဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသက ဖြေဆိုခဲ့ပါသည်။ မြန်မာဘုရင်ခေတ်တွင် သုတ္တဓရ၊ ဝိနယဓရ၊ အဘိဓမ္မာဓရနှင့် တိပိဋကဓရ ရဟန်းတော်များဖြစ်ခဲ့ကြသည်။ သို့သော် ကိုလိုနီခေတ်၏ အစဉ်အလာပျောက်ခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသသည် ပထမဦးဆုံး တိပိဋကတ် တစ်ရပ်လုံးနှင့် ပတ်သက်သော စာပေကျမ်းများကို ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သော ရဟန်းတော်တို့က အသေးစိတ်ဖတ်ကြားလျှောက်ထားခဲ့ကြပါသည်။ မှားယွင်းမှုများကို ပြင်ဆင်ကြပါသည်။ သို့သော် မှားယွင်းမှု အလွန်နည်းခဲ့ပါသည်။ ဆဋ္ဌသင်္ဂါယနာ တင်ပွဲတွင် လက်ခံခဲ့သော ဗုဒ္ဓစာပေတစ်ရပ်လုံးကို တညီတညွတ်တည်း လက်ခံကြပါသည်။

ဤသင်္ဂါယနာ၏ နောက်ပိုင်း ဒုတိယသာသနာတော် နှစ်စသည့်အချိန်တွင် လယ်တီဆရာတော်ကြီးမှ သင်ကြားပေးခဲ့သော ပထမဦးဆုံးသော လူပုဂ္ဂိုလ်ကမ္မဋ္ဌာနာစရိယ ဆရာသက်ကြီးမှတဆင့် ကမ္ဘာ့ဝိပဿနာသာသနာပြုဆရာကြီး ဦးဘခင် ဖြစ်ခဲ့ပါသည်။ ဆရာကြီး ဦးဘခင်သည် မြန်မာနိုင်ငံသားများ သာမက နိုင်ငံခြားသားများကိုပါ ဝိပဿနာတရားတော်ကို သင်ကြားပြသခဲ့ပါသည်။ ဤဝိပဿနာပညာသည် အိန္ဒိယနိုင်ငံတွင် ရာစုနှစ်ပေါင်းများစွာ ပျောက်ဆုံးခဲ့ပါသည်။ ဆရာကြီး ဦးဘခင်သည် ဤဝိပဿနာတရားတော်ကို အိန္ဒိယနိုင်ငံသို့ ပြန်လည်၍ ရောက်စေလိုသောဆန္ဒရှိခဲ့လေသည်။ ပြန်လည်ပေးပို့နိုင်မည်ဟုလည်း ယုံကြည်သည်။ ယခုအခါ အိန္ဒိယနိုင်ငံတွင်မက နိုင်ငံတကာသို့ ပျံ့နှံ့ခဲ့ပါသည်။

အိန္ဒိယနိုင်ငံရှိ အီဂတ်ပူရီမြို့ အပြည်ပြည်ဆိုင်ရာ ဝိပဿနာ သုတေသနတွင် ဝိပဿနာတရားတော်များကို နိုင်ငံတကာသို့ပျံ့ပွားအောင် ဆောင်ရွက်လျက်ရှိပါသည်။ ဤသုတေသနဌာနမှ ဒေဝနာဂရီအက္ခရာဖြင့် တိပိဋကတ်တစ်ရပ်လုံးကို အဋ္ဌကထာဋီကာ၊ အနုဋီကာများနှင့် စာအုပ်ပေါင်း ၁၄၀ ဖြင့် ပုံနှိပ်ထုတ်ဝေ၍ အခမဲ့လှူဒါန်းခဲ့ပါသည်။ ထို့ပြင်မက CD ROM တွင် ဒေဝနာဂရီ၊ ရော်မင်၊ သီဟာလီ၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ (ခမေရ်) မွန်ဂိုးလီးယားစသည့် အက္ခရာတို့ဖြင့်လည်း ပူဇော်လိုသူများကို လှူဒါန်းလျက်ရှိပါသည်။ ယခုအခါ လွယ်ကူစွာလေ့လာနိုင်ရန် အိန္ဒိယ၏အခြားသော အက္ခရာများ (ဥပမာအားဖြင့် - ကန္နဍ၊ မလယာလမ၊ တယ်လုဂူ၊ ဂုရုမုခီနှင့်ဂူဂျရတီ) ဖြင့် အင်တာနက်တွင် တင်ခဲ့ပါသည်။ ဆက်လက်၍လည်း ဘင်္ဂါလီ၊ တိဘက်တိစသည့် အက္ခရာများဖြင့်လည်း တင်ပြပါလိမ့်မည်။

http://www.dhammadownload.com

# နောက်ဆက်တွဲများ

http://www.dhammadownload.com

> *စာမျက်နှာ ၂၈ မှ*

မိမိသည် အသိပညာမဲ့ခြင်းဟူသော အဝိဇ္ဇာကို အဆုံးသတ်ပြီးသူဖြစ်ပြီး စွဲလန်းမှုတဏှာကိုလည်း အမြစ်ပါမကျန် နုတ်ပစ်ပြီးဖြစ်သောကြောင့် ဘဝသစ်အတွက် ခန္ဓာတည်ဆောက်ရာတွင် လိုအပ်သော အိမ်ဆောက်ပစ္စည်းဟူ၍ မိမိတွင် ဘာမျှမရှိတော့ပါ။ ထို့ကြောင့် ခန္ဓာအသစ်တည်ဆောက်နိုင်မည်ဟုတ်ပါ။ အိမ်ဆောက်လက်သမား၏အဖြစ်မှန်ကို သိမြင်တော်မူသော ဗုဒ္ဓမြတ်စွာသည် လွတ်မြောက်ခြင်းကို ရရှိတော်မူကာ ယခုဘဝ မွေးဖွားခြင်းသည် မိမိအဘို့ နောက်ဆုံးမွေးဖွားခြင်း (နတ္ထိဒါနိ အန္တိမဇာတိ) ဖြစ်ပြီး နောက်ထပ်မွေးဖွားခြင်း မဖြစ်နိုင်တော့သည့်အကြောင်း (နတ္ထိဒါနိ ပုနဗ္ဘဝေါတိ) ကို ထင်ရှားစွာ သိမြင်တော်မူပါသည်။ မွေးလိုက်သေလိုက်ဖြစ်နေသော ဘဝသံသရာစက်ဝိုင်းကြီးကိုလည်း ရိုက်ချိုးလိုက်တော်မူပါပြီ။

ပြန်လည်၍ ဆင်ခြင်တော်မူသောအခါ နောက်ထပ် အမှန်တရားကြီးတစ်ခုကိုလည်း ရှင်းလင်းစွာ တွေ့မြင်တော်မူလိုက်၏။ အစမှအဆုံး မိမိလျှောက်လှမ်းခဲ့ရသည့် လမ်းတစ်လျှောက်လုံးသည် ပကတိအမှန်တရားအပေါ်၌သာ အခြေခံကြောင်း၊ တစ်လျှောက်လုံးထားရှိခဲ့သော ရည်မှန်းချက်သည်လည်း **"တကယ့်အရှိတရား"** သာလျှင်ဖြစ်ခဲ့ကြောင်း၊ ထိုရည်မှန်းချက်ပန်းတိုင်သည် စကျုအာရုံ၌ မြင်ရသော ပုံသဏ္ဌာန်လည်းမဟုတ်၊ စိတ်ကူးဖြင့် တည်ဆောက်ထားသော စိတ်ကူးယဉ်ပန်းတိုင်လည်း မဟုတ်၊ မိမိ၏လိုချင်တောင့်တမှုကြောင့် တည်ရှိနေသောဆန္ဒပန်းတိုင်သည်လည်းမဟုတ်၊ ထိုပန်းတိုင်သည် **"အရှိတရား"** သက်သက်သာလျှင်ဖြစ်၏။ လမ်းကြောင်းသည် ပကတိအမှန်သစ္စာတရားသာဖြစ်၏။ ဤအကြောင်းကြောင့် **"ဓမ္မ"** တရားတော်သည် သဘာဝကြီး၏ မှန်ကန်သော တရားဥပဒေ **"သဒ္ဓမ္မ"** ဟူ၍ အမည်တွင်တော်မူပါသတည်း။

> *စာမျက်နှာ ၃၀ မှ*

သို့သော် သူသည် သူနှင့်ပတ်သက်သူ လူအပေါင်းအား ဓမ္မတရားတော်ကို ဖြန့်ဖြူးခဲ့ပါသည်။ ကုန်သည်ညီနောင်တို့သည် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို မြန်မာနိုင်ငံသို့ ပထမဦးဆုံး သယ်ဆောင်လာကြသူများ ဖြစ်ပါသည်။ထို့ကြောင့် ဗုဒ္ဓဘုရားရှင်က ၎င်းတို့နှစ်ဦးကို ဧတဒဂ်ဘွဲ့ကို ချီးမြှင့်တော်မူခဲ့ပါသည်။

ညီနောင်နှစ်ဦးတို့သည် အိန္ဒိယနိုင်ငံရှိ မိမိတို့၏ ဇာတိမြေကို ပြန်ရောက်ကြသောအခါ မြို့တံခါးအနီး၌ ကြီးစွာသော စေတီတစ်ဆူတည်ထားကြကာ ဆံတော်များ ဌာပနာ၍ ပူဇော်ကြပါသည်။

အိန္ဒိယနိုင်ငံ၏ အရှေ့နှင့်အနောက် အိမ်နီးချင်းနိုင်ငံများဖြစ်သော မြန်မာနိုင်ငံနှင့် အာဖဂန်နစ္စတန်တို့တွင် စေတီပုထိုးများ တည်ထား၍ ဆံတော်များ ဌာပနာကာ ကိုးကွယ်ဆည်းကပ်ကြသည့် အစဉ်အလာကို စတင်ပါဝင်ခဲ့ကြသော တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် ချမ်းသာသုခ အပေါင်းနှင့် ပြည့်စုံကြပါသည်။

> *စာမျက်နှာ ၃၁ မှ*

" မှန်၏၊ ငါသည် ဇိန ဖြစ်လာပါပြီ၊ ငါသည် အားလုံးကို အောင်နိုင်ပါပြီ ငါသည် သဗ္ဗညုတ ဗုဒ္ဓဖြစ်ပါပြီ။"

သို့သော် ဥပကသည် မယုံကြည်နိုင်သဖြင့် "ဖြစ်မှာပါ" ဟုပြောဆိုပြီး လှည့်ထွက်သွားသည်။ မှန်ကန်သောလမ်းစဉ်ကို ထားခဲ့ပြီး မမှန်ကန်သော လမ်းစဉ်ရှိရာသို့ သွားခဲ့လေသည်။

နောင်တွင် ဥပကသည် မုဆိုးတစ်ဦး၏သမီးငယ်နှင့် တွေ့ဆုံပြီး အိမ်ထောင်ကျသည်။ သို့သော်လည်း ဥပကသည် စိတ်ဆင်းရဲပြီး မကျေနပ်မှုများ ဖြစ်ပေါ်

http://www.dhammadownload.com

လာခါ စိတ်ချမ်းသာမှုကို ရလိုရငြား ဟိုဟိုဒီဒီသို့ သွားရောက်ခဲ့၏။ သို့သော် နောက်ဆုံးတွင် ဗုဒ္ဓမြတ်စွာ၏ထံတော်၌သာ ခိုလုံလာပါသည်။ ဓမ္မဒေသနာတော်ကို ရရှိပြီးနောက် ဥပကသည် မှန်ကန်သောလမ်း (လွတ်မြောက်ခြင်း)ကို ရရှိသွားသည်။

သိဒ္ဓတ္ထမင်းသားသည် သဗ္ဗညုတဉာဏ်ကို မိမိကိုယ်တိုင်အားထုတ်၍ ရရှိတော်မူသဖြင့် သမ္မာ သမ္ဗုဒ္ဓ၍ ခေါ်တွင်ပါသည်။ (Samana Sambuddha) လွတ်မြောက်ခြင်းနည်းလမ်းကို အခြားသူတဦးထံမှ သင်ယူရရှိသူ ဖြစ်ပါက ရဟန္တာ (arahat) သို့မဟုတ် ပစ္စေကဗုဒ္ဓသာလျှင် ဖြစ်ပါမည်။ လွတ်မြောက်ခြင်း လမ်းစဉ်ကို ဆရာတစ်ဦးတစ်ယောက်၏ လမ်းညွှန်မှုမရပါပဲ မိမိကိုယ်တိုင် ဖေါ်ထုတ်နိုင်ခဲ့ပြီး လွတ်မြောက်သွားသောကြောင့်သာ သိဒ္ဓတ္ထမင်းသားသည် သမ္မာသမ္ဗုဒ္ဓဗုဒ္ဓ ဖြစ်တော်မူလာခြင်း ဖြစ်လေသည်။

➢ *စာမျက်နှာ ၃၂ မှ*

လွတ်မြောက်မှု ရောင်ခြည်သည်လည်း ထွန်းတောက်လာပြီးနောက် ဖောက်ပြန်မှု ကိလေသာ အားလုံး ငြိမ်းအေးသွားစေကာ အဘိဉာဏ်နှင့် သမ္ဗောဓိဉာဏ်တို့ကို ရရှိသွားပါလိမ့်မည်။ ဤသို့ရှာဖွေ ဖော်ထုတ်ပေးတော်မူခဲ့သော မဇ္ဈိမလမ်းမှာ သီလ၊ သမာဓိနှင့် ပညာတည်းဟူသော သိက္ခာ သုံးရပ်တည်ရှိသည့် မဂ္ဂင်ရှစ်ပါး တရား တော်ကြီးပင် ဖြစ်ပါသည်။ ယင်းရှစ်ပါးမှာ -

| | | |
|---|---|---|
| ပညာအတွက် | = | သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ |
| သီလအတွက် | = | သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ |
| သမာဓိအတွက် | = | သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ |

ဖြစ်ပါသည်။

ဤမဂ္ဂင်ရှစ်ပါးကို ကျင့်ကြံသူသည် အရိယာသူတော်စင်အဖြစ်သို့ ရောက်ရှိပြီး မွေးလိုက်၊ သေလိုက်နှင့် ထပ်တလဲလဲ လည်ပတ်နေသော ဘဝ သံသရာကြီးမှ လုံးဝလွတ်မြောက်သွားပါတော့သည်။

ဝါဆိုလပြည့်နေ့ ညနေအချိန်၌ ကမ္ဘာသူကမ္ဘာသားတို့၏ ဆရာသခင် ဗုဒ္ဓမြတ်စွာသည် ဓမ္မစကြာတရားဘီးကြီးကို စတင်လည်ပတ်စေတော်မူပါ၏။ ထိုအချိန်မှစ၍ ဝါဆို လပြည့်နေ့ကို **"ဂုရုပုဏ္ဏမ"** နေ့ "Gurupurmina" **(ဆရာတော်မြတ်၏ လပြည့်နေ့)**ဟု သတ်မှတ်စောင့်ရှောက်ခဲ့ကြပါသတည်း။

➢ *စာမျက်နှာ ၃၄ မှ*

သီလစင်ကြယ်သူ၏သမာဓိသည် အကျိုးများလှ၏။ သမာဓိ တည်ထောင်မိသူ၏ ပညာသည် အကျိုးများလှ၏။ ပညာ၌ တည်ထောင်မိပြီး သူသည် ဒုက္ခအပေါင်းမှ လွတ်မြောက်သွားသူဖြစ်၏။ မွေးလိုက် သေလိုက် သံသရာကြီးမှ လွတ်မြောက်သွားခြင်းဖြစ်၏။

အရိယမဂ္ဂင်ရှစ်ပါးသည် သီလ၊ သမာဓိနှင့် ပညာ သုံးရပ်လုံး ပြည့်စုံပြီး ဖြစ်သည်။ မဂ္ဂင်ရှစ်ပါး၌ တစ်စုံတစ်ခု ထပ်မံ၍ ဖြည့်စွက်ရန် သို့မဟုတ် တစ်စုံတစ်ခု နှုတ်ပယ်ရန် မလိုပါ။ တစ်ခုခုကို ဖြည့်ထည့်လျှင် အရိယမဂ္ဂင်၏ စင်ကြယ်မှု ပျက်ပြားမည်ဖြစ်ပြီး တစ်ခုခုကို နှုတ်ပယ်လျှင်လည်း အရိယမဂ္ဂင်၏ အင်အားသည် ချို့နဲ့သွားမည်ဖြစ်သည်။

ဤအကြောင်းများကို သိမြင်တော်မူသော မြတ်စွာဘုရားသည် ခြောက်ကျိပ်သော ရဟန္တာတို့အား သတ္တဝါအများအပေါ်၌ ကရုဏာထားတော်မူကာ သတ္တဝါတို့၏ အကျိုးအတွက် သတ္တဝါတို့၏ ချမ်းသာမှုအတွက် ဒေသစာရီ ကြွချီကြရန် စေလွှတ်တော်မူပါသည်။

http://www.dhammadownload.com

**“ဝရော ဝရညူ ဝရဒေါ ဝရဟရော အနုတ္တရော ဓမ္မဝရံ အဒေသယိ”**

မြင့်မြတ်မှုကိုသိ၍ မြင့်မြတ်မှုကို ပေးကာ၊ မြင့်မြတ်မှုကို ဆောင်ကျဉ်းသည့် မြင့်မြတ်တော်မူသော ဗုဒ္ဓမြတ်စွာသည် ဓမ္မတရားကို ဟောကြားတော်မူလေပြီ။

➢ *စာမျက်နှာ ၃၉*

သေဆုံးမှု သံသရာလည်နေပုံ၊ ဆင်းရဲခြင်းချုပ်ငြိမ်းရာ လမ်းစဉ်တို့ကို ဟောကြားပေးသည်။ ဥပတိဿ ရှာဖွေနေသည်မှာ ဤတရားပင်ဖြစ်သည်။ အကျဉ်းချုပ်မျှကိုပင် နာကြားရသည်နှင့် ဥပတိဿသည် သောတာပန်ဖြစ်သွားလေတော့သည်။ အရှင်အဿဇိထံမှ ကြားရသောဓမ္မစကားများသည် ဥပတိဿအားများစွာ နှစ်ထောင်းအားရ ဖြစ်စေသည်။ ပီတိသောမနဿဖြစ်စေသည်။ သူ့တွင် အတိတ်ဘဝများစွာက စုဆောင်းလာခဲ့သော ပါရမီမြောက်များစွာရှိသည်။ ချက်ချင်းပင် ဝိပဿနာဉာဏ်ဖြစ်ပေါ်လာပြီး အနိစ္စတရားကို နားလည်သွားသည်။ သန့်စင်သော ဉာဏ်မျက်စိသည်ဖြစ်ပေါ်လာပြီး သူကိုယ်တွေ့ခံစားသိရှိရသည်ကား - **ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မံတိ** - ဖြစ်ပေါ်လာသောအရာ မှန်သမျှ ချုပ်ငြိမ်းရသည့်သဘာဝရှိ၏။ (မဟာဝဂ္ဂ သာရိပုတ္တ မောဂ္ဂလာနပဗ္ဗဇ္ဇကထာ)

ချုပ်ငြိမ်းသည့်သဘောကို ဘာဝနာအသိဖြင့် သိလိုက်သည်နှင့်တစ်ပြိုင်နက် အရှင်သာရိပုတ္တရာလောင်းလျာသည် သောတာပန်အဖြစ်သို့ ဆိုက်ရောက်လေသည်။ ထိုနောက်အရှင်အဿဇိအား ရှိခိုးပြီး အခွင့်ပန်ကာ မိတ်ဆွေကောလိတထံသို့ သွားလေတော့သည်။

ကောလိတထံတွင်လည်း အလားတူအတိတ်ဘဝက စုဆောင်းခဲ့သော ပါရမီများစွာ ရှိသည်။ သူသည်လည်း ဘုရားရှင်၏ တရားဓမ္မအနှစ်ချုပ်ကို အရှင်သာရိပုတ္တရာထံမှ ကြားရသည်နှင့်တစ်ပြိုင်နက် ဉာဏ်မျက်စိပွင့်လာပြီး သောတပတ္တိဖိုလ်၌ တည်လေသည်။

သူတို့နှစ်ဦးသည် ဝေဠုဝန်ကျောင်းတော်သို့ သွားရောက်ပြီး ဗုဒ္ဓဘုရားရှင်ထံ သွားရောက်ခိုလှုံကြရန် ဆုံးဖြတ်လိုက်ကြသည်။ သူတို့နှစ်ဦးသည် သိဉ္စည်းပရိဗိုဇ်ဆရာကြီး၏ တပည့်နောက်လိုက် ၂၅၀-ကို လည်းအသိပေးသင့်သည်ဟု ယူဆပြီး အသိပေးကြသည့်အခါ အဆိုပါ ၂၅၀-သော ပရိဗိုဇ်များကလည်း သူတို့နှင့်အတူလိုက်ပါမည်ဖြစ်ကြောင်းဆုံးဖြတ်ကြ၏။ တစ်ဖန်သူတို့သည် သူတို့၏သိဉ္စည်းဆရာကြီးအားအသိပေးရန်စဉ်းစားကြပြန်၏။ သိဉ္စည်းဆရာ ကြီးသည်လည်း သူတို့နှင့်အတူလိုက်လံ၍ ဗုဒ္ဓမြတ်စွာထံပါးခိုလှုံလိမ့်မည်ဟု မျှော်လင့်ထား၏။ သို့သော်လည်း သိဉ္စည်းဆရာကြီးသည် သူတို့နှင့် လိုက်ပါရန် သဘောမတူသည့်အပြင် တပည့်များက သူ့အား စွန့်ခွာသွားသည့်အတွက် များစွာ စိတ်ထိခိုက်သွားလေတော့သည်။

ဥပတိဿ၊ ကောလိတနှင့် တပည့်အပေါင်းပါ ၂၅၀-တို့သည် ဗုဒ္ဓဘုရားရှင်အား ခိုလှုံကြသည်။ ဘုရားရှင်ကဝိပဿနာကျင့်စဉ်ကိုသင်ကြားပြသပေးပြီး သူတို့ကို ကျင့်ကြံအားထုတ်စေသည်။ ဥပတိဿနှင့် ကောလိတတို့နှစ်ဦးသည် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်အဖြစ်ဘုရားရှင်၏ အဂ္ဂသာဝကများဖြစ်လာကြလေသည်။

အရှင်နှစ်ပါးသည် မူလကတည်းက **သီလေပတိဋ္ဌာယ**-သီလအကျင့်ဆောက်တည်ပြီးဖြစ်သည်။ ယခု **စိတ္တံပညဉ္စဘာဝယံ**- သမာဓိကိုလည်းကောင်း၊ ဝိပဿနာကိုလည်းကောင်း၊ ပွားပြီး ပညာစခန်းကို ကိုယ်တိုင်သိအောင် ကြိုးစားအားထုတ်ရန်သာ လိုတော့သည်။ ကောလိတသည် ၇-ရက်မျှ ကျင့်ကြံအားထုတ်ပြီး ကိလေသာကုန်ဆုံးသော ရဟန္တာအဖြစ်သို့ဆိုက်ရောက်သည်။ ဥပတိဿသည်လည်း ရက်သတ္တ ၂-ပတ်ကျင့်ပြီးသောအခါအာသဝေါ တရားများကုန်ဆုံး၍ ရဟန္တာဖြစ်တော်မူသည်။

http://www.dhammadownload.com

➢ *စာမျက်နှာ ၄၁ မှ*

နှစ်ဆယ့်ကိုးနှစ်ဆိုသော အရွယ်ကား မရင့်ကျက်သည့်အရွယ် မဟုတ်ပေ။ နှစ်ဦးလုံးဆင်ခြင်တုံတရား ရှိကြ၏။ သူတို့ချင်း တောထွက်ရေးကိစ္စကို ဆွေးနွေးတိုင်ပင်ခဲ့ကြမည်သာဖြစ်သည်။ သိဒ္ဓတ္ထမင်းသားသည် စကြာဝတေးမင်း မဖြစ်လိုပေ။ ဗုဒ္ဓသာလျှင် ဖြစ်လို၏။ ဗုဒ္ဓဖြစ်မှသာ သူမိသားစုနှင့်တကွ အခြားမရေမတွက်နိုင်အောင် များသည့်သတ္တဝါတို့ကိုပါ သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်မည်ဖြစ်သည်။

လူသားအားလုံးကို သံသရာမှ လွတ်မြောက်ရေး ကူညီလိုသည့် သိဒ္ဓတ္ထမင်းသား၏ စေတနာကို ယသောဓရာက မည်သို့ကဖျက်ယဖျက် လုပ်ပါမည်နည်း။ သတ္တဝါအားလုံး၏ ငြိမ်းအေးမှုအတွက် သိဒ္ဓတ္ထမင်းသားကြိုးစားအားထုတ်သည်ကို ယသောဓရာက အဘယ်သို့သော ဆန့်ကျင်မှုမျိုးဖြင့် ဆန့်ကျင်ပါမည်နည်း။

➢ *စာမျက်နှာ ၄၂ မှ*

**ဂစ္ဆတိ နီလပထေဝိယစန္ဒော၊ တာရဂဏာပရိဝေဋ္ဌိတရူပေါ၊**

ကောင်းကင်၌ ကြယ်တာယာတို့ ခြံရံကာ သွားနေသော လမင်းကဲ့သို့ သံဃာအပေါင်းခြံရံကာ ကြွလှမ်းနေသော အရှင်မြတ်ဖြစ်ပေ၏။

**သာဝက မဇ္ဈဂတော သမဏိန္ဒော၊**

အရှင်မြတ်အား သာဝက၊ သမဏတို့သည် ဝိုင်းဝိုင်းလည်မျှ ခြံရံလျက်ရှိကြ၏။

**လောကဟိတာယ ဂတော နရဝိရော၊**

အရှင်မြတ်သည် လောက၏အကျိုးအတွက် လူတို့၏အလယ်တွင် ရဲရင့်စွာ ကြွလှမ်း၍ သွားတော်မူခဲ့၏။

**ဧသ ဟိ တုယှံ ပိတာ နရသီဟော၊**

သားတော်ရာဟုလာ၊ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော ဤအရှင်သူမြတ်သည် သားတော်၏ခမည်းတော်ပေတည်း။

**(ဝိနိယ ပိဋကသာရတ္ထဒီနိဋ္ဌိကာ၊ ၃-၂၂၁-၂၃)**

ဗုဒ္ဓမြတ်စွာသည် သံဃာတော်အပေါင်းကို ဦးဆောင်၍ ဆွမ်းခံကြွလာတော်မူသောအခါ ယသောဓရာသည် ရွှင်လန်းဝမ်းမြောက်စွာဖြင့် သူ၏ခင်ပွန်းဖြစ်ခဲ့ဘူးသော ဗုဒ္ဓမြတ်စွာကို သားတော်ရာဟုလာအား မိတ်ဆက်ပေးနေလေ၏။ ဤအခြင်းအရာကို ကြည့်ခြင်းအားဖြင့် အိမ်ထောင်ကိုစွန့်၍ တောထွက်သွားသောခင်ပွန်းသည် အပေါ်၌ မည်သို့မျှ စိတ်နှလုံးမသာမယာမရှိသည့်အပြင် လောကအကျိုးကို ဆောင်နေတော်မူသောသူဖြစ်သောကြောင့် လိုက်လှဲစွာ ဂုဏ်ယူလျက်ရှိနေပေသည်။ ဗုဒ္ဓမြတ်စွာအကြောင်းကို ပြောပြခြင်းဖြင့် မိမိ၏စိတ်တွင် ဂုဏ်ယူနေသည့်အတိုင်း သားတော်၏စိတ်တွင်လည်း ထပ်တူထပ်မျှ ဖြစ်စေပါတော့သတည်း။

➢ *စာမျက်နှာ ၄၃ မှ*

သို့သော် ယသောဓရာသည် ဘဝပေါင်းများစွာ ဗုဒ္ဓလောင်းလျာ၏ ပါရမီဖြည့်ဘက်ဖြစ်ခဲ့သည့်အတွက် မကောင်းမှုများကို ပြုလုပ်မည့်သူမဟုတ်။ ဗုဒ္ဓ၏မြင့်မြတ်သော ရည်မှန်းချက်ဖြင့် စွန့်လွှတ်ခဲ့ခြင်းကို သဘောပေါက်သိရှိ နားလည်သည့် အားလျော်စွာ ပူဆွေးနေမည့်အစားကြီးမားသော ရည်မှန်းချက်၏အောင်မြင်ရေးကိုသာ လိုလားတောင့်တနေမည်ဖြစ်သည်။

နောင်တွင် မဟာပဇာပတိဂေါတမီနှင့်အတူ ဘိက္ခုနီ သာသနာထူထောင်ခဲ့သည်။ မိမိကိုယ်တိုင်လည်း သံသရာဝဋ်ဆင်းရဲမှလွတ်ပြီး ရဟန္တာအဖြစ်ရောက်ရှိအောင်ကျင့်ကြံအားထုတ်ခဲ့ပြီး အမျိုးသမီးများစွာကိုလည်း ဤလမ်းစဉ်ပေါ်သို့ရောက်အောင် အားပေးချီးမြှောက်ခဲ့သည်။ ဖြူစင်သောနှလုံးသားပိုင်ရှင်မှတရားနှင့် ပြည့်စုံသောယသောဓရာပေတည်း။

http://www.dhammadownload.com

➢ *စာမျက်နှာ ၄၅ မှ*

**ဥပါလိ**

ဥပါလိသည်ကား ဆတ္တာသည်ဖြစ်သတည်း။ မင်းသား ၆-ပါးကို ဆံချပေးပြီး နောက်မင်းသားများက မိမိတို့၏မင်းသားအဝတ်အစားများနှင့် လက်ဝတ်တန်ဆာများကို ဥပါလိအား ပေးကမ်းစွန့်ကြဲလိုက်ပြီး ပြန်လည်စေလွှတ်လိုက်သည်။ ဥပါလိသည် ခေတ္တစဉ်းစားပြီးနောက် **"ဤမင်းသားတို့သော်မှ မင်းစည်းစိမ်ကို စွန့်လွှတ်ပြီး ရဟန်းပြုနိုင်ကြ၏။ ဤလမ်းစဉ်သည် ပိုအကျိုးရှိသည်မှာ သေချာ၏။ ငါလည်း မင်းသားများနှင့်အတူ ရဟန်းပြုပေအံ့"** ဟုစဉ်းစားမိလေတော့သည်။ ဥပါလိသည် သရက်ဥယျာဉ်တောသို့ သွားပြီးဘုရားရှင်အား မိမိကိုလည်းရဟန်းပြုပေးရန် လျှောက်ထား၏။ သာကီဝင်မင်းသားများကလည်း ဥပါလိ၏နောက်မှသာ မိမိတို့အား ရဟန်းပြုပေးရန် ဘုရားရှင်အား တောင်းပန်သည်။ အကြောင်းမှာ ဥပါလိကို ဦးစွာရဟန်းပြုပေးခြင်းဖြင့် ဥပါလိသည် သူတို့ထက် ရဟန်း ဝါစဉ်ကြီးသွားမည်။ ထိုအခါမင်းသားများကသာ ဥပါလိအား အရိုအသေပေးရမည်ဖြစ်ပြီး၊ ဥပါလိက သူတို့အား အရိုအသေပေးရန် လိုမည်မဟုတ်တော့ချေ။

**ဤနေရာတွင် အရေးကြီးသောအချက် ၂-ချက် တွေ့ရသည်။**

၁။ ခတ္တိယဇာတ်၌ဖြစ်သော သာကီဝင်မင်းအချို့သည်ဇာတိမာန်ဖြင့် အလွန်မာနကြီးကြကုန်၏။ ဘုရားရှင်၏တရားများကိုနာကြားပြီးနောက်မှားယွင်းသောဇာတ် အယူမှလွန်မြောက်လာခဲ့ကြသည်။

၂။ အခြားပေါ်လွင်လာသော အချက်မှာ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့သည် လူအပေါင်းကို သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်အောင် ပြုလုပ်ခြင်းငှာမတတ်နိုင်၊ လမ်းစဉ်ကိုသာ ပြပေးနိုင်သည်။ လွတ်မြောက်ရေးကို မိမိဖာသာမိမိကြိုးကြိုးစားစား အားထုတ်မှသာ ရရှိနိုင်မည်။

**တုမှေဟိကိစ္စမာတပ္ပံ အက္ခတာရော တထာဂတာ**

**ဓမ္မပဒ ၂၇၆ ဂါထာ**

သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့သည် လူအပေါင်းကို သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်အောင် ပြုလုပ်ပေးနိုင်သည်ဟုဆိုလျှင် အဘယ်ကြောင့် အချို့သောသူများသည် ရဟန္တာစောစွာဖြစ်ပြီး အချို့သောသူများမှာ အချိန်ကြာမြင့်ပြီးမှ ဖြစ်ရသနည်း။ အဘယ်ကြောင့် အရှင်အာနန္ဒာသည် ဗုဒ္ဓမြတ်စွာသက်တော် ထင်ရှားရှိစဉ် ရဟန္တာအဆင့်သို့ မရောက်ရှိရသနည်း။ မှန်ပါသည်။ ကျွန်ုပ်တို့၏ လွတ်မြောက်မှုသည် ကျွန်ုပ်တို့၏ လက်ဝယ်ရှိ၏။ ကျွန်ုပ်တို့၏ လုံ့လ ဝီရိယ စိုက်ထုတ်မှုအပေါ် တည်၏။ ကျွန်ုပ်တို့ကြိုးပမ်းမှုအပေါ် တည်ရှိ၏။

➢ *စာမျက်နှာ ၄၆ မှ*

တလန့်ဖြစ်ကာ အနာထပိဏ်ကြွယ်ကအား ကျန်မြေကို မရောင်းနိုင်တော့ပါကြောင်း၊ ဤကျန်မြေကို မိမိ၏အလှူအဖြစ် လက်ခံပေးပါရန် တောင်းပန်သောကြောင့် လက်ခံလိုက်လေ၏။ အနာထပိဏ်ကြွယ်ကသူဌေးသည် ဤဥယျာဉ်ကြီး၌ လူနေဆောင်များ၊ တရားခန်းမကြီးများ၊ မီးဖိုဆောင်များ၊ ပစ္စည်းသိုလှောင်ရုံများ၊ ရေအိမ်များ၊ အမိုးအကာရှိသော စင်္ကြန်လမ်းများ၊ အပြင်ဘက် စင်္ကြန်လမ်းများ၊ သောက်ရေကန်များ၊ ရေချိုးခန်းများ စသည်ဖြင့် လူပေါင်းများစွာတို့သည် ဗုဒ္ဓမြတ်စွာ၏အဆုံးအမဖြစ်သော ဓမ္မတရားတော်မြတ်ကို နာယူအားထုတ်နိုင်ကြရန် ဌာနအသီးသီးကို ဆောက်လုပ်ခဲ့လေ၏။ ဗုဒ္ဓမြတ်စွာကို ကြည်ညို ဆည်းကပ်ကြကုန်သော တကာ၊ တကာမအပေါင်းတို့၏ ခေါင်းဆောင်ကြီး အနာထပိဏ်ကြွယ်က အလွန်ကြီးကျယ်ပြီး နှိုင်းယှဉ်၍ မရလောက်သော ဒါနအလှူကြီးကိုသမိုင်းတွင် ရေးထိုးနိုင်ခဲ့၏။ ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်တိုင်က အနာထပိဏ်ကြွယ်ကအား အလှူဒါန အရာတွင် အကြီးမြင့်ဆုံးဟူသော ဧတဒဂ်ဘွဲ့ကို ချီးမြှင့်တော်မူပါသတည်း။

http://www.dhammadownload.com

➢ *စာမျက်နှာ ၄၈ မှ*

ဗုဒ္ဓမြတ်စွာက ဆက်လက်၍-"အသင်သည် ဝေသာလီပြည်လွှတ်တော်တွင် ပရိသတ်အား ဝါဒရေးရာ၌ ဗြာဟ္မဏ၊ ဗြာဟ္မဏခေါင်းဆောင်၊ ဗြာဟ္မဏဂိုဏ်းချုပ်၊ ဗြာဟ္မဏများ၏ဆရာ၊ ရဟန္တာဟုခေါ်ဆိုနိုင်မည့်သူ၊ သို့မဟုတ် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်နှင့် စကားစစ်ထိုးပြောဆိုက သင်သည် တုန်လှုပ်ချောက်ချားခြင်း မဖြစ်၊ ချိုင်းကြားမှချွေးထွက်မည်မဟုတ်ဟု ပြောကြားခဲ့သည် မဟုတ်ပါလော။ ယခု ကြည့်လော့ အသင်နဖူးမှချွေးများ ယိုစီးလာလေပြီ၊ ငါ၏ကိုယ်၌ ချွေးတစ်ပေါက် မျှပင်မရှိ" ဟုပြောလိုက်သည်။

သစ္စကပရိဗိုဇ်သည် မည်သို့မျှမဖြေနိုင်။ ပြောရန်စကားရှာမရပဲ၊ စိတ်မသာ မယာ၊ ပခုံးများ ညွှတ်ကျပြီးမျက်နှာကို အောက်စိုက်ထားသည်။ စကားစည်းလွတ် ပြောဆိုလေ့ရှိသူသည် ဘုရားရှင်ရှေ့တွင် မည်သို့ရင်ဆိုင်ပြောနိုင်မည်နည်း။

**သစ္စံ ဝိဟာယ မတိသစ္စက ဝါဒကေတုံ၊**
**ဝါဒါဘိရောပိတမနံ အတိအန္ဓဘူတံ**
**ပညာပဒီပ ဇလိတော ဇိတဝါ မုနိန္ဒော**
**တန္တေဇသာ ဘဝတု မေ ဇယမင်္ဂလံ။**

**(ဇယမင်္ဂလအဋ္ဌဂါထာ)**

သစ္စာတရားနှင့်ဝေးသော၊ မုသားစကားကိုပြောဆိုသော၊ ဘဝင်မြင့်ပြီး အတ္တထောင်လွှား၍အမှန်တရားကို မမြင်နိုင်သော သစ္စကပရဗိုဇ်အား မြတ်စွာ ဘုရားသည် မိမိ၏ပညာစွမ်းဖြင့် အောင်မြင်ခဲ့လေပြီ။ ဗုဒ္ဓရှင်တော်မြတ် ဘုရား၏ တောက်ပသော ဉာဏ်ပညာအစွမ်းဖြင့် သင်သည်လည်း အောင်မြင်ပါစေ သတည်း။ သင့်တွင် ကောင်းချီးမင်္ဂလာဖြစ်ပါစေသတည်း။

➢ *စာမျက်နှာ ၅၂ မှ*

မာဂဏ္ဍီမိဘုရား၏ ကြိုးစားမှုများ အားလုံး အလဟဿဖြစ်သွားတော့သည်။

ထိုအခါ မာဂဏ္ဍီမိဖုရား၏ဒေါသသည် မြတ်စွာဘုရား၏ တပည့်သာဝက များဖြစ်သော သာမာဝတီမိဖုရားနှင့် မင်းမိန်းမ-၅၀၀ အပေါ်လှည့်လေတော့ သည်။ သာမာဝတီမိဖုရားနှင့် မောင်းမမိဿံ-၅၀၀ တို့အား နန်းပြာသာဒ်ဆောင် အတွင်း သွင်းထား၍မီးတိုက်ရာ မိဖုရားနှင့် မင်းမိန်းမအားလုံး မေတ္တာတရား၊ ဥပေက္ခာတရားကို နှလုံးသွင်းလျှက်ပင် သေဆုံးကြရှာလေကုန်၏။ ဤအကြောင်း ကို ဥဒေနမင်းကြီး ကြားသိသည့်အခါ မာဂဏ္ဍီမိဖုရားနှင့်အပေါင်းပါတို့အား လုံးဝသက်ညှာမှုမပေးပဲ သေဒဏ်ပေးလိုက်လေ၏။

ရှင်တော်မြတ်ဗုဒ္ဓသည် မိမိသင်ပြသည့်အတိုင်း မိမိကိုယ်တိုင်ကျင့်၏။ ပြစ်တင်ဆဲရေးတိုင်းထွာမှုများကိုလည်းကောင်း၊ ဂုဏ်ပြုချီးမြှောက်ပြောဆိုခြင်းကို လည်းကောင်း မည်သို့မျှ စိတ်လှုပ်ရှားမှုမဖြစ်ပဲ ဥပေက္ခာတရားနှင့်သာ နေတော် မူသည်။

**သေလော ယထာ ဧကဃနော ဝါတေန နသမီရတိ၊**
**ဧဝံနိန္ဒာပသံသာသု၊ နနသမိဥ္ဇန္တိပဏ္ဍိတာ။**

**ဓမ္မပဒ ၈၁-ပဏ္ဍိတဝဂ်**

ကျောက်ဆောင်ကျောက်တောင်ကြီးသည် လေတိုက်ခံရသော်လည်း မလှုပ်ရှားသကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်မလှုပ် ကြလေကုန်။

http://www.dhammadownload.com

➢ *စာမျက်နှာ ၅၃ မှ*

ကြီးများလည်းရှေ့ရည်းစွာသောကြောင့် သစ်သားပြားသည် အောက်ကြမ်းပြင်သို့ လျှော၍ ကျလာတော့၏။

ပရိသတ်အပေါင်းလည်း စိတ္တမာဏအား ပြစ်တင်ကြိမ်းမောင်းကြ၏။ သူမ၏ဘဝသည် လုံးဝအရှုံးနှင့်သာ အဆုံးသတ်ရတော့မည်ဖြစ်ပေ၏။ ဗုဒ္ဓမြတ်စွာအပေါ်၌ကား မည်သည့်အန္တရာယ်မျှမကျရောက်နိုင်ခဲ့ပါ။ ကိလေသာကင်း၍ အလုံးစုံကို သိမြင်တော်မူသော ဗုဒ္ဓမြတ်စွာသည် ဆိတ်ဆိတ်သာ စံနေတော်မူ၏။ ကဲ့ရဲ့ခြင်းချီးကျူးခြင်းများကို ဉာဏ်တော်ဖြင့် အညီအမျှ ပြုထားတော်မူသော ပညာရှိသူတော်မြတ်ကြီးပေတကား။

➢ *စာမျက်နှာ ၅၄ မှ*

"အားနွဲ့သူမိန်းမတစ်ဦးကို မတော်မတရားကျင့်၍ သတ်ပစ်ခြင်းသည် မည်သို့သော သိက္ခာအကျင့် ဖြစ်သနည်း" ဟူ၍လည်း ဝါဒဖြန့်ချခြင်း၊ စိတ်ဓါတ်စစ်ဆင်ရေးပြုလုပ်ခြင်းတို့သည် ထိရောက်မှုရှိလှသည်။ မြို့နေလူအများက ရဟန်းများကို မြင်သည့်အခါ အပြစ်တင်ခြင်း၊ ရှုတ်ချခြင်း၊ ဆဲဆိုခြင်းများ ပြုလုပ်ကြလေသည်။ ရဟန်းများက ဤအခြေအနေကို မြတ်စွာဘုရားအား လျှောက်ထားသောအခါ ဘုရားရှင်က ဇွဲရှိရန်၊ စိတ်ကို တည်ငြိမ်စွာထားရန်၊ ဆဲရေးစော်ကားမှုများကို သည်းခံရန်၊ မုသားစကားများသည် ကြာရှည်စွာ ခံမည်မဟုတ်၊ လူအများက အပြစ်တင်သည့်အခါ ဒေါသမထွက်ကြရန် ဆိုဆုံးမသည်။ တိတ္ထိများ၏လိမ်ညာမှုသည် မကြာမီအချိန်အတွင်း ပေါ်ပေါက်လာမည်ဟုလည်း ဆိုဆုံးမသည်။ ဤသို့နှင့် ၇-ရက်အတွင်း တိတ္ထိများ စေခိုင်းခဲ့သော သေသောက်ကြူး လူသတ်သမားများထံမှ ဖြစ်ရပ်အမှန် ပေါ်ပေါက်လာခဲ့သည်။ တိတ္ထိများသည်လည်း အရှက်တကွဲအကျိုးနည်း ဖြစ်သွားကြတော့သည်။ ဇွဲသတ္တိရှိခြင်း၊ သည်းခံ ခြင်းနှင့် ဥပေက္ခာတရားထားခြင်းတို့သည် နောက်ဆုံးတွင် အကျိုးရှိကြောင်း ထင်ရှားလေသည်။ အမှန်တရားသည် အမြဲအောင်မြင်ပြီး လိမ်ညာမှုသည် အစဉ်ဆုံးရှုံးရသည်။

➢ *စာမျက်နှာ ၅၅ မှ*

အာဠဝကဘီလူးက ဗုဒ္ဓမြတ်စွာဘုရားရှင်အား ဓမ္မတရားနှင့် ပတ်သက်သော မေးခွန်းအချို့ကို မေးမြန်းလေသည်။ မြတ်စွာဘုရားက အာဠဝက သိလိုသည့် ဓမ္မတရားနည်းလမ်းများကို ကျေနပ်လောက်အောင် ဖြေကြားတော်မူလေသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ ဖြေကြားချက်များကို ကြားသိရ၍ အာဠဝကသည် ဗုဒ္ဓမြတ်စွာ ဘုရားအား သာမန်ပုဂ္ဂိုလ်တစ်ဦးမဟုတ်ကြောင်း သဘောပေါက်နားလည်လာသည်။ ဗုဒ္ဓ၏ ဓမ္မတရားတော်ကို ကြားနာရပြီး အာဠဝကသည် ဗုဒ္ဓဘုရားရှင်၏တပည့်သာဝကတစ်ဦး ဖြစ်လာလေသည်။ ဗုဒ္ဓ၏ သံသရာဒုက္ခမှ လွတ်မြောက်စေနိုင်သော လမ်းစဉ်တရားကို ဖြေကြားပြီး အဆုံးဝယ် အာဠဝကဘီလူးသည် သူ၏မာန်မာနမှ လုံးဝ ကင်းစင်လွတ်မြောက်လာခဲ့လေသည်။ သူ၏စိတ်နှလုံးသားကို တည်ငြိမ်အေးချမ်းစွာ ထိန်းသိမ်းနိုင်ခဲ့လေသည်။

∴ **ခန္တီ သုဒန္တ ဝိဒိနာ၊ ဓိတ္တာမုနိန္ဒော** (ဇယမင်္ဂလာအဋ္ဌကထာ) တရားဓမ္မကို ကိုယ်တိုင်လည်းသိ၊ ကိုယ်တိုင်လည်းကျင့် ကြံကြိုးကုတ် အားထုတ်ပြီး ကမ္မဋ္ဌာန်းကို ထိန်းချုပ်ပြီးသော ပုဂ္ဂိုလ်မှသာလျှင် အခြားသူအား တည်ငြိမ်မှုနှင့် ငြိမ်းအေးမှုကို ဆောင်ကျဉ်းနိုင်မည်ဖြစ်၏။

အာဠဝကဘီလူးသည် ဗုဒ္ဓနှင့် ဗုဒ္ဓ၏ တရားပြသခြင်းအပေါ်မှာ လေးလေးနက်နက် ယုံကြည်လာပြီး အောက်ပါအတိုင်း ရွတ်ဆိုပူဇော်ခဲ့လေသည်။

http://www.dhammadownload.com

**သောအဟံ ဝိစရိဿာမိ ၊ ဂါမာဂါမ ပုရာပုရံ**

**နမဿမာနော သမ္ဗုဒ္ဓံ ဓမ္မဿ စ သုဓမ္မတံ**

"ယခုအခါ သမ္မာသမ္ဗုဒ္ဓနှင့် အလုံးစုံသော မှန်ကန်ဖြောင့်မတ်သော ဓမ္မတရားတော်များကို အကျွန်ုပ်သည် လိုက်နာရိုသေပြီး ဓမ္မဒေသနာများ ပျံ့နှံ့ရန် အလို့ငှာ၊ တစ်မြို့မှတစ်မြို့သို့ တစ်ရွာမှ တစ်ရွာသို့ လှည့်လည်သွားလာ ဟောပြောလေအံ့။" ဟု ဟစ်ကြွေးလိုက်သည်။

ဤသို့ အခြင်းအရာများသည် ဖြစ်လာတတ်ပေသည်။ သူသည် ချိုမြိန်အေးမြသော အာဟာရကဲ့သို့ မှန်ကန်သော ဓမ္မတရားများကို တွေ့သိခံစားရသောအခါ အခြားသော ပုဂ္ဂိုလ်များကိုလည်း ပြန့်နှံ့သွားစေရန် သဘာဝအလျောက် ဖိတ်ခေါ်တတ်ပေသည်။

> *စာမျက်နှာ ၅၈ မှ*

သင်၏ဖခင်သည် ကျောက်စရစ်ခဲနှင့်တူသည့် မကောင်းမှုတွေကို ပြုလုပ်နေခဲ့လျှင် သူသည် အောက်ဘုံသို့သာ နစ်မြုပ်သွားရမည်ဖြစ်ပြီး ထောပတ်နှင့်တူသည့် ကောင်းမှုများကို ပြုလုပ်နေခဲ့လျှင် သုဂတိဘုံသို့ သွားမည်ဖြစ်၏" ဟု မိန့်တော်မူလိုက်ပါသည်။ လူငယ်လည်း သဘောပေါက်လက်ခံသွားပါတော့၏။ ကျွန်ုပ်တို့အားလုံးအတွက် အခက်အခဲဖြစ်နေသည်မှာ ကျွန်ုပ်တို့၏ အကျင့်စရိုက်နှင့် အပြုအမူပုံစံများကို ကိုယ်တိုင်အကောင်းဘက်သို့ ပြောင်းလဲ နေထိုင်ခြင်း မရှိဘဲလျက် ကျွန်ုပ်တို့သည် မမြင်ရသော တန်ခိုးရှင်တစ်ဦး တစ်ယောက်က ကျွန်ုပ်တို့အား ကယ်မလိမ့်မည်ဟု ယုံကြည်နေလေ့ရှိခြင်းဖြစ်၏။ အမှန်မှာ ကျွန်ုပ်တို့၏ အပြုအမူများအလိုက်သာ အကျိုးသက်ရောက်သည်ဟူသော သဘာဝတရားကြီးကို သဘောပေါက်ရမည်ဖြစ်၏။ သို့မှသာ ကျွန်ုပ်တို့သည် မိမိတို့၏အပြုအမူများကို သတိထား၍ လုပ်ဆောင်သွားကြမည်ဖြစ်ပေသတည်း။

ဤတရားသည် သကျမဟာနာမအား ဗုဒ္ဓဟောကြားသော တရားဒေသနာ ဖြစ်၏။

**(မဇ္ဈိမနိကာယ်၊ ပဌမနာမသုတ်)**

> *စာမျက်နှာ ၅၉ မှ*

သော်ကား "ငါသည် ဤဝတ်ရုံနှင့် တန်ဘိုးညီမျှသော အဘယ်ပစ္စည်းကို ငါ့မိတ်ဆွေ ပုက္ကုသာတိထံ ပေးရပါအံ့နည်း" ဟု ယတက်ပွေလျက်ရှိတော်မူ၏။ ဤသို့ စဉ်းစားရင်း ဘုရင်ဗိမ္ဗိသာရ စိတ်တော်၌ အကြံတစ်ခုလင်းလက်လာ၏။ ထိုအကြံမှာ ရတနာသုံးပါး ဂုဏ်ကျေးဇူးထက် မြတ်သော၊ ပိုသော ပစ္စည်းသည် အဘယ်မှာ ရှိအံ့နည်းဟူသော စိတ်ကူးပင် ဖြစ်၏။

ဤသို့ဖြင့် ဘုရင်ဗိမ္ဗိသာရသည် ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ ဂုဏ်တော်များကို ရွှေပေလွှာတွင် တင်၍ အဆွေတော် ပုက္ကုသာတိမင်းမြတ်ထံ ပေးပို့ခဲ့လေ၏။ ဘုရင်ပုက္ကုသာတိမှာလည်း အတိတ်ဘဝအဆက်ဆက်က ပြုခဲ့ပြီးသော ပါရမီ ရင့်သန်သူတစ်ဦး ဖြစ်ခဲ့ရကား၊ မာဂဓပြည့်ရှင်ဘုရင်ဗိမ္ဗိသာရ၏ သဝဏ်လွှာကို ဖတ်ပြီး ခဏ၌ပင် နှလုံးစိတ်ဝမ်းနူးညံ့သိမ်မွေ့ခဲ့သည်ဖြစ်၍ ဤသို့ ကျူးရင့်တော်မူခဲ့လေသည်။

"ငါ၏ မိတ်ဆွေ ဗိမ္ဗိသာရ မင်းကြီးသည် လူဖြစ်ရကျိုးနပ်လေ၏တကား၊ လူ့ဘဝတွင် အရတော်လေစွတကား၊ ဂေါတမဗုဒ္ဓသည် မာဂဓပြည်၌ ဖြစ်ထွန်းပေါ်ပေါက်တော်မူချေ၏ တကား၊ အဆွေတော် ဗိမ္ဗိသာရသည် ဘုရားရှင်အား နီးကပ်စွာ လုပ်ကျွေးသမှု ပြုစုခွင့်ရရှိပါဘိသည်။ ငါ့မှာမူကား ဘုရားရှင်နှင့် ဝေးနေပေစွတကား" ဟုသံဝေဂ ဖြစ်တော်မူ၏။

ထိုခဏ၌ပင် ဘုရင်ပုက္ကုသာတိသည် သံသရာဘေးကို ထိတ်လန့်စိုးရိမ်တော်မူသည့် အလျှောက် ထီးနန်းကို စွန့်လျက် မာဂဓပြည်သို့ ထွက်ခွာပြီး ဘုရားရှင်အား ကိုးကွယ်ဆည်းကပ်လျက် ပြုစုလုပ်ကျွေးတော်မူရန် ဆုံးဖြတ်ခဲ့

http://www.dhammadownload.com

လေသည်။ ပြီးနောက် မင်းစည်းစိမ်ကို စွန့်ကာ ဦးပြည်းရိပ်လျက်၊ မုတ်ဆိတ်ကျင်နွယ်ပယ်လျက်၊ သင်္ကန်းကိုယူလျက်၊ သပိတ်ကို လွယ်လျက်၊ တောင်ဝှေးကို ထောက်လျက်၊ မာဂဓပြည်သို့ ထွက်ခွာခဲ့လေ၏။

ဤဖြစ်ရပ်ကိုမြင်ရသည့်အချိန်၌ မင်းဆွေမင်းမျိုးတို့မှာ ကြီးစွာ ပူဆွေးကြကုန်၏။ ဘုရင်ပုက္ကုသတိသည် တိုင်းသူပြည်သားများအား ရင်ဝယ်သားကဲ့သို့လည်း ချစ်တော်မူ၏။ တိုင်းသူပြည်သားတို့ကလည်း ဘုရင်ကြီးအား ချစ်ခင်မြတ်နိုးကြသည့်အလျောက် ပြင်းထန်စွာငိုကြွေးကြကုန်၏။ တိုင်းသူပြည်သားများသည် ဘုရင်ကြီးနောက်တော်ပါးမှ ထပ်ချက်မကွာ လိုက်ပါကြကုန်၏။

ဘုရင်ကြီးက တိုင်းသူပြည်သားများအား သူ့နောက်သို့မလိုက်ကြရန်နှင့် ယခုအခါ ကျွန်ုပ်သည် သင်တို့၏ဘုရင်မဟုတ်တော့ကြောင်း၊ ပြုစုစောင့်ရှောက်ပေးရန် မလိုတော့ဟုပြောသော်လည်း၊ တိုင်းသူပြည်သားများက လက်မခံ။ ထိုအခါ ဘုရင်ကြီးသည် အစီအစဉ်တစ်ခု ဆွဲရတော့၏။ ထိုအစီအစဉ်မှာ "သင်တို့က ကျွန်ုပ်ကို ဘုရင်ဟုသတ်မှတ်ကြသေးလျှင် သင်တို့အတွက် အမိန့်ပြန်တမ်းတစ်ခုကို ထုတ်ပြန်မည်ဟုဆိုပြီး တောင်ဝှေးဖြင့် စည်းတစ်ကြောင်းကို တားလိုက်လေ၏။ သင်တို့ ဤစည်းကိုကျော်ပြီး လိုက်မလာကြပါလင့်၊ အကယ်၍ သင်တို့ ဤစည်းကိုကျော်၍ လိုက်လာအံ့၊ ငါသည် သင်တို့အား ဘုရင့်အမိန့်ကို လွန်ဆန်မှုဖြင့် အရေးယူရပေတော့မည်"ဟု အမိန့်ထုတ်ပြန်လိုက်ရ၏။ ဤသို့ဖြင့် ဘုရင်ကြီးနောက်သို့ လိုက်လာကြကုန်သော တိုင်းသူပြည်သားများမှာ မျက်ရည် စက်လက်ဖြင့် အိမ်သို့ပြန်သွားကြလေကုန်၏။

ဘုရင်ကြီးသည် ရာဇဂြိုလ်ပြည်သို့ ဆက်လက်ထွက်ခွာလာ၏။ ရာဇဂြိုလ်နှင့် ဂန္ဓာရတိုင်းမှာ ခရီးဝေးကြမ်းတမ်းလှ၏။ ထိုကြမ်းတမ်းသည့် ခရီးကို ဘုရင်ကြီးသည် ဖိနပ်မပါဘဲ ခရီးပြင်းနှင်ခဲ့လေ၏။ ခြေဖဝါးတော်နုနု သွေးသံတို့ဖြင့် ရဲရဲနီ၏။ နာကျင်မှုမှာ ပို၍ ဆိုးလာသော်လည်း ဆက်လျှောက်မြဲ လျှောက်ခဲ့လေ၏။

ဤသို့ဖြင့် နေ့ရက်များစွာလျှောက်ခဲ့ပြီးနောက် တစ်ညနေခင်းတွင် ရာဇဂြိုလ်သို့ ရောက်၏၊ သူရောက်သည့် အချိန်တွင် ရာဇဂြိုလ်မြို့တံခါးသည် ပိတ်နေချိန်ဖြစ်၏။ မြို့တံခါးအပြင်ဘက် ကပ်လျက်တွင် အိုးထိန်းသည် နေထိုင်ရာ ဂေဟာတစ်ခုရှိ၍ တည်းခိုခွင့်တောင်း၏။ အိုးထိန်းသည်သည် ဘုရင်ကြီးအား တည်းခိုခွင့်ပြု၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် ညဉ့်နက်ပိုင်း၌ ဘုရားရှင်လည်း အိုးထိန်းသည်၏ နေအိမ်သို့ကြွလာ၏။ ဘုရင်ကြီးနှင့်အတူ ထိုအိမ်ဂေဟာ၌ တည်းခိုတော်မူ၏။ ထိုအခါ ဓမ္မဒေသနာတော်များကို ဟောကြားရင်း ထိုညကို ကုန်လွန်စေခဲ့လေ၏။ ပုက္ကုသတိသည် သောတာပန်ဖြစ်လေပြီ။ တမလွန်ဘဝ၌ နတ်စည်းစိမ် ဗြဟ္မစည်းစိမ်ခံစားပြီး အဆုံးစွန်သောဘဝ၌ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ၊ ဇာတိချုပ်ငြိမ်းရာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပေတော့မည်။ ဘုရားရှင်၏ဓမ္မလမ်းကြောင်းပေါ် လျှောက်လှမ်းပြီး ရဟန်းအဖြစ်ကို ရယူရန်အတွက် နံနက်စောစော မြို့တံခါးဖွင့်ချိန်တွင် ရာဇဂြိုလ်ပြည်သို့ ထွက်ခွာခဲ့လေသည်။ ထိုသို့ထွက်ခွာလာစဉ် ပုက္ကုသတိသည် လမ်း၌ မတော်တဆမှုနှင့် ကြုံဆုံခဲ့ရပြီး ဘဝတစ်ပါးသို့ ပြောင်းသွားရချေသည်။

မာဂဓပြည့်ရှင်ဘုရင် ဗိမ္ဗိသာရမှာကား ၎င်း၏အဆွေတော် ပုက္ကုသတိမင်းမြတ်အား တွေ့ဆုံခွင့်မရရှိလိုက်ပေ။ ဗိမ္ဗိသာရမင်းကြီးသည် ကလျာဏမိတ္တတစ်ဦးဖြစ်သည့် အားလျော်စွာ ပုက္ကုသတိမင်းမြတ်အား ကောင်းရာသုဂတိရောက်ပါစေ၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါစေ . . . ဟုသာ။

➢ *စာမျက်နှာ ၆၀ မှ*

**အရောသ နေယျော နသော ရောသေတိ ကိဉ္စိ**

**တံဝါပိ ဓီရာ မုနိ ဝေဒယန္တိ။ (သုတ္တနိပါတ၊ မုနိသုတ္တ)**

မိမိအား မည်သူကမျှ ဒေါသထွက်အောင် မလုပ်နိုင်ခဲ့၊ မိမိကလည်း မည်သူ့ကိုမျှ ဒေါသမထွက်ခဲ့သောသူကို "မုနိ"သူတော်စင်ဟူ၍ ပညာရှိများက သတ်မှတ်ကြ၏။

http://www.dhammadownload.com

*➢ စာမျက်နှာ ၆၁ မှ*

လွှတ်ငြိမ်းခွင့်ပြုလိုက်၏။ ဓမ္မသည် ခုဇ္ဇုတ္တရာအား ဘဝသစ်တစ်ခုကို အမှန်တကယ် မွေးဖွားပေးလိုက်ပြီ ဖြစ်၏။

နောင်တွင် ခုဇ္ဇုတ္တရာသည် ဗုဒ္ဓသာသနာ၌ ကျေးဇူးများသည့်အမျိုးသမီး သာဝက တစ်ဦး၊ ဧတဒဂ်ရ အမျိုးသမီးရဟန္တာတစ်ဦးဖြစ်လာ၏။ ဗုဒ္ဓက -

**"ဧတဒဂ္ဂံဘိက္ခဝေမာမသာဝကာနံ၊ ဥပါသိကာနံ**

**ဗဟုသုသုနံ ယဒိဒံ ခုဇ္ဇုတ္တရံ"** ဟူ၍ ဧတဒဂ်ပေးတော်မူ၏။

ရဟန်းတို့ ငါဘုရား၏ သာသနာ၌ ဥပါသိကာ သာဝကတို့တွင် ဗဟုသုတ အကြားအမြင်များသော နေရာ၌ ခုဇ္ဇုတ္တရာသည် အသာဆုံး၊ အမြတ်ဆုံး၊ အထူးဆုံးသာတည်း။ ။

(အင်္ဂုတ္တနိကာယ် ၁.၁.၂၆၀ ဧတဒဂ္ဂဝဂ္ဂ)

*➢ စာမျက်နှာ ၆၂ မှ*

မိန့်တော်မူ၏။ ယခုငါ့၌ နောင်တတစ်ဖန် စိုးရိမ်ပူပန်ရခြင်းသည် မရှိတော့။ ငါ၏လယ်မြေမှ မအိုရာ၊ မနာရာ၊ မသေရာအရဟတ္တမဂ်၊ အရဟတ္တဖိုလ် အသီးကို ပေး၏။ သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရာမှန် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီဖြစ်၏"ဟု ဆို၏။

ဘာရဒွါဇပုဏ္ဏားသည် ရှေးကပြုဖူးသည့် ပါရမီဉာဏ်ရင့်သန်သူဖြစ်ရကား ဘုရားရှင်၏ဒေသနာကို ကြားရသည့်ခဏ၌ ဘုရားရှင်အား "အိုအရှင် ဂေါတမ အရှင်ဘုရားသည် ဧကန်စင်စစ် လယ်ယာမြေကောင်းကို ထွန်ယက် စိုက်ပျိုးသူဖြစ်ချေ၏တကား။ အိုနာသေဘေး ဝေးရာကို ဆောင်ကျဉ်းသူ ဖြစ်ချေ၏တကား" ဟုဆိုကာ ဘုရားရှင်ကို လွန်စွာ ချီမြှိန်လှသည့် ဆွမ်းထမင်း ဆွမ်းဟင်းကို လှူရာ၏။ ဘုရားရှင်က မွန်းလွဲသွားပြီဖြစ်သဖြင့် ဘာရဒွါဇ ပုဏ္ဏားလှူဒါန်းသော ဆွမ်းကို ပယ်တော်မူ၏။ ရှင်တော်ဘုရားသည် မစင်ကြယ်သော အမူအကျင့်ရှိကုန်သည့် ပုဂ္ဂိုလ် များအား တရားရသကို ဝေငှတော်မူခြင်းသာတည်း။ ဓမ္မနှင့်တူသော တန်ဘိုးကြီး သည့် အရာဟူ၍ မရှိ။ ဓမ္မကိုတန်ဘိုး ဖြတ်၍မရ။

ဤသို့ဖြင့် ဘာရဒွါဇပုဏ္ဏားကြီးသည်ဓမ္မဒေသနာတော်ကို နာကြားပြီး နောက်၊ "အရှင်ဘုရား တပည့်တော်အား ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သည့် ဒကာတယောက်လို အသိအမှတ်ပြုတော်မူပါ ဘုရား" ဟု ဆိုကာ သရဏဂုံတည်ခဲ့လေ၏။ ဆက်လက်၍ ဝိပဿနာကမ္မဋ္ဌာန်းကို ကျင့်တော် မူရာ ရှေးဦးစွာမြင်တတ်သော သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်တော်မူ၏။ ဘုရားရှင်သည် ဖြပ်ပွဏ ဘာရဒွါဇ ပုဏ္ဏားအား ချီးမြှောက်လေ၏ တကား။

*➢ စာမျက်နှာ ၆၃ မှ*

အို သုဂတ. . ကျွန်တော်မျိုးမကား ( အရှင်ဘုရားကို နို့ချိုတိုက်ကျွေးခဲ့သူ) အရှင်ဘုရား၏ မယ်တော်ဖြစ်ပေ၏။ အရှင်ကား တပည့်တော်မကို ဓမ္မစစ် ဓမ္မမှန်ဖြင့် မွေးဖွားသန့်စင်ပေးသူ ဖြစ်၏။ သို့ဖြစ်၍ အရှင်သည် တပည့်တော်မ၏ ခမည်းတော်ဖြစ်ပါ၏။

သူ့အား လာရောက်ဝတ်ပြု ဂါရဝပြုသည့် မဟာပဇာပတိဂေါတမီအား ဗုဒ္ဓမြတ်စွာက အနားတွင် တရားကျင့်နေသည့် ရဟန်းတို့ကို ညွှန်ပြကာ ဤသို့ မိန့်တော်မူ၏။

**အာရဒ္ဓဝီရိယေ ပဟိတတ္တေ၊ နိစ္စံ ဒဋ္ဌပရက္ကမေ၊**

**သမ္မဂ္ဂေ သာဝကေ ပဿ၊ ဧသော ဗုဒ္ဓါန ဝန္ဒနာ။**

(ထေရီဂါထာ ၁၆၁၊ နှာ ၃၉၃)

http://www.dhammadownload.com

လေသည်။ ပြီးနောက် မင်းစည်းစိမ်ကို စွန့်ကာ ဦးပြည်းရိပ်လျက်၊ မုတ်ဆိတ်ကျင်နွယ်ပယ်လျက်၊ သင်္ကန်းကိုယူလျက်၊ သပိတ်ကို လွယ်လျက်၊ တောင်ဝှေးကို ထောက်လျက်၊ မာဂဓပြည်သို့ ထွက်ခွာခဲ့လေ၏။

ဤဖြစ်ရပ်ကိုမြင်ရသည့်အချိန်၌ မင်းဆွေမင်းမျိုးတို့မှာ ကြီးစွာ ပူဆွေးကြကုန်၏။ ဘုရင်ပုက္ကုသတိသည် တိုင်းသူပြည်သားများအား ရင်ဝယ်သားကဲ့သို့လည်း ချစ်တော်မူ၏။ တိုင်းသူပြည်သားတို့ကလည်း ဘုရင်ကြီးအား ချစ်ခင်မြတ်နိုးကြသည့်အလျောက် ပြင်းထန်စွာငိုကြွေးကြကုန်၏။ တိုင်းသူပြည်သားများသည် ဘုရင်ကြီးနောက်တော်ပါးမှ ထပ်ချက်မကွာ လိုက်ပါကြကုန်၏။

ဘုရင်ကြီးက တိုင်းသူပြည်သားများအား သူ့နောက်သို့မလိုက်ကြရန်နှင့် ယခုအခါ ကျွန်ုပ်သည် သင်တို့၏ဘုရင်မဟုတ်တော့ကြောင်း၊ ပြုစုစောင့်ရှောက်ပေးရန် မလိုတော့ဟုပြောသော်လည်း၊ တိုင်းသူပြည်သားများက လက်မခံ။ ထိုအခါ ဘုရင်ကြီးသည် အစီအစဉ်တစ်ခု ဆွဲရတော့၏။ ထိုအစီအစဉ်မှာ "သင်တို့က ကျွန်ုပ်ကို ဘုရင်ဟုသတ်မှတ်ကြသေးလျှင် သင်တို့အတွက် အမိန့်ပြန်တမ်းတစ်ခုကို ထုတ်ပြန်မည်ဟုဆိုပြီး တောင်ဝှေးဖြင့် စည်းတစ်ကြောင်းကို တားလိုက်လေ၏။ သင်တို့ ဤစည်းကိုကျော်ပြီး လိုက်မလာကြပါလင့်၊ အကယ်၍ သင်တို့ ဤစည်းကိုကျော်၍ လိုက်လာအံ့၊ ငါသည် သင်တို့အား ဘုရင့်အမိန့်ကို လွန်ဆန်မှုဖြင့် အရေးယူရပေတော့မည်"ဟု အမိန့်ထုတ်ပြန်လိုက်ရ၏။ ဤသို့ဖြင့် ဘုရင်ကြီးနောက်သို့ လိုက်လာကြကုန်သော တိုင်းသူပြည်သားများမှာ မျက်ရည် စက်လက်ဖြင့် အိမ်သို့ပြန်သွားကြလေကုန်၏။

ဘုရင်ကြီးသည် ရာဇဂြိုလ်ပြည်သို့ ဆက်လက်ထွက်ခွာလာ၏။ ရာဇဂြိုလ်နှင့် ဂန္ဓာရတိုင်းမှာ ခရီးဝေးကြမ်းတမ်းလှ၏။ ထိုကြမ်းတမ်းသည့် ခရီးကို ဘုရင်ကြီးသည် ဖိနပ်မပါဘဲ ခရီးပြင်းနှင်ခဲ့လေ၏။ ခြေဖဝါးတော်နုနု သွေးသံတို့ဖြင့် ရဲရဲနီ၏။ နာကျင်မှုမှာ ပို၍ ဆိုးလာသော်လည်း ဆက်လျှောက်မြဲ လျှောက်ခဲ့လေ၏။

ဤသို့ဖြင့် နေ့ရက်များစွာလျှောက်ခဲ့ပြီးနောက် တစ်ညနေခင်းတွင် ရာဇဂြိုလ်သို့ ရောက်၏၊ သူရောက်သည့် အချိန်တွင် ရာဇဂြိုလ်မြို့တံခါးသည် ပိတ်နေချိန်ဖြစ်၏။ မြို့တံခါးအပြင်ဘက် ကပ်လျက်တွင် အိုးထိန်းသည် နေထိုင်ရာ ဂေဟာတစ်ခုရှိ၍ တည်းခိုခွင့်တောင်း၏။ အိုးထိန်းသည်သည် ဘုရင်ကြီးအား တည်းခိုခွင့်ပြု၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် ညဥ့်နက်ပိုင်း၌ ဘုရားရှင်လည်း အိုးထိန်းသည်၏ နေအိမ်သို့ကြွလာ၏။ ဘုရင်ကြီးနှင့်အတူ ထိုအိမ်ဂေဟာ၌ တည်းခိုတော်မူ၏။ ထိုအခါ ဓမ္မဒေသနာတော်များကို ဟောကြားရင်း ထိုညကို ကုန်လွန်စေခဲ့လေ၏။ ပုက္ကုသတိသည် သောတာပန်ဖြစ်လေပြီ။ တမလွန်ဘဝ၌ နတ်စည်းစိမ် ဗြဟ္မစည်းစိမ်ခံစားပြီး အဆုံးစွန်သောဘဝ၌ သံသရာဝဋ် ဆင်းရဲမှ လွတ်မြောက်ရာ၊ ဇာတိချုပ်ငြိမ်းရာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပေတော့မည်။ ဘုရားရှင်၏ဓမ္မလမ်းကြောင်းပေါ် လျှောက်လှမ်းပြီး ရဟန်းအဖြစ်ကို ရယူရန်အတွက် နံနက်စောစော မြို့တံခါးဖွင့်ချိန်တွင် ရာဇဂြိုလ်ပြည်သို့ ထွက်ခွာခဲ့လေသည်။ ထိုသို့ထွက်ခွာလာစဉ် ပုက္ကုသတိသည် လမ်း၌ မတော်တဆမှုနှင့် ကြုံဆုံခဲ့ရပြီး ဘဝတစ်ပါးသို့ ပြောင်းသွားရချေသည်။

မာဂဓပြည့်ရှင်ဘုရင် ဗိမ္ဗိသာရမှာကား ၎င်း၏အဆွေတော် ပုက္ကုသတိမင်းမြတ်အား တွေ့ဆုံခွင့်မရရှိလိုက်ပေ။ ဗိမ္ဗိသာရမင်းကြီးသည် ကလျာဏမိတ္တ တစ်ဦးဖြစ်သည့် အားလျော်စွာ ပုက္ကုသတိမင်းမြတ်အား ကောင်းရာသုဂတိ ရောက်ပါစေ၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါစေ . . . ဟုသာ။

➢ *စာမျက်နှာ ၆၀ မှ*

**အရောသ နေယျော နသော ရောသေတိ ကိဉ္စိ**
**တံဝါပိ ဓီရာ မုနိ ဝေဒယန္တိ။ (သုတ္တနိပါတ၊ မုနိသုတ္တ)**

မိမိအား မည်သူကမျှ ဒေါသထွက်အောင် မလုပ်နိုင်ခဲ့၊ မိမိကလည်း မည်သူ့ကိုမျှ ဒေါသမထွက်ခဲ့သောသူကို "မုနိ"သူတော်စင်ဟူ၍ ပညာရှိများက သတ်မှတ်ကြ၏။

http://www.dhammadownload.com

**➢ *စာမျက်နှာ ၆၁ မှ***

လွတ်ငြိမ်းခွင့်ပြုလိုက်၏။ ဓမ္မသည် ခုဇ္ဇုတ္တရာအား ဘဝသစ်တစ်ခုကို အမှန်တကယ် မွေးဖွားပေးလိုက်ပြီ ဖြစ်၏။

နောင်တွင် ခုဇ္ဇုတ္တရာသည် ဗုဒ္ဓသာသနာ၌ ကျေးဇူးများသည့်အမျိုးသမီး သာဝက တစ်ဦး၊ ဧတဒဂ်ရ အမျိုးသမီးရဟန္တာတစ်ဦးဖြစ်လာ၏။ ဗုဒ္ဓက -

**“ဧတဒဂ္ဂံဘိက္ခဝေမာမသာဝကာနံ၊ ဥပါသိကာနံ**

**ဗဟုသုသသုနံ ယဒိဒံ ခုဇ္ဇုတ္တရံ”** ဟူ၍ ဧဒဂ်ပေးတော်မူ၏။

ရဟန်းတို့ ငါဘုရား၏ သာသနာ၌ ဥပါသိကာ သာဝကတို့တွင် ဗဟုသုတ အကြားအမြင်များသော နေရာ၌ ခုဇ္ဇုတ္တရာသည် အသာဆုံး၊ အမြတ်ဆုံး၊ အထူးဆုံးသာတည်း။ ။

(အင်္ဂုတ္တနိကာယ် ၁.၁.၂၆၀ ဧတဒဂ္ဂဝဂ္ဂ)

**➢ *စာမျက်နှာ ၆၂ မှ***

မိန့်တော်မူ၏။ ယခုငါ့၌ နောင်တတစ်ဖန် စိုးရိမ်ပူပန်ရခြင်းသည် မရှိတော့။ ငါ၏လယ်မြေမှ မအိုရာ၊ မနာရာ၊ မသေရာအရဟတ္တမဂ်၊ အရဟတ္တဖိုလ် အသီးကို ပေး၏။ သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရာမှန် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီဖြစ်၏”ဟု ဆို၏။

ဘာရဒ္ဒါဇပုဏ္ဏားသည် ရှေးကပြုဖူးသည့် ပါရမီဉာဏ်ရင့်သန်သူဖြစ်ရကား ဘုရားရှင်၏ဒေသနာကို ကြားရသည့်ခဏ၌ ဘုရားရှင်အား “အိုအရှင် ဂေါတမ အရှင်ဘုရားသည် ဧကန်စင်စစ် လယ်ယာမြေကောင်းကို ထွန်ယက် စိုက်ပျိုးသူဖြစ်ချေ၏တကား။ အိုနာသေဘေး ဝေးရာကို ဆောင်ကျဉ်းသူ ဖြစ်ချေ၏တကား” ဟုဆိုကာ ဘုရားရှင်ကို လွန်စွာ ချီးမြှိန်လှသည့် ဆွမ်းထမင်း ဆွမ်းဟင်းကို လှူရာ၏။ ဘုရားရှင်က မွန်းလွဲသွားပြီဖြစ်သဖြင့် ဘာရဒ္ဒါဇ ပုဏ္ဏားလှူဒါန်းသော ဆွမ်းကို ပယ်တော်မူ၏။ ရှင်တော်ဘုရားသည် မစင်ကြယ်သော အမူအကျင့်ရှိကုန်သည့် ပုဂ္ဂိုလ် များအား တရားရသကို ဝေငှတော်မူခြင်းသာတည်း။ ဓမ္မနှင့်တူသော တန်ဘိုးကြီး သည့် အရာဟူ၍ မရှိ။ ဓမ္မကိုတန်ဘိုး ဖြတ်၍မရ။

ဤသို့ဖြင့် ဘာရဒ္ဒါဇပုဏ္ဏားကြီးသည်ဓမ္မဒေသနာတော်ကို နာကြားပြီး နောက်၊ “အရှင်ဘုရား တပည့်တော်အား ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သည့် ဒကာတယောက်လို အသိအမှတ်ပြုတော်မူပါ ဘုရား” ဟု ဆိုကာ သရဏဂုံတည်ခဲ့လေ၏။ ဆက်လက်၍ ဝိပဿနာကမ္မဋ္ဌာန်းကို ကျင့်တော် မူရာ ရှေးဦးစွာမြင်တတ်သော သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်တော်မူ၏။ ဘုရားရှင်သည် ဗြဟ္မဏ ဘာရဒ္ဒါဇ ပုဏ္ဏားအား ချီးမြှောက်လေ၏ တကား။

**➢ *စာမျက်နှာ ၆၃ မှ***

အို သုဂတ. . ကျွန်တော်မျိုးမကား ( အရှင်ဘုရားကို နို့ချိုတိုက်ကျွေးခဲ့သူ) အရှင်ဘုရား၏ မယ်တော်ဖြစ်ပေ၏။ အရှင်ကား တပည့်တော်မကို ဓမ္မစစ် ဓမ္မမှန်ဖြင့် မွေးဖွားသန့်စင်ပေးသူ ဖြစ်၏။ သို့ဖြစ်၍ အရှင်သည် တပည့်တော်မ၏ ခမည်းတော်ဖြစ်ပါ၏။

သူ့အား လာရောက်ဝတ်ပြု ဂါရဝပြုသည့် မဟာပဇာပတိဂေါတမီအား ဗုဒ္ဓမြတ်စွာက အနားတွင် တရားကျင့်နေသည့် ရဟန်းတို့ကို ညွှန်ပြကာ ဤသို့ မိန့်တော်မူ၏။

**အာရဒ္ဓဝီရိယေ ပဟိတတ္တေ၊ နိစ္စံ ဒဠှပရက္ကမေ၊**

**သမ္မဂ္ဂေ သာဝကေ ပဿ၊ ဧသာ ဗုဒ္ဓါန ဝန္ဒနာ။**

**(ထေရီဂါထာ ၁၆၁၊ နှာ ၃၉၃)**

http://www.dhammadownload.com

အကြင်သူသည် ထက်သန်သော လုံ့လရှိကုန်သော နိဗ္ဗာန်သို့စေလွှတ်ထားသော စိတ်ရှိကုန်သော ခိုင်ခံ့သော လုံ့လရှိကုန်သော အညီအညွတ်ဖြစ်ကုန်သော မြတ်စွာဘုရား၏ တပည့်သာဝကတို့ကို ဟုတ်တိုင်းမှန်စွာဖြင့် စွမ်းနိုင်၏ ထိုသူ၏ ဤသို့သော သာဝကတို့ကို မြင်ခြင်းသည် မြတ်စွာဘုရားနှင့် မြတ်စွာဘုရား၏ တပည့်သာဝကတို့အား ရှိခိုးခြင်းမည်၏။

တစ်ခါသော် သူမ၏အစ်မတော် မဟာမာယာနှင့် စပ်လျဉ်းပြီး ရုတ်ချည်း သူမ ကျူးရင့်လိုက်ပုံမှာ လွန်စွာ စိတ်ဘဝင် လှုပ်ခတ်ဖွယ်ပင်။

**ဗဟူနံ ဝတ အတ္ထာယ၊ မာယာဇနယိဂေါတမံ။**

**(ထေရီဂါထာ ၁၆၂၊ နှာ ၃၉၇)**

မြောက်မြားလှစွာသော သတ္တဝါတို့အကျိုးငှာ မာယာ (မယ်တော်မာယာ) သည် ဂေါတမကို မွေးဖွားသန့်စင်ပေးခဲ့၏။

### ➢ စာမျက်နှာ ၆၄ မှ

တနေ့သ၌ ပဋာစာရီသည် ရေအိုးထဲမှရေကိုခပ်၍ ခြေထောက်ကိုရေလောင်းခါ ဆေးကြောလျက်ရှိ၏။ ပထမလောင်းလိုက်သောရေများသည် ခြေထောက်မှတစ်ဆင့်မြေသို့ စီးဆင်းသွားပြီး မြေတွင်စိမ့်ဝင်၍ ပျောက်ကွယ်သွားကြ၏။ နောက်တစ်ခါထပ်၍ လောင်းလိုက်သောအခါ ရေများသည် ပထမစိမ့်ဝင်ပျောက်ကွယ်သွားသည့်နေရာထက်ပို၍ ရှည်ရှည်စီးဆင်းပြီး မြေ၌ပျောက်ကွယ်သွားပြန်လေ၏။ နောက်တစ်ဖန် တတိယအကြိမ်ခပ်၍ ခြေထောက်ကိုလောင်းလိုက်သော ရေများသည် ဒုတိယရေများ စိမ့်ဝင်ပျောက်ကွယ်သွားသည်ထက်ကျော်၍ စီးဝင်ပြီးမှ မြေတွင်စိမ့်ဝင် ပျောက်ကွယ် သွားကြကြောင်း တွေ့မြင် ရလေသည်။

ပဋာစာရီ၏စိတ်၌ ဤရေစီးကြောင်းကလေးသည် လူ့ဘဝနှင့်တူရန်ကော။ လောက၌ အချို့သည် ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးကြရ၏ အချို့သည် အလယ်အလတ်အရွယ်၌ သေဆုံးကြ၏။ အချို့သည် အိုမင်းသည့်အရွယ်ကျမှ သေဆုံးကြ၏။ သေဆုံးသည့်အရွယ်ချင်းခြားနားသော်လည်း အားလုံးသည် သေဆုံးကြ ရပါတကားဟု စိတ်တွင်ဖြစ်လေ၏။ ဤမရဏာနုဿတိတရားကို အခြေခံ၍ ပွားများလိုက်သောကြောင့် မကြာမီအချိန်၌ ပဋာစာရီသည် သောတာပန်မှ သကဒါဂါမ်၊ အနာဂါမ်တို့မှတစ်ဆင့် ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ ရဟန္တာဖြစ်သော ပဋာစာရီသည် သက်ရှိထင်ရှားရှိနေစဉ်အတွင်း၌ အမျိုးသမီးပေါင်းများစွာအား ဓမ္မလမ်းကြောင်းပေါ်တွင် ဖြောင့်တန်းစွာရောက်ရှိပြီး ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်သွားသည်အထိ ဓမ္မဖြင့်ကူညီတော်မူခဲ့လေသည်။ ဗုဒ္ဓမြတ်စွာသည် ပဋာစာရီရဟန္တာအား "ဝိနယဓရ" များထဲတွင် အတော်ဆုံးဖြစ်သည့် "ဧတဒဂ်" ဘွဲ့ကိုချီးမြှင့်တော်မူပါသည်။

### ➢ စာမျက်နှာ ၆၅ မှ

သို့သော်လည်း သူမက အဲဒီအိမ်မှာ သေဆုံးသွားသော သူရှိပါသလားလို့ မေးသောအခါ မိသားစုဝင်တစ်ဦးတစ်ယောက်မျှ မသေဆုံးဘူးသော အိမ်ဟူ၍ တစ်အိမ်ကိုမျှ ရှာမတွေ့ခဲ့ပါ။ တစ်နေ့တာ ကုန်ဆုံးချိန်မှာ သူမလည်း ပင်ပန်းနွမ်းနယ်ခြေကုန်လက်ပန်းကျလေပြီ။ "သေခြင်းတရားဆိုသည်မှာ သတ္တဝါတိုင်း ကြုံတွေ့ရမည့်သဘာဝတရား ဖြစ်၏။ မည်သူတစ်ဦးတစ်ယောက်မျှ ရှောင်လွှဲ၍ မရနိုင်ပေ။ ဗုဒ္ဓမြတ်စွာသည် ငါ့အား အမှန်တရားကို နားလည်သဘောပေါက်ရန် ယခုကဲ့သို့ စေခိုင်းခြင်း ဖြစ်ပေသည်" ဟု သူမ သဘောပေါက်နားလည်သွားပါသည်။ သားသေရုပ်အလောင်းလေးကိုလည်း မီးသဂြိုလ်ရန်အလို့ငှာ ပေးအပ်လိုက်ပြီး ဗုဒ္ဓထံတော်ပါးသို့ ပြန်လာခဲ့ပါသည်။

http://www.dhammadownload.com

ယခုအခါ ကိသာဂေါတမီ၏စိတ်အစဉ်သည် ရှုပ်ထွေးမှုများ ကင်းစင်သွားပြီဖြစ်၍ ဗုဒ္ဓမြတ်စွာသည် သူမအား တရားဓမ္မများကို ညွှန်ကြားပြသပေးတော်မူပါသည်။ အသက်ရှူမှုကို ရှုမှတ်ရန် ဝေဒနာခံစားမှုများကို ရှုမှတ်ရန်၊ သောကများ ကုန်စင်သွားသည်အထိ ဆက်လက်ရှုမှတ်အားထုတ်ရန် ညွှန်ကြားတော်မူလေသည်။ အတိတ်ဘဝများစွာက ဆည်းပူးခဲ့သော ကုသိုလ်ပါရမီအဟုန်ကြောင့် သူမသည် မကြာမီကာလမှာ သောတပန်တည်သွားလေသည်။ ထို့နောက် ဘိက္ခုနီအဖြစ် သာသနာ့ဘောင်ဝင်ပြီး ဆက်လက်အားထုတ်ရာ တစ်ဆင့်ပြီးတစ်ဆင့် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်သွားလေသည်။

သူမသည် စိတ်မချမ်းမြေ့သော အမျိုးသမီးများစွာကို ဝိပဿနာသင်ကြားပြသပေးခြင်းဖြင့် ဒုက္ခဆင်းရဲမှ လွန်မြောက်စေလေသည်။ ဗုဒ္ဓမြတ်စွာက သူမအား အမျိုးသမီး သင်္ကန်းကြမ်းကြမ်းဝတ်ရုံ သူများထဲတွင် ရှေ့သွားခေါင်းဆောင် "ဧတဒဂ်" ဘွဲ့ထူးကို ချီးမြှင့်လေသည်။

> ***စာမျက်နှာ ၆၆ မှ***

တည်လေသည်။ ဆက်လက်၍ သကဒါဂါမ်၊ အနာဂါမ်မှတဆင့် ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူသွားပါသည်။

နိဗ္ဗာန်ချမ်းသာကို ဆွတ်ခူးရရှိတော်မူသော သူတော်စင်ကြီး သုနိတအား ဗြဟ္မာကြီးများ၊ သိကြားမင်း၊ နတ်မင်းများက လာရောက်ပူဇော်ကြခါ ဤသို့ ဥဒါန်းကျူးရင့်ကြကုန်၏။

**တပေန ဗြဟ္မစရိယေန၊ သံယမေန ဒမေနစ၊**
**ဧတေန ဗြာဟ္မဏော ဟောတိ၊ ဧတံ ဗြာဟ္မဏ မုတ္တမံ။**

**(ထေရဂါထာ ၆၃၁၊ သုနိတတ္ထေရဂါထာ)**

ထိုးထွင်း သိမြင်ခြင်း၊ တစ်ဦးတစ်ယောက်တည်းနေခြင်း၊ သည်းခံခြင်းနှင့် ကြိုးစားအားထုတ်ခြင်းဟူသော အကြောင်းများကြောင့် ဗြာဟ္မဏအဖြစ်ကို ရခဲ့၏။ ထိုသူသည် အမြင့်မြတ်ဆုံး ဗြာဟ္မဏပင်ဖြစ်ပါ၏။

စုဝေးကြကုန်လော့၊ သူတော်ကောင်းအပေါင်းတို့၊ ငါတို့သည် ဤသို့သော တံမြက်လှည်းသမားဘဝမှ သူတော်စင်ဗြာဟ္မဏကြီးဖြစ်လာသော သုနိတကို အကြိမ်တစ်ရာမျှ ဦးနှိမ်ချ၍ ရှိခိုးကန်တော့ကြပါစို့။

> ***စာမျက်နှာ ၆၈ မှ***

ထိုအခါ ပကတိကရိုးသားစွာဖြင့် ဤသို့လျှောက်ထားလေသည်။

"သမဏ အကျွန်ုပ်သည် ဇာတ်နိမ့်မိန်းမပျိုဖြစ်ပါသည်။ အရှင်သောက်သုံးရန် ဤရေတွင်းမှရေကိုမပေးလိုပါ"

ထိုအခါ ဘိက္ခုအာနန္ဒာက ချက်ချင်းပြန်ဖြေလေသည်။

"ညီမတော် အရှင်သည်သင့်ထံမှရေကိုသာတောင်းနေခြင်းဖြစ်သည်။ ဇာတ်ကိုမေးမြန်းခြင်းမဟုတ်ပါ"

ဗုဒ္ဓမြတ်စွာ၏ဇာတ်နိမ့်ဇာတ်မြင့်မခွဲခြားရေးအဆုံးအမများနှင့် ထိုအဆုံးအမများကို လိုက်နာကျင့်ကြံအားထုတ်နေသော ဇာတ်ဝါဒအသီးသီးမှတပည့်များတို့သည် အလွန်ကြည်ညိုဖွယ်ရာဖြစ်လေတော့သည်။

ဘိက္ခုအာနန္ဒာက အကြိမ်ကြိမ်တောင်းဆိုသောအခါ သူမသည် တုံ့လှုပ်စွာဖြင့် ရေတိုက်လေသည်။ ပျော်ရွှင်စွာ ရေကိုသောက်ပြီးနောက် ဘိက္ခုအာနန္ဒာသည် ရေငတ်ပြေသွားပြီး ထွက်ခွါသွားလေသည်။

http://www.dhammadownload.com

➢ *စာမျက်နှာ ၇၀ မှ*

**သဗ္ဗာ အာသတ္တိယော ဆေတွာ၊ ဝိနေယျ ဟဒယေ ဒရံ၊**

**ဥပသန္တော သုခံ သေတိ၊ သန္တိံ ပပ္ပုယျ စေတသော။**

**(အင်္ဂုတ္တရနိကာယ ၁၊ ၃၊ ၃၅ ဟတ္ထကသုတ္တံ)**

အလုံးစုံသော တဏှာတို့ကို ပယ်ဖျက်၍ စိတ်နှလုံး၌ ပူပန်ခြင်းကို ငြိမ်းအေးစေ၍ ငြိမ်းအေးသော ရဟန္တာပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို စိတ်ဖြင့်ညွှတ်၍ ချမ်းသာစွာ ကျိန်းစက်ရ၏ဟု မိန့်တော်မူ၏။

**သီတောဏှာသုခဒုက္ခေသု သမ သင်္ဂဝိဝဇ္ဇိတော။**

အကြင်ပုဂ္ဂိုလ်သည် သံယောဇဉ်မှ လွတ်မြောက်လေသည်။ အကြင်သူတို့အတွက် ချမ်းခြင်း၊ ပူခြင်း၊ သုခ-ဒုက္ခများသည် တူညီမျှတနေလေသည်။

➢ *စာမျက်နှာ ၇၁ မှ*

"ကျွန်ုပ်က သူ့အားရိုက်သည့်အတွက် ခွင့်လွှတ်ပြီးဖြစ်သည်။ ယခု သင်တို့က သူ့ကိုအဘယ့်ကြောင့် ပြစ်ဒဏ်ပေးလိုပါသနည်း။ ထို့ကြောင့် သင်တို့အားလုံးကိုယ့်အိမ်ကိုယ်ပြန်ကြပါ။"

ထိုသို့ တုန့်ပြန်လိုသူတို့အား ဖယ်ရှားပြီးနောက် အရှင်သာရိပုတ္တရာသည် မိမိ၏ကျောင်းသို့ပြန်လည် ကြွလာသည်။

ဤဖြစ်ရပ်ကို အကြောင်းပြု၍ ဗုဒ္ဓမြတ်စွာဟောကြားခဲ့သည်မှာ

**န ဗြာဟ္မဏဿ ပဟရေယျ၊ နာဿ မုဉ္စေထ ဗြာဟ္မဏော**

**ဓီ ဗြာဟ္မဏဿ ဟန္တာရံ၊ တတော ဓီ ယဿ မုဉ္စတိ။**

**(ဓမ္မပဒ ၃၈၉၊ ဗြာဟ္မဏဝဂ္ဂ)**

သူတော်ကောင်း (ဗြဟ္မဏ) ကို မပုတ်ခတ်ရာ၊ သူတော်ကောင်းသည် မိမိကို ပုတ်ခတ်သော ထိုသူအား အမျက်မထွက်ရာ၊ သူတော်ကောင်းအား ပုတ်ခတ်ခြင်းသည် စက်ဆုတ်ဖွယ်ဖြစ်၏၊ ပုတ်ခတ်သူအား အမျက်ထွက်သူသည် ထိုထက်သာ၍ပင် စက်ဆုပ်ဖွယ်ဖြစ်၏။

➢ *စာမျက်နှာ ၇၂ မှ*

ကြနှင့် မဟာရာဇာသေနာပတိနှင့် ပတ်သက်၍လည်း စိတ်တွင် ဒေါသမဖြစ်သင့်" ဟု ဆိုဆုံးမပြီး မုဆိုးမအားလုံးတို့အား ကောသလတိုင်းပြည်ကိုစွန့်၍ မိမိဘိုးဘွားတို့၏ ဇာတိဖြစ်သော မလ္လတိုင်း၏မြို့တော် ကုသိနာရုံသို့ သွား၍ နေထိုင်ကြစေသည်။ ဤမျှလောက်သည်းခံခွင့်လွှတ်ခြင်းနှင့် တည်ငြိမ်ခြင်းကား အလွန်အံ့သြဖွယ်ရာဖြစ်လေသည်။

➢ *စာမျက်နှာ ၇၅ မှ*

"ဂေါတမ . . သင်သည် ပရိတ်သတ်အလယ်တွင်ရှိနေစဉ် ကျွန်ုပ်က မတ်တပ်ရပ်လျက် လက်အုပ်ချီသည်ရှိသော် ကျွန်ုပ်ဦးခိုက်သည်ဟု မှတ်ယူပါ။ အကယ်၍ ကျွန်ုပ်က ပရိတ်သတ်အလည်တွင် ထိုင်နေစဉ် ခေါင်းပေါင်းဖယ်ချထားပါက ကျွန်ုပ်ဦးခိုက်သည်ဟု မှတ်ယူပါ။ အကယ်၍ ကျွန်ုပ်က မြင်းတပ်ယာဉ်ပေါ်တွင် ရှိစဉ် မြင်းနှင်တံကို အပေါ်မ,ထားရှိသော် ကျွန်ုပ်ဦးခိုက်သည်ဟု မှတ်ယူပါ။

ထိုအခါ ဗုဒ္ဓမြတ်စွာသည် သောဏဒဏ္ဍဗြာဟ္မဏကို ဓမ္မကထာများ ညွှန်ကြားပြီး ထိုအိမ်မှ ပြန်ကြွလေတော့သည်။

➢ *စာမျက်နှာ ၇၈ မှ*

**ဗုဒ္ဓမြတ်စွာသည်ရာဂကင်းသည်၊ ဒေါသကင်းသည်၊ တည်ငြိမ်သည်၊ အရဟန္တဖြစ်သည်၊ သမ္မာသမ္ဗုဒ္ဓဖြစ်ခဲ့လေသည်။**

ဗုဒ္ဓမြတ်စွာသည် မဟာကရုဏာရှင်ဖြစ်သော်လည်း ရံဖန်ရံခါ မေတ္တာ - ကရုဏာစိတ်ဖြင့် လိုအပ်သလို ပြင်းပြင်းထန်ထန် ဆောင်ရွက်လေသည်။ ထိုအတူ သူတစ်ပါးကိုလည်း တိုက်တွန်းလေသည်။ ထိုအခါမှသာ ကောင်းကျိုးခံစားကြရလေသည်။

http://www.dhammadownload.com

➢ *စာမျက်နှာ ၇၉*

အောက်ပါအရည်အချင်း (၅) မျိုးနှင့်ပြည့်စုံသောသူသည် နာမကျန်းဖြစ်သောရဟန်းအား ပြုစုရန်သင့်လျော်သော သူနာပြုပင်ဖြစ်ပေသည်။

၁။ မှန်ကန်သော ဆေးဝါးများကို သိရမည်။

၂။ သင့်လျော်သည့်ဆေးမသင့်လျော်သည့်ဆေးဟူ၍ ခွဲခြားသိရမည်။ မသင့်လျော်သည်ကို ရှောင်ရှားကာ သင့်လျော်သည်ကိုသာ တိုက်ကျွေးရမည်။

၃။ တစ်စုံတစ်ခုသောအကျိုးကို မမျှော်ကိုးဘဲ နာမကျန်းသူအား ကရုဏာစိတ်ထားဖြင့် ပြုစုစောင့်ရှောက်ရမည်။

၄။ ကျင်ကြီးကျင်ငယ်၊ ချွဲ၊ သလိပ်၊ အံဖတ်များကို မရွံမရှာစင်ကြယ်စွာ သန့်ရှင်းသုတ်သင်ပေးရပါမည်။

၅။ သင့်လျော်သောအချိန်အခါ၊ အခြေအနေမှာ နာမကျန်းသော ရဟန်းအား တရားဓမ္မ၊ စကားများကို ပြောပြပေးခြင်း၊ စိတ်ဓာတ်မကျရန် အားပေးခြင်းနှင့် တရားဓမ္မအပေါ်မှာ အာရုံပြုနိုင်အောင် စွမ်းဆောင်နိုင်ရမည်။

ရဟန်းတို့အမြဲ နှလုံးသွင်းထားရမည်မှာ -

**"ယောဘိက္ခဝေ၊ မံဥပဋ္ဌဟေယျသောဂိလာနံ ဥပဋ္ဌဟေယျ"**

**(မဟာဝဂ္ဂ၊ ဂိလာနဝတ္ထုကထာ)**

"ငါ့ကိုပြုစုလိုသူသည် နာမကျန်းသူကို ပြုစုရပေမည်။"

➢ *စာမျက်နှာ ၈၀*

လမ်းစဉ်သည် အသိဉာဏ်မျက်စိကို ဖွင့်ပေး၏။ ကိလေသာ အညစ်အကြေးအားလုံးကို ဖျောက်ဖျက်ပေးပြီးလျှင် နိဗ္ဗာန်သို့ ဆောင်ကြဉ်းသွား၏။ အကျဉ်းသား "စေယ" အမတ်ကြီးသည် ဤသို့စဉ်းစား၏။ "ငါသည် ဤလွတ်မြောက် ရာသို့ ပို့ဆောင်မည့် "မဂ်လမ်း" ကို ခိုင်မာသော သန္နိဋ္ဌာန်ဖြင့် လျှောက်လှမ်းနိုင် မည့် အခွင့်အရေးကို သိထားပြီမဟုတ်ပါလား။ ငါယခုနေရခြင်းသည် သီလလုံခြုံ သောနေရခြင်းဖြစ်၏။ အကြောင်းမှာ ယခုငါစကားမပြောရသဖြင့် ငါ၏ဝစီကံ စင်ကြယ်နေပြီ။ ငါသည် ယခုကိုယ်ကာယလှုပ်ရှားမှုများ မပြုလုပ်ရ။ ထို့ကြောင့် ငါ၏ ကာယကံလည်း စင်ကြယ်နေပြီ။ ဤနေရာ၌ ငါ့အတွက် တစ်နေ့ နှစ်ကြိမ် ပြည့်ဝစွာ စားသောက်ရ၏။ ထို့ကြောင့် ငါ၏ အသက်မွေးဝမ်းကျောင်းခြင်းသည် စင်ကြယ်ကောင်းမွန်နေပြီ။ ဤသို့ဖြင့် မဂ္ဂင်ရှစ်ပါးအနက် သမ္မာသတိနှင့်သမ္မာသမာဓိ နှစ်ပါး ကျန်နေ၏။ ထိုနှစ်ပါးအတွက်လည်း ငါက အာနာပါန ကမ္မဋ္ဌာန်းကျင့်သူ ဖြစ်သဖြင့် ပြည့်စုံနေ၏။ ထို့ကြောင့် ငါ့တွင် ကုသိုလ်စိတ်များသာဖြစ်နေ၏။ ဓမ္မတရားတော်ကလွဲပြီး ငါ့စိတ် တွေက တခြားရောက်စရာမရှိ။ ငါဆောင်ရွက်စရာဟူ၍ **ဖြစ်ပေါ်လာလိုက် ပျောက်ကွယ်သွားလိုက်** ပြောင်းလဲနေသည့်သင်္ခါရတရားတွေ၏ သဘာဝနှင့် ထူးခြားမှုတွေကို ရှုမှတ်သည့် အလုပ်သာရှိတော့၏။

ဤသို့ဖြင့် အမတ်ကြီး စေယသည် တစ်ဖက်၌ မိမိအား တရားရှုမှတ်ရန် လိုအပ်သမျှကိုပြုလုပ်ပေးနေသကဲ့သို့ဖြစ်သော ပသေနဒီကောသလမင်းကြီးကို ကျေးဇူးတင်လျက် တစ်ဖက်မှလည်း ပြောင်းလဲနေသည့် အရှိတရားတို့ တစ်ချိန်လုံး သတိဖြင့် ကြည့်၍ နေနိုင်ခဲ့လေသည်။ ဤသို့အစဉ်တစိုက်မှတ်နေသောကြောင့် ရုတ်တရက်ဖြစ်ပျက်တို့ အားလုံးရပ်သွားသည်ကို ခံစားလိုက်ရ၏။ ထိုရပ်သွားမှု အားလုံးသည်လည်း ပြန်ဖြစ်မလာတော့ပေ။ ဤသို့မျက်ဝါးထင်ထင် တွေ့လိုက်

http://www.dhammadownload.com

ရခြင်းပင်လျှင် အစဉ်တည်မြဲနေသောနိဗ္ဗာန်ကို "စေယ" အမတ်ကြီးက မျက်မှောက်ပြုလိုက်ရခြင်းဖြစ်၏။ အောက်ဘုံအသီးသီးသို့ ရည်ညွှန်းနေသော သင်္ခါရတရားအားလုံးတို့သည် အင်အားပျက်ပြယ်၍ အရှိန်ကုန်သွားကြပါပြီ။ အမတ်ကြီးသည် သောတာပန်ရေစီးကြောင်းသို့ ဝင်ရောက်သွားပါပြီ။

အကျဉ်းထောင်ကြီးသည် ထိုအကျဉ်းသား၏ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကြီးတစ်ခုဖြစ်တော့၏။ အကျဉ်းသားသည် ချမ်းသာလေစွ။

ပသေနဒီ မင်းကြီးလည်း မိမိအမှားကိုမြင်သဖြင့် အမတ်ကြီးအား အကျဉ်းထောင်မှ လွှတ်လိုက်လေတော့၏။

> *စာမျက်နှာ ၈၁ မှ*

ဤအဖြေကို ခင်ပုဏ္ဏာလုံးဝမကျေနပ်၊ ထို့ကြောင့် "ဘယ်သူက ဒီလို ပြောတုံး၊ ဘာမှမသိတဲ့လူတစ်ယောက်က ဘာမှမသိတဲ့ နောက်တစ်ယောက်ကို ပြောတာဘဲဖြစ်မှာပေါ့။ စဉ်းစားကြည့်ပါအုံးတော်၊ ဒီလို မြစ်ထဲရေချိုးလိုက်ရုံနဲ့အပြစ်တွေ ပျောက်ကုန်မယ်ဆိုလို့ကတော့ မြစ်ထဲမှာရှိနေ တဲ့ ဖားတို့လိပ်တို့ငါးတို့ မြွေတို့နဲ့ မိချောင်းပါမကျန်ရေသတ္တဝါတွေ အကုန်လုံးဟာ သေချာပေါက်နတ်ပြည်ကို ရောက်ကြမှာ ချည်းဖြစ်တော့မှာပေါ့" ဟု နှုတ်လုံ့ထိုး ပြောလိုက်လေ၏။

ခင်ပုဏ္ဏာ၏ ကက်ကက်လန်ပြန်၍ မေးလိုက်သောမေးခွန်းများကို ဗြာဟ္မဏပုဏ္ဏားကြီးကြားရသောအခါ ၎င်းတွင်ကျိုးကြောင်း ဆင်ခြင်မှု သတိသံဝေဂ ရလာပါတော့သည်။ ထို့ကြောင့် သူ၏စိတ်ကို မှန်ကန်သောလမ်းကြောင်းပေါ်တွင် ဆောက်တည်သွားနိုင်ပါတော့၏။ ဗုဒ္ဓမြတ်စွာ၏ဒေသနာတော်များကို ကြားနာ၊ ထိတွေ့ရသူအားလုံးသည် မိမိတို့၏အပြစ်များကို သန့်ရှင်းသွားစေရန် မိမိတို့၏ **ကိုယ် နှုတ် နှစ်လုံး** တို့မှ ပြုမူဆောင်ရွက်နေကြသော မကောင်းမှု၊ အပြုအမူအားလုံးကို စောင့်ထိန်းခြင်းဖြင့် ဓမ္မတည်းဟူသော မြစ်ရေတွင် ဆေးကြောရမည်ဖြစ်ကြောင်းကို သဘောပေါက်နားလည်ကြပါသည်။

အကုသိုလ်အညစ်အကြေးတို့မှ လွတ်မြောက် သန့်စင်သွားသူဆိုသည် မိမိ၏အပြစ်များကို ဓမ္မတည်းဟူသော ဂင်္ဂါမြစ်တွင်း၌ ဆေးကြောလိုက်သူလည်းဖြစ်ပါသည်။ ဤသို့ ရေချိုးသန့်စင်ခြင်းတို့သည် မှန်ကန်သောဓမ္မ၌ ရေချိုးခြင်းဖြစ်၏။ ဤသို့ရေချိုးခြင်းသည် ဗြာဟ္မဏအဖြစ်ကို ရစေ၏။

"ယခင်က ကျွန်ုပ်သည် အမည်အားဖြင့်သာ ဗြာဟ္မဏဟူ၍ အခေါ်ခံခဲ့ရ၏။ ယခုမူကား ကျွန်ုပ်သည် ဗြာဟ္မဏအစစ်ဖြစ်ပါပြီ" ဟု ဗြဟ္မဏ ပုဏ္ဏားကြီးသည် ကျူးရင့်မိ၏။ အစေခံမကလေး ခင်ပုဏ္ဏာ၏ကျေးဇူးပေတည်း။

> *စာမျက်နှာ ၈၂ မှ*

မတိုင်မီ အထိတည်ရှိ၏။ ဗြဟ္မာ့စရိယသည် နိဗ္ဗာန်ကို ရှေ့ရှု၍ ကိုင်းညွတ်၏။ နိဗ္ဗာန်ဟူသော အသီးအပွင့်ကို သီးပွင့်စေ၏။" ဟုဖြေကြားပါသည်။

မေးခွန်းမေးသော ဝိသာခသည် တစ်မဂ်တစ်ဖိုလ်ရရှိသေးသူ မဟုတ်သေးပါ။ သူ့မေးခွန်းသည် အဆင့်ကျော်၍ မေးသော မေးခွန်းဖြစ်ကြောင်းကို ဓမ္မဒိန္နာက ကောင်းစွာ သိနေပြီးဖြစ်၏။ ထို့ကြောင့် ဆက်လက်၍ "မိတ်ဆွေဝိသာခ၊ သင်မရှင်းလင်းပါက ဗုဒ္ဓမြတ်စွာဘုရားအား ဤပုစ္ဆာအတိုင်း လျှောက်ထား၍ မေးမြန်းပါလော့။ ပြီးလျှင် ဘုရားရှင် မိန့်ကြားသည့်အတိုင်းသာ ဆောင်ရွက်ပါလော့" ဟုပြောကြားလိုက်ပါသည်။

ဝိသာခသည် ဓမ္မဒိန္နာအား အရိုအသေပြုပြီးနောက် ဗုဒ္ဓမြတ်စွာထံပါးသို့ သွားရောက်ပါသည်။ ဗုဒ္ဓမြတ်စွာ၏အပါးတွင် ထိုင်၍ ဓမ္မဒိန္နာနှင့် မိမိတို့ ပြုလုပ်ခဲ့ကြသည့် အမေးအဖြေများကို လျှောက်ထားလိုက်ပါ၏။

ဗုဒ္ဓမြတ်စွာသည် ဝိသာခအား " ဝိသာခ၊ ဓမ္မဒိန္နာသည် စာပေကျမ်းဂန် တတ်ကျွမ်း၍ ဉာဏ်ပညာနှင့် ပြည့်စုံသူဖြစ်၏။ သင်သည် ဓမ္မဒိန္နာအား မေးမြန်းခဲ့

http://www.dhammadownload.com

သည့်အတိုင်း ငါ့အားမေးမြန်းမည်ဆိုပါက၊ ငါသည် ဓမ္မဒိန္နာဖြေကြားလိုက်သည့်အတိုင်းပင် သင့်အားဖြေကြားမည်ဖြစ်၏။ သူ့အဖြေသည် ပြည့်စုံသည့် အဖြေဖြစ်၏။ ဤအတိုင်းကျင့်ကြံပါလော့” ဟုမိန့်မြွက်တော်မူပါသည်။

ထိုအခါမှ အနာဂါမ် ဝိသာခသည် လွန်စွာ အားရကျေနပ်၍ ဗုဒ္ဓမြတ်စွာဆုံးမတော်မူသည့်အတိုင်း ကောင်းစွာလိုက်နာကျင့်သုံးပါတော့သတည်း။

➢ *စာမျက်နှာ ၈၃*

**စွပ်စွဲချက် (၂)** ဝိသာခါသည် အိပ်စက်ရာခန်းမဆောင်မှ ညဥ့်အချိန်တွင် အပြင်သို့ ကြာမြင့်စွာ ထွက်သွားခဲ့သည့် အပြစ်ရှိသည်။

**ဖြေကြားချက် -** ကျွန်မတို့ မင်္ဂလာဆောင်စဉ်က အိမ်မှ လက်ဖွဲ့လိုက်သော မြင်းမလေးသည် ညဥ့်အချိန်၌ သားဖွားနေပါသည်။ ထိုမြင်းမလေး သားဖွားစဉ်ကောင်းမွန်စွာ စောင့်ရှောက်ခြင်းရှိ/မရှိ စစ်ဆေးရန် မီးအိမ်ဖြင့် အိမ်ဖော်များပါခေါ်၍ သွားကြည့်ခြင်းသာ ဖြစ်ပါသည်။

**စွပ်စွဲချက် (၃)** မနေ့က ကျွန်ုပ်မိဂါရသည် အလွန်အရသာရှိသော ထမင်းဟင်းများကို မြိန်ယှက်စွာစားနေစဉ် တံခါးဝသို့ တက္ကတွန်းတစ်ဦး ရောက်ရှိလာ၏။ ထိုအခါ ဝိသာခါက ၎င်းအား ကျွန်ုပ်သည် အစားအစာ အဟောင်းအမြင်းများကိုသာ စားနေသည်ဆိုခါ ကျွန်ုပ်၏အသရေကို ဖျက်သောကြောင့် အပြစ်ရှိသည်။

**ဖြေကြားချက် -** မိဂါရသည် ဘဝဟောင်းများက အစားအသောက်များကို ပေးကမ်းလှူဒါန်းခဲ့ခြင်းကြောင့် ယခုကဲ့သို့ စားကောင်းသောက်ဖွယ်များကို စားသောက်နေရခြင်းဖြစ်ပါသည်။ ယခုသူစားနေသော အစာများသည် ယခင်က လှူဒါန်းခဲ့သောကြောင့် စားရသော အစာများဖြစ်၏။ ထိုအစာများသည် ဟောင်းနေသော ကုသိုလ်များသာ ဖြစ်၏။ ယခု အလှူအတန်း မလုပ်သောကြောင့် လတ်ဆတ်သော အစာများ မဖြစ်နိုင်ပါ။

**စွပ်စွဲချက် (၄)** ဝိသာခါ၏ ဖခင်သည် သမီးအား သာဝတ္ထိသို့ မစေလွှတ်ခင်၊ သာကေတ၌ အဆက်အစပ်လည်းမရှိ၊ အဆီအငေါ်လည်း မတည့်သောစကားများဖြင့် ဆုံးမလွှတ်လိုက်သည်။ ဤအဆုံးအမများကို လိုက်နာသော မည်သည့်သားသမီးမျှ မကောင်းနိုင်ချေ။ ထို့ကြောင့် ဝိသာခါ၌ အပြစ်ရှိသည်။ ဤစတုတ္ထစွပ်စွဲချက်နှင့် ပတ်သက်၍ ဖြေကြားချက်ကို “ချွေးမ တစ်ယောက်အား ဆုံးမမှာကြားခြင်း” ခေါင်းစဉ်ဖြင့် သီးခြားဖော်ပြထားပါသည်။

ဤအဆုံးအမများကို ဝိသာခါက ပြေလည်စွာ ဖြေရှင်းလိုက်သောအခါဖြေကြားချက်များကို အလွန်နှစ်သက်၍ စိတ်အားတက်ကြွလှသဖြင့် မိဂါရသည် ဝိသာခါအား ဗုဒ္ဓမြတ်စွာကို မိမိအိမ်သို့ ပင့်ဖိတ်ရန် ခွင့်ပြုလိုက်လေသည်။

ဝိသာခါ၏ ပင့်ဖိတ်ချက်အရ ဗုဒ္ဓမြတ်စွာသည် ဝိသာခါ၏ အိမ်သို့ကြွရောက်တော်မူခါ တရားဒေသနာ ဟောကြားတော်မူပါသည်။ မိဂါရမူကား ဗုဒ္ဓ၏ အယူဝါဒမဟုတ်သည့် အခြားဘာသာကို ကိုးကွယ်သူဖြစ်သောကြောင့် မိမိအိမ်၌ ဗုဒ္ဓမြတ်စွာက တရားဟောကြားတော်မူသည့်အခါ၌ ကန့်လန့်ကာ အကွယ်မှသာ တရားတော်ကို နာယူလေသည်။ သို့သော်အတိတ်ဘဝက ကြီးမားသော ကုသိုလ်ကောင်းမှုတို့ကို သိုမှီးစုဆောင်းထားရှိခဲ့သော ပါရမီရှင်တစ်ဦး ဖြစ်သည့်အတွက်၊ ကန့်လန်ကာ နောက်မှ ကြားနာရသော ဒေသနာတော်ကို နာယူလျက်ပင် အနိစ္စတရားကို ကိုယ်တိုင် ထိုးထွင်း၍ သိလိုက်ရလေသည်။ထိုမှအဆင့်ဆင့်တက်၍ တောက်လျှောက် နိဗ္ဗာန်ကိုပင် မျက်မှောက်ပြုနိုင်၍ သွားပါတော့သည်။ ထို့ကြောင့် မိဂါရသည် မမြင့်မြတ်သော အနရိယာဘဝမှ မြင့်မြတ်သော အရိယာဘဝ သစ်သို့ရောက်ရှိ သွား၏။ ချွေးမလေးဝိသာခါ၏ ကျေးဇူးကြီးမားလှပါတကား။ ဗုဒ္ဓမြတ်စွာ၏ ဒေသနာတော် အဆုံးတွင် မိဂါရသည် ဗုဒ္ဓမြတ်စွာအား “သင်သည် ကျွန်ုပ်၏ မိခင်ဖြစ်ပါသည်။ ယနေ့ သင်က မွေးဖွားပေးလိုက်သောကြောင့် ဘဝအသစ် တစ်ဘဝကို ရခဲ့ပါပြီ” ဟုပြောလိုက်ပါသည်။ ထိုနေ့မှစ၍ အများက

http://www.dhammadownload.com

ဝိသာခါအား " မိဂါရမာတာ ဝိသာခါ" ဟုခေါ်ကြ၏။ အချိန်တန်၍ ဝိသာခါ ကျောင်းအစ်မသည် သားယောကျ်ား ကလေးတစ်ယောက် မွေးဖွား၍ လာရာ ထိုကလေးကို "မိဂါရ" ဟုအမည်ပေး လိုက်သဖြင့် ဝိသာခရရှိခဲ့သော " မိဂါရမာတာ" ဟူသော အမည်သစ်သည် လက်ရှိအခြေအနေနှင့် ဆီလျော်လိုက်ဖက်လျက်ရှိနေပါ တော့သည်။

## ချွေးမတစ်ဦးအတွက် ဆုံးမစာ

ဗုဒ္ဓမြတ်စွာ၏ တပည့်ရင်းတစ်ဦးဖြစ်သည့် ဘဏ်တိုက်သူဌေးကြီး ဓနဥ္စရာ သည် မိမိ၏ သမီးကြီး ဝိသာခါကို သာဝတ္ထိပြည်ရှိခင်ပွန်းသည် ပုဏ္ဏဝဓ္ဓနထံသို့ စေလွှတ်ခါနီး၌ အောက်ပါ ဆုံးမစကားများကို မှာကြားလိုက်ပါသည်။ သမီး ဖြစ်သူကောင်းမွန်ချမ်းသာစွာနေနိုင်ရေးအတွက် မှာကြားလိုက်သော ဆုံးမစကား များ ဖြစ်သော်လည်း အပေါ်ယံကြည့်လျှင် ရှုပ်ထွေး၍ အဆက်အစပ် မရှိလှသဖြင့် ယောက္ခမဖြစ်သူက ချွေးမအား မယုံသင်္ကာ ဖြစ်လျက်ရှိလေ၏။ ဝိသာခက တစ်ခု ချင်း၏ အဓိပ္ပါယ်များကို ရှင်းလင်းပြောပြလိုက်မှသာ၊ အမြင်မကြည်လင်မှုများ ပပျောက်၍ သွားပါတော့၏။

ဆုံးမစကားဆယ်မျိုးနှင့် ၎င်းတို့၏ အဓိပ္ပါယ်ဖော်ပြချက်တို့မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

၁။ **အတွင်းမှ မီးကို အပြင်သို့ ယူမသွားရ။**

ယောက္ခမ၏ အိမ်ထောင်အတွင်းရှိ မိသားစုဝင်တစ်ဦး တစ်ယောက်သည် အများအယွင်း တစ်ခုကို ကျူးလွန်မိပါက သို့မဟုတ် အိမ်ထောင်အတွင်း၌ အငြင်းပွားမှု တစ်စုံတစ်ရာရှိပါက ဤကိစ္စများကို အပြင်လူ၊ သူစိမ်းများ မသိအောင် ထိန်းသိမ်းထားရမည်ဖြစ်၏။ အပြင်သို့ ရောက်သွားသော အိမ်တွင်းမီးထက် ကြီးသော မီးမရှိပါ။

၂။ **ပြင်ပမှ မီးကို အိမ်တွင်းသို့ သယ်ဆောင်မလာရ။**

ယောက္ခမအိမ်ထောင်စုဝင်တစ်ဦးဦး၏ မကောင်းသတင်းများကို အပြင် လောက၌ ကြားခဲ့လျှင် သို့မဟုတ် ပြင်ပက လူများသည် အိမ်သားများ၏ အကြောင်းကို မထီလေးစားပြောကြားနေကြလျှင် ဤအကြောင်းများကို အိမ်အတွင်း၌ ပြန်၍မပြောကြားရ။ အိမ်တွင်း၌ လောင်ကျွမ်းသောမီးတို့တွင် ဤသို့ အပြင်စကားများပြန်၍ ပြောကြားခြင်းဟူသော မီးထက်ကြီးမားသော မီးမရှိပါ။

၃။ **ချွေးမသည် ပေးသောသူကိုသာ ပေးရာ၏။**

အိမ်တွင်းသုံးပစ္စည်းတစ်စုံတစ်ရာကို ပြင်ပက လာရောက်ငှားရမ်းပါက၊ ပြန်ပေးပါမည်ဟု ကတိပြုခဲ့သည့်အတိုင်း ပြန်လည်၍ ပေးသူကိုသာ ငှားရမ်းရန်။

၄။ **ချွေးမသည် ပြန်မပေးသောသူကို မပေးရန်။**

ငှားရမ်းနိုင်သော ပစ္စည်းများကို ငှားရမ်းရာ၌ ပြန်ပေးပါမည် ဟူသော ကတိကို မတည်သော သူများကို ငှားရမ်းခြင်း မပြုရန်။

မကြာခဏပင် မရှိမဖြစ်သော အိမ်သုံးပစ္စည်းကို ဤသို့ငှားရမ်းပြီး ပြန်မပေး သူများနှင့် ကြုံရတတ်၏။ ထိုအခါမျိုး၌ မိမိ၏ ပစ္စည်းလည်း ဆုံးရှုံးရသကဲ့သို့ ငှားရမ်းသူနှင့် မိတ်ဆွေအဖြစ်ကိုလည်း ဆုံးရှုံးရ၏။ ထိုအခါက မငှားရမ်း လိုက်လျှင် တစ်မျိုးကိုသာ ဆုံးရှုံးမှာ ဖြစ်၏။ ဤကိစ္စမျိုး၌ မငှားလိုက်ခြင်းက ပို၍ ကောင်းပါ သည်။

၅။ **ချွေးမသည် ပေးသူများကို ပေးရမည်၊ ထိုနည်းတူ မပေးသူများကိုလည်း ပေးရန်ဖြစ်၏။**

တစ်ခါတစ်ရံအခါမျိုး၌လည်း မိမိ၏ အိမ်သုံးပစ္စည်းသည် ငှားလိုက်၍ ပြန်မရသည့် တိုင်အောင် အိမ်တွင် မရှိမဖြစ်သော ပစ္စည်းမဟုတ်ခဲ့လျှင် ငှားရမ်းသူ သည် ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည် ဖြစ်စေ၊ သိသူဖြစ်စေ၊ မသိသူဖြစ်စေ၊

http://www.dhammadownload.com

ငှားလိုက်ရန်ဖြစ်၏။ ပြန်ပေးသည်၊ မပေးသည်မှာ အကြောင်းမဟုတ်။ ဤသို့ ငှားရမ်းလိုက်ခြင်းကြောင့် သူတစ်ပါးအတွက် အဆင်ပြေသွားမည်ဟူသော စေတနာကြောင့် ပစ္စည်း ဆုံးရှုံးရလျှင်လည်း စိတ်မဆင်းရဲပါ။

၆။ **ချွေးမသည် ချမ်းသာစွာ ထိုင်တတ်ရပါမည်။**

အကယ်၍ ယောက္ခမများ သို့မဟုတ် ခင်ပွန်းသည်နှင့် ခဲအိုများက မတ်တပ်ရပ်လျက်ရှိနေလျှင် ချွေးမသည် ထိုင်မနေသင့်ပါ။ ထိုသူများ အားလုံးထိုင်ပြီးမှ မိမိကထိုင်လိုက်ခြင်းသည်သာ ချမ်းသာစွာ ထိုင်ခြင်းမည်၏။

၇။ **ချွေးမသည် ချမ်းသာစွာ စားသောက်ရပါမည်။**

အလားတူပင် အခြားသူများအားလုံးကို ကျွေးမွေး၍ ပြီးစီးသည့် အခါမှသာ အိမ်ရှင်မဖြစ်သော ချွေးမကစားသောက်ခြင်းသည် သင့်လျော်ပါသည်။ ဤသည်ကို ချမ်းသာစွာ စားသောက်ခြင်းဟု ခေါ်၏။

၈။ **ချွေးမသည် ချမ်းသာစွာ အိပ်စက်ရပါမည်။**

အိမ်မှုကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်ပြီးနောက် ရိုသေလေးစားစွာ လူကြီးများ၏ ဝေယျာဝစ္စများကို ဆောင်ရွက်ပြီး ထိုသူတို့ အိပ်ယာဝင်ပြီးမှသာ ချွေးမသည် အိပ်စက်ရန် သင့်လျော်သည်။ ဤသို့ အိပ်စက်ခြင်းသည် ချမ်းသာစွာ အိပ်ခြင်းဖြစ်ပါသည်။

၉။ **ချွေးမသည် မီးကို ဂရုစိုက်ပြုပြင်ရပါမည်။**

မိမိ၏ ခင်ပွန်း၊ ယောက္ခမများနှင့် အိမ်ထောင်စုရှိအကြီးအကဲများကို ထွန်းလင်းတောက်ပသော မီးများကဲ့သို့ သဘောထားကာ အမြဲဂရုစိုက်၍ ပြုစုစောင့်ရှောက်နေရပါမည်။

၁၀။ **ချွေးမသည် အိမ်ဦးနတ်များကို ကျိုးနွံကိုးကွယ်ရမည်။**

မိမိ၏ ခင်ပွန်း၊ ယောက္ခမများနှင့် အိမ်ထောင်စုရှိ အကြီးအကဲများကို မိမိရိုသေထိုက်သူများအဖြစ် ခံယူခါအမြဲရိုသေစွာ ဆက်ဆံသွားရပါမည်။

ဤသို့ ဆုံးမထားသည့် အချက်ဆယ်ချက်သည် တစ်ဦးတစ်ယောက်၏ ချမ်းသာခြင်းကို ဖြစ်စေပါသည်။ လက်တွေ့ကျသော ဓမ္မကို အခြေခံထားသည့် အဆုံးအမဖြစ်၏။ အိမ်ထောင်အသီးသီးတို့တွင် ရှိကြသည့် ချွေးမတိုင်းကို ရည်ညွှန်းထားသဖြင့် ဤအဆုံးအမများကို လိုက်နာပါက၊ လူ့လောကကြီးတွင် အေးချမ်းသာယာမှုများတိုးတက်ရရှိခါ မေတ္တာ ရေစင်များ သွန်းလောင်းထားသကဲ့သို့ အလိမ္မာအမှန်ဖြစ်ပါသည်။

➤ *စာမျက်နှာ ၈၅*

ထို့ကြောင့် ကျွန်ုပ်တို့နှစ်ယောက်သည် အတူပူးပေါင်း၍ ကာမအာရုံ ကာမဂုဏ် ချမ်းသာများကို ခံစားလိုက်ကြလျှင် မကောင်းပါလား" ဟု မြူဆွယ်စကားပြော၏။

သီသူပစာလာသည် မာရ်နတ်အား "ယုတ်မာသော မာရ်နတ်၊ ငါသည် တဏှာဟူသော နှောင်ကြိုးမှ အပြီးအပိုင်လွတ်ထွက်ခဲ့သူဖြစ်သည်။ ဗုဒ္ဓမြတ်စွာ၏ ကျေးဇူးများလှသော တရားတော်များကို ကျင့်ကြံလိုက်ရသဖြင့် တပ်မက်ခြင်း တဏှာ၏ အညစ်အကြေးဟူသမျှအားလုံးကို အမြစ်ပါမကျန် နုတ်ပစ်ခဲ့လေပြီးဖြစ်၍ ငါ၏စိတ်တွင် စွဲလန်းမှုတဏှာသည် နောက်ထပ်တစ်ဖန်ပြန်၍ မလာနိုင်တော့ပါ" ဟု ပြောလိုက်၏။

မာရ်နတ်သည် ထပ်မံ၍ သီသူပစာလာအား ဤသို့ပြောကြားခါ အကြံပြုပြန်ပါသည်။ "သင်သည် ဘာဝနာစီးဖျန်းခြင်းကို နှစ်သက်သူ ဖြစ်ပါက ကာမဂုဏ်အာရုံတို့၏ကျက်စားရာ ဘုံကြီးဖြစ်သော နတ်ပြည်ရှိ နတ်ဒေဝတာ တို့ကို

http://www.dhammadownload.com

သီသူပစာလာသည် မာရ်နတ်အား "မကောင်းဆိုးဝါး မာရ်နတ်၊ ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းခြင်းကို ပိတ်ပင်တားဆီးလိုသော သင်သည် ကာမဂုဏ် ခံစားမှုများကို အမြစ်မှ နုတ်ပယ်ခြင်းမရှိဘဲ ဖိနှိပ်ချုပ်တည်းရုံမျှသာ တတ်နိုင်သော အကျင့်ကို ကျင့်သူများထံသို့သာ သွား၍ သင်၏နတ်မိမယ်ကလေးများ သို့မဟုတ် ပျိုမြစ်လှပသော ရေသူမကလေးများကို ကိုယ်ဟန်ပြစေပြီး သူတို့၏ ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းခြင်းကို ဟန့်တားလျှင် ရကောင်းရနိုင်ပါလိမ့်မည်။ သို့သော် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသည့် ဝိပဿနာတရားတော်ကို အပြည့်အဝ အားထုတ်ခဲ့သော ငါသည် ကာမဆန္ဒကို ငါ့စိတ်၏ အနက်ရှိုင်းဆုံးအပိုင်းမှ တစ်စမကျန် ဖျက်ဆီးခဲ့ပြီး ဖြစ်၏။ ငါသည် သင်၏ မာယာထောင်ချောက်ထဲသို့ မကျရောက်နိုင်တော့ပေ"

"သင်သည် နတ်သမီးဘဝကိုသာ ယူလိုက်လျှင် အမျိုးစုံသော ကာမဂုဏ်ချမ်းသာကို ခံစားရမှာဖြစ်၏။" ဟု မာန်နတ်က ထပ်မံပြောကြားသော်လည်း သီသူပစာလာက "ရပ်လော့မာရ်နတ်၊ ငါသည် ဗုဒ္ဓမြတ်စွာ၏ ညွှန်ကြားချက်များအရ ကျင့်ကြံအားထုတ်၍ ရဟန္တာဖြစ်လေပြီ။ ငါသည် မွေးလိုက်သေလိုက် သံသရာမှ လွတ်မြောက်ခဲ့ပြီး မည်သည့်ဘုံတွင်မှ ဘဝအသစ်တဖန်ပြန်၍ မဖြစ်တော့ပြီ" ဟု ပြောဆို၍ အောက်ပါအတိုင်း သီကျူးလိုက်ပါတော့၏။ "အားလုံးသော ဘုံဘဝတို့သည် မီးဟုန်းဟုန်း တောက်လောင်လျက်သာရှိ၏။ ဘဝဟူသည်မှာ တုံလှုပ်မှုများမှလွဲ၍ ဘာမျှမရှိ။ ငါသည် ဘုံဘဝအားလုံးကိုလွန်၍ တောက်လောင်မှု နှင့် တုံလှုပ်မှုများမရှိတော့သော နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်ပြီ။ ငါသည် တစ်ခုတည်းသော အနှိုင်းမဲ့ပန်းတိုင်ကြီးသို့ ရောက်ခဲ့ပြီ။ အမှောင်ထုကြီးသည် ပြိုကွဲ၍ အဝေးသို့ လွင့်စင်သွားပါပြီ။"

မာရ်နတ်သည် မည်သို့မျှမတတ်နိုင်တော့ဘဲ စိတ်ဓါတ်ကျဆင်းခါ ရဟန္တာ သီသူပစာလာ အနီးမှ ရှောင်ခွာသွားပါတော့သတည်း။

➤ စာမျက်နှာ ၈၆

ရိုက်နှက်ခြင်း မပြုကြပါတကား၊ စိတ်ကောင်းရှိကြသူများပါကလားဟု သဘောထားနေပါမည်ဘုရား"

"ပုဏ္ဏ၊ သုနပရန္တတိုင်းမှ လူများက သင့်အား တုတ်တို့ဖြင့် ရိုက်နှက်လျှင် သင်မည်သို့ လုပ်မည်နည်း"

"အရှင်ဘုရား၊ သုနပရန္တတိုင်းမှ လူများက တပည့်တော်အား တုတ်များဖြင့် ရိုက်နှက်လျှင် တပည့်တော်က အော်. . သူတို့သည် စိတ်ကောင်းရှိကြသူများ ပါတကား၊ ငါ့ကို ဓါးလှံလက်နက်တို့ဖြင့် မထိုးခုတ်ကြပါကလားဟု သဘော ထား၍ နေပါမည်ဘုရား"

"ပုဏ္ဏ၊ သုနပရန္တတိုင်းမှ လူများသည် သင့်အား လက်နက်တို့ဖြင့် ထိုးခုတ်ကြလျှင် သင်မည်သို့ လုပ်မည်နည်း"

"အရှင်ဘုရား သုနပရန္တတိုင်းမှ လူများသည် တပည့်တော်အား လက်နက်ဖြင့် တိုက်ခိုက်ကြလျှင် တပည့်တော်က သူတို့သည် တပည့်တော်အား အသေသတ်မသွားကြပါကလား၊ သူတို့သည် စိတ်ကောင်းရှိကြသူများပါကလားဟု သဘောထားနေပါမည်ဘုရား"

"ပုဏ္ဏ၊ သုနပရန္တတိုင်းမှ လူများသည် သင့်အား အသေသတ်သွားခဲ့ပါက သင်မည်သို့ လုပ်မည်နည်း"

"အရှင်ဘုရား၊ အချို့သူများသည် ဤခန္ဓာနှင့် ဘဝကို ငြီးငွေ့ကြသောကြောင့် မိမိတို့ကိုယ်ကို အဆုံးစီရင်အံ့သောငှာ လူသတ်သမားများကို ရှာကြရ၏။ တပည့်တော်အတွက်ကား ဤသို့ ရှာရန်မလိုဘဲ ပြည့်စုံသည်ဟု သဘောထား၍ နေပါမည်ဘုရား"

http://www.dhammadownload.com

"ပုဏ္ဏ၊ ကောင်းလှ၏။ သင်သည် ဓမ္မတရားတော်နှင့် ပြည့်စုံပေပြီ။ သုနပရန္တတိုင်းသို့သွားခါ တရားတော်ကို ဆောင်ကျဉ်းပေးနိုင်ပါပြီ။ တရားတော်ကို ဆောင်ကျဉ်းပေးရန်အတွက် မည်သည့် ဒေသကိုမဆို သင်သည် လွတ်လပ်စွာ သွားနိုင်ပါပြီ" ဟု မိန့်ကြားတော်မူလိုက်၏။

အရှင်ပုဏ္ဏမထေရ်သည် ဗုဒ္ဓမြတ်စွာ၏စကားကို ကြားသော် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပါသည်။ ထို့နောက် သင်္ကန်းနှင့် သပိတ်ကို ယူဆောင်ခါ ဗုဒ္ဓမြတ်စွာအား ရိုသေစွာ ရှိခိုးကန်တော့၍ သုနပရန္တတိုင်းသို့ ကြွချီတော်မူပါသည်။ ပထမ မိုးခိုသည့်ဝါတွင်းကာလများအတွင်း၌ပင် အရှင်ပုဏ္ဏမထေရ်၏ နောက်တော်သို့ တပည့်ပေါင်း ငါးရာသည် အန္တေဝါသိက ဖြစ်သွားကြလေ၏။ ထိုပထမ မိုးတွင်းကာလ၌ပင် အရှင်ပုဏ္ဏမထေရ်သည် ရဟန္တာအဖြစ်သို့ ရောက်ရှိ စေသော ဝိဇ္ဇာဉာဏ်များဖြစ်သည့် ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်နှင့် အာသဝက္ခယ ဉာဏ်တို့ကို ရရှိတော်မူသွားခါ ထိုပထမမိုးတွင်းကာလ၌ပင် ဓမ္မတမန်ဖြစ်တော်မူပြီး ရဟန္တာ အရှင်ပုဏ္ဏမထေရ်သည် ပရိနိဗ္ဗာန်စံဝင်တော်မူပါသတည်း။

> **စာမျက်နှာ ၈၇**

ကိုယ်စား ဆင်းတုရုပ်ပွားတော် သို့မဟုတ် ပုံတော်တစ်ခုခုကို ဖူးမြော်သွားနိုင်ခဲ့လျှင် ကောင်းပေစွဟု စဉ်စားမိ၏။ ထို့ကြောင့် ကျောင်းတော်တွင် ရုပ်တု သို့မဟုတ် ပုံတော်ကိုထားလို၏။ သူ၏ဆန္ဒကို လျှောက်ထားလျှင်လည်း ဗုဒ္ဓမြတ်စွာက ခွင့်ပြုတော်မူမည်မဟုတ်ကြောင်းကို သိနေ၏။ သို့ဖြစ်၍ အနာထပိဏ်သည် အာနန္ဒာမထေရ်အားချဉ်းကပ်၍ ဗုဒ္ဓမြတ်စွာအား လျှောက်ထားပေးပါရန် အကူအညီ တောင်းရလေသည်။ လုံးဝခွင့်ပြုတော်မူမည်မဟုတ်ကြောင်းကို အာနန္ဒာမထေရ်လည်း သိတော်မူသဖြင့် သူလည်း မည်သို့မျှ မတတ်နိုင်ဖြစ်ခဲ့၏။

ဗုဒ္ဓမြတ်စွာက စေတီသုံးမျိုးရှိကြောင်း ပထမစေတီအမျိုးအစားမှာ ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူတော်မူပြီးသောအခါ ကိုယ်တော်မှ ကျွင်းကျန်ရစ်သောဓါတ်တော်များကို "သရီရ" ဓါတ်တော်ဟုခေါ်ကြောင်း ၎င်းဓါတ်တော်များကို ဌာပနာ၍ တည်အပ်သောစေတီသည် သရီရဓါတုစေတီမည်ကြောင်း၊ ဒုတိယအမျိုးအစားမှာ ဗုဒ္ဓမြတ်စွာဘုရားအား ရည်မှန်း၍ တည်သောစေတီ၊ ၎င်းကို ဥဒ္ဒေသစေတီဟုခေါ်ကြောင်း၊ တတိယအမျိုးအစားမှာ ပရိဘောဂစေတီ၊ ဗုဒ္ဓမြတ်စွာဘုရားအသုံးပြုတော်မူခဲ့သည့် အရာဝတ္ထုများကို ခေါ်ဝေါ်ကြောင်း အမိန့်ရှိတော်မူပြီးနောက် သဗ္ဗညုတဉ္ဉာဏ်တော်ကို ရရှိတော်မူခဲ့သည့် ဗောဓိညောင်ပင်သည် အထွဋ်မြတ်ဆုံးဖြစ်ကြောင်း မိန့်ကြားတော်မူလိုက်ပါသည်။

> **စာမျက်နှာ ၉၀**

ပြုလုပ်သွားဦးမည်ဖြစ်ပါသည်။ ထို့ကြောင့် အောင်မြင်သော ပူဇော်ပသပွဲများ ဖြစ်ရန် မည်သို့ရှက်ဆောင်ရမည်ဖြစ်ကြောင်းနှင့် မည်သူသည် ပူဇော်ထိုက်သူ ဖြစ်ကြောင်းကို မြွက်ကြားပါရန် တောင်းပန်အပ်ပါသည်။"ဟု လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာက "မြတ်သောအလှူကို ခံယူထိုက်ခြင်းရှိ မရှိကို သိရှိနိုင်ရန်အတွက် ထိုသူ၏အကျင့်စာရိတ္တကို မေးမြန်းရာ၏။ ထိုသူ၏မျိုးရိုးကို မေးရန်မဟုတ်" ဟုဖြေကြားတော်မူပါသည်။

လူတစ်ယောက်သည် အခြားသူတစ်ယောက်၏မျိုးရိုးကို မေးမြန်းခြင်းဖြင့် ထိုသူ၏ အကျင့်စာရိတ္တကို မသိနိုင်။

http://www.dhammadownload.com

### ➢ စာမျက်နှာ ၉၁

နကုလမာတာနှင့် နကုလပိတာ စံပြဇနီးမောင်နှံတို့ကိုအကြောင်းပြု၍ ဗုဒ္ဓမြတ်စွာသည် အောက်ပါဒေသနာကို ဟောကြားတော်မူပါသည်။ "မည်သည့်အကြင်လင်မယားဖြစ်စေ၊ နှစ်ဦးလုံးတို့သည် ပေးကမ်းစွန့်ကြရာ၌ ရက်ရောကြ၏။ ကာမဂုဏ်အာရုံတို့၌ စည်းကမ်းရှိကြ၏။ ဓမ္မတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ကြခါ တစ်ဦးနှင့်တစ်ဦး မေတ္တာဖြင့် ပြောဆိုဆက်ဆံကြ၏။ ထိုဇနီးမောင်နှံတို့သည် ဥစ္စာပစ္စည်းများစွာ ကြွယ်ဝချမ်းသာကြပေအံ့။ ၎င်းတို့၏ ရန်သူဟူသမျှသည် စိတ်ဆင်းရဲကြကုန်အံ့။ ထိုဇနီးမောင်နှံတို့သည် မျက်မှောက်ကာလတွင် တရားတော်ကို ကျင့်ကြံအားထုတ်ရာ၌လည်း စည်းကမ်းများနှင့်အညီ ကျင့်ကြံသွားကြမည်ဖြစ်သောကြောင့် ပျော်ရွှင် ချမ်းမြေ့ကြရုံမက နောင်အခါတွင် မိမိတို့ရောက်ရှိကြမည့် နတ်ပြည်နတ်ရွာ တို့၌လည်း ပျော်ရွှင်ချမ်းမြေ့ကြမည် အမှန်ဖြစ်ပါပေသတည်း။

### ➢ စာမျက်နှာ ၉၂

ဤသို့ မြတ်စွာဘုရားထံခွင့်ပန်တော်မူပြီးနောက် ညီတော် စုန္ဒမထေရ်နှင့်တကွ ၅၀၀ သော ဘိက္ခုအပေါင်းခြံရံလျက် ခရီးထွက်တော်မူခဲ့ရာ ခုနစ်ရက်မြောက်သောနေ့၌ "နာဠကဂါရမ" ရွာကြီးသို့ ရောက်တော်မူ၏။ ရွာအဝင်တံခါး၌ မိမိ၏ တူတော်မောင် "ဥပရေဝတ"ကို တွေ့ရှိသဖြင့် မိမိသည် ၅၀၀ သော ဘိက္ခုအပေါင်းနှင့် ရောက်ရှိလာကြောင်း၊ ထိုသံဃာတော်တို့အတွက် တည်းခိုရန် နေရာများစီစဉ်ပေးစေလိုကြောင်းနှင့် မိမိအတွက်မှာမူ မိမိအား မွေးဖွားခဲ့သည့် အခန်း၌ပင် သီတင်းသုံးမည်ဖြစ်၍ ထိုအခန်းကို ပြင်ဆင်ပေးစေလိုပါကြောင်း မယ်တော်ကြီးအား သတင်းပို့စေလိုက်၏။ ထို့နောက် အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် တစ်နေ့လုံး ရွာထဲ၌သာ အချိန်ကုန်လွန်စေတော်မူပြီး ညနေစောင်းမှ မိခင်ကြီး၏ နေအိမ်သို့ ကြွရောက်တော်မူခါ မိမိမွေးဖွားခဲ့သည့် အခန်းတွင်းသို့ ရောက်သည့်အချိန်မှစ၍ တစ်ညလုံး သီတင်းသုံး နေထိုင်တော်မူပါသည်။

မယ်တော်ကြီးသည် သားတော်ကိုတွေ့ရန် ရောက်ရှိလာ၏။ အခန်းတွင်း၌ ဝင်းဝင်းဝါဝါ ကိုယ်ရောင်တောက်ပစွာနှင့် အထက်ကောင်းကင်ဘုံမှ ဆင်းသက်လာကြသော ဒေဝတာအပေါင်းကိုတွေ့ရသောအခါ "သူတို့က မည်သူတွေတုန်း"ဟု မယ်တော်ကြီးက သားတော်အား မေးမြန်းလိုက်ပါသည်။ သားတော်ကြီးအရှင်သာရိပုတ္တရာက ဤလေးယောက်ကား အရပ်လေးမျက်နှာကို စောင့်ရှောက်ကြကုန်သော နတ်မင်းကြီးလေးပါးတို့တည်း။ ဤသူကား နတ်တို့သနင်း သိကြားမင်းတည်း၊ အခြားသူအပေါင်းတို့ကား နတ်ဒေဝတာအပေါင်းနှင့် ဗြဟ္မာအပေါင်းတို့တည်း။ သူတို့အားလုံးသည် ရဟန္တာအရှင်မြတ်၏ နောက်ဆုံးအချိန်၌ ထိုအရှင်မြတ်အား လာရောက်ရှိခိုးပူဇော်ကြခြင်းဖြစ်ပါသည် မယ်တော်ဘုရား" ဟု ဖြေကြားတော်မူ၏။ ဤသို့ဖြေကြားတော်မူသည်ကို ကြားလိုက်သည်နှင့် မယ်တော်ကြီး၏ စိတ်သည် အလွန်ရွှင်လန်း၍ လှုပ်ရှားသွားတော့၏။ ပြီးလျှင် "ငါ့သားသည် ဤမျှတန်ခိုးကြီးသူဖြစ်လျှင် သူ့ဆရာသည် ဧကန္တ သူ့ထက် တန်ခိုးကြီးသူဖြစ်ရမည်" ဟု စိတ်တွင်ဖြစ်မိလေ၏။ ထိုခဏ၌ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ဗုဒ္ဓမြတ်စွာ၏ဂုဏ်တော်အပေါင်းကို ဂါထာများဖြင့် သီဆိုရင့်ကျူးတော်မူလိုက်ပါသည်။ ထိုအသံများကိုကြားရသော မယ်တော်ကြီးသည် တစ်ကိုယ်လုံး သိမ့်သိမ့်တုံပြီး ပီတိများဖြာ၍သွားတော့၏။ ဤတုံခါလှုပ်ရှိသော ပီတိများမှ တစ်ဆင့်ဖြစ်ပေါ်လာလိုက် ပျောက်ကွယ်ပျက်စီးသွားလိုက် ဖြစ်နေသော ခံစားမှုဝေဒနာများ၏တည်မြဲခြင်းအလျင်းမရှိသည့် ဖြစ်စဉ်ကြီးကို သတိတွေ့ သိရှိခံစားလိုက်ရလေ၏။ မကြာမီအချိန်အတွင်း၌ ထိုသို့ တသိမ့်သိမ့်တုံခါနေသော

http://www.dhammadownload.com

သဘာဝကြီးသည် ပြတ်တောက်ရပ်စဲ၍သွားတော့၏။ ဤသို့ဖြင့် မယ်တော်ကြီးသည် အစဉ်ထာဝရတည်မြဲနေသော အမတနိဗ္ဗာန်ကြီးကို မျက်မှောက်ပြုသွားခြင်းဖြစ်ပါသည်။ သောတာပန်ဖြစ်ခါအတိုင်း မသိသော အေးချမ်းပျော်ရွှင်မှုကြီးကို ရရှိသွားလေတော့၏။ ဤမျှ ကောင်းမွန်လှသည့် တရားတော်ကြီးကို သားတော်သည် မည်သည့်အတွက်ကြောင့် စောစီးစွာ အရင်ကာလက မပြောခဲ့ကြောင်း မေးတော်မူရာ သားတော်ကြီး အရှင်သာရိပုတ္တရာသည် မယ်တော်ကြီးအား ကြည့်၍ ပြုံးရုံမျှ ပြုံးတော်မူ နိုင်ပါတော့သတည်း။ မယ်တော်နှင့် သားတော်တို့သည် ကြည်ညိုဘွယ် ကောင်းလှပါဘိ၏။ထို့နောက် မထေရ်ကြီး အရှင်သာရိပုတ္တရာသည် မယ်တော်ကြီးအား အနားယူစေရန်အတွက် အခြား အခန်းသို့ ရွှေ့စေတော်မူခဲ့၏။ တပည့်ကြီး စုန္ဒကို မည်သည့်အချိန်ရှိပြီဖြစ်ကြောင်း မေးတော်မူရာ အရုဏ်တက်ပြီ ဖြစ်ကြောင်း သိရသဖြင့် စုန္ဒအား မိမိအခန်းရှေ့တွင်ရှိသော ကျယ်ပြန့်သည့် ကပြင်ကြီး၌ သံဃာတော် ၅၀၀ ကို စုရုံးစေခဲ့၏။ ထို့နောက် စုရုံးရောက်ရှိလာသော သံဃာတော် တို့အား ဤသို့ အမိန့်ရှိတော်မူပါသည်။ "သံဃာတော်အရှင်သူမြတ်တို့သည် ၄၅ နှစ်ကာလပတ်လုံး တပည့်တော်နှင့်အတူ နေထိုင်လာခဲ့ကြရာ၊ ထိုကာလ အတွင်း၌ တပည့်တော်သည် အရှင်ဘုရားတို့အပေါ်တွင် ကိုယ်ဖြင့်သော် လည်းကောင်း၊ နှုတ်ဖြင့်သော် လည်းကောင်း ကျူးလွန်မိသည်များရှိသော် တပည့် တော်အား ခွင့်လွှတ်တော်မူကြပါ" ဟု မိန့်ကြားလေသည်။ တပည့်သံဃာအပေါင်းတို့ကလည်း "ရိုသေအပ်သော အရှင်ဘုရား၊ အရှင်ဘုရားသည် ကြီးမြတ်တော်မူလှပါ၏။ ဤ ၄၅ နှစ်ကာလ ပတ်လုံး၌ တပည့် တော်တို့ တစ်ဦးတစ်ယောက်သည် အရှင်ဘုရားအား တစ်စုံတစ်ရာ ကျူးလွန် ပြစ်မှားမိခဲ့ပါက တပည့်တော်တို့အား ခွင့်လွှတ်တော်မူပါဘုရား" ဟု ပြန်လည် လျှောက်ထားကြလေ၏။

ထိုအခါ ဓမ္မတရားတော်၏ သေနာပတိစစ်သူကြီးက "ဘိက္ခု သံဃာတော်အပေါင်းတို့ အရှင်ဘုရားတို့အားလုံးသည် ကြည်လင်သန့်ရှင်းကြပါ၏။ အပြစ်ဟူ၍ မြူမှုမရှိကြပါ။" ဟု မိန့်ကြားတော်မူပြီး မိမိ မီးရှူးသန့်စင် ဖွားမြင်တော်မူရာ အခန်း၌ နောက်ဆုံးထွက်သက်ဖြင့် ပရိနိဗ္ဗာန် စံဝင်တော်မူသွားပါသည်။

ဓမ္မတရားတော်၏ သေနာပတိ စစ်သူကြီးသည် ကြည်ညိုဘွယ်ကောင်းလှပါ၏။ သူ၏တပည့်များဖြစ်ကြသော မြင့်မြတ်သည့် ဘိက္ခုသံဃာတော်တို့သည်လည်း ကြည်ညိုဘွယ်ကောင်းလှပါပေသည်။

➢ *စာမျက်နှာ ၉၃*

နေရာယူရန် ပြောဆို၍ ပြောင်းရွှေ့လိုက်ကြရ၏။ တိဿမထေရ်ကြီးကတော့ နေရာရွှေ့ပေးလိုက်ရခြင်းကို မကျေနပ်လှပါ။ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်က ဆုံးမပြသတော်မူလိုက်မှ စိတ်သက်သာရာရသွားလေ၏။

ဗုဒ္ဓမြတ်စွာသည် ဝေသာလီပြည်၌ သံဃာအပေါင်းခြံရံလျက် စံပါယ်တော်မူနေစဉ် သံဃာတော်အပေါင်းတို့အား နောင်လာမည့် လေးလအခါ၌ ပရိနိဗ္ဗာန်ကို စံဝင်တော်မူမည့်အကြောင်း ကြေညာတော်မူလိုက်ပါသည်။ သံဃာထုကြီးတစ်ရပ်လုံး လှုပ်လှုပ်ရွရွဖြစ်ခါ ပူဆွေးဝမ်းနည်းကြ၏။ မဂ်ဖိုလ်ဉာဏ် မရောက်ကြသေးသော သံဃာတော်များသည် မြတ်စွာဘုရားထံပါးသို့ တိုးဝှေ့ရောက်လာကြခါ သောကပရိဒေဝမီးတောက်လောင်ကြလေကုန်၏။ အချို့သော သံဃာတော်များကလည်း ရှေးအစဉ်အလာရှိခဲ့သည့်အတိုင်း မွှေးကြိုင်လန်းဆန်းသော ပန်းတို့ဖြင့် သီကုံးထားသည့် ပန်းကုံးများကို မြှောက်တင်ဖြန့်ကျဲ၍ ဗုဒ္ဓမြတ်စွာဘုရားအား ပူဇော်ကန်တော့ကြ၏။ ရဟန္တာမြတ်အပေါင်းသည်လည်း ဓမ္မတရားတော်နှင့်အညီ သမာပတ်ဝင်စားတော်မူကြလေ ၏။ ထိုအခါ ရဟန်း

http://www.dhammadownload.com

ကြီး တိသ၏စိတ်၌ ဗုဒ္ဓမြတ်စွာဘုရားသည် မကြာမီတွင် ပရိနိဗ္ဗာန်စံဝင်တော်မူ မည်ဖြစ်သော်လည်း ငါသည်ကား ယခုထက်တိုင် တဏှာလောဘနှင့် ရှုံ့ရှာ မှုန်းတီး ခြင်းတို့မှ မကျွတ်လွတ်နိုင်ဘဲရှိ နေသေး၏။ ယခု ဘဝတွင်မှ မကျွတ်လွတ်နိုင်လျှင် မည်သည့်ဘဝတွင်မှ ကျွတ်လွတ်နိုင်ပါတော့ မည်နည်း ဟု စိုးရိမ်ထိတ်လန့်ခါ မဂ်တရား ဖိုလ်တရားကို ရရှိအောင် ကြိုးစားမည်ဟု ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် တိသမထေရ်ကြီးသည် တခြားရဟန်းတော်များနှင့် ရောနှော၍လည်းမနေ၊ စကားလည်း မပြောတော့ဘဲ လူရှင်းရာ၌ တစ်ပါးတည်း သွားရောက်ခါ ဝိပဿနာ တရားတော်ကို ကြိုးစားအားထုတ်တော်မူလေ၏။ အခြားသော ရဟန်းအပေါင်း က တိသမထေရ်သည် ဗုဒ္ဓမြတ်စွာ၏ ညီအကိုတော်ဖြစ်ပါလျက် ယခုကဲ့သို့ ဗုဒ္ဓမြတ်စွာမကြာမီ ပရိနိဗ္ဗာန်စံဝင်တော်မူတော့မည့်အခါတွင် ဗုဒ္ဓမြတ်စွာအနီး အပါးသို့လည်း လာရောက်ခြင်း မရှိသည့်အပြင် ပူဆွေးဝမ်းနည်းသည့် အရိပ် အယောင်မျှကိုလည်း မပြသဖြင့် စိမ်းကားရန်ကောဟု ထင်မြင်ကြလေသည်။ သို့သော် မည်သည့်အကြောင်းကြောင့် ဆိုသည်ကို မမေးမြန်းကြပါ။ အချို့ သံဃာတော်များသည် တိသနှင့်ပတ်သက်၍ ဖြစ်ပျက်နေပုံများကို ဗုဒ္ဓမြတ်စွာ ထံသို့ လျှောက်တင်ကြသဖြင့် ဗုဒ္ဓမြတ်စွာသည် တိသမထေရ်ကြီးအား ခေါ်ယူ တွေ့ဆုံ၍ မေးမြန်းတော်မူပါသည်။ တိသကလည်း မိမိသည် ယခုဘဝတွင်ပင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုရရှိအောင် ကြိုးစားမည်ဟု သံဓိဋ္ဌာန်ချထားခြင်းကြောင့် ဝိပဿနာတရားတော်ကို ပြင်းထန်စွာ ကျင့်ကြံလျက်ရှိကြောင်းကို ပြန်လည် လျှောက်ထားပါသည်။ ဗုဒ္ဓမြတ်စွာသည် တိသ၏စိတ်ပိုင်းဖြတ်မှုနှင့် ကြိုးစား အားထုတ်မှုတို့ကို ထောက်ခံတော်မူခါ ဘိက္ခုအပေါင်းတို့အား "ဘိက္ခုအပေါင်း သည်လည်း ငါ့အားပူဇော်ကြရာ၌ တိသမထေရ်ကြီးကဲ့သို့ ပူဇော်ကြပါကုန်လော့" ဟု မိန့်ကြားတော်မူပါသည်။

"ဘိက္ခုအပေါင်းတို့ ငါဘုရားအား မွှေးကြိုင်လှပသော ပန်းကုံး အစ ရှိသည်တို့ဖြင့် ရှိခိုးပူဇော်ခြင်းသည် ငါ့အားရှိခိုးပူဇော်ခြင်း မမည်ပါ။ ဓမ္မတရား တော်၏ လမ်းကြောင်းပေါ်၌ တစ်လှမ်းပြီး တစ်လှမ်း လျှောက်လှမ်းခြင်း သည်သာလျှင် ငါဘုရားအား ရှိခိုးပူဇော်ခြင်းမည်၏" ဟု မိန့်ကြားတော်မူပါသည်။

ဤကဲ့သို့ ဗုဒ္ဓမြတ်စွာဘုရားအား မှန်ကန်စွာပူဇော်ခဲ့သော တိသ မထေရ်ကြီးသည် ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိနေစဉ်၌ပင်လျှင် အရဟတ္တဖိုလ်ပေါက်၍ ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူပါသည်။

အို၊ ယောဂီအပေါင်းသူတော်ကောင်းတို့ ဗုဒ္ဓမြတ်စွာမိန့်တော်မူသည့် အချက်ကို သတိရခါ ခိုင်မာသောဆုံးဖြတ်ချက်ကိုချကြပါစို့။

ဓမ္မတရားတော်၏ လမ်းကြောင်းပေါ်၌ တစ်လှမ်းပြီး တစ်လှမ်း လျှောက် လှမ်းခါ ဗုဒ္ဓမြတ်စွာဘုရားအား ကြည်ညိုစွာ ပူဇော်ကြပါစို့ သူတော်ကောင်း အပေါင်းတို့။

➢ *စာမျက်နှာ ၉၄*

ထို့ကြောင့် အရှင်အာနန္ဒာနှင့် သံဃာတော်အပေါင်းတို့အား ဗုဒ္ဓမြတ်စွာ က "ကောင်းလေစွ အာနန္ဒာ၊ ကောင်းလေစွ၊ ဆွမ်းကို အကြောင်းပြု၍ တဏှာ လောဘကို သင်တို့သည် ထိန်းချုပ်နိုင်ကြ၏။ သင်တို့သည် အလိုရမက်ကို ကျော်လွှားနိုင်ခဲ့ကြပြီ။ သင်တို့သည် နောင်တွင် ပေါ်ပေါက်လာကြမည့် အသစ် အသစ်သော ဘိက္ခုများအား အစားအစာအပေါ်၌ တပ်မက်သော မိမိတို့၏ စိတ်ကို မည်ကဲ့သို့ ချုပ်ကိုင်ရကြောင်း အတုယူစရာ စံနမူနာပုဂ္ဂိုလ်များ အဖြစ်နှင့် တည်ရှိနိုင်ကြပေပြီ။" ဟု မိန့်တော်မူခါ အောက်ပါ အတိုင်း ကျူးရင့်တော်မူ ပါသည် -

http://www.dhammadownload.com

**သဗ္ဗတ္ထ ဝေ သပ္ပုရိသာ စဇန္တိ၊**
**န ကာမကာမာ လပယန္တိ သန္တော။**
**သုခေန ဖုဋ္ဌာ အထ ဝါ ဒုခေန၊**
**န ဥစ္စာဝစံ ပဏ္ဍိတာ ဒဿယန္တိ။** ဓမ္မပဒ (၈၃)

သူတော်ကောင်းတို့သည် (ခန္ဓာငါးပါးစသော) သဘောတရားအားလုံးတို့၌ တပ်မက်မှုကို စင်စစ် စွန့်လွှတ်ကုန်၏။ သူတော်ကောင်းတို့သည် ကာမတို့ကို အလိုရှိကုန်သည်ဖြစ်၍ မပြောဆိုကုန်။ ပညာရှိတို့သည် ချမ်းသာ၊ ဆင်းရဲနှင့် တွေ့စေကာ ဝမ်းမြောက်ခြင်း နှလုံးမသာယာခြင်း သဘောကို မဖော်ပြကြကုန်။

ဗုဒ္ဓမြတ်စွာသည် ဗုဒ္ဓတ္တစရိယ အတိုင်းသာ အမြဲတစေကျင့်သုံးတော်မူပါသည်။ မိုးတွင်းကာလ ကုန်ဆုံး၍ မိုးခိုတော်မူသည့် အရပ်ဒေသမှ အခြားအရပ်သို့ ကြွသွားတော်မူမည့်အခါတွင်လည်း မိုးခိုရန် ပန်ကြားခဲ့သူထံသို့ ကြွရောက်ခါ ဤဒေသမှ ထွက်ခွာတော့မည့်အကြောင်း အသိပေးတော်မူလေ့ရှိပါသည်။ ယခုလည်း အသိပေးတော်မူရန် သံဃာတော်အပေါင်းခြံရံလျက် ဝေရဉ္ဇ ပုဏ္ဏားကြီးထံသို့ သွားရောက်တော်မူခဲ့၏။ ပုဏ္ဏားကြီးသည် ဗုဒ္ဓမြတ်စွာကို မြင်လိုက်မှ ဝါကပ်တော်မူရန် လျှောက်ထားခဲ့သည့်ကိစ္စကြီးကို အမှတ်ရပြီး မိမိသည် အိမ်ထောင်မှုကိစ္စများတွင် အလွန်အလုပ် များသွားပါသောကြောင့် ဤသို့ သတိမေ့သွားရပါကြောင်း လျှောက်ထားရ၏။ ဤရွာကြီးမှ ထွက်ခွာတော်မူတော့မည့် ဗုဒ္ဓမြတ်စွာနှင့်တကွ သံဃာတော်တို့အား မိမိက ဆွမ်းကပ်လိုလှကြောင်း လျှောက်ထားပါသည်။ ဗုဒ္ဓမြတ်စွာလည်း လက်ခံတော်မူခါ နောက်နေ့၌ သံဃာတော်များနှင့်အတူ ဝေရဉ္ဇပုဏ္ဏားကြီးအိမ်သို့ ကြွရောက်ပါသည်။ ပုဏ္ဏားကြီးလည်း အလွန်ကောင်းမွန်ပြီး မွှေးကြိုင်၍ အရသာရှိလှသည့် ဆွမ်း၊ ခဲဘွယ်၊ ဘောစဉ်များဖြင့် ကပ်လှူပါသည်။ သံဃာတော်အပေါင်းသည် မြင်းစာစပါးကို ထောင်း၍ စားခဲ့ရသောအခါက တပ်မက်ခြင်းကိုပယ်၍ စားခဲ့ကြသကဲ့သို့ ယခုအရသာရှိသော ဆွမ်းကို ဘုန်းပေးတော်မူရာ၌လည်း တပ်မက်ခြင်းကိုပယ်၍ ဘုန်းပေးတော်မူကြလေသည်။ ဗုဒ္ဓမြတ်စွာလည်း သံဃာတော်အပေါင်းကို အားရကျေနပ်တော်မူပါသည်။ "ဆင်းရဲဒုက္ခကြုံရသည့်အခါ တုံလှုပ်ခြင်းမရှိသူ၊ နှစ်သက်ဖွယ်ရာများနှင့် တွေ့ကြုံသည့်အခါ စွဲလန်းတပ်မက်မှုမရှိသောသူ (သို့မဟုတ်) နှစ်သက်ဖွယ်များနှင့် တွေ့ကြုံလျှင် လောဘမဖြစ်သူ၊ စွဲလန်းတပ်မက်ခြင်း၊ ဆင်းရဲဒုက္ခနှင့်ကြုံရသည့်အခါ စိုးရိမ်ထိတ်လန့် ခြင်းမရှိသူ၊ ထိုကဲ့သို့သော သူတော်စင်များကို ခိုင်မာသော၊ သို့မဟုတ် တည်ငြိမ် သော ပုဂ္ဂိုလ်များဟု ခေါ် သည်။ ဤသူတို့ကား ပညာအရာတွင် ပြီးမြောက်ပြီးသူပင်တည်း" ဟူသော အဆိုအမိန့်ဖြစ်ပါသည်။

### ➢ *စာမျက်နှာ ၉၆*

ဤအကြောင်းကို အဇာတသတ်သိသွားပြန်သောအခါ၌မူကား မိခင်ကြီးအား အကျဉ်းထောင်သို့ လုံးဝသွားခွင့် မပြုတော့ပေ။ ဗိမ္ဗိသာရဘုရင်ကြီးသည် ဝိပဿနာတရားကို ကျင့်ကြံ အားထုတ်သူ တစ်ယောက်ဖြစ်၏။ လူလာခေါက်တုံ့ စင်္ကြံလျှောက်၍ မိမိရပြီးဖြစ်သော သောတာပတ္တိ ဖလသမာပတ် ချမ်းသာဖြင့် နေတော်မူရှာရ၏ ထိုသို့ဖလသမာပတ်ဝင်စားသောကြောင့် မင်းကြီး၏ ခန္ဓာကိုယ်သည် အလွန့်လွန် တင့်တယ်လှပ၏။ ရတနာသုံးပါး၏ ဂုဏ်ကိုအာရုံပြု၍ သေဆုံးကာ စတုမဟာရာဇ် နတ်ပြည် ဝေဿဝဏ် နတ်မင်း၏ အခြွေအရံ ဇနဝသဘ မည်သော နတ်ဘီလူးစစ်မှူးကြီး ဖြစ်လေတော့၏။

http://www.dhammadownload.com

### ➢ စာမျက်နှာ ၉၈

ဗုဒ္ဓမြတ်စွာက ၎င်းအားမြင်တော်မူခါ ကရုဏာတော်ဖြင့် မိမိထံသို့ စိုးရိမ်ခြင်းမရှိဘဲ လာရောက်ရန် မိန့်တော်မူလိုက်သည်။ လူသတ်သမားသည် ဘုရားရှင်ထံသို့ ချဉ်းကပ်ရောက်ရှိလာပြီး မိမိတွင်ပါလာသော လူသတ်လက်နက်များကို ဘုရားရှင်၏ခြေတော်ရင်း၌ ချ၍ ဗုဒ္ဓမြတ်စွာအား မိမိအပြစ်ကို ဝန်ခံပြီး တောင်းပန်ကာ ရိုသေစွာ ရှိခိုးကန်တော့ လိုက်၏။ ဗုဒ္ဓမြတ်စွာသည် ဒေဝဒတ်၏ လူယုံတော်အား မေတ္တာဖြင့် တည်ငြိမ် အေးချမ်းစေတော်မူပြီးလျှင် ၎င်းအား ဒေဝဒတ်က ထွက်ပြေးရန် ညွှန်ကြားထားသောလမ်းမှ မပြန်ဘဲ အခြားလမ်းမှ ပြန်သွားရန် မိန့်တော်မူခါ ၎င်း၏အသက်ကို ကယ်တင်တော်မူ လိုက်သည်။

ဗုဒ္ဓမြတ်စွာ ကိုယ်တိုင်ကမူ ပထမလူသတ်သမားအား ပြန်လာရန် သတ်မှတ်ပေးလိုက်သည့်လမ်းမှကြွချီတော်မူခဲ့သောကြောင့် ပထမလူကို သတ်ရန် စောင့်နေသော နှစ်ယောက်နှင့်တွေ့ရာ ထိုနှစ်ယောက်သည် ဗုဒ္ဓမြတ်စွာကို တွေ့လိုက်သည်နှင့် ရိုသေစွာရှိခိုးကန်တော့ကြတော့၏။ ဗုဒ္ဓမြတ်စွာဘုရားလည်း ၎င်းတို့အား မေတ္တာဖြင့် တည်ငြိမ်အေးချမ်းစေပြီး သူတို့အား ဒေဝဒတ်မှာကြားသည့် လမ်းမှမပြန်ကြဘဲ အခြားလမ်းမှ အိမ်သို့ပြန်ကြရန် မိန့်တော်မူ၍ ကယ်ဆယ်တော်မူခဲ့၏။

ဤနည်းအတိုင်းပင် နှစ်ယောက်ကိုသတ်ရန်စောင့်နေသော လေးယောက်အားလည်းကောင်း၊ လေးယောက်ကို သတ်ရန်စောင့်နေသော ရှစ်ယောက်ကိုလည်းကောင်း၊ ကယ်ဆယ်တော်မူခါ မေတ္တာဖြင့် ၎င်းတို့ အားလုံးကို မိမိတို့၏ အိမ်အသီးသီးသို့ ဘေးမသီရန်မခဘဲ ပြန်လည်ပို့ဆောင်တော်မူခဲ့လေ၏။ ဒေဝဒတ်သည် ဗုဒ္ဓမြတ်စွာကိုသတ်ရန် မိမိ၏ လျှို့ဝှက်ကြံစည်မှုကြီး ပျက်စီးသွားရသဖြင့် စိတ်ပျက်ပြောင်းဆန်၍ သွားပါတော့၏။ ဗုဒ္ဓမြတ်စွာဘုရားမူကား မေတ္တာဖြင့် ထုံအပ်သော ချမ်းသာသုခဖြင့်သာ ဆက်လက်စံပါယ်တော်မူပါသတည်း။

### ➢ စာမျက်နှာ ၁၀၁

တွေ လက်ထဲကို အပ်တော့မလို့လား” ဟု လှမ်းပြောလိုက်ပြီး ဒါးကို ဒါးအိမ်ထဲမှ ဆွဲချွတ်လိုက်၏။ ဤတွင် ဇီဝကသည် “စိုးရိမ်တော်မမူပါနဲ့ အရှင်မင်းကြီး၊ ရှေ့နားတွင် တွေ့နေရသောမဏ္ဍပ်သည် ဗုဒ္ဓမြတ်စွာနှင့် သံဃာတော်တစ်ထောင်ကျော်တို့ စံပယ်လျက်ရှိသော နေရာဖြစ်ပါသည်။ ကျွန်တော်မျိုးတို့ရှေ့သို့ တိုးသွားပြီး ဗုဒ္ဓမြတ်စွာကို ဖူးကြရအောင်ပါဘုရား” လျှောက်တင်၍ ခေါ်ဆောင်သွားလေ၏။ အဇာတသတ်လည်း သတိကြီးစွာထားလျက် နောက်မှလိုက်ပါသွားလေသည်။

ဇီဝကသည် အဇာတသတ်အား “အရှင်မင်းကြီး ဤကား အရာခပ်သိမ်းကို အကြွင်းမဲ့သိတော်မူသော ဗုဒ္ဓမြတ်စွာဘုရားတည်း” ဟု လျှောက်တင်လိုက်၏။ ဗုဒ္ဓမြတ်စွာ၏ အနီးအပါးသို့ ရောက်သွားကြသောအခါ ဗုဒ္ဓမြတ်စွာသည် သစ်ပင်အရင်းတွင် ထိုင်၍ စံပယ်တော်မူလျက် တပည့်သံဃာတော်ပေါင်း ထောင့်နှစ်ရာကျော်သည် ဗုဒ္ဓမြတ်စွာ၏ရှေ့တော်တွင် တိတ်ဆိတ်ငြိမ်သက်စွာ သတင်းသုံးနေသည်ကို တွေ့ရ၏။ သံဃာတော်များ၏ တိတ်ဆိတ်ငြိမ်သက်ပုံမှာ ဟိမဝန္တာတောင်တန်းများပေါ်တွင် တည်ရှိသော ရေကန်၏ငြိမ်သက်ခြင်းကဲ့သို့ ပကတိငြိမ်သက်လှပေသည်။ အဇာတသတ်မှာ အံ့ဩပြီးရင်း အံ့ဩခါ ကြက်သေသေလျက်ရှိတော့၏။

ဗုဒ္ဓမြတ်စွာဘုရား၏ ပတ်ဝန်းကျင်သည် မည်သည့်အခါတွင်မဆို အမြဲတမ်း အေးချမ်း၍ ငြိမ်သက်လှပေ၏။ အဇာတသတ်လည်း ကြို့ကြို့ယို့ယို့ဖြင့် ဗုဒ္ဓမြတ်စွာ၏ထံပါးသို့ ချဉ်းကပ်ခဲ့ကာ ဗုဒ္ဓ မြတ်စွာ၏ ဘေးတွင် ထိုင်လိုက်သည်နှင့် တပြိုင်နက် သူ့စိတ်အားလုံးသည် အေးချမ်းငြိမ်သက်၍ သွားပါတော့သည်။ အဇာတသတ်က လျှောက်ထားတောင်းပန်သဖြင့် ဗုဒ္ဓမြတ်စွာသည် အေးမြသော ဓမ္မစကားကို မြွက်ကြားတော်မူပါသည်။ အဇာတသတ်သည် ဗုဒ္ဓမြတ်စွာအား ကြည်ညို သဒ္ဓါသည့်စိတ်များ တဖွားဖွားတိုးတက်လာပြီးနောက် ကြောက်ရွံ့

http://www.dhammadownload.com

ထိတ်လန့်သည့် စိတ်လုံးဝမရှိတော့ဘဲဖြစ်သွားလေ၏။ အကယ်၍ သူသာ အဖကို သတ်သည့် ကံကြီးကို မကျူးလွန်ခဲ့ပါလျှင် အဇာတသတ်သည် သောတာပန် အဖြစ်သို့ ရောက်ရှိသွားနိုင်ပါသည်။ သူကျူးလွန်ထားသော အဖကို သတ်သည့် ကံကြီးအတွက် အဇာတသတ်သည် ငရဲသို့ ကျခံရပေဦးမည်။ သို့သော် သူ၏ ပစ္စုပ္ပန်ဘဝသည် အကောင်းဘက်သို့ ကူးပြောင်းသွားပါလေပြီ။

ဤကား ဗုဒ္ဓမြတ်စွာ၏ ငြိမ်သက်အေးချမ်းသော မေတ္တာတော်ဖြစ်၏။ ဤ၍မျှကား ဗုဒ္ဓမြတ်စွာ၏ ငြိမ်သက်အေးချမ်းမှုကို ပေးသော အဆုံးအမဖြစ်၏။ ဤ၍မျှကား ငြိမ်သက် အေးချမ်းမှုတွင် စံတင်ရမည့် သံဃာတော်တို့ဖြစ်၏။ ဤငြိမ်သက်အေးချမ်းမှုအပေါင်းတို့၏ အလယ်တွင် ထိပ်လန့်ကြောက်ရွံ့ခြင်း ဟူသည် မည်သို့ရှိနိုင်ပါအံ့နည်း။

## ➢ စာမျက်နှာ ၁၀၂

အမ္ဗပါလီ သည် ငြင်းဆိုခဲ့သည်။ "ရွှေဒင်္ဂါးသိန်းတစ်ရာသည် ဗုဒ္ဓမြတ်စွာအား ဆွမ်းကပ်လှူရသည့် ကုသိုလ်နှင့် နှိုင်းယှဉ်၍ မရနိုင်ပါ၊ လိစ္ဆဝီတိုင်းကြီးတစ်ခုလုံးနှင့် လည်း မလဲနိုင်ပါ" ဟု ပြောလိုက်သည်။ လိစ္ဆဝီမင်းသား တို့ ရှုံးနိမ့်သွားခဲ့ကြလေပြီ။ အမ္ဗပါလီသည် ရွှင်လန်းဝမ်းမြောက်စွာဖြင့် မိမိနေအိမ်သို့ ပြန်ခဲ့လေသည်။

## ➢ စာမျက်နှာ ၁၀၃

"အရှင်မြတ်ဘုရား၊ အရှင်ဘုရားသည် ခတ္တိယမျိုးနွယ်မှ ဆင်းသက်လာသည်၊ ကျွန်ုပ်သည်လည်း ခတ္တိယမျိုးနွယ်မှ ဆင်းသက်လာသည်။ အရှင်ဘုရားသည် ကောသလတိုင်းမှ ဖြစ်သည်။ ကျွန်ုပ်သည်လည်း ကောသလတိုင်းမှ ဖြစ်သည်။ အရှင်ဘုရားသည် ယခုသက်တော်ရှစ်ဆယ်ရှိပြီ၊ ကျွန်ုပ်သည်လည်း သက်တော်ရှစ်ဆယ်ဖြစ်သည်။ ထိုအကြောင်းများကြောင့် အရှင်ဘုရားအား အထူးရိုသေလေးစားစွာ ဦးခိုက်ရခြင်း ဖြစ်ပါသည်။"

မင်းကြီးသည် ဗုဒ္ဓမြတ်စွာအား လက်ျာရစ်လှည့်ပတ်ပူဇော်ပြီး ပြန်လည်ထွက်ခွာသွားလေသည်။

## ➢ စာမျက်နှာ ၁၀၄

သည် ထိုနေရာသို့ ရောက်သောအခါ နို့ရည်ဖြင့် ဆေးကြောနေသည်ကို တွေ့လိုက်ရ၍ အလွန်ထိတ်လန့်တုန်လှုပ်သွားသည်။ တစ်ယောက်သောကျွန်မက ဤနေရာသည် ကျွန်မျိုးနွယ်၏သား နေထိုင်ခဲ့သောကြောင့် မစင်ကြယ်တော့၍ ဆေးကြောနေခြင်းဖြစ်ကြောင်း ပြောလေသည်။ ထိုအခါ ဝါသဘခတ္တိယသည် ကျွန်မ၏ သမီးဖြစ်ကြောင်း သိလိုက်သည်။

ထိုအကြောင်းကို ဝိဋူဍဘမင်းသားကြားသိသောအခါ အလွန်ဒေါသဖြစ်ပြီး ထိုနေရာကို ငါမင်းဖြစ်သောအခါ ၎င်းတို့၏ သွေးဖြင့် ပြန်လည်ဆေးကြောမည်ဟု ကြုံးဝါးလိုက်သည်။ မင်းကြီးကလည်း ဝါသဘခတ္တိယကို မိဖုရားအဖြစ်မှလည်းကောင်း၊ ဝိဋူဍဘကို အိမ်ရှေ့မင်းသားအဖြစ်မှလည်းကောင်းဖယ်ရှားပြီး ကျေးကျွန်များအဖြစ် ခံစားစေလိုက်သည်။

ထိုအကြောင်းများကို ဗုဒ္ဓမြတ်စွာကြားသိရသောအခါ မင်းကြီးအား ဆိုဆုံးမသောကြောင့် မင်းကြီးလည်း ဆုံးဖြတ်ချက်များကို ပြန်လည်ပြင်ဆင်ပြီး နဂိုမူလအတိုင်းအဆောင်အယောင်များကို ပြန်လည် ပေးသနားတော်မူခဲ့လေသည်။ နောက်များမကြာမီ မင်းကြီးနတ်ရွာစံ၍ ဝိဋူဍဘ နန်းတက်လာသောအခါ သူယခင်က ကြုံးဝါးထားသည့်အတိုင်းဆောင်ရွက်ရန် ကပိလဝတ်ပြည်သို့ စစ်ချီလာလေသည်။ ထိုအချိန် ဗုဒ္ဓမြတ်စွာသည် ထိုသွေးချောင်း စီးမည့်အဖြစ်ကို မလိုလားသဖြင့် ကပိလဝတ်ပြည်၏အနီး သစ်ရွက်များမရှိသော သစ်ပင်ခြောက် တစ်ပင်၏အောက်တွင် သီတင်းသုံး နေတော်မူသည်။ သကျတိုင်း၏ နယ်တွင်

http://www.dhammadownload.com

ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေသည်ကို မြင်သည်ရှိသော် သာဝတ္ထိသို့ပြန်၍ ချီတက်လာခဲ့သည်။ ထိုကဲ့သို့ နှစ်ကြိမ်၊ သုံးကြိမ် စစ်ချီလာရာ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေသည်ကို မြင်၍ရှိသေလေးစားသောအားဖြင့် အကြိမ်ကြိမ် ပြန်ခဲ့လေသည်။ ထို့နောက် သကျတို့၏ဝဋ်ကြွေးမှ ရှောင်ဖယ်၍ မရတော့သည့် အခြေအနေသို့ ရောက်လာသောအခါ ဗုဒ္ဓမြတ်စွာသည် ထိုနေရာသို့ လာရောက် သီတင်းသုံးခြင်း မပြုတော့ပေ။

ဝိဋူဍဘသည် ၎င်း၏အဖိုးဖြစ်သူ မဟာနာမ်နှင့် သူ၏မိသားစုအားလုံးကို သတ်ဖြတ်ခြင်းမပြုရန် အမိန့်ပေးခဲ့သည်။ ထိုနောက် မဟာနာမ်နှင့် မိသားစုကို ခေါ်ဆောင်၍ သာဝတ္ထိသို့ ပြန်လာခဲ့သည်။ လမ်းခရီးမြစ်ကမ်းပါး အနီးတစ်နေရာတွင် အနားယူကြပြီး ဝိဋူဍဘက မဟာနာမ်အား နေ့လည်စာအတူ သုံးဆောင်ရန် ဖိတ်ခေါ်လိုက်သည်။ မဟာနာမ်က မြစ်ထဲတွင် ရေဆင်းချိုးပြီး ပြန်လာသောအခါမှသာ နေ့လည်စာသုံးဆောင်မည်ဟုဆိုပြီး ပြန်မလာတော့ပေ။

သူသည် ကျွန်မ၏သားနှင့်အတူ မစားသောက်လိုသောကြောင့်လား (သို့) သာဝတ္ထိသို့ ရောက်သောအခါ အရှက်တကွဲဖြစ်မည်ကို တွေးပြီး ကြောက်ရွံ့သောကြောင့်လားမသိရပေ။ ဝိဋူဍဘသည် မြစ်အနီးတဝိုက်တွင် ရှာဖွေသော်လည်း အလောင်းကိုသော်ပင် မတွေ့ရပေ။ အချို့ကလည်း မဟာနာမ်သည် မြစ်၏ တစ်ဘက်ကမ်းသို့ ကူးသွားပြီးနောက်ပုန်းခိုနေသည်ဟု ထင်ကြေးပေးကြသည်။ ထိုနေ့ညနေတွင် ဝိဋူဍဘနှင့် သူ၏ စစ်သည်များသည် အစိရဝတီမြစ်၏ သောင်ပြင်တွင် အနားယူအိပ်စက်နေစဉ် အရှိန်ပြင်းစွာ စီးဆင်းလာသောမြစ်ရေများကြောင့် သူတို့အားလုံးသေဆုံးကြသည်။ မဟာနာမ်၏ မိသားစု များသာ လွတ်မြောက်သွားကြသည်။

ထိုမိသားစုထဲမှ ဝေဒိသဒေဝီသည် ဘုရင်အသောက၏ ပထမဦးဆုံး သောမိဖုရားဖြစ်သည်။ အသောကသည် အိန္ဒိယနိုင်ငံ၏ ဘုရင်တစ်ပါးဖြစ်လာသောအခါတွင် သူမသည် ပါဋလိပုတ်သို့ မသွားတော့ဘဲ ဝေဒိသ၌သာ ဆက်လက်နေထိုင်သည်။ နောင်သောအခါ အသောကဘုရင်၏ အကူအညီဖြင့် ဆံချည်စေတီတော်နှင့် အခြားစေတီများ တည်ဆောက် လှူဒါန်းခဲ့လေသည်။

➢ *စာမျက်နှာ ၁၀၈*

ဆောင်ရွက်ခဲ့လေသည်။

**သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေ ဝိနယမှိစ၊**
**တမော ဘဝိဿတိ လောကေ၊ သူရိယေ အတ္ထင်္ဂတေ ယထာ။**

**(အဋ္ဌ ၁. နှာ ၇၂၊ ပုဒ်ရေ ၁၃၀)**

သုတ္တ မရှိပါကနှင့် ဝိနယကို လိုက်နာခြင်းနည်းသွားပြီး လောကတွင် နေဝင်သကဲ့သို့ လောကကြီး အမှောင်အတိ ဖြစ်သွားမည်။

## ဒုတိယသင်္ဂါယနာ

ပထမသင်္ဂါယနာတင်ပွဲတွင် ဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်ခြင်း မပြုမီကသေးငယ်သော သိက္ခာပုဒ်များကို နှုတ်ပယ်လိုက နှုတ်ပယ်နိုင်ကြောင်း မိန့်တော်မူခဲ့၏။ သို့ရာတွင် ထိုမိန့်တော်မူချက်နှင့်ပတ်သက်၍ အရှင် အာနန္ဒာမထေရ်က တစ်စုံတစ်ရာမေးမြန်းလျှောက်ထားခြင်း မပြုခဲ့၊ မမေးခဲ့ခြင်းမှာ မည်သည့် သိက္ခာပုဒ်ကိုမှ နှုတ်ပယ်ရန် မလိုဟုယူဆသောကြောင့် ဖြစ်သည်။ ပထမ သင်္ဂါယနာတင်သောအခါ နှုတ်ပယ်လိုက နှုတ်ပယ်နိုင်ကြောင်း ခွင့်ပြုခဲ့သည့် သိက္ခာပုဒ်များဖြစ်မည်နည်းဟု ဆွေးနွေးခဲ့ရာ မည်သည့်သိက္ခာပုဒ်ကိုမျှ နှုတ်ပယ်လောက်အောင် မတွေ့ရှိ၍ နှုတ်ပယ်ခြင်းမပြုဘဲ မူရင်းအတိုင်း ကျင့်သုံးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဝိနည်းတော်အတိုင်း လိုက်နာကျင့်သုံးကြသော ရဟန်းတို့က ပြင်းထန်စွာ တားမြစ်ခဲ့ကြသည်။ ထို့ကြောင့် ရဟန်းတို့အချင်းချင်း စောဒကတက်ကြမလ

http://www.dhammadownload.com

သည်။ ထိုသို့ အဓမ္မဝါဒီတို့ကို ဖြေရှင်းရန် ဝေသာလီပြည်တွင် ဘုရင်ကာလသောကမင်း၏ ကြီးကြပ်မှုဖြင့် ဒုတိယသင်္ဂါယနာတင်ပွဲ ကျင်းပခဲ့ သည်။ ထိုပွဲတွင် အရှင်ယသအမှူးရှိသော ရဟန္တာအပါး ၇၀၀ ကို ရွေးချယ်၍ ဒုတိယသင်္ဂါယနာတင်သည့်အတွက် "သတ္တသတီသင်္ဂါယနာ"ဟု ခေါ်တွင်ခဲ့ လေသည်။

ဆန့်ကျင်ဘက်ဝဇ္ဇီမျိုးနွယ်ရဟန်းတို့က ဒုတိယသင်္ဂါယနာတင်ပွဲ၏ ဆုံးဖြတ်ချက်ကို မနာခံကြပါ။ ဝဇ္ဇီမျိုးနွယ်ရဟန်း အပါးတစ်ထောင်ကို စုစည်း၍ သီးသန့်သင်္ဂါယနာတင်ခဲ့လေသည်။ သူတို့၏ သင်္ဂါယနာတင်ပွဲတွင် ရဟန်းဦးရေများသောကြောင့် "မဟာသင်္ဂီတိ"မဟာသံဃိကဂိုဏ်းဟု အမည်ပေးခဲ့လေသည်။

ဤကဲ့သို့ ဒုတိယသင်္ဂါယနာတင်ပွဲအပြီးတွင် ဗုဒ္ဓသာသနာသည် ထေရဝါဒဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်းဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်းကွဲခဲ့လေသည်။

**တတိယသင်္ဂါယနာ**

အသောကမင်းကြီးသည် သူ၏အစ်ကိုဖြစ်သူ သုမနမင်း၏ သားတော် နိဂြောဓသာမဏေနှင့်တွေ့၍ ဗုဒ္ဓ၏ တရားတော်ကို သိနားလည်လာသည်။ ထို့နောက် ကလိင်္ဂတိုင်းပြည်ကို စစ်တိုက်ပြီး ဤတိုက်ပွဲကြောင့် ကလိင်္ဂတိုင်းသူပြည်သားတို့၏ အဖြစ်အပျက်ကိုမြင်ပြီး မင်းကြီးသည် အလွန်တုန်လှုပ်သွားလေသည်။ နောင်အခါတွင် မည်သည့်တိုင်းပြည်ကိုမဆို မတိုက်ခိုက်ရန် သံဓိဋ္ဌာန်ချလေသည်။ ထို့နောက် ပရိယတ္တိပညာကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ထံမှ သင်ကြားပြီး ပဋိပတ္တိပညာကို ရာဇဂြိုဟ်တန်ပြည်နည် ဗေရာဋ္ဌမြို့တွင် အရှင် ဥပဂုတ္တမထေရ်ထံမှ သင်ယူ၍ စနစ်တကျ ကျင့်ကြံအားထုတ်ခြင်းဖြင့် သောတာပန်တည်ခဲ့လေသည်။ ထိုအချိန်သူ၏ စိတ်တွင် "**ဟေိပဿိကော**" ဓမ္မသဘာဝနိုးကြားလာ၍ သူ၏တိုင်းသူပြည်သားများကိုလည်း ဗုဒ္ဓ၏တရားတော်များ သိနားလည်အောင် ဆောင်ရွက်လေသည်။

အသောကမင်းကြီး၏ ကြီးကြပ်မှုဖြင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က ဦးဆောင်၍ တတိယသင်္ဂါယနာကို ခရစ်နှစ်မတိုင်မီ ပါတလိပုတ်နေပြည် အသောကာရုံကျောင်းတိုက်တွင် ကျင်းပခဲ့လေသည်။

ဒုတိယသင်္ဂါယနာတင်ပွဲပြီးနောက် သာသနာတော်မှေးမှိန်၍ ဓမ္မအတုအယောင်များပေါ်ပေါက်လာခဲ့သည်။

ဘုရားရှင်က "**ဓမ္မအတုအယောင်ပေါ်ပေါက်လာပါက စစ်မှန်သောဓမ္မပျောက်ကွယ်လေသည်။**" ဟု ဆိုခဲ့ဖူးသည်။

**(သံ၊ နိ၊ ၂. ၅. ၁၆၅၊ ကဿပသံယုတ္တ)**

အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် ထိုလမ်းမှားနေသူတို့ကို အမှန်လမ်းကြောင်းပေါ်သို့ ဆွဲဆောင်သည့် "ကထာဝတ္ထု"ကျမ်းကို ရေးသားပြုစုခဲ့သည်။ ဤကျမ်းကို တတိယသင်္ဂါယနာတင်ပွဲတွင် ပူးတွဲခဲ့သည်။ ထိုသင်္ဂါယနာတင်ပွဲကြီးတွင် ရဟန္တာအပါးတစ်ထောင် ပါဝင်ခဲ့သည်။ ထိုပွဲအပြီးတွင် မထေရ်ကြီးများသည် အောက်ပါအတိုင်း ကိုးတိုင်း၊ ကိုးဌာနသို့သာသနာပြုစေလွှတ်ခဲ့ပါသည်။

| | | |
|---|---|---|
| ၁။ | ဘဒ္ဒန္တမဇ္ဈန္တိကကို | ကသ္မီရနှင့် ဂန္ဓာရတိုင်းပြည် |
| ၂။ | ဘဒ္ဒန္တမဟာဒေဝကို | မဟိသကမဏ္ဍလ (လက်ရှိကရ်ဏာဋက) |
| ၃။ | ဘဒ္ဒန္တရက္ခိတကို | ဝနဝါသီ (မြောက်ပိုင်းကရ်ဏာဋက) |
| ၄။ | ဘဒ္ဒန္တမဟာဓမ္မရက္ခိတကို | မဟာရဋ္ဌ (ဂူဂျရတ်နှင့် ပါကစ္စတန် သိန္ဓုပြည်) |
| ၅။ | ဘဒ္ဒန္တမဟာရက္ခိတကို | ယောနကလောကတိုင်း (လက်ရှိလောနီယနာဂရီနိုင်ငံ) |

http://www.dhammadownload.com

၆။ ဘဒ္ဒန္တမဇ္ဈိမ၊ ကဿပဂေါတ္တထေရ်၊ ဟိမဝန္တာ
အဠကဒေဝထေရ်၊ ဒုန္ဒုဘိဿရထေရ်
မဟာဒေဝထေရ် (၅) ပါး
၇+၈။ ဘဒ္ဒန္တသောဏ+ဥတ္တရကို သုဝဏ္ဏဘူမိ (မြန်မာ၊ ထိုင်း)
၉။ ဘဒ္ဒန္တမဟိန္ဒကို၊ တမ္ဗပဏ္ဏိ (သီရိလင်္ကာ)

ရဟန္တာမထေရ်မြတ်ကြီးများသည် တိုင်းနိုင်ငံအသီးသီးတွင် သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် အထူးကြိုးစားဆောင်ရွက်ကြသည်။ ဘဒ္ဒန္တသောဏ၊ ဘဒ္ဒန္တဥတ္တရနှင့် ဘဒ္ဒန္တမဟိန္ဒတို့၏ ကြိုးစားမှုကြီးသည် တည်မြဲသောအကျိုးကို ပေးလေသည်။ ၎င်းတို့ သာသာပြုခဲ့သော နိုင်ငံအသီးသီးတို့တွင် သာသနာတော်သည် ယနေ့ထက်တိုင် တည်တံ့ပြန့်ပွားပြီး ခိုင်မာစွာ ရပ်တည်နေလေသည်။

➢ ***စာမျက်နှာ ၁၀၉***

ရိပ်သာများ များစွာတည်ရှိပါသည်။ ခေတ်အဆက်ဆက် ဝိပဿနာ ကျင့်စဉ်ကို ကြားကာလ၊ ပြတ်လပ်မှုမရှိဘဲ ဆရာမှတပည့်အဆက်ဆက် စဉ်ဆက်မပြတ်၊ တည်ခဲ့လေသည်။ သံဃာတော်များသည် ပိဋကတ်တော်များကို သင်ယူလေ့လာသည်ကို အလေးထားသည်မှာ မှန်ကန်ပါသည်။ ဝိပဿနာကို စိတ်ဝင်စားသည့် သံဃာတော် အရေအတွက်မှာ ခေတ်အဆက်ဆက် နည်းပါးသော်လည်း၊ ထိုသံဃာတော်များသည် ဝိပဿနာကျင့်စဉ်ကို ရှင်သန်အောင် ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့သော ဆရာ၊ တပည့်များ၏ ဘွဲ့တော်များမှာမူ မှတ်တမ်းအနေဖြင့် မရှိခဲ့ပါ။ သို့သော်လည်း ဤနည်းစနစ်ကို မူရင်းမပျက်၊ သန့်ရှင်းစင်ကြယ်စွာ ထိန်းသိမ်းခဲ့ပါသည်။ ဒုတိယသာသနာအစမှာ ဝိပဿနာတရားသည် အိန္ဒိယနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီး၊ ကမ္ဘာတဝှန်းသို့ ပျံ့နှံ့သွားပေမည်။

ရဟန္တာမထေရ်ကြီးအရှင်သောဏနှင့် အရှင်ဥတ္တရတို့ ကောင်းချီးရပါစေ။ သူတို့၏ ကျေးဇူးသည်လည်း အနှိုင်းမဲ့၊ ကျေးဇူးကြီးမားလှပါသည်။

➢ ***စာမျက်နှာ ၁၁၁***

အထိ ထွန်းလင်းတောက်ပနေဆဲရှိပါသည်။

ထို့ကြောင့် သီရိလင်္ကာပြည်သူပြည်သားတို့က ဓမ္မဒူတအရှင်မဟိန္ဒမထေရ်ကို “ဒီပဇောတိဘူတ” ဘွဲ့ဆက်ကပ်ခဲ့ပါသည်။ ယနေ့တိုင် ဤဘွဲ့ဖြင့် ကြည်ညိုလေးစားဆဲရှိနေကြပါသည်။

➢ ***စာမျက်နှာ ၁၁၂***

သားတော်ကလေးတစ်ပါးမွေးဖွားခဲ့ပါ၏။ အာသောကဘုရင်ကြီး၏ ညီတော်အရင်း တိဿမင်းသားသည် ရဟန်းအဖြစ်ခံယူလိုက်သော အချိန်၌ တူတော်သူ အဂ္ဂိဗြာဟ္မာသည်လည်း ရဟန်းတို့၏မြင့်မြတ်သောအဖြစ်ကို သိ၍ တပါတည်း သင်္ကန်းဆီးလိုက်ပါသည်။ အဂ္ဂိဗြာဟ္မာရဟန်းသည်လည်း တိဿမထေရ်ကြီးကဲ့သို့ တရားတော်ကို အပြင်းအထန်ကျင့်ကြံတော်မူသဖြင့် ရဟန္တာဖြစ်၍ သွားပါတော့၏။ ဤသို့အောင်မြင်စွာ ရဟန္တာဖြစ်သွားကြသူများကို မြင်ရသောအခါ သင်္ဃမိတ္တာသည် ဘိက္ခုနီဝတ်ရန် အလွန်စိတ်အားထက်သန်လျက် ရှိပါသည်။ သို့ရာတွင် ထိုအချိန်၌ သားတော်ကလေး သုမနမှာ ငယ်လွန်းသေးသောကြောင့် ကလေးကို စောင့်ရှောက်ရဦးမည်ဖြစ်၍ မဝတ်နိုင်ခဲ့ပါ။

အာသောကဘုရင်ကြီးသည် ဗုဒ္ဓမြတ်စွာ၏အဆုံးအမတရားတော်ကို များစွာကြည်ညို၏။ ထို့ကြောင့် မိမိ၏ရင်နှစ်သည်းချာကလေးများကို သာသနာ့ဘောင်သို့ သွတ်သွင်းခြင်းဖြင့် သာသနာ့ဒါယကာဖြစ်လိုသည်။ ဖခင်ကြီး၏ ဆန္ဒကိုဖြည့်ဆည်းလိုကြသော သားတော်နှင့်သမီးတော်တို့ကလည်း တွယ်လင့်တကူ သာသနာ့ဘောင်သို့ ဝင်ရောက်လိုက်ကြပါတော့သည်။ အသက် ၂၀ ခန့်

http://www.dhammadownload.com

ရှိပြီ ဖြစ်သော မဟိန္ဒသည် သင်္ကန်းဆီးပြီးသည်နှင့် တရားတော်ဆိုင်ရာ ပရိယတ္တိကို လေးနက်စွာကြိုးစား၍ သင်ယူပါသည်။ အသက် ၁၈ နှစ်မျှသာရှိသေးသော သင်္ဃမိတ္တာသည်လည်း ဘိက္ခုနီအဖြစ်သို့ ရောက်ရှိသွားသည်မှစ၍ မြင့်မြတ်ချိုးချွန်စွာ ကျင့်ကြံခဲ့၏။ ဤသို့ဖြင့် သားတော်ကလေးသုမန ၇ နှစ်အရွယ်သို့ ရောက်ရှိလာသောအခါ ကလေးကိုပါသင်္ကန်းဆီး၍ ပေးလိုက်ပါသည်။ နှစ်ပေါင်း (၁၂) ခန့်ကြာ၍တတိယသင်္ဂါယနာတင်ပြီးသောအခါ၌ အာသောကမင်းကြီးသည် အရှင်မဟိန္ဒကို အခြားသံဃာငါးပါးနှင့်အတူ သီရိလင်္ကာနိုင်ငံသို့ စေလွှတ်တော်မူပါသည်။ သုမန ကိုယ်တော်လေးလည်း တပါတည်းလိုက်ပါသွားခဲ့၏။ ပါဋ္ဌလိပုတ်၌ပင် နေရစ်၍ တရားအားထုတ်လျက်ရှိသော သင်္ဃမိတ္တာသည် ဘိက္ခုနီအမြင့်တန်းသို့ တက်ရောက်ပြီး တရားတော်၌ ရင့်ကျက် ပြည့်ဝ၍ နေပါပြီ။

သီရိလင်္ကာသို့ရောက်ရှိ၍သာသနာပြုဆောင်ရွက်နေသော အရှင်မဟိန္ဒသည်လည်း အထူးအောင်မြင်လျက်ရှိ၏။ ထောင်ပေါင်းများစွာသော သူတို့သည် ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို ယုံကြည်သက်ဝင်လာကြ၏။ အများအပြားကလည်း သာသနာ့ဘောင်ဝင်၍ ရဟန်းဝတ်ကြ၏။ သီရိလင်္ကာတိုင်းပြည် ဘုရင်ကြီး၏ သမီးတော်အနုဠာဒေဝီသည် မိမိ၏အပေါင်းအသင်း ၅၀၀ နှင့်အတူ ဘိက္ခုနီဝတ်ရန် ပြင်းပြသောဆန္ဒရှိပါကြောင်းကို လာရောက်လျှောက်ထားသောအခါ အရှင်မဟိန္ဒနှင့် ဒေဝါနံပီယတိဿမင်းကြီးတို့သည် အာသောကမင်းကြီးထံသို့ ဗောဓိပျိုးပင်တပင်နှင့် ဘိက္ခုနီသင်္ဃမိတ္တာကို သီရိလင်္ကာသို့ပို့ပေးပါရန် တောင်းပန်လိုက်ကြ၏။ အာသောကမင်းကြီးသည် နှစ်ထောင်းအားရစွာနှင့် သမီးတော်ကို နှုတ်ဆက်ခါဗောဓိပင်နှင့်တကွ သီရိလင်္ကာသို့ပို့လိုက်၏။ သမီးတော်သင်္ဃမိတ္တာသည် ယူဆောင်လာသောဗောဓိကိုင်းကို အနုရာဓပူရမြို့တော်တွင် စိုက်ပျိုးလိုက်ပါသည်။ ထိုအချိန်မှစ၍ နှစ်ပေါင်း (၂၄၀၀) ကျော်ရှည်ကြာခဲ့ပြီဖြစ်သော ဤဗောဓိပင်ကြီးသည် ယခုထက်တိုင်ရှင်သန်လျက်ရှိနေပါသည်။ အာသောကဘုရင်ကြီး၏သမီးတော် သင်္ဃမိတ္တာသည် ထောင်ပေါင်းများစွာသော သီရိလင်္ကာ အမျိုးသမီးများကို ဗုဒ္ဓမြတ်စွာ၏ ဓမ္မတရားတော်၌ သက်ဝင်ယုံကြည်အောင် လှုံ့ဆော်နိုင်ခဲ့ပြီး အများအပြားကိုလည်း ဘိက္ခုနီဘောင်သို့ ဝင်ရောက်လာစေနိုင်ခဲ့ပါသည်။

အရှင်မဟိန္ဒထေရ်၏သတင်းသည် သီရိလင်္ကာတစ်ဝန်းလုံး၌ ထင်ရှားကျော်ကြားလှပေ၏။ နှမတော်ဘိက္ခုနီသင်္ဃမိတ္တာ၏ သတင်းသည်လည်း တစ်နိုင်ငံလုံးတွင် မိုးသို့စွင့်အောင် မြင့်မားနေသည့်အောင်လံကဲ့သို့ ရှိနေပါသည်။

ဤသို့ ထူးကဲစွာ တောက်ပြောင်လှသော ရတနာများနှင့်တူသည့် သားကောင်း သမီးကောင်းတို့ကို မွေးဖွားပေးနိုင်ခဲ့သော ဝေဒိဿဒေဝီ မိဖုရားကြီးသည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှပါပေ၏တကား။

> *စာမျက်နှာ ၁၁၃*

### လဓ ဘောတိ ပြီတိ ဓမ္မဝိဇယသ္မိ၊

ကျွန်ုပ်သည် တရားဓမ္မဖြင့် အောင်မြင်ခြင်းနှင့် ပျော်ရွှင်ခြင်းကို ရရှိခဲ့ပါသည်။ တရားဓမ္မဖြင့် အောင်မြင်ခဲ့သူသည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံပေသည်။ မိမိ၏ အိမ်နီးချင်းနိုင်ငံများနှင့် မျိုးဆက်ပေါင်းများစွာသော လူတို့အား ဆက်လက်အောင်မြင်ခြင်းတို့ ဖြစ်စေလာမည်။

http://www.dhammadownload.com

## ➢ စာမျက်နှာ ၁၁၄

သည် ဓမ္မတရားတော်အား အလိုလိုအမြစ်မှ ဆွဲနှုတ်ပြီးဖြစ်မည်ဟူ၍ ဖြစ်၏။ ထို့ကြောင့် နိုင်ငံတော်အတွင်း ရှိသမျှ သံဃာတော်တို့ကို လိုက်လံသတ်ဖြတ်လေတော့၏။ သံဃာအများအပြားပျံလွန်တော်မူကြပြီး အချို့လည်း အိမ်နီးနားချင်း နိုင်ငံများသို့ ထွက်ပြေးကြရ၏။ အိန္ဒိယတစ်နိုင်ငံလုံး၌ ပိဋကတ်တော်ကို အာဂုံဆောင်နိုင်သော သံဃာတော်များ လုံးဝမရှိတော့သည်အခါကြီးပေတည်း။ ဤအခြေအနေမျိုး၌ အိန္ဒိယနိုင်ငံကြီးသည် သင်္ဂါယနာပွဲတော်ကြီးကို ဆက်လက်တာဝန်ယူ ဆောင်ရွက်ပေးရန် မဖြစ်နိုင်တော့ပါ။

ထို့ကြောင့် စတုတ္ထသင်္ဂါယနာတင်ပွဲတော်ကြီးကို ဘီစီ ၂၉ ၌ သီရိလင်္ကာနိုင်ငံတွင်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ သီရိလင်္ကာဘုရင်ဝဋ္ဋဂါမဏိ မင်းကြီးလက်ထက်၌ မဟာရက္ခိတမထေရ်ဦးဆောင်သော ရဟန္တာပေါင်း ၅၀၀ က စုံညီ ရွတ်ဆို၍ အောင်မြင်စွာ ကျင်းပခဲ့ခြင်းဖြစ်၏။ ဤစတုတ္ထသင်္ဂါယနာတင်ပွဲတော်ကြီး၏အောင်မြင်မှုကြီးမှာ ပိဋကတ်သုံးပုံလုံးကို ပေထက်အက္ခရာ တင်လိုက်ခြင်းပင် ဖြစ်ပါသည်။ ဤသို့ရေးသားထားလိုက်နိုင်သောကြောင့် သင်္ဂါယနာတင်ခြင်း ကိစ္စကို တိပိဋကဓရ သံဃာတော်များမပါဝင်သော်လည်း အခြားသံဃာတော်များက စုံညီသံပြိုင်ရွတ်ဆိုခါ ပြုလုပ်နိုင်ပါတော့သည်။ ပေထက်အက္ခရာ တင်ထားခြင်းကြောင့် မူလတရားတော်များကို မပျောက်ပျက်အောင် ထိန်းသိမ်း၍ ထားနိုင်ခြင်းလည်းဖြစ်၏။

သင်္ဂါယနာတင်နိုင်သည့် ဤအခွင့်အရေးကြီးသည် သီရိလင်္ကာနိုင်ငံမှ အခြားသောဗုဒ္ဓတရားတော်ကို သက်ဝင်ယုံကြည်သောနိုင်ငံအပေါင်းတို့အား ပေးလိုက်သည့် အဘိုးတန်လက်ဆောင်ကြီးဖြစ်၏။ ဤအကြောင်းများကြောင့် စတုတ္ထသင်္ဂါယနာတင်ပွဲကြီးသည် ကျေးဇူးများသော ပွဲကြီးဖြစ်ပါသည်။

## ➢ စာမျက်နှာ ၁၁၅

အတိုချုပ်အားဖြင့် "ဘိက္ခုသံဃာတော်များ ဘိက္ခုနီများ လူပုဂ္ဂိုလ်တပည့်၊ တပည့်မများသည် ဓမ္မတရားတော်ကို လူအများ အား ပို့ချရာ၌ အလွန်ကျွမ်းကျင်သူများ ဖြစ်လာသောအခါမှသာ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူမည်" ဟု ပြန်လည်မိန့်ကြားတော်မူခဲ့၏။

တစ်ချိန်သောအခါ၌ ဗုဒ္ဓမြတ်စွာသည် အရှင်အာနန္ဒာမထေရ်မြတ်အား "ချစ်သား အာနန္ဒာ၊ ယနေ့ မာန်နတ်သည် ကပိလစေတီတော်၌ ငါဘုရားအား ချဉ်းကပ်၍ ယခုအခါ၌ အရှင်ဘုရား၏ ပရိသတ်လေးမျိုးတို့၌ ဓမ္မတရားတော်ကို မှန်ကန်သောနည်းလမ်းတို့ဖြင့် သင်ကြားပို့ချနိုင်သူများရှိ၍ နေပါပြီ။ အရှင်ဘုရားသည် ပရိနိဗ္ဗာန်ပြုရန်သင့်လျော်ပါပြီ"ဟု လျှောက်ထားခဲ့ရာ ငါဘုရားသည် မာရ်နတ်အား "မစိုးရိမ်ပါနှင့်တော့ မာရ်နတ် . . ယနေ့မှ နောက်သုံးလမြောက်သောအခါ၌ သဗ္ဗညုတဘုရားရှင်ငါသည် ပရိနိဗ္ဗာန်ပြုတော့အံ့"ဟု မိန့်တော်မူခဲ့ပါသည်။

(ဒီဃ - ၂ - နှာ - ၉၅)

ဗုဒ္ဓမြတ်စွာသက်တော်ထင်ရှားရှိစဉ်အခါက ဓမ္မတရားတော်ကို သင်ကြားပို့ချရန် အရည်အချင်းပြည့်ဝသူ ဘိက္ခုသံဃာတော်၊ ဘိက္ခုနီ တပည့်များနှင့် လူပုဂ္ဂိုလ်တပည့်များရှိခဲ့ကြောင်းမှာ ထင်ရှားပါသည်။ သို့သော် ကာလအတန်ကြာသည်အထိ ဓမ္မတရားတော်ကို ပို့ချသော လူပုဂ္ဂိုလ်များ မရှိဘဲဖြစ်ခဲ့ပါသည်။ ပြတ်တောက်သွားသော ဤအစဉ်အလာကြီးကို လယ်တီ ဆရာတော်ဘုရားကြီးက ပြန်လည်စတင်လိုက်ခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com

| | | |
|---|---|---|
| 133 | Dhamma Sobhana | Sweden |

***North America***

| | | |
|---|---|---|
| 134 | Dhamma Dharā | Massachusetts |
| 135 | Dharnma Kuñja | Washington |
| 136 | Dhamma Mahāvana | California |
| 137 | Dhamma Sirī | Texas |
| 138 | Dhamma Maṇḍa | California |
| 139 | Dhamma Pakāsa | Illinois |
| 140 | Dhamma Vaddhana | California |
| 141 | Dhamma Patāpa | Georgia |
| 142 | Dhamma Surabhi | Canada |
| 143 | Dhamma Suttama | Canada |
| 144 | Dhamma Toraṇa | Canada |
| 145 | Dharnma Modana | Canada |

***Latin America***

| | | |
|---|---|---|
| 146 | Dhamma Santi | Brazil |
| 147 | Dhamma Makaranda | Mexico |
| 148 | Dhamma Mariyādā | Venezuela |
| 149 | Dhamma Acala | Chile |
| 150 | Dharnma Sukhadā | Argentina |
| 151 | Dhamma Veṇuvana | Venezuela |
| 152 | Dhamma Suriya | Peru' |

**ဓမ္မဇောတိ ဝိပဿနာရိပ်သာစာအုပ်အရောင်းဆိုင်တွင်**
**ရရှိနိုင်သော CD/VCD များ**

1. ဆယ်ရက်ဓမ္မဒေသနာ — မြန်မာ CD
2. ဆယ်ရက်ဓမ္မဒေသနာ — အင်္ဂလိပ် CD/VCD
3. ဆယ်ရက်ဓမ္မဒေသနာ — ဟိန္ဒူ VCD
4. ဆရာကြီး ဦးဘခင်နှစ် ၁၀၀ ပြည့်အခမ်းအနား — VCD
5. ကမ္ဘာ့ဝိပဿနာစေတီတော် ထီးတော်တင်ပွဲအခမ်းအနား VCD
6. Doing Time Doing Vipassana (English)
7. S.N Goenka's Tikapatthana (Long) (Pali)
8. Question & Answer in Zee TV (English)
9. Hill of Dahamma (English)
10. Introduction to vipassana (English)
11. Inner peace for world peace (English)
12. The great Global Pagoda (English)

**ဓမ္မဇောတိ ဝိပဿနာရိပ်သာစာအုပ်အရောင်းဆိုင်တွင်**
**ရရှိနိုင်သော စာအုပ်များ**

၁။ ဝိပဿနာတရားပြဆရာကြီး အက်စ်အင်ဂိုအင်ကာ၏ အတ္ထုပ္ပတ္တိအကျဉ်း
၂။ ဝိပဿနာတရားပြဆရာကြီး အက်စ်အင်ဂိုအင်ကာ၏ ဗာဗာဒိုဟာဓမ္မကဗျာများ
၃။ ဝိပဿနာတရားပြဆရာကြီး အက်စ်အင်ဂိုအင်ကာ၏ ဆယ်ရက်ဓမ္မဒေသနာ
၄။ ဝိပဿနာတရားပြဆရာကြီး အက်စ်အင်ဂိုအင်ကာ၏ ဓမ္မနိုင်ငံမှာ ၁၂၅ နှစ်ကြာ
၅။ ဝိပဿနာတရားပြဆရာကြီး အက်စ်အင်ဂိုအင်ကာ၏ ဓမ္မအကျိုးငှာ နှစ် (၅၀) ကြာ
၆။ ဝိပဿနာတရားပြဆရာကြီး အက်စ်အင်ဂိုအင်ကာ၏ ဆယ့်ငါးနှစ်ကြာ ဓမ္မဒါနခရီး
၇။ နာယကချုပ်ဆရာတော်၏တရားအားထုတ်စဉ် ကိုယ်တွေ့မှတ်တမ်း
၈။ ဘာမင်ဂမ်ဆရာတော် ဘဒ္ဒန္တရေဝတဓမ္မ၏နှစ်ဆန်းတစ်ရက်နေ့ တရားတော်
၉။ ဆရာကြီးဦးဇေယျာမောင် (ဦးကိုလေး) ၏ ကမ္ဘာအနှံ့ဓမ္မအောင်လံလွှင့်ထူသူ
၁၀။ S.N Goenkan's The Art of Living
၁၁။ S.N Goenkan's Meditation Now
၁၂။ S.N Goenkan's Discourse Summaries
၁၃။ S.N Goenkan's An Actient Path
၁၄။ S.N Goenkan's Universal Appeal
၁၅။ S.N Goenkan's United Nation
၁၆။ S.N Goenkan's Mahāsatipaṭṭhana Sutta
၁၇။ S.N Goenkan's Relasing Change
၁၈။ S.N Goenkan's The Caravan of Dhamma
၁၉။ S.N Goenkan's Pagoda Seminar
၂၀။ S.N Goenkan's Vipassna Its Relevance to the present World
၂၁။ S.N Goenkan's Dhamma True
၂၂။ S.N Goenkan's Vipassana Pagoda (English)
၂၃။ S.N Goenkan's Vipassana Pagoda (Hindi)
၂၄။ S.N Goenkan's The Transmision of Dhamma
၂၅။ S.N Goenkan's Vipassana Addition Health
၂၆။ S.N Goenkan's Phycholo Effect
၂၇။ U Ko Lay's Manaual of Vipassana
၂၈။ U Ko Lay's Essence of Tipitaka